
NYI SAY
MYANMAR EBOOK CREATOR

# ဆက်ဒမ် ၏ ဘဝ နှင့် မလှသောနိဂုံး



တင်ထွန်း(တောင်ကုတ်)

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com


## စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာ မှတ်တမ်း

၂၀၀၉ ခုနှစ် မေလ
ပထမအကြိမ်
အုပ်ရေ - ၁၀၀၀

*

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၀၂၆၀၃၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၀၂၇၀၄၀၉

*

မျက်နှာဖုံးဒီဇိုင်းနှင့် ကာလာခွဲ
ကွန်ပျူတာစာစီ } *Royal Art*

*

တန်ဖိုး - ၃၀၀၀ ကျပ်

*

စာအုပ်ချုပ် - ဖူးပွင့်မွှေး

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ
ဒေါ်ခင်ချိုသိန်း (၀၆၃၄၃)
ခင်ချိုသိန်းပုံနှိပ်တိုက်
အမှတ်-၁၅၇၊ ၄၈ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးလှတိုး(မြ-၀၃၇၇၂)
ရန်အောင်စာပေ
အမှတ်- ၃၄၃/၁၈ ၊
အနောက်ရန်ကင်း၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့။

၉၂၃.၁

တင်ထွန်း(တောင်ကုတ်)
ဆက်ဒမ်၏ ဘဝနှင့် မလှသော နိဂုံး - တင်ထွန်း (တောင်ကုတ်)။
- ရန်ကုန်။
ရန်အောင်စာပေ၊ မေ ၂၀၀၉။
၄၅၀ စာ၊ ၁၃ × ၁၈.၅ စင်တီမီတာ။
(၁) ဆက်ဒမ်၏ ဘဝနှင့် မလှသော နိဂုံး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# ဆက်ဒမ်
# ၏
# ဘဝ
# နှင့်
# မလှသောနီဂိုး

## တင်ထွန်း(တောင်ကုတ်)

ဖြန့်ချိရေး

**ရန်အောင်စာပေ**

ဆိုင်အမှတ် (H)၊ ရန်ကင်း အ. ထ. က(၁) ရှေ့၊
တိုက်-၁၂ လုံးတန်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
☎ ၀၁-၇၂၂၅၇၂ / ၀၉ ၅၁ ၇၉၃၉၈

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



# မာတိကာ


♦ ကိုယ်ရေးမှတ်တမ်းအကျဉ်း - ၁
♦ စာရေးသူ၏ အမှာ - ၆

၁။ အီရတ်နိုင်ငံ၏ နောက်ခံသမိုင်းအကျဉ်း - ၉
၂။ ဆက်ဒမ်ဟူစိန်၏ ဘဝဖြစ်စဉ် - ၃၁
- ဂျူးမိသားစုက အသက်ကယ် - ၃၄
- ပထွေး နှိပ်စက်၍ အိမ်မှ ထွက်ပြေး - ၃၆
- ဦးလေး ဩဇာလွှမ်းမိုး - ၃၉
- ပညာတစ်ပိုင်းတစ်စနှင့် ပါတီဝင် - ၄၀
- နာဆာဝါဒလွှမ်းမိုး - ၄၁
- သမ္မတနိုင်ငံ ကြေညာ - ၄၅
- လုပ်ကြံမှု မအောင်မြင်၍ ထွက်ပြေးရ - ၄၆
- မျက်ကွယ်၌ သေဒဏ်ချမှတ် - ၄၈
- ဆာဂျီဒါနှင့် ဆက်ဒမ် လက်ထပ် - ၄၉
- ဒုတိယသမ္မတ - ၅၄
- ပါတီနှင့် အစိုးရလုပ်ငန်းများကို ဆက်ဒမ် ဦးစီး - ၆၂
- လူမှုဘဝ ဖူလုံရေးနှင့် ဖွံ့ဖြိုးရေး - ၆၅
- ဆက်ဒမ် ယူနက်စကိုဆုရ - ၆၈
- ပါတီဥက္ကဋ္ဌနှင့် သမ္မတ - ၇၅

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

## ဆက်ဒမ်၏ ဘဝနှင့် မလှသော နိဂုံး


| | | |
|---|---|---|
| – သွေးချောင်းစီး လူသတ်ပွဲကြီး | – | ၇၆ |
| – တွေ့ဆုံမေးမြန်း | – | ၈၃ |
| – အီရတ်နိုင်ငံ၏ ထူးခြားသော အခန်းကဏ္ဍ | – | ၉၀ |
| – ဆက်ဒမ် သဘောကျသူ နှစ်ဦး | – | ၉၉ |
| – အီရန်–အီရတ် စစ်ပွဲ | – | ၁၀၆ |
| – အီရတ်နှင့် ကူဝိတ် ဆက်ဆံရေး တင်းမာ | – | ၁၁၈ |
| – ပါရှန်ပင်လယ်ကွေ့စစ်ပွဲ | – | ၁၂၆ |
| – ကန္တာရမုန်တိုင်းစစ်ဆင်ရေး | – | ၁၄၁ |
| – စစ်ရေးနှင့် ဆက်ဒမ်၏ ခေါင်းဆောင်မှု | – | ၁၅၃ |
| – ဘုရှ်စီနီယာကို လုပ်ကြံရန် ကြိုးပမ်းမှု | – | ၁၈၆ |
| – ဆက်ဒမ်၏ သမက်နှစ်ဦး ဂျော်ဒန်သို့ ထွက်ပြေးခိုလှုံ | – | ၁၉၀ |
| – အူဒေးကို ချုံခိုတိုက် | – | ၁၉၅ |
| – ကန္တာရ မြေခွေး စစ်ဆင်ရေး | – | ၂၀၀ |
| – နောက်ဆုံး ရာဇသံ | – | ၂၂၁ |
| – အီရတ်နိုင်ငံ လွတ်မြောက်မှု စစ်ဆင်ရေး | – | ၂၂၂ |
| – ဘဂ္ဂဒက် တစ်မြို့လုံး သိမ်း | – | ၂၃၄ |
| – အူဒေးနှင့် ကူဆေး အသေဖမ်းမိ | – | ၂၄၆ |
| – ဘုရှ် ဘဂ္ဂဒက်ရောက် | – | ၂၅၁ |
| – ဆက်ဒမ်ကို ကြက်ကလေး ငှက်ကလေးလို ဖမ်းမိ | – | ၂၅၆ |
| – နောက်ပိုင်း ဂယက်များ | – | ၂၅၇ |
| – ဆက်ဒမ်ကို ရုံးတင်စစ်ဆေးရေး | – | ၂၅၉ |
| – ဆက်ဒမ်ကို ကြိုးပေးကွပ်မျက် | – | ၂၆၄ |

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com




- ရုပ်ကလာပ်ကို ဂူသွင်းမြှုပ်နှံသင်္ဂြိုဟ် – ၂၆၈
- ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်မှု ဂယက် – ၂၆၉
- ဘာ့သ်ပါတီ ဥက္ကဋ္ဌသစ် ရွေးချယ် – ၂၇၄
- အီရတ် အရေးအခင်း အပြောနှင့် အလုပ် မညီ – ၂၇၄
- အီရတ်ကို အနှစ်သာရအားဖြင့် အဆင့်မြင့်သော်လည်း – ၂၇၉
- အာဏာရှင်နှင့် စိတ်ရောဂါ – ၂၈၅
- ငွေရေးကြေးရေးနှင့် ထင်ပေါ်ကျော်ကြားရေး – ၂၉၀
- နောက်ဆုံး ခြုံငုံသုံးသပ်မှု အကျဉ်းချုပ် – ၃၀၅
- လစ်ဗျား ပြဿနာ ဖြေရှင်းနည်း – ၃၀၈
- ဘဝ၏ မလှသော နိဂုံး – ၃၁၂

၃။ ဆက်ဒမ်ကို ကြောက်၍ ၂၂ နှစ် ပုန်းနေခဲ့သူ – ၃၁၇

၄။ သမ္မတ ဆက်ဒမ်၏ အုပ်ချုပ်မှုအောက်မှ ရက်စက်မှု အတွင်းရေးများ – ၃၂၉

၅။ အူဒေးနှင့် ကူဆေး အသေဖမ်းမိ – ၃၄၇

၆။ ရမ်းကားရက်စက်ယုတ်မာသော အူဒေး – ၃၆၁

၇။ သေနတ် ဟစ်ချက်မျှ မပစ်ဖောက်ရဘဲ ဆက်ဒမ်ကို ဖမ်းမိ – ၃၉၃

၈။ ဆက်ဒမ်ကို ကြိုးပေး ကွပ်မျက် – ၄၂၀

၉။ ဆက်ဒမ်၏ နောက်ဆုံး နှုတ်ဆက်စာ – ၄၄၃

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



# ကိုယ်ရေးမှတ်တမ်းအကျဉ်း

တင်ထွန်း(တောင်ကုတ်)

၁၂၉၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၆ ရက် (၇-၇-၁၉၂၈) စနေနေ့တွင် ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ်၊ ကူးတို့ဆိပ်ရွာ၌ အဖ ကုန်သည် ဦးရွှေပြား၊ အမိ ဒေါ်အေးယဉ်တို့မှ မွေးဖွားသည်။

ကူးတို့ဆိပ်ရွာ၊ တောင်ကုတ်မြို့၊ ရမ်းဗြဲမြို့၊ ကျောက်ဖြူမြို့နှင့် သံတွဲမြို့ရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ပညာ ဆည်းပူးခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် သံတွဲမြို့ အစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲကို ဒုတိယဆင့်မှ အောင်မြင်သည်။ ယင်းနှစ်မှာပင် ကျောက်ဖြူမြို့ အစိုးရအထက်တန်းကျောင်းမှ ဟိုက်စကူးဖိုင်နယ် စာမေးပွဲ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကို အောင်မြင်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။

၁၃၀၀ ပြည့် အရေးတော်ပုံ (၁၉၃၈) မှစ၍ ၁၉၅၇ ခုနှစ်ထိ ကျောင်းသားလူငယ်ကဏ္ဍတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်။ လွတ်လပ်ရေးတိုက်ပွဲ ကာလက တောင်ကုတ်မြို့ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်၊ မိုးမောင်းတိုက်နယ် စည်းရုံးရေးမှူးနှင့် အရေးပေါ် စစ်သင်တန်းမှူးတာဝန် စသည်တို့ကို ထမ်းရွက်ခဲ့သည်။ စစ်ပြီးခေတ်တွင် တောင်ကုတ်မြို့ နိုးကြားရေးစာဖတ်အသင်းမှာ စာကြည့်တိုက်မှူးနှင့် အတွင်းရေးမှူးတာဝန်တို့ကို ထမ်းဆောင်ခဲ့သည်။

၁၉၅၁ ခုနှစ်တွင် တက္ကသိုလ်ပညာကို ဆည်းပူးခွင့် ရရှိပြီးနောက် ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း (၁၉၅၁–၅၂) မှာ 'ခေတ်ဆန်းမေတ္တာစာ' ကို 'မစ္စတာဝါယော' ကလောင်အမည်ဖြင့် ဗွေဆော်ဦး လက်တည့်စမ်း၍ စာပေနယ်သို့ ခြေချခဲ့သည်။ ဆက်လက်၍ ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း၊ ရခိုင့်တန်ဆောင်မဂ္ဂဇင်း၊ ဓညဝတီမဂ္ဂဇင်း၊ အိုးဝေမဂ္ဂဇင်း စသည်တို့တွင် ဟာသမေတ္တာစာ၊ သရော်စာ၊ ဘာသာပြန်နှင့် ဆောင်းပါးများကို မစ္စတာဝါယော၊ သူတော်ဝါယော၊ နေမျိုးတင်၊ တင်ထွန်း(တောင်ကုတ်) ကလောင်အမည်များဖြင့် ကလောင်သွေးခဲ့သည်။ ရခိုင့်တန်ဆောင်မဂ္ဂဇင်း (၁၉၅၄–၅၅) တွင် တွဲဖက် မြန်မာစာ စာတည်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထိုစဉ်က တက္ကသိုလ် ကလောင်ရှင်များ ဖြစ်ကြသော အောင်စုံ၊ နွယ်(စစ်တွေ)၊ မင်းလှညွန့်ကြူး၊ ဂုဏ်ဝင်း၊ တင်အေး (မြို့မ)၊ အောင်နိုင်(ပြွန်တံဇာ)၊ မောင်ကိုယု၊ ခင်မောင်အုန်း၊ မောင်လင်းယုန်(ရှမ်းပြည်) တို့သည် ရန်ကုန်တက္ကသိုလ်တွင် စာရေးသူနှင့် ရင်းနှီးသော ကလောင်သွေးဖက်များ ဖြစ်ကြသည်။

တက္ကသိုလ်က ထွက်ပြီးနောက် ကူးသန်းရောင်းဝယ်ရေး စာရင်းစစ်ဌာန (DCA) တွင် အလုပ်သင် အထက်တန်းစာရင်းစစ်၊ အလွတ်ပညာသင်ကျောင်း သမိုင်းနှင့် မြန်မာစာ အထက်တန်းပြ ဆရာ၊ ပါတီယူနစ်ဥက္ကဋ္ဌ၊ ပါတီညီလာခံ ကိုယ်စားလှယ်၊ ရန်ကုန် အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီး အကြံပေးအဖွဲ့ဝင်၊ အလွတ်ပညာ သင် အင်္ဂလိပ်စာပြဆရာ စသည်ဖြင့် ဘဝအတော်များများတွင် ကျင်လည်ခဲ့ရသည်။

ထိုကာလအတွင်း သတင်းစာ၊ မဂ္ဂဇင်း၊ စာစောင် စသည် တို့တွင် ကြိုးကြားကြိုးကြားသာ ဘာသာပြန်နှင့် ဆောင်းပါးများ ကို ရေးသားနိုင်တော့သည်။

သို့ရာတွင် လုပ်ငန်းအားလုံးက လုံးဝအနားယူပြီးနောက် ဝါသနာအလျောက် ကလောင်အမည် တင်ထွန်း(တောင်ကုတ်)၊ ထွန်းချေ(ကူးတို့ဆိပ်)၊ မောင်ထွန်းရွှေ(တန်းလွဲ)၊ မောင်ထွန်းယဉ် (ကူးတို့ဆိပ်) တို့ဖြင့် ဘာသာပြန်ဝတ္ထုတိုများ၊ ဆောင်းပါးများနှင့် ဘာသာပြန်ဆောင်းပါးများကို ဂျာနယ်နှင့် မဂ္ဂဇင်း အတော်များများ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တွင် အဆက်မပြတ် ရေးသားခဲ့သည်။ ယခုလည်း ရေးသားဆဲဖြစ်သည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ပညာရေး၊ ယဉ်ကျေးမှုရေး၊ စာပေအနုပညာရေး၊ သဘင် ရုပ်ရှင် တေးဂီတရေး၊ စစ်ရေး၊ အာကာသစူးစမ်းလေ့လာရေး၊ လူပုဂ္ဂိုလ် အတ္ထုပ္ပတ္တိရေး စသည်ဖြင့် ရေးသားခဲ့သည့် အကြောင်းအရာ၊ ကဏ္ဍနှင့် ပညာရပ်နယ်ပယ်များမှာ အတော်စုံလင်လှပါသည်။

ယခုအချိန်ထိ ကိုယ်တိုင် ရေးသားပြုစု ထုတ်ဝေပြီးသောလုံးချင်းစာအုပ်များမှာ (၁) စာဆိုတော် ဦးကြင်ဥ၏ ပဒေသာသီချင်းများ ဝေဖန်ချက် (၁၉၆၂)၊ (၂) ကမ္ဘာကျော် စာပေနိုဘယ်ဆုရှင်များ (ဘာသာပြန်၊ ၂၀၀၄)၊ (၃) နိုင်ငံတကာ စာပေပညာရှင်များ (ဘာသာပြန်၊ ၂၀၀၅)၊ (၄) အလုပ်များသော ပွဲစားကြီး၏ အချစ်ရေးနှင့် အခြားဝတ္ထုတိုများ (ဘာသာပြန် ဝတ္ထုတိုပေါင်းချုပ်၊ ၂၀၀၆)၊ (၅) သုတရောင်ခြည်အမှတ်–၁ (ဆောင်းပါးပေါင်းချုပ်၊ ၂၀၀၆)၊ (၆) သုတရောင်ခြည်အမှတ်–၂ (ဘာသာပြန်ဆောင်းပါးပေါင်းချုပ်၊ ၂၀၀၇)၊ (၇) သုတရောင်ခြည်အမှတ်–၃ (ဘာသာပြန်ဆောင်းပါးပေါင်းချုပ်၊ ၂၀၀၇) နှင့် (၈) ဆက်ဒမ်၏ ဘဝနှင့်မလှသော နိဂုံး (ဘာသာပြန်၊ ၂၀၀၉) ဟူ၍ စုစုပေါင်း ၈ အုပ်ဖြစ်ပါသည်။

နောက်ထပ် လုံးချင်းစာအုပ်များကိုလည်း အလျဉ်းသင့်သလို ဆက်လက် ရေးသားထုတ်ဝေနိုင်ရန် ကြိုးပမ်းစီစဉ် စိုင်းပြင်းလျက် ရှိပါသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ယခုအခါ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ကန်တော့ခံ သက်ကြီးစာပေပညာရှင်နှင့် ရန်ကုန်တိုင်း မိုလ်တထောင် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယကအဖွဲ့ဝင်အဖြစ် ဆောင်ရွက် ရင်း စာပေများကို အဆက်မပြတ် ရေးသားပြုစုလျက် ရှိပါသည်။ ။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# စာရေးသူ၏ အမှာ

သဘာဝတွင် အကောင်းနှင့် အဆိုးဟူ၍ အစဉ် ဒွန်တွဲနေလေ့ရှိ၏။ မနုဿလူသားမှာလည်း ယင်းတို့အလားတူ အမြဲဒွန်တွဲနေလေ့ရှိသည်ပင်။

လူသူလေးပါးက အကောင်းများသူကို လူကောင်းဟု အသိအမှတ်ပြု၍ အဆိုးလွှမ်းမိုးသူကို လူဆိုးဟု ခေါ်ဝေါ်သမုတ်ကြသည်။

လူကောင်းမှာ လူအပေါင်းတို့ ချီးကျူး ထောမနာ ပြုဘွယ်ရာ ပေးစရာတွေ ဂုဏ်ယူတုပစရာတွေ အစီအရီ တသီတတန်းကြီး ရှိနိုင်သလို လူဆိုးမှာ အများသူငါ ကဲ့ရဲ့သင်္ဂြိုဟ် စကားတင်းဆိုစရာတွေ သင်ခန်းစာယူစရာတွေ အစီအရီ တသီတတန်းကြီး ရှိနိုင်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လူပုဂ္ဂိုလ်တစ်ဦး၏ ပြောဆိုပြုမူမှုများကို လိုလားနှစ်သက်သူတို့က သူ့ကို အနည်းနည်း ချီးကျူးကြ၏။ ယင်းတို့ကို မလိုလားမနှစ်မြို့သူတို့က သူ့ကို အမျိုးမျိုး ပြစ်တင်ရှုတ်ချကြသည်။ ဤကား လူ့ဘောင်လူ့ရွာမှာ ဖြစ်မြဲစဉ်လာ ဓမ္မတာတည်း။

သို့သော် သူသည် ကောင်း၏ သို့မဟုတ် ဆိုး၏ ဟူ၍ ကံသေကံမ မည်သူမျှ ဆုံးဖြတ်သမှု မပြုနိုင်ပေ။

စင်စစ် လူ့သမိုင်းကသာ ကောင်းသူ၏ ဘဝဖြစ်စဉ်ကိုရော ဆိုးသူ၏ ဘဝဖြစ်စဉ်ကိုပါ စဉ်ဆက်မပြတ် စေ့စပ်သေချာ မှန်ကန်ပြည့်စုံစွာ မှတ်တမ်းတင်မည်မုချ။ ယင်းက စိုးစဉ်းမျှ မျက်နှာမလိုက်၊ ဘက်လည်းမလိုက်ချေ။

ဆက်ဒမ်ဟူစိန်ကို ကမ္ဘာတစ်လွှားက ထူးထူးခြားခြား စိတ်ဝင်စားကြ၏။ သူ့ကို သည်လူ့လောကကြီးထဲ၌ တကယ့်မဟာသူရဲကောင်းကြီးတစ်ဦးနှယ် သဘောထားသူ အမြောက်အမြား ရှိနိုင်သကဲ့သို့ တကယ့် ရောမလူဆိုးကြီးတစ်ဦးသဖွယ် သတ်မှတ်သူများလည်း အနမတဂ္ဂ ရှိနိုင်သည်ပင်။

တကယ်တော့ ဆက်ဒမ်ဟူစိန်သည် မည်သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်သည်ဟု သမာသမတ် ရှိသော တရားသူကြီးနှင့် ပမာတူလှသည့် 'အနာဂတ် လူ့သမိုင်း' ကသာ အတိအကျ ယတိပြတ် အဆုံးအဖြတ်ပေးမည် မလွဲကေန် ဖြစ်ပါသတည်း။

သွားလေသူ အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ ဘဝဖြစ်စဉ်ကို ကြီး ငယ် ရှယ် လတ် စာဖတ်ပရိသတ်များ စိတ်ဝင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တစား အားထုတ် လေ့လာကြရာဝယ် ပို၍ ပြည့်စုံစေရန်၊ ပို၍ ပို၍ ဗဟုသုတ တိုးပွားစေရန် ရည်သန်လျက် ဆက်ဒမ်၏ ဘဝနှင့် နီးကပ်နှီးနွယ် ဆက်စပ်နေသည့် အကြောင်းအရာ အချက်အလက်များကို လက်လှမ်းမီသမျှ တကူးတက နှိုက်နှိုက်ချွတ်ချွတ် မွှေနှောက် ရှာဖွေပြီး သူ့ဘဝဖြစ်စဉ်၏ နောက်ဆက်တွဲ အထူးဆောင်းပါးများအဖြစ် ဤစာအုပ်၌ အမှတ်တရ ဖော်ပြလိုက်ပါသည်။

ယင်းမှာ စာရေးသူ၏ တွေးရင်း ရေးရင်း ပေါ်ပေါက်ပွားများလာသော တကယ့်စေတနာဟုသာ စာရှုသူတို့ မှတ်ယူကြပါကုန်။

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် အဘက်ဘက်က အကြံဉာဏ်နှင့် အကူအညီပေးကြသူ အားလုံးကိုလည်း အထူးကျေးဇူးဥပကာရ တင်ရှိကြောင်း အလေးအမြတ် မှတ်တမ်းတင်အပ်ပါသတည်း။ ။

တင်ထွန်း(တောင်ကုတ်)

၇-၇-၂၀၀၀

# အီဂျစ်နိုင်ငံ၏ နောက်ခံသမိုင်းအကျဉ်း

အလွန်ဝေးသော ရှေးပဝေသဏီ ကာလကပင် အံ့မခန်း စိတ်ဝင်စားဖွယ် ကောင်းလှသော သမိုင်းကြောင်း ကျောထောက်နောက်ခံရှိသည့် အီဂျစ်နိုင်ငံသည် အနောက်အာရှ သို့မဟုတ် အရှေ့အလယ်ပိုင်းဒေသ၌ ထည်ဝါစွာ တည်ရှိခဲ့၏။ ကမ္ဘာ့လူ့အဖွဲ့အစည်းကြီး၏ ယဉ်ကျေးမှု စပျိုးဖူးငုံ သီးပွင့်ဝေဆာရာ ဘူမိနက်သန်အောင်မြေမှန်၍ ရှေးအကျဆုံး သမိုင်းဝင်ဒေသများအနက် တစ်နေရာ အပါအဝင် (the site of one of the world's oldest civilizations) အထင်အရှား အကျော်အကြား ဖြစ်ခဲ့ဖူးသည်ကို။။

## ဝန်းရံ

အီဂျစ်နိုင်ငံမှ အရှေ့သို့ လားသော် အီရန်၊ အနောက်သို့ လားသော် ဂျော်ဒန် နှင့် ဆီးရီးယား၊ တောင်သို့ လားသော် ဆော်ဒီ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အာရေဗျနှင့် ကူဝိတ်၊ မြောက်သို့ လားသော် တူရကီနိုင်ငံတို့ အသီးသီး အသက အသက ဝန်းရံတည်ရှိနေကြသည်။

## အကျယ်အဝန်း

စုစုပေါင်း နိုင်ငံ့အကျယ်အဝန်း (total area) မှာ နောက်ဆုံး ခိုင်လုံသည့် အထောက်အထား မှတ်တမ်းမှတ်ရာများ အရ ၁၆၈,၇၅၄ စတုရန်းမိုင် (၄၃၇,၀၇၂ စတုရန်းကီလိုမီတာ) ရှိသည်။

## ထွက်ပေါက်ကျဉ်း

သို့ရာတွင် အီရတ်ပင်လယ်ကမ်းရိုးတန်း (Iraqi coast-line) မှာ ၃၆ မိုင် (၅၈ ကီလိုမီတာ) မျှသာ ရှည်လျားရာ ပါရှန်ပင်လယ်ကွေ့သို့ ထွက်ပေါက် (outlet) သည် ရှေးအကျဆုံး ယဉ်ကျေးမှု ထွန်းကားခဲ့သော နောက်ခံ သမိုင်းကြောင်း ရှိသည့် နိုင်ငံတစ်နိုင်ငံအဖို့ စစ်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး စသည်တို့အတွက် အတော်ကျဉ်းမြောင်းလွန်းလှသည်ဟုဆိုက မှားအံ့ မထင်။

## မြစ်ကြီးနှစ်သွယ်

အီရတ်နိုင်ငံ၏ အထွေထွေပွတ်ကို အပ်ကျမပ်ကျ ဖွင့်ဟ ရေးချသည် ဖြစ်စေ၊ အကျဉ်းမျှ တစ်စွန်းတစ်စ တင်ပြသည် ဖြစ်စေ 'နိုင်ငံ့ အကျိုးဆောင်' ဟူ၍လည်းကောင်း၊ 'နိုင်ငံ့အဆင်တန်ဆာ' ဟူ၍ လည်းကောင်း တင်စားခေါ်ဝေါ် ထိုက်သည့် တိုက်ဂရစ်မြစ် (Tigris River) နှင့် ယူဖရေတီးစ်မြစ် (Euphrates River)

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နှစ်သွယ်တို့ အကြောင်းချင်းတကို ဝကွက် ချန်လှပ်ထားရန် မလျော်ကန်။ အလျဉ်းသင့်သလို ဖော်ပြမှသာ ပြည့်စုံသင့်မြတ် လျောက်ပတ်မည်ထင့်။

အီရတ်နိုင်ငံ၏ မြောက်ဘက်ရှိ တူရကီနိုင်ငံ အရှေ့ပိုင်း၌ မြစ်ဖျားခံသော တိုက်ဂရစ်မြစ်သည် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းကို အီရတ် အနောက်မြောက်ပိုင်း ထိပ်အစွန်ဆုံး နေရာ၌ တည်ရှိသည့် ဇာခူမြို့ (Zakhu) အနီးမှ ဖြတ်ကျော်၍ အနောက်မြောက် ဘက်မှ အရှေ့တောင်ဘက်သို့ စွေစောင်းလျက် ဣန္ဒြေရရ စီးဆင်း သွားသည်။

အလားတူ တူရကီနိုင်ငံ မူရက်တ်နေရီမြစ် (Murat Nehri River) နှင့် ကာရာစုမြစ် (Kara Su River) တို့ ပေါင်းဆုံရာ မြစ်ဆုံ၌ မြစ်ဖျားခံသော ယူဖရေတီးစ်မြစ်သည် ဆီးရီးယားနိုင်ငံ ကို မြောက်ဘက်မှ အရှေ့ဘက်သို့ ခပ်စွေစွေ ဖြတ်သန်း၏။ သည့် နောက် ဆီးရီးယား အရှေ့ဘက် နယ်စပ်မြို့ အဘူကာမဲလ် (Abu Kamal) နှင့် အီရတ်နိုင်ငံ အနောက်ဘက် နယ်စပ်နားရှိ အဲလ် ကာယမ်မြို့ (al-Qa'im) အနီးက ဖြတ်၍ အနောက်ဘက်မှ အရှေ့တောင်ဘက်ဆီသို့ စွေစောင်းကာ ညင်သာစွာ စီးဆင်း သွားသည်။

မြစ်ကြီးနှစ်သွယ် အပြိုင်စီးဆင်းရာ ခရီးလမ်းတစ်လျှောက် မှာ မြစ်တစ်စင်းနှင့် တစ်စင်း အဝေးကွာဆုံး နေရာသည် မိုင် ၁၄၀ ခန့်ရှိပြီး အကွာအဝေး အကျဉ်းဆုံးနေရာသည် မိုင် ၂၀

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ခန့်သာ ရှိသည်။ ဆီးရီးယား–အီရတ် နယ်နိမိတ်ရှိ ယူဖရေတီးစ် မြစ်ကမ်းခြေမှ ယင်း၏ အရှေ့ဘက် မျက်နှာချင်းဆိုင် တိုက်ဂရစ် မြစ်ထိ အကွာအဝေးသည် မိုင် ၁၄၀ ခန့်ရှိ၏။ ကွာဝေးမှု အကျယ် ဆုံး နေရာ ဖြစ်သည်။ ဘဂ္ဂဒက်မြို့တော်ရှိ တိုက်ဂရစ်မြစ်ကမ်းခြေ မှ ယင်း၏အနောက်ဘက် မျက်နှာချင်းဆိုင် ယူဖရေတီးစ်မြစ် ကမ်းခြေထိ အကွာအဝေးသည် မိုင် ၂၀ ခန့်သာရှိ၏။ ကွာဝေးမှု အကျဉ်းဆုံးနေရာ ဖြစ်သည်။

နိုင်ငံ့ပင်မအသက်သွေးကြော ဖြစ်သော ထိုမြစ်ကြီး နှစ်သွယ်သည် အီရတ်နိုင်ငံ အလယ်ပိုင်းကို မမောမပန်း အပြိုင် အဆိုင် ဖြတ်သန်းလာကြပြီး အီရတ်နိုင်ငံ အရှေ့တောင်ဘက်ရှိ ဘာဆရာမြို့ (Basra) မြောက်ဘက်မိုင် ၅၀ ခန့် ကွာဝေးသည့် နေရာ၌ မြစ်နှစ်သွယ် ပေါင်းဆုံသည်။

ထိုမြစ်ဆုံမှ ယင်းမြစ်ပေါင်းသည် တောင်ဘက်ရှိ ဘာဆရာ မြို့၊ တစ်ဖန် အရှေ့တောင်ဘက်ရှိ အီရန်–အီရတ် နယ်နိမိတ် တစ်လျှောက်၊ ထိုမှတစ်ဆင့် ပါရှန်ပင်လယ်ကွေ့သို့ စီးဆင်းသွား သည်။ မြစ်ဆုံမှ ပါရှန်ပင်လယ်ကွေ့ထိ အပိုင်းကို ရှတ်အဲလ် အာရပ် မြစ် (Shatt al-Arab River) ဟု ခေါ်၏။ အဆိုပါမြစ်သည် မြစ်ဆုံမှ အီရတ်နိုင်ငံ အရှေ့တောင်ပိုင်း အစွန်အဖျားထိ မိုင်ပေါင်း ၁၂၀ (၁၉၃ ကီလိုမီတာ) ခန့် ရှည်လျားသည်။

တိုက်ဂရစ်မြစ်သည် ၁,၁၈၀မိုင် (၁,၉၀၀ကီလိုမီတာ) ရှည်၍ ယူဖရေတီးစ်မြစ်သည် ၁,၅၁၀မိုင် (၂,၄၃၁ကီလိုမီတာ)ရှည်၏။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သို့ကြောင့် ဆီးရီးယားနိုင်ငံကို ခရီးရှည် ဖြတ်သန်းလာရသော ယူဖရေတီးစ်မြစ်က ဆီးရီးယား-တူရကီနယ်စပ်မှ ကပ်လျက် ခရီးတို ဖြတ်သန်းစီးဆင်းလာရသည့် တိုက်ဂရစ်မြစ်ထက် ၃၃၀ မိုင် (၅၃၁ ကီလိုမီတာ) ပို၍ ရှည်လျားသည်။

**မြေအမျိုးအစား**

အီရတ်နိုင်ငံ၏ မြေအများစုမှာ နုန်းမြေပြန့်လွင်ပြင် (alluvial plain) ဖြစ်၏။ ဤလွင်ပြင်သည် မြောက်ဘက်ရှိ တောင်များနှင့် အနောက်တောင်ဘက်မှ သဲကန္တာရအကြား ကျယ်ပြောစွာ တည်ရှိသည်။ အီရတ်တောင်ပိုင်းတွင် စိမ့်မြေများ (marshlands) ရှိ၏။ ကောက်ပဲသီးနှံ စိုက်ပျိုးနိုင်သော မြေဧရိယာ စုစုပေါင်း (total area of arable land) မှာ နိုင်ငံတစ်ဝန်းရှိ မြေအားလုံး၏ ၁၂ ရာခိုင်နှုန်းခန့် ရှိသည်။ အမြဲတမ်း သီးနှံများ (permanent crops) စိုက်ပျိုးနိုင်သည့် မြေကတော့ ၁ ရာခိုင်နှုန်းခန့် သာ ရှိသည်။

**မက်ဆိုးပိုတေမီးယား**

လက်ရှိ အီရတ်နိုင်ငံမှ တိုက်ဂရစ်မြစ်နှင့် ယူဖရေတီးစ်မြစ် နှစ်သွယ်ကြားရှိ မိုင်ပေါင်း ၆၀၀ ခန့်ရှည်လျားသော ရောမလွင်ပြင်ကြီးသည် ရှေးပဝေသဏီက မက်ဆိုးပိုတေမီးယားနိုင်ငံ၏ မြေဩဇာကောင်းသော ဒေသများ (the fertile lands of Mesopotamia) ဖြစ်၏။ ပါရှန်ပင်လယ်ကွေ့အထိ တိုးချဲ့ ဆန့်ထုတ်ထားသော ယခု အီရတ်နိုင်ငံတောင်ပိုင်း အပါအဝင် အဆိုပါ မြစ်နှစ်သွယ်ကြားမှ လွင်ပြင်ကြီး သို့မဟုတ် မက်ဆိုးပိုတေမီးယား

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နိုင်ငံသည် ကမ္ဘာ့လူ့အဖွဲ့အစည်းကြီး၏ ရှေးအကျဆုံး ယဉ်ကျေးမှု ထွန်းကားရာ ဒေသများအနက် တစ်နေရာ အပါအဝင် ဖြစ်သည်။

## မြို့ပြနိုင်ငံများ

မက်ဆိုးပိုတေမီးယားရှိ ဆူမာမြို့ပြနိုင်ငံများ (the city-states of Sumer) တစ်နည်းအားဖြင့် ဆူမာရီးယန်လူမျိုးတို့၏ မြို့ပြနိုင်ငံများသည် ဘီစီ ၃,၀၀၀ မတိုင်မီ ခေတ်ကာလကပင် ကနဦး လူ့ယဉ်ကျေးမှု ဖူးပွင့်ရာ နေရာများအဖြစ် ကမ္ဘာ့သမိုင်းပညာရှင်များက အသိအမှတ်ပြုခဲ့ကြသည်။

ယင်းမြို့ပြနိုင်ငံတိုင်းသည် ဆူမာရီးယန်လူမျိုးတို့ ကိုးကွယ်ရာ ဘာသာရေးအရ အထွတ်အမြတ်ထားသော ဘုရားကျောင်းတော်ကြီး ရှိသည့် မြို့ပြ (the sacred temple city) ဖြစ်၏။ အဆိုပါ မြို့ပြနိုင်ငံကို အုပ်စိုးသော ပုဂ္ဂိုလ်သည် ဘာသာရေးမှာရော နိုင်ငံ့ စီမံအုပ်ချုပ်ရေးမှာပါ အကြီးအကဲ သာသနာပိုင် ရဟန်းမင်းကြီး (priest-king) ဖြစ်သည်။

ဆူမာရီးယန်လူမျိုးတို့သည် ရှေးခေတ်သုံး ကျူနီဖောင်းအရုပ်စာ (cuneiform)၊ ပြက္ခဒိန်၊ လယ်ယာ ထွန်ယက်စိုက်ပျိုးရန် ထယ် ခေါ် ထွန်သွား၊ ရွှံ့စေးတုံးကို မြေအိုးပုံဖော်သည့် အိုးထိန်းစက်၊ ဘီးတပ်လှည်း၊ ရွက်လှေ စသည်တို့ကို ဦးဦးဖျားဖျား သမိုင်းဝင် တီထွင်ခဲ့ကြသောကြောင့် သူတို့ကို နောင်လာနောက်သားများက အထူးတလည် ကျေးဇူးတင်ထိုက်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လာဂက်ချ် (Lagash)၊ အူရ် (Ur) နှင့် နိပါရ် (Nippur) ကဲ့သို့သော မကြာခဏ စစ်မက် ပြိုင်ဆိုင်တိုက်ခိုက်နေကြသော မြို့ပြနိုင်ငံများသည် နောက်ဆုံးတွင် ယင်းတို့ထက် မြောက်ဘက် ကျသည့် ဘေဘီလုံနီယန်အက်ကက်ဒ်အင်ပါယာ (Babylonian Akkad Empire) လက်အောက်သို့ ကျရောက်သွားခဲ့ရသည်။

ရှေးဟောင်း ဆူမာရီးယန်မြို့ပြနိုင်ငံ ဖြစ်သော 'လာဂက်ချ်' သည် မက်ဆိုးပိုတေမီးယား၏ တောင်ဘက် ကျ၍ ယခု အီရတ်နိုင်ငံ၏ တောင်ပိုင်း၌ တည်ရှိ၏။ ဆူမာရီးယန်မြို့ပြနိုင်ငံ ဖြစ်သော 'အူရ်'သည်လည်း မက်ဆိုးပိုတေမီးယား၏ တောင်ဘက် ကျပြီး လက်ရှိ အီရတ်နိုင်ငံ၏ အရှေ့တောင်ပိုင်း၌ တည်ရှိ၏။ ဘေဘီလုံနီယန်မြို့ပြနိုင်ငံ ဖြစ်သော 'နိပါရ်'သည် ယူဖရေတီးစ် မြစ်ကမ်းခြေ၌ တည်ရှိ၏။ 'အက်ကက်ဒ်' သည် ဘေဘီလုံနီးယား မြောက်ဘက်မှ ရှေးဟောင်းဒေသတစ်ခု ဖြစ်သည်။ အဆိုပါ အက်ကက်ဒ်အင်ပါယာကို စိုးမိုးခဲ့ကြသော ဘုရင်များအနက် ဘီစီ ၂၂၅၀ ခန့်က အုပ်ချုပ်ခဲ့သည့် ဘုရင်ဆာဂွန် (King Sargon) သည် အထင်ရှားဆုံး ဖြစ်သည်။

တစ်ဖန် အထက်ပါ မြို့ပြနိုင်ငံများ အပါအဝင် မက်ဆိုးပိုတေမီးယား နယ်ပယ်အားလုံးသည် ဘုရင် ဟမ်မူရာဘီ (King Hammurabi - B.C. 1792-1750) ၏ ဘေဘီလုံနီယန် အင်ပါယာ လက်အောက်သို့ သက်ဆင်းကျရောက်သွားခဲ့ရ၏။ သူ ပထမဆုံး တီထွင်ခဲ့သော ကိုဒ့်ဥပဒေ (Code of Laws) ကြောင့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သူသည် ကမ္ဘာ့သမိုင်းတွင် ထင်ရှားသော ဘုရင်တစ်ပါး ဖြစ်လာခဲ့သည်။

အဆိုပါ မြို့ပြနိုင်ငံများသည် ဘေဘီလုံနီယန်အင်ပါယာ၏ အဓိကအချက်အချာကျသော ဒေသများ ဖြစ်လာခဲ့ကြ၏။ ဘီစီ ၁၃၅၀ ပြည့်နှစ် နောက်ပိုင်း ကာလတွင် ဘေဘီလုံနီးယားသည်လည်း အဆီရီယန်အင်ပါယာ (Assyrian empire) ၏ လက်အောက်ခံ ဖြစ်လာခဲ့သည်။

ဆူမာရီးယန်တို့၏ နောက်ပိုင်းကာလမှာ ဆီးမိုက်နွယ်ဝင် အက်ကက်ဒီယန်လူမျိုးများ (the Semitic Akkadians)၊ ဘေဘီလုံနီယန်လူမျိုးများ (Babylonians) နှင့် အဆီရီယန်လူမျိုးများ (Assyrians) က ယဉ်ကျေးမှု ပိုမိုဖွံ့ဖြိုးအောင် ဆက်လက် ဆောင်ရွက်ခဲ့ကြသည်။

## ပါရှန်ဘုရင်များ စိုးမိုး

ဘီစီ ၆ ရာစုနှစ် အလယ်လောက်တွင် ဘုရင်ဆိုင်ယာ့စ် (King Cyrus - B.C. 600-529) နှင့် ဘုရင်ဒါရီယာ့စ် (King Darious - B.C. 558-486) တို့ အုပ်စိုးစဉ် ပါရှန်တို့က အဆီရီယန်တို့ကို တိုက်ခိုက်အောင်မြင်သည်။

ဘီစီ ၅၅၀ တွင် ထီးနန်း စိုးစံသော ဘုရင်ဆိုင်ယာ့စ်သည် လွန်စွာတန်ခိုးကြီး၏။ သူသည် ပါရှန်အင်ပါယာကို စတင်တည်ထောင်ခဲ့သော ဘုရင်တစ်ပါးလည်း ဖြစ်သည်။ ပါရှားနိုင်ငံ (Persia) ကို ဒါရီယာ့စ် အမည်ဖြင့် ဘုရင်သုံးပါး စိုးစံခဲ့ကြ၏။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ယင်းတို့အနက် ဘီစီ ၅၂၁ တွင် နန်းတက်သော ပထမမြောက် ဒါရီယာ့စ်ဘုရင်သည် အထင်ရှားဆုံး ဖြစ်သည်။

နောက်နှစ်ပေါင်း ၁,၀၀၀ ခန့်ထိ မက်ဆိုးပိုတေမီးယား နိုင်ငံသည် ပါရှန်မင်းဆက် အမျိုးမျိုးမှ ဘုရင်များ၏ စိုးမိုးမှု အောက်သို့ ကျရောက်ခဲ့ရသည်။

## အစ္စလာမ် အာရပ်များ လွှမ်းမိုး

အေဒီ ၇ ရာစုနှစ်တွင် မက်ဆိုးပိုတေမီးယား အပါအဝင် ပတ်ဝန်းကျင် တစ်ခုလုံးသည် အလျင်အမြန် တိုးချဲ့ပျံ့နှံ့လာသော အစ္စလာမ်ကမ္ဘာထဲသို့ ရောက်ရှိသွားခဲ့သည်။

၆၅၆ ခုနှစ်တွင် စစ်အင်အား ကြီးမားသော အာရပ်တို့က ဘာဆရာတိုက်ပွဲ (the battle of Basra) ကို အပြတ်အသတ် အောင်ပွဲဆင်ပြီးနောက် အီရတ်နိုင်ငံကို အာရပ်လူမျိုးများ လွှမ်းမိုး လာခဲ့၏။ ၇၆၂ ခုနှစ်သို့ ရောက်သောအခါ အစ္စလာမ်မစ် အုပ်ချုပ်ရေး ဗဟိုဌာနချုပ်ကို ဆီးရီးယားနိုင်ငံ ဒမတ်စကတ်စ် မြို့တော်မှ ရှေးဟောင်း ဘေဘီလုံမြို့ပြ၏ အပျက်အစီးများအနီး ၌ အသစ် တည်ဆောက်ထားသည့် ဘဂ္ဂဒက်မြို့တော်သို့ ပြောင်း ရွှေ့ခဲ့ကြသည်။

## ဘဂ္ဂဒက်မြို့တော် တည်ဆောက်

အစ္စလာမ် ဘာသာဝင် အာရပ်လူမျိုး ဖြစ်သော အီရတ် နိုင်ငံ၏ ဒုတိယမြောက် စူလတန်ဘုရင် အဘူဂျဖာအဲလ်မန်ဆူး သည် ၈ ရာစုအတွင်း တော်ဝင်ဗိသုကာ ဆရာကြီးတစ်ဦးကို အထူး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တာဝန်ပေး၍ ဘဂ္ဂဒက်မြို့တော်ကို ကြီးကျယ်ခမ်းနားစွာ တည်ဆောက်စေခဲ့သည်။

## မက်ဆိုးပိုတေမီးယား ပြိုကွဲ

ပါရှန်၊ ဂရိနှင့် အာရပ်လူမျိုးများက အသီးသီး အောင်ပွဲဆင်ပြီးနောက် မက်ဆိုးပိုတေမီးယားသည် နိုင်ငံတစ်နိုင်ငံအဖြစ်ဖြင့် တသီးတခြား ရပ်တည်နိုင်ခြင်း မရှိတော့။ ယိုင်လဲပြိုကွဲ ပျက်စီးသွားခဲ့သည်။

၈ ရာစုနှင့် ၉ ရာစုနှစ်များ ကာလအတွင်း အစ္စလာမ်ဘာသာဝင် မွတ်စလင်ဘုရင်များသည် အီရတ်နိုင်ငံကို ဗဟိုပြုလျက် ကျယ်ပြန့်သော အင်ပါယာကြီးကို ထူထောင်စိုးမိုးခဲ့ကြသည်။

## မွန်ဂို လက်အောက်ရောက်

၁၂၅၈ ခုနှစ်တွင် မွန်ဂိုတပ်များသည် ဘဂ္ဂဒက်မြို့တော်ကို ကျူးကျော်တိုက်ခိုက် အောင်မြင်ပြီး အီရတ်တစ်နိုင်ငံလုံးကို သိမ်းပိုက်လိုက်ကြသည်။ အီရတ် နိုင်ငံသူနိုင်ငံသားများ၏ အဖိုးတန် ပစ္စည်းပစ္စယများကို မွန်ဂိုတပ်သားများက လုယက်ယူငင်ကြ၏။ ထိုအချိန်မှ စ၍ နှစ်ပေါင်းများစွာ ကြာညောင်းသည့်တိုင်အောင် အီရတ်နိုင်ငံသည် အဘက်ဘက်တွင် ယိုယွင်းကျဆင်းသွားခဲ့သည်။

## တူရကီ လက်အောက် ရောက်

၁၅၃၄ ခုနှစ် ရောက်သောအခါ ဘဂ္ဂဒက်မြို့တော်သည် အော်တိုမင်တူရကီများ လက်အောက်သို့ ကျရောက်သွားပြန်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သည်။ မွန်ဂိုနှင့် တူရကီလူမျိုးများ စစ်အောင်နိုင်ပြီးနောက် အီရတ်နိုင်ငံတွင် ဆည်မြောင်းစနစ်ဖြင့် ရေသွင်း စိုက်ပျိုးရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုရေး စသည်တို့မှာ အဖတ်မဆယ်နိုင်လောက်အောင် သိသိသာသာ လျော့ကျဆုတ်ယုတ်သွားခဲ့သည်။

ထို့ထက် အဆိုးတကာ့ အဆိုးဆုံးမှာ အီရတ်နိုင်ငံသည် တူရကီ လက်အောက်သို့ ကျရောက်သွားချိန်မှ စ၍ ၂၀ ရာစုနှစ်ရောက်သည်အထိ နှစ်ပရိစ္ဆေဒ ကြာညောင်းစွာ နိုင်ငံတစ်နိုင်ငံအဖြစ် မရပ်တည်နိုင်တော့ဘဲ အော်တိုမင်အင်ပါယာ၏ ပြည်နယ်တစ်ခု (a province of the Ottoman Empire) ဘဝသို့ ပြောင်းလဲလျှောကျသွားရခြင်းပင်တည်း။

## နယ်ချဲ့ ဗြိတိသျှ လက်အောက်ခံ အီရတ်နိုင်ငံ

ရေနံလုပ်ငန်းကို လက်ဝါးကြီးအုပ်၍ ခြယ်လှယ်သွေးစုပ်လိုကြသော နယ်ချဲ့ဗြိတိသျှတို့သည် ပထမကမ္ဘာစစ်ကြီး (၁၉၁၄–၁၈) ဖြစ်ပွားနေစဉ်အတွင်း ၁၉၁၅ ခုနှစ်တွင် အီရတ်နိုင်ငံကို တပ်အင်အား အလုံးအရင်းဖြင့် ဝင်ရောက်သိမ်းပိုက်ပြီး ၅ နှစ်ခန့် ယင်းတို့ စိတ်တိုင်းကျ ဖိနှိပ်အုပ်ချုပ်ခဲ့ကြသည်။

ပြီးမှ စစ်ကြီးအပြီး ပေါ်ပေါက်လာသော နိုင်ငံပေါင်းချုပ်အသင်းကြီး (the League of Nations) က ပေးအပ်သည့် လုပ်ပိုင်ခွင့်အာဏာ (mandate) အရ ဗြိတိန်သည် အီရတ်နိုင်ငံကို ၁၉၂၀ ပြည့်နှစ် ဧပြီလ ၂၅ ရက်နေ့မှ စ၍ တရားဝင် အုပ်ချုပ်ခွင့် ရသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ရုပ်သေးဘုရင် အုပ်ချုပ်

သို့သော် ဗြိတိန်က တိုက်ရိုက်မအုပ်ချုပ်။ ဆော်ဒီအာရေဗျ နိုင်ငံ မက္ကာမြို့မှ တရားသူကြီးချုပ် ဟူစိန်ဘင်အလီ (Hussein Bin Ali) ၏ သား ဖိုင်ဇယ် (Faisal) ကို ၁၉၂၁ ခုနှစ် ဩဂုတ် လ ၂၃ ရက်နေ့တွင် အီရတ်နိုင်ငံဘုရင်အဖြစ် တင်မြှောက်ပြီး ယင်း၏ ကိုယ်စား အုပ်ချုပ်စေသည်။ သို့တစေလည်း ဘုရင်ဖိုင်ဇယ် သည် အီရတ်နိုင်ငံကို ဗြိတိသျှတို့၏ ရုပ်သေးအဖြစ်ဖြင့်သာ အုပ်ချုပ် ခွင့် ရသည်။

၁၉၃၂ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ဘုရင် အုပ်ချုပ်သော အီရတ်နိုင်ငံ (the kingdom of Iraq) ကို နိုင်ငံ ပေါင်းချုပ်အသင်းကြီး၏ တွန်းအားကြောင့် ဗြိတိန်က လွတ်လပ် ရေး (Independence) ပေးလိုက်ရသည်။ သို့တိုင်အောင် အီရတ် နိုင်ငံမှ ဗြိတိသျှ ရေနံလုပ်ငန်းနှင့် ဒေသဆိုင်ရာ ကာကွယ်ရေး (regional defense) ကို အီရတ်တို့က ထိခွင့် မရှိ။ စာချုပ်များ ဖြင့် အာမခံပေးထားရသည်။

သို့ဖြင့် ဗြိတိသျှ ကြီးကြပ်သော ရေနံပိုက်လိုင်းများဖြင့် ဂျော်ဒန်နိုင်ငံကို ဖြတ်၍ အစ္စရေးနိုင်ငံရှိ ဟိုင်ဖာမြို့ (Haifa) သို့ လည်းကောင်း၊ ပြင်သစ် ကြီးကြပ်သော ရေနံပိုက်လိုင်းဖြင့် ဆီးရီးယား နိုင်ငံကို ဖြတ်၍ အခြားဒေသများသို့ လည်းကောင်း အီရတ် ရေနံ သည် အစဉ် စီးဆင်းနေသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



၁၉၃၂ ခုနှစ် နောက်ပိုင်းကာလတွင် ဗြိတိသျှ ဆန့်ကျင်ရေး ဂိုဏ်းအုပ်စုများ၏ အာဏာသိမ်းရန် ကြိုးပမ်းမှု အကြိမ် အတော် များများကို ဗြိတိသျှတပ်များ အကူအညီဖြင့် အီရတ် ဘုရင့်အစိုးရက အပြင်းအထန် နှိမ်နင်းပစ်လိုက်သည်။

တစ်ဖန် အီတလီနှင့် ဂျာမနီနိုင်ငံတို့မှ အကူအညီ အထောက် အပံ့များဖြင့် အလားတူ အာဏာသိမ်းရန် ကြိုးပမ်းမှုတစ်ရပ် ၁၉၄၁ ခုနှစ် ဧပြီလမှာ ပေါ်ပေါက်ခဲ့သေးသည်။ မေလတွင် အီရတ် တောင်ပိုင်းရှိ ဘာဆရာမြို့သို့ လေကြောင်းဖြင့် ဗြိတိသျှ တပ်များ ရောက်ရှိလာကြပြီး အီရတ် ဘုရင့်အစိုးရကို နဂိုမူလ အနေအထားသို့ ပြန်ရောက်အောင် ယင်းတို့က လိုအပ်သလို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီး (၁၉၃၉–၄၅) အတွင်း ၁၉၄၃ ခုနှစ် တွင် ဂျာမနီ၊ အီတလီနှင့် ဂျပန် ဝင်ရိုးတန်း မဟာမိတ် အင်အား ကြီး နိုင်ငံများ (the Axis powers) ကို အင်္ဂလိပ် လက်အောက်ခံ သို့မဟုတ် ဩဇာခံ အခြားနိုင်ငံအချို့နည်းတူ အီရတ်ဘုရင့်အစိုးရ က စစ်ကြေညာခဲ့သည်။

၁၉၄၈ ခုနှစ်တွင် အီရတ်နိုင်ငံသည် အာရပ်အဖွဲ့ချုပ် (the Arab League) မှာ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီး ပထမ အာရပ်– အစ္စရေး စစ်ပွဲတွင် အခြားအဖွဲ့ဝင် အာရပ်နိုင်ငံများနှင့် ရင်ပေါင် တန်းလျက် လက်တွဲကာ ပါဝင်ဆင်နွှဲခဲ့၏။ သည့်အတွက် စစ်ပွဲ ပြီးဆုံးသည့်နောက် အီရတ်နိုင်ငံရှိ ဂျူးလူမျိုး စုစုပေါင်း ၈၅,၀၀၀

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အနက် အများစုသည် တစ်နည်းနည်းဖြင့် နိုင်ငံမှ ထွက်ခွာ၍ အစ္စရေးနိုင်ငံသို့ သွားရောက် အခြေချ နေထိုင်ကြသည်။

၁၉၅၂ ခုနှစ်တွင် ဂရိတ်ဗြိတိန်နှင့် သဘောတူညီချက် စာချုပ်သစ်အရ အီရတ်ရေနံကုမ္ပဏီ (Iraq Petroleum Company) သည် နိုင်ငံ၏ ရေနံလုပ်ငန်းကို ယခင်ကထက် ပို၍ ကြီးကြပ် ဆောင်ရွက်ခွင့် ရရှိသည်။

အီရတ်နိုင်ငံသည် အာရပ်အဖွဲ့ချုပ်၏ အဖွဲ့ဝင်အဖြစ်ဖြင့် ရှိနေစဉ် ပြည်တွင်းရေးတွင် ဝင်စွက်သည်ဟု အကြောင်းပြပြီး ၁၉၅၅ ခုနှစ်၌ အီဂျစ်နိုင်ငံနှင့် သံခင်းတမန်ခင်း ဖြတ်တောက် လိုက်၏။ ဆိုဗီယက် သံအမတ်ကြီးကိုလည်း အီရတ်နိုင်ငံမှ နှင် ထုတ်လိုက်သည်။ ထို့နောက် အီရတ်နိုင်ငံသည် တူရကီနိုင်ငံနှင့် အပြန်အလှန် ကာကွယ်ရေးစာချုပ်တစ်ခု (a mutual defense treaty) ကို သဘောတူ လက်မှတ်ရေးထိုးလိုက်သည်။

အီဂျစ်နှင့် ဆိုဗီယက်တို့၏ ပြဿနာများသည် အီရတ် ဘုရင့် အုပ်ချုပ်ရေးစနစ်ကို အမြစ်ပြတ် တော်လှန်ပြီး သမ္မတနိုင်ငံ ထူ ထောင်လိုသော အီရတ်မျိုးချစ်များနှင့် ဘာ့သ်ပါတီဝင်များ၏ တက်ကြွသော လှုပ်ရှားမှုများအပြင် အီရတ်ကွန်မြူနစ်များ၏ စိမ့်ဝင်မှု၊ လျှို့ဝှက်လှုပ်ရှားမှုများနှင့်လည်း အနည်းနှင့် အများ နီးနွယ်ဆက်စပ်နိုင်သည်။

## အီရတ်သမ္မတနိုင်ငံ

၁၉၅၈ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ဗိုလ်မှူးချုပ် အဗ္ဗ ဒူးလ်ကာရင်ကက်ဆင် (Brig. Abdul Karim Qassim)

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဦးဆောင်၍ စစ်ဘက်က အာဏာသိမ်း၏။ ဒုတိယမြောက် ဘုရင် ဖိုင်ဇယ် (King Faisal II of Iraq) ကို ဖြုတ်ချပြီး အီရတ်နိုင်ငံကို သမ္မတနိုင်ငံအဖြစ် ကြေညာလိုက်သည်။ အာဏာသိမ်း ခေါင်းဆောင် ဗိုလ်မှူးချုပ်ကက်ဆင်သည် အီရတ်သမ္မတနိုင်ငံ၏ ဝန်ကြီးချုပ် ဖြစ်လာသည်။

သည့်နောက် ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဗိုလ်မှူးချုပ်ကက်ဆင်ကို ဖြုတ်ချပြီး ဘာ့သ်ပါတီအစိုးရ အာဏာရလာ၏။ ယင်းနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် တစ်ဖန် စစ်ဘက်က အာဏာသိမ်း၍ ဘာ့သ်ပါတီအစိုးရပြုတ်ကျကာ အာဏာသိမ်း ခေါင်းဆောင် ဗိုလ်မှူးကြီး အဗ္ဗဒူးလ်အဲလ်ဆလမ်မူဟာမ္မက်အရစ်ဖ် (Col. Abdul al-Salam Muhammad Arif) အစိုးရ တက်လာပြန်၏။ ၁၉၆၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့တွင်မှ ရဟတ်ယာဉ် ပျက်ကျ၍ သမ္မတအရစ်ဖ် ကွယ်လွန်သွားသဖြင့် ညီ၏ အရိုက်အရာကို အစ်ကိုက ဆက်ခံပြီး သမ္မတဖြစ်လာသော ဗိုလ်ချုပ် အဗ္ဗဒူးလ်အဲလ်ရာမင်မူဟာမ္မက်အရစ်ဖ် (Maj-Gen Abdul al-Raman Muhammad Arif) အစိုးရ တက်လာပြန်သည်။

ပြီး... ၁၉၆၈ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် သွေးထွက်သံယို မရှိသော အာဏာသိမ်းမှုကို ပြုလုပ်နိုင်ခြင်းကြောင့် ဘာ့သ်ပါတီ တစ်ဖန် ပြန်လည်အာဏာရလာ၏။ ဆက်ဒမ်ဟူစိန်၏ ဝမ်းကွဲ အစ်ကိုတော်သူ အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်ကြီး အာမက်ဒ် ဟက်ဆန်အဲလ်ဘာကာ (Gen.Ahmad Hassan al-Bakr)

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သည် အီရတ်နိုင်ငံ သမ္မတ ဖြစ်လာသည်။ ဤတွင် ဆက်ဒမ်သည် ပါတီ၏ ဒုတိယဥက္ကဋ္ဌ နှင့် ဒုတိယသမ္မတ ဖြစ်လာကာ အသက်ကြီးပြီး ကျန်းမာရေး ချို့တဲ့သော သမ္မတကိုယ်စား နိုင်ငံကို သူ့စိတ်တိုင်းကျ လက်တွေ့ အုပ်ချုပ်ခွင့် ရလာသည်။

## ဆက်ဒမ် သမ္မတ ဖြစ်လာ

၁၉၇၉ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ကျန်းမာရေး အကြောင်းပြချက်ဖြင့် သမ္မတအဲလ်ဘာကာ ရာထူးမှ နုတ်ထွက်သွားသောကြောင့် ဆက်ဒမ်ဟူစိန်သည် အာဏာ အပြည့်အဝ ရှိသော ဘာသ်ပါတီ ဥက္ကဋ္ဌနှင့် အီရတ်နိုင်ငံ သမ္မတ ဖြစ်လာခဲ့သည်။ ၁၉၉၄ ခုနှစ် မေလ ၂၉ ရက်နေ့တွင် ဝန်ကြီးချုပ် တာဝန်ကိုပါ သူ ပူးတွဲထမ်းဆောင်ခဲ့သည်။

၂၀၀၅ ခုနှစ် ဇူလိုင်လ ခန့်မှန်းခြေစာရင်းအရ အီရတ်နိုင်ငံတွင် လူဦးရေ ၂၆,၀၇၄,၉၀၆ ရှိ၏။ ပြည်တွင်း အခြေအနေအရ အတိအကျ သန်းခေါင်စာရင်း ကောက်ယူရန် မလွယ်။ အာရပ်လူမျိုး ၇၅–၈၀ ရာခိုင်နှုန်း၊ ကာ့ဒ်လူမျိုး ၁၅–၂၀ ရာခိုင်နှုန်း၊ တာကိုမင်လူမျိုး (Turkomans) ၅ ရာခိုင်နှုန်းအပြင် အဆီရီယန် နှင့် အခြားလူမျိုးများ ရှိသေးသည်။ ကိုးကွယ်ရာ ဘာသာများမှာ ရှီးယိုက် ၆၀–၆၅ ရာခိုင်နှုန်း၊ ဆွန်နီ ၃၂–၃၇ ရာခိုင်နှုန်း ရှိရာ မွတ်စလင်ချည်း စုစုပေါင်း ၉၇ ရာခိုင်နှုန်း ရှိ၏။ ခရစ်ယာန် ဘာသာဝင် ၃ ရာခိုင်နှုန်းအပြင် အခြား ဘာသာဝင် အနည်းငယ် ရှိသည်။ ဘာသာစကားမှာ အာရပ် ဘာသာစကားက ရုံးသုံး ဖြစ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



၏။ ကာ့ဒ်ဘာသာစကားကတော့ ကာ့ဒ်လူမျိုးတို့၏ ဒေသနယ်မြေမှာသာ ရုံးသုံးအဖြစ် သတ်မှတ်ထားသည်။ ထို့ပြင် အဆီရီယန်ဘာသာစကားနှင့် အမေရိကန်စကားကိုလည်း ပြောဆိုကြသည်။

၁၉၅၈ ခုနှစ်မှ စ၍ အီရတ်နိုင်ငံသည် သမ္မတနိုင်ငံ ဖြစ်လာခဲ့၏။ မြို့တော်မှာ ဘဂ္ဂဒက် (Baghdad) ဖြစ်သည်။ ဘဂ္ဂဒက်မြို့တော်၏ လူဦးရေ ၄,၃၃၆,၀၀၀၊ မြောက်ပိုင်းမှ မိုဆူးလ်မြို့ (Mosul) ၏ လူဦးရေ ၁,၂၂၀,၀၀၀၊ အာဘီးလ်မြို့ (Arbil) ၏ လူဦးရေ ၁,၇၄၃,၀၀၀၊ ကာကွပ်မြို့ (Kirkuk) ၏ လူဦးရေ ၅၃၅,၀၀၀ နှင့် တောင်ပိုင်းမှ ဘာဆရာမြို့ (Basra) ၏ လူဦးရေ ၁,၅၄၀,၀၀၀ ဖြစ်သည်။ အီရတ်နိုင်ငံတွင် မြောက်ပိုင်းရှိ ကာ့ဒ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှ ပြည်နယ် ၃ ခု အပါအဝင် စုစုပေါင်းပြည်နယ် ၁၈ ခု (18 provinces) ရှိသည်။

အီရတ်နိုင်ငံ၏ စီးပွားရေးနှင့် ပတ်သက်၍ စက်မှုကဏ္ဍမှာ အထည်အလိပ်၊ ဓာတုပစ္စည်း၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးပစ္စည်းများ ထုတ်လုပ်သည့်အပြင် ရေနံ သန့်စင်သည့် လုပ်ငန်းကိုလည်း လုပ်ကိုင်၏။ ရေနံနှင့် သဘာဝဓာတ်ငွေ့ကို အကြီးအကျယ်ထုတ်လုပ်သည်။

၂၀၀၃ ခုနှစ်တွင် အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်များ ကျူးကျော်သိမ်းပိုက်ခြင်း မပြုမီက အီရတ်နိုင်ငံ၏ ရေနံစိမ်း (crude oil) ထုတ်လုပ်မှုသည် တစ်နေ့လျှင် စည်ပေါင်း ၂ သန်းကျော် ရှိ၏။ ၁၉၈၀ ပြည့်နှစ်တွင် နေ့စဉ် ရေနံစိမ်းစည်ပေါင်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



၂ ဒသမ ၅၁ သန်း၊ ၁၉၉၀ ပြည့်နှစ်တွင် ၂ ဒသမ ၀၄ သန်း၊ ၂၀၀၀ ပြည့်နှစ်တွင် ၂ ဒသမ ၅၇ သန်း ထုတ်နိုင်ခဲ့သည်။ သို့သော် မူကွဲတစ်ခုတွင်မူ နိုင်ငံစုံ မဟာမိတ်တပ်ဖွဲ့များ ဆင်နွှဲသော ကန္တာရ မုန်တိုင်းစစ်ဆင်ရေးမတိုင်မီက အီရတ်နိုင်ငံမှာ တစ်နေ့လျှင် ရေနံစိမ်း စည်ပေါင်း ၃ သန်းထိ ထုတ်လုပ်နိုင်ခဲ့သည်ဟု ဆိုသည်။ အီရတ်သည် ကမ္ဘာပေါ်တွင် ဆော်ဒီအာရေဗျနှင့် အီရန် ပြီးလျှင် တတိယအကြီးဆုံး ရေနံသိုက်ရှိသည့်နိုင်ငံ ဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် ရေနံစိမ်း အရန် (crude oil reserves) စည်ပေါင်း ၁၁၂ ဒသမ ၅ ဘီလီယံထိ ရှိခဲ့၏။ ၁၉၇၉ ခုနှစ်မှာ ဆက်ဒမ်ဟူစိန် အီရတ်နိုင်ငံ သမ္မတ ဖြစ်လာသောအခါ နိုင်ငံခြားသုံးငွေ ၉၅ ရာခိုင်နှုန်းကို ရေနံမှ ရရှိခဲ့သည်။

စိုက်ပျိုးရေးကဏ္ဍတွင် ဂျုံ၊ ဘာလီ၊ စပါး၊ စွန်ပလွံသီးနှင့် ဝါဂွမ်း ထုတ်လုပ်သည်။ မွေးမြူရေးကဏ္ဍတွင်မူ ၁၉၉၇ ခုနှစ် စာရင်းအရ ကြက် ၄,၈၀၀ သန်း၊ သိုး ၆ ဒသမ ၅၈ သန်း၊ ကျွဲနွား ၁ ဒသမ ၃၀ သန်းနှင့် ဆိတ် ၁ ဒသမ ၄၇ သန်း မွေးမြူခဲ့၏။ သိုးမွေးထည်နှင့် သားရေများလည်း အမြောက်အမြား ထုတ်လုပ်နိုင်ခဲ့သည်။

၂၀၀၃ ခုနှစ် ခန့်မှန်းခြေ စာရင်းအရ နိုင်ငံခြားသို့ ရေနံစိမ်း တင်ပို့ရာမှ ယူအက်စ်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံ ရရှိပြီး နိုင်ငံခြားမှ စားနပ်ရိက္ခာ၊ ဆေးဝါး၊ ကုန်ချောပစ္စည်း စသည်တို့ကို ဝယ်ယူ တင်သွင်းသည့်အတွက် ယူအက်စ်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကုန်ကျသည်။ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းမှ ယူအက်စ်ဒေါ်လာ ၁၃ သန်း ဝင်ငွေ ရှိခဲ့သည်။

အီရတ်နိုင်ငံသုံးငွေမှာ ဒိုင်နာ (dinar) ဖြစ်၏။ ၁၉၉၈ ခုနှစ် စက်တင်ဘာလ တရားဝင် ငွေလဲလှယ်နှုန်းအရ ယူအက်စ် တစ်ဒေါ်လာလျှင် အီရတ်ဒိုင်နာငွေ ၃ ဒသမ ၂၂ ဖြစ်သည်။ ၂၀၀၄ ခုနှစ် စာရင်းအရ တစ်နှစ်အတွင်း စုစုပေါင်း ပြည်တွင်းထုတ်ကုန် တန်ဖိုး (GDP) သည် ယူအက်စ်ဒေါ်လာ ၅၄ ဒသမ ၄ ဘီလီယံ ဖြစ်၏။ တစ်နှစ်အတွင်း တစ်ဦးချင်း ပြည်တွင်းထုတ်ကုန် တန်ဖိုးမှာ ယူအက်စ်ဒေါ်လာ ၂,၁၀၀ ဖြစ်သည်။

ဂျီဒီပီ၏ ၈ ဒသမ ၃ ရာခိုင်နှုန်းကို ကာကွယ်ရေးအတွက် သုံးသည်ဟု မှတ်တမ်းတစ်ခုမှာ တွေ့ရသည်။ သို့ရာတွင် နိုင်ငံခြား သတင်းဌာနများကမူ ထို့ထက် ရာခိုင်နှုန်း အများကြီး ပို၍ သုံးမည်ဟု ယူဆကြသည်။

ဗြိတိသျှတို့သည် ရေနံအခြေခံ အီရတ်စီးပွားရေးကို လက်ဝါးကြီးအုပ်၍ ခြယ်လှယ်သွေးစုပ်ရန် အီရတ်နိုင်ငံကို စစ်တပ် ကျောထောက်နောက်ခံဖြင့် စိုးမိုးအုပ်ချုပ်ခဲ့ကြ၏။ အီရတ်ဘုရင် ဖိုင်ဇယ်သည် သူတို့ တင်မြှောက်ထားသော ရုပ်သေးမျှသာ ဖြစ်ရာ နိုင်ငံ့ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ဗြိတိသျှတို့က အဓိက တာဝန်ယူသည်။ သူက ယင်းတို့ကို ဖန်တီးရန် မလို။ သူ့မှာ ဖန်တီး ပိုင်ခွင့်လည်း မရှိ။ သို့ဖြင့် ဘုရင်အုပ်စိုးစဉ် ကာလက အီရတ် စစ်တပ်သည် မည်ကာမတ္တမျှသာ ဖြစ်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



၁၉၅၈ ခုနှစ်တွင် အီရတ်သည် သမ္မတနိုင်ငံ ဖြစ်လာသည်။ တက်လာသော အစိုးရတို့က စစ်တပ်ကို အထိုက်အလျောက် တိုးချဲ့တည်ဆောက်ကြ၏။ သို့တိုင်အောင် တိုင်းပြည်အတွက်ထက် လောလောဆယ် သူတို့ဩဇာအာဏာ တည်မြဲရေးအတွက်သာ အဓိကအခြေပြုကြသည်။

သို့သော် ဆက်ဒမ်ဟူစိန် အာဏာရလာသောအခါ ပြည်တွင်း၌ သူ့အာဏာ တည်မြဲရေးအတွက်သာမက ပြည်ပမှာ အထူးသဖြင့် သူ့အိမ်နီးနားချင်းနိုင်ငံများ အပါအဝင် အရှေ့အလယ်ပိုင်းဒေသမှာ သူ့ဩဇာအာဏာ အရှိန်အဝါ တစ်မုဟုတ်ချင်း ကြီးမားကျယ်ပြန့်လာစေရန် ရည်သန်လျက် ထိုဒေသ၌ အင်အားအကြီးဆုံး တပ်မတော်ကို တည်ဆောက်၏။ ငွေအမြောက်အမြား အကုန်အကျခံ၍ ခေတ်မီလက်နက်ကောင်းများ တပ်ဆင်သည်။

အီရန်–အီရတ်စစ်ပွဲ (၁၉၈၀–၈၈) စတင်ချိန်မှာပင် အရန်တပ်ဖွဲ့များ အပါအဝင် အီရတ်တပ်ဖွဲ့များ၏ စစ်အင်အားသည် ၁,၀၀၀,၀၀၀ ကျော်ထိ ရှိနေလေပြီ။ ၈ နှစ်ကြာမျှ အီရန်နှင့် အပြင်းအထန် စစ်တိုက်ရပြီးနောက် စစ်အင်အားကို အဆောတလျင် သူ ပြန်လည်တည်ဆောက်၏။ ရေနံမှ ရသမျှ ငွေကြေးဓနအင်အားကို စစ်အင်အား တည်ဆောက်ရေးမှာ သူ ပုံအောပြန်သည်။

သို့ကြောင့် ၁၉၉၀ ပြည့်နှစ် ကူဝိတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ချိန်၌ အီရတ်တပ်မတော် (ကြည်း၊ လေ၊ ရေ)၏ စစ်သည်အင်အားသည် ၁,၀၀၀,၀၀၀ ထိ ရှိလာ၏။ ထို့ပြင် အရန်တပ်ဖွဲ့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



များ၏ စစ်သည်အင်အားလည်း ၈၅၀,၀၀၀ ထိ ရှိလာသည်။ အတိုင်းထက်အလွန် ကြီးမားသော တပ်ဖွဲ့ကြီးပင်တည်း။

ကူဝိတ်နိုင်ငံ လွတ်မြောက်ရေးအတွက် ဆင်နွဲသော ပါရှန်ပင်လယ်ကွေ့စစ်ပွဲ (၁၉၉၁) အတွင်း ကုလသမဂ္ဂ နိုင်ငံစုံမဟာမိတ်တပ်ဖွဲ့များ လက်ချက်ဖြင့် အကြီးအကျယ် အထိနာသော်ငြားလည်း အီရတ် ကြည်းတပ်အင်အားသည် အတော်ကြီးမားဆဲ ဖြစ်၏။ ၂၀၀၁ ခုနှစ်တွင် တပ်မတော် (ကြည်း၊ လေ၊ ရေ) စုစုပေါင်း စစ်သည်အင်အား ၄၂၄,၀၀၀ နှင့် အရန်တပ်ဖွဲ့ဝင် စစ်သည်အင်အား ၆၅၀,၀၀၀ နှစ်ရပ်ပေါင်း ၁၀၇၄,၀၀၀ ကျန်နေသေးသည်။ (ဆက်ဒမ်၏ ဘဝဖြစ်စဉ် အဆုံး၌ သီးခြားဖော်ပြထားသော ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၀၁ ခုနှစ် အီရတ်တပ်မတော် စစ်အင်အား နှိုင်းယှဉ်ချက် အခြေပြဇယားမှာ အီရတ် စစ်အင်အားအခြေအနေကို စာရှုသူများ ဆက်လက်ရှုစား လေ့လာကြပါကုန်)။ ။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



# ဆက်ဒမ်ဟူစိန်၏ ဘဝဖြစ်စဉ်

၁၉၃၇ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် ဆက်ဒမ်ဟူစိန်ကို အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် အနောက်မြောက်ဘက် ၁၆၀ ကီလိုမီတာခန့် အကွာအဝေးရှိ တီကရစ်မြို့ (Tikrit) နှင့် ၁၃ ကီလိုမီတာခန့် ကွာဝေးသော အဲလ်အူဂျာရွာ (al-Awja) ၌ အဖ ဟူစိန်အဘစ်ဒ်အဲလ်မဂျစ် (Hussein Abid al-Majid) နှင့် အမိ ဆပ်ဘ်ဟာတာလ်ဖာအဲလ်မွတ်ဆဲလတ် (Subha Tulfah al-Mussallat) တို့မှ မွေးဖွား၏။ သူ့ဇာတိကျေးရွာသည် အီရတ်နိုင်ငံတွင် ပင်မအသက်သွေးကြောအဖြစ် ထင်ရှားသော မြစ်ကြီး နှစ်သွယ်ဖြစ်သည့် ယူဖရေတီးစ် (Euphrates River) နှင့် တိုက်ဂရစ် (Tigris River) တို့အနက် တစ်သွယ် ဖြစ်သည့် တိုက်ဂရစ်မြစ်ကမ်းခြေတွင် တည်ရှိသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



စင်စစ် 'ဆက်ဒမ်ဟူစိန်' ဟူသော အမည်နာမသည် သူ့အမည်အပြည့်အစုံ မဟုတ်သေး။ သူသည် ငယ်စဉ်တောင်ကျေးကလေးဘဝကပင် ခေါင်းမာ၍ ဇွတ်တရွတ်နိုင်သူ (the stubborn one) သို့မဟုတ် ထိပ်တိုက်ရင်ဆိုင်ဝံ့သူ (one who confronts) ဖြစ်သောကြောင့် အာရပ်ဘာသာစကားဖြင့် ထိုသို့ အနက်အဓိပ္ပာယ်ရသော ဆက်ဒမ် (Saddam) အမည်ကို သူ့မိခင်ကိုယ်တိုင်က မှည့်ခေါ်ခဲ့ခြင်း ဖြစ်၏။ ယင်းနောက်ရှိ ဟူစိန် (Hussein) အမည်သည် အနောက်တိုင်း အစဉ်အလာကဲ့သို့ မိသားစုအမည် (Surname) မဟုတ်။ ဖခင်နှင့် သက်ဆိုင်သော အမည်သာ ဖြစ်သည်။'ဆက်ဒမ်' နောက်မှ သူ့ဖခင်၏ အမည် 'ဟူစိန် အဘစ်ဒ်အဲလ်မဂျစ်' (Hussein Abid al-Majid) တွင် အဘစ်ဒ် (Abid) အစား အဗ္ဗဒူးလ် (Abd) ဟု ပြောင်းလဲပြီး ဖခင်အမည်ကို ဆက်ထည့်ထားသည်။

ထူးခြားချက်တစ်ရပ်မှာ အီရတ်မျိုးနွယ်စုတို့တွင် ဓလေ့ထုံးစံတစ်မျိုး ရှိ၏။ ဇာတိချက်မြုပ်ဒေသ အမည်ကို လူနာမည်၏ နောက်မှာ တစ်ဆက်တည်း ပူးတွဲဖော်ပြသည့်အလေ့ ဖြစ်သည်။ သို့ဖြင့် 'ဆက်ဒမ်ဟူစိန်'၏ နာမည်အပြည့်အစုံမှာ 'ဆက်ဒမ်ဟူစိန် အဗ္ဗဒူးလ်အဲလ်မဂျစ်အဲလ်တီကရစ်တီ' ( Saddam Hussein Abd al-Majid al-Tikriti) ဖြစ်သည်။

**မွေးနေ့**

ထို့ပြင် '၁၉၃၇ ခုနှစ် ဧပြီလ ၂၈ ရက်သည် သူ့အစိုးရလက်ထက်တွင် သူကိုယ်တိုင် တရားဝင် ဖော်ပြထားသော သူ့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မွေးနေ့ (his official date of birth) သာ ဖြစ်၏။ သူ့မွေးနေ့ အတိအကျ (his real date of birth) ကိုမူ မည်သည့်အခါမျှ သူ မှတ်တမ်းမတင်ခဲ့။ သို့ကြောင့် မွေးနေ့အစစ်အမှန်သည် ၁၉၃၅ ခုနှစ်နှင့် ၁၉၃၉ ခုနှစ်ကြားရှိ ရက်တစ်ရက် ဖြစ်မည်ဟု ထင်ရှားသော သမိုင်းပညာရှင်များက ယုံကြည်လက်ခံထားကြသည်။

## ဩဇာတိက္ကမ ရှိ

သူ့မိသားစုသည် ဆင်းရဲသော ဆွန်နီ မွေးမြူစိုက်ပျိုးရေး လယ်သမားမိသားစု (farming family) ဖြစ်၏။ သိုးမွေးမြူရေး နှင့် စိုက်ပျိုးရေးကို တွဲဖက်၍ အသက်မွေးဝမ်းကျောင်းမှု ပြုလုပ်ကြသည်။တကယ်တော့ သူ့ပင်မမိသားစု (nuclear family) သည် နွမ်းပါးသော်ငြားလည်း ပတ်ဝန်းကျင်မှာ အထိုက်အလျောက် ဩဇာညောင်း၏။ ထို့ထက် သူ့ဦးလေး၊ အဒေါ်၊ ဝမ်းကွဲညီအစ်ကို မောင်နှမများ စသည်တို့ ပါဝင်သော သူ့တိုးချဲ့မိသားစု (extended family) က ပို၍ ဩဇာတိက္ကမ ရှိသည်။

## မြို့ခြံ၍ အသက်ဆက်

အဲလ်ခါတက်ဘ် (al-Khatab) ဟု ခေါ်သော သူ့မျိုးနွယ်စု (clan) သည် ရွှံ့မံထားသော သစ်သားများကို အမိုးပြား ဖြစ်အောင် မိုး၍ ရွှံ့အုတ်များနှင့် ဆောက်လုပ်ထားသည့် နေအိမ်များတွင် နေထိုင်ကြသည်။ ရာသီဥတု ပူပြင်းမှုကြောင့် မြေကြီး ခြောက်သွေ့လွန်း၍ အဓိကအားဖြင့် ဂျုံနှင့် ဟင်းသီးဟင်းရွက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



များကိုသာ သူတို့ စိုက်ပျိုးနိုင်၏။ အဆိုပါ သီးနှံများနှင့် မွေးမြူရေးမှ ရရှိသော ဝင်ငွေတို့ဖြင့် ခြိုးခြံချွေတာလျက် သူတို့ အသက်ဆက်ကြရသည်။

## ဂျူးမိသားစုက အသက်ကယ်

ဆက်ဒမ်ဟူစိန်ကို သူ့မိခင် ပဋိသန္ဓေရှိနေစဉ် သူ့ဖခင်နှင့် သူ့အစ်ကိုကြီးတို့ ရှေ့ဆင့်နောက်ဆင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့ကြ၏။ မှုကွဲတစ်ခုတွင်မူ သူ့ဖခင်သည် သူ့ကို မမွေးဖွားမီ ၆ လခန့်အလိုကပင် နေအိမ်မှ ပျောက်ခြင်းမလှ ပျောက်သွားခဲ့သည်ဟု ဆိုသည်။ အသက် ၁၃ နှစ်အရွယ်ရှိ သူ့အစ်ကိုကြီးကတော့ ကင်ဆာရောဂါကြောင့် ကွယ်လွန်သွားခြင်းဖြစ်သည်။ မည်သို့ဆိုစေ ဆင်းရဲတွင်းနက်နေရသည့်အထဲ အဓိက အမှီသဟဲပြုရာ ခင်ပွန်းသည်နှင့် သားကြီးတို့ ရာသက်ပန် ခွဲခွာသွားကြပြန်သဖြင့် အလွန်အမင်း စိတ်ထိခိုက်ကာ သူ့မိခင်ခမျာ ပူဆွေးသောကရောက်နေရရှာ၏။ ထို့ကြောင့် သူ့မိခင်သည် သန္ဓေသားကို ဖျက်ချပြီး သူ့ကိုယ်သူ အဆုံးစီရင်ရန် ကြံမိကြံရာ ကြံစည်နေခိုက် အိမ်နီးနားချင်း ဂျူးလူမျိုး မိသားစုက သူ့အဖြစ်သနစ်ကို မြင်တွေ့ရ၍ ကရုဏာသက်သဖြင့် အချိန်မီ တားဆီးလိုက်ကြသည်။ သည့်အတွက် ကံအားလျော်စွာ သူရော သူ့မိခင်ပါ နှစ်ဦးစလုံး သေကံမရောက် သက်မပျောက်ခဲ့ကြ။

အကယ်တန္တု ဆက်ဒမ်ကလေးသည် လူ့လောကကြီးကို လုံးဝ မမြင်မတွေ့ရခင်ကပင် မိခင်၏ ဝမ်းကြာတိုက်အတွင်း၌


TURKEY
0 100 200 km
0 100 200 mi
Irbil
Mosul
Karkūk
Tigris
SYRIA
As Sulaymānīyah
Sāmarrā'
IRAN
Euphrates
BAGHDAD
Ar Ruṭbah
Karbalā'
Al Kūt
An Najaf
JORDAN
Shatt al Arab
An Nāṣirīyah
Al Baṣrah
Umm Qasr
SAUDI ARABIA
KUWAIT
Persian Gulf

အီရတ်နိုင်ငံမြေပုံ



ဆက်ဒမ်ကလေး






အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်မှ ဘာ့သ်ပါတီ
ကျောင်းသားကလာပ်စည်းမှာ ၁၉၅၉ မှ ၁၉၆၃ အထိ ဆက်ဒမ်
ပါဝင်လှုပ်ရှားခဲ့စဉ်က




၁၉၇၀ ပြည့်လွန်နှစ်များကာလတွင် ဒုတိယသမ္မတဆက်ဒမ်
ဦးဆောင်၍ အမျိုးသမီးများ စာတတ်မြောက်ရေးနှင့်
ပညာအရည်အသွေးမြင့်မားရေးတို့အတွက် ဆောင်ရွက်ခဲ့စဉ်က



လူထုပရိသတ်ကြီးကို သမ္မတဆက်ဒမ် မိန့်ခွန်းမြွက်ကြားနေပုံ



ပါတီဥက္ကဋ္ဌ ဆက်ဒမ် ၁၉၉၀ ပြည့်နှစ်က
ဘာ့သ်ပါတီခေါင်းဆောင်များနှင့် တွေ့စဉ်



ဆက်ဒမ်နှင့် သူ့သားနှစ်ယောက် (အူဒေးနှင့် ကူဆေး)



ဆက်ဒမ်နှင့် ဇနီး ဆာဂျီဒါတာလ်ဖာတို့၏ မိသားစု။
သားကြီး အူဒေး(လယ်)နှင့် သားငယ်ကူဆေး(ယာစွန်)။
သမီးကြီး ရာဂတ်(ဝဲ)၊ သမီးလတ် ရာနာ(ယာ)နှင့် သမီးငယ်ဟာလာ(လယ်)။
သမက်နှစ်ယောက်၊ သမီးကြီးရာဂတ်၏ ခင်ပွန်းဟူစိန်ကမဲလ်(ဝဲစွန်)
နှင့် သမီးလတ် ရာနာ၏ ခင်ပွန်းဆက်ဒမ်ကမဲလ် (ဝဲစွန် ဒုတိယ)





မိမိ၏ မိုက်တွင်းနက်မှုကြောင့် ဖခင်၏ အရိုက်အရာကို
ဆက်ခံမည့်သူအဖြစ် ညီကူဆေး(ဝဲ) ကို အရှုံးပေးလိုက်ရသော်လည်း
အစ်ကိုအူဒေး(ယာ)ကတော့ အပြုံးမပျက်။




အီရတ်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဆက်ဒမ်နှင့် သူ့ဗိုလ်ချုပ်များ



စစ်ပွဲကို ကိုယ်တိုင် ဦးဆောင်သော ခေါင်းဆောင်ကြီးဆက်ဒမ်





ဆက်ဒမ် သဘောကျသူ အီတလီနိုင်ငံရေးခေါင်းဆောင်နှင့်
သဘောတရားရေးဝါဒီ မက္ကီယာဗယ်လီ



ဆက်ဒမ် သဘောကျသူ ဆိုဗီယက်ကွန်မြူနစ်ခေါင်းဆောင် စတာလင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆုံးပါးသွားခဲ့သော် အီရတ်နိုင်ငံ၏ အနာဂတ်ရေးသည် မည်သို့ ဖြစ်ချိမ့်မည်နည်း။ သို့လော... သို့လော စဉ်းစားတွေးတောဖွယ်ပင်။

ထို့ထက် နောက်ထူးခြားချက် တစ်ရပ်မှာ ဆက်ဒမ်ကလေး၏ မွေးမိခင်နှင့် သူ့အသက်ကို လက်မတင်ကလေး ကယ်တင်နိုင်ခဲ့သူများ (ဝါ) သူတို့ သားအမိ၏ အသက်သခင် ကျေးဇူးရှင်များသည် ဆက်ဒမ်ဟူစိန် အာဏာရလာသောအခါ သူကိုယ်တိုင်က အတိုင်းထက်အလွန် မုန်းတီးရွံရှာ အော့နှလုံးနာသည့် ဂျူးလူမျိုးများ ဖြစ်နေခြင်းပင်တည်း။

## တမန်တော်က ဆင်းသက်

ဆက်ဒမ်ဟူစိန်သည် 'ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်' ဟူသော စိတ်ဓာတ်ဖြင့် တက်လှမ်းလျက် အခက်အခဲဟူသမျှကို ကျော်လွှားဖြတ်သန်း၍ လူတစ်လုံး သူတစ်လုံး ဖြစ်လာပြီး အာဏာအရှိန်အဝါ ကြီးမားကျယ်ပြန့်ကာ ဘာ့သ်ပါတီနှင့် အီရတ်နိုင်ငံ၏ အထွတ်အထိပ်သို့ ကံအားလျော်စွာ ရောက်ရှိလာသောအခါ သူက–

"ကျုပ်ဟာ ဘုရားသခင်ရဲ့ တမန်တော် မိုဟာမက် (the prophet Mohammed) က တိုက်ရိုက် ဆင်းသက်လာတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်"

ဟု ဆိုသည်။ ထိုစဉ်က သူ့အဆိုအမိန့်ကို ယုံသည် ဖြစ်စေ၊ မယုံသည်ဖြစ်စေ မည်သူမျှ စောဒကမတက်ရဲကြ။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ဆက်ဒမ်ကို သူ့ဦးလေး မွေးစား

ဆက်ဒမ်ဟူစိန်ကို အခက်အခဲများကြားမှ အောင်မြင်စွာ မွေးဖွားပြီးနောက် စိတ်သောကရောက်ရလွန်း၍ စိတ်ကျဝေဒနာကို အလူးအလဲ ခံစားနေရရှာသော သူ့မိခင်သည် သူ့ဦးလေး ခေရာလာတာလ်ဖာ (ခေါ်) ခေရာလာမွတ်ဆဲလတ် (Kharaillah Tulfah (a) Kharaillah Mussallat) အား မွေးကင်းစကလေးဖြစ်သော ဆက်ဒမ်ကလေးကို သူ့ကိုယ်စား မွေးမြူစောင့်ရှောက်အုပ်ထိန်းရန် ပေးအပ်လိုက်သည်။

## မိခင်ဆီ ပြန်လာ

ဆက်ဒမ်ဟူစိန် ၃ နှစ်သားအရွယ်တွင် 'တစ်ပင်လဲမှ တစ်ပင်ထူ' သည့်အနေဖြင့် နောက်အိမ်ထောင်ပြုထားသော သူ့မိခင်ဆီသို့ သူ ပြန်ရောက်လာ၏။ သူ့မွေးမိခင်၏ နို့ချိုကိုပင် ဝဝလင်လင် မစို့ခဲ့ရသေးသည့် ဆက်ဒမ်ကလေးသည် သူ့မိခင်၏ မောင် တော်သူ ဦးလေးနှင့်အတူ ကြာကြာနေ၍ မပျော်ပိုက်နိုင်။ ကိုးလ လွယ်၍ ဆယ်လအရောက်တွင် မွေးဖွားပေးခဲ့သော သူ့မိခင်ကိုသာ တတမ်းတတ တလွမ်းဆွတ်ဆွတ် ဖြစ်နေရှာသောကြောင့် နောက်ဆုံးတွင် သူ့မွေးမိခင်ဆီသို့ သူ ပြန်လာခဲ့ခြင်း ဖြစ်သည်။

## ပထွေး နှိပ်စက်၍ အိမ်မှ ထွက်ပြေး

သို့ရာတွင် သူ့အထင်နှင့် သူ့လက်တွေ့ဘဝမှာ မိုးကောင်းကင်နှင့် ကမ္ဘာမြေပြင်လို ကွာခြားနေ၏။ သူ့မိခင်သည်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သူ့ပထွေး အီဘရာဟင် အဲလ်ဟက်ဆန် အဲလ်တီကရစ်တီ (Ibrahim al-Hassan al-Tikriti) ၏ ဩဇာကို မည်သို့မျှ မလွန်ဆန်နိုင်။ သူ့ကို သူ့ပထွေး မတရားခိုင်းစေမှုများနှင့် ရက်ရက်စက်စက် နှိပ်စက်ကလူ ပြုမှုများကို ညှိုးငယ်စွာဖြင့် သူ့မိခင်ခမျာ လက်ပိုက် ကြည့်နေရရှာ၏။ သူ့အဖို့ တစ်လုံးတစ်ပါဒမျှ ပြန်မပြောနိုင်သည့် ဘဝသို့ ဝမ်းနည်းကြေကွဲစဖွယ် ရောက်ရှိနေသည်။

ဆက်ဒမ်ကလေးသည် သိုးကျောင်းသည့် အလုပ်ကို လုံးဝ သူ စိတ်မဝင်စား။ သို့ရာတွင် သူ့ပထွေး ခိုင်းသမျှကို သူ ကြိုးစားလုပ်ကိုင်ပေး၏။ သို့တိုင်အောင် သူ့ပထွေး မကျေနပ်သေးလျှင် သူ့ခမျာ အဆဲအဆို အကန်အကျောက် အရိုက်အနှက် ခံရသေးသည်။ အချိန် ကြာလာသောအခါ ပထွေး၏ နှိပ်စက်မှုဒဏ်ကို သူ ဆက်လက် သည်းမခံနိုင်တော့။ သို့ကြောင့် ၁၉၄၅ ခုနှစ် သူ့အသက် ၈ နှစ်သားအရွယ်တွင် သူ့ဦးလေး ခေရာလာနှင့်အတူ ဆက်နေရန် ဘဂ္ဂဒက်မြို့တော်သို့ သူ ထွက်ပြေးသွားခဲ့သည်။

သူသည် မွေးကင်းစ ကလေးဘဝကပင် သူ့ကျေးဇူးရှင် မိဘနှစ်ပါး၏ မေတ္တာရိပ်ကို ချမ်းမြေ့စွာ ခိုလှုံ၍ နွေးထွေးယုယ ပြုစုမှုကို မခံခဲ့ရရှာ။ ယင်းသို့ ဘဝကံခေခဲ့သည့်အထဲ ပထွေး၏ လူမဆန်စွာ နှိပ်စက်ကလူပြုမူမှုကို သူ အလူးအလဲ ခံရသေးသည်။ နေ့စဉ်နေ့တိုင်းလိုလိုပင် ဆဲရေးတိုင်းထွာ ကြိမ်းမောင်း ရိုက်နှက်လေ့ရှိသည့် ပထွေးနှင့် ၅ နှစ်ခန့် အတူ နေရခဲ့ရသောကြောင့် မခံချင်သောစိတ်၊ တုံ့ပြန်ကလဲ့စားချေလိုသော စိတ်နှင့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မနာလိုဝန်တိုသော စိတ်နေစိတ်ထားများ သူ့မှာ ကိန်းအောင်း လာခဲ့သည်။ တကယ်တော့ ယင်းတို့မှာ သူမွေးရာပါ ပင်ကိုစရိုက် ဗီဇ မဟုတ်။ နောက်မှ ပတ်ဝန်းကျင် အခြေအနေအရ ပေါ်လာ ခြင်းသာ ဖြစ်သည်။

ယင်း၏အကျိုးဆက်ကား ရေရှည်တွင် သူ့အပြုအမူ အကျင့်စရိုက် တဖြည်းဖြည်း ရန့်ရင်းကြမ်းတမ်းလာကာ တုံး တိုက်တိုက် ကျားကိုက်ကိုက် တစ်ဇွတ်ထိုး စွန့်စားလုပ်ကိုင်ရန် ဝန်မလေးသည့် မိုက်ရူးရဲ တဇောက်ကန်း ဖြစ်လာခြင်းပင်တည်း။

**မိခင်၏ အိမ်ထောင်သစ်**

သူ့ပထွေး အီဘရာဟင်အဲလ်ဟက်ဆန် အဲလ်တီကရစ်တီ နှင့် သူ့မိခင် ဆပ်ဘ်ဟာတာလ်ဖာ အဲလ်မွတ်ဆဲလတ်တို့ အိမ်ထောင် သစ်တွင် သား ၃ ယောက် ထွန်းကား၏။ သူတို့သည် ဆက်ဒမ် ဟူစိန်နှင့် အမေတူ အဖေကွဲ ညီများ (Saddam Hussein's half-brothers) ဖြစ်ကြသည်။ သူတို့မှာ (၁) ဘာဇံအီဘရာဟင် အဲလ်ဟက်ဆန်အဲလ်တီကရစ်တီ (Barzan Ibrahim al-Hassan al-Tikriti)၊ (၂) ဝတ်ဘန်အီဘရာဟင်အဲလ်ဟက်ဆန် အဲလ်တီ ကရစ်တီ (Watban Ibrahim al-Hassan al-Tikriti) နှင့် ဆာဟာဝီအီဘရာဟင်အဲလ်ဟက်ဆန်အဲလ်တီကရစ်တီ (Sahawi Ibrahim al-Hassan al-Tikriti) တို့ ဖြစ် ကြသည်။

ဆက်ဒမ်ဟူစိန် ကောင်းစားစဉ် ခေတ်က သူတို့ ၃ ဦးအနက် အစ်ကိုကြီး ဘာဇံအီဘရာဟင်သည် လျှို့ဝှက်ရဲတပ်ဖွဲ့ အကြီးအကဲ၊

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထောက်လှမ်းရေးအကြီးအကဲ၊ အီရတ်နိုင်ငံ ကုလသမဂ္ဂ ကိုယ်စားလှယ်နှင့် သမ္မတအကြံပေးပုဂ္ဂိုလ် ဖြစ်ခဲ့သည်။ ညီအလတ် ဝတ်ဘန် အီဘရာဟင်သည် ပြည်ထဲရေးဝန်ကြီးနှင့် သမ္မတအကြံပေး ပုဂ္ဂိုလ် ဖြစ်ခဲ့သည်။ ညီအငယ်ဆုံး ဆာဟာဝီအီဘရာဟင်သည် အထွေထွေထောက်လှမ်းရေးဌာန အကြီးအကဲ ဖြစ်ခဲ့သည်။

**ဦးလေး ဩဇာလွှမ်းမိုး**

ဆက်ဒမ်၏ ဦးလေး ခေရာလာသည် ဆက်ဒမ်၏ အနာဂတ် ဇနီး ဆာဂျီဒါတာလ်ဖာ (Sajida Talfah) ၏ဖခင် ဖြစ်၏။ ဘာသာတရားကို လွန်စွာကိုင်းရှိုင်းသော ဆွန်နီမွတ်စလင်တစ်ဦး လည်း ဖြစ်သည်။ သူသည် အီရတ်တပ်မတော် အရာရှိတစ်ဦး ဖြစ်၏။ အီရတ်မျိုးချစ်တစ်ဦးလည်း ဖြစ်ပြီး အာရပ်ကမ္ဘာတွင် အာရပ်လူမျိုးများ စည်းလုံးညီညွတ်ရေးကို လိုလားသူ ဖြစ်သည်။ အီရတ်နိုင်ငံကို နယ်ချဲ့အင်္ဂလိပ်တို့ စိုးမိုးခြယ်လှယ်မှုနှင့် ပဒေသရာဇ် အုပ်စိုးမှုကို ဆန့်ကျင်သူလည်း ဖြစ်သည်။ ထို့ပြင် သူသည် အီရတ် မျိုးချစ်များနှင့် ဗြိတိသျှနယ်ချဲ့တို့အကြား ဖြစ်ပွားခဲ့သော '၁၉၄၁ ခုနှစ် အင်္ဂလိပ်–အီရတ်စစ်ပွဲ' (the 1941 Anglo-Iraqi War) တွင် သက်စွန့်ကြိုးပမ်း ပါဝင်ဆင်နွှဲခဲ့သော ဝါရင့်စစ်မှုထမ်းဟောင်း တစ်ဦးလည်း ဖြစ်သည်။

'ရည်ရွယ်ချက်အတိုင်း နိုင်ငံ တိုးတက်ပြောင်းလဲရေးအတွက် တိုက်ခိုက်လိုစိတ် ပြင်းထန်သော အီရတ် မျိုးချစ်တစ်ဦး ဖြစ်သည့် ဦးလေး ခေရာလာထံမှ အများအပြား သူ လေ့လာခဲ့ရသည်'ဟု

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆက်ဒမ်ကိုယ်တိုင်က ပြန်လည်ပြောပြဖူးသည်။ ဤအချက်က ခေရာလာသည် သူ့တူ၏ လူငယ်ဘဝအပေါ် မည်မျှ ဩဇာ လွှမ်းမိုးခဲ့ကြောင်း ထင်ရှားသိသာသည်။ သို့ကြောင့် ဆက်ဒမ် သည် ဆယ်ကျော်သက်ရွယ် ဘဝကပင် သူ့ဦးလေးနည်းတူ နိုင်ငံ ရေးကို စိတ်ပါဝင်စားလာခဲ့၏။ ထိုမှတစ်ဆင့် နယ်ချဲ့စနစ်နှင့် ပဒေသရာဇ်စနစ် ဆန့်ကျင်ရေးစိတ်ဓာတ်များ တဖြည်းဖြည်း ကိန်းအောင်းလာခဲ့သည်။

## ပညာတစ်ပိုင်းတစ်စနှင့် ပါတီဝင်

ဆက်ဒမ်ကလေးသည် အသက် ၃ နှစ်မှ ၈ နှစ်ထိ ၅ နှစ် တာမျှ သူ့မိခင်နှင့်အတူ သူ့ဇာတိ ကျေးရွာတွင် နေထိုင်ခဲ့ရလင့် ကစား ကျောင်းမနေခဲ့ရ။ ဘဂ္ဂဒက်မြို့တော်သို့ပြန်ရောက်၍ အသက် ၉ နှစ်အရွယ်ရှိမှ သူ့ဦးလေး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဘဂ္ဂဒက် ရှိ အမျိုးသား အထက်တန်းကျောင်းတစ်ကျောင်း (a nationalistic high school) မှာ သူ ကျောင်းစနေခဲ့ရ၏။ အလယ်တန်း ပညာ အောင်ပြီးနောက် ဆက်လက်၍ အီရတ်ဥပဒေပညာ (Iraqi law) ကို ၃ နှစ်တာမျှ သူ ဆည်းပူးခဲ့ရသည်။ ယင်းသို့ ပညာ သင်နေစဉ် အာရပ် စည်းလုံးညီညွတ်ရေးကို လိုလားသော တော်လှန်ရေး ဘာ့သ်ပါတီသို့ ဝင်ရန် ၁၉၅၆ ခုနှစ် သူ့အသက် ၁၉ နှစ်သားအရွယ်တွင် ပညာတစ်ပိုင်းတစ်စနှင့် ကျောင်းမှ ဆက်ဒမ် ထွက်လိုက်ရသည်။ ပြန်လည် ဆန်းသစ်ခြင်း (Renaissance) ဟု အဓိပ္ပာယ်ရသော ဘာ့သ်ပါတီ (Baath Party)

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သည် သူ့ဦးလေး ခေရာလာ လိုလားထောက်ခံသည့် မြေအောက် ပါတီ ဖြစ်သည်။

## စစ်တက္ကသိုလ် တက်ခွင့်မရ

မူကွဲတစ်ခုတွင်မူ 'တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး' ဆိုသကဲ့သို့ ဆက်ဒမ်သည် သူ့ဦးလေးနည်းတူ အီရတ်တပ်မတော် အရာရှိတစ်ဦး ဖြစ်ချင်သဖြင့် စစ်တက္ကသိုလ် တက်ခွင့်ရရန် ဗိုလ်သင်တန်း လျှောက်ထားသော်ငြားလည်း ဉာဏ်ရည်မမီ၍ ဗိုလ်သင်တန်း မတက်ခဲ့ရ။ သို့ကြောင့် ထိုကိစ္စကို သူ စိတ်နာပြီး နိုင်ငံရေးဘက်သို့ တစ်ခါတည်း အာရုံပြောင်းကာ ကျောင်းမှ နုတ်ထွက်၍ ဘာ့သ်ပါတီသို့ သူ ခြေစုံပစ်ဝင်သွားခြင်း ဖြစ်သည်ဟု ဆိုသည်။

## နာဆာဝါဒ လွှမ်းမိုး

ထိုခေတ်တွင် အီရတ်နိုင်ငံမှာရော အရှေ့အလယ်ပိုင်းဒေသ တစ်ခုလုံးမှာပါ တော်လှန်ရေးစိတ်ဓာတ် ပေါက်ဖွားနိုးကြားလာခြင်းသည် ထူးခြားသော ဝိသေသလက္ခဏာတစ်ရပ်ပင်။

အီရတ်နိုင်ငံတွင် တိုးတက်သော မျိုးချစ်များ၊ ဆိုရှယ်လစ်များနှင့် ကွန်မြူနစ်များသည် ယခင် နိုင်ငံရေးအခွင့်ထူးခံ အထက်တန်းလွှာများကို ပြင်းထန်စွာ ဝေဖန်ထိုးနှက်တိုက်ခိုက်ကြသည်။

အီဂျစ်နိုင်ငံမှ ဂါမဲလ်အဗ္ဗဒဲလ်နာဆာ (Gamal Abdel Nasser) ၏ အာရပ်အမျိုးသားသွေးစည်းရေးဝါဒကလည်း ဆက်ဒမ်ဟူစိန်ကဲ့သို့သော ဘာ့သ်ပါတီဝင် လူငယ်များအပေါ် အကြီးအကျယ် ဩဇာလွှမ်းမိုးသည်။ နာဆာ ဦးဆောင်ကြိုးပမ်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မှုကြောင့် ၁၉၅၀ ပြည့်လွန်နှင့် ၁၉၆၀ ပြည့်လွန်နှစ်များ ကာလတွင် အရှေ့အလယ်ပိုင်းဒေသ အနှံ့အပြားသို့ တော်လှန်ရေးလှိုင်းဂယက်များ မကြုံစဖူး ရိုက်ခတ်သွားခဲ့၏။ ရလဒ်ကား အီရတ်၊ အီဂျစ်နှင့် လစ်ဗျားနိုင်ငံတို့မှ ပဒေသရာဇ် အုပ်စိုးမှု အသီးသီး အသက အသက ပြိုလဲပျက်စီးသွားခြင်းပင်တည်း။

၁၉၅၆ ခုနှစ် စူးအက်တူးမြောင်း အရေးအခင်း ကာလက ဗြိတိသျှနှင့် ပြင်သစ်တို့ကို ပြတ်သားစွာ ရင်ဆိုင်ရဲခြင်း၊ အီဂျစ်နိုင်ငံကို ခေတ်မီနိုင်ငံတစ်နိုင်ငံ ဖြစ်အောင် ကြိုးပမ်းတည်ဆောက်နိုင်ခြင်းနှင့် အာရပ်ကမ္ဘာကို နိုင်ငံရေးအရ စည်းလုံးညီညွတ်အောင် ဦးဆောင်နိုင်စွမ်းရှိခြင်း စသည်တို့ကြောင့် အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးတွင် ခေါင်းဆောင်ကြီး နာဆာ၏ နာမည်သည် အထူးထင်ရှားပေါ်လွင်လာရုံမျှမက ထိုဒေသမှ မျိုးချစ်များကိုလည်း အတိုင်းထက်အလွန် စိတ်ဓာတ်တက်ကြွစေသည်။

## ဆိုရှယ်လစ်ဝါဒ လှိုင်းဂယက် ရိုက်ခတ်

ထို့ပြင် ဆက်ဒမ်ဟူစိန် ဘာ့သ်ပါတီသို့ ဝင်ရောက်သော အချိန်တွင် အီရတ်မျိုးချစ်များအတွင်း နယ်ချဲ့စနစ် ဆန့်ကျင်ရေး၊ အနောက်တိုင်း လွှမ်းမိုးမှု ဆန့်ကျင်ရေးနှင့် ပဒေသရာဇ် ဆန့်ကျင်ရေး စိတ်ဓာတ်များ ပြင်းထန်နေသည်။ ဆိုဗီယက်ရုရှားနိုင်ငံ၏ အတောမသတ် စည်းရုံးလှုံ့ဆော်မှုကြောင့် ဆိုရှယ်လစ်ဝါဒ လှိုင်းဂယက်သည် အာရပ်လောကသို့ ပြင်းထန်စွာ ရိုက်ခတ်နေသည့် အခါသမယလည်း ဖြစ်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လူသူလေးပါးက ဘာ့သ်ပါတီဟု ခပ်လွယ်လွယ် အတိုကောက် ခေါ်ကြ ပြောကြ ရေးကြသော်ငြား တကယ်တော့ အမည်နာမ အပြည့်အစုံမှာ အာရပ်ဆိုရှယ်လစ်ဘာ့သ်ပါတီ (The Arab Socialist Baath Party) သာဖြစ်၏။ အာရပ်အမျိုးသားရေး ဝါဒတွင် ဆိုရှယ်လစ်တံဆိပ် ခတ်နှိပ်ထားခြင်းပင်တည်း။ အာရပ် ကမ္ဘာသို့ ဆိုရှယ်လစ်ဝါဒ ထိုးဖောက်ဝင်ရောက် နေရာယူလာ သည့် လက္ခဏာဟူ၍လည်း မှတ်ယူနိုင်ပေသည်။

**ဘုရင့်အုပ်ချုပ်မှုကို ပါတီက တော်လှန်ရန်ကြံ**

ဆက်ဒန်ဟူစိန် ပါတီဝင်ဖြစ်စတွင် နယ်ချဲ့ဗြိတိသျှတို့ကို ကျောထောက်နောက်ခံပြုထားသော ဒုတိယမြောက် ဘုရင် ဖိုင်ဇယ် (Faisal II of Iraq) က အီရတ်နိုင်ငံကို အုပ်ချုပ်နေ ချိန် ဖြစ်၏။ ထိုအချိန်တွင် ဘုရင့်အုပ်ချုပ်မှုစနစ်ကို အမြစ်ပြတ် တော်လှန်ရန် ဘာ့သ်ပါတီက နည်းမျိုးစုံဖြင့် လျှို့ဝှက်ကြံစည် နေသည်။

ပါတီသို့ ဆက်ဒမ်ဝင်သော ၁၉၅၆ ခုနှစ်နှောင်းပိုင်း ကာလတွင် အီရတ်ဘုရင့်အစိုးရကို ဖြုတ်ချရန်လျှို့ဝှက်ပူးပေါင်း ကြံစည်မှုတစ်ခုကို ဘာ့သ်ပါတီက ဦးဆောင်ကြိုးပမ်းခဲ့၏။ သို့ သော် ယင်းအကြံအစည် အထမမြောက်ခဲ့။ အဆိုပါ မအောင်မြင် သော လျှို့ဝှက်ကြံစည်မှုတွင် ငယ်ရွယ်ပြီး အတွေ့အကြုံနည်း သေးသည့် ဆက်ဒန်ဟူစိန်သည် ပွဲဦးထွက် တက်ကြွစွာ ပါဝင် လှုပ်ရှားခဲ့သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လျှို့ဝှက်လုပ်ကြံရေး အဖွဲ့ငယ်များတွင် ထိရောက်အောင်မြင်စွာ တာဝန်ထမ်းဆောင်နိုင်ရန် ဘာ့သ်ပါတီမှ စစ်ရေးကျွမ်းကျင်သူများက ဆက်ဒမ်အပါအဝင် လက်ရွေးစင် ပါတီဝင်အချို့ကို လက်နက်ငယ်မျိုးစုံ ကိုင်ဆောင်စေလျက် စာတွေ့လက်တွေ့ သင်ကြားပေးထား၏။ သေနတ်အမျိုးမျိုး ကိုင်တွယ်ပစ်ခတ်နည်း၊ လက်ပစ်ဗုံးပစ်နည်း၊ ချုံခိုတိုက်ခိုက်နည်း၊ လျှပ်တစ်ပြက် ဝင်ရောက်စီးနင်းနည်း၊ သေနတ်ပြင်နည်း စသည်တို့ကို စနစ်တကျ သင်ယူလေ့ကျင့်ကြရသည်။ ဆက်ဒမ်ကိုမူ စစ်ဘက်အရာရှိဖြစ်သူ သူ့ဦးလေးက နေအိမ်မှာ အသေးစိတ် သင်ပြပေးသေးသည်။ သို့ကြောင့် ဆက်ဒမ်သည် လျှို့ဝှက်လုပ်ကြံရေးအဖွဲ့တွင် အခက်အခဲ မရှိ ပါဝင်ဆောင်ရွက်နိုင်ခြင်း ဖြစ်သည်။

## နှစ်ပါတီ အားပြိုင်

ဘာ့သ်ပါတီသည် အမြန်ဆုံး အာဏာရရှိရေးအတွက် အစွမ်းကုန် ခြေပုန်းခုတ်နေစဉ် နိုင်ငံရေးလောကတွင် အတော်ခရီးပေါက်နေပြီ ဖြစ်သော အီရတ်ကွန်မြူနစ်ပါတီလည်း စည်းရုံးရေးအင်အား ပိုမိုတောင့်တင်းခိုင်မာစေရန် အထူးလျှို့ဝှက်လှုပ်ရှားနေ၏။ နိုင်ငံရေးပြိုင်ဘက်များပီပီ ထိုနှစ်ပါတီသည် 'မြွေမြွေချင်း ခြေမြင်' ဆိုသကဲ့သို့ တစ်ပါတီ၏ ခြေလှမ်းကို အခြားတစ်ပါတီက သိမြင်ပြီး လောလောဆယ်မှာ အနည်းဆုံး နှာတစ်ဖျား အသာရရှိစေရန် အကွက်ကောင်းကို အသင့်ချောင်းနေကြသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## သမ္မတနိုင်ငံ ကြေညာ

၁၉၅၈ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ဗိုလ်မှူးချုပ် အဗ္ဗဒူးလ်ကာရင်ကက်ဆင် (Brig. Abdul Karim Qassim) နှင့် ဗိုလ်မှူးကြီး အဗ္ဗဒူးလ်ဆလမ်မူဟမ္မက်အရစ်ဖ် (Col. Abdul Salam Muhammad Arif) တို့ ဦးဆောင်၍ စစ်ဘက်က အာဏာသိမ်း၏။ ဒုတိယမြောက် ဘုရင်ဖိုင်ဇယ်ကို ဖြုတ်ချပြီး အီရတ်နိုင်ငံကို သမ္မတနိုင်ငံအဖြစ် ကြေညာလိုက်သည်။ အာဏာသိမ်းခေါင်းဆောင် ဗိုလ်မှူးချုပ်ကက်ဆင်သည် အီရတ်သမ္မတနိုင်ငံ၏ ဝန်ကြီးချုပ် ဖြစ်လာသည်။

## ဩဇာအာဏာ လွန်ဆွဲပွဲ

ထိုကာလတွင် အီရတ်ကွန်မြူနစ်ပါတီ ဦးဆောင်သော ကွန်မြူနစ်အုပ်စုက တစ်ဖက်၊ ဘာ့သ်ပါတီနှင့် အခြားအမျိုးသားရေးဝါဒီအုပ်စုက တစ်ဖက် ဩဇာအာဏာလွန်ဆွဲပွဲ အကြိတ်အနယ် ဆင်နွှဲနေချိန် ဖြစ်သဖြင့် တိုင်းပြည် ဗရုတ်ဗရက် မငြိမ်မသက် ဖြစ်နေသည်။

## လူသတ်မှုဖြင့် ထောင်ကျ

ယင်းသို့ တိုင်းပြည်အခြေအနေ သပွတ်အူလိုက်နေစဉ် သူဦးလေး ခေရာလာက ဘာ့သ်ပါတီ အကျိုးစီးပွားအတွက် တီကရစ်မြို့မှ ထင်ရှားသော ကွန်မြူနစ်ခေါင်းဆောင် တစ်ဦးကို လုပ်ကြံသတ်ဖြတ်ရန် ဆက်ဒမ်ဟူစိန်၏ အကူအညီကို တောင်းခံ၏။ အဆိုပါ ကွန်မြူနစ်ခေါင်းဆောင်သည် အီရတ်ဝန်ကြီးချုပ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကက်ဆင်၏ အကြံပေး ညာလက်ရုံးတစ်ဆူ ဖြစ်သည်။ အမှန်မှာ ထိုကွန်မြူ နစ်သည် အခြားသူ မဟုတ်။ ဆက်ဒမ်၏ ယောက်ဖ တော်စပ်သူ ဖြစ်၏။ ဆက်ဒမ်က သူ့ယောက်ဖ ကွန်မြူနစ် ခေါင်းဆောင်၏ ခေါင်းကို သေနတ်နှင့် တစ်ချက်တည်း အနီးကပ် ပစ်သတ်လိုက်သည်။ ထိုပြစ်မှုကြောင့် ဆက်ဒမ် အဖမ်းခံရပြီး တရားစွဲခံရသော်ငြားလည်း သက်သေ အထောက်အထား မခိုင်လုံ၍ သူသည် ထောင် ၆ လသာ ကျသည်။

## လုပ်ကြံမှု မအောင်မြင်၍ ထွက်ပြေးရ

၁၉၅၉ ခုနှစ်တွင် ဘာ့သ်ပါတီခေါင်းဆောင် ဗိုလ်ချုပ်ကြီး အာမက်ဒ်ဟက်ဆန်အဲလ်ဘာကာ (Gen. Ahmad Hassan al-Bakr) က ကွန်မြူနစ်လိုလားသူ ဝန်ကြီးချုပ်ကက်ဆင်ကို လုပ်ကြံသတ်ဖြတ်ရန် ဆက်ဒမ်ဟူစိန်၏ အကူအညီကို တောင်းခံပြန်သည်။

ဆက်ဒမ်တို့၏ လျှို့ဝှက်လက်ရွေးစင် လုပ်ကြံရေးအဖွဲ့သည် ယင်းနှစ် အောက်တိုဘာလတွင် ဘဂ္ဂဒက်မြို့တော် တစ်နေရာ၌ ဝန်ကြီးချုပ်ကက်ဆင်၏ မော်တော်ယာဉ်တန်းကို ချောင်းမြောင်း ပစ်ခတ်တိုက်ခိုက်ကြ၏။ သို့သော် ရည်မှန်းသည့်အတိုင်း လုပ်ကြံမှု မအောင်မြင်။ ဝန်ကြီးချုပ်မှာ အနည်းငယ် ဒဏ်ရာရရုံသာ ရ၏။ သေဘေးမှ သီသီကလေး လွတ်မြောက်သွားခဲ့သည်။

ဝန်ကြီးချုပ်၏ သက်တော်စောင့်များနှင့် အခြား အစောင့် တပ်သားများက လျှပ်တစ်ပြက် တုံ့ပြန်ပစ်ခတ်ကြသဖြင့် ချောင်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မြောင်း တိုက်ခိုက်သူတို့ဘက်မှ အကြီးအကျယ် အထိနာသွား၏။ သွေးအလူးလူးနှင့်သေသူ သေ၍ ဒဏ်ရာရသူများ အဖမ်းခံရသည်။ ဆက်ဒမ်တစ်ဦးတည်းသာ ခြေထောက်တစ်ဖက်တွင် ကျည်ဆန် ထိမှန်၍ ဒဏ်ရာရရှိသွားသော်ငြားလည်း ရန်သူ့ပစ်ကွင်းမှ သေ ပြေး ရှင်ပြေး ထွက်ပြေးနိုင်ခဲ့၏။ သူသည် ကံအားလျော်စွာ သေ ကံမရောက် အသက်မပျောက်ခဲ့။

လုံခြုံစိတ်ချရသော လမ်းခရီး တစ်နေရာတွင် ခြေထောက် ၌ စူးဝင်ကြွင်းကျန်နေသည့် ကျည်ဆန် တစ်ဆန်ကို ဆက်ဒမ် ကိုယ်တိုင် အံကြိတ်ကာ မျက်စိမှိတ်လျက် ဓားချွန်နှင့် မရမက အတင်းကော်ထုတ်ပစ်ပြီး ဆေးထည့်၍ အဝတ်စုတ်ဖြင့် ပတ်စည်း ထားလိုက်သည်ဟု ဆိုသည်။

သည့်နောက် ဆက်ဒမ်သည် သူ့ဇာတိ တီကရစ်မြို့နှင့် အက်ဒဝါမြို့ (Adwar) တို့တွင် ခေတ္တရပ်နား ခိုအောင်းနေခဲ့၏။ ထိုမှတစ်ဖန် ခရီး လှည့်လည်သွားလာ နေထိုင်လေ့ရှိသော အာရပ် ဘီဒိုယင်လူမျိုး (Bedouin) တစ်ဦးကဲ့သို့ အသွင်ဆောင်လျက် လားတစ်ကောင်ကို အလစ်သုတ်ကာ အနောက်ဘက်ဆီသို့ မိုင် ၁၀၀ ကျော်ခန့် ခရီးပြင်းနှင်ခဲ့ရာ ဘေးမသီ ရန်မခဘဲ ဆီးရီးယား နယ်စပ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် သူ ရောက်ရှိသွားခဲ့သည်။

**ဆီးရီးယားက အီဂျစ်သို့ လွှဲပေး**

ဆီးရီးယားနိုင်ငံတွင် ဆက်ဒမ်ဟူစိန် အဖမ်းခံရ၏။ သို့ရာ တွင် ထိုအချိန်က အာရပ် အမျိုးသားရေးဝါဒကို ကိုင်စွဲထုတ်လွှင့် အောင်မြင်နေမှုကြောင့် အရှေ့အလယ်ပိုင်းဒေသတစ်လွှားမှာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဩဇာတိက္ကမ ကြီးမားကျော်ကြားနေသော အီဂျစ်နိုင်ငံ သမ္မတ နာဆာက ဆက်ဒမ် အဖမ်းခံရသည့် သတင်းကို ကြားသိသွား၏။ ဤတွင် သမ္မတနာဆာ၏ တောင်းဆိုမှုကြောင့် ဆီးရီးယားအစိုးရ က ဆက်ဒမ်ကို အီဂျစ်နိုင်ငံသို့ ချက်ချင်း လွှဲပြောင်းပေးပို့လိုက်ရ ၏။ ဘာ့သ်ပါတီဝင် ဖြစ်သော ဆက်ဒမ်လည်း သူရဲကောင်းတစ်ဦး အလား လူသိများ၍ ထင်ရှားသွားခဲ့သည်။

**ကျောင်းသားကလာပ်စည်းမှာ လှုပ်ရှား**

အီဂျစ်နိုင်ငံတွင် ခိုအောင်းနေခိုက် ဆက်ဒမ် ပညာဆက် သင်၏။ ကိုင်ရိုဥပဒေကောလိပ်တွင် ဥပဒေသင်တန်း တက်သည်။ ၁၉၅၉–၆၃ ကာလတွင် ကိုင်ရိုမြို့တော်ရှိ အီရတ်ဘာ့သ်ပါတီ ကျောင်းသား ကလာပ်စည်းမှာ တက်ကြွစွာ ဆက်ဒမ် ပါဝင် လှုပ်ရှားခဲ့သည်။ ယင်းကလာပ်စည်းအဖွဲ့ဝင်များ စုပေါင်း၍ အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြသေးသည်။

**မျက်ကွယ်၌ သေဒဏ်ချမှတ်**

လုပ်ကြံမှုတွင် ပါဝင်သော ဘာ့သ်ပါတီဝင်များကို နိုင်ငံတော် သစ္စာဖောက်မှုဖြင့် အီရတ်အစိုးရက တရားစွဲ၏။ ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် အထူးတရားရုံးက ဆက်ဒမ်ဟူစိန် ကို သူ့မျက်ကွယ်၌ သေဒဏ် အမိန့်ချမှတ်လိုက်သည်။

**အမေရိကန် ပါဝင်လာ**

ဤအရေးအခင်းတွင် ထူးခြားချက်တစ်ရပ် တွေ့ရ၏။ ယင်းကား အခြား မဟုတ်။ အမေရိကန်ပြည်ထောင်စု ပါဝင် ပတ်သက်လာသည် ဆိုခြင်းပင်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကွန်မြူနစ် လိုလားသော ဝန်ကြီးချုပ်ကာကွယ်ဆင် အစိုးရကို ဘာ့သ်ပါတီက ပြုတ်သားစွာ ဆန့်ကျင်၏။ သို့ကြောင့် ဘာ့သ်ပါတီ၏ ကက်ဆင်အစိုးရ ဖြုတ်ချရေး ကြိုးပမ်းမှုများတွင် ကွန်မြူနစ်စနစ်ကို အစဉ် ဆန့်ကျင်သော အမေရိကန်ပြည်ထောင်စုသည် နောက်ကွယ်မှ အားပေးကူညီနေသည်ဟု အနောက်တိုင်း သတင်းတစ်ရပ်က ဆိုထားခြင်းပင်တည်း။

## ဘဂ္ဂဒက်သို့ ပြန်လာ

၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဘာ့သ်ပါတီက အစိုးရကို ဖြုတ်ချပြီး အာဏာသိမ်းလိုက်၏။ ဝန်ကြီးချုပ်ကက်ဆင်ကို သတ်ပစ်လိုက်သည်။ ထို့နောက် ဘဂ္ဂဒက် ဥပဒေကောလိပ်တွင် စိတ်ချလက်ချ ပညာဆက်သင်ရန် အီရတ်နိုင်ငံသို့ ဆက်ဒမ်ဟူစိန် ပြန်လာခဲ့သည်။

## ဆာဂျီဒါနှင့် ဆက်ဒမ် လက်ထပ်

မေလ ၅ ရက်နေ့တွင် ဆက်ဒမ်ဟူစိန်သည် ဘဂ္ဂဒက်မြို့တော်၌ သူ့ထက် အသက် ၂ နှစ်ကြီးသူ သူ့ဦးလေး၏ သမီးချော ဆာဂျီဒါတာလ်ဖာ (Sajida Tulfah) နှင့် လက်ထပ်လိုက်သည်။ သူတို့၏ အိမ်ထောင်ရေးကိစ္စကို သူ့ဦးလေး ခေရာလာက ဆက်ဒမ်ဟူစိန် အသက် ၅ နှစ်၊ ဆာဂျီဒါ အသက် ၇ နှစ် အရွယ်ကပင် ကြိုတင်စီစဉ်ခဲ့၏။ ယင်းသို့ အစီအစဉ် ပြုလုပ်ပြီးနောက် လက်ထပ်ခါနီး အချိန်အထိ သူတို့နှစ်ဦး မည်သည့်အခါမျှ မတွေ့ရတော့ဟု ဆိုသည်။ မှုကွဲသတင်း တစ်ရပ်ကမူ ဆက်ဒမ်ဟူစိန်သည် အီဂျစ်နိုင်ငံတွင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ခိုလှုံနေခိုက် ကိုင်ရိုမြို့တော်၌ သူတို့ တရားဝင် လက်ထပ်ခဲ့ကြသည်ဟု ဆိုသည်။

နောက်ပိုင်းတွင် သူတို့ ဇနီးမောင်နှံမှာ အူဒေးဟူစိန် (Uday Hussein) နှင့် ကူဆေးဟူစိန် (Qusay Hussein) အမည်ရှိသော သား နှစ်ယောက်နှင့် ရာဂတ်ဟူစိန် (Raghad Hussein)၊ ရာနာဟူစိန် (Rana Hussein) နှင့် ဟာလာဟူစိန် (Hala Hussein) အမည်ရှိသော သမီး သုံးယောက် ထွန်းကားသည်။

## စစ်ဘက်က အာဏာသိမ်း

၁၉၆၃ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ၁၉၅၈ ခုနှစ် အာဏာသိမ်းစဉ်က ဒုတိယခေါင်းဆောင် ဖြစ်ခဲ့ပြီး ကွယ်လွန်သူ ဝန်ကြီးချုပ်ကာက်ဆင်ကို ထောက်ခံသော ဗိုလ်မှူးကြီး အဗ္ဗဒူးလ် အဲလ်ဆလမ်မူဟာမွက်အရစ်ဖ် ဦးဆောင်သည့် စစ်ဘက်အရာရှိတစ်စုက ဘာ့သ်ပါတီအစိုးရအဖွဲ့ကိုဖြုတ်ချကာ အာဏာသိမ်းလိုက်ပြန်၏။ အာဏာသိမ်း ခေါင်းဆောင် ဗိုလ်မှူးကြီး အရစ်ဖ်သည် အီရတ်နိုင်ငံ၏ သမ္မတ ဖြစ်လာသည်။

## ဆက်ဒမ် ထောင်ကျ

ဘာ့သ်ပါတီဝင်များကို အစိုးရက အပူတပြင်း လိုက်လံရှာဖွေဖမ်းဆီးနှိမ်နင်း၏။ ဆက်ဒမ်လည်း ထွက်ပြေးတိမ်းရှောင်နေရာမှ အဖမ်းခံရပြီး ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် ထောင်ကျသွားပြန်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ညီ၏အရိုက်အရာကို အစ်ကို ဆက်ခံ

၁၉၆၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့တွင် ရဟတ်ယာဉ် ပျက်ကျ၍ သမ္မတအရစ်ဖ် ကွယ်လွန်သွားခဲ့၏။ သူ့အစ်ကိုကြီး ဗိုလ်ချုပ်အဗ္ဗဒူးလ်အဲလ်ရာမင်မူဟာမွက်အရစ်ဖ် (Maj-Gen.Abdul al-Raman Muhammad Arif) က သူ့ညီ၏ အရိုက်အရာကို ဆက်ခံ၍ အီရတ်နိုင်ငံသမ္မတ ဖြစ်လာသည်။

## ဆက်ဒမ် ထောင်မှ ထွက်ပြေး

အကျဉ်းကျနေစဉ်ကပင် ဆက်ဒမ်ဟူစိန်ကို ဘာ့သ်ပါတီ၏ အရေးပါသော ခေါင်းဆောင်ပိုင်းတွင် ရွေးချယ်တင်မြှောက်ကြ၏။ ၁၉၆၆ ခုနှစ်တွင် ထောင်မှ ဆက်ဒမ် ထွက်ပြေးလွတ်မြောက်သွားပြီး ဘာ့သ်ပါတီ၏ လုံခြုံရေး တာဝန်ကို ထမ်းဆောင်သည်။

## အာရပ်-အစ္စရေး ၆ ရက် စစ်ပွဲ

၁၉၆၇ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် အာရပ်–အစ္စရေးစစ်ပွဲ ဖြစ်ပွား၏။ ၁၉၄၈ ခုနှစ် စစ်ပွဲတုန်းက ဆုံးရှုံးသွားခဲ့သော ဂါဇာ ကမ်းမြောင်ဒေသ (the Gaza Strip) ကို အီဂျစ်တပ်မတော်က ပြန်လည်သိမ်းယူပြီး အကွာဘာပင်လယ်ကွေ့ (the Gulf of Aqaba) တွင် အစ္စရေး သင်္ဘောများ သွားလာမှုကို ပိတ်ပစ်သည့် အတွက် စစ်ပွဲ ဖြစ်ပွားလာခြင်း ဖြစ်သည်။ အီဂျစ်ပိုင် ဂါဇာ ကမ်းမြောင်ဒေသနှင့် ဆိုင်နိုင်းကျွန်းဆွယ်မှ စူးအက်တူးမြောင်း ထိ ဒေသ၊ အရှေ့ ဂျေရုဆလင်၊ ဆီးရီးယားပိုင် ဂိုလန်ကုန်းမြင့် ဒေသ၊ ဂျော်ဒန်ပိုင် အနောက်ဘက်ကမ်းဒေသတို့ကို အစ္စရေးက သိမ်းယူနိုင်ခဲ့သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



စစ်ပွဲကာလမှာ ၆ ရက်သာ ကြာ၏။ သို့ကြောင့် ဤစစ်ပွဲကို အာရပ်–အစ္စရေး ၆ ရက် စစ်ပွဲ (Arab-Israel 6-day war) ဟူ၍လည်း ခေါ်ကြသည်။ ကမ္ဘာကျော်စစ်ပွဲ ဖြစ်၏။ စစ်ပွဲအပြီးတွင် အစ္စရေးသည် အရှေ့အလယ်ပိုင်းဒေသ၌ ပြိုင်ဘက်ကင်းသော စစ်ရေးစွမ်းရည် အထက်မြက်ဆုံး အင်အားကြီးနိုင်ငံအဖြစ် ပေါ်ထွက်လာခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် အစ္စရေးနိုင်ငံဘက်မှ တစ်ဖက်သတ် ရပ်ပြီး ငွေကြေး၊ စစ်လက်နက်ပစ္စည်း စသည်တို့ကို အမြောက်အမြား ကူညီထောက်ပံ့သဖြင့် အီရတ်နိုင်ငံ အပါအဝင် အာရပ်နိုင်ငံ အများစုက အမေရိကန်ပြည်ထောင်စုနှင့် သံတမန်အဆက်အသွယ် ဖြတ်တောက်လိုက်ကြ၏။ ကွန်မြူနစ်နိုင်ငံများကမူ အာရပ်နိုင်ငံများဘက်မှ ပြတ်သားစွာ ရပ်တည်ပြီး အစ္စရေးနိုင်ငံနှင့် သံခင်းတမန်ခင်း ဖြတ်လိုက်ကြသည်။

ထို့ကြောင့် ကွန်မြူနစ် ရုရှားနိုင်ငံ၏ နိုင်ငံရေးဩဇာသည် အာရပ်ကမ္ဘာတွင် လျင်မြန်စွာ ပျံ့နှံ့သွားခဲ့၏။ အမေရိကန် ဆန့်ကျင်ရေး စိတ်ဓာတ်လည်း အရှေ့အလယ်ပိုင်းဒေသ၌ တောမီးပမာ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားခဲ့လေသည်။

### လ/ထ အထွေထွေ အတွင်းရေးမှူးချုပ်

ဆက်ဒမ်သည် သူ၏ ခေါင်းဆောင်မှု အမှတ်တံဆိပ် (hallmark of his leadership) ဖြစ်သော အကြင်နာမဲ့၍ ရက်စက်သည့် ဆုံးဖြတ်ချက်ကို တစ်စ တစ်စ အကောင်အထည် ဖော်ရင်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တော်လှန်ရေးဦးစီးကောင်စီ (Revolutionary Command Council) မှာ အဆင့်မြင့် နေရာရလာ၏။ မကြာမီ ဘာ့သ်ပါတီ၏ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် (assistant general-secretary of the party) အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည်။

## အာဏာသိမ်းရန် စီစဉ်

သည့်နောက် ဆက်ဒမ်ဟူစိန်သည် သူ၏အစ်ကိုဝမ်းကွဲတော်သူ ဘာ့သ်ပါတီ ခေါင်းဆောင် ဗိုလ်ချုပ်ကြီး အာမက်ဒ်ဟက်ဆန် အဲလ်ဘာကာနှင့် သူ၏ ယောက်ဖ တော်စပ်သူ ဗိုလ်ချုပ်ကြီး အက်ဒ်နန်ခါယာအဲလာတာလ်ဖာ (Gen. Adnan Khayr Allah Talfah) တို့နှင့် အာဏာသိမ်းရန် လျှို့ဝှက်တိုင်ပင်၏။ ပြီး... အစီအစဉ်များကို စနစ်တကျ ပိပိရိရိ သူတို့ ချမှတ်လုပ်ဆောင်ကြသည်။

## ယာယီ ဒုဥက္ကဋ္ဌ

သို့ဖြင့် ၁၉၆၈ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် သွေးထွက်သံယို မရှိသော အာဏာသိမ်းမှုကို အောင်မြင်စွာ ပြုလုပ်နိုင်ခြင်းကြောင့် ဘာ့သ်ပါတီ ပြန်လည်အာဏာရလာခဲ့၏။ သမ္မတဗိုလ်ချုပ်အရစ်ဖ်ကို ဖြုတ်ချလိုက်သည်။ ဘာ့သ်ပါတီ အစိုးရ အဖွဲ့သစ်မှာ ဆက်ဒမ်၏ မွေးရပ်မြေ တီကရစ်မြို့မှ ဆွန်နီအီရတ်တစ်စုက ထိပ်တန်း ရာထူးကြီးများကို ရရှိကြ၏။ တီကရစ် ဇာတိ ဗိုလ်ချုပ်ကြီး အာမက်ဒ်ဟက်ဆန် အဲလ်ဘာကာသည် အီရတ်နိုင်ငံသမ္မတ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဖြစ်လာသည်။ အသက် ၃၁ နှစ်အရွယ်သာ ရှိသေးသော ဆက်ဒမ် ဟူစိန်လည်း အစိုးရ၏ အာဏာအရှိဆုံး အဆုံးအဖြတ် အဖွဲ့အစည်း ဖြစ်သည့် တော်လှန်ရေးဦးစီးကောင်စီတွင် ဇူလိုင်လမှာ ယာယီ ဒုတိယဉက္ကဋ္ဌ ဖြစ်လာသည်။

## ဒုတိယသမ္မတ

ဇူလိုင်လ ၃၀ရက်နေ့တွင် အစိုးရအဖွဲ့သစ်မှ ရှေးရိုးစွဲ အယူအဆရှိသူများကို ဖယ်ရှားနိုင်ရန် ဆက်ဒမ်ကိုယ်တိုင် အချိန် ပြည့်ကြီးကြပ်လုပ်ဆောင်၏။ ထိုအချိန်မှ နှစ်လခန့်ကြာပြီးနောက် မအောင်မြင်သော အာဏာသိမ်းရန် ကြိုးပမ်းမှု တစ်ရပ် ဖြစ်ပွား ၏။ ယင်းကို သမ္မတ ဗိုလ်ချုပ်ကြီးအဲလ်ဘာကာနှင့် ဆက်ဒမ်တို့ ဦးစီး၍ ရက်ရက်စက်စက် ပြင်းပြင်းထန်ထန် နှိမ်နင်းပစ်လိုက် ၏။ အာဏာသိမ်းရန် ကြိုးပမ်းမှုကြောင့် အစိုးရအဖွဲ့အတွင်းမှာ ရော ဘာ့သ်ပါတီတွင်းမှာပါ ကွဲပြဲနေမှု 'ဘူး'ပေါ်သလို ပေါ်လွင် ထင်ရှားသွားသည်။

သို့ကြောင့် အဲလ်ဘာကာနှင့် ဆက်ဒမ်တို့သည် ညွန်ကြား ချက်ပေါင်းများစွာ ထုတ်၍ ဆန့်ကျင်ဘက်များကို အပြတ်အသတ် ဖယ်ရှားနှိမ်နင်းပစ်သည်။ ထိုသို့ ဆောင်ရွက်ရင်း ဒုတိယသမ္မတ ရာထူးကိုပါ ဆက်ဒမ် ရယူနိုင်ခဲ့သည်။ ဆက်လက်၍ ဆန့်ကျင်ဘက် ရန်သူ အင်အားစုများကို အမြစ်ပြတ် ချေမှုန်းသုတ်သင်နိုင်ရန် လျှို့ဝှက်ရဲတပ်ဖွဲ့ ကွန်ရက်တစ်ခုကို အပူတပြင်း သူ ဖွဲ့စည်း တည်ထောင်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## အချိုးရှာ သကာတွေ့

အာဏာသိမ်းရန် ကြိုးပမ်းမှု ဖြစ်ပျက်ပြီးနောက် ပြန်လည်ဖွဲ့စည်းသော အစိုးရအဖွဲ့သစ်၏ မူဝါဒတွင် အစိုးရနှင့် ပါတီအား ဆန့်ကျင် လှုပ်ရှားသူများကို ပြတ်သားစွာ နှိမ်နင်းရေးမူတစ်ချက် ပါဝင်၏။ သူ့အာဏာ ခိုင်မြဲ၍ မဖြစ်မနေ တက်လမ်းရှာလိုသော ဆက်ဒမ်ဟူစိန်အဖို့ အချိုးရှာ သကာတွေ့သွားတော့သည်။

အစိုးရဌာနများတွင် ပါတီဝင် မဟုတ်သော အရာရှိကြီးများ အနက် စိတ်မချရသူများကို အငြိမ်းစားပေးပစ်လိုက်၏။ သစ္စာ မရှိဟု ယူဆသူများကို အမှုများ ဖွင့်၍ ထောင်သွင်း အကျဉ်းချပစ်၏။ အချို့ကို ပြည်နှင်ဒဏ်ခတ်၏။ အချို့ကိုမူ သုတ်သင် ရှင်းလင်းပစ်၏။ ဘာ့သ်ပါတီတွင်းမှာလည်း ဆန့်ကျင်ဘက် အင်အားစုများ ခေါင်းမထောင်နိုင်အောင် အလားတူ ရက်ရက်စက်စက် နှိပ်ကွပ်ရှင်းလင်းပစ်သည်။

## နံပါတ် ၂ ခေါင်းဆောင်

သို့ဖြင့် ၁၉၆၉ ခုနှစ်တွင် ဆက်ဒမ်ဟူစိန်သည် ဘာ့သ်ပါတီနှင့် အစိုးရအဖွဲ့တွင် အထူးအရေးပါသော ခေါင်းဆောင်တစ်ဦး ဖြစ်လာ၏။ သူသည် တော်လှန်ရေးဦးစီးကောင်စီတွင် အမြဲတမ်း ဒုတိယဥက္ကဋ္ဌ၊ ဒုတိယသမ္မတ၊ ဘာ့သ်ပါတီ အမှုဆောင်အဖွဲ့၏ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ပြည်တွင်း လုံခြုံရေး အဖွဲ့ အကြီးအကဲ ဖြစ်လာခဲ့သည်။ ခြုံ၍ ပြောရလျှင် ဘာ့သ်ပါတီမှာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရော အစိုးရအဖွဲ့မှာပါ သူ နံပါတ် ၂ ခေါင်းဆောင် ဖြစ်လာခြင်းပင် တည်း။

## ဖွဲ့စည်းပုံ အခြေခံဥပဒေ နှစ်ကြိမ် ပြင်ဆင်

၁၉၇၀ ပြည့်နှစ်မှ စ၍ ဘာ့သ်ပါတီ၏ လုပ်ပိုင်ခွင့် အာဏာ ပိုမိုခိုင်မာစွာ အမြစ်တွယ်စေရန် ဆက်ဒမ်၏ စီမံကွပ်ကဲမှုဖြင့် အီရတ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကို နှစ်ကြိမ်တိုင်တိုင် ပြောင်းလဲ ပြင်ဆင်ခဲ့သည်။

## ခါးပိုက်ဆောင် ပြည်သူ့စစ် ဖွဲ့စည်း

ထို့ပြင် ဆက်ဒမ် ဦးဆောင်သော လျှို့ဝှက်စောင့်ကြည့်ရေးကွန်ရက်တစ်ခုကို ပါတီက ထူထောင်၏။ သည့်နောက် ပါတီ၏ ခါးပိုက်ဆောင် ပြည်သူ့စစ်အဖွဲ့ကို ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းသည်။

## တာလ်ဖာ မိသားစုဝင် ၃ ဦး လက်ထဲ အာဏာရောက်

ထူးခြားချက်မှာ ပါတီ၏ ဩဇာအာဏာသည် တီကရစ်မြို့မှ တာလ်ဖာ မိသားစု (Tulfah family) ဝင် ၃ ဦး၏ လက်ထဲသို့ ရောက်ရှိသွားခြင်းပင်။ ယင်းတို့မှာ ဆက်ဒမ်၏ ဝမ်းကွဲအစ်ကို ဗိုလ်ချုပ်ကြီး အာမက်ဒ်ဟက်ဆန်အဲလ်ဘာကာ၊ ဆက်ဒမ်ဟူစိန်နှင့် ဆက်ဒမ်၏ ယောက်ဖတော်သူ ဗိုလ်ချုပ်ကြီး အက်ဒ်နန်ခါယာ အဲလာတာလ်ဖာတို့ ဖြစ်ကြသည်။

## ဒင်္ဂါးတစ်ပြား၏ မျောက်နှင့် ပန်း

ဗိုလ်ချုပ်ကြီး အဲလ်ဘာကာနှင့် ဆက်ဒမ်ဟူစိန်တို့သည် နီးကပ်စွာ အတူတကွ လက်တွဲ လုပ်ကိုင်ကြ၏။ ဘာ့သ်ပါတီတွင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သူတို့နှစ်ဦးသည် အခြားခေါင်းဆောင်များထက် ပို၍ အရေးပါသော အဓိကပုဂ္ဂိုလ်များ ဖြစ်လာကြသည်။ ဒင်္ဂါးတစ်ပြား၏ မျောက်နှင့် ပန်း ဟူ၍ပင် ဆိုနိုင်သည်။ ယင်းတို့နှစ်ဦး ခေါင်းချင်းရိုက်ကာ ညှိနှိုင်း၍ရသော အချက်များကို ဆက်ဒမ်က အောင်မြင်အောင် လက်တွေ့ အကောင်အထည်ဖော်၏။ အထူးသဖြင့် ပါတီသန့်ရှင်းရေးအတွက် ဆောင်ရွက်ရာတွင် ဆက်ဒမ်သည် သူမတူအောင်လက်သံပြောင်သူဖြစ်သည်။ မည်သူ့ကိုမျှ ငဲ့ညှာထောက်ထားသူ မဟုတ်။

## ရေနံကို နယ်ချဲ့တို့ လက်ဝါးကြီးအုပ်ဆဲ

နယ်ချဲ့အင်္ဂလိပ်တို့သည် အီရတ်နိုင်ငံတွင် ၁၉၂၀ ပြည့်နှစ်မှ စ၍ ရေနံလုပ်ငန်းကို လက်ဝါးကြီးအုပ် ခြယ်လှယ်ခွင့် ရရှိခဲ့ကြ၏။ ၁၉၅၉ ခုနှစ်တွင် အီရတ်နိုင်ငံသည် သမ္မတနိုင်ငံ ဖြစ်လာသည့်တိုင် ရေနံလုပ်ငန်းသည် နယ်ချဲ့အရင်းရှင်တို့၏ လက်ထဲတွင် ရှိနေဆဲ ဖြစ်သည်။ ဆက်ဒမ်တို့၏ အာရပ် ဆိုရှယ်လစ် ဘာ့သ်ပါတီမှာ ဆိုရှယ်လစ်ရေး ရည်မှန်းချက်များ ရှိသော်ငြားလည်း အဓိကအားဖြင့် ပါတီ သန့်စင်ရေး၊ ပါတီ အခြေခိုင်ရေး စသည်တို့ကိုသာ ဦးစားပေး ဆောင်ရွက်နေရသောကြောင့် ဆိုရှယ်လစ်ရေးကို လက်တွေ့ အကောင်အထည် မဖော်နိုင်သေးချေ။

## ဆိုဗီယက်နှင့် စာချုပ်

အီရတ်သမ္မတ ဗိုလ်ချုပ်ကြီး အဲလ်ဘာကာနှင့် ဆက်ဒမ်ဟူစိန်တို့သည် စောစောပိုင်းကာလက အနောက်နိုင်ငံများနှင့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အတော်အသင့်အဆင်ပြေအောင် ဆက်ဆံမှုများ ရှိခဲ့ကြ၏။ သို့ရာတွင် စစ်အေးတိုက်ပွဲ အမြင့်ဆုံးကာလ ဖြစ်သည့် ၁၉၇၂ ခုနှစ်သို့ ရောက်သောအခါ အီရတ်နိုင်ငံသည် ဆိုဗီယက်ယူနီယံနှင့် ၁၅ နှစ်အတွင်း အကူအညီပေးရေးစာချုပ်တစ်ခု (an aid pact in 1972) ကို ချုပ်ဆို၏။ စာချုပ်အရ ဆိုဗီယက်က အီရတ်နိုင်ငံသို့ ဆိုဗီယက်လုပ် လက်နက် အမြောက်အမြား ပေးပို့လိုက်၏။ ထောင် ပေါင်း အတော်များသော အကြံပေးပုဂ္ဂိုလ်များ (several thousand advisers) ကိုလည်း ဆိုဗီယက်က အီရတ်နိုင်ငံသို့ စေလွှတ်လိုက်သည်။

## ဆက်ဆံရေး တင်းမာလာ

သို့သော် နှစ်နိုင်ငံ ချစ်ကြည်ရေးမှာ ၆ နှစ်ခန့်သာ အချိန်ကြာ၏။ ၁၉၇၈ ခုနှစ်တွင် ကွန်မြူနစ် ၂၁ ဦးကို အီရတ်တို့က ကွပ်မျက်ခြင်း (the 1978 execution of 21 Communists)၊ အီရတ်တို့က အနောက်နိုင်ငံများနှင့် ပြောင်းလဲကုန်သွယ်ခြင်း (a shift of trade to the West) စသည်တို့သည် အီရတ်က ကြားနေဝါဒ ကျင့်သုံးကြောင်း အချက်ပြ သတိပေးလိုက်သလို ဖြစ်နေသည်။ သည့်အတွက် နှစ်နိုင်ငံ ဆက်ဆံရေး အဆင်မပြေ ဖြစ်လာပြီး တစ်နေ့တခြား သိသိသာသာ တင်းမာလာသည်။

## ရေနံကုမ္ပဏီကို ပြည်သူပိုင် သိမ်း

နယ်ချဲ့ ဗြိတိသျှတို့ စတင် အုပ်စိုးစဉ် ကာလကပင် ဖွဲ့စည်းတည်ထောင်ခဲ့သော အီရတ်ရေနံကုမ္ပဏီ (the Iraqi Petroleum

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



Company) ကို ၁၉၇၂ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ဘာ့သ်ပါတီ အစိုးရက ပြည်သူပိုင် သိမ်းလိုက်သည်။ နောက်နှစ်တွင် ၁၉၇၃ ခုနှစ် ရေနံ အကျပ်အတည်းကာလ (the 1973 energy crisis) ကြောင့် ကမ္ဘာ့ရေနံဈေးနှုန်း ရုတ်ခြည်း ခုန်တက်သွားရာ အီရတ် နိုင်ငံသည် မမျှော်လင့်ဘဲ ရေနံလုပ်ငန်းမှ ဝင်ငွေ အမြောက်အမြား ရရှိခဲ့၏။ ယင်းတို့ကို စီးပွားရေး၊ စက်မှုလုပ်ငန်းများ တိုးချဲ့ရေး၊ လယ်ယာလုပ်ငန်းများ ခေတ်မီရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသော ကဏ္ဍများတွင် အကျိုးရှိရှိ ရင်းနှီးမြှုပ်နှံ လုပ်ကိုင် သဖြင့် အီရတ်နိုင်ငံသည် အာရပ်ကမ္ဘာမှာ လူနေမှုအဆင့်အတန်း အမြင့်ဆုံးနိုင်ငံများအနက် တစ်နိုင်ငံ အပါအဝင် ဖြစ်လာခဲ့သည်။

## အာရပ်-အစ္စရေးစစ်ပွဲ

ဂျူးလူမျိုးတို့၏ အထွတ်အမြတ် ဘာသာရေးဆိုင်ရာ ယွမ် ကစ်ပါ ဥပုသ်နေ့ (Yom Kippur) ကျရောက်သော ၁၉၇၃ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် အီဂျစ်နှင့် ဆီးရီးယားတို့က အငိုက်ဖမ်း၍ အစ္စရေးကို တိုက်ခိုက်ကြ၏။ သို့သော် အစ္စရေးတို့က ရုတ်ခြည်း တန်ပြန်ထိုးစစ်ဆင်သည်။ သို့ဖြင့် အာရပ်–အစ္စရေး စစ်ပွဲ ဖြစ်ပွားပြန်သည်။

## အီရတ်စစ်တပ် စေလွှတ်

စစ်ဖြစ်နေစဉ် ဆီးရီးယားနိုင်ငံဘက်မှ တစ်တပ်တစ်အား ပါဝင်ကူညီတိုက်ခိုက်ပေးရန် အီရတ် ဒုတိယသမ္မတ ဆက်ဒမ်ဟူစိန်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



က ဆီးရီးယားနိုင်ငံသို့ စစ်တပ်တစ်တပ်ကို အဆောတလျင် စေလွှတ်လိုက်သည်။

အစ္စရေးတပ်များက ဆီးရီးယားတပ်များကို ပြန်လည် မောင်းထုတ်ပစ်လိုက်၏။ ပြီးနောက် စူးအက်တူးမြောင်းကို ဖြတ်၍ အစ္စရေးတပ်များ ချီတက်သည်။ ကုလသမဂ္ဂက တာဝန်ပေးထားသော အဖွဲ့တစ်ဖွဲ့က ကြားဝင် ဖျန်ဖြေပေးသဖြင့် စစ် စဖြစ်၍ ၁၈ ရက်အကြာ အောက်တိုဘာလ ၂၄ ရက်နေ့တွင် အတိုက်အခိုက် ရပ်စဲကြ၏။ ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ (UN peace-keeping force) က စစ် ရပ်စဲထားသည့် နေရာတွင် ကြားခံတပ်ဖွဲ့အဖြစ် တာဝန်ထမ်းဆောင်သည်။

ယင်းသို့ အီရတ်တပ်များ စေလွှတ်ခြင်းသည် အာရပ်ညီနောင်အချင်းချင်း သွေးစည်းညီညွတ်မှု၏ သာဓကတစ်ရပ်ဖြစ်၏။ စစ်မက်ရေးရာ ရှုထောင့်အရမူ ပြောပလောက်အောင် ထိရောက်မှု မရှိသော်ငြား ဆီးရီးယားတပ်မတော်ကို စိတ်ဓာတ်ရေးရာအရ အားတက်စေသည့် ဆောင်ရွက်ချက် ဖြစ်သည်။

**ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆို**

အီရတ်နိုင်ငံ မြောက်ပိုင်းမှ ကာ့ဒ်လူမျိုးများသည် အာရပ်အမျိုးသားရေးဝါဒကို ကိုင်စွဲထားသော အီရတ်လူမျိုးများ လက်အောက်တွင် မနေလိုကြ။ အီရတ်နိုင်ငံမှ ခွဲထွက်လိုကြသည်။ သို့ကြောင့် ရေးနှစ်ပေါင်းများစွာကပင် အခွင့်အခါ ရလျှင် ရသလို သူတို့ ပုန်ကန်ထကြွကြ၏။ အီရတ်တို့ကလည်း ပုန်ကန်မှု ပေါ်လာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တိုင်း အပြင်းအထန် နှိမ်နင်းပစ်သည်။ သို့ရာတွင် ၁၉၇၀ ပြည့်နှစ်တွင်မူ အီရတ် တော်လှန်ရေး ဦးစီးကောင်စီနှင့် အီရတ်နိုင်ငံနှင့် ပြည်ထောင်စုဖွဲ့ရေးကို လိုလားသည့် ကာဒစ္စတန် ဒီမိုကရက်တစ်ပါတီ (the Kurdistan Democratic Party) ခေါင်းဆောင် မူလာမွတ်စတာ ဖာဘာဇာနီ (Mullah Mustafa Barzani) တို့ ငြိမ်းချမ်းရေးစာချုပ် တစ်ရပ်ကို ချုပ်ဆိုကြသည်။

ထိုစာချုပ်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ၁၉၇၄ ခုနှစ်တွင် အီရတ်အစိုးရက ကာ့ဒ်လူမျိုးတို့အား အကန့်အသတ်များ ပါသော ကိုယ်ပိုင်အုပ်ချုပ်ရေးကို ခွင့်ပြုလိုက်၏။ သို့သော် ကာဒစ္စတန် ဒီမိုကရက်တစ်ပါတီ (KDP) က အဆိုပါ အုပ်ချုပ်ရေးကို လုံးဝလက်မခံ။ ပယ်ချလိုက်သည်။

## အီရန်နှင့် အီရတ် ဆွေးနွေး

ယင်းနှစ် နှောင်းပိုင်းတွင် အမေရိကန်ပြည်ထောင်စုက ကျားကန်ပေးထားသော အီရန်နိုင်ငံမှ ရှားဘုရင် (King Shah of Iran) က ကူညီထောက်ပံ့သဖြင့် ကာ့ဒ်လူမျိုးများ ထပ်မံပုန်ကန်ထကြွကြပြန်သည်။ ဤပဋိပက္ခက အီရတ်နိုင်ငံကို အီရန်နိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးရေး စားပွဲဝိုင်းဆီသို့ အမြန်ဆုံး တွန်းပို့လိုက်၏။ နှစ်ဖက် အကြိတ်အနယ် ဆွေးနွေးကြပြီးနောက် နှစ်နိုင်ငံအကြား အငြင်းပွားနေသည့် ရှတ်အဲလ်အာရပ်ရေကြောင်း (the disputed Shatt al-Arab waterway) ထိန်းချုပ်မှုကို အီရတ်က အီရန်ကိုပါ ခွဲဝေပေးလိုက်ရသည်။ ဤတွင် အပြန်အလှန်အားဖြင့် ရှားဘုရင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



က ကာ့ဒ်လူမျိုးများအား ထောက်ပံ့နေမှုကိုရပ်တန့်လိုက်ရာ အီရတ်တို့က ကာ့ဒ် ပုန်ကန်မှုကို ပြင်းထန်စွာ နှိပ်ကွပ်ပစ်လိုက်သည်။

**အီရန်နှင့် အီရတ် စာချုပ်ချုပ်**

ထို့ပြင် အီရန်နှင့် အီရတ်တို့တွင် နှစ်နိုင်ငံကြား အငြင်းပွားစရာ နယ်မြေပိုင်ဆိုင်မှု ပြဿနာအချို့ ကျန်ရှိနေသေးသည်။ ယင်းရန်မီးတို့ကြောင့် နယ်စပ်ဒေသများမှာ တစ်ဖက်နှင့် တစ်ဖက် မကြာခဏ တိုက်ခိုက်မှုများ ဖြစ်ပွားလေ့ရှိ၏။ သို့ကြောင့် ၁၉၇၅ ခုနှစ် မတ်လတွင် အယ်လ်ဂျီးရီးယားနိုင်ငံ မြို့တော် အယ်လ်ဂျီရီးယားစ် (Algiers) ၌ ကျင်းပသော ရေနံရောင်း နိုင်ငံများအဖွဲ့ (Organization of Petroleum Exporting Countires / OPEC) အစည်းအဝေးမှာ နယ်စပ် ပဋိပက္ခကို အဆုံးသတ်ရန် အီရန်နှင့် အီရတ်တို့ သဘောတူ စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးကြသည်။

**ပါတီနှင့် အစိုးရလုပ်ငန်းများကို ဆက်ဒမ် ဦးစီး**

အီရတ်သမ္မတ ဗိုလ်ချုပ်ကြီး အဲလ်ဘာကာသည် အသက်အရွယ် ကြီးရင့်ပြီး ကျန်းမာရေးလည်း ချို့တဲ့သဖြင့် ပါတီနှင့် အစိုးရလုပ်ငန်းများကို ဒုတိယခေါင်းဆောင် ဖြစ်သော ဆက်ဒမ် ဟူစိန်ကသာ အဓိက ဦးစီးဆောင်ရွက်နေရသည်။ ဤအချက်ကို အခွင့်ကောင်းယူလျက် ဆက်ဒမ်သည် သူ့ဩဇာအာဏာ နယ်ပယ်ကို တတ်နိုင်သမျှ တိုးချဲ့၏။ သူ့အခြေအနေ ပိုမိုခိုင်မာလာစေရန် အစွမ်းကုန် ကြိုးပမ်းသည်။ စစ်တပ်၊ ပါတီနှင့် အစိုးရဌာနများမှ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သော့ချက် နေရာများ၌ သူ စိတ်ချရသော ဆွေမျိုးများနှင့် မိတ်ဆွေများကို တာဝန်ပေးထားသည်။

၁၉၇၈ ခုနှစ်တွင် အတိုက်အခံ ပါတီများမှ ပါတီဝင်များကို မည်သို့မျှ မလှုပ်ရှားနိုင်အောင် နည်းမျိုးစုံဖြင့် ထိန်းချုပ်ထားလိုက်၏။ သို့ကြောင့် အရာရာတွင် ဆက်ဒမ်သာ ပင်မ ဖြစ်လာသည်။ ပါတီ၊ အစိုးရနှင့် နိုင်ငံ၏ အနာဂတ်ရေးသည် ဆက်ဒမ်ဟူစိန်အပေါ် မှာသာ အဓိက တည်မှီနေတော့သည်။

၁၉၆၈ ခုနှစ်မှ ၁၉၇၉ ခုနှစ်ထိ ၁၀ နှစ်ခန့် ကြာမျှ ဆက်ဒမ်ဟူစိန်သည် အီရတ် တော်လှန်ရေး ဦးစီးကောင်စီ၏ ဒုတိယဥက္ကဋ္ဌ တာဝန်ကို အားတက်သရော ထမ်းဆောင်ခဲ့စဉ်က ဘာ့သ်ပါတီ၏ ရည်မှန်းချက်များသည် သူ့ကိုယ်ပိုင်ကဲ့သို့ဖြစ်လာသည်။ လူအများက ဆက်ဒမ်သည် တိုးတက်သော၊ အမြော်အမြင်ရှိသော၊ နိုင်ငံအတွက် အကျိုးစီးပွား ဖြစ်ထွန်းစေရန် လုပ်ဆောင်တတ်သော နိုင်ငံရေးခေါင်းဆောင်တစ်ဦးအဖြစ် မြင်အောင် လက်တွေ့ စီမံကွပ်ကဲပြတတ်သည်။ ဘာ့သ်ပါတီ စည်းလုံးညီညွတ်ရေးနှင့် အင်အားတောင့်တင်းရေးကို သူ ရှေးရှုဆောင်ရွက်သည်။ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ရှိစေရန် သူ အထူးအာရုံစိုက်သည်။

ဆက်ဒမ်တို့ပါတီ အာဏာမရမီ ရှည်ကြာသော ရှေးအတိတ်ကာလကပင် လူမှုရေး၊ ယဉ်ကျေးမှုရေး၊ လူမျိုးရေး၊ ဘာသာရေး၊ စီးပွားရေး စသည်တို့ တစ်မူ ထူးစွာ ခြားနားနေမှုကြောင့် အီရတ်ပြည်သူလူထုအတွင်း အကွဲကွဲအပြားပြား ဖြစ်နေသည်။ ဆွန်နီ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မွတ်စလင်များနှင့် ရှိုးယိုက်မွတ်စလင်များ၊ အာရပ်လူမျိုးများနှင့် ကာ့ဒ်လူမျိုးများ၊ လူမျိုးစု အကြီးအကဲများ (tribal chiefs) နှင့် မြို့နေကုန်သည်များ (urban merchants)၊ ရေကြည်ရာ မြက်နု ရာ ခြေသလုံးအိမ်တိုင်အဖြစ် လှည့်လည်သွားလာ ကျက်စားနေ ကြသော လူမျိုးများ (nomads) နှင့် တောင်သူလယ်သမား ဆင်းရဲသားများ (peasants) စသည်တို့အကြား ဝါးအစည်းပြေ သကဲ့သို့ ဖရိုဖရဲ မညီမညွတ် ဖြစ်နေသည်။

ယင်းသို့ ကွဲပြားနေမှုများကို စည်းလုံးညီညွတ်အောင် အားကြိုးမာန်တက် ဖန်တီးဖို့ လိုသည်ဟု ဆက်ဒမ် နားလည်ထား သည်။ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှု ရှိအောင် ကြိုးပမ်း ဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာ အောင် လုပ်ဆောင်ဖို့ အထူးလိုအပ်သည်ဟုလည်း သူ ကောင်းစွာ သဘောပေါက်သည်။

## ရေနံကုမ္ပဏီကို ပြည်သူပိုင်သိမ်း

သို့ကြောင့် အထက်တွင် ညွှန်းဆို ဖော်ပြခဲ့သည့်အတိုင်း ဆက်ဒမ်သည် နယ်ချဲ့အင်္ဂလိပ်တို့ လွှမ်းမိုးခြယ်လှယ်နေသော အီရတ် ရေနံကုမ္ပဏီကို ၁၉၇၂ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် ပြည်သူ ပိုင် သိမ်းလိုက်သည်။ ထို့ပြင် နိုင်ငံတကာက အစုရှယ်ယာ ဝယ်ယူ ခွင့်နှင့် လုပ်ပိုင်ခွင့် ဟူသမျှကိုပါ သိမ်းယူလိုက်သည်။ နောက်နှစ် ၁၉၇၃ ခုနှစ်တွင် ရေနံ အကျပ်အတည်းကြောင့် ကမ္ဘာ့ရေနံဈေးနှုန်း ခေါင်ခိုက်လုနီးပါး မြင့်မားလာသဖြင့် အီရတ်နိုင်ငံအဖို့ မကြုံစဖူး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အဆမတန် ဝင်ငွေ ရရှိ၏။ ရေနံမှ ရသော ဝင်ငွေကို နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် ကဏ္ဍအသီးသီးတွင် သူ ရင်းနှီး မြှုပ်နှံသည်။

## လူမှုဘဝ ဖူလုံရေးနှင့် ဖွံ့ဖြိုးရေး

ဆက်ဒမ်သည် နောက်ထပ်အာဏာသိမ်းမှုနှင့် ဆူပူ သောင်းကျန်းမှုများ မပေါ်ပေါက်စေရန် တင်းကျပ်သော လုံခြုံရေး အစီအမံများကို ဖန်တီးရင်း အီရတ်စီးပွားရေး ခေတ်မီအောင် တက်ကြွစွာ မြှင့်တင်သည်။ အစိတ်စိတ်အမြွာမြွာ ကွဲပြားနေသော အီရတ် လူ့အဖွဲ့အစည်းအတွင်း သူ့ကို ထောက်ခံသော အခြေခံ ကျယ်ပြန့်လာစေရန်နှင့် လူထု ထောက်ခံမှုကို တစ်ခဲနက် ရရှိစေ ရန် နိုင်ငံတော်က တာဝန်ယူသည့် လူမှုဘဝ ဖူလုံရေးနှင့် ဖွံ့ဖြိုး ရေး အစီအစဉ်များ (state welfare and development programs) ကို အားသွန်ခွန်စိုက် စနစ်တကျ သူ အကောင်အထည် ဖော်ခဲ့သည်။

အရှေ့အလယ်ပိုင်း နိုင်ငံများတွင် မည်သည့်အခါမျှ မကြုံ ဖူးသေးသော သမိုင်းဝင် လူမှုရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အီရတ်နိုင်ငံ အစိုးရက နှစ်အနည်းငယ် အတွင်း ထူးခြားအောင်မြင်စွာ အကောင်အထည် ဖော်နိုင်ခဲ့သည်။

## စာတတ်မြောက်ရေး စီမံကိန်း

ဆက်ဒမ်ဟူစိန်သည် တစ်နိုင်ငံလုံး စာတတ်မြောက်ရေး စီမံကိန်း (the draconian nationwide literacy project)

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကို အပြင်းအထန် စည်းရုံးလှုံ့ဆော်ရင်း လမ်းညွှန်ကြီးကြပ် ဆောင်ရွက်၏။ မြို့တိုင်း ရွာတိုင်းမှ လှည်းနေ လှေအောင်း မြင်း ဇောင်း မကျန် စာမတတ်သူ အားလုံးအတွက် မြန်မာနိုင်ငံမှ စာမတတ်သူ ပပျောက်ရေး 'အ့သုံးလုံး သင်တန်း' ကဲ့သို့သော အလား တူ သင်တန်းများကို အီရတ်နိုင်ငံ တစ်နံတစ်လျားမှာ ဖွင့်လှစ်ခဲ့ သည်။

အဆိုပါသင်တန်း တက်ရန် အကြောင်းမဲ့ ပျက်ကွက်သည့် စာမတတ်သူများကို ထောင်ဒဏ် ၃ နှစ်ထိ အပြစ်ပေးနိုင်သည်ဟု ပြည်တွင်း မီဒီယာများမှတစ်ဆင့် ကြေညာ၏။ စာမတတ်သော ယောက်ျား၊ မိန်းမ၊ ကလေးသူငယ် အားလုံး အရွယ်မရွေး မသင် မနေရ သင်တန်းများသို့ မပျက်မကွက် တက်ကြရသည်။

**မသင် မနေရ အခမဲ့ ပညာရေးစီမံကိန်း**

အကျိုးထူး ရလဒ်ကား ထောင်ပေါင်းများစွာသော စာ မတတ်သည့် အီရတ်ပြည်သူများသည် တိုတောင်းလှသော နှစ် ကာလအတွင်း စာရေး စာဖတ် တတ်မြောက်လာကြခြင်းပင် တည်း။

တစ်နိုင်ငံလုံး စာတတ်မြောက်ရေး စီမံကိန်းနှင့်တစ်ပြိုင်နက် တည်းလိုပင် အီရတ်နိုင်ငံတွင် မသင်မနေရ အခမဲ့ ပညာရေး (Compulsory, Free Education in Iraq) အတွက် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် စည်းရုံးလှုံ့ဆော်မှုကို ဆက်ဒမ်ဟူစိန် ကြီးကြပ်၍ စတင်အကောင်အထည်ဖော်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဤစီမံကိန်းအရ သတ်မှတ်ထားသော အသက်ပြည့်သည့် ကလေးသူငယ်တိုင်းကို မိဘ အုပ်ထိန်းသူများက မပျက်မကွက် ကျောင်းအပ်ကြရသည်။ မူလတန်းကျောင်းမှသည် တက္ကသိုလ် ထိ အတန်းအားလုံးတွင် အခမဲ့ ပညာသင်ကြားပေးသည်။ အဆ မတန် အရေအတွက် များပြားလာသော ကျောင်းသား ကျောင်းသူ များအတွက် ဆရာ ဆရာမများကို သက်ဆိုင်ရာက အချိန်မီ ခန့် ပေးသည်။ လိုအပ်သော ကျောင်းအဆောက်အအုံများကိုလည်း အချိန်မီ တိုးချဲ့ဆောက်လုပ်ပေးသည်။

**ခေတ်မီ ပြည်သူ့ကျန်းမာရေး စီမံကိန်း**

အီရတ်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသတွင် ခေတ်အမီ ဆုံး ပြည်သူ့ကျန်းမာရေးစနစ်များအနက် တစ်ခု အပါအဝင် ဖြစ် သော ကျန်းမာရေးစနစ် (one of the most modernized public health systems in the Middle East) ကို ဆက်ဒမ် ဦးဆောင်၍ အကောင်အထည် ဖော်ခဲ့သေးသည်။ လူမျိုး၊ ဘာသာ၊ ကျား မ၊ ဆင်းရဲ ချမ်းသာ မရွေး ပြင်ပလူနာများရော အတွင်းလူနာ များပါ အားလုံးကို ပြည်သူ့ဆေးရုံက အခမဲ့ ဆေးဝါးကုသပေး သည်။ ဆေးရုံများတွင် လိုအပ်သော ဆရာဝန်၊ သူနာပြုနှင့် ဆေးရုံ ဝန်ထမ်းများကို ကျန်းမာရေးဌာနက အလျင်အမြန် ခန့်အပ်ပေး သည်။ ဆေးရုံ အဆောက်အအုံများကိုလည်း ဦးစားပေး၍ မြန်မြန် ဆန်ဆန် ဆောက်လုပ်ပေးသည်။ ဆေးရုံများအတွက် ဆေးဝါး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



များနှင့် ပစ္စည်းကိရိယာများကိုလည်း အရေးတယူ ဂရုတစိုက် ဝယ်ယူ၍ ပြည့်စုံလုံလောက်အောင် အချိန်မီ ဖြည့်တင်းပေးသည်။

**ဆက်ဒမ် ယူနက်စကိုဆုရ**

ယင်းသို့ ဆက်ဒမ်ဟူစိန် ကိုယ်တိုင် ဦးစီး၍ တစ်နိုင်ငံလုံး စာတတ်မြောက်ရေးစီမံကိန်း၊ မသင်မနေရ အခမဲ့ ပညာရေး စီမံကိန်း၊ အရှေ့အလယ်ပိုင်းဒေသတွင် ခေတ်အမီဆုံး ပြည်သူ့ ကျန်းမာရေးစီမံကိန်း စသည်တို့ကို စနစ်တကျ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စွမ်း ရှိသဖြင့် ကမ္ဘာ့ကုလသမဂ္ဂ ပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ ဖြစ်သော ယူနက်စကို အဖွဲ့ကြီး (the United Nations Educational, Scientific and Cultural Organization / UNESCO) က အဆိုပါ စီမံကိန်းကြီးများ ကို စီမံဖန်တီးသူ ဗိသုကာ (architect) ဖြစ်သော တော်လှန်ရေး ဦးစီးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံတော် ဒုတိယသမ္မတ ဆက်ဒမ် ဟူစိန်ကို သမိုင်းဝင် အမှတ်တရ ဂုဏ်ပြုဆု ချီးမြှင့်ခဲ့သည်။

**စီးပွားရေးနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးရေး**

ရေနံအခြေခံ အီရတ်စီးပွားရေးကို ခေတ်နှင့်အညီအမျိုးမျိုး ပြောင်းလဲထုတ်လုပ်ရန် ဆက်ဒမ်ကိုယ်တိုင် ဇောက်ချ ကြိုးပမ်း၏။ သို့ဖြင့် အမျိုးသားစီးပွားရေး အခြေခံအဆောက်အအုံများ အဖြစ် လမ်းများ ဖောက်သည်။ တံတားများ ဆောက်သည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေ ချောမွေ့အောင် ဆောင်ရွက်သည်။ သတ္တု တူးဖော်ရေးလုပ်ငန်းများကို တိုးချဲ့၍

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ခေတ်မီနည်းစနစ်ဖြင့် အဆင့်မြှင့် လုပ်ကိုင်စေသည်။ အခြား စက်မှုလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် စီစဉ်အားပေး သည်။ အီရတ်တပ်မတော်သားများ၏ မိသားစုများကိုလည်း လိုအပ်သလို ထောက်ပံ့သည်။ ပြည်သူ့အိမ်ရာ တိုက်တာ အဆောက် အအုံများ ဆောက်လုပ်ပေးသည်။

စွမ်းအင် ထုတ်လုပ်မှုကို လုံးဝဥဿုံ တော်လှန်ပြောင်းလဲ ပစ်၏။ သို့ကြောင့် အီရတ်နိုင်ငံရှိ မြို့တိုင်းနီးပါးနှင့် မြို့စွန်ဒေသ အများအပြားမှာ လျှပ်စစ်မီးများဖြင့် ထိန်လင်းနေသည်။ မြို့ကြီး မြို့ငယ်များရှိ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းငယ်များမှာလည်း လျှပ်စစ်ဓာတ်အားကို အသုံးပြု၍ တွင်ကျယ်ထိရောက်စွာ လည် ပတ် လုပ်ကိုင်နိုင်ကြသဖြင့် အဆိုပါလုပ်ငန်းများ သိသိသာသာ တိုးတက်ထွန်းကားလာသည်။

၁၉၇၀ ပြည့်လွန်နှစ်များကာလ မတိုင်ခင်က တောရပ် ဒေသများတွင် အီရတ်ပြည်သူ အများစုသည် ရေကြည်ရာ မြက်နု ရာ ရွှေးချယ်နေထိုင်ကြ၏။ ဆက်ဒမ်ကိုယ်တိုင်လည်း အလားတူ ကျေးလက်ဇနပုဒ်တွင် ကျေးတောသားတစ်ဦးအဖြစ် မွေးဖွား ကြီးပြင်းလာခဲ့ရသူ ဖြစ်သည်။ ယေဘုယျအားဖြင့် သုံးပုံ နှစ်ပုံခန့် သည် ဆင်းရဲသော တောင်သူလယ်သမားများ ဖြစ်ကြ၏။ သို့ရာ တွင် ရေနံမှ ရရှိသော အကျိုးအမြတ်များကို စက်မှုလုပ်ငန်းများ တိုးချဲ့ရေးမှာ ထိုက်သင့်သော ရင်းနှီးမြှုပ်နှံ သုံးစွဲသည့် ၁၉၇၀

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြည့်လွန်နှစ်များ ကာလအတွင်း ဤအရေအတွက်သည် လျင်မြန်စွာ လျော့နည်းသွားမည်မှာ မုချ ဖြစ်သည်။

## လယ်ယာကဏ္ဍ တော်လှန်ပြောင်းလဲရေး

သို့ဖြစ်သော်ငြားလည်း ဘာ့သ်ပါတီအပေါ် တောလက်ကျေးရွာ ပြည်သူများ၏ အားပေးထောက်ခံမှု ရရှိရေးကို ဆက်ဒမ်ကိုယ်တိုင်က အထူးအာရုံပြုသည်။ နိုင်ငံခြား အရင်းရှင် တိုင်းပြည်များက အားပါးတရ ခြယ်လှယ်သွေးစုပ်နေသော ရေနံကုမ္ပဏီကြီးများကို ပြည်သူပိုင် သိမ်းလိုက်ပြီးနောက် ဆက်ဒမ်ဟူစိန်သည် 'လယ်လုပ်သူ လယ်ပိုင်ရမည်' ဟူသောမူအရ ဆင်းရဲသော တောင်သူလယ်သမားများကို လယ်ယာမြေများ ဝေငှပေးသည်။ ထောက်ပံ့ငွေများ ပေးသည်။ အမတော်ကြေး ထုတ်ချေးသည်။ ပြီး... ခေတ်နောက်ကျနေသော လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ခေတ်မီ စက်ယန္တရားကြီးများကို ကျယ်ကျယ်ပြန့်ပြန့် တပ်ဆင်အသုံးပြုစေခြင်းအားဖြင့် ကျေးလက်ဒေသကို အရှိန်အဟုန်နှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးကြပ်ဆောင်ရွက်သည်။ တစ်နည်းအားဖြင့် သမားရိုးကျ လယ်ယာစိုက်ပျိုးရေးမှ စက်မှုလယ်ယာသို့ အဆောတလျင် ခုန်ကူးနိုင်အောင် ဆက်ဒမ် ဦးဆောင်၍ အရင်းအမြစ်ကပင် လယ်ယာကဏ္ဍကို တော်လှန် ပြောင်းလဲပစ်ရန် ရည်ရွယ်ခြင်း ဖြစ်သည်။

ထို့ပြင် စုပေါင်း သမဝါယမ လယ်ယာများကို ဖွဲ့စည်းတည်ထောင်ပေးသည်။ 'အကျိုးအမြတ်ကို တစ်ဦးချင်း ကုန်ထုတ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သလောက် ခံစားခွင့်မှု' အရ ဝေငှပေးသည်။ ကျွမ်းကျင်မှု မရှိသေးသော လယ်ယာ လုပ်သားများအတွက် သင်တန်းများ ဖွင့်လှစ်၍ စနစ်တကျ လေ့ကျင့်သင်ကြားပေးသည်။ ၁၉၇၄-၇၅ ခုနှစ်တွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အသုံးစရိတ် နှစ်ဆတိုး ထုတ်ပေးခြင်းကို ထောက်ရှု၍ လယ်ယာမြေ ပြုပြင်ပြောင်းလဲရေးကို ဘာ့သ်ပါတီအစိုးရက မည်မျှ အလေးထားကြောင်း ထင်ရှားသိသာသည်။

## လူနေမှု အဆင့်အတန်းမြင့်

အီရတ်နိုင်ငံ လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေး (agrarian reform in Iraq) ၏ အောင်မြင်မှုကြောင့် ဆင်းရဲသော တောင်သူလယ်သမားထု၏ လူနေမှုအဆင့်အတန်း အထိုက်အလျောက် တိုးတက်မြင့်မားလာသည်။ ဦးစီးသူ ဆက်ဒမ်ကိုယ်တိုင် မျှော်မှန်းသည့် အဆင့်အတန်းသို့ အရောက် မလှမ်းနိုင်သေးလင့်ကစား လယ်ယာ ထုတ်ကုန် အတော် များပြားတိုးပွားလာသည်မှာတော့ အမှန်ပင်။

## ချော့တစ်ခါ ခြောက်တစ်လှည့်

ဤအစီအစဉ်များသည် အလုပ်လုပ်သော လူတန်းစား၊ ဆင်းရဲသော တောင်သူလယ်သမားထု၊ ဘာ့သ်ပါတီနှင့် အစိုးရ အရာထမ်း အမှုထမ်းများအတွင်း ပါတီနှင့် အစိုးရကို အားပေးထောက်ခံမှု၊ ယုံကြည်ကိုးစားမှု တိုးပွားများပြားလာစေရန် 'ချော့ချည် တစ်ခါ၊ ခြောက်ချည် တစ်လှည့် နည်းပရိယာယ် နှစ်သွယ်'

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



(carrot and stick tatics) ကို လိုအပ်သလို ချက်ပိုင်ပိုင် အကွက်ကျကျ ပေါင်းစပ် ကျင့်သုံးခြင်း၏ အစိတ်အပိုင်း တစ်ရပ်သာ။

**ဆက်ဒမ်၏ စည်းရုံးရေး စွမ်းပကား**

၁၉၇၀ ပြည့်လွန်နှစ်များ ကာလက အီရတ်နိုင်ငံ၏ အံ့မခန်း လျင်မြန်သွက်လက်သော ဖွံ့ဖြိုးတိုးတက်မှု ခြေလှမ်းသစ် (Iraq's rapid pace of development in the 1970's) ကို စနစ်တကျ လေ့လာသုံးသပ်ကြည့်ခြင်းအားဖြင့် ထိုစဉ်က ခေါင်းဆောင်ကြီး ဆက်ဒမ်ဟူစိန်၏ ကျွမ်းကျင်ပြောင်မြောက်သော စည်းရုံးရေး စွမ်းပကားကို ဓမ္မဓိဋ္ဌာန်ကျကျ အကဲဖြတ်နိုင်ကြမည် ဖြစ်ပါသည်။

**အရှိန်အဟုန်နှင့် ဖွံ့ဖြိုး**

အီရတ်နိုင်ငံသည် လေ့လာသူတို့စိတ်လှုပ်ရှားဖွယ် ကောင်းလောက်အောင် ရှေ့သို့ အရှိန်အဟုန် မပျက် ဆက်လက် တိုးတက်ဖွံ့ဖြိုးနေသည်။ ထင်ရှားသော သာဓကတစ်ရပ်မှာ–

ထိုစဉ်က အီရတ်နိုင်ငံ၌ အလုပ်သမားများ ရှားပါးလာသဖြင့် အခြားအာရပ်နိုင်ငံများနှင့် ယူဂိုဆလာဗီးယားနိုင်ငံတို့ မှ အလုပ်သမား နှစ်သန်းခန့် လာရောက်၍ အလုပ် လုပ်ကိုင်ကြသည် ဆိုသော မင်္ဂလာသတင်းပင်။

**ဆက်ဒမ်ကို ချီးကျူး**

သူ့အမြော်အမြင် ရှိမှု၊ ဝါယမစိုက်မှု၊ အလုပ်ကို စိတ်ပါဝင်စားမှု၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှု၊ နည်းပရိယာယ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကြွယ်ဝမှု၊ လုပ်ရဲကိုင်ရဲ စိတ်ဓာတ်ရှိမှု၊ စည်းရုံးရေး စွမ်းရည် ထက်မြက်မှု၊ ဦးဆောင်နိုင်စွမ်း ရှိမှု စသည်တို့ကြောင့် အီရတ်ပြည်သူလူထု၊ အာရပ်လောကနှင့် မွတ်စလင်ကမ္ဘာက သာမက အနောက်နိုင်ငံများကပါ ဆက်ဒမ်ဟူစိန်ကို ချီးကျူးခဲ့ကြသည်မှာတော့ အမှန်ပင် ဖြစ်ပါသတည်း။

## ဩဇာအာဏာ အကြီးဆုံး

၁၉၇၆ ခုနှစ်တွင် ဆက်ဒမ်ဟူစိန်သည် အီရတ် လက်နက်ကိုင်တပ်များ (the Iraqi armed forces) ၏ ဗိုလ်ချုပ်ကြီး (General) ဖြစ်လာသည်။ ထို့မျှသာမက အီရတ်အစိုးရ၏ လက်ရှိ ဩဇာအာဏာ အကြီးမားဆုံးပုဂ္ဂိုလ် (strongman) လည်း ဖြစ်လာသည်။

## နိုင်ငံခြားရေးဝါဒ ကြိုးကိုင်သူ

သမ္မတ ဗိုလ်ချုပ်ကြီး အဲလ်ဘာကာသည် အသက်အရွယ်ကြီးရင့်ပြီး အားနည်းနေသေးသဖြင့် သူ့လက်ရှိ တာဝန်များကို ကောင်းစွာ မထမ်းဆောင်နိုင်။ ပြယုဂ်သာ ဖြစ်နေသည်။ သို့ကြောင့် ဆက်ဒမ်ဟူစိန်က ပြည်တွင်းရေးရာကိုရော ပြည်ပရေးရာကိုပါ လက်တွေ့ဆောင်ရွက်ရင်း အရေးကြီးသော အခန်းကဏ္ဍဟူသမျှကို အဓိက တာဝန်ယူ ကိုင်တွယ်ရသည်။ မကြာမီ အီရတ် နိုင်ငံခြားရေးဝါဒကို ဖန်တီးကြိုးကိုင်သူဗိသုကာ (foreign policy-maker) ဖြစ်လာ၏။ သံခင်းတမန်ခင်း ဆက်ဆံရေး အားလုံး အတွက် နိုင်ငံကို လုံးလုံးလျားလျား ကိုယ်စားပြုသူလည်း ဖြစ် လာသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ပါတီတွင်း ထောက်ခံမှုရ

သူသည် အာဏာကို အပြည့်အဝ တရားဝင် လွှဲပြောင်း မယူခင် နှစ်အနည်းငယ်ခန့်ကပင် လက်ရှိ လက်တွေ့လုပ်ကိုင် ဆောင်ရွက်နေသော ခေါင်းဆောင် (a de-facto leader) လည်း ဖြစ်သည်။ တဖြည်းဖြည်း အီရတ်အစိုးရနှင့် ဘာ့သ်ပါတီ၏ လုပ်ပိုင်ခွင့် အာဏာ ဟူသမျှကို တစုတစည်းတည်း ဖြစ်အောင် သူ စတင်စုစည်းသည်။ ပါတီတွင်းမှ လုပ်ဖော်ကိုင်ဖက်များကို သတိကြီးစွာဖြင့် သူ ချဉ်းကပ်စည်းရုံးသည်။ ဂရုတစိုက် သိမ်းသွင်းသည်။ မကြာမီ ပါတီတွင်းမှ အရေးပါသော အသိုင်းအဝိုင်း၏ ထောက်ခံပံ့ပိုးမှုကို အင်နှင့် အားနှင့် သူ စုစည်းရရှိသွားတော့သည်။

## အီရတ်-ဆီးရီးယား ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့ရေး

၁၉၇၉ ခုနှစ်တွင် ဘာ့သ်ပါတီ၏ ဦးဆောင်မှုဖြင့် သမ္မတ အဲလ်ဘာကာသည် အီရတ်နှင့် ဆီးရီးယား နှစ်နိုင်ငံပေါင်း၍ ဖက်ဒရယ်ပြည်ထောင်စုတစ်ခုအဖြစ် ဖွဲ့စည်းရန် ကြိုးပမ်း၏။ သဘောတူစာချုပ် ချုပ်ဆိုပြီးသောအခါ အဲလ်ဘာကာက အီရတ်–ဆီးရီးယား ဖက်ဒရယ်ပြည်ထောင်စုသစ်၏ ခေါင်းဆောင်၊ ဆီးရီးယား သမ္မတ ဟာဖက်ဇ်အဲလ်အာဆတ် (Syrian President Hafez al-Assad) က ဒုတိယခေါင်းဆောင် ဖြစ်လာပေတော့မည်။ ဤကိစ္စသာ အကောင်အထည် ပေါ်လာခဲ့လျှင် ဆက်ဒမ်ဟူစိန်၏ ဂုဏ်သိက္ခာကို အကြီး အကျယ် ထိခိုက်မည်မှာ မြေကြီးလက်ခတ် မလွဲပင်တည်း။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ပါတီဥက္ကဋ္ဌနှင့် သမ္မတ

သည့်အတွက် အခြေအနေ အရပ်ရပ်ကို သမ္မတအဲလ်ဘာကာနှင့် ဆက်ဒမ်ဟူစိန်တို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြ၏။ ရလဒ်ကား ၁၉၇၉ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် အသက်ကြီးသည့်အပြင် နေမကောင်း ဖြစ်နေသော သမ္မတအဲလ်ဘာကာသည် ကျန်းမာရေး အကြောင်းပြချက်ဖြင့် ရာထူးမှ အပြီးအပိုင် နုတ်ထွက်သွားသောကြောင့် အသက် ၄၂ နှစ်သာ ရှိသေးသော ဆက်ဒမ်ဟူစိန်က သမ္မတတာဝန်ကို တရားဝင် ဆက်ခံလိုက်သည်။ ဤတွင် ဆက်ဒမ်ဟူစိန်သည် အီရတ် တော်လှန်ရေးဦးစီးကောင်စီ၏ ဥက္ကဋ္ဌနှင့် အီရတ်နိုင်ငံ၏ ပဉ္စမမြောက် သမ္မတ ဖြစ်လာတော့သည်။

## ဖြုတ် ထုတ် သတ်

ဆက်ဒမ်ဟူစိန်သည် ဘာ့သ်ပါတီဝင် အဖြစ်ဖြင့် နှစ်ပေါင်းအတော်ကြာအောင် တာဝန်အမျိုးမျိုးကို ခက်ခဲကြမ်းတမ်းစွာ ထမ်းဆောင်ရင်း လှုပ်ရှားရုန်းကန်နေခဲ့ရသော ဘဝအတွေ့အကြုံများအရ အချင်းချင်း သဘောထား ကွဲလွဲမှု၏ အန္တရာယ်ကို ကောင်းစွာ သဘောပေါက်၏။ သို့ကြောင့် ပါတီနှင့် အစိုးရ၏ ထိပ်ပိုင်းတာဝန်တို့ကို ရရှိပြီး ရက်ပိုင်းအတွင်းမှာပင် သူ့အပေါ် သစ္စာ စောင့်သိမည့်သူ မဟုတ်ဟု သံသယရှိသည့် အစိုးရ အရာရှိများကို အကြောင်းအမျိုးမျိုး ပြ၍ အလုပ်မှ ထုတ်ပယ်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အရာရှိ အတော်များများကို ဖမ်းဆီးထောင်ချသည်။ အချို့ကို သုတ်သင်ရှင်းလင်းပစ်သည်။

## အဓိက ပစ်မှတ်များ

ဆက်ဒမ်ဟူစိန် အထွတ်အထိပ်သို့ မရောက်ခင်ကပင် သူနှင့် နှစ်ပေါင်းများစွာတိုင်တိုင် ရင်းရင်းနှီးနှီး အနီးကပ် တာဝန်ထမ်းရွက်ခဲ့သူများ အပါအဝင် ပါတီခေါင်းဆောင်ပိုင်းမှ ပုဂ္ဂိုလ်အချို့တွင် တူညီသော အယူအဆတစ်ခု ရှိ၏။ ယင်းမှာ အခြားမဟုတ်။ ပါတီ ဥက္ကဋ္ဌ ရာထူး လစ်လပ်လျှင် ပါတီတွင်း ရွေးကောက်ပွဲ ကျင်းပ၍ ပါတီဝင်အများစု၏ မဲဖြင့် ခေါင်းဆောင် ရွေးချယ်လိုသော ဆန္ဒ ဖြစ်၏။ ယခုအခါ အင်္ဂလန်၊ ဂျပန် စသော နိုင်ငံများရှိ နိုင်ငံရေးပါတီကြီးများမှာ ကျင့်သုံးသော ပါတီတွင်း ရွေးကောက်ပွဲ စနစ်မျိုး ဖြစ်သည်။ လစ်လပ်သွားသော ပါတီဥက္ကဋ္ဌ နေရာကို ပါတီ၏ ဒုတိယဥက္ကဋ္ဌက အလိုအလျောက် ဆက်ခံနိုင်ခွင့် ရှိသည့် အခွင့်အရေးကို အဆိုပါ ပါတီခေါင်းဆောင်များက မလိုလားကြ။ သည့်အတွက် ထိုအကြောင်းကို အချင်းချင်း တီးတိုး ဝေဖန်ပြောဆိုမှုများ ရှိနေသည်။ ထိုပုဂ္ဂိုလ်များသည် ဆက်ဒမ်ဟူစိန်၏ အဓိက ပစ်မှတ်များ ဖြစ်လာပြီး မကြာမီ အရေးယူခြင်း ခံရတော့သည်။

## သွေးချောင်းစီး လူသတ်ပွဲကြီး

၁၉၇၉ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် တော်လှန်ရေး ဦးစီးကောင်စီဝင် အားလုံးနှင့် ဘာ့သ်ပါတီမှ ရာပေါင်းများစွာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သော အခြားပါတီခေါင်းဆောင်များကို ဘဂ္ဂဒက်မြို့တော်ရှိ ညီလာခံခန်းမကြီးတစ်ခုသို့ ပါတီဥက္ကဋ္ဌကြီးနှင့် သမ္မတကြီး ဆက်ဒမ်ဟူစိန်က အစည်းအဝေး ဖိတ်ကြားသည်။

## မှတ်တမ်းတင် ဗွီဒီယိုရိုက်ကူး

ညီလာခံ ခန်းမကြီးအတွင်း လှုပ်ရှားဆောင်ရွက်မှု အလုံးစုံကို နောင်လာနောက်သားတို့ ရှုစား၍ သင်ခန်းစာ ယူနိုင်စိမ့်သောငှာ ခန်းမ၏ နောက်ဘက်မှ ဗွီဒီယို ကင်မရာကြီးဖြင့် အသေးစိတ် မှတ်တမ်းတင် ရိုက်ကူးသည်။

## လျှို့ဝှက်ကြံစည်မှုကြီး

ဗိုလ်ချုပ်ကြီး အမှတ်တံဆိပ် တပ်ထားသော စစ်ဝတ်စုံကို သပ်ရပ်ကြော့မော့စွာ ဝတ်ဆင်ကာ ခါးမှာ ပစ္စတိုသေနတ်ကို ဟန်ပါပါနှင့်ချိတ်လျက် မိန့်ခွန်းပြောဆိုရာတွင် အသုံးပြုသော စာခုံ (lectern) ဆီသို့ ဆက်ဒမ်ဟူစိန် တဖြည်းဖြည်း လျှောက်ရင်း ဝင်လာ၏။ ပြီး... သူ့မှာ အသင့်ပါလာသော ကျူးဘား ကွန်မြူနစ်ခေါင်းဆောင် ဖီဒဲလ်ကက်စတရို (Fidel Castro) လက်ဆောင်ပေးသည့် ကိုဟီဘာ ဆေးပြင်းလိပ် (Cohiba cigar) တစ်လိပ်ကို သူ ထုတ်ယူ၍ သူ့လက်တစ်ဖက်နှင့် ဆေးလိပ်၏ အစွန်အဖျားတစ်ဖက်ကို ကိုင်လျက် ပရိသတ်ကို ငေ့ယမ်း နှုတ်ဆက်ရင်း စကားပြောခွက် နှစ်ခု နောက်မှာ အနေတော် သူ ရပ်လိုက်သည်။ တစ်စုံတစ်ရာကြောင့် အတော် စိတ်ထိခိုက်နေ၍ သူ့ခန္ဓာကိုယ်နှင့် သူ့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကျယ်ပြန့်သော မျက်နှာမှာ စိတ်သောက ဖိစီးနေပုံပေါ်သည်။ ထို့နောက် သူက ဒေါနှင့် မောနှင့် ပြောသည်။

"ရဲဘော်တို့... ဒီမှာ သစ္စာဖောက်မှုကြီးတစ်ခု.. အခု 'ဘူး' ပေါ်သလို ပေါ်လာပြီ" (သူ ဆက်ပြောသည်။)

"ဆီးရီးယားလူမျိုးတွေရဲ့ လျှို့ဝှက်ကြံစည်မှုကြီး.. သူတို့ အထဲမှာ ဒို့ဆီက သစ္စာဖောက် လောက်ကောင်တွေလည်း ပူးပေါင်း ပါဝင်နေတယ်။ ကဲ.. ရဲဘော်တို့ အဖြစ်မှန် သိရအောင် ခဏ စောင့်ကြည့်ကြဦး"

မျက်နှာစုံညီ အစည်းအဝေးတွင် ထိပ်တန်း လျှို့ဝှက်ကိစ္စကြီး တစ်ခုကို တိုတိုတုတ်တုတ်နှင့် ဆက်ဒမ်ကိုယ်တိုင် ယင်းသို့ ပြောင်ကျကျ ဖွင့်ချလိုက်ပြီးနောက် သူ့အတွက် သီးသန့် သတ်မှတ်ထားသော ထိုင်ခုံမှာ သူ ဝင်ထိုင်လိုက်သည်။

**ဖော်ကောင် ထွက်လာ**

မရှေးမနှောင်း ဆိုသလိုပင် တော်လှန်ရေးဦးစီးကောင်စီ၏ အထွေထွေအတွင်းရေးမှူးချုပ် မူယီအဗ္ဗဒူးလ်အဲလ်ဟူစိန် မာ့ရှ်ဟာဒီ (Muhyi Abd al-Hussein Mashhadi) သည် ကန့်လန့်ကာ နောက်ကွယ်မှ အလွန်တရာ စိတ်မချမ်းမြေ့သော မျက်နှာဖြင့် ပရိသတ် ရှေ့မှောက်သို့ တရွေ့ရွေ့ ထွက်လာ၏။ ထို အခိုက် ခန်းမကြီးတစ်ခုလုံးတွင် အပ်ကျသံကိုပင် ကြားရလောက်အောင် အတိုင်းထက်အလွန် ငြိမ်သက် တိတ်ဆိတ်နေသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အာဏာရှင် ဆက်ဒမ်ဟူစိန်ကို ဖြုတ်ချရန် လျှို့ဝှက်ပူးပေါင်းကြံစည်မှုတွင် သူ ပါဝင်ပတ်သက်မှုအတွက် ဆက်ဒမ်၏ တစ်ချက်လွှတ် အမိန့်အရ ပါတီခေါင်းဆောင်များ ရှေ့မှောက်မှာ သူ့အပြစ်ကို ဖွင့်ဟဝန်ခံ ပြောကြားရန်နှင့် ဖော်ကောင်လုပ်ရန် မာ့ချ်ဟာဒီကိုယ်တိုင် ယခုကဲ့သို့ ထွက်လာခဲ့ရခြင်း ဖြစ်သည်။

## လက်ညှိုးထိုးပြ

မာ့ချ်ဟာဒီသည် မကြာမီက အီရတ် လျှို့ဝှက်ထောက်လှမ်းရေးများ၏ တိတ်တဆိတ် အဖမ်းခံရပြီး အကျဉ်းစခန်း တစ်နေရာတွင် အကြီးအကျယ် သူ နှိပ်စက်ညှဉ်းပန်းခံခဲ့ရ၏။ ဆက်ဒမ်အစိုးရကို အင်အား သုံး၍ ရုတ်ခြည်း ဖြုတ်ချရန် ပူးပေါင်းကြံစည်သူတို့ လျှို့ဝှက်ဆုံတွေ့ စည်းဝေးခဲ့သော ရက်များ၊ အချိန်များနှင့် နေရာများကို ပါတီခေါင်းဆောင်များ ပရိသတ် ရှေ့မှောက်၌ ယခုအတိအကျ သူ ဖော်ထုတ် ဖွင့်ဟပြောပြ၏။ ပြီး.. အဆိုပါ ပူးပေါင်းကြံစည်သူများဟု စွပ်စွဲခံရသူများကို တစ်ယောက်ပြီး တစ်ယောက်သူ လက်ညှိုးထိုးပြသည်။ ထိုစဉ် အရန်သင့်ရှိနေကြသော လက်နက်ကိုင် အစောင့်တပ်သားများက ယင်းတို့ကို ချက်ချင်း ဖမ်းဆီး၍ ခန်းမဆောင် အပြင်ဘက်သို့ အတင်း ဆွဲထုတ်သွားကြသည်။

## ဘာမျှမသိ

စွပ်စွဲခံရသူများအနက် တစ်ယောက်က သူ ဘာမျှမသိကြောင်း အော်ပြောသောအခါ ဆက်ဒမ်ဟူစိန်က သူ့ကို "ခင်ဗျားချက်ချင်း ထွက်သွား" ဟု လှမ်းအော်ပြောပြီး အစောင့်တပ်သား

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



များအား အမြန်ဆွဲထုတ်သွားကြရန် သူ အမိန့်ပေးလိုက်၏။ ထို သူလည်း သည်းထန်စွာ ငိုကြွေးလျက် စစ်သားများ၏ အတင်း အဓမ္မ ဆွဲခေါ်ရာသို့ ယက်ကန်ယက်ကန်ဖြင့် မလိုက်ချင်ဘဲ လိုက် ပါသွားရလေသည်။

## ပြစ်ဒဏ်များ ချမှတ်

အစည်းအဝေး ခန်းမကြီးထဲတွင် သစ္စာဖောက် ပဉ္စမံ တပ်သားများ (fifth columnists) ဟု စွပ်စွဲခံရပြီး အဖမ်းခံရသူ စုစုပေါင်း ၆၈ ယောက် ရှိ၏။ နောက်ပိုင်းရက်များတွင် တရားခံ များကို တရားရုံးတစ်ရုံးက အကျဉ်းရုံး၍ လျှို့ဝှက်စစ်ဆေးပြီး နောက် များမကြာမီ ဖော်ကောင် အပါအဝင် ၂၂ ယောက်ကို သေဒဏ်ချမှတ်ကာ သေနတ်ပစ်အဖွဲ့ဖြင့် အဆုံးစီရင်လိုက်သည်။ ကျန် တရားခံ ၄၆ ယောက်ကိုမူ နှစ်ရှည် နှစ်တို ထောင်ဒဏ် အသီးသီး ချမှတ်၍ ထောင်သွင်း အကျဉ်းချလိုက်သည်။

## အမည်စာရင်း ထပ်မံကြေညာ

သစ္စာဖောက် ပဉ္စမံတပ်သားဟု စွပ်စွဲခံရသူ ၆၈ ယောက် စလုံးကို အစည်းအဝေး ခန်းမကြီးထဲမှ လုံးဝဥဿုံ ဖယ်ရှားလိုက် ပြီးနောက် ဆက်ဒမ်သည် စကားပြောစင်မြင့်မှ တစ်ဖန် ဆက်ပြော ၏။ သူ့ကို ပူးပေါင်းကြံစည်ရန် ကြိုးပမ်းသူတို့၏ အမည်စာရင်း ကို သူ ထပ်မံကြေညာနေစဉ် သူ့မျက်လုံးအစုံမှ ယိုစီးကျဆင်း လာသော မျက်ရည်တွေကို လက်ကိုင်ပဝါနှင့် သူ သုတ်ပစ်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပရိသတ်ထဲမှ တချို့လည်း မည်သည့် အကြောင်းကြောင့် မသိ၊ တရှုပ်ရှုပ်နှင့် ရှိုက်ကြီးတငင် ငိုကြွေးနေကြသည်။

မည်သို့ဆိုစေ ထိုကျော်ချမ်းဖွယ် အရေးယူ ဆောင်ရွက်ချက်ကြောင့် ဆက်ဒမ်အဖို့ လောလောဆယ် ရန်ဆူးရန်ငြောင့် အတော်များများ ရှင်းသွား၏။ သို့ကြောင့် သူ့ဆန္ဒ တစ်စိတ်တစ်ဒေသ ပြည့်ဝသွားပြီဟု ဆိုနိုင်သည်။ ခန်းမကြီးထဲရှိ လူတိုင်းသည် ထိုနေ့မှစ၍ အနာဂတ်ကာလတွင် အခြေအနေအရပ်ရပ် မည်သို့ မည်ပုံ ဖြစ်ပျက်ပြောင်းလဲလာနိုင်သည်ကို ယခုအခါ ကြို၍တင် တွက်ဆခန့်မှန်းနိုင်ကြပေပြီ။ သဘောပေါက် နားလည်နိုင်ကြပေပြီ။

## ရန်စွယ် ရန်ငုတ် ရှင်းလင်းပွဲ ပြီးဆုံး

ထိုအခိုက် ပရိသတ်က မတ်တတ်ရပ်ပြီး စတင်၍ လက်ခုပ်တီးကြ၏။ ပထမတော့ နေရာမှထ၍ လက်ခုပ်တီးသူမှာ လက်တစ်ဆုပ်စာ လူနည်းစုမျှသာ။ နောက်ဆုံးမှာတော့ ရောယောင်လျက် တစ်ယောက်မကျန် ပရိသတ် အကုန်လုံး ထပြီး တညီတညာတည်း သောင်းသောင်းဖြဖြ လက်ခုပ်လက်ဝါး တီး၍ ကောင်းချီးသြဘာပေးကြသည်။ ဤတွင် သူ့ အာဏာ အပြည့်အဝ ရပြီးနောက် ဆက်ဒမ်ဟူစိန်၏ ပါတီတွင်း ရန်စွယ်ရန်ငုတ် ရှင်းလင်းပွဲကြီးသည် လက်ခုပ်သြဘာသံများ၊ ရယ်သံများဖြင့် နိဂုံးကမ္ဗတ် အဆုံးသတ်သွားလေတော့သည်။

ညီလာခံ ခန်းမကြီးထဲတွင် ကျန်နေသော ပါတီခေါင်းဆောင် အရေအတွက်မှာ ၃၀၀ ခန့် ရှိ၏။ ယခုအခါ အီရတ် ပြည်သူတစ်ရပ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လုံး၏ ကံကြမ္မာသည် ဆက်ဒမ်ဟူစိန် တစ်ဦးတည်းအပေါ်တွင် အဓိက တည်မှီနေတော့မည်ဟု သူတို့အားလုံး သဘောပေါက် ကာ ခန်းမကြီးမှ စိတ်နှလုံး ညှိုးငယ်စွာဖြင့် ထွက်ခွာသွားကြလေ တော့သည်။

**ဗွီဒီယိုမှတ်တမ်းခွေများ ဖြန့်ချိ**

ထို့ထက် ထူးခြားချက်တစ်ရပ်မှာ အာဏာရှင်ဆက်ဒမ် ဟူစိန်၏ ရန်စွယ်ရန်ငုတ် သုတ်သင်ရှင်းလင်းပွဲ မှတ်တမ်းတင် ဗွီဒီယိုတိပ်ခွေများကို အီရတ်နိုင်ငံ တစ်နံတစ်လျားသို့ အလျင် အမြန် ဖြန့်ချိခြင်းပင်တည်း။

**ဖော်ကောင်လည်း သေဘေးမှ မလွတ်**

အဆိုပါ ဗွီဒီယို မှတ်တမ်းခွေများကြောင့် သူ့ကို တစ်မူ ထူးခြားသော ဆက်ဒမ် (classic Saddam) အဖြစ် ကမ္ဘာက ရှုမြင်ကြ၏။ လူအများ မြင်ကွင်းတွင် ရာဇဝတ်မှုများကို ဆက်ဒမ် ဟူစိန် ကိုယ်တိုင် ကျူးလွန်သည့် သဘော သက်ရောက်နေသည်။ ထို့ထက် ယခင် အာဃာတကြောင့် သက်သေများ (witnesses) ကို ကြံရာပါများ (accomplices) အဖြစ် တမင် ဖန်တီး ပြောင်းလဲ အရေးယူထားခြင်းမှာလည်း တကယ့်ကို အရုပ်ဆိုးလှသည်။ ထို နေ့က သန့်စင်ခြင်း ခံရသူများအနက် ၂၂ ယောက်သည် တော်လှန် ရေး ဦးစီးကောင်စီက ဦးဆောင်သော တတိယအကြိမ် ကွပ်မျက် မှုမှာ ပါဝင်သွားသည်။ မာ့ချ်ဟာဒီသည် သေဘေးမှ လွတ်မည်ဟု ယုံကြည်လျက် ဆက်ဒမ်၏ အမိန့်အရ မလွှဲသာ၍ ဖော်ကောင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အဖြစ် ဆောင်ရွက်ခဲ့ပြီး ပြောခိုင်းသမျှကို တစ်လုံးတစ်ပါဒ မကျန် ပါတီခေါင်းဆောင်များ ရှေ့မှောက်မှာ ထွက်ဆိုခဲ့ရသော်ငြား ကတိအတိုင်း သူ့ကို အသက်ချမ်းသာမပေးဘဲ ကွပ်မျက်ပစ်ခြင်း မှာလည်း ဆက်ဒမ်အဖို့ အမည်းစက်ထင်စရာ ဖြစ်နေသည်။

## နောက်ထပ် သုတ်သင်

နောက် ရက်သတ္တပတ် အနည်းငယ်အတွင်း အစိုးရ အရာရှိ များ၊ စစ်ဘက်အရာရှိများနှင့် ပြည်သူအချို့ အပါအဝင် အခြား သစ္စာဖောက် လောက်ကောင်တွေဟု စွပ်စွဲခံရသူ တစ်သိုက်ကို အစုလိုက် အပြုံလိုက် သေနတ်ပစ်အဖွဲ့နှင့် သုတ်သင်ပစ်သည်။ ဤသွေးချောင်းစီး လူသတ်ပွဲ (bloodbath) တွင် ပါဝင်ကူညီရန် ဘာ့သ်ပါတီ၏ အတွင်းစည်း (inner circle) မှ အဖွဲ့ဝင်များကို ဆက်ဒမ်က အမိန့်ပေးသည်ဟု တော်လှန်ရေးဦးစီးကောင်စီဝင် အချို့က ထုတ်ဖော်ပြောဆိုကြသည်။

## တွေ့ဆုံမေးမြန်း

နှစ်အနည်းငယ် ကြာပြီးနောက် ဥရောပတိုက်သား တွေ့ဆုံ မေးမြန်းသူ (European Interviewer) တစ်ဦးသည် ဘာ့သ် ပါတီနှင့် အစိုးရခေါင်းဆောင် ဆက်ဒမ်ဟူစိန်နှင့် ချိန်းဆိုထား သော ရက်တစ်ရက်မှာ လာရောက်တွေ့ဆုံ၏။

ထိုစဉ် စာနယ်ဇင်းဆရာက စိတ်လှုပ်ရှားကာ ရင်တဖိုဖိုနှင့် မေးခွန်းတစ်ခုကို မေးသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"သမ္မတကြီးခင်ဗျား-- ဘဂ္ဂဒက် အာဏာပိုင်တွေဟာ ရံဖန်ရံခါ အတိုက်အခံတွေကို နှိပ်စက်ကလူ ပြုမူကြတယ်၊ သတ်တောင်သတ်ပစ်ကြတယ်လို့ သတင်းတွေမှာ ဆိုထားတာ ကျွန်တော်တွေ့ရပါတယ်။ ဒီသတင်းဟာ တကယ် မှန်ကန်ပါသလား ခင်ဗျား"

စာနယ်ဇင်းဆရာ၏ မသွယ်မဝိုက်ဘဲ တဲ့တိုးမေးသော မေးခွန်းကြောင့် ခေါင်းဆောင်ကြီး ဆက်ဒမ်ဟူစိန်အဖို့ စိတ်အနှောင့်အယှက် တစ်စုံတစ်ရာ မဖြစ်။ မကျေနပ်မှုလည်း စိုးစဉ်းမျှ မဖြစ်။ စာနယ်ဇင်းဆရာ၏ မေးခွန်း ရိုးစင်းမှုကိုသာ သူ အံ့သြနေပုံ ပေါ်သည်ဟု ဆိုသည်။

"ဟုတ်ကောင်း ဟုတ်မှာပေါ့" (ဆက်ဒမ်က ပြန်ဖြေသည်။ ပြီး.. မေးခွန်းတစ်ခုကို သူက ရုတ်ခြည်း ပြန်မေးလိုက်သည်။)

"ဒို့ အစိုးရကို အတိုက်အခံတွေက ဆန့်ကျင်ရင် ခင်ဗျားကကော ဘာကိုများ မျှော်လင့်ထားလို့လဲ"

## မျက်ဖြူဆိုက်

ခေါင်းဆောင်ကြီး ဆက်ဒမ်ဟူစိန်၏ မေးခွန်းကြောင့် စာနယ်ဇင်းဆရာသည် ဘဲဥ၏အစကို ရှာမတွေ့သလို ဘာကို ဘယ်က ဘယ်လို စတင်ပြီး ဖြေဆိုရမှန်းတောင် မသိရှာတော့ဘဲ နားဝေတိမ်တောင်နှင့် အတော် အူကြောင်ကြောင် ဖြစ်သွားသည် ဆိုပဲ။ မျက်ဖြူဆိုက်သွားသည်ဟူ၍လည်း ဆိုနိုင်သပေါ့။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## တခ်ဏာပွတ္တိညာဏ်ရှိ

ဤတွင် ခေါင်းဆောင်ကြီး၏ ရုတ်တရက် တုံ့ပြန်မေးသော မေးခွန်း၏ တာသွားမှုကို ထောက်ရှုခြင်းအားဖြင့် သူ့မှာ ရုတ်ခြည်းပေါ် ပေါက်လာသည့် တခ်ဏာပွတ္တိညာဏ် ရှိကြောင်း သိသာထင်ရှားသည်။

## နာဆာကို တုပ

ဆက်ဒမ်ဟူစိန်သည် အီဂျစ်သမ္မတနာဆာကို အဓိက စံထားသူ ဖြစ်သည့်အားလျော်စွာ ခေါင်းဆောင်ကြီးနာဆာ၏ ရည်မှန်းချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်၊ ယုံကြည်ချက်၊ ခံယူချက် စသည်တို့ကို တတ်နိုင်သမျှ တုပလိုက်နာဆောင်ရွက်၏။ သူ့ကိုယ်သူလည်း လူမှုတော်လှန်ရေးသမား (social revolutionary) နှင့် ခေတ်မီအတွေးအခေါ်ကို လက်ခံကျင့်သုံးသူ (modernizer) ဟု ရှုမြင်သည်။ ခံယူသည်။

## အမျိုးသမီး အခွင့်အရေး အချို့ပေး

အစ္စလာမ် ဘာသာဝင် ရှေးရိုးစွဲဝါဒီများ (Islamic conservatives) အထူးတလည် စိတ်လှုပ်ရှားသွားလောက်အောင် သူ့အစိုးရက အမျိုးသမီးများအား ထပ်ဆောင်းထားသော လွတ်လပ်မှုများ (added freedoms) ကို ခွင့်ပြု၏။ အဆင့်မြင့် အစိုးရ ရာထူးများနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ရာထူးများ (high-level government and industry jobs) မှာလည်း အမျိုးသမီးများကို ခန့်အပ်တာဝန်ပေးသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## အနောက်တိုင်းဆန်သော တရားဥပဒေစနစ် ကျင့်သုံး

ဆက်ဒမ်သည် အနောက်တိုင်းဆန်သော တရားဥပဒေစနစ် (western-style legal system) ကို ပြုစုဖန်တီး ကျင့်သုံးသဖြင့် အီရတ်နိုင်ငံသည် ပါရှန်ပင်လယ်ကွေ့ဒေသတွင် ရှေးရိုးစဉ်လာ အစ္စလာမ်တရားဥပဒေ (Sharia) နှင့်အညီ အုပ်ချုပ်ခြင်း မပြုသော တစ်ခုတည်းသော နိုင်ငံ ဖြစ်လာသည်။

သူသည် အစ္စလာမ်ဘာသာ တရားဥပဒေစနစ်အရ စီရင်ဆုံးဖြတ်သော တရားရုံးများ (Sharia law courts) ကို တရားဝင်ဖျက်သိမ်းသည်။ သို့ရာတွင် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဒဏ်ရာ အနာတရဖြစ်မှု၊ စိတ်နာကြည်းမှု၊ ဂုဏ်သိက္ခာ ထိခိုက်မှု စသည်တို့နှင့်ပတ်သက်၍ ရထိုက်သည်ကို တောင်းဆိုခြင်း (personal injury claims) အတွက်မှု ခြွင်းချက်ဖြင့် အစ္စလာမ်ဘာသာ တရားရုံးကို တရားဝင် ခွင့်ပြုသည်။

## ခေတ်မီစီမံကိန်းများ နှောင့်နှေး

ပြည်တွင်း သဘောထား ကွဲပြားမှုများနှင့် ပဋိပက္ခများက ဆက်ဒမ်၏ ခေတ်မီစီမံကိန်းများ (Saddam's modernizing projects) ကို နှောင့်နှေးကြန့်ကြာစေသည်။ အဟန့်အတား ဖြစ်စေသည်။ တကယ်တော့ အီရတ်လူ့အဖွဲ့အစည်းတွင် ဘာသာစကား၊ ကိုးကွယ်ရာ ဘာသာအယူဝါဒ၊ လူမျိုးရေး စသည်တို့ တသီးတခြား ကွဲပြားလျက်ရှိရာ သွေးစည်းညီညွတ်ရေး ဆိုသည်မှာ အပြောလွယ်သလောက် လက်တွေ့မှာ အလုပ်ခက်လှသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သို့ဖြစ်၍ အဓိကအားဖြင့် အလုပ်သမား လူတန်းစား၊ ဆင်းရဲသော တောင်သူလယ်သမားများနှင့် အလယ်အလတ်တန်းစားတို့၏ အောက်ခြေလွှာမှ လူများအနက် ၂၀ ရာခိုင်နှုန်းခန့်၏ အားပေး ထောက်ခံမှုအပေါ်မှာသာ သူ့အစိုးရ ရပ်တည်နေရသည်။

## ရှီးယိုက်လူများစု အတိုက်အခံ ဖြစ်လာ

အစ္စလာမ်ဘာသာဝင် အမျိုးသမီးများကို လွတ်လပ်ခွင့် အချို့ ပေးခြင်း၊ ယင်းတို့ကို အစိုးရဌာနနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ရာထူးကြီးများတွင် ခန့်အပ်တာဝန်ပေးခြင်း၊ အစ္စလာမ်ဘာသာ တရားရုံးများကို ဖျက်သိမ်း၍ အနောက်တိုင်းဆန်သော တရားရုံး များနှင့် အစားထိုးခြင်း စသည့် အစိုးရ၏ လောကီရေးရာမူဝါဒ များ (the government's secular policies) ကို ချမှတ် အကောင်အထည်ဖော်ခြင်းသည် လက်တွေ့တွင် ရှီးယိုက်လူများ စုကို အတိုက်အခံ အင်အားစုဘက်သို့ တွန်းပို့သည့် အကြောင်း ရင်းတစ်ခု ဖြစ်လာသည်။

## ရှီးယိုက်နှင့် ကာ့ဒ် အခြေအနေ

၁၉၇၉ ခုနှစ် အီရန် အစ္စလာမ် အခြေခံဝါဒီများ တော်လှန် ရေး (the Iranian Islamic fundamentalist revolution of 1979) ဖြစ်ပြီးနောက် ဘာ့သ်ပါတီတွင် အီရန်လိုလားသော ရှီးယိုက် ဩဇာ တဖြည်းဖြည်း လွှမ်းမိုးလာမည့် အလားအလာများ ဖြစ်ပေါ် လာသည်။ ထို့ပြင် အီရတ်နိုင်ငံ မြောက်ပိုင်းမှ ကာ့ဒ်လူမျိုး များသည် ဆွန်နီ မွတ်စလင်များ ဖြစ်သော်ငြားလည်း အာရပ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လူမျိုးများ မဟုတ်။ သူတို့သည် ဘာ့သ်ပါတီက အလေးပေးကိုင်စွဲသော အာရပ်အမျိုးသားများ သွေးစည်းရေးဝါဒ (the Baathist party's pan-Arabism) ကို အစဉ် ဆန့်ကျင်သူများ ဖြစ်သည်။

**အာဏာကို ဆက်ထိန်းထားနိုင်ရေး**

အာဏာကို ဆက်လက် ထိန်းချုပ်ထားနိုင်အောင် ဆက်ဒမ်ဟူစိန်အဖို့ ရွေးချယ်ရန် နည်းနှစ်သွယ်သာ ရှိ၏။ သဘောထားမတိုက်ဆိုင်သူများ ကျေနပ်လောက်အောင် သူတို့ အကျိုးစီးပွားဖြစ်မည့် လုပ်ငန်းများ ဖန်တီးပေးရန်နှင့် အစိုးရဌာနများတွင် သူတို့အနက် သင့်တော်သူများကို နေရာချပေးသည့်နည်း ဖြစ်သည်။ ဤနည်းမှာ အကောင်အထည်ဖော်ရန် ထင်သလောက် မလွယ်။ သို့မဟုတ် သူတို့ကို ဖိနှိပ်ချုပ်ချယ်သည့် နည်း ဖြစ်သည်။ ဤနည်းမှာလည်း ဆက်ဒမ်အစိုးရ နာမည်ပျက်မည့် နည်းပင်။ မည်သို့ဆိုစေ ဆက်ဒမ်အဖို့ လောလောဆယ်တွင် ဤနှစ်နည်းအနက် တစ်နည်းနည်းကို ရွေးချယ်ရမည့် အခြေဆိုက်နေလေပြီ။

အီရတ်နိုင်ငံ၏ငြိမ်ဝပ်ပိပြားရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ဆောင်ရွက်ရာတွင် စစ်ဆန်သော လက်နက်ကိုင်တပ်ဖွဲ့ (paramilitary organization) နှင့် ရဲတပ်ဖွဲ့ (police force) တို့သည် အလွန်အရေးပါသော အဖွဲ့အစည်းများ ဖြစ်သည်။

၁၉၇၄ ခုနှစ်မှ စ၍ ဆက်ဒမ်ဟူစိန်နှင့် ရင်းနှီးသော လုပ်ဖော်ကိုင်ဖက် တာဟာယက်ဆင်ရာမာဒန် (Taha Yassin Ramadan) သည် ပြည်တွင်း လုံခြုံရေးအတွက် တာဝန်ရှိသော

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လက်နက်ကိုင် ပြည်သူ့တပ်ဖွဲ့ (Poeple's Army) ကို ကွပ်ကဲ အုပ်ချုပ်ရသည်။ ရာမာဒန်၏ တပ်ဖွဲ့သည် အမြဲတမ်းလက်နက် ကိုင်တပ်များ (the regular armed forces) ၏ အာဏာ သိမ်းမှုများ မပေါ်ပေါက်စေရန် တာဝန်ယူစောင့်ကြည့်ရသော အဓိကတပ်ဖွဲ့လည်း ဖြစ်သည်။

လက်နက်ကိုင်ပြည်သူ့တပ်ဖွဲ့အပြင် မူခါဘာရက် (Mukha-barat) ခေါ် အထွေထွေ ထောက်လှမ်းရေးဌာန (the Department of General Intelligence) သည် အီရတ်နိုင်ငံ လုံခြုံရေး စနစ်တွင် နာမည်ဆိုးဖြင့် အကျော်ကြားဆုံး လက်ရုံးတပ်ဖွဲ့ ဖြစ်၏။ ဤတပ်ဖွဲ့မှ ထောက်လှမ်းရေးတို့၏ နှိပ်စက်မှုနှင့် သတ်ဖြတ်မှုတို့ကို လူအများ လွန်စွာစိုးရိမ်ထိတ်လန့်ကြသည်။ ဆက်ဒမ်၏ အမေတူ အဖေကွဲ ညီ ဘာဇံအီဘရာဟင် အဲလ်ဟက်ဆန်အဲလ် တီကရစ်တီက ယင်းကို ကွပ်ကဲအုပ်ချုပ်သည်။

၁၉၈၂ ခုနှစ်မှစ၍ ယင်းဌာနသည် ပြည်တွင်းမှာရော ပြည်ပမှာပါ တာဝန်ယူဆောင်ရွက်ခဲ့သည်ဟု နိုင်ငံခြားမှ အကဲခတ် လေ့လာသူများက ယုံကြည်ကြသည်။ ဆက်ဒမ်၏ ရန်သူများဟု ယူဆရသူများကို ပိုက်စိပ်တိုက် လိုက်လံရှာဖွေဖမ်းဆီးရန်နှင့် လိုအပ်က ယင်းတို့ကို ပိပိရိရိ ဖျောက်ဖျက်ပစ်ရန် နိုင်ငံရပ်ခြားမှ သူတို့၏ မစ်ရှင်အဖွဲ့များရှိ ယင်းဌာနမှ ထောက်လှမ်းရေး အဖွဲ့ဝင်များက လျှို့ဝှက်တာဝန်ယူကြရသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## အီရတ်နိုင်ငံ၏ ထူးခြားသော အခန်းကဏ္ဍ

ဆက်ဒမ်ဟူစိန်သည် အာရပ်ကမ္ဘာ့သမိုင်းတွင် အီရတ်နိုင်ငံ၏ ဝိသေသထူးခြားသော အခန်းကဏ္ဍ (unique role of Iraq) ကို ပီပြင်အောင် ဖော်ထုတ်ရင်း အီရတ်အမျိုးသားရေးဝါဒ (Iraqi nationalism) ကို ပါတီဝင် ရဲဘော်များနှင့် လုပ်သားပြည်သူများအား အကျိုးသင့် အကြောင်းသင့် ရှင်းပြလေ့ရှိသည်။

ပြီး.. ဘဂ္ဂဒက်သည် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ အာရပ်ကမ္ဘာ၏မြို့တော်အဖြစ် ရပ်တည်ခဲ့စဉ်က သမိုင်းတွင် ထင်ရှားခဲ့သော အစ္စလာမ်ဘာသာဝင် အက်ဘာဆစ် မင်းဆက်ခေတ် (Abbasid dynastic period - 750-1258) အကြောင်းကို နိုင်ငံတော်သမ္မတတစ်ဦးအနေဖြင့် ဆက်ဒမ်ဟူစိန်က မကြာခဏ ကိုးကားရည်ညွှန်း၍ သူ့မိန့်ခွန်းမှာ အလေးအနက် ထည့်သွင်းမြွက်ကြားခဲ့သည်။

ထို့ပြင် ရှေးခေတ် ဘေဘီလုံမြို့ပြနိုင်ငံ ဘုရင်ဟမ်မူရာဘီ (Babylonian king Hammurabi- B.C 1792-1750) နှင့် ဘေဘီလုံမြို့ပြနိုင်ငံ၏ ဒုတိယမြောက်ဘုရင် နက်ဘူကက်နက်ဇာ (King of Babylonia Nebuchadnezzar II- B.C.605-562) ကဲ့သို့သော သမိုင်းဝင် အထင်ကရပုဂ္ဂိုလ်ကြီးများကို ညွှန်းဆိုရင်း ရှေးပဝေသဏီက ယဉ်ကျေးမှု စတင်သီးပွင့်ရာ နိုင်ငံများအနက် တစ်ခုအပါအဝင် ဖြစ်သော မက်ဆိုးပိုတေမီးယား (Mesopotamia) လို အစ္စလာမ်ဘာသာ အခန်းကဏ္ဍမတိုင်ခင် ခေတ်က

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အုံမခန်း အောင်မြင်ဖြစ်ထွန်းမှုများအတွက်လည်း အထူးတလည် သူ ဂုဏ်ယူချီးကျူးခဲ့သေးသည်။

အလွန်ရှည်ကြာသော ရှေးအတိတ်ကာလကပင် လူ့ယဉ်ကျေးမှု အစပျိုးခဲ့ရာ မက်ဆိုပိုတေမီးယားနိုင်ငံသည် အာရှတိုက်၏ အနောက်ဘက်၊ ယခုအခေါ် အရှေ့အလယ်ပိုင်းဒေသတွင် ရှိ၍ ယူဖရေတီးစ်နှင့် တိုက်ဂရစ်မြစ်ကြီး နှစ်သွယ်ကြား၌ တည်ရှိသည်။

ဘေဘီလုံမြို့ပြနိုင်ငံငယ် (Babylonia) သည် မက်ဆိုးပိုတေမီးယားနိုင်ငံတွင် ရှိပြီး ယူဖရေတီးစ်တောင်ကြား ချိုင့်ဝှမ်းဒေသ (Euphrates valley) ၌ တည်ရှိ၏။ ဘေဘီလုံ (Babylon) သည် ဘေဘီလုံမြို့ပြနိုင်ငံ၏ မြို့တော် ဖြစ်ပြီး ယူဖရေတီးစ်မြစ်ကမ်းခြေတွင် တည်ရှိသည်။

သို့ကြောင့် ရှေးခေတ် ယဉ်ကျေးမှု စတင်ထွန်းကားရာ ဘေဘီလုံမြို့တော်၊ ဘေဘီလုံမြို့ပြနိုင်ငံနှင့် မက်ဆိုးပိုတေမီးယားနိုင်ငံတို့သည် လက်ရှိ အီရတ်နိုင်ငံ နယ်နိမိတ်အတွင်း ကမ္ဘာ့ယဉ်ကျေးမှုနယ်ပယ် အစိတ်အပိုင်းများအဖြစ် ထူးခြားဝင့်ကြွားစွာ ငွားငွားစွင့်စွင့် တည်ရှိခဲ့ကြသည် ဖြစ်ရာ အီရတ်နိုင်ငံသမ္မတဆက်ဒမ်ဟူစိန်အဖို့ ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်ဟု အလေးပြုမှတ်ယူ၍ အစဉ် ဂုဏ်ယူမည်ဆိုကလည်း အမှန်တကယ် ဂုဏ်ယူထိုက်သည်သာ။ တကယ်တော့ ယင်းတို့သည် သူ ကြီးမှူးအုပ်စိုးသော နယ်မြေအတွင်း ယခင်ယခင်က တည်ရှိခဲ့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကြသော ကမ္ဘာက အလေးထား မြတ်နိုးသည့် ရှေးယဉ်ကျေးမှု ဗိမာန်များ ဖြစ်ခဲ့ကြသည်ကို ..။

ဘုရင်ဟာမ်မူရာဘီ

ယူဖရေတီးစ်တောင်ကြား ချိုင့်ဝှမ်းဒေသ၌ တည်ရှိသော ဘေဘီလုံမြို့ပြနိုင်ငံကို ဘီစီ ၁၈ ရာစုအတွင်း ဘုရင်ဟာမ်မူရာဘီ စိုးမိုးအုပ်ချုပ်ခဲ့၏။

နှလုံးရည် လက်ရုံးရည် နှစ်မျိုးစလုံးနှင့် ပြည့်စုံ၍ အုပ်ချုပ်ရေးရာမှာရော စစ်မက်ရေးရာမှာပါ ကျွမ်းကျင်သည့် ဘုရင်တစ်ပါး အဖြစ် ကမ္ဘာ့သမိုင်းမှာ သူ ထင်ရှားကျော်ကြားခဲ့သည်။

သူသည် အရည်အချင်းရှိပြီး အမြော်အမြင် ကြီးမားသော ဘုရင် ဖြစ်သည့်အားလျော်စွာ ယဉ်ကျေးမှုကဏ္ဍကိုလည်း အလွန်တရာ အားပေးခဲ့သဖြင့် သူ့လက်ထက်မှာ ဘေဘီလုံ ယဉ်ကျေးမှု အတော်ထွန်းကားခဲ့သည်။

ထို့ထက် လေးနက်သည့် ထူးခြားချက်တစ်ရပ်မှာ ကမ္ဘာတွင် ထင်ရှားသော ကိုဓဥပဒေကို ဘုရင်ကြီးကိုယ်တိုင် ကြိုးပမ်းစုဆောင်း ပြုစုပြဋ္ဌာန်းခဲ့ခြင်းပင်။

ဘုရင် ဟာမ်မူရာဘီသည် အမိုရိုက်စ်လူမျိုး (Amorites) တို့၏ ဥပဒေများကို လွန်စွာသဘောကျသဖြင့် ယင်းတို့ကို သူ ရှာဖွေစုဆောင်း လေ့လာသည်။ ယင်းတို့အထဲမှ ကောင်းနိုးရာရာကို ရွေးနုတ်ပြီး အဆီအနှစ်ကို ထုတ်ယူ၍ သူတို့ ပြုစုနေသော ဥပဒေတွင် လိုအပ်သလို ပေါင်းစပ်ထည့်သွင်း၏။ သို့ဖြင့် ဘုရင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဟမ်မူရာဘီ၏ ကိုဓဥပဒေဟူ၍ သမိုင်းဝင် ပေါ်လာခဲ့ခြင်း ဖြစ်သည်။

အကြင်သူတစ်ဦးသည် သူတစ်ထူး၏ မျက်လုံး တစ်လုံးကို ဖောက်အံ့၊ ပြစ်ဒဏ်အနေဖြင့် သူ့မျက်လုံး တစ်လုံးလည်း အလားတူ တုံ့ပြန် အဖောက်ခံရမည်သာ (An eye for an eye.)။ ထို့အတူ အကြင်သူတစ်ဦးသည် သူတစ်ပါး၏ သွားတစ်ချောင်းကို ချိုးအံ့၊ ပြစ်ဒဏ်အဖြစ် သူ့သွားတစ်ချောင်းလည်း အလားတူ တုံ့ပြန် အချိုးခံရမည်သာ (A tooth for a tooth.) ဆိုသော သဘောသက်ဝင်သည့် ကိုဓဥပဒေပင်တည်း။

လူသတ်မှုတစ်မှုအတွက် သေစားသေစေ ပြစ်ဒဏ်ခံရခြင်းသည် 'An eye for an eye.' ၏ မူပေါ်တွင် အတိအကျ အခြေခံ၍ ပြစ်ဒဏ် ချမှတ်ခြင်း ဖြစ်သည်။ ယခုအခါ ဤဥပဒေကို ဥပဒေပညာရှင် ဖြစ်လိုသော ဥပဒေကျောင်းသားများ၊ ဥပဒေသုတေသီများ၊ ဥပဒေပညာရှင်များပင်လျှင် နက်နက်ရှိုင်းရှိုင်း လေ့လာကြရသည်။ ဤအချက်က ဟမ်မူရာဘီဘုရင်ကြီး၏ ဉာဏ်ရည်ဉာဏ်သွေး အတိမ်အနက်ကို အလွယ်တကူ တွက်ချက်ခန့်မှန်းသိသာနိုင်သည်။

သို့ကြောင့် ဆက်ဒမ်ဟူစိန်လည်း သာမန်ပုထုဇဉ် လူသားတစ်ဦးသာ ဖြစ်ရာ ဟမ်မူရာဘီဘုရင်ကြီးကဲ့သို့သမိုင်းတွင် ကြီးကျယ်ထင်ရှားသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ချင်သည် ဆိုသော သတင်းမှာ တကယ်တော့ ဆန်းလှသည်ဟု မဆိုသာ။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ဒုတိယမြောက် နက်ဘူကက်နက်ဇာဘုရင်

ဆက်ဒမ်ဟူစိန် အထူးအားကျသော အခြားဘုရင်တစ်ပါးမှာ ဘီစီ ၆၀၅ ခုနှစ်တွင် ရှေးခေတ် ဘေဘီလုံမြို့ပြနိုင်ငံမှာ ရွှေထီးရွှေနန်း ရွှေကြငှန်းကို သိမ်းမြန်းစိုးစံခဲ့သည့် ဒုတိယမြောက် နက်ဘူကက်နက်ဇာဘုရင် (King of Babylonia Nebuchadnezzar II- B.C.605-562) ဖြစ်၏။ သူ့နန်းသက် ၄၃ နှစ် ရှည်ခဲ့သည်။

ဘုရင်ကြီးသည် အလှအပ အခမ်းအနားများကို အတိုင်းထက် အလွန် နှစ်သက်မြတ်နိုးသဖြင့် ဘေဘီလုံမြို့ပြကို အကြီးအကျယ် ပြင်ဆင်မွမ်းမံရင်း ကမ္ဘာတစ်လွှားကပင် အလေးထားလေ့လာရသော ဘေဘီလုံမိုးပျံဥယျာဉ်ကြီး (the hanging gardens of Babylon) တစ်ခုကို ဘီစီ ၆၀၀ ခန့်တွင် အံ့ဩစဖွယ် ထူးထူးခြားခြား တည်ဆောက်ခဲ့သည်။ ထိုခေတ် ထိုအခါက အဆိုပါ ဥယျာဉ်ကြီးသည် 'ရှေးခေတ် ကမ္ဘာ့အံ့ချီးဖွယ်ရာ ခုနစ်ဖြာ' အနက် တစ်ခု အပါအဝင် (One of the seven wonders of the ancient world) ဖြစ်လာခဲ့သည်။

ဘေဘီလုံ မိုးပျံဥယျာဉ်ကြီးကို အုတ်ဖြင့် ခိုင်ခံ့စွာ ပြုလုပ်ထား၏။ အကျယ်အဝန်းမှာ စတုရန်းပေ ၄၀၀ ရှိပြီး မြေပြင်မှ ၇၅ ပေ မြင့်သည်။ ဥယျာဉ်ကြီးထဲတွင် လှပစွာ အစီအရီ စိုက်ပျိုးထားသော သစ်ပင် ပန်းပင် ပန်းချုံပင် နွယ်ပင် သီးပင် စသည်တို့ကို ယူဖရေတီးစ်မြစ်မှ ဆည်မြောင်းစနစ်ဖြင့် ဖောက်လုပ်သယ်ယူ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သော မြစ်ရေဖြင့် သွန်းလောင်းသည်။ သူ့ခေတ်သူ့အခါ အလျောက် အလွန်ခေတ်မီသည့် ရေသွယ်နည်းပင်။

ထို့ပြင် ဘုရင်ကြီးသည် 'ဘေဘီလုံမြို့ပြတံတိုင်းကြီး' (the Walls of Babylon) ကိုလည်း အံ့ခမန်းလိလိ တည်ဆောက်ခဲ့သေး၏။ ထုထည် ထုထဲကြီးမား၍ အလွန်ရှည်လျားသည်။ စဥ့်ကွဲသို့ အရောင်တင်ထားသော အုတ်ဖြင့် စနစ်တကျ ခေတ်မီစွာ ဆောက်လုပ်ထားသောကြောင့် မဟာတံတိုင်းကြီးသည် နေရောင်လရောင်အောက်တွင် ပြိုးပြိုးပြောင်ပြောင် အလွန်အရောင်တောက်ပသည်။ သို့ကြောင့် ဤတံတိုင်းကြီးကို 'ရှေးခေတ် အံ့ချီးဖွယ်ရာ ခုနစ်ဖြာ' စာရင်းတွင် ထည့်သွင်းသင့်ကြောင်း အချို့က အဆိုပြုခဲ့ကြသည်ဟု သတင်းတစ်ရပ်က ဆိုသည်။

မြင်တွေ့ကြားသိရသူတို့ ရင်သပ်ရှုမော အလွန်အမင်း အံ့သြချီးကျူးကြရသော အဆိုပါ 'ဘေဘီလုံမိုးပျံ ဥယျာဉ်ကြီး' နှင့် 'ဘေဘီလုံ မြို့ပြတံတိုင်းကြီး' တို့သည် ကမ္ဘာတစ်လွှား ထင်ရှားသလောက် ဉာဏ်ကြီးရှင် ဘုရင်ကြီး နက်ဘူကက်နက်ဇာလည်း 'ရေမြင့် ကြာတင့်' ဆိုသည့်အလား လူသိများ၍ ကျော်ကြားလာခဲ့သည်။

ထို့နောက် ဘီစီ ၅၈၇ ခုနှစ်တွင် ဘုရင် နက်ဘူကက်နက်ဇာသည် ဟီဘရူး(ဂျူး)တို့ ဒေသ ဖြစ်သော ဂျူဒါးနိုင်ငံ (Judah) သို့ စစ်သည် အင်အား အလုံးအရင်းနှင့် စစ်ချီ၏။ ဂျူဒါးကို တရကြမ်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ဂျေရူးဆလင်မြို့ (Jerusalem) ကို ဘေဘီလုံစစ်သည်တို့က မီးရှို့ဖျက်ဆီးလိုက်ကြသည်။

ဘုရင်ကြီး၏တပ်များ ဘေဘီလုံသို့ ပြည်တော်ပြန်ခရီးတွင် ဂျေရုဆလင်မြို့သား ဟီးဘရူး အများအပြားကို သုံ့ပန်းများအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြ၏။ သူတို့ကို နှစ်ပေါင်း ၇၀ ကြာမျှ အကျဉ်းချထားခဲ့ကြသည်ဟု ဆိုသည်။ သို့ကြောင့် ဘုရင်ကြီးသည် သမိုင်းတွင် အထူးထင်ရှားလာခဲ့၏။ ဆက်ဒမ်ဟူစိန်အဖို့တော့ ဘုရင်နက်ဘူကက်နက်ဇာသည် တကယ့် သူရဲကောင်းကြီးတစ်ဦးပင်။

ထို့ထက် ခေါင်းဆောင်ကြီး ဆက်ဒမ်ဟူစိန်သည် တစ်ခါတုန်းက ယဉ်ကျေးမှုပြတိုက်သို့ လာ၍ ဘုရင်ကြီး၏ နှစ်ဘီးတပ်မြင်းကသော စစ်ထွက်ရထားပေါ်တွင် စတိုင်ကျကျ ဣန္ဒြေရရ ထိုင်ကာ အမှတ်တရ ဓာတ်ပုံ အရိုက်ခံခဲ့ဖူးသည်ဟု ဆိုခြင်းက ဘေဘီလုံပြည့်ရှင် ဘုရင် နက်ဘူကက်နက်ဇာကို မည်မျှ သူအားကျကြောင်း ထင်ရှားသိသာလှပေသည်။

## စစ်ဘုရင် တာရစ်အီဘင်ဇီယာဒ်

ဆက်ဒမ်ဟူစိန် လေးစားကာ တန်ဖိုးထားပြီး အားကျသော နောက်ဘုရင်တစ်ပါးမှာ စစ်ဘုရင်တာရစ်အီဘင်ဇီယာဒ်ဖြစ်၏။ ၈ ရာစုတွင် အနောက်အာရှနှင့် ဥရောပတစ်ခွင်မှာ စစ်ရေးအရ ထင်ရှားသော စစ်သူကြီးတစ်ဦးလည်း ဖြစ်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



၇၁၁ ခုနှစ်တွင် စစ်သူကြီး ဓိယာ့ဒ်သည် ဂျီဘရော်တာ ရေလက်ကြား (the Straits of Gibraltar) ကို ဖြတ်သန်းလျက် ဥရောပသို့ စစ်ချီတက်စဉ် မြန်မာနိုင်ငံသမိုင်းမှ စစ်သူကြီး ဘုရင့်နောင်သည် ဖောင်ဖျက်၍ နောင်ရိုးတိုက်ပွဲကို ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်အောင်မြင်ခဲ့သကဲ့သို့ စစ်သူကြီးဓိယာ့ဒ်သည်လည်း သူတို့ စီးလာသော သင်္ဘောများကို ဖျက်ကာ တိုက်ပွဲကို သက်စွန့် ကြိုးပမ်း အနိုင်တိုက်ခဲ့သူ ဖြစ်သဖြင့် ကမ္ဘာကျော် စစ်သူကြီးတစ်ဦး ဖြစ်လာခဲ့သည်။

ထို့ပြင် စစ်သူကြီးဓိယာ့ဒ်သည် သူ ကိုးကွယ်ရာ အစ္စလာမ် ဘာသာကို ဥရောပသို့ ကနဦး ဆောင်ကြဉ်း၍ ပျံ့နှံ့အောင် ထူးခြား စွာ အကျိုးဆောင်ခဲ့သူ ဖြစ်သောကြောင့် အစ္စလာမ်ဘာသာဝင် များ လောကဝယ် အထူးလေးစားချီးကျူးခံရသော ပုဂ္ဂိုလ်ထူး လည်း ဖြစ်သည်။

လူ့ယဉ်ကျေးမှု အစပျိုးရာ ရှေးခေတ် ဘေဘီလုံနှင့် မက်ဆို ပိုတေမီးယားဘုရင်များသည် သူတို့ခေတ်အခါအလျောက် တန်ခိုး သြဇာ ကြီးမားကျယ်ပြန့်ပြီး အာရှ အနောက်ပိုင်း၊ အာဖရိက မြောက်ပိုင်းနှင့် ဥရောပတစ်လွှားထိ လွှမ်းမိုးနိုင်ခဲ့ကြသည်။ ထိုစဉ်က ထိုဘုရင်များ အုပ်ချုပ်စိုးမိုးရာ ဇာတိနယ်မြေသည် ဆက်ဒမ်ဟူစိန် အုပ်စိုးသော ယခုခေတ် အီရတ်နိုင်ငံ၏ နယ်နိမိတ် အတွင်းမှာ ရှိသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ယင်းကဲ့သို့ ဂုဏ်ယူစဖွယ် ထူးခြားပြောင်မြောက်သော အတိတ်သမိုင်း ကျောထောက်နောက်ခံ အထင်အရှား ရှိခဲ့သည့် အိရတ်နိုင်ငံ၏ သမ္မတကြီး ဆက်ဒမ်ဟူစိန်သည် အဆိုပါ ဘုရင်များ၏ သမိုင်းအမွေကို ဆက်ခံသူအဖြစ် သူ့ကိုယ်သူ ယူဆထင်မှတ်ခဲ့သည်။ ထိုမျှသာမက ယင်းတို့၏ တန်ခိုးသြဇာ နယ်ပယ်ကျယ်ပြောခဲ့သကဲ့သို့ အရှေ့အလယ်ပိုင်းဒေသတွင် သူ့သြဇာ ပျံ့နှံ့စေရန် အမှန်တကယ် သူ ကြိုးပမ်းလုပ်ဆောင်ခဲ့သေးသည်။

## ယဉ်ကျေးမှုကဏ္ဍ

ဆက်ဒမ်ဟူစိန်သည် ယဉ်ကျေးမှုကဏ္ဍကိုလည်း အလေးဂရုပြု၍ မြှင့်တင်ပေးခဲ့၏။ ရှေးဟောင်းသုတေသနဆိုင်ရာ စူးစမ်းလေ့လာတူးဖော်မှုများ (archaeological explorations) ကို ထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ယဉ်ကျေးမှုဌာနသို့ ဘဏ္ဍာငွေများ တိုးမြှင့်ချပေးသည်။ ခေတ်မီယဉ်ကျေးမှု ပြတိုက်များကို မြို့ကြီးပြကြီးများ၌ တိုးချဲ့တည်ဆောက်ပေးသည်။ ပြည်တွင်းပြည်ပမှ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများကိုလည်း တတ်နိုင်သမျှ ရှာဖွေစုဆောင်း၍ ယဉ်ကျေးမှုပြတိုက်များ၌ စနစ်တကျ ခင်းကျင်းပြသစေသည်။ ရှေးဟောင်းပစ္စည်း သုတေသနလုပ်ငန်းကိုလည်း အလေးပေး လုပ်ကိုင်စေသည်။ ဤနည်းဖြင့် ရှေးခေတ်ဘေဘီလုံ၊ မက်ဆိုးပိုတေမီးယား၊ ဆူမာရီးယန်နှင့် အဆီးရီးယန် ယဉ်ကျေးမှု အခြေအနေကို ပြတိုက်များမှတစ်ဆင့် ပြည်သူများ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



စိတ်ဝင်တစား ရှုမြင်လေ့လာ ခန့်မှန်းနိုင်ရုံမျှမက နိုင်ငံနှင့် ပြည်သူလူထုအတွက်ပါ ဂုဏ်ယူနိုင်ကြသည်။

**ဆက်ဒမ်၏ ကြိုးပမ်းမှု**

ထို့ပြင် အီရတ်နိုင်ငံ၏ ဦးဆောင်မှု အခန်းကဏ္ဍ ပေါ်လွင်စေရန် အာရပ်ကမ္ဘာ သွေးစည်းညီညွတ်ရေးအတွက် ဆက်ဒမ်ကိုယ်တိုင် အားကြိုးမာန်တက် ဆောင်ရွက်၏။ တစ်ချိန်တည်းတွင် အာရပ် အမျိုးသားများ သွေးစည်းရေးဝါဒနှင့် အီရတ် မျိုးချစ်စိတ်ဓာတ်တို့ ပေါင်းစပ်နိုင်စေရန် (to combine pan-Arabism and Iraqi nationalism) လည်း အပတ်တကုတ် သူ ကြိုးစားအားထုတ်ခဲ့သည်။

**ဆက်ဒမ် သဘောကျသူ နှစ်ဦး**

ဆက်ဒမ်ဟူစိန် သဘောကျသော အခြားပုဂ္ဂိုလ်နှစ်ဦးမှာ အီတလီ နိုင်ငံရေးခေါင်းဆောင်နှင့် သဘောတရားရေးဝါဒီ နီကိုလိုမက္ကီယဗယ်လီ (Niccolo Machiavelli 1469-1527) နှင့် ဆိုဗီယက် ကွန်မြူနစ်ခေါင်းဆောင်ကြီး ဂျိုးဇက်စတာလင် (Joseph Stalin 1879-1953) တို့ ဖြစ်သည်ဟု အဆိုရှိသည်။

**မက္ကီယဗယ်လီ**

၁၄၆၉ ခုနှစ် မေလ ၃ ရက်နေ့တွင် အီတလီနိုင်ငံ ဖလော်ရင့်စ်မြို့ (Florence) ၌ နီကိုလိုမက္ကီယဗယ်လီကို အဖ ရှေ့နေ ဘာနာဒိုဒီ နီကိုလိုမက္ကီယဗယ်လီ (Bernardo di Niecolo Machiavelli)

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နှင့် အမိ ဘာတိုလွမ်မီယာဒီစတီဖာနီနယ်လီ (Bartolommea di Stefano Nelli) တို့မှ မွေးဖွားသည်။

သူ့မိသားစုသည် အီတလီနိုင်ငံ အနောက်မြောက်ဘက် တာ့စ်ကာနီဒေသ (Tuscany) ရှိရှေးမှူးမတ်မျိုးနွယ်မှ ဆင်းသက်သည်ဟု လူအများက ယုံကြည်ကြသည်။

သူသည် ရှေးခေတ် ရောမမြို့နှင့် ရောမအင်ပါယာအတွင်း အသုံးပြုသော လက်တင်ဘာသာ စာပေနှင့် ဂန္ထဝင်စာပေတို့ကို စိတ်ဝင်တစား သင်ယူလေ့လာခဲ့သည်။ ယင်းတို့ကို နှံ့နှံ့စပ်စပ် ကျွမ်းကျွမ်းကျင်ကျင် သူ တတ်မြောက်၏။ သူသည် သံတမန်၊ နိုင်ငံရေး အတွေးအခေါ် ပညာရှင်၊ ဂီတပညာရှင်၊ စာရေးဆရာ၊ ကဗျာဆရာနှင့် ပြဇာတ်ရေးဆရာ ဖြစ်သည်။

လုပ်ငန်းစဉ်တစ်ရပ် အောင်ပန်း ဆွတ်ခူးရေးအတွက် မည်သည့်နည်းလမ်းကိုပင် သုံးသုံး အောင်မြင်ရေးသာ ပဓာန (The end justifies the means.) ဟူသော အယူအဆသည် မက္ကိယဗယ်လီ၏ အတွေးအမြင် ဖြစ်သည်။

ဆက်ဒမ်ဟူစိန်သည် အဘယ်အကြောင်းများကြောင့် မက္ကိယဗယ်လီကို နှစ်သက်သည်ဟု မှတ်တမ်းမှတ်ရာများတော့ မတွေ့ရသေး။ မည်သို့ဆိုစေ မက္ကိယဗယ်လီ၏ အဆိုပါ အယူအဆကို ဆက်ဒမ် သဘောကျဟန် တူသည်ဟုတော့ ကောက်ချက်ချနိုင်မည် ထင်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သို့သော် စတာလင်ထံမှ ဆက်ဒမ် သဘောကျသည့် အကြောင်းအရာ အချက်အလက် အတော်များများကိုတော့ အထင်အရှား တွေ့ရသည်။

## ဂျိုးဇက်စတာလင်

ဆိုဗီယက်ခေါင်းဆောင်တစ်ဦးသည် ၁၉၇၀ ပြည့်လွန်နှစ်များက အီရတ် ဘာ့သ်ပါတီ ဒုတိယဥက္ကဋ္ဌနှင့် အီရတ် ဒုတိယသမ္မတ ဆက်ဒမ်ဟူစိန်ကို ရုရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်လာရန် ဖိတ်မန္တကပြုခဲ့၏။ သို့ကြောင့် ရုရှားနိုင်ငံသို့ ဆက်ဒမ် သွားခဲ့စဉ် ခေါင်းဆောင်ကြီးဂျိုးဇက်စတာလင်၏ ပင်လယ်နက်ကမ်းခြေ အနားယူစခန်းဂေဟာများကို သူ စိတ်ဝင်စားခဲ့သည်။ ယင်းတို့ကို အခြေခံ၍ အီရတ်နိုင်ငံ၌ နန်းတော်များ တည်ဆောက်ရန် သူ စိတ်ကူးရခဲ့သည်ဟု အများက ယုံကြည်ကြသည်။

ဆက်ဒမ်၏ ရုံးခန်းထဲမှ စာကြည့်တိုက်မှာ စတာလင်နှင့် သက်ဆိုင်သော စာအုပ် အများအပြားကို အမှတ်တရ သူ စုဆောင်းထား၏။ ယင်းတို့ကို စိတ်ဝင်တစား သူ ဖတ်ရှုလေ့လာမည်မှာတော့ သေချာသည်။ ခေါင်းဆောင်ကြီး စတာလင်ကို ရုရှားပြည်သူများက လေးစားကြည်ညိုလွန်း၍ ပုဂ္ဂိုလ်ရေး ဆည်းကပ်ကိုးကွယ်မှု ပြုသကဲ့သို့ သူ့ကိုလည်း အီရတ် ပြည်သူများက အလားတူ ပြုမူကြည်ညိုကြစေရန် အစီအမံများကို သူ ဖန်တီးလုပ်ဆောင်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သူ့ဓာတ်ပုံ၊ သူ့ပုံတူ ရုပ်ပုံနှင့် ရုပ်တုများ စသည်တို့ကို နိုင်ငံတစ်နံတစ်လျားမှာ ပြည်သူများ မြင်တွေ့ကြရအောင်လည်း သူစီစဉ်ထားသည်။ အီရတ် တောင်သူလယ်သမားတို့၏ အစဉ်အလာဝတ်စုံ ဖြစ်သော အာရပ် ဘီဒွိုယင်ဝတ်စုံ၊ အစ္စလာမ် ဘာသာဝင်တို့ ဘုရားဝတ်ပြုစဉ် ဝတ်ဆင်သည့်ဝတ်စုံ၊ လူမျိုးစုတို့၏ဝတ်စုံ၊ စစ်ဝတ်စုံ၊ သီးသန့်ချုပ်ထားသော ဝတ်စုံ၊ အနောက်တိုင်း ဝတ်စုံ စသည်တို့ကိုလည်း အလျဉ်းသင့်သလို သူ ဝတ်ဆင်သည်။ ထို့ပြင် စတာလင်၏ ပြောဆိုဆက်ဆံပုံ ဟန်အမူအရာ၊ ဝတ်စားဆင်ယင်မှု စသည်တို့ကိုလည်း သူ ဂရုတစိုက် တုပလေ့ရှိသည်ဟု ဆိုသည်။

**စီအင်န်အင်န်နှင့် အခြားသတင်းအစီအစဉ်များ**

ဆက်ဒမ်ဟူစိန်မှာ နိုင်ငံတကာ ဗဟုသုတ အားနည်းနေ၏။ ယင်းအခြေအနေကို သူကိုယ်တိုင်ကလည်း ကောင်းစွာ သဘောပေါက်သည်။ သို့ကြောင့် အားလပ်သော အချိန်များတွင် နိုင်ငံခြားမှ အာရပ်ဘာသာစာပေဖြင့် ထုတ်သော သတင်းစာ၊ ဂျာနယ် စသည်များမှ နိုင်ငံတကာသတင်းများ၊ အထူးသဖြင့် အနောက်တိုင်းသတင်းများကို အလေးပေး၍ စိတ်ဝင်တစား သူ ဖတ်ရှု၏။ ရေဒီယိုမှ ထုတ်လွှင့်သော နိုင်ငံခြားသတင်းများကိုလည်း ဂရုတစိုက် သူ နားထောင်သည်။ ရုပ်မြင်သံကြား ဖန်သားပြင်ပေါ်မှာလည်း စီအင်န်အင်န်နှင့် အခြားနိုင်ငံတကာ သတင်းအစီအစဉ်များ (CNN and other international news programs) ကို အချိန်ရသမျှ သူ ကြည့်ရှုလေ့လာသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ရုပ်ရှင် ဝတ္ထု ပြဇာတ်

ဆက်ဒမ်ဟူစိန်သည် အမေရိကန် လျှို့ဝှက်သည်းဖို ရုပ်ရှင်များ (American thriller movies) ကို နှစ်သက်၏။ စိတ်ကူးယဉ် အချစ်ဝတ္ထုများ (romance novels) ကိုလည်း သူကိုယ်တိုင် ရေးလေ့ရှိသည်။ မည်သူ တစ်ဦးတစ်ယောက်၏ အကူအညီမျှ မပါဘဲ သူ့ဝါသနာအလျောက် ရေးဖွဲ့ဟန်တူသည်။ ပြဇာတ်များကိုလည်း သူ ရေးသည်။ ၂၀၀၂ ခုနှစ် မေလဆန်းက ဆက်ဒမ်ဟူစိန်၏လက်ရာဟု အများက ယုံကြည်ကြသော ပြဇာတ် 'Zabibah and the King' (ဇာဘီဘာနှင့် ဘုရင်အကြောင်း)ကို ဘဂ္ဂဒက်မြို့တော်မှ ခေတ်မီပြဇာတ်ရုံတစ်ရုံတွင် ကပြတင်ဆက်ခဲ့သည်။ ဝတ္ထုတစ်ပုဒ်ကို အခြေခံ၍ ရေးဖွဲ့ထားသော ပြဇာတ်ဖြစ်၏။ ဘုရင်တစ်ပါးနှင့် သာမန်အမျိုးသမီးတစ်ဦး၏ အချစ်အကြောင်းကို စိတ်ဝင်စားစဖွယ် ဇာတ်အိမ်ဖွဲ့၍ ဇာတ်လမ်းဆင်ထားခြင်း ဖြစ်သည်။

## ကဗျာ လင်္ကာ

ထို့ပြင် ဆက်ဒမ်ဟူစိန်၏ ဖိတ်ကြားချက်အရ သူနှင့် လာရောက် တွေ့ဆုံသော အီဂျစ်ဇာတ်မင်းသား မိုဟမ္မက်ဆော့ဘ်ဟီ (Mohammed Sobhi) က ဆက်ဒမ်ဟူစိန်သည် အီရတ် ကဗျာလင်္ကာအကြောင်းနှင့် ပါလက်စတိုင်းပြဿနာတို့ကို ရေရေလည်လည် ရှင်းပြနိုင်စွမ်း ရှိသည်ဟု ချီးကျူးပြောဆိုသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## နိုင်ငံခြားရေးရာ

နိုင်ငံခြားရေးရာနှင့် ပတ်သက်၍ အရှေ့အလယ်ပိုင်းဒေသတွင် အီရတ်နိုင်ငံက ဦးဆောင်မှုအခန်းကဏ္ဍမှ ဆောင်ရွက်ခွင့်ရရန် ဆက်ဒမ်ဟူစိန် အစဉ်တစိုက် ကြိုးပမ်းခဲ့သည်။

အလျဉ်းသင့်၍ ယခင် ဖော်ပြခဲ့သည့်အတိုင်း ၁၉၇၂ ခုနှစ်တွင် အီရတ်နှင့် ဆိုဗီယက်ယူနီယံတို့ ၁၅ နှစ် အကူအညီပေးရေး စာချုပ်တစ်ရပ်ကို ချုပ်ဆိုနိုင်ခဲ့သဖြင့် ဆိုဗီယက် လက်နက် အမြောက်အမြား ရရှိခဲ့သည့်အပြင် ထောင်ပေါင်း အတော်များပြားသော ဆိုဗီယက် အကြံပေးပုဂ္ဂိုလ်များလည်း အီရတ်နိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ သို့ရာတွင် ၁၉၇၈ ခုနှစ်၌ အီရတ်ကွန်မြူနစ် ၂၁ ဦးကို ကွပ်မျက်၍ ကွန်မြူနစ်အင်အားစုကို အီရတ်အစိုးရက အပြင်းအထန် နှိမ်နင်းဖြိုခွင်းပြီး အနောက်နိုင်ငံများနှင့် ပြောင်းလဲကုန်သွယ်မှုတို့ကြောင့် အီရတ်နှင့် ဆိုဗီယက် နှစ်နိုင်ငံအကြားဆက်ဆံရေး သိသိသာသာ တင်းမာသွားခဲ့သည်။

ထိုအချိန်မှစ၍ ၁၉၉၁ ခုနှစ် ပါရှန်ပင်လယ်ကွေ့စစ်ပွဲ (the Persian Gulf War in 1991) မဖြစ်ပွားမီ ကာလအထိ အီရတ်နိုင်ငံသည် အနောက်နိုင်ငံများနှင့် အဆင်ပြေအောင် ပြောင်းလဲဆက်ဆံခဲ့သည်။

## အီရတ်-ပြင်သစ် ဆက်ဆံရေး

၁၉၇၃ ခုနှစ်တွင် ရေနံအကျပ်အတည်း ပြဿနာ (the oil crisis of 1973) ပေါ်ပေါက်ပြီးနောက် ပြင်သစ်နိုင်ငံသည်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အာရပ်နိုင်ငံများနှင့် ပို၍ အဆင်ပြေသော နိုင်ငံခြားရေးမူဝါဒကို ပြောင်းလဲချမှတ်ကျင့်သုံး၏။ သို့ကြောင့်ဆက်ဒမ်ကလည်း ပြင်သစ်နိုင်ငံနှင့် ရင်းနှီးစွာ ဆက်ဆံသည်။ ၁၉၇၆ ခုနှစ်တွင် ဆက်ဒမ်ဟူစိန်သည် ဒုတိယသမ္မတအနေဖြင့် ပြင်သစ်နိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ်ခရီး သွားရောက်ပြီး ပြင်သစ်နိုင်ငံရေးနှင့် စီးပွားရေး အသိုင်းအဝိုင်းတို့မှ ပုဂ္ဂိုလ်များနှင့် ရင်းနှီးမှုခိုင်မာအောင် ဆောင်ရွက်ခဲ့သည်။

## အီရန်-အီရတ် သဘောတူစာချုပ်

၁၉၇၅ ခုနှစ်ကလည်း ဆက်ဒမ်သည် နယ်စပ် အငြင်းပွားမှု ပဋိပက္ခများနှင့် ပတ်သက်၍ အီရတ်၏ အလျှော့ပေး လိုက်လျောချက်များ ပါဝင်သော သဘောတူစာချုပ်တစ်ခုကို အီရန်နှင့် ချုပ်ဆိုခဲ့၏။ ဤစာချုပ်အရ အီရန်က အီရတ်နိုင်ငံ မြောက်ပိုင်းမှ ပုန်ကန်ထကြွနေသော ကာ့ဒ်လူမျိုးများအား ကူညီထောက်ပံ့နေမှုကို ရပ်တန့်ပေးရန် သဘောတူလိုက်ရသည်။ ဤတွင် အီရတ်တပ်များက ကာ့ဒ်သူပုန်များကို အပြင်းအထန် နှိမ်နင်းချေမှုန်းပစ်လိုက်သည်။

၁၉၇၉ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် အီဂျစ်နှင့် အစ္စရေးနိုင်ငံတို့အကြား ချုပ်ဆိုသော ကင့်ပ်ဒေးဗစ် သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနား (the Camp David Accords) သို့ အာရပ် အတိုက်အခံများကို သမ္မတဆက်ဒမ်ဟူစိန် ဦးဆောင်၍ တက်ရောက်ခဲ့သည်။ ဤစာချုပ်အရ အီဂျစ်နှင့် အစ္စရေး နှစ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပေါင်း ၃၀ ကြာ စစ်ဖြစ်နေခြင်း ရပ်တန့်ပြီး နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ထူထောင်လိုက်ကြ၏။ ၁၉၈၂ ခုနှစ်တွင် အစ္စရေးနိုင်ငံက ယင်းတို့ သိမ်းပိုက်ထားသော ဆိုင်နိုင်းဒေသ (theSinai) ကို အီဂျစ်နိုင်ငံအား ပြန်ပေးလိုက်သည်။

**အီရတ် ဓာတ်ပေါင်းဖို အစ္စရေး ဖျက်ဆီး**

၁၉၇၈ ခုနှစ်ခန့်တွင် ဆက်ဒမ်ဟူစိန်သည် ပြင်သစ် အကူအညီဖြင့် ဘဂ္ဂဒက်မြို့တော်အနီးရှိ တူဝေသာ (Tuwaythah) ၌ ပထမဆုံး အီရတ်နျူကလီးယားဓာတ်ပေါင်းဖို (the first Iraqi nuclear reactor) တစ်ခုကို တည်ဆောက်ခဲ့သည်။ ယင်းကို ပြင်သစ်တို့က အိုစီရက် (Osirak) ဟု အမည်ပေးထား၏။ ၁၉၈၁ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် အဆိုပါ စမ်းသပ်အဆင့်ရှိ ဓာတ်ပေါင်း ဖိုကို အော်ပရာစစ်ဆင်ရေး (Operation Opera) အရ အစ္စရေး စစ်လေယာဉ်များက တိုက်ခိုက်ဖျက်ဆီးပစ်လိုက်သည်။ ယင်းကို အီရတ်တို့အနေနှင့် နျူကလီးယား လက်နက်ထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့်အတွက် မလွှဲသာ၍ တိုက်ခိုက်ဖျက်ဆီးရကြောင်း အစ္စရေးက အကြောင်းပြသည်။

**အီရန်-အီရတ် စစ်ပွဲ**

၁၉၇၉ ခုနှစ်တွင် အီရန်နိုင်ငံ ရှားဘုရင် မိုဟာမွက်ရေဇာ ပါလာဗွီ (Iran's Shah Mohammad Reza Pahlavi) ကို အစ္စလာမ်မစ် အခြေခံဝါဒီတော်လှန်ရေး (the Islamic fundamentalist revolution) ဖြင့် ဖြုတ်ချပြီး ဘာသာရေးခေါင်းဆောင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အယာတိုလာခိုမိနီ (Ayatollah Khomeini) က အစ္စလာမ်မစ် သမ္မတနိုင်ငံတော်ကို ထူထောင်လိုက်၏။ သည့်နောက် ၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် အီရန် အစ္စလာမ်မစ် စစ်သွေးကြွများက အမေရိကန်သံရုံးကို သိမ်းယူပြီး အမေရိကန်လူမျိုး ၆၂ ဦး အပါအဝင် သံရုံးဝန်ထမ်းများကို ဓားစာခံအဖြစ် ဖမ်းဆီးချုပ်နှောင်ထားသည်။ ဤဓားစာခံ အရေးအခင်းသည် အီရန်ပိုင်ဘဏ်စာရင်း၊ အရင်းအနှီး၊ ငွေကြေး စသည်တို့ကို ထုတ်ယူသုံးစွဲခြင်း မပြုနိုင်အောင် အမေရိကန် အာဏာပိုင်များက အမိန့်ဖြင့် ပိတ်ထားရာမှ တရားဝင် အသုံးပြုခွင့်ပြုသည့် သဘောတူညီချက်ကို ရရှိပြီးမှသာ ၁၉၈၁ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ပြီးဆုံးသွားခဲ့သည်။

**အီရန်ဘာသာရေး အစွန်းရောက် အယူအဆများ ပျံ့နှံ့**

အီရန် အစ္စလာမ်မစ်အခြေခံဝါဒီ တော်လှန်ရေးကြောင့် ယင်း၏ ဘာသာရေးအစွန်းရောက် အယူအဆများသည် အနီးပတ်ဝန်းကျင် နိုင်ငံများသို့တိုင် ပျံ့နှံ့သွားခဲ့၏။ အထူးသဖြင့် ဆက်ဒမ်၏ ခေတ်မီ လောကီရေးရာ အပြောင်းအလဲများကြောင့် ယခင်ကပင် ဘာသာရေးအရ မကျေမနပ် ဖြစ်နေကြသော ရှီးယိုက်လူများစုအတွင်းသို့ အဆိုပါ အယူအဆများသည် တောမီးပမာ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားတော့သည်။

**ကျောင်းတော်က ရန်စ**

ထို့ပြင် ဆက်ဒမ်နှင့် ခိုမိနီတို့ နှစ်ဦးအကြား ၁၉၇၀ ပြည့်လွန်နှစ်များ ကာလမှစ၍ ကျောင်းတော်က ရန်စ ရှိခဲ့ဖူး၏။ ၁၉၆၄

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ခုနှစ်တွင် အီရန် ရှားဘုရင်က ပြည်နှင်ဒဏ်ခတ်သဖြင့် ခိုမိနီသည် အီရတ်နိုင်ငံ တောင်ပိုင်းရှိ ရှီးယိုက်ဘာသာရေးမြို့ ဖြစ်သည့် အင်နာဂျပ်မြို့ (An Najaf) ၌ ခိုအောင်းနေခဲ့ရသည်။ ထိုစဉ်က နိုင်ငံရေးနှင့် ဘာသာရေး ရောယှက်သော သူ့အယူအဆများကို ရှီးယိုက်ဘာသာဝင်များအတွင်း သူ ဟောပြောဆွေးနွေး ဖြန့်ချိခဲ့၏။ ခိုမိနီ၏ ယင်းအပြုအမူကို ဆက်ဒမ်က လုံးဝမနှစ်မြို့။ သို့ဖြင့် အီရန်နှင့် အီရတ်တို့ ချုပ်ဆိုခဲ့သော ၁၉၇၅ ခုနှစ် စာချုပ်အရ အီရန် ရှားဘုရင်က ဖိအားပေးလာသောအခါ ဆက်ဒမ်က သဘောတူပြီး ၁၉၇၈ ခုနှစ်တွင် ခိုမိနီကို အီရတ်နိုင်ငံမှ နှင်ထုတ်လိုက်သည်။

အီရန်နိုင်ငံတွင် ခိုမိနီ အာဏာရလာသောအခါ ယင်းရန်စ ရန်မီးကြောင့် ရှီးယိုက်လူများစု ဖြစ်သည့် အီရတ်နိုင်ငံ၌ ဆက်ဒမ် အစိုးရ ပြုတ်ကျအောင် သူ လှုံ့ဆော်ဖန်တီးရန် အလားအလာ ရှိနေသည်။

## ရှတ်အဲလ် အာရပ်ရေကြောင်း ပြဿနာ

ထို့နောက် နယ်မြေ ပိုင်ဆိုင်ရေးအတွက် နှစ်နိုင်ငံအကြား အငြင်းပွားနေသော ရှတ်အဲလ် အာရပ်ရေကြောင်း (Shatt al-Arab waterway) နှင့် စပ်လျဉ်း၍ နယ်စပ်တွင် တစ်ဖက်နှင့် တစ်ဖက် မကြာခဏ ပစ်ခတ်တိုက်ခိုက်မှုများ ၁၀ လခန့်ကြာမျှ ဖြစ်ပွားခဲ့သည်။

## ဒါဝါပါတီ တစ်စခန်းထ

ထိုကာလအတွင်း ရှီးယိုက်မြေအောက်ပါတီ ဖြစ်သော အီရန် လိုလားသည့် ဒါဝါပါတီ (the pro-Iran Dawa Party)

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကလည်း တစ်စခန်းထလာ၏။ ၁၉၈၀ ပြည့်နှစ် ဧပြီလ ၁ ရက်နေ့တွင် ဘဂ္ဂဒက်မြို့တော်ရှိ မွတ်စတန်စီရီးယားတက္ကသိုလ် (Mustansiriyah University) ၌ အီရတ် ဒုတိယဝန်ကြီးချုပ် တာရစ်အဇစ် (Tariq Aziz) ကို ဒါဝါပါတီက တိုက်ခိုက်ခြင်း ဖြစ်ကြောင်း ယင်းပါတီက ကြေညာသည်။

**စာချုပ် ဖျက်သိမ်း**

စက်တင်ဘာလ ၄ ရက်နေ့တွင် နယ်စပ်အနီးရှိ အီရတ်မြို့များကို အီရန်က အချက်ပေါင်းများစွာ အမြောက်နှင့် လှမ်းပစ်၏။ အီရတ်က အီရန်၏ ယင်းတိုက်ခိုက်မှုကို အီရန်–အီရတ် စစ်ပွဲ အစဟု သဘောထားသည်။ သို့ကြောင့် အီရတ်နိုင်ငံက ၁၉၇၅ ခုနှစ်တွင် အီရန်နှင့် ချုပ်ဆိုထားသော စာချုပ်ကို ဖျက်သိမ်းလိုက်ကြောင်း စက်တင်ဘာလ ၁၇ ရက်နေ့မှာ ကြေညာသည်။

**ပြောင်ပြောင်တင်းတင်း တိုက်ခိုက်**

၁၉၈၀ ပြည့်နှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် အီရန်နှင့် အီရတ် တစ်ဖက်နှင့် တစ်ဖက် ပြောင်ပြောင်တင်းတင်း တိုက်ခိုက်ကြ၏။ ယင်းနေ့မှာပင် အီရတ်က အီရန်နိုင်ငံ မြို့တော် တီဟီရန်လေဆိပ် (Teheran airport) အပါအဝင် အီရန်လေတပ် အခြေစိုက်စခန်းများကို လေကြောင်းမှ အပြင်းအထန် စတင် တိုက်ခိုက်သည်။ စက်တင်ဘာလ ၂၃ ရက်နေ့တွင် အီရန် လေတပ်က အီရတ်နိုင်ငံ၏ စစ်ရေးနှင့် စီးပွားရေးပစ်မှတ်များ (military and economic targets) ကို သဲသဲမဲမဲ ဗုံးကြဲ တိုက်ခိုက်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## အကြောင်းရှာ ယိုးမယ်ဖွဲ့

အီရန်နှင့် စစ်မက်ဖြစ်ပွားရာတွင် အီရတ်က လိုးလွဲပြောဆိုရန် အကြောင်းရှာ ယိုးမယ်ဖွဲ့ပုံကတော့ နယ်မြေ ပိုင်ဆိုင်ရေး အငြင်းပွားမှုသာ ဖြစ်သည်ဟု ဆိုသည်။ တကယ်တော့ အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ယူနီယံ ကမ္ဘာ့အင်အားကြီး နှစ်နိုင်ငံစလုံး၏ ကူညီထောက်ပံ့မှုကို ရတောင့်ရခဲ တစ်ပြိုင်တည်း အပြည့်အဝ ရရှိထားသဖြင့် စစ်ပွဲ ဖြစ်ပွားရခြင်းသည် လက်သံပြောင်ပြောင်နှင့် စွမ်းစွမ်းတမံ တီးပြချင်သော အာဏာရှင် ဆက်ဒမ်ဟူစိန်ကြောင့် ပို၍ဖြစ်နိုင်ကြောင်း စစ်ရေး အကဲခတ်ပုဂ္ဂိုလ်များက နည်းလမ်းတကျ ခန့်မှန်းတွက်ဆကြသည်။

## အမေရိကန်နှင့် ရုရှား ကူညီ

အမေရိကန်နှင့် ရုရှား နှစ်နိုင်ငံစလုံးက အီရန်ပုံစံ တော်လှန်ရေးမျိုး အခြား အစ္စလာမ်နိုင်ငံများသို့ ကူးစက်ပျံ့နှံ့လာမည်ကို အထူးစိုးရိမ်ကြသောကြောင့် ဆက်ဒမ် ဦးဆောင်သော အီရတ်နိုင်ငံကို အိတ်သွန်ဖာမှောက် ကူညီထောက်ပံ့ကြခြင်းအားဖြင့် အီရန်–အီရတ် စစ်ပွဲတွင် အီရန်ကို အလဲထိုး အနိုင်ယူရန် ရည်ရွယ်ကြခြင်း ဖြစ်သည်။ ထို့ထက် ထိုနှစ်နိုင်ငံအနက် ရုရှားထက် အမေရိကန်က သံရုံးဓားစာခံ အရေးအခင်းတွင် ကမ္ဘာ့အလယ်မှာ မဟာအရှက်တော်ပုံ ကွဲပြီး ဖြစ်၍ စစ်ပွဲမှာ အီရန် နိုင်သည်ကို မည်သည့်နည်းနှင့်မျှ လိုလားနိုင်မည် မဟုတ်ချေ။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## အီရတ်တပ်များ ထိုးစစ်ဆင်

အီရန်နိုင်ငံ၏ ရေနံ ကြွယ်ဝပြီး အာရပ်လူမျိုး အများအပြား နေထိုင်ရာ ခူဇစ္စတန်ပြည်နယ် (province of Khuzistan) ကို အီရတ်တပ်များက အင်အား အလုံးအရင်းဖြင့် ထိုးစစ်ဆင် တိုက်ခိုက်စဉ် မဟာဗျူဟာကျသော အဘာဒန် (Abadan) နှင့် ခေါ်ရမ်ရှာရာဆိပ်ကမ်းမြို့ (the port city of Khorramshahr) ပတ်ဝန်းကျင်တွင် မြေပြင်တိုက်ပွဲများမှာ ကြောက်ခမန်းလိလိ ပြင်းထန်နေ၏။ အောက်တိုဘာလတွင် အီရတ်တပ်များက ခေါ်ရမ်ရှာရာ ဆိပ်ကမ်းမြို့ အပါအဝင် အီရန်နယ်မြေ တစ်စိတ် တစ်ဒေသကို သိမ်းပိုက်လိုက်သည်။

## အီရန်က လူလှိုင်းဖြင့် ပြန်တိုက်

၁၉၈၂ ခုနှစ် မေလတွင် အီရန်တပ်များက လူလှိုင်းများ ဖြင့် ပြင်းပြင်းထန်ထန် ပြန်လည်တိုက်ခိုက်ကာ အီရတ် လက်ထဲ သို့ ကျသွားသော မြို့ကို ပြန်သိမ်းယူပြီး အီရတ်တပ်များကို နိုင်ငံ နယ်နိမိတ် ပြင်ပသို့ မောင်းထုတ်လိုက်ကြသည်။

စစ်ပွဲ အစတွင် အီရတ်တပ်များက အထိုက်အလျောက် အောင်ပွဲဆင်နိုင်ခဲ့ကြ၏။ သို့ရာတွင် နောက်ပိုင်းကာလမှာ အီရတ် နိုင်ငံထက် လူဦးရေ ၃ ဆနီးပါးမျှ ပိုများသော အီရန်နိုင်ငံမှ တပ်များက လူလှိုင်းများကို အဓိက အသုံးပြု၍ ရှပ်ရှပ်ချုံချုံ ပြန် လည် တိုက်ခိုက်ကြသည်။ သို့ဖြင့် အီရတ်ဘက်မှာ အကျအဆုံး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အလွန်များပြားပြီး အရေးမလှသဖြင့် အီရန်နိုင်ငံမှ အပြေးအလွှား ပြန်ဆုတ်ခဲ့ရသည်။

## ဆက်ဒမ်၏ အမျက်ဒေါသ

သို့ကြောင့် ၁၉၈၂ ခုနှစ်တွင် အီရတ်နိုင်ငံက စစ်ပွဲကို ဖြစ်နိုင်သည့် နည်းဖြင့် အဆုံးသတ်ရန် နည်းလမ်းများ ရှာဖွေနေကြ၏။ ဤတွင် သမ္မတ ဆက်ဒမ်ဟူစိန်က ကက်ဘိနက် ဝန်ကြီးများထံမှ အကြံဉာဏ်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြရန် တောင်းခံသည်။ ထိုအခါ ကျန်းမာရေးဝန်ကြီး ရီယက်အီဘရာဟင် (Health Minister Riyadh Ibrahim) က ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဖြစ်မြောက်ရေးအတွက် သမ္မတကြီးအနေနှင့် ရာထူးမှ ခေတ္တဆင်းပေးရန် အကြံပြုတင်ပြ၏။ နောက်နေ့တွင် ဝန်ကြီး အီဘရာဟင်၏ ခုတ်ပိုင်းထားသော အလောင်း (Ibrahim's chopped up body) ကို သယ်ယူလာကြပြီး သူ့ဇနီးအား ပေးအပ်လိုက်ကြသည်ဟု ဆိုသည်။

## ပါရှန်ပင်လယ်ကွေ့သို့ စစ်ရေး တိုးချဲ့

၁၉၈၄ ခုနှစ် ဧပြီလအတွင်း အီရတ်နှင့် အီရန်တို့သည် ယင်းတို့ စစ်ပွဲကို ပါရှန်ပင်လယ်ကွေ့သို့ တိုးချဲ့ကြ၏။ သည့်အတွက် ရေနံတင်သင်္ဘော အတော်များများသည် ယင်းတို့ အတိုက်အခိုက် ခံကြရသည်။

## ကူဝိတ်က အီရတ်ဘက်မှ ကူညီ

အီရန်–အီရတ် စစ်ပွဲတွင် ကူဝိတ်နိုင်ငံက အီရတ်ဘက်မှ ပြတ်သားစွာ အားပေးကူညီ ထောက်ခံသဖြင့် အီရန်တို့က ကူဝိတ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရေနံတင်သင်္ဘောများကို အဓိက မဲ၍ မကြာခဏ လိုက်လံရှာဖွေ တိုက်ခိုက်ကြသည်။

၁၉၈၇ ခုနှစ် ဇူလိုင်လတွင် ပါရှန်ပင်လယ်ကွေ့၌ ကူဝိတ် ရေနံတင်သင်္ဘောများကို အမေရိကန် ရေတပ်စစ်သင်္ဘောများက စတင် စောင့်ကြပ် (U.S. Navy warships began escorting.) လိုက်ပါကြသည်။

## လက်နက်များဖြင့် ကျေးဇူးဆပ်

၁၉၈၆ ခုနှစ် နိုဝင်ဘာလတွင် အီရန်နိုင်ငံသို့ အမေရိကန် အထက်တန်းအရာရှိ အချို့ လျှို့ဝှက်သွားရောက်ပြီး လီဘနွန်နိုင်ငံမှာ အကြမ်းဖက်သမားများ ဖမ်းဆီးထားသော အမေရိကန် ဓားစာခံများ လွတ်မြောက်စေရန် အီရန်၏ အကူအညီအတွက် အတုံ့အလှည့် အဖြစ် လက်နက်များ ပေးခဲ့ကြောင်း သိရှိရသည်။

## မတော်တဆ မှားပစ်

၁၉၈၇ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ပါရှန်ပင်လယ်ကွေ့၌ ကင်းလှည့်နေသော အမေရိကန်ရေတပ် ဖရီးဂိတ်စစ်သင်္ဘော ယူအက်စ်အက်စ်စတာ့ခ် (USS Stark) ကို အီရတ် စစ်လေယာဉ် တစ်စင်းက ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်၏။ အမေရိကန် သင်္ဘောသား ၃၇ ယောက် အသက် ဆုံးရှုံးသွားသည်။ ယင်းဖြစ်ရပ်မှာ မတော်တဆ ဖြစ်ပျက်မှုသာ ဖြစ်သည်ဟု အကြောင်းပြပြီး အီရတ်က တောင်းပန်သဖြင့် ကျေအေးသွားသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## အမှည့်ခြွေစစ်

နှစ်ဖက်စလုံးက ကျူးလွန်သော ရက်စက်ကြမ်းကြုတ်မှုများကြောင့် ၂၀ ရာစုတွင် အရှည်ကြာဆုံးနှင့် အပျက်အစီး အများဆုံး အမှည့်ခြွေ စစ်များအနက် တစ်ခု အပါအဝင် ဖြစ်သော စစ်ပွဲအတွင်း ရှေ့မတိုးနိုင်ဘဲ နွံထဲ နစ်သလို ဖြစ်နေကြောင်း အီရတ်သည် ယင်း၏ အတွေ့အကြုံအရ လျှင်မြန်စွာ သဘောပေါက်လာသည်။

## ဟာလက်ဘ်ဂျာ လူသတ်ပွဲ

စစ်အတွင်း အီရန်တပ်များကိုရော ကာ့ဒ်ခွဲထွက်ရေးဝါဒီများကိုပါ ဓာတုလက်နက်များဖြင့် အီရတ်တို့က တိုက်ခိုက်ခဲ့၏။ ပြည်တွင်းမှ ကာ့ဒ် ပုန်ကန်ထကြွမှုကို အဆုံးသတ်ရန် ဆက်ဒမ်၏ အမိန့်အရ ၁၉၈၈ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ကာ့ဒ်လူမျိုးတို့၏ မြို့ဖြစ်သော အီရတ်နိုင်ငံ အရှေ့မြောက်ဘက်မှ အီရန်နယ်စပ်အနီးရှိ ဟာလက်ဘ်ဂျာ (Halabjah) ကို အဆိပ်ဓာတ်ငွေ့နှင့် အာရုံကြော ထိခိုက်စေသော ပစ္စည်းတို့ကို ရောထားသည့် ဓာတုအဆိပ်လက်နက်ဖြင့် ရက်ရက်စက်စက် တိုက်ခိုက်သောကြောင့် အမျိုးသမီးနှင့် ကလေးသူငယ် အများစု အပါအဝင် အနည်းဆုံးလူ ၅,၀၀၀ ခန့် အစုလိုက် အပြုံလိုက် သေဆုံးခဲ့ရသည်။ သေဆုံးသည့် လူအရေအတွက်နှင့် ပတ်သက်၍ ကွဲလွဲချက်တော့ ရှိနိုင်သည်။ အီရန်–အီရတ် စစ်ပွဲအတွင်း နှစ်ဖက်စလုံးက ဓာတုလက်နက်များကို အသုံးပြု၍ တိုက်ခိုက်ခဲ့ကြသည်မှာတော့ အမှန်ပင်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## အထူးစိုးရိမ်

အီရန်တို့သည် ပါရှန်လူမျိုး ဖြစ်ပြီး ယင်းတို့၏ ရှီးယိုက် အစ္စလာမ် ဘာသာရေး အစွန်းရောက် အယူအဆများ တစ်နည်းနည်းနှင့် ကူးစက်ပျံ့နှံ့လာမည်ကို အထူးစိုးရိမ်ကြသဖြင့် အိမ်နီးချင်း အာရပ်အစိုးရများက အီရတ်နိုင်ငံကို နိုင်ငံရေးအရ ထောက်ခံအားပေးရုံသာမက ငွေကြေးအားဖြင့်လည်း ကူညီရိုင်းပင်းခဲ့ကြသည်။

## ငြင်းပယ်

ဆက်ဒမ်၏ လောကီရေးရာအစိုးရ (secular government) ကို အမြစ်ဆုံး ဖြုတ်ချနိုင်ရန် မျှော်လင့်လျက် အီရတ်နိုင်ငံတောင်ပိုင်းမှ ရှီးယိုက်ပုန်ကန်မှုကို အစဉ်သွေးထိုးလှုံ့ဆော်ပေးနေသော အီရန်တို့ကမူ အပစ်အခတ် ရပ်စဲရေးကို ၁၉၈၈ ခုနှစ်ထိ အစဉ်တစိုက် ငြင်းပယ်နေခဲ့ကြသည်။

## မှား၍ ပစ်ချ

၁၉၈၈ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် အီရန်ပိုင် အရပ်ဘက်ခရီးသည်တင် ဂျက်လေယာဉ်ကြီးတစ်စင်းကို အက်ဖ် ၁၄ ဂျက်တိုက်လေယာဉ်ဟု မှားယွင်းစွာ ထင်မှတ်၍ အမေရိကန် ရေတပ်စစ်သင်္ဘောတစ်စင်းက ဒုံးကျည်ဖြင့် ပစ်ချလိုက်၏။ လေယာဉ်ပေါ်တွင် ပါသော ခရီးသည်နှင့် လေယာဉ် အမှုထမ်းအားလုံး စုစုပေါင်း လူ ၂၉၀ စလုံး သေဆုံးသွားသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## စစ်ပွဲ ရပ်ရေး အီရန် သဘောတူ

အီရန်သည် အီရတ်နှင့် လူသိန်းပေါင်းများစွာ အသေခံလျက် ၈ နှစ်ကြာ စစ်တိုက်နေရ၍ စစ်ပန်းနေသည့်အထဲ ဤခရီးသည်တင် လေယာဉ် ပြဿနာကြောင့် အမေရိကန်ပြည်ထောင်စုနှင့် ရင်ဆိုင်ထိတွေ့ ဆွေးနွေးရပြန်သဖြင့် တစ်ပူပေါ် နှစ်ပူဆင့်သလို ဖြစ်နေ၏။ သို့ကြောင့် နောက်လတွင် အီရန်–အီရတ် စစ်ပွဲ ရပ်စဲရေးအတွက် အီရန်က သဘောတူကြောင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ သဘောထားပေးရန် ဆုံးဖြတ်လိုက်သည်။

## စစ်ပွဲ ပြီးဆုံး

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အပစ်အခတ် ရပ်စဲရေး ဆုံးဖြတ်ချက်ကို နှစ်နိုင်ငံစလုံးက သဘောတူ လက်ခံကြသဖြင့် အီရန်–အီရတ် ၈ နှစ်ကြာ စစ်ပွဲသည် ၁၉၈၈ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ပြီးဆုံးသွားခဲ့၏။ နှစ်နိုင်ငံ စုစုပေါင်း အသေအပျောက် လူတစ်သန်းခန့် ရှိမည်ဟု တွက်ချက်ခန့်မှန်းကြသည်။ အခြား ခန့်မှန်းခြေစာရင်း တစ်ရပ်အရ ဤစစ်ပွဲတွင် အီရတ်တို့ဘက်က ၁၅၀,၀၀၀ နှင့် ၃၄၀,၀၀၀ အကြား သေဆုံး၍ အီရန်တို့ဘက်က ၄၅၀,၀၀၀ နှင့် ၇၃၀,၀၀၀ အကြား သေဆုံးနိုင်သည်ဟု အကိုးအကားများနှင့် ဆိုသည်။ ဤစစ်ကြီးတွင် အီရတ်၊ တူရကီနှင့် အီရန် သုံးနိုင်ငံ နယ်စပ်ရှိ တြိဂံနယ်မြေအတွင်း မှီတင်းနေထိုင်ကြသော ကာ့ဒ်လူမျိုး ၁၀၀,၀၀၀ ခန့်လည်း သေဆုံးမည်ဟု ခန့်မှန်းကြသည်။ နှစ်နိုင်ငံစလုံး၏ စီးပွားရေးသည် စစ်မဖြစ်ခင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



က အခြေအနေ ကောင်းမွန်ပြီး ဖွံ့ဖြိုးဆဲ ဖြစ်သော်ငြားလည်း စစ်အပြီးတွင်မူ အဖတ်ဆယ်၍ မရနိုင်လောက်အောင် ပျက်စီးကျန်ရစ်ခဲ့သည်ဟု ဆိုသည်။

## စစ်ကြွေး

အီရတ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက်ယူနီယံနှင့် အိမ်နီးနားချင်း အာရပ်နိုင်ငံများမှ အကူအညီအထောက်အပံ့ အတော်များများ ရရှိခဲ့သည့်တိုင်အောင် အကြမ်းဖျင်း စစ်ကြွေး (war debt) ယူအက်စ်ဒေါ်လာ ၇၅ ဘီလီယံခန့် တင်နေသေးသည်။ ထိုစာရင်းတွင် အီရန်ကို တိုက်ရန် ၁၉၈၀ ပြည့်လွန်နှစ်များအတွင်းက အခြား အာရပ်နိုင်ငံများမှ ဆက်ဒမ် ချေးယူခဲ့သည့် ချေးငွေများ ပါ မပါတော့ အတိအကျ ရှင်းလင်းချက် မတွေ့ရပေ။

## ငွေချေး

ယခုလည်း ဆက်ဒမ်သည် စစ်ပြီးချိန်တွင် အီရတ်နိုင်ငံ၏ အခြေခံ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေး (rebuilding Iraq's infrastructure) အပူတပြင်း လိုအပ်နေသဖြင့် နိုင်ငံရပ်ခြားတွင် အရေးတကြီး ငွေချေးရန် ကြိုးပမ်းရှာဖွေနေရသည်။ အမေရိကန်ပြည်ထောင်စုထံမှ မျက်နှာပြောင်တိုက်၍ ဆက်ဒမ် ငွေချေးယူသည်။ ဤတစ်ကြိမ်မှာတော့ စစ်ပြီးခေတ် အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေး (postwar reconstruction) အတွက် ငွေချေးရခြင်းသာ ဖြစ်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဤကား စစ်၏ ထင်ရှားသော အနိဋ္ဌာရုံ တစ်စိတ်တစ်ဒေသ မျှသာတည်း။

### အီရတ်နှင့် ကူဝိတ် ဆက်ဆံရေးတင်းမာ

အီရန်–အီရတ်စစ်ပွဲ နိဂုံးက အီရတ်နိုင်ငံနှင့် ယင်း၏ အိမ်နီးနားချင်း ကြွယ်ဝချမ်းသာသော စော်ဘွား အုပ်ချုပ်သည့် ကူဝိတ်နိုင်ငံတို့အကြား မီးခဲပြာဖုံး ဖြစ်နေသည့် တင်းမာမှု အခြေအနေ အရပ်ရပ် (latent tensions) ကို ပို၍ ကြီးထွားဆိုးရွားလာစေရန် လေပင့်ပေးလိုက်သလို ဖြစ်နေသည်။

### စောဒကတက်

အီရန်၏ စိုးမိုးမှုအောက် ကျရောက်အံ့ဆဲဆဲ ခြိမ်းခြောက်ခံနေရမှု (the imminent threat of Iranian domination) မှ ကူဝိတ်နိုင်ငံကို ချမ်းသာခွင့် ရစေသော စစ်ပွဲအဖြစ် အီရန်နှင့် ဖြစ်သည့် စစ်ပွဲကို ဆက်ဒမ်က ရှုမြင်သည်။ စင်စစ် ဆက်ဒမ်၏ အယူအဆအရ အီရတ်သည် အီရန်နှင့် စစ်တိုက်ခဲ့ရခြင်းမှာ ပါရှန်ပင်လယ်ကွေ့မှ အာရပ်နိုင်ငံများ အကျိုးစီးပွားအတွက်လည်း ဖြစ်သောကြောင့် အီရတ်၏ စစ်ကြွေးဝေပုံကျ (a share of Iraqi war debt) ကို ယင်းနိုင်ငံများအနေနှင့် လျှော်ပစ်သင့်သည်ဟု ဆက်ဒမ်က စောဒကတက်သည်။

### ကြွေးလျှော်ပစ်ရန် ငြင်းဆန်

ဖော်ပြပါ အမြင်နှင့် သဘောထားအရ စစ်အတွင်းက ကူဝိတ်ထံမှ အီရတ် ချေးယူခဲ့သော အကြွေးစုစုပေါင်း ယူအက်စ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဒေါ်လာ ၃၀ ဘီလီယံခန့်ကို ကူဝိတ်နိုင်ငံက လျှော်ပစ်ရန် ဆက်ဒမ်က အလေးအနက် တိုက်တွန်းခဲ့သည်။ သို့သော် ကူဝိတ်က လက်မခံ။ အကျောက်အကန် ငြင်းဆန်သည်။

**မေတ္တာရပ်ခံ**

ထို့ပြင် စစ်ပြီးခေတ် နိုင်ငံ ပြန်လည်ထူထောင်ရေး (post-war reconstruction) အတွက် အီရတ်နိုင်ငံအဖို့ ဝင်ငွေအမြောက်အမြား ပိုမိုရရှိအောင် ရေနံရောင်းနိုင်ငံများက ရေနံထုတ်လုပ်မှု လျှော့ချပြီး ရေနံဈေးနှုန်း မြှင့်တင်ပေးရန် ယင်းတို့အား ဆက်ဒမ်က အလေးအနက် မေတ္တာရပ်ခံသည်။

**ရေနံ ဖိထုတ်**

အီရတ်အနေနှင့် ယင်းသို့ မေတ္တာရပ်ခံလင့်ကစား ကူဝိတ်နိုင်ငံက ရေနံလျှော့ထုတ်ရန် ငြင်းဆန်၏။ ထို့ပြင် တစ်ဖက်မှ မေတ္တာရပ်ခံချက်ကို အလေးမထားရုံသာမက ရေနံရောင်းနိုင်ငံများအဖွဲ့ (OPEC) အတွင်း ဆက်ဒမ် တိုက်တွန်းသော ရေနံထုတ်လုပ်မှုလျှော့ချရေး အဆိုပြုချက်ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်သည့် အတိုက်အခံ အုပ်စုကို ကူဝိတ်က ဦးဆောင်ဦးရွက်ပြုသေးသည်။ အီရတ်အနေနှင့် ယင်း၏ များပြားကြီးမားလှသော စစ်ကြွေး ဝန်ထုပ်ဝန်ပိုးကြီး အလျှင်အမြန် ပေါ့ပါးသွားအောင် အချိန်မီ ကြွေးပေးဆပ်နိုင်ရန် ရေနံကို ဈေးမြင့်မြင့်နှင့် ရောင်းချလိုသော အာသာဆန္ဒ ပြင်းပြနေသည့် အခါသမယတွင်မှ ကူဝိတ်နိုင်ငံက အိုပက်၏ သတ်မှတ်ပေးချက်ထက် ကျော်လွန်၍ အသား

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကုန် ရေနံ ဖိထုတ်နေပြန်၏။ (Kuwait was pumping large amounts of oil.) ကူဝိတ်အပြင် အခြားအဖွဲ့ဝင်နိုင်ငံ အတော်များများကလည်း သတ်မှတ်ချက်ထက် ရေနံပိုထုတ်နေကြသည်။ သို့ဖြင့် ရေနံ ကာလပေါက်ဈေးနှုန်းမှာ တစ်နေ့တခြား ကျဆင်းသွားတော့သည်။

**ခံစားရ**

ဤကာလအတွင်း အခြေအနေက တောင်းဆိုနေသော ပြဿနာတစ်ရပ် ရှိသေး၏။ ယင်းမှာ အခြား မဟုတ်။ အီရတ်နှင့် ကူဝိတ် နှစ်နိုင်ငံအကြား တည်ရှိနေသော နယ်နိမိတ်မျဉ်း အတားအဆီးကြောင့် အီရတ်နိုင်ငံအနေနှင့် ပါရှန်ပင်လယ်ကွေ့သို့ ထွက်ပေါက် ကျဉ်းပြီး ပြင်ပကမ္ဘာနှင့် ရေကြောင်းအဆက်အသွယ် အဆင်ပြေသင့်သလောက် မပြေနိုင်သည့်အခြေဆိုက်နေသည်။ ယင်းကို ၁၉၂၂ ခုနှစ်ကပင် နယ်ချဲ့ဗြိတိသျှ အင်ပါယာ အရာရှိကြီးတွေက မတရားသဖြင့် သမိုင်းမှာ အမှားတစ်ကွက်ကို တမင်ဖန်တီးကျူးလွန်ခဲ့ကြသောကြောင့် အီရတ်နိုင်ငံအဖို့ ယခုကဲ့သို့ ကြမ္မာဆိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရခြင်း ဖြစ်သည်ဟု ဆက်ဒမ်ဟူစိန်အနေနှင့် ခံစားရသည်။

**ကူဝိတ်သည် အီရတ်၏ အစိတ်အပိုင်းဟု**

ကူဝိတ်သည် အီရတ်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုဟု ယုံကြည်သည်မှာ တကယ်တော့ ဆက်ဒမ် တစ်ဦးတည်း မဟုတ်။ အနည်းဆုံး ရာစုနှစ်ဝက်ခန့်တိုင်တိုင် ကူဝိတ်သည် ရှေးသမိုင်း အထောက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အထားများအရ အီရတ်နိုင်ငံမှ သီးခြားခွဲထုတ်၍ မရနိုင်သော နယ်မြေအစိတ်အပိုင်းတစ်ခုသာ ဖြစ်သည်၊ နယ်ချဲ့ဗြိတိသျှတို့၏ ယုတ်မာပက်စက်သော အကွက်ဆင် လုပ်ကြံမှုကြောင့် ကူဝိတ်သည် နိုင်ငံတစ်ခုအဖြစ် တသီးတခြား ရပ်တည်လာနိုင်ခဲ့ခြင်း ဖြစ်သည်ဟု အီရတ်မျိုးချစ်များ (Iraqi nationalists) ကလည်း အခိုင်အမာ သက်ဝင်ယုံကြည်ကြသည်။ သို့ကြောင့် ဤယုံကြည်ချက်ကို သူတို့က ပြတ်သားစွာ အားပေးထောက်ခံကြခြင်း ဖြစ်သည်။ သူတို့သာမက ယင်းသို့ ယုံကြည်ထောက်ခံသူ အခြား အီရတ်လူမျိုး အများအပြား ရှိသေးသည်။

**. ယုံကြည်ချက် ပြန်လည်ဆန်းသစ်**

စင်စစ် သိသာထင်ရှားသော လူမှုရေး၊ လူမျိုးနွယ်စုရေး၊ ဘာသာရေးနှင့် သဘောတရားရေး ကွဲပြားမှုများ ကြီးကြီးမားမား ရှိသော နိုင်ငံတစ်နိုင်ငံတွင် စည်းလုံးညီညွတ်သော နိုင်ငံရေး အင်အားစုတစ်ရပ် အခိုင်အမာ ပေါ်ထွန်းလာစေရန် ရည်သန် ရေးသားကြသော ဆောင်းပါးအနည်းငယ်အနက် တစ်ခု အပါ အဝင် ဖြစ်သည့် ဆောင်းပါးတစ်ပုဒ်အရ ဤယုံကြည်ချက် ပြန်လည်ဆန်းသစ်လာခဲ့ခြင်း ဖြစ်သည်။

**အရန် ရေနံပမာဏ**

ကူဝိတ်၏ အရန်ရေနံ (oil reserves) ပမာဏ ကြီးမား လွန်းမှုကြောင့် ဒေသတွင်း တင်းမာမှုကို ပိုမိုကြီးထွားစေသည်။ လူဦးရေ ၂ သန်းမျှသာ ရှိသော ကူဝိတ်၏ အရန်ရေနံသည် လူဦးရေ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



၂၆ သန်းကျော် ရှိသော အီရတ်၏အရန်ရေနံနှင့် အကြမ်းဖျင်း အားဖြင့် တူညီနေသည်။ အီရတ်နှင့် ကူဝိတ် နှစ်နိုင်ငံပေါင်း အရန် ရေနံသည် ကမ္ဘာ့စာရင်းဝင် အရန်ရေနံ၏ ၂၀ ရာခိုင်နှုန်းခန့် ရှိ သည်။ တရားဝင် သတ်မှတ်ချက်နှင့်အညီ နှိုင်းယှဉ်ချက်အရဆိုမူ ဆော်ဒီအာရေဗျနိုင်ငံက အရန်ရေနံ ၂၅ ရာခိုင်နှုန်း သိုလှောင် ထားနိုင်သည်။

## စွပ်စွဲ

ထို့ပြင် ကူဝိတ်နှင့် အငြင်းပွားနေသော နယ်စပ်ဒေသ အတွင်း ကျရောက်သည်ဟု အီရတ်က ယူဆသော ရေနံတွင်းများ မှ ကူဝိတ် အုပ်ချုပ်သူ စော်ဘွားက တမင်စွေစောင်းလျက် ရေနံ တူးဖော်ထုတ်လုပ်သည် (the Kuwaiti monarchy had slant drilled oil) ဟု ဆက်ဒမ်က သဲကြီးမဲကြီး စွပ်စွဲသည်။ အမြဲစောဒကတက်သည်။

## အိုပက်အဖွဲ့သို့ တင်ပြ

ထိုပြဿနာကို အီရတ်က အိုပက်အဖွဲ့သို့ အကြိမ်ကြိမ် တင်ပြခဲ့လင့်ကစား အရာမရောက်ခဲ့။ အီရတ်ကို အပယ်ခံနိုင်ငံ တစ်ခုသဖွယ် (as a pariah state) သဘောထားပြီး အဖွဲ့ဝင် နိုင်ငံများက အလေးမထားကြ။

ကူဝိတ်က တမင်တကာ စွေစောင်း၍ ရေနံ ထုတ်လုပ်သည့် ပြဿနာကို မကျေနပ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



(the U.S. State Department) သို့လည်း လိုအပ်သလို ညှိနှိုင်း ဆောင်ရွက်ရန် ဆက်ဒမ်က တင်ပြနိုင်သည်။

**ရေနံမှ ရမည့် ငွေလို**

သို့ဖြင့် ဤပြဿနာသည် နှစ်ပေါင်းများစွာ ရှည်ကြာလာသည့်တိုင် ပြေလည်မှု မရခဲ့။ ယခုအခါ အီရတ်အဖို့ ပေါ်ပေါက်လာမည့် စီးပွားရေး အကျပ်အတည်းကို တားဆီးနိုင်ရန် ရေနံမှ ရမည့်ငွေ (oil money) အရေးတကြီး လိုအပ်နေပြီ။

**တပ်ချီတက်ရန် အမိန့်ပေး**

ဒေသဆိုင်ရာ အရေးအခင်းများ (regional affairs) မှာ ဩဇာအရှိန်အဝါကို ထိရောက်စွာ အသုံးပြုနိုင်သော တိုက်ပွဲ အတွေ့အကြုံများပြီး ခေတ်မီလက်နက် အပြည့်အစုံ တပ်ဆင်ထားသော စစ်သည်အင်အား တစ်သန်း ရှိသည့် တပ်မတော်တစ်ရပ် ဆက်ဒမ်မှာ အားကိုးစရာ ရှိနေသေးသည် မဟုတ်တုံလော။

မကြာမီ သူ့တပ် ၅၀၀,၀၀၀ ခန့်ကို အီရတ်–ကူဝိတ် နယ်စပ်သို့ ချီတက်ရန် ဆက်ဒမ်ဟူစိန်က အမိန့်ပေးလိုက်သည်။

**အမေရိကန်၏ သဘောထား**

အီရတ်နှင့် ကူဝိတ် ဆက်ဆံရေး လျင်မြန်စွာ ယိုယွင်းဆိုးရွားလာနေစဉ် အကယ်၍ ကူဝိတ်ကို အီရတ်က ကျူးကျော်သိမ်းပိုက်ခဲ့လျှင် ယင်းအရေးအခင်းအပေါ် အမေရိကန်ပြည်ထောင်စုက တုံ့ပြန်လာနိုင်ဖွယ်ရှိသည့် အလားအလာ (prospects) နှင့်စပ်လျဉ်း၍ ဆက်ဒမ် အနေနှင့် ကွဲလွဲသောသတင်းများ (conflicting information) ကိုသာ ရရှိသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## တစ်ချက်ခုတ် နှစ်ချက်ပြတ် နည်းဗျူဟာ

နိုင်လုံသော သတင်းတစ်ရပ်၏ အဆိုအရ အမေရိကန် ပြည်ထောင်စုသည် အီရတ်နိုင်ငံနှင့် အကြမ်းဖျင်းအားဖြင့် ဆယ်စုနှစ် တစ်ခုခန့် အပြုသဘောဆန်သော ဆက်ဆံရေး (construction relationship) ကို လက်တွေ့ ကျင့်သုံးခဲ့၏။

သမ္မတရီဂင်အစိုးရ (the Reagan administration) သည် အီရန်ကို တိုက်ရန် ၁၉၈၀ ပြည့်လွန်နှစ်များ ကာလက ဆက်ဒမ်ဟူစိန်ကို ယူအက်စ်ဒေါ်လာ ဘီလီယံ ၄၀ ခန့် ကူညီထောက်ပံ့ခဲ့၏။ ငွေကြေးအားလုံးနီးနီးကို အကြွေးစနစ်ဖြင့် ပေးခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် အီရတ်နိုင်ငံသည် ဆိုဗီယက်ယူနီယံနှင့် ခိုင်မာသော မဟာမိတ်ဖွဲ့စည်းမှု (forming a strong alliance) မပြုလုပ်စေရန် အမေရိကန်ပြည်ထောင်စုက ဆက်ဒမ်ဟူစိန်ထံသို့ ယူအက်စ်ဒေါ်လာ ဘီလီယံပေါင်းများစွာကိုလည်း နောက်ထပ် ပေးပို့ခဲ့သေးသည်။

သို့ဖြစ်၍ ဆက်ဒမ်ဟူစိန် အုပ်ချုပ်ကွပ်ကဲသော အီရတ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စု၏ ကူညီထောက်ပံ့မှုကို တတိယမြောက် အများဆုံး လက်ခံရရှိသော နိုင်ငံ (the third-largest recipient of US assistance) ဖြစ်လာခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ဤမျှ ရက်ရောလွန်းခြင်းမှာ အာဏာရှင်ဆက်ဒမ်ဟူစိန်ကို အသုံးချ၍ ယင်း၏ရန်သူ ဘာသာရေး အစွန်းရောက်သော အီရန်ကို အလဲထိုးရန်နှင့် ကွန်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မြို့နစ်အင်အားကို ဖြိုခွဲရန် 'တစ်ချက်ခုတ် နှစ်ချက်ပြတ်နည်း ဗျူဟာ'ကို ထိထိမိမိ ကျင့်သုံးလိုသောကြောင့် ဖြစ်တန်ရာသည်။ သို့ကြောင့် နှောင်ကြိုးပါသော အကူအညီ တစ်ပုံတစ်ခေါင်းကို ပုံအောခြင်း ဖြစ်သည်။

**သဘောထား တီးခေါက်**

အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး အေပရယ် လ်ဂလပ်စပီ (April Glaspie) သည် ဇူလိုင်လ ၂၅ ရက်နေ့တွင် အရေးပေါ်အစည်းအဝေး (emergency meeting) တစ်ရပ်၌ သမ္မတဆက်ဒန်ဟူစိန်နှင့် တွေ့ဆုံ၏။ အဆိုပါ စည်းဝေးပွဲတွင် အီရတ်ခေါင်းဆောင်က အီရတ်–ကူဝိတ် ပြဿနာနှင့် ပတ်သက် ၍ သူ့ရည်ရွယ်ချက်ကို ဦးစွာပြောကြား၏။ ပြီး.. ကူဝိတ်နှင့် ဆက်လက်ဆွေးနွေးဦးမည်ဟု သူက ဆက်ပြောသည်။

**ရှင်းပြ**

သံအမတ်ကြီး ဦးဆောင်သော အမေရိကန်အရာရှိများက သမ္မတဂျော့ချ်ဘုရှ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဂျိမ်းစ်ဘေကာ (James·Baker) တို့သည် အင်အားအသုံးပြုမှုကို မလိုလားကြ၍ သို့ဖြစ်၍ အမေရိကန်ပြည်ထောင်စုအနေနှင့် ညှိနှိုင်းဆွေးနွေး အဖြေရှာသော နည်းလမ်းကိုသာ အကျိုးရှိရှိ အသုံးပြုမည်၊ အီရတ် –ကူဝိတ် နယ်နိမိတ် အငြင်းပွားမှု (Iraqi-Kuwait boundary dispute) တွင်လည်း ယင်းက တစ်စုံတစ်ရာ ပါဝင်ပတ်သက် မည် မဟုတ်ဟု သူတို့က အလေးအနက် ရှင်းပြသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## အမေရိကန် ပါဝင်မည် မဟုတ်

အမေရိကန်အမျိုးသမီး သံအမတ်ကြီး ဂလပ်စပီက သမ္မတဆက်ဒမ်ဟူစိန်နှင့် တွေ့ဆုံစဉ် မည်သို့ချဉ်းကပ် ဆွေးနွေးပြောကြားခဲ့သည် ဖြစ်စေ ၁၉၈၀ ပြည့်လွန်နှစ်များတွင် အီရတ်နှင့် ဆက်ဆံရေး တည်ဆောက်ရာမှာ (in building relations with Iraq) အမေရိကန်ပြည်ထောင်စုက ယူအက်စ်ဒေါ်လာ တစ်ပုံတစ်ခေါင်း ရင်းနှီးမြှုပ်နှံပြီး ဖြစ်သောကြောင့် ကူဝိတ်နိုင်ငံအရေးမှုဖြင့် ယင်းတို့ကို အလဟဿ အဆုံးရှုံးခံမည် မဟုတ်ဟု အီရတ်တို့ဘက်က အပိုင်တွက်ချက် မှတ်ယူပြီး ဖြစ်သည်။

## ပြေလည်မှု မရ

နောက်ပိုင်းတွင် အီရတ်နှင့် ကူဝိတ်တို့ နောက်ဆုံးအကြိမ်တွေ့ဆုံညှိနှိုင်းဆွေးနွေး အဖြေရှာခဲ့ကြသော်ငြားလည်း ပြေလည်မှုမရ။ သဲထဲ ရေသွန်သလိုသာ အချည်းနှီး ဖြစ်သည်။

## တပ်များ ဝင်ရန် အမိန့်ပေး

သည့်နောက် အာဏာရှင် ဆက်ဒမ်ဟူစိန်သည် စိတ်မရှည်သည်းမခံနိုင်တော့ဘဲ အင်အားရှိသူ အနိုင်ယူ (Might is right.) ဟူသော သဘောထားဖြင့် သူ့တပ်များကို ကူဝိတ်နိုင်ငံထဲသို့ ချီတက်ရန် အမိန့်ပေးလိုက်လေတော့သည်။

## ပါရှန်ပင်လယ်ကွေ့စစ်ပွဲ

ကူဝိတ်နိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စိုးမိုးသော ဘုရင့်အုပ်ချုပ်ရေးစနစ် (Constitutional Monarchy)

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကို ကျင့်သုံးသည့် နိုင်ငံ ဖြစ်၏။ နိုင်ငံ့ဦးသျှောင်အဖြစ် ဘုရင်အစားစော်ဘွားက အုပ်ချုပ်သည်။ နိုင်ငံ၏ အကျယ်အဝန်းသည် စတုရန်းမိုင် ၆,၈၈၀ သာ ကျယ်ဝန်းသည်။ မြို့တော်မှာ ကူဝိတ်စီတီ (Kuwait City) ဖြစ်၏။ အီရတ် နယ်စပ်နှင့် မိုင် ၈၀ ခန့်သာ ကွာဝေးသည်။

ကူဝိတ်လူမျိုး(အာရပ်)က ၄၅ ရာခိုင်နှုန်း၊ အခြား အာရပ်လူမျိုး ၃၅ ရာခိုင်နှုန်း ရှိ၏။ အစ္စလာမ်ဘာသာဝင် ၈၅ ရာခိုင်နှုန်းရှိသည်။ အာရပ်ဘာသာစကားက ရုံးသုံး ဖြစ်သည်။ ကူဝိတ်သည် နိုင်ငံကလေးမျှသာ ဖြစ်သော်ငြားလည်း အဓိကအားဖြင့် ရေနံကြောင့် ကြွယ်ဝချမ်းသာသောနိုင်ငံ ဖြစ်၏။ အရှေ့အလယ်ပိုင်းဒေသမှ ပါရှန်ပင်လယ်ကွေ့တွင် ကူဝိတ်နိုင်ငံသည် ပထဝီဝင်အနေအထားအရရော ကုန်သွယ်ရေး၊ ရေကြောင်း ခရီးသွားလာရေး၊ စစ်ရေးအရပါ အလွန်တရာ အရေးပါ၍ အချက်အချာကျသော ဒေသတစ်ခု ဖြစ်သည်။

အီရတ်နိုင်ငံက ကူဝိတ်သည် ယင်း၏ ၁၉ ခုမြောက်ပြည်နယ် (its 19th province) ဖြစ်သည်ဟု ကြေညာလျက် ၁၉၉၀ ပြည့်နှစ် ဩဂုတ်လ ၂ ရက်နေ့ နံနက် ၂ နာရီတွင် **အီရတ်စစ်သည်အင်အား တစ်သိန်းကျော်ဖြင့် ကူဝိတ်နိုင်ငံထဲသို့ ကျူးကျော်ဝင်ရောက်၏။ တပ်ဦးမှ** တင့်ကားများ၊ နောက်မှ သံချပ်ကာကားများ၊ ယင်းနောက်မှ **စစ်မော်တော်ယာဉ်များဖြင့် အီရတ်တပ်များချီတက်လာခဲ့ကြသည်။**

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



စစ်သည်အင်အား ၂၀,၀၀၀ ကျော်မျှသာ ရှိသော ကူဝိတ်တပ်များသည် ရန်သူ့စစ်အင်အားနှင့် မည်သို့မျှ မယှဉ်သာသဖြင့် အဆက်မပြတ်လိုလိုပင် နောက်ဆုတ်ပေးနေကြရ၏။ သို့ဖြင့် နေ့ဝက်သာသာခန့်တွင် အီရတ်တပ်များက ကူဝိတ်မြို့တော်နှင့် တကွ တစ်နိုင်ငံလုံးကို အလွယ်တကူ သိမ်းပိုက်လိုက်သည်။

**ဆော်ဒီအာရေဗျက ကူညီစောင့်ရှောက်**

ကူဝိတ်စော်ဘွား (Emir of Kuwait) နှင့် ကက်ဘိနက်ဝန်ကြီးများသည် အဝေးရောက် အစိုးရအဖွဲ့ကို ဖွဲ့စည်းလှုပ်ရှားရန် အီရတ်တပ်များ မရောက်မီကပင် အိမ်နီးချင်း ဆော်ဒီအာရေဗျသို့ ရဟတ်ယာဉ်များဖြင့် ဦးစွာ အဆောတလျင် ထွက်ခွာသွားကြ၏။ ဆော်ဒီအာရေဗျနိုင်ငံကလည်း ကူဝိတ်တော်ဝင်မိသားစု (the Kuwait royal family)၊ ကူဝိတ်အစိုးရအဖွဲ့နှင့် သေပြေးရှင်ပြေး ထွက်ပြေးခိုလှုံလာကြသော ကူဝိတ်စစ်ဘေးဒုက္ခသည် ၄၀၀,၀၀၀ ကျော်တို့ကို ဂရုတစိုက် ကူညီစောင့်ရှောက်လက်ခံထားသည်။

**စီးပွားရေး ပိတ်ဆို့**

အမေရိကန်သမ္မတ ဂျော့ချ်ဘုရှ်က အီရတ်၏ ကျူးကျော်ဝင်ရောက်မှု စစ်သတင်းကို ကြားသိလျှင် သိခြင်း အပြင်းအထန်ပြစ်တင်ရှုတ်ချပြီး အီရတ်နိုင်ငံနှင့် ယင်း၏ သိမ်းပိုက်ခံ ကူဝိတ်နိုင်ငံတို့ကို စီးပွားရေး ပိတ်ဆို့ရန်နှင့် အမေရိကန်ပြည်ထောင်စုရှိ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ယင်းတို့၏ ဘဏ်စာရင်း၊ ငွေကြေး၊ အရင်းအနှီး စသည်တို့ကို အသုံးမပြုနိုင်အောင် ပိတ်ပင်တားဆီးရန် အမိန့်ပေးလိုက်သည်။

**ချက်ချင်း ပြန်ဆုတ်ရန် ကုလက တောင်းဆို**

ထိုနေ့မှာပင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေး ကျင်းပ၍ ဆုံးဖြတ်ချက်အမှတ် ၆၆၀ (Resolution 660) ကို ချမှတ်ကာ အီရတ်နိုင်ငံ၏ ကျူးကျော်ဝင်ရောက် သိမ်းပိုက်မှုကို ရှုတ်ချပြီး ကူဝိတ်နိုင်ငံမှ အီရတ်တပ်အားလုံး ချက်ချင်းနှင့် ခြွင်းချက်မရှိ ပြန်လည်ဆုတ်ခွာရန် တောင်းဆိုလိုက်သည်။

**ထိန်းချုပ်**

ကိုယ်ပိုင်ရေနံမြေ အများအပြား ရှိ၍ ပါရှန်ပင်လယ်ကွေ့ ဒေသ၏ အရန်ရေနံ ၂၀ ရာခိုင်နှုန်း (20 percent of the Persian Gulf reserves) ရှိသော ကူဝိတ်နိုင်ငံကို အီရတ်က ကျူးကျော် သိမ်းပိုက်လိုက်ပြီးနောက် ကူဝိတ်၏ ရေနံမြေများနှင့် အရန်ရေနံ တို့ကို ဆက်ဒမ်က ထိန်းချုပ်လိုက်သည်။

**ရေနံ အကျပ်အတည်း ပြဿနာနှင့် ကြုံတွေ့**

စစ်ကြောင့် အီရတ်နိုင်ငံမှာ ရေနံ ထုတ်လုပ်မှု လျော့နည်းနေ၏။ ကူဝိတ်နိုင်ငံကလည်း ရေနံ လုံးဝမထုတ်လုပ်နိုင်။ စစ်ဒဏ်ကို ၈ နှစ်တိုင်တိုင် အလူးအလဲ ခံခဲ့ရသော အီရန်နိုင်ငံလည်း ကောင်းစွာ နာလန်မထူနိုင်သေးသဖြင့် ရေနံများများစားစား မတင်ပို့နိုင်သေး။ စစ်ကြောင့် ပါရှန်ပင်လယ်ကွေ့တွင်လည်း ရေနံတင်သင်္ဘောများ လွတ်လပ်စွာ သွားလာရန် မလွယ်။ ပါရှန်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပင်လယ်ကွေ့နိုင်ငံများသို့လည်း ယင်းတို့ဝင်ထွက်ရန် အခက်အခဲရှိ၏။ အန္တရာယ်ကလည်း မသေးလှ။ သို့ကြောင့် နိုင်ငံတကာတွင် ရေနံ အကျပ်အတည်းပြဿနာနှင့် လောလောဆယ် ကြုံတွေ့ရင်ဆိုင်နေကြရသည်။

**ကုလက စီးပွားရေး ပိတ်ဆို့**

ဩဂုတ်လ ၆ ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၆၆၁ ကို ချမှတ်ပြီး အီရတ်နိုင်ငံနှင့် သိမ်းပိုက်ခံ ကူဝိတ်နိုင်ငံတို့အပေါ် ကျယ်ပြန့်သော ကုန်သွယ်ရေး ပိတ်ပင်သည့် အမိန့် (a broad trade embargo) ကို ထုတ်ပြန်ကြေညာလိုက်သည်။ ယင်းတို့အပေါ် ထိုသို့ စီးပွားရေး ပိတ်ဆို့အရေးယူမှုကို ဖောက်ဖျက်ခဲ့လျှင် ထိရောက်စွာ ကာကွယ်နိုင်ရေးအတွက် လိုအပ်သလို အင်အား အသုံးပြုနိုင်ရန် နောက် ၁၉ ရက်အကြာ ဩဂုတ်လ ၂၅ ရက်နေ့တွင် လုံခြုံရေးကောင်စီက ပါရှန်ပင်လယ်ကွေ့ ပတ်ဝန်းကျင်ရှိ မဟာမိတ်ရေတပ်ဖွဲ့များ (naval forces) ကို လုပ်ပိုင်ခွင့် အာဏာ လွှဲအပ်လိုက်သည်။

**အမေရိကန်တပ်များ စေလွှတ်**

ဆော်ဒီအာရေဗျဘုရင် ဖာ့ဒ် (King Fahad) ၏ မေတ္တာရပ်ခံချက်အရ သမ္မတဘုရှ်ကလည်း ဩဂုတ်လ ၆ ရက်နှင့် ၇ ရက်အတွင်း ဆော်ဒီအာရေဗျနိုင်ငံသို့ မကြာမီ ပေါ်ပေါက်လာနိုင်ဖွယ်ရှိသည့် အီရတ်၏ ကျူးကျော်ရန်စမှု (possible Iraqi aggres-

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



sion) ကို ကာကွယ်ရာတွင် ကူညီရန် အမေရိကန်တပ်များ စေလွှတ်လိုက်သည်။

ဩဂုတ်လ ၈ ရက်နေ့တွင် ကူဝိတ်ကို ၁၉ ခုမြောက် ပြည်နယ်အဖြစ် သတ်မှတ်လျက် အီရတ်နှင့် ပေါင်းစည်းလိုက်သည်ဟု ဆက်ဒမ်အစိုးရက တရားဝင် ကြေညာ၏။ ကူဝိတ်နိုင်ငံကို အီရတ်က သိမ်းယူပေါင်းစည်းမှုသည် တရားမဝင် ပျက်ပြယ်ကြောင်း (null and void) နောက်နေ့တွင် လုံခြုံရေးကောင်စီက တုံ့ပြန်ကြေညာလိုက်သည်။

**စစ်အင်အား တိုးမြှင့်ချထား**

ဆက်ဒမ်သည် ကူဝိတ်နိုင်ငံကို သိမ်းပိုက်ပြီးနောက် ကူဝိတ်နှင့် အီရတ်တောင်ပိုင်း၌ နောက်ထပ် စစ်အင်အား တိုးမြှင့်ချထားလိုက်၏။ အကယ်၍ ဆော်ဒီအာရေဗျဘက်မှ တိုက်ခိုက်လာလျှင် ဆော်ဒီ ရေနံမြေများရှိ အဓိက ရေနံတွင်းများကို တိုက်ခိုက်ဖျက်ဆီးပစ်ရန် အီရတ်တပ်များက ဒုံးလက်နက်များဖြင့် အသင့်ချိန်ရွယ်ထားသည်။

## လုယက်ယူငင်

အီရတ် တပ်သားများသည် ကူဝိတ်မြို့ ရွာများရှိ ရုံးများ၊ အိမ်များ၊ ကုန်တိုက်များ၊ ဈေးဆိုင်ကနားများ၊ ဂိုဒေါင်များ၊ ဘဏ်များ စသည်တို့မှ ပစ္စည်းများ၊ အဖိုးတန် ရွှေ ငွေ ရတနာများကို ရနိုင်သမျှ လုယက်ယူငင်ကြ၏။ ဆိုင်ကယ်၊ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ် စသော ယာဉ်များကိုလည်း လုယူသွားကြသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## သံတမန်များကို ဓားစာခံဖမ်း

ထို့ပြင် ကူဝိတ်နိုင်ငံရှိ ကနေဒါ၊ ပြင်သစ်၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ စသော သံရုံးအချို့မှ သံတမန်များကိုလည်း အီရတ်တို့က ဓားစာခံများအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကြသည်။

## လူသားဒိုင်း အသုံးပြုမည်ဟု ကြေညာ

ဩဂုတ်လ ၁၇ ရက်နေ့တွင် များမကြာမီ ပေါ်ပေါက်လာနိုင်ဖွယ် ရှိသည့် မဟာမိတ်တပ်ဖွဲ့များ၏ တိုက်ခိုက်မှုမှ ကာကွယ်တားဆီးရန် ကူဝိတ်ရှိ နိုင်ငံခြားသားများကို လူသားဒိုင်းများ (human shields) အဖြစ် အသုံးပြုမည် ဖြစ်ကြောင်း အထူးအစီအစဉ် တစ်ရပ်ကို အီရတ်နိုင်ငံက ကြေညာသည်။ နောက်နေ့တွင် လုံခြုံရေးကောင်စီသည် ဆုံးဖြတ်ချက်အမှတ် ၆၆၄ ကို ချမှတ်ကာ ကူဝိတ်နိုင်ငံရှိသံတမန်များ အပါအဝင် နိုင်ငံခြားသား အားလုံးကို ချက်ချင်း လွှတ်ပေးရန်နှင့် သူတို့ကို ဘေးမသီရန်မခစေရန် အီရတ်က လုံးဝတာဝန်ယူရမည် ဖြစ်ကြောင်း သတိပေး တောင်းဆိုလိုက်သည်။

## အာရပ်အဖွဲ့ချုပ်က တောင်းဆို

စက်တင်ဘာလ ၁ ရက်နေ့တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တော်ရှိ အာရပ်အဖွဲ့ချုပ် (the Arab League in Cairo) ၏ အရေးပေါ် အစည်းအဝေးတစ်ရပ်ကို ကျင်းပလျက် ကူဝိတ်နိုင်ငံမှ အီရတ်တပ်များ အမြန်ဆုံး ဆုတ်ခွာရန်၊ ကူဝိတ်ကို စစ်လျော်ကြေးပေးရန်နှင့် သံတမန်များ အပါအဝင် နိုင်ငံခြားသားများကို အီရတ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နှင့် ကူဝိတ်နိုင်ငံတို့မှ လွတ်လပ်စွာ ထွက်ခွာခွင့်ပြုရန် အီရတ်အစိုးရအား တောင်းဆိုလိုက်သည်။

## အီရတ်နိုင်ငံမှာ တာဝန်ရှိ

အောက်တိုဘာလ ၂၉ ရက်နေ့တွင် လုံခြုံရေးကောင်စီ အစည်းအဝေး ကျင်းပပြီး ဆုံးဖြတ်ချက်အမှတ် ၆၇၄ ကို ချမှတ်ကာ ကူဝိတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်မှု အကျိုးဆက်ကြောင့် ပေါ်ပေါက်လာသော ပျက်စီးဆုံးရှုံးမှုများ၊ လူသူ သေကျေ ဒဏ်ရာရမှုများနှင့် ဘဏ္ဍာငွေကြေး ဆုံးရှုံးမှုများအတွက် အီရတ်နိုင်ငံမှာ တာဝန်ရှိသည်ဟု ယင်းက ကြေညာသည်။

## ထိုးစစ်ဆင်ရန် ပြင်ဆင်

အမေရိကန်ပြည်ထောင်စုက ထိုးစစ်တစ်ရပ် ဆင်နွှဲနိုင်အောင် ပြင်ဆင်သည့်အနေဖြင့် စစ်သည်အင်အား ၂၀၀,၀၀၀ ရှိသော တပ်ဖွဲ့များကို ပါရှန်ပင်လယ်ကွေ့သို့ စေလွှတ်၍ တပ်များဖြန့်ကြက်ချထားရန် ဆုံးဖြတ်ချက်ကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကြေညာသည်။

## လုပ်ပိုင်ခွင့် အာဏာ လွှဲအပ်

၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့ နောက်ဆုံးထားပြီး အီရတ်တပ်များ မဆုတ်ခွာလျှင် ကူဝိတ်နိုင်ငံ၏ပြင်ပသို့ ယင်းတို့ကို တိုက်ထုတ်ရန် လိုအပ်သော နည်းလမ်းအားလုံး (all necessary means) ကို တရားဝင် လုပ်ပိုင်ခွင့်အာဏာ လွှဲအပ်သည့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆုံးဖြတ်ချက်အမှတ် ၆၇၈ ကို နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အတည်ပြုသည်။

## အဖြေမထွက်

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျိမ်းစ်ဘေကာ (James Baker) နှင့် အီရတ် နိုင်ငံခြားရေးဝန်ကြီး တာရစ်အဇစ် (Tariq Aziz) တို့သည် ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် ဆွစ်ဇာလန် နိုင်ငံ ဂျီနီဗာမြို့၌ တွေ့ဆုံ၍ အီရတ်–ကူဝိတ် ပဋိပက္ခ ဖြေရှင်းနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေး အဖြေရှာကြ၏။ သို့သော် အဖြေမထွက်။ ပြေလည်မှု မရ။

## ကွန်ဂရက်က ခွင့်ပြု

ကူဝိတ်နိုင်ငံမှ အီရတ်တပ်များ ဆုတ်ခွာရေးအတွက် အင်အားသုံး၍ ဆောင်ရွက်ရာမှာ လိုအပ်သော နည်းလမ်းအားလုံး အသုံးပြုရန် သမ္မတဘုရှ်ကို ဇန်နဝါရီလ ၁၂ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စုကွန်ဂရက် (the U.S.Congress) က တရားဝင် ခွင့်ပြုလိုက်သည်။

## ဘုရှ်က သတိနှင့် တုံ့ပြန်

အမေရိကန်သမ္မတဘုရှ်သည် အီရတ်–ကူဝိတ် အရေးအခင်း စတင်၍ ရက်အတန်ကြာသည့်တိုင် အရာရာကို သတိနှင့် တုံ့ပြန်ခဲ့ရ၏။ အကြောင်းမှုကား–

တစ်ဖက်တွင် ဤအရေးအခင်း မတိုင်ခင်က ကူဝိတ်သည် အစ္စရေး၏ ခါးသီးသော မဟာရန်သူ (a virulent enemy of

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



Israel) ဖြစ်ခဲ့ပြီး ဆိုဗီယက်ကွန်မြူနစ်တို့နှင့် အထူးရင်းနှီးစွာ ဆက်ဆံသည့် နိုင်ငံလည်း ဖြစ်ခဲ့သည်။

အခြားတစ်ဖက်တွင်မူ အမေရိကန် နိုင်ငံခြားရေးမူဝါဒကို ပြုလုပ်ဖန်တီးသူများ (foreign policy makers)၊ အရှေ့အလယ်ပိုင်းရေးရာ ကျွမ်းကျင်သူများ၊ စစ်ရေး အကဲခတ်သူများနှင့် အမေရိကန် ကုမ္ပဏီကြီးများသည် ထိုဒေသတွင် ကြီးကြီးမားမား ရင်းနှီးမြှုပ်နှံထားကြပြီး ဖြစ်ရာ အထူးသဖြင့် ဤဒေသ အေးချမ်းတည်ငြိမ်ရေး (stability in this region) ကို သူတို့ အလွန်အမင်း လိုလားကြသည်။ အလေးထားကြသည်။

## စိုးရိမ်

အီရတ်က ကူဝိတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်မှုကြောင့် ကမ္ဘာ့ရေနံဈေးနှုန်း ခေါင်ခိုက်လုနီးပါး မြင့်တက်သွားပြီး ကမ္ဘာ့စီးပွားရေးကို ထိန်းမနိုင် သိမ်းမရ ဖြစ်ကာ ချိန်ခွင်လျှာ တစ်ဖက်စောင်းနင်း ဖြစ်သွားမည်ကို သက်ဆိုင်သူများက အတိုင်းထက် အလွန် စိုးရိမ်ကြသည်။

## ပဋိပက္ခ ဖြေရှင်းရေး ထိရောက်နိုင်

လုံခြုံရေးကောင်စီတွင် အင်အားကြီးနှစ်နိုင်ငံ ဖြစ်ပြီး ဗီတိုအာဏာ သုံးခွင့်ရှိသော အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ယူနီယံတို့ အခြေအနေအရ ပူးပေါင်းဆောင်ရွက်မှု (co-operation) အလားအလား ကောင်းမွန်သဖြင့် အီရတ်–ကူဝိတ် ပဋိပက္ခကို ကိုင်တွယ်ဖြေရှင်းရေးမှာ အင်မတန် ထိရောက်နိုင်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အကယ်၍ လုံခြုံရေးကောင်စီက သတ်မှတ်ပေးထားသော အချိန်ကာလအတွင်း အီရတ်သည် ကူဝိတ်နိုင်ငံမှ မဆုတ်ခွာဘဲ အာခံနေသည့်တိုင် အင်အား အသုံးပြုရေး (the use of force) အတွက် ဆုံးဖြတ်ချက်များ ချမှတ်ရေးတွင် ခဲယဉ်းနိုင်မည် မဟုတ်ချေ။

**ဆော်ဒီအာရေဗျအတွက် စိုးရိမ်**

ကူဝိတ်နိုင်ငံကို အီရတ်က ကျူးကျော်သိမ်းပိုက်ရာတွင် အပြင်းအထန် ဆန့်ကျင်ခဲ့သော ရေနံကြွယ်ဝသည့် ဆော်ဒီအာရေဗျနိုင်ငံကို ယင်းက အငြိုးနှင့် လက်တုံ့ပြန်မည့် အလားအလာ ရှိနေသဖြင့် ထိုဘုရင့်နိုင်ငံအတွက် အမေရိကန် အရာရှိများက စိုးရိမ်နေကြသည်။ အဘယ်ကြောင့်ဆိုသော် ၁၉၄၀ ပြည့်လွန်နှစ်များကာလမှ စ၍ ဆော်ဒီအာရေဗျနိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် ရင်းနှီးသော မိတ်ဆွေနိုင်ငံ ဖြစ်လာသောကြောင့်ပင်တည်း။

**ကုလတပ်ဖွဲ့သို့ နိုင်ငံတကာ တပ်များ စေလွှတ်**

ဆော်ဒီအာရေဗျဘုရင် ဖာ့ဒ်သည် အနောက်နိုင်ငံများအပြင် အာရပ်အဖွဲ့ချုပ်နှင့် အဖွဲ့ဝင် အာရပ်နိုင်ငံများထံသို့လည်း အီရတ်၏ တိုက်ခိုက်မှုမှ သူ့နိုင်ငံကို တတ်နိုင်သမျှ အကာအကွယ်ပေးရန် အကူအညီ တောင်းခံထား၏။ ကူဝိတ်ကလည်း အလားတူ အကူအညီ တောင်းသည်။ ကုလသမဂ္ဂကလည်း ယင်း၏ အဖွဲ့ဝင်နိုင်ငံများသို့ တပ်များ စေလွှတ်ပေးရန် မေတ္တာရပ်ခံသည်။ သို့ကြောင့် ကုလသမဂ္ဂနိုင်ငံပေါင်းစုံ မဟာမိတ်တပ်ဖွဲ့သို့ နိုင်ငံပေါင်းများစွာမှ စစ်တပ်များ စေလွှတ်ကြသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ယင်းတို့မှာ ဆိုဗီယက်ယူနီယံ၊ အမေရိကန်ပြည်ထောင်စု၊ အာဂျင်တီးနား၊ ဗြိတိန်၊ ပြင်သစ်၊ ကနေဒါ၊ အီတလီ၊ ဩစတြေးလျ၊ နယူးဇီလန်၊ စပိန်၊ ပေါ်တူဂီ၊ နယ်သာလန်၊ ဒိန်းမတ်၊ နော်ဝေ၊ ပိုလန်၊ ချက်ကိုစလိုဗေကီးယား၊ ယူဂိုစလာဗီးယား၊ ဘူလ်ဂေရီးယား၊ တူရကီ၊ ဘယ်လ်ဂျီယံ၊ တောင်ကိုးရီးယား၊ ကူဝိတ်၊ ဆော်ဒီအာရေဗျ၊ အီဂျစ်၊ ဘာရိန်း၊ ကာတာ၊ ယီမင်၊ ယူအေအီး၊ ဆီးရီးယား၊ ဂျော်ဒန်၊ အိုမင်၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ မော်ရိုကို၊ နိုင်ဂျာ၊ ဆီနီဂဲလ် စသည်တို့ ဖြစ်သည်။

## ဂျပန်နှင့် ဂျာမနီတို့က စစ်စရိတ် ထည့်ဝင်

ဂျပန်နှင့် ဂျာမနီနိုင်ငံတို့သည် ဒုတိယကမ္ဘာစစ်ကြီးအပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အခြားနိုင်ငံများသို့ စစ်တပ် စေလွှတ်ခွင့်မရှိ။ သည့်အတွက် ဂျပန်က ပါရှန်ပင်လယ်ကွေ့ စစ်စရိတ်ယူအက်စ်ဒေါ်လာ ၄ ဘီလီယံ၊ ဂျာမနီက ယင်းအတွက် ဒေါ်လာ ၂ ဘီလီယံကျော် ထည့်ဝင်သည်။

## ဗိုလ်ချုပ်ကြီးနော်မင်ရှဝါ့ဇကော့ဖ် ဦးဆောင်

သို့ဖြင့် ကုလသမဂ္ဂနိုင်ငံပေါင်းစုံ မဟာမိတ်တပ်ဖွဲ့မှ ကြည်း၊ ရေ၊ လေ စစ်သည်ပေါင်း ၆ သိန်းကျော် အင်အား ရှိလာသည်။ မဟာမိတ်တပ်ပေါင်းစုကိုကြယ်လေးပွင့်အဆင့်ရှိ အမေရိကန် ဗိုလ်ချုပ်ကြီး နော်မင်ရှဝါ့ဇကော့ဖ် (Gen.Norman Schwarzkopf) က ဦးဆောင်သည်။ တပ်များကို ဆော်ဒီအာရေဗျနိုင်ငံမှ အီရတ်နှင့် ကူဝိတ်နယ်စပ်တို့၌လည်းကောင်း၊ ပါရှန်ပင်လယ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကွေ့ ဒေသ၌ လည်းကောင်း၊ ထုထည်ကြီးမားစွာဖြင့် အခိုင်အမာ ဖြန့်ချထားလိုက်သည်။

## မဟာမိတ်နိုင်ငံများက ပယ်ချ

အကယ်၍ အနောက်ဘက်ကမ်း၊ ဂိုလန်ကုန်းမြင့်နှင့် ဂါဇာကမ်းမြောင်ဒေသတို့ရှိ သိမ်းပိုက်ခံ နယ်မြေများ (the occupied territories) ကို အစ္စရေးက စွန့်လွှတ်မည်ဆိုလျှင် ကူဝိတ်မှ သူ့တပ်များကို ဆုတ်ခွာပေးမည်ဟု ဆက်ဒမ်က ကတိပေးသည်။

ယင်းသို့ ကတိပေး အဆိုပြုပြီး ပါလက်စတိုင်း ပြဿနာကို ဆက်ဒမ်က အစဖော်ကာ တမင်ထောင်ပေးလိုက်သဖြင့် အာရပ်ကမ္ဘာတွင် ဆက်၍ အကွဲကွဲအပြဲပြဲ ဖြစ်စေသည်။ အမေရိကန်ပြည်ထောင်စုနှင့် အနောက်နိုင်ငံများက အားပေးထောက်ခံသော အာရပ်နိုင်ငံများနှင့် ပါလက်စတိုင်းများကို ခလောက်ဆန်ရန်တိုက်ပေးသည်။ မည်သို့ဆိုစေ နောက်ဆုံးမှာတော့ ကူဝိတ်အရေးအခင်းနှင့် ပါလက်စတိုင်း ပြဿနာတို့အကြား တစ်စုံတစ်ရာ ဆက်စပ်ချိတ်ဆက်ပေးမှု (any linkage) တည်းဟူသော ဆက်ဒမ်၏ ခြေထိုးသွေးခွဲမှုကို မဟာမိတ်နိုင်ငံများက ပြတ်သားစွာ ပယ်ချလိုက်သည်။

## စစ်မဖြစ်ရန် ကုလက ကြိုးပမ်း

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် အရှေ့အလယ်ပိုင်း ပါရှန်ပင်လယ်ကွေ့ဒေသ၌ လူအမြောက်အမြား သေကျေပျက်စီးမည့် စစ်မီးကြီး မတောက်လောင်ရေးအတွက် သံခင်းတမန်ခင်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နည်းလမ်းစုံဖြင့် အစွမ်းကုန် ကြိုးပမ်းခဲ့သေး၏။ သို့တစေလည်း အာဏာရှင်ဆက်ဒမ်က လက်သင့်မခံ။ ထို့ကြောင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ပဲရက်စ်ဒေကွေးလျား ကိုယ်တိုင် အလုပ် မအားလပ်သည့်ကြားမှ ဘဂ္ဂဒက်မြို့တော်သို့ တကူးတက လာရောက်၍ သမ္မတ ဆက်ဒမ်ဟူစိန်နှင့် နှစ်ကိုယ်ကြား တွေ့ဆုံ ဆွေးနွေးခဲ့၏။ ယင်းခရီးစဉ်ကို ကုလသမဂ္ဂ အကြီးအကဲတစ်ဦး ၏ နောက်ဆုံး ငြိမ်းချမ်းရေး ကြိုးပမ်းမှုဟု ဆိုနိုင်သည်။ သို့တိုင် အောင် ဆက်ဒမ်က လုံးဝအလျှော့မပေး။ ခေါင်းမာမြဲ မာနေ သောကြောင့် အောင်မြင်မှုမရဘဲ လက်လျှော့ ပြန်သွားခဲ့ရသည်။

## အီရတ်က ကြေညာ

ကူဝိတ်ကို အီရတ်တပ်များ ဝင်ရောက်ရခြင်းမှာ အသားကုန် ဖောက်ပြန်နေသည့် ကူဝိတ်အုပ်စိုးသူ ဗျူရိုကရက်အစိုးရကို အာဏာလက်လွှတ်သွားအောင် ဖယ်ရှားရှင်းလင်းရာတွင် ကူညီ ရန် ကူဝိတ် တော်လှန်ရေး လူငယ်အင်အားစုနှင့် အဖိနှိပ်ခံ ပြည်သူ များက အနူးအညွတ် မေတ္တာရပ်ခံခဲ့သဖြင့် အကူအညီပေးရခြင်း သာ ဖြစ်သည်ဟု အီရတ်က ကြေညာခဲ့သည်။

## လှုံ့ဆော်

ထိုမှသာမက ကျူးကျော်ရမ်းကားသူ နယ်ချဲ့ အမေရိကန် ဦးဆောင်သော ဖောက်ပြန်ရေး အင်အားစုကို ရှုပ်ရှုပ်ချချ တော်လှန် မောင်းထုတ်ရင်း သန့်စင်မွန်မြတ်သော ဘာသာရေးစစ်ပွဲတွင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တက်တက်ကြွကြွ ပါဝင်ဆင်နွှဲကြရန် မွတ်စလင်နိုင်ငံများအား ဆက်ဒမ်ဟူစိန်က အလေးအနက် လှုံ့ဆော်တိုက်တွန်းခဲ့သေးသည်။

**တပ်လှန့်နှိုးဆော်**

ထို့ပြင် မဟာမိတ်တပ်ပေါင်းစုက ထိုးစစ်မဆင်မီ ၁၀ ရက်ခန့်အလို ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားမှတစ်ဆင့် အီရတ် ပြည်သူများသို့ သမ္မတဆက်ဒမ်ဟူစိန်က တိုက်ရိုက်မိန့်ခွန်း မြွက်ကြားခဲ့၏။ ကူဝိတ်ကို အမိ အီရတ်နိုင်ငံတော်က ပြန်လည်၍ ရင်ဝယ်ပိုက်ထွေးနိုင်ပြီး ဖြစ်၍ ယင်းသို့ ရရှိပြီးသော သမိုင်းဝင် ရှားရှားပါးပါး အခွင့်အရေး တစ်ဖန် လက်လွတ် ဆုံးရှုံးမသွားစိမ့်သောငှာ နယ်ချဲ့အမေရိကန် အင်အားစုကို ပြည်သူတစ်ရပ်လုံး တစ်ခဲနက် ပါဝင်၍ ရေရှည်စစ်ပွဲ ဆင်နွှဲကြရန် အချိန်တော်ပြီ ဖြစ်ကြောင်း ဆက်ဒမ်က တပ်လှန့် နှိုးဆော်စည်းရုံးလိုက်သေးသည်။

**နောက်ဆုံး ရာဇသံ**

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ကူဝိတ်မှ အီရတ်စစ်တပ်များ ဆုတ်ခွာရမည့် နေ့ရက် အတိအကျ သတ်မှတ်ပြီး နောက်ဆုံးရာဇသံပေးထားသော်ငြားလည်း ဆက်ဒမ်ဟူစိန် ဦးဆောင်သော အီရတ်တော်လှန်ရေးဦးစီးကောင်စီက မဖြုံ။ အလေးမထား။ သို့တိုင်အောင် စားစာခံအချို့အဝက်ကိုသာ ပြန်လွှတ်ပေးခြင်းမှ တစ်ပါး ဆက်ဒမ်သည် အခြား မည်သည့်အချက်ကိုမျှ လိုက်လျောမှု မပြု။ လျစ်လျူရှုသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ကန္တာရမုန်တိုင်း စစ်ဆင်ရေး

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ပေးထားသော ရာဇသံအရ နောက်ဆုံးရက် ဖြစ်သော ဇန်နဝါရီလ ၁၅ ရက်နေ့ ကုန်ဆုံးသည့်တိုင် ကူဝိတ်မှ အီရတ်တပ်များ ဆုတ်ခွာမည့် အရိပ်အယောင်ကို လုံးဝမမြင်တွေ့ရ။

## စစ်ပွဲ စတင်ဆင်နွှဲ

သို့ကြောင့် ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့ သန်းခေါင်ယံအချိန်တွင် ဗိုလ်ချုပ်ကြီး နော်မင်ရှဝါ့ဇကော့ဖ် ဦးစီးသော ကုလသမဂ္ဂ နိုင်ငံစုံ မဟာမိတ်တပ်ဖွဲ့ကြီး၏ ကန္တာရမုန်တိုင်း စစ်ဆင်ရေး (Operation Desert Storm) အရ ပါရှန်ပင်လယ်ကွေ့စစ်ပွဲ (the Persian Gulf War) ကို သမိုင်းဝင် စတင်ဆင်နွှဲသည်။

## စစ်ရေး ပစ်မှတ်များဆီသို့ လေယာဉ်များ ပျံသန်း

စစ်ပွဲ စလျှင်စချင်း ပါရှန်ပင်လယ်ကွေ့အတွင်းရှိ လေယာဉ်တင် စစ်သင်္ဘောကြီး ၆ စင်းပေါ်မှ ဂျက်တိုက်လေယာဉ်များ၊ ဆော်ဒီအာရေဗျနှင့် အခြား ပင်လယ်ကွေ့နိုင်ငံများရှိ မဟာမိတ်လေတပ်စခန်းများမှ ဂျက်တိုက်လေယာဉ်နှင့် ဗုံးကြဲဂျက်လေယာဉ်ကြီးများသည် စစ်ဆင်ရေး စီမံကိန်းအရ အီရတ်နှင့် ကူဝိတ်ရှိ အဓိက စစ်ရေး ပစ်မှတ်များဆီသို့ ဦးတည်၍ တစ်ဟုန်ထိုး ပျံသန်းသွားကြသည်။

## ဒုံးကျည်များ ပစ်လွှတ်

ထို့ပြင် လေယာဉ်တင်စစ်သင်္ဘောကြီးများနှင့် အခြား စစ်သင်္ဘောများပေါ်မှ လည်းကောင်း၊ ဆော်ဒီအာရေဗျနှင့် အခြား ပင်လယ်ကွေ့နိုင်ငံများရှိ မဟာမိတ်စစ်စခန်းများမှ လည်းကောင်း၊ အီရတ်နှင့် ကူဝိတ်ရှိ အရေးကြီးသောပစ်မှတ်များကို ခရုဇ် ဒုံးကျည်များနှင့် အခြား ခေတ်မီဒုံးကျည်များ ပစ်လွှတ်တိုက်ခိုက် ကြသည်။

## ပြန်လှန်ခုခံ

ဘဂ္ဂဒက်မြို့တော်ရှိ အရေးကြီးသော ပစ်မှတ်များပေါ်သို့ ဒုံးကျည် အမြောက်အမြား ထိမှန်၏။ ဗုံးမိုးလည်း ရွာချသည်။ အီရတ်တပ်များကလည်း ဒုံးလက်နက်များ၊ လေယာဉ်ပစ် အမြောက်အများ၊ အကြီးစားစက်သေနတ်များဖြင့် တရစပ် ပြန်လှန်ခုခံ ပစ်ခတ်တိုက်ခိုက်ကြ၏။ သို့ဖြင့် လေကြောင်း အချက် ပေး ဥသြဆွဲသံများ၊ နားကွဲလုမတတ် ပေါက်ကွဲသံကြီးများ၊ ဒုံးကျည်၊ စက်အမြောက်နှင့် စက်သေနတ် ပစ်ခတ်သံများဖြင့် ကြောက်ခမန်းလိလိ ပွက်လောရိုက်နေသည်။

## အပြင်းအထန် တိုက်ခိုက်

အီရတ်တောင်ပိုင်းနှင့် ကူဝိတ်ရှိ အချက်အချာကျသော ပစ်မှတ်များကို မဟာမိတ်တပ်ဖွဲ့များက အစွမ်းထက်သည့် ဒုံးကျည် များဖြင့် ပစ်ခတ်တိုက်ခိုက်ကြ၏။ ဗုံးကြဲလေယာဉ်ကြီးများက ဗုံးများ ဒလဟော ကြဲချကြသည်။ စစ်သင်္ဘောကြီးများကလည်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပါရှန်ပင်လယ်ကွေ့ဒေသမှ အီရတ်နှင့် ကူဝိတ် ဆိပ်ကမ်းများရှိ အီရတ်တပ်များကို ဒုံးကျည်များဖြင့် သဲသဲမဲမဲ ပစ်ခတ်ကြသည်။ အီရတ် တင့်ကားတပ်များ၊ သံချပ်ကာကားတပ်များ၊ လေတပ်စခန်းများ၊ ဒုံးကျည်နှင့် လေယာဉ်ပစ် အမြောက်စခန်းများ၊ လေကြောင်းရန် ကာကွယ်ရေး ရေဒါစခန်းများ၊ ဓာတုနှင့် ဇီဝလက်နက်စက်ရုံများ စသည်တို့ကို ဗုံးများ၊ ဒုံးကျည်များဖြင့် အပြင်းအထန် တိုက်ခိုက်ကြသည်။

## တိုက်ခိုက်ချေမှုန်း

သို့ဖြင့် ကန္တာရမုန်တိုင်းစစ်ဆင်ရေး စတင်ပြီး နာရီပိုင်းအတွင်းမှာပင် အီရတ်တို့၏ စစ်ရေးအချက်အချာစခန်းများ၊ လက်နက်ခဲယမ်းမီးကျောက် သိုလှောင်ရုံများ၊ ဓာတုနှင့် ဇီဝလက်နက်စက်ရုံများ၊ သယ်ယူပို့ဆောင်ရေးယာဉ်စခန်းများ၊ ဆက်သွယ်ရေးစခန်းများ၊ ဒုံးလက်နက်နှင့် လေယာဉ်ပစ် အမြောက်စခန်းများ၊ လေကြောင်းရန် ကာကွယ်ရေး ရေဒါစခန်းများ၊ လေတပ်အခြေစိုက်စခန်းများ စသည်တို့ကို အောင်မြင်စွာ တိုက်ခိုက်ချေမှုန်းနိုင်ပြီး ဖြစ်သည်။

## စစ်သင်္ဘောကြီးများ စစ်ဆင်လှုပ်ရှား

ကုလသမဂ္ဂ နိုင်ငံစုံမဟာမိတ်ရေတပ်ဖွဲ့တွင် ခေတ်မီလက်နက် အပြည့်အစုံဖြင့် အမေရိကန်နှင့် အင်္ဂလိပ်ရေတပ် စစ်သင်္ဘောကြီးများ ပါဝင်နေရာ စင်းရေ ၂၀၀ နီးပါးခန့်ရှိ၍ ရေတပ်အင်အား အလွန်ကောင်းလှသည်။ မဟာမိတ်ရေတပ်ဖွဲ့မှ လေယာဉ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တင် စစ်သင်္ဘောကြီးများ (aircraft carriers)၊ ရဟတ်ယာဉ်တင် သင်္ဘောကြီးများ၊ ကရူဇာစစ်သင်္ဘောကြီးများ (cruisers)၊ ဖျက် သင်္ဘောများ (destroyers)၊ ဖရီးဂိတ်စစ်သင်္ဘောများ (frigates) စသည်တို့ကလည်း ပါရှန်ပင်လယ်ကွေ့တွင် စစ်အင်္ဂါ အခင်းအကျင်း ဖြင့် စစ်ဆင်လှုပ်ရှားနေကြ၏။ ကူဝိတ်နှင့် အီရတ်တောင်ပိုင်း အစွန်သို့ လေတပ်အကူအညီဖြင့် ယင်းတို့ ပစ်ခတ်ချဉ်းကပ်၍ ပင်လယ်ကွေ့မှ မဟာမိတ်တပ်ဖွဲ့များက ကမ်းတက်တိုက်ခိုက် နိုင်အောင် ဆောင်ရွက်ကြမည်ဟု ဆက်ဒမ်တို့က ကျိန်းသေပေါက် တွက်ချက်ထားကြသည်။

## အလုံးအရင်း ဖြန့်ကြက်ချထား

သို့ကြောင့် ပင်လယ်ကွေ့ကမ်းခြေနှင့် နီးရာစပ်ရာဒေသ တစ်ဝန်းတစ်ဝိုက်တွင် အကာအကွယ် ကတုတ်များ၊ ကျင်းများ အခိုင်အမာ ပြုလုပ်၍ ဒုံးလက်နက်များ၊ စက်အမြောက်များ၊ စက် သေနတ်ကြီးများ၊ မော်တာတပ်ဖွဲ့များ စသည်တို့ကို တပ်ဆင် လျက် တစ်ချီတစ်မောင်းစမ်းရန် အသင့်အနေအထားဖြင့် နေ့ ရောညပါ ၂၄ နာရီပတ်လုံး စောင့်ကြည့်နေကြ၏။ အီရတ် တင့် ကားတပ်များ၊ သံချပ်ကာကားတပ်များ၊ အမြောက်တပ်များကို လည်း အလုံးအရင်း ဖြန့်ကြက်ချထားသည်။ ပါရှန်ပင်လယ်ကွေ့ ဒေသကို မဟာမိတ် စစ်သင်္ချိုင်းအဖြစ် တစ်မုဟုတ်ချင်း ပြောင်းလဲ ပစ်ရန် ဆက်ဒမ်တို့က ရည်မှန်းမျှော်လင့်ထားသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## နောက်စစ်မျက်နှာတစ်ခု

နောက်စစ်မျက်နှာတစ်ခုမှာ ဆော်ဒီအာရေဗျနှင့် ကူဝိတ်နယ်စပ် ဖြစ်၏။ ယင်းနယ်စပ်တစ်လျှောက်တွင် မဟာမိတ်တပ်များကို အလုံးအရင်းနှင့် ထုထည်ကြီးမားစွာ ချထား၏။ သို့ကြောင့် ထိုစစ်မျက်နှာမှ မဟာမိတ်တပ်များ သေချာပေါက် ထိုးဖောက်ဝင်ရောက်မည် အထင်နှင့် မလှမ်းမကမ်းတွင် အီရတ်တပ်များကို အထပ်ထပ် ချထားသည်။

## လှည့်စားခံရမှန်းသိ

ဘဂ္ဂဒက်မြို့တော်၊ အီရတ်တောင်ပိုင်းနှင့် ကူဝိတ်နိုင်ငံရှိ အီရတ်တပ်များကို ခေါင်းမဖော်နိုင်လောက်အောင် စစ်လေယာဉ်များက အဆက်မပြတ် ဗုံးကြဲသည်။ ဒုံးကျည်များဖြင့် တွင်တွင်ပစ်ခတ်သည်။ မဟာမိတ်တပ်များ တကယ် ထိုးစစ်ဆင်သောအခါ အီရတ်တို့ အထင်နှင့်အမြင်မှာ တခြားစီ ဖြစ်နေ၏။ နဖူးတွေ့ ဒူးတွေ့ ကြုံကြရသောအခါမှ အကြီးအကျယ် သူတို့ လှည့်စားခံရမှန်း ကောင်းကောင်းသိလာကြ၏။ ဆော်ဒီအာရေဗျနှင့် အီရတ်နယ်စပ်ဘက်မှ စစ်အင်အားသုံး ထိုးဖောက်ပြီး ကူဝိတ် နောက်ကျောနှင့် အီရတ် တောင်ပိုင်းကို မဟာမိတ်တို့က သိမ်းယူ၏။ ပြီး... ယူဖရေတီးစ်မြစ်နှင့် တိုက်ဂရစ်မြစ်ဆုံထိ ရောက်အောင် မဟာမိတ်တို့က တင့်ကားတပ်များ၊ သံချပ်ကာကားတပ်များဖြင့် တရကြမ်းတိုက်ခိုက်သိမ်းပိုက်လိုက်သည်။ သဲကန္တာရအတွင်းရှိ ရန်သူ အီရတ်တင့်ကားများ၊ သံချပ်ကာကားများကို မဟာမိတ်တို့၏ တိုက်ခိုက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရေး ရဟတ်ယာဉ်များ (helicopter gunships) ဖြင့် တစ်ကောင်ချင်း အမဲပစ်သလို တစ်စင်းစီ ပစ်ခတ်တိုက်ခိုက် ရှင်းလင်းသည်။

**အဆက်အသွယ်ပြတ်**

ကြီးမားသော မဟာဗျူဟာမြောက် ထိုးစစ်ကြောင့် ကူဝိတ်ရှိ အီရတ်တပ်များနှင့် နောက်ပိုင်းတပ်များ လုံးဝအဆက်အသွယ်ပြတ်သွား၏။ တိုက်ရေးခိုက်ရေးမှာ အသက်သွေးကြော ဖြစ်သော အီရတ်၏ ရိက္ခာလမ်းကြောင်းရော လက်နက်ခဲယမ်းမီးကျောက်ထောက်ပို့လမ်းကြောင်းပါ လုံးလုံးလျားလျား ပြတ်တောက်သွားသည်။ သို့ဖြင့် အီရတ်တပ်များသည် ကျင်းထဲ ဘန်ကာထဲမှာသာ တစ်ချိန်လုံး ခိုအောင်းနေကြရ၏။ စစ်ရေးအရ မည်သို့မျှ မလှုပ်ရှားနိုင်ကြတော့ချေ။

**အစ္စရေးကို စကာ့ဒ်ဒုံးကျည်နှင့် ပစ်**

ဇန်နဝါရီလ ၂၂ ရက်နေ့တွင် အီရတ်တို့က ဆိုဗီယက်လုပ်စကာ့ဒ်ဒုံးလက်နက် (Scud missiles) ဖြင့် အစ္စရေးနိုင်ငံထဲသို့ ပစ်ခတ်တိုက်ခိုက်၏။ ဟိုင်ဖာမြို့နှင့် တဲလ်အဗစ်မြို့များပေါ်သို့ ဒုံးကျည်များ ကျရောက်ပေါက်ကွဲ၏။ အဆောက်အအုံအနည်းငယ်ထိခိုက်ပျက်စီး၍ အရပ်သားအချို့ သေကျေဒဏ်ရာရသည်။ အစ္စရေးအာဏာပိုင်တို့ကမူ ချက်ချင်း အရေးတကြီး လက်တုံ့ပြန်လို၏။ လျှပ်တစ်ပြက်အတွင်း မှတ်လောက်သားလောက် ဆုံးမလို၏။

သို့ရာတွင် အမေရိကန် ဦးဆောင်သော မဟာမိတ်တို့က အစ္စရေး ပါဝင်တိုက်ခိုက်မှုကို အလျှင်း မလိုလားကြ။ အီရတ်တို့က

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကူဝိတ်ပြဿနာကို အာရပ်–အစ္စရေးတို့က လက်စားချေ တန်ပြန်တိုက်ခိုက်မည် ဆိုလျှင် အီရတ် အလိုကျ ဖြစ်ပြီး ပင်လယ်ကွေ့စစ်ပွဲ အခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းလဲရှုပ်ထွေးသွားနိုင်သည်။ သို့ကြောင့် အမေရိကန်တို့က အစ္စရေးကို အခိုက်အတန့်ကာလအတွင်း သည်းခံပြီး လက်ရှောင်ဘေးဖယ်နေရန် ဖျောင်းဖျတိုက်တွန်းကြသည်။

**ဆော်ဒီအာရေဗျကိုလည်း စကဒ်ဒုံးကျည်နှင့် ပစ်**

အီရတ်တို့က အစ္စရေးကို ပစ်ခတ်သကဲ့သို့ ဆော်ဒီအာရေဗျကိုလည်း စကဒ် ဒုံးကျည်များဖြင့် အလားတူ ပစ်ခတ်တိုက်ခိုက်ရန် စသေး၏။ ဆော်ဒီအာရေဗျနိုင်ငံ ကာကွယ်ရေးကို တာဝန်ယူထားသော မဟာမိတ်တို့က ဒုံးကျည်များဖြင့် အီရတ်တို့ကို အပြင်းအထန် လက်တုံ့ပြန်ပစ်ခတ် တိုက်ခိုက်ကြသည်။ အီရတ်အဖို့ အတော်အထိနာသွား၏။

**ပင်လယ်ထဲသို့ ရေနံများ သွန်ချ**

နောက်နေ့ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် အီရတ်တပ်များက ပါရှန်ပင်လယ်ကွေ့ထဲသို့ ရေနံ အမြောက်အမြားကို တမင်ဒလဟော သွန်ချခြင်းအားဖြင့် ဇရာမရေနံယိုဖိတ်မှု ပုံစံမျိုး လုပ်ကြံဖန်တီး၏။ မဟာမိတ်တပ်ဖွဲ့က ယင်းကို သဘာဝပတ်ဝန်းကျင် အကြမ်းဖက်လုပ်ရပ်တစ်ခု (an act of environmental terrorism) ဟု ခေါ်ဝေါ်စွပ်စွဲကြသည်။ အီရတ်တို့က ယင်းတို့ကို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မီးရှို့လိုက်လျှင် ပါရှန်ပင်လယ်ကွေ့တစ်ခုလုံး မီးတဟုန်းဟုန်း တောက်လောင်စေရန် ရည်သန်ဖန်တီးဟန်တူသည်။

## ခါ့ဖ်ဂျီ ဝင်တိုက်

နောက် ၆ ရက်အကြာ ဇန်နဝါရီလ ၂၉ ရက်နေ့မှာလည်း အီရတ်တပ်များက ဆော်ဒီအာရေဗျနိုင်ငံမှ ခါ့ဖ်ဂျီ (Khafji) ကို ရုတ်ခြည်း ဝင်ရောက် တိုက်ခိုက်ကြသေးသည်။ မဟာမိတ်တပ်များက အီရတ်တပ်များကို ချက်ချင်းတွန်းလှန်တိုက်ထုတ်ပစ်လိုက်ကြသည်။

## အီရတ်လေတပ် အထိနာ

ထိုအချိန်က အီရတ်လေတပ်မတော်မှာ စစ်လေယာဉ် ၆၈၉ စင်းနှင့် အီရတ် ကြည်းတပ်မတော်နှင့် တွဲဖက်ထားသော ရဟတ်ယာဉ် ၄၈၉ စင်း ရှိသည်။ မဟာမိတ်တပ်ပေါင်းစု၏ ကန္တာရ မုန်တိုင်းစစ်ဆင်ရေးအရ ထိုးစစ် စတင်ကတည်းကပင် အတော် အထိနာသွားသည်။ မထိမခိုက် မပျက်မစီးဘဲ ကျန်ရှိနေသေး သော လေယာဉ်များကို လေယာဉ်မောင်းသမားများနှင့်တကွ အိမ်နီးချင်း ကြားနေနိုင်ငံ တစ်နိုင်ငံသို့ ဆက်ဒမ်၏ အမိန့်ဖြင့် ပို့ ထားလိုက်၏။ သို့ဖြစ်၍ အီရတ်နှင့် ကူဝိတ် လေပိုင်နက်တွင် မဟာမိတ်လေယာဉ်များက ထင်သလို စိုးမိုးမင်းမူနေနိုင်ကြတော့ သည်။ အီရတ်လေတပ်၏ အကူအညီမဲ့မှုကြောင့်လည်း အီရတ် ကြည်းတပ်များ၊ တင့်ကားတပ်များ၊ သံချပ်ကာ ကားတပ်များ စသည်တို့မှာ အကာအကွယ်မဲ့ ပစ်ကွင်းပစ်မှတ်များ (sitting

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ducks) ဖြစ်နေ၏။ လေတပ်မတော်၏ အကာအကွယ် အကူအညီကို မရရှိသဖြင့်လည်း အဆောက်အအုံ၊ ယာဉ်၊ ရထား စသည်တို့ အပျက်အစီးနှင့် လူအသေအပျောက် ပိုများပြီး စစ်ရေးစစ်ရာမှာ လျင်မြန်စွာ အရေးနိမ့်သွားရခြင်း ဖြစ်သည်။

## ပြည်သူ ၃၀၀ ကျော် သေဆုံး

ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် မဟာမိတ် လေယာဉ်များက ဗုံးကြဲတိုက်ခိုက်သဖြင့် ဘဂ္ဂဒက်မြို့တော်ရှိ အမ်မာရီယာဒေသ (Amiriyah) မှ ဗုံးခိုကျင်းကြီးတစ်ခုကို တိုက်ရိုက်ထိမှန်၍ အပြစ်မဲ့သော ပြည်သူ ၃၀၀ ကျော် သေဆုံးခဲ့ရသည်။

## ကမ်းလှမ်းချက် ပယ်ချ

နောက် ၂ ရက်အကြာ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ကူဝိတ်မှ ဆုတ်ခွာလိုကြောင်း အီရတ်တို့က ကမ်းလှမ်းသည်။ ယင်းကိစ္စ နောက်ကွယ်မှာ အီရတ်တို့အနေနှင့် မဖြစ်မနေ ဖြည့်ဆည်းပေးရမည့် အခြေခံအချက်အလက် အတော်များများ ကျန်ရှိနေသေးသဖြင့် မဟာမိတ်တပ်ဖွဲ့က အဆိုပါ ကမ်းလှမ်းချက်ကို လက်မခံ။ ပယ်ချလိုက်သည်။

## ထိုးစစ်ကြီး ဆင်နွှဲ

ကူဝိတ်နိုင်ငံမှ အီရတ်တပ်ဖွဲ့များကို အပြီးသတ်မောင်းထုတ်ရန် ရည်ရွယ်လျက် ကြိုတင်ရေးဆွဲထားသော စစ်ဆင်ရေးစီမံချက်နှင့်အညီ ကြည်း၊ ရေ၊ လေ ရောမပူးတွဲထိုးစစ်ကြီးကို ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် မဟာမိတ်တပ်ပေါင်းစုက တစ်ပြိုင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တည်း အင်အားအလုံးအရင်းဖြင့် စတင်ဆင်နွှဲ၏။ အီရတ်တပ်များကလည်း မစားရသည့် အမဲ သဲနှင့်ပက်သည့်နှယ် ကူဝိတ်ရေနံတွင်းများ (Kuwait oil wells) နှင့် အခြားရေနံမြေ အခြေခံအဆောက်အအုံများ (other oilfield infrastructure) ကို စတင်ဖျက်ဆီးသည်။ သို့ရာတွင် မဟာမိတ် ထိုးစစ်ဒဏ်ကို ကြံ့ကြံ့မခံနိုင်သဖြင့် လူအမြောက်အမြား သေကျေပျက်စီးစေနိုင်သော ဖျက်အားပြင်း လက်နက်အစီအစဉ်များ (weapons of mass destruction programs) ကို အဆုံးသတ်ရန်နှင့် ယင်းကို ကုလသမဂ္ဂလက်နက် စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုကို ခံယူရန် သဘောတူကြောင်း အီရတ်အစိုးရက ကြေညာသည်။

## ကူဝိတ် လွတ်မြောက်

ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကုလသမဂ္ဂ နိုင်ငံစုံ မဟာမိတ် တပ်ပေါင်းစု၏ နောက်ဆုံးအဆင့် ကန္တာရမုန်တိုင်း စစ်ဆင်ရေးကြောင့် ကျူးကျော်သူ အီရတ်တပ်များ၏ လက်အောက်မှ ကူဝိတ်နိုင်ငံ လုံးဝလွတ်မြောက်သွားခဲ့၏။ ခန့်မှန်းခြေအားဖြင့် အီရတ်စစ်သည် ၈၅,၀၀၀ ကျော် ကျဆုံး၍ ၁၇၅,၀၀၀ ခန့် စစ်သုံ့ပန်းအဖြစ် အဖမ်းခံရသည်။

## အတည်ပြု

တရားဝင် အပစ်အခတ် ရပ်စဲမှု မပြုမီ မဟာမိတ်တပ်ပေါင်းစုက တောင်းဆိုထားသော အချက်အလက်များကို ဦးစွာ အီရတ်တို့က အပြည့်အစုံ ဖြည့်ဆည်းပေးရမည်ဟု အတိအလင်း ဖော်ပြ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထားသည့် ဆုံးဖြတ်ချက်အမှတ် ၆၈၆ ကို မတ်လ ၂ ရက်နေ့တွင် လုံခြုံရေးကောင်စီက အတည်ပြုသည်။

## အပစ်အခတ် ရပ်စဲရေး

မတ်လ ၃ ရက်နေ့တွင် ဆက်ဖ်ဝန် (Safwan) ၌ အီရတ်တို့နှင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးနေစဉ် ကူဝိတ်နိုင်ငံ၏ ဝေဟင်မှ ပျံသန်းသွားသော မည်သည့်အီရတ်စစ်လေယာဉ်ကို မဆို မဟာမိတ်တပ်များက ပစ်ချမည်ဟု တပ်ပေါင်းစုမှူး ဗိုလ်ချုပ်ကြီး နော်မင်ရှဝ့်ဇကော့ဖ်က အီရတ်များအား သတိပေး ပြောကြား၏။ သို့ရာတွင် အီရတ်နိုင်ငံ တောင်ပိုင်းအတွက် ဆက်သွယ်ရေးနှင့် အုပ်ချုပ်ရေးကိစ္စ အဝဝတို့ကို အထောက်အကူပြုသည့် အီရတ်တို့ ရဟတ်ယာဉ် အသုံးပြုမှုကိုမူ ဗိုလ်ချုပ်ကြီးက တရားဝင် ခွင့်ပြုသည်။ အပစ်အခတ် ရပ်စဲရေးနှင့်ပတ်သက်၍ မဟာမိတ်တပ်ပေါင်းစုက တင်ပြသော စည်းကမ်းချက်များကို အီရတ်တို့က ခြွင်းချက်မရှိ လက်ခံသည်။

## ထိုးစစ်ရပ်

မဟာမိတ်တပ်များသည် အီရတ်တောင်ပိုင်းကိုပါ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည် ဖြစ်ရာ ဆက်လက်၍ ထိုးစစ်ဆင်မည်ဆိုက မကြာမီ ဘဂ္ဂဒက်မြို့တော်ထိ ရောက်ရှိသွားမည် ဖြစ်သည်။ တကယ်တော့ ဤစစ်ပွဲသည် အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်မည့် စစ်ပွဲ မဟုတ်။ ကူဝိတ်နိုင်ငံ လွတ်မြောက်ရေးစစ်ပွဲသာ ဖြစ်သဖြင့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရှေ့သို့ ဆက်လက် ချီတက်ခြင်း မပြုတော့ဘဲ မဟာမိတ်တပ်များ က ထိုးစစ်ကို ရပ်တန့်လိုက်သည်။

**အသိအမှတ်ပြု**

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ အပစ်အခတ် ရပ်စဲရေး ဆုံးဖြတ်ချက်ပါ စည်းကမ်းချက်များကို အပြည့်အဝ လိုက်နာမည် ဟု နောက်ပိုင်းကာလတွင် အီရတ်ပါလီမန်က အတည်ပြုပေးရ သည်။ ကူဝိတ်ကို အချုပ်အချာ အာဏာပိုင် လွတ်လပ်သော နိုင်ငံ တစ်နိုင်ငံအဖြစ်လည်း ယင်းက အသိအမှတ်ပြုကြောင်း ကြေညာ ပေးရသည်။

**လက်နက် ဖျက်သိမ်းရေး**

ထိုဆုံးဖြတ်ချက်အရ ဓာတုဇီဝ အဆိပ်ဓာတ်ငွေ့နှင့် ရောဂါ ဖြစ်စေသော ပိုးမွှားလက်နက်များ အပါအဝင် လူအမြောက်အမြား သေကျေပျက်စီးစေနိုင်သော ဖျက်အားပြင်း လက်နက် အားလုံး နှင့် ကီလိုမီတာ ၁၅၀ ထက် ကျော်လွန်ပစ်ခတ်နိုင်သော ပဲ့ထိန်း စနစ်ဖြင့် လိုရာလမ်းကြောင်းအတိုင်း ပစ်လွှတ်နိုင်သည့် တာလတ် ပစ် ဒုံးလက်နက်ကြီးများကို နိုင်ငံတကာ ကြီးကြပ်မှုဖြင့် ဖျက်သိမ်း ရေးနှင့် ကုလသမဂ္ဂ လက်နက် စစ်ဆေးရေးမှူးများ၏ စစ်ဆေး မှုကိုပါ အီရတ်က သဘောတူရသည်။

**ကုလ စီးပွားရေး ပိတ်ဆို့မှု**

ကူဝိတ်ကို ပေးလျော်ရမည့် စစ်လျော်ကြေးအပါအဝင် လုံခြုံရေးကောင်စီက သတ်မှတ်ထားသော စည်းကမ်းချက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အားလုံးကို အီရတ်က ပြည့်ပြည့်စုံစုံ လိုက်နာဖြည့်ဆည်းပြီးသည် အထိ ကုလသမဂ္ဂ၏စီးပွားရေး ပိတ်ဆို့အရေးယူမှုသည် လက်တွေ့ အားဖြင့် တရားဝင် အကျိုးသက်ရောက်မှု ရှိနေဦးမည် ဖြစ်သည်။

**စစ်ရေးနှင့် ဆက်ဒမ်၏ ခေါင်းဆောင်မှု**

ဆက်ဒမ်ဟူစိန်သည် အီရတ်၏ အသက်သွေးကြော ဖြစ်သော ရေနံလုပ်ငန်းမှ အဓိက ရသည့် နိုင်ငံခြားဝင်ငွေ၏ ရာခိုင်နှုန်း အတော်များများကို တိုင်းပြုပြည်ပြုလုပ်ငန်းများအတွက် ထိထိ မိမိ အကျိုးရှိရှိ အသုံးပြုခဲ့၏။ စီးပွားရေး၊ စက်မှုလုပ်ငန်းများ ထူထောင်တိုးချဲ့ရေး၊ လယ်ယာလုပ်ငန်းများ ခေတ်မီရေး၊ ပညာ ရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုရေး စသော ကဏ္ဍများ တွင် ဘဏ္ဍာငွေကြေး အမြောက်အမြား အသုံးပြုပြီး ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ခဲ့သောကြောင့် အီရတ်နိုင်ငံသည် ဂုဏ်ယူစဖွယ် အာရပ် ကမ္ဘာတွင် လူနေမှုအဆင့်အတန်း အမြင့်ဆုံးနိုင်ငံများအနက် တစ်နိုင်ငံ အပါအဝင်ဖြစ်ခဲ့၏။ ထို့အတွက် ဆက်ဒမ်ကို လူသူလေးပါး က လူသာစု နတ်သာစု ခေါ်ခဲ့ကြ၏။ ဘာ့သ်ပါတီတွင်းမှာရော ပြည်သူလူထုအတွင်းမှာပါ ဆက်ဒမ်၏ ပြည်သူ့အကျိုးပြု လုပ်ရပ် များကို အားပေးထောက်ခံသူ အရေအတွက် အတော်တိုးပွား များပြားလာခဲ့သည်။

**ဩဇာအာဏာ ကျယ်ပြန့်ရေး**

သို့သော် နောက်ပိုင်းကာလမှာတော့ ဘာ့သ်ပါတီတွင်းမှာ သူ့အခြေအနေ ပိုမိုခိုင်မာရေး၊ အစိုးရအဖွဲ့တွင် သူ့အာဏာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထက်မြက်တည်မြဲရေး၊ တပ်မတော်နှင့် ရဲတပ်ဖွဲ့အတွင်း သူ့ဩဇာအာဏာ ကြီးမားကျယ်ပြန့်ရေး စသည်တို့ကို အထူးဇောင်းပေး ဆောင်ရွက်လာသည်။ လျှို့ဝှက်ထောက်လှမ်းရေး၊ လျှို့ဝှက်ရဲတပ်ဖွဲ့နှင့် ခါးပိုက်ဆောင်တပ်များကို ဖွဲ့စည်းပြီး သူ့ဝမ်းကွဲညီအစ်ကိုများ၊ သူ့သားများ၊ သူ့သမက်များ၊ သူ့ဆွေမျိုးများနှင့် သူ့အပေါ် သစ္စာရှိသူများကိုသာ အဓိကတာဝန်ပေး၍ ဦးဆောင်စေခဲ့သည်။

## တပ်အင်အားတိုးချဲ့

ကြည်းတပ်မတော်အတွက် တပ်မပေါင်းများစွာ ဖွဲ့စည်း၍ ခေတ်မီလက်နက်ကောင်းများ တပ်ဆင်ခဲ့၏။ တင့်ကားတပ်များ၊ သံချပ်ကာ ကားတပ်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်တပ်ဖွဲ့များ စသည်တို့ကို ဖွဲ့စည်းခဲ့သည်။ လေတပ်မတော်ကို အစဉ်တိုးချဲ့လျက် အဆင့်မြင့်ဂျက်တိုက်လေယာဉ်များ၊ ဗုံးကြဲဂျက်လေယာဉ်ကြီးများ၊ တိုက်လေယာဉ်အဖြစ်ရော ဗုံးကြဲလေယာဉ်အဖြစ်ပါ သုံးနိုင်သော ဂျက်လေယာဉ်များ (jet fighter bombers)၊ သယ်ယူပို့ဆောင်ရေး လေယာဉ်ကြီးများ၊ ကင်းထောက်လေယာဉ်များ၊ လေ့ကျင့်ရေး ဂျက်လေယာဉ်များ၊ တိုက်ခိုက်ရေးရဟတ်ယာဉ်များ၊ သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်များ စသည်တို့ကို ဝယ်ယူ၍ အင်အားဖြည့်တင်းပေးခဲ့သည်။ လေကြောင်းရန်ကာကွယ်ရေးအတွက် ခေတ်မီဒုံးလက်နက်နှင့် လေယာဉ်ပစ်အမြောက်တပ်ရင်းပေါင်းများစွာကို ဖွဲ့စည်း၍ ထိရောက်သော

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရေဒါစခန်းများကို တည်ဆောက်ပေးခဲ့သည်။ အဏုမြူဗုံး ထုတ်လုပ်ရေး၊ ဓာတုဗီဇ အဆိပ်ဓာတ်ငွေ့နှင့် ရောဂါ ဖြစ်စေနိုင်သည့် ပိုးမွှားလက်နက်များ ထုတ်လုပ်ရေး၊ အစွမ်းထက်သော ဒုံးလက်နက်များ ထုတ်လုပ်ရေး၊ ဆိုဗီယက်လုပ် စကော့ဒ်နှင့် ဆမ်ဒုံးလက်နက်များ စသည်တို့ ဝယ်ယူရေးအတွက် ဘဏ္ဍာငွေကြေးကို ရေလို သုံးခဲ့သည်။ ပါရှန်ပင်လယ်ကွေ့သို့ ထွက်ပေါက်ကျဉ်းလွန်းသဖြင့် ရေတပ်မတော်ကိုတော့ သူ့စိတ်ကြိုက် တိုးချဲ့ခြင်း မပြုနိုင်ခဲ့ချေ။

**စစ်ဘက်က ပုဂ္ဂိုလ် မဟုတ်**

ခေါင်းဆောင်ကြီး ဆက်ဒမ်ဟူစိန်ကိုယ်တိုင်က မှင်သေသေဖြင့် ပခုံးနှစ်ဖက်မှာ ဗိုလ်ချုပ်ကြီးရာထူးတံဆိပ်ကို အခံ့သားတပ်ဆင်ထားလင့်ကစား တကယ်တော့ သူသည် စစ်သင်တန်းအဆင့်ဆင့် တက်ပြီးမှ အရည်အချင်းနှင့် အတွေ့အကြုံအရ စစ်ဘက်က ပုဂ္ဂိုလ် မဟုတ်။ ဘာ့သ်ပါတီ၏ ကျောထောက်နောက်ခံဖြင့် နိုင်ငံရေးအရ တစ်ဆင့်ပြီး တစ်ဆင့် တက်လာခဲ့သော ပါတီခေါင်းဆောင်နှင့် အရပ်သားသမ္မတသာ ဖြစ်သည်။

**စစ်ရေး အကြံပေးများကို အလေးထားသင့်**

သို့ကြောင့် အရေးကြီးသော နိုင်ငံတော် ကာကွယ်ရေးအတွက် ကြည်း၊ လေ၊ ရေ ခေတ်မီစစ်တပ်များ ဖွဲ့စည်းတည်ထောင်ရေး၊ အစွမ်းထက်သော လက်နက်ကောင်းများ တပ်ဆင်ရေး၊ စစ်ရေးမဟာဗျူဟာနှင့် နည်းဗျူဟာများ ချမှတ်ရေး၊ စစ်ရေးစီမံကိန်းများ ရေးဆွဲရေး စသော စစ်ရေးစစ်ရာ ဟူသမျှကို ဥပဒေ၊

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



စည်းမျဉ်းစည်းကမ်း ဘောင်အတွင်းမှ အဓိကတာဝန်ယူ၍ အဆုံးအဖြတ်ပေးနိုင်ရန် ကာကွယ်ရေးဝန်ကြီး၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အဆင့်ဆင့်၊ အရည်အချင်း ရှိ၍ အတွေ့အကြုံများသော စစ်ရေးအကြံပေးအဖွဲ့ဝင်များ စသည်တို့နှင့် လိုအပ်သလို ညှိနှိုင်းတိုင်ပင်လျက် စနစ်တကျ ဆောင်ရွက်သင့်သည်။ ထိုထိုသောပုဂ္ဂိုလ်များ၏ အဖိုးတန် အကြံဉာဏ်များကိုလည်း အလေးဂရုပြု၍ စဉ်းစားချင့်ချိန် တန်ဖိုးထားရန် လိုအပ်ပေသည်။ ယင်းတို့အနေဖြင့် လောလောဆယ်နှင့် ရေတိုရေရှည်အတွက် အကောင်း အဆိုး၊ အကျိုးအပြစ်၊ အမှား အမှန် စသည်တို့ကို ခွဲခြမ်းစိတ်ဖြာ၍ တင်ပြနိုင်ခွင့်ရှိပြီး တင်ပြရဲအောင်လည်း အခြေအနေအရပ်ရပ်ကို ကြိုတင်ဖန်တီးပေးသင့်သည်။ အကယ်တန္တု ပုထုဇဉ်လူသားပီပီ တင်ပြသူမှာ အတိမ်းအစောင်း၊ ချို့ယွင်းချက်၊ အားနည်းချက်၊ အမှားအယွင်း အနည်းအပါး ရှိလင့်ကစား အရှည်ကို မျှော်ကိုးထောက်ထားလျက် သည်းခံခွင့်လွှတ်ရန်လည်း ဝန်မလေးသင့်ပေ။

## အခြားအကြံပေးများကိုလည်း အလေးထားသင့်

စစ်ရေးအပြင် အခြားနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍများမှ သက်ဆိုင်ရာအကြံပေးပုဂ္ဂိုလ် သို့မဟုတ် အကြံပေးအဖွဲ့များကလည်း အကျိုးသင့် အကြောင်းသင့် နည်းမှန် လမ်းမှန် တင်ပြနိုင်ခွင့်ရှိပြီး ယင်းတို့၏ လွတ်လပ်စွာ ဆွေးနွေး တင်ပြ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အကြံပေးမှုကို သူ့အနေနှင့် အထူးအလေးထားရန် လိုအပ်ပေသည်။

## အကြံမဟန် အလောင်းပြန်

အီရန်–အီရတ်စစ်ပွဲ (၁၉၈၀–၈၈) အစတွင် အီရတ်တပ်များအနေနှင့် အတန်အသင့် အောင်ပွဲဆင်နိုင်ခဲ့သော်ငြား လည်း စစ်ပွဲကာလ တစ်နှစ်ခန့် သက်တမ်း ရှိလာသောအခါ လူဦးရေ သုံးဆနီးပါးခန့် ပိုများသော အီရန်တို့က လူလှိုင်းများနှင့် ပြန်၍ အသေခံ တိုက်ခိုက်သောကြောင့် အီရတ်တို့ အကျအဆုံးများစွာဖြင့် အထိနာပြီး အီရန်နိုင်ငံမှ သေပြေးရှင်ပြေး ဆုတ်ခွာထွက်ပြေးခဲ့ကြရ၏။ ထိုအခါ ဆက်ဒမ်၏ စိတ်ဓာတ် အကြီးအကျယ်ထိခိုက်ကျဆင်းကာ တစ်နည်းနည်းဖြင့် အဆောတလျင် အီရန်နှင့် စစ်ပြေငြိမ်းလိုသည်။ သို့ကြောင့် ကက်ဘိနက်ဝန်ကြီး အစည်းအဝေး ကျင်းပပြီး ထိုအရေးကိစ္စအတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် သူက ဖြောင့်ဖြောင့်တန်းတန်း လမ်းဖွင့်ပေး၏။

ထိုစဉ် ကျန်းမာရေးဝန်ကြီး ရီယက်အီဘရာဟင်က ဆက်ဒမ်၏ သဘောထားနှင့် ဆန့်ကျင်၍ ပွင့်လင်းစွာ မသွယ်မဝိုက်တဲ့တိုး တင်ပြ၏။ ယင်း၏ အကျိုးဆက်မှာ နောက်နေ့တွင် ဝန်ကြီး အီဘရာဟင်၏ ခုတ်ပိုင်းထားသော အလောင်းသာ သူ့ဇနီးထံသို့ ရောက်လာခဲ့သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ဓားထက်လွှန်း

ကြားသိရသူတို့ မတွေးဝံ့အောင် ကျောချမ်းချောက်ချား စဖွယ် ယင်းဖြစ်ရပ်ဆိုးအပြင် ဆက်ဒမ် အာဏာရချိန်မှစ၍ ပါတီ၊ အစိုးရအဖွဲ့နှင့် တပ်မတော်တို့အတွင်း သူ့ကို အာခံရန် အလား အလာ ရှိသည်ဟု သံသယရှိသူများကို နည်းမျိုးစုံဖြင့် အပြစ်ရှာ၍ ဖြုတ် ထုတ် သတ် လုပ်ခဲ့သော လူမဆန်သည့် သူ့ရက်စက် ကြမ်းကြုတ်မှုများကို ထောက်ရှုခြင်းအားဖြင့် ခေါင်းဆောင်ကြီး ဆက်ဒမ်ဟူစိန်နှင့် သဘောထား ကွဲလွဲဆန့်ကျင်၍ အကြံပေးရဲသူ ပြတ်ပြတ်သားသား မိမိ သဘောထား အယူအဆများကို ဆွေးနွေး တင်ပြရဲသူဟူ၍ အဘယ်မှာပင်လျှင် ရှိနိုင်အံ့နည်း။ သူက အင်မတန် အင်မတန် ဓားထက်လွှန်းလှသည်ကိုး။

## ဆက်ဒမ် အလိုကျ လွှတ်တော်က လုပ်ပေးရ

ထို့ထက် ပိုဆိုးသည်မှာ ပြည်သူ့ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော အီရတ်ပြည်သူ့လွှတ်တော်ကလည်း ဆက်ဒမ် ၏ အလိုကျသာ စီစဉ်လုပ်ပေးခဲ့ရသည့် ကိစ္စပင်။

ပုံစံအားဖြင့် ကူဝိတ်နိုင်ငံကို အီရတ်တပ်များ မကျူးကျော် ခင်က 'ကူဝိတ်သည် အီရတ်နိုင်ငံ၏ ၁၉ ခုမြောက် ပြည်နယ် ဖြစ် သည်' ဟု အီရတ် ပြည်သူ့လွှတ်တော်က ဆက်ဒမ်၏ ဆန္ဒနှင့်အညီ ပြဋ္ဌာန်းပေးခဲ့ရ၏။ ပါရှန်ပင်လယ်ကွေ့စစ်ပွဲတွင် အီရတ်တပ်များ မရှုမလှ အရေးနိမ့်ပြီးနောက်လည်း 'ကူဝိတ်သည် လွတ်လပ်သော အချုပ်အခြာ အာဏာပိုင်နိုင်ငံ တစ်နိုင်ငံ ဖြစ်သည်' ဟု အီရတ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြည့်သူ့လွှတ်တော်က သူ့အလိုကျ ဆုံးဖြတ်အတည်ပြုပြီး အသိအမှတ်ပြုပေးခဲ့ရသည်။

ဤအချက်က အီရတ် ပြည်သူ့လွှတ်တော် အထင်အရှားရှိနေလင့်ကစား ဆက်ဒမ် လုပ်ချင်သလို အလွယ်တကူလုပ်၍ ရနေကြောင်း ထင်ရှားသိသာလှပေသည်။ ထို့ပြင် အီရတ် ပြည်သူ့လွှတ်တော်ကို သူ့စိတ်တိုင်းကျ အသုံးချ၍ ဆက်ဒမ် ထင်ရာစိုင်းခဲ့သည့် သာဓက အများအပြား ရှိသော်ငြား အကြောင်းအရာ ရှည်လျားမည် စိုးသဖြင့် ဤမျှသာ နမူနာ ပြလိုက်ခြင်း ဖြစ်သည်။

**ဘာ့သ်ပါတီကလည်း ထောက်ခံပေးနေရ**

တကယ်တော့ အီရတ် ပြည်သူ့လွှတ်တော်သာမက နိုင်ငံတော်ကို ဦးဆောင်ဦးရွက် ပြုရမည့် ဘာ့သ်ပါတီကလည်း လိုလားသည် ဖြစ်စေ၊ မလိုလားသည် ဖြစ်စေ ဆက်ဒမ် ဆန္ဒရှိသမျှကို အတွင်းမှနေ၍ ထောက်ခံပေးနေရသည်။ သူ့ကိုယ်စား ကမကထ ပြုပေးနေရသည်။

**ချေမှုန်းခံရ**

သို့ကြောင့်လည်း လွှတ်တော်နှင့် ပါတီ၏ ထောက်ခံချက်ဖြင့် ဆက်ဒမ်ဟူစိန်သည် အကြောင်းရှာ၍ အီရန်နိုင်ငံကို စတင်တိုက်ခိုက်ခဲ့သည်။ စစ်ပွဲမှာ ၈ နှစ် ကြာ၏။ သည့်နောက် ကူဝိတ်နိုင်ငံကို စစ်အင်အားသုံး၍ ကျူးကျော်သိမ်းပိုက်ခဲ့သည်။ ရလဒ်မှာ ကုလသမဂ္ဂနိုင်ငံစုံ မဟာမိတ်တပ်ဖွဲ့ကြီး၏ ပြင်းထန်စွာ တိုက်ခိုက်ချေမှုန်းမှုကို ခံရခြင်းပင်။ အချိန်အခါ အခြေအနေအရ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လောလောဆယ် အီရတ် ဆင်နွဲနေသော ကူဝိတ်စစ်ပွဲနှင့် လားလားမျှ မသက်ဆိုင်သော အစ္စရေးနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ကို ဆက်ဒမ်၏ အမိန့်အရ ဆိုဗီယက်လုပ် စကာ့ဒ်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်သေး၏။ အခြေအနေ မပေးသေး၍ အစ္စရေးနိုင်ငံက လက်တုံ့ မပြန်ခဲ့သော်ငြားလည်း ဆော်ဒီအာရေဗျနိုင်ငံကို အကာအကွယ် ပေးနေသော မဟာမိတ်တပ်ဖွဲ့များ၏ အပြင်းအထန် ပြန်လှန်ဒဏ်ခတ်ခြင်းကို အီရတ်တပ်များ အလူးအလဲ ခံခဲ့ရသေးသည်။

## မည်သူမျှ ထိန်းမရ

ဤမျှ နိုင်ငံအတွက် အကျိုးယုတ်လျော့စေသော၊ နိုင်ငံကို လုံးဝ အဖတ်ဆယ်မရနိုင်လောက်အောင် အဘက်ဘက်မှာ ပျက်စီးစေသော၊ ပြည်သူများနှင့် နိုင်ငံ့သားကောင်းရတနာ စစ်သည် အမြောက်အမြား အတုံးအရုံး သေဆုံးစေသော အဖြစ်ဆိုးကြီးများအတွက် အီရတ် ပြည်သူ့လွှတ်တော်နှင့် ဘာ့သ်ပါတီတို့က ဘာများ တတ်နိုင်ကြသနည်း။ နက်နက်နဲနဲ စဉ်းစားစရာမလို။ လွယ်လွယ်နှင့် အဖြေထွက်နေသည်။

ယင်းမှာ အခြား မဟုတ်။ ခေါင်းဆောင်ကြီး ဆက်ဒမ်ဟူစိန်ကို မည်သူမျှ မည်သည့် အဖွဲ့အစည်းမျှ ထိန်းချုပ်၍ မရနိုင်ဆိုသည့် အချက်ပင်တည်း။

## တိုးချဲ့ပိုင်ခွင့်ရှိ

အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်သည် နိုင်ငံတော် ကာကွယ်ရေးအတွက် ကြည်း၊ လေ၊ ရေ တပ်မတော်ကို စနစ်တကျ ဖွဲ့စည်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တည်ထောင်၍ ခေတ်မီလက်နက်များ တပ်ဆင်ခြင်းသည် လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းကို တာဝန်အရ လုပ်ကိုင်ခြင်း ဖြစ်သဖြင့် သူ့ကို လုံးဝအပြစ်မဆိုသာ။ နိုင်ငံတော်ရှိ တပ်အင်အားကိုလည်း နိုင်ငံ့စီးပွားရေးနှင့် ပတ်ဝန်းကျင် အခြေအနေအရ သင့်တော်သလို ထားရှိ တိုးချဲ့ပိုင်ခွင့် ရှိသည်။

## မပြုလုပ်သင့်

သို့သော် နိုင်ငံတော် ကာကွယ်ရေးထက် ကျော်လွန်ကာ အိမ်နီးချင်းနိုင်ငံများကို ရန်စကျူးကျော်ရန် စစ်သည်အင်အားကို အဆမတန် တိုးချဲ့ဖွဲ့စည်းခြင်း၊ သူ့ကိုယ်ကျိုးအတွက် ခါးပိုက်ဆောင်တပ်များ ဖွဲ့စည်းခြင်းနှင့် ဘာ့သ်ပါတီ၊ အစိုးရအဖွဲ့၊ တပ်မတော်နှင့် အီရတ် ပြည်သူများအတွင်းမှ သူ့အပေါ် သစ္စာရှိမည့်သူများ မဟုတ်ဟု သံသယရှိသူများကို မတရားသဖြင့် နှိပ်ကွပ်ချေမှုန်းရန် လျှို့ဝှက်ထောက်လှမ်းရေးကို အသုံးပြုခြင်း စသောလုပ်ရပ်မျိုးကို ဆက်ဒမ်အနေနှင့် လုံးဝ မပြုလုပ်သင့်ချေ။

## မဟာအမှား

ထို့ထက် အဏုမြူဗုံး ထုတ်လုပ်နိုင်ရေးကို ရည်ရွယ်လျက် လျှို့ဝှက်လုပ်ကိုင်ခဲ့ခြင်း၊ ဓာတုဇီဝ အဆိပ်ဓာတ်ငွေ့နှင့် လူအများ ရောဂါဖြစ်စေနိုင်သော ပိုးမွှားလက်နက်များ စသော လူအမြောက်အမြား သေကျေစေနိုင်သည့် ဖျက်အားပြင်း လက်နက်များကို ပြုလုပ်၍ အသုံးပြုခြင်း စသည်တို့မှာ ဆက်ဒမ်ဟူစိန်အဖို့ မဟာအမှားတစ်ရပ် ဖြစ်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ရက်စက်ရာတွင် သရဖူဆောင်း

ခေါင်းဆောင်ကြီး ဆက်ဒမ်ဟူစိန်၏ ဆင်ကန်းတောတိုး မဆင်မခြင် မိုက်မိုက်ကန်းကန်း လုပ်ရန် ကြံစည်မှုများကို လိုအပ်သလို အကြောင်းအကျိုးပြ၍ ကြိုတင်ဖျောင်းဖျတားဆီးနိုင်မည့်သူ၊ ဟန့်တားနိုင်မည့် အဖွဲ့အစည်းဟူ၍ အီရတ်နိုင်ငံတွင် လုံးလုံးလျားလျား ကင်းမဲ့နေသဖြင့် သူ ပို၍ရမ်းကားလာသည်။ ပို၍ ပို၍ လက်ရဲဇက်ရဲ ဖြစ်ကာ ရက်စက်ကြမ်းကြုတ်ရာတွင် သရဖူဆောင်းလာသည်။

## အစုအပြုံလိုက် သုတ်သင်

အီရန်–အီရတ် စစ်ပွဲ ဖြစ်၍ ၂ နှစ်ခန့် အကြာ ၁၉၈၂ ခုနှစ်တွင် လက်ရှိအီရတ်ဝန်ကြီးချုပ် နူရီအဲလ်မာလီကီ (Nuri al-Maliki) တို့၏ ဒါဝါပါတီဝင်များက ဆက်ဒမ်ကို လျှို့ဝှက်လုပ်ကြံရန် ကြိုးစားပြီး သူ့အမိန့်အရ အီရတ်နိုင်ငံတောင်ပိုင်းရှိ ဒူဂျေးလ်မြို့ (Dujail) ၌ ရှိးယိုက် ၁၄၈ ယောက်ကို ပြောင်ပြောင်တင်းတင်း ရက်ရက်စက်စက် အစုလိုက်အပြုံလိုက် သုတ်သင် ရှင်းလင်းပစ်လိုက်သည်။

နောင်အခါ သူ အဖမ်းခံရပြီးနောက် ဤပြစ်မှု ထင်ရှားသဖြင့် တရားခံဆက်ဒမ်သည် အထူးတရားရုံးက သေဒဏ်အပြစ်ပေးခံရပြီး အယူခံတရားရုံးကလည်း အယူခံမှုကို ပယ်ချ၍ ကြိုးပေးကွပ်မျက်ခံခဲ့ရသည်။ (အကျယ်ကို နောက်ပိုင်း သီးသန့်ဆောင်းပါးတွင် ရှုပါ။)

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## လူမျိုးတုံး သတ်ဖြတ်မှု

အီရန်–အီရတ်စစ်ပွဲ မပြီးဆုံးမီ ၅ လခန့်အလို ၁၉၈၈ ခုနှစ် မတ်လ ၁၆ ရက်နေ့ကလည်း ကာ့ဒ် ခွဲထွက်ရေးသူပုန်များ၏ ပုန်ကန်ထကြွမှုကို အဆုံးသတ်ရန် ရည်ရွယ်လျက် ဆက်ဒမ်၏ တစ်ချက်လွှတ်အမိန့်အရ ကာ့ဒ်မျိုးနွယ်စုတို့၏မြို့ ဖြစ်သော ဟာလက်ဘ်ဂျာ (Halabja) ကို ဓာတုအဆိပ်ဓာတ်ငွေ့လက်နက်ဖြင့် ယုတ်မာရက်စက်စွာ တိုက်ခိုက်ချေးမှုန်းခဲ့သဖြင့် အမျိုးသမီးနှင့် ကလေးသူငယ် အများစု အပါအဝင် အနည်းဆုံး လူ ၅,၀၀၀ ခန့် မြင်မကောင်းရှုမကောင်းလောက်အောင် အတုံးအရုံး သေဆုံးခဲ့ကြရရှာသည်။ ယင်းကို လူမျိုးတုံး သတ်ဖြတ်မှုဟု ခေါ်ဝေါ် သမုတ်ကြသည်။

သူ အဖမ်းခံရပြီးနောက် ဤရာဇဝတ်မှုသည် ဆက်ဒမ်၏ ဒုတိယအမှု ဖြစ်လာ၏။ ဤအမှုကို စစ်ဆေးနေဆဲ ကာလတွင် ပထမရာဇဝတ်မှုကို ကျူးလွန်ကြောင်း ထင်ရှားသောကြောင့် ဆက်ဒမ် ကြိုးပေးကွပ်မျက်ခံရသဖြင့် ရုံးတော်က ဆက်ဒမ်၏ နောက်ပိုင်းအမှုများကို တရားဝင် ပယ်ဖျက်လိုက်သည်။ ပယ်ဖျက်မှုသည် အခြား တရားခံများနှင့် မသက်ဆိုင်ချေ။

## လုယက်ယူငင်

ဆက်ဒမ်ဟူစိန်၏ အမိန့်အရ စစ်သည်အင်အား ၂၀,၀၀၀ ကျော်မျှသာရှိသော ကူဝိတ်နိုင်ငံကလေးကို သိန်းချီ၍ ရှိသည့် စစ်သည်အင်အား အလုံးအရင်းဖြင့် အီရတ်တပ်များက အတင်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အဓမ္မ ကျူးကျော်သိမ်းပိုက်ကြ၏။ အီရတ်တပ်သားများသည် ရွှေ ငွေ ရတနာများနှင့် အဖိုးတန် ပစ္စည်းပစ္စယ ဟူသမျှကို လုယက် ယူငင်ကြသည်။ လူများကို သတ်ဖြတ်ကြသည်။ ကူဝိတ် အမျိုးသမီး များကို မတရားသဖြင့် အဓမ္မပြုကျင့်ကြသည်။

## လူသားဒိုင်း

အကယ်၍ မဟာမိတ်တပ်များ တိုက်ခိုက်လာချေက ဓားစာခံ အဖြစ် ဖမ်းဆီးထားသော သံတမန်များနှင့် နိုင်ငံခြားသားများကို လူသားဒိုင်း (human shield) သဖွယ် မလွှဲမရှောင်သာ အကာ အကွယ် ပြုလုပ်ရလိမ့်မည်ဟု ဆက်ဒမ်က ကြေညာခြိမ်းခြောက် ခဲ့၏။ ထို့ပြင် ပါရှန်ပင်လယ်ကွေ့ စစ်ပွဲဖြစ်ပွားစက ရေနံစိမ်း စည်ပေါင်း အမြောက်အမြားကို ဖွင့်လျက် ပင်လယ်ကွေ့ ရေပြင် ထဲသို့ ရေနံများကို တသောသော သွန်ချပစ်ခြင်းအားဖြင့် မဟာ မိတ် ရေတပ်စစ်သင်္ဘောများနှင့် ပင်လယ်ကွေ့နိုင်ငံများကို အကြီး အကျယ် အနှောင့်အယှက် ပေးခဲ့သေးသည်။

## ကူဝိတ် ရေနံတွင်းများ မီးရှို့ဖျက်ဆီး

ထိုမျှသာမက ကုလသမဂ္ဂ နိုင်ငံစုံ မဟာမိတ်တပ်ပေါင်းစု ၏ တပ်မှူးကြီး ဗိုလ်ချုပ်ကြီးနော်မင်ရှဝါ့ဇကော့ဖ် (Gen.Norman Schwarzkopf) ၏ ထိုးစစ်မဟာဗျူဟာနှင့် နည်းဗျူဟာ များကို တစ်စွန်းတစ်စမျှ မရိပ်မိသော စစ်ရေးခေါင်းဆောင်ကြီး ဆက်ဒမ်ဟူစိန်၏ တစ်ချက်လွှတ်အမိန့်အရ အီရတ်ရှေ့တန်း စစ်မျက်နှာမှ တပ်များ လိုက်နာလုပ်ဆောင်နေရသဖြင့် အမြဲလို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လိုပင် ကျင်းထဲ ဘန်ကာထဲမှာသာ ပုန်းလျှိုး ဝပ်တွားနေရရာက ကူဝိတ်မှ ဆုတ်ခွာခါနီး အချိန်တွင် 'မစားရသည့် အမဲ သဲနှင့် ပက်သည့်နှယ်' ကူဝိတ် ရေနံတွင်းများကို မီးတဟုန်းဟုန်း တောက်လောင်စေရန် မီးရှို့ ဖျက်ဆီးခဲ့ကြသေးသည်။ ခေါင်းဆောင်ကြီး ဆက်ဒမ်ဟူစိန်၏ အလွန်တရာ ယုတ်မာပက်စက်သည့် အကြံအစည်ပင်တည်း။

## စစ်အင်အားအတွက် ငွေပုံအော

ဆက်ဒမ်ဟူစိန်သည် တိုင်းပြည်၏ အသက်သွေးကြောဖြစ်သော ရေနံလုပ်ငန်းမှ ရရှိသည့် ငွေကြေးဓနအင်အားကို နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများမှာထက် စစ်အင်အားတည်ဆောက်ရေး လုပ်ငန်းများမှာ ပို၍ အသုံးပြုသည်။ ပို၍ပုံအောသည်။

## ခေတ်မီလက်နက်များ ဝယ်

အီရတ်နိုင်ငံသည် အနောက်နိုင်ငံ အချို့နှင့် ဆိုဗီယက် ရုရှားနိုင်ငံတို့မှ ခေတ်မီလက်နက် အမြောက်အမြားကို ပြောင်ပြောင်တင်းတင်း တစ်မျိုး၊ လျှို့လျှို့ဝှက်ဝှက် တစ်ဖုံ နည်းမျိုးစုံဖြင့် ဝယ်ယူ သိုလှောင်ခဲ့သည်။ အဏုမြူဗုံး ထုတ်လုပ်ရန် ရည်ရွယ်ကြိုးစားခဲ့သည်။ ဓာတုနှင့် ဇီဝ အဆိပ်ဓာတ်ငွေ့လက်နက်များ၊ ရောဂါဖြစ်စေတတ်သော ပိုးမွှားလက်နက်များ အပါအဝင် လူအမြောက်အမြား သေစေနိုင်သော ဖျက်အားပြင်း လက်နက်များ ပြုလုပ်ခဲ့သည်။ ခေတ်မီ ဂျက်လေယာဉ်များ၊ တင့်ကားများ၊ သံချပ်ကာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကားများ၊ ဒုံးလက်နက်များ၊ လေယာဉ်ပစ် အမြောက်များ၊ ရေဒါများ စသည်ဖြင့် ရေနံမှ ရသော ဒေါ်လာများကို ရေလို သုံးဖြုန်း၍ အကြီးအကျယ် ဝယ်ယူခဲ့သည်။

## တွက်ကိန်း ပါစင်အောင်လွဲ

သို့ဖြင့် ခေတ်မီလက်နက် အမြောက်အမြားကို လက်ဝယ်ပိုင်ဆိုင်ထားသောကြောင့် အီရန်နိုင်ငံကို အလွယ်တကူ အနိုင်ရလိမ့်မည်ဟု ဆက်ဒမ်က ကျိန်းသေပေါက်တွက်ချက်ထား၏။ သို့သော် တကယ် တိုက်သောအခါ မှန်းချက်နှင့် နှမ်းထွက် မကိုက်။ သူ့ တွက်ကိန်းများ ပါစင်အောင် လွဲခဲ့သည်။

## နိုင်ငံ ပျက်စီး ကြွေးတင်

အီရန်–အီရတ် စစ်ပွဲသည် ၈ နှစ်ထိ ကြာခဲ့သဖြင့် အီရတ်စစ်သည် သိန်းချီ၍ ကျဆုံးခဲ့သည်။ သိန်းချီ၍ ဒဏ်ရာရခဲ့သည်။ တိုင်းသူပြည်သားများစွာ သေကျေဒဏ်ရာရသည်။ စစ်ဘက်အဆောက်အအုံများ ပျက်စီး၍ စစ်အင်အား ပြိုကွဲသွားသည်။ ရေနံမြေများ၊ ရေနံတွင်းများ၊ ရေနံလုပ်ငန်း အဆောက်အအုံများ၊ ရေနံ ထုတ်လုပ်ရေးကိရိယာများ၊ ရေနံတူးစင်များ၊ ရေနံချက်စက်ရုံများ၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး လုပ်ငန်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့သယ်ယူပို့ဆောင်ရေး ပိုက်လိုင်းများ စသည်ဖြင့် နာလန်မထူနိုင်လောက်အောင် ယိုယွင်းပျက်စီးသွားသည်။

ကျောင်း၊ ရုံး၊ ဆေးရုံ၊ ကြေးနန်းရုံး၊ စာတိုက် စသော အစိုးရ အဆောက်အအုံများ၊ အစိုးရ စက်မှုလက်မှု လုပ်ငန်းများ၊

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပုဂ္ဂလိက စက်ရုံ အလုပ်ရုံများ၊ မြို့ရွာများမှ ပြည်သူ့ အဆောက်အအုံများ၊ တိုက်တာအိမ်ရာများ အလုံးစုံ ပြုတ်ပြုတ်ပြုန်း ပျက်စီးဆုံးရှုံးသည်။ စစ်ပွဲကြောင့် တစ်နိုင်ငံလုံး ဖွတ်ဖွတ်ကြေရုံမက နိုင်ငံ့စီးပွားရေးမှာလည်း ချွတ်ခြုံကျသွားသည်။ ယူအက်စ်ဒေါ်လာ ၈၀ ဘီလီယံခန့် အကြွေးပေးဆပ်ရန် ကျန်နေသေးသည်။

## ငွေလို

စစ်ကြီး အပြီး နိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် ငွေလိုလာပြန်သည်။ ရနိုင်သော ငွေဟူ၍ ဆက်ဒမ်မှာ ရေနံမှ ရမည့် ငွေမှတစ်ပါး အခြား မရှိ။

## ပြည်သူများဦး လှည့်လာနိုင်

စစ်ပွဲကြောင့် တစ်နိုင်ငံလုံး ပန်းနေကြလေပြီ။ စီးပွားရေး အကျပ်အတည်းကြောင့် ပြည်သူများ မရှုနိုင် မရှိက်နိုင်လောက်အောင် ဒုက္ခဆင်းရဲ ကြုံတွေ့နေကြရ၏။ အဓိက စားသုံးကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရှားပါးပြီး ဈေးနှုန်းတွေ ခေါင်ခိုက်နေသည်။ မည်သည့် ပစ္စည်းကိုမဆို မှောင်ခိုဈေးမှာသာ ဈေးနှုန်း မတန်တဆ ပေး၀ယ်ကြရ၏။ သို့ကြောင့်ကြာလာလျှင် ခေါင်းဆောင်ကြီး ဆက်ဒမ်ဟူစိန်ဘက်သို့ ပြည်သူများ၏ မြားဦး လှည့်လာနိုင်သည်။

## ဩဇာအာဏာကို ထိန်းထားနိုင်

ဆက်ဒမ်ဟူစိန်သည် သူ မြှောက်စားထားသော သူ့သားများ၊ သမက်များ၊ ဝမ်းကွဲညီအစ်ကိုများ၊ ဆွေမျိုးသားချင်းများ၊

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သူ့အပေါ် သစ္စာစောင့်သိသော တပည့်လက်သားများ စသည်တို့၏ စွမ်းစွမ်းတမံ ကူညီပံ့ပိုးဆောင်ရွက်ပေးမှုများကြောင့် ပါတီ၊ တပ်မတော်၊ အစိုးရနှင့်ပြည်သူများအတွင်းမှာပါ သူ့သြဇာအာဏာကို မြဲမြဲစွာ ထိန်းထားနိုင်သည်။ ထို့အတွက် အီရတ်နိုင်ငံကို လေ့လာ အကဲခတ်နေကြသော အနောက်နိုင်ငံအချို့ရော အာရပ်နိုင်ငံများပါ အထူးတလည် အံ့သြကြရသည်။

## ပြန်၍ ထူထူထောင်ထောင် ဖြစ်လာ

အခြားတစ်ဖက်တွင်လည်း အဓိကအားဖြင့် ရေနံလုပ်ငန်းကို အလျင်အမြန် သူ ပြန်လည်ထူထောင်၏။ တပ်များကို စုစည်းပြီး ပြန်လည် ပြုပြင်ဖွဲ့စည်းသည်။ လူအင်အား လက်နက်အင်အားဖြည့်တင်းပေးသည်။ သို့ဖြင့် ဆက်ဒမ်သည် အထိုက်အလျောက်ပြန်၍ လန်းလန်းဆန်းဆန်း ထူထူထောင်ထောင် ဖြစ်လာသည်။

## ကူဝိတ်သည် အီရတ်၏ ပြည်နယ်ဟု ကြေညာ

ထိုအခါ သူ့ အချိုးတစ်မျိုး ပြောင်းလာပြန်၏။ သူ့နောက်တွင် အီရတ်ပြည်သူများ တစ်တပ်တစ်အား ရပ်တည်မည့် နည်းလမ်းကို သူ ရှာကြံသည်။ ယင်းအကြံအစည်အရ ကူဝိတ်သည် အီရတ်နိုင်ငံ၏ ပြည်နယ်တစ်ခု ဖြစ်သည်ဟု ကြေညာလိုက်၏။ တစ်နည်းအားဖြင့် စစ်ပွဲတစ်ခု အေးငြိမ်း၍ ယင်း၏ နောက်ဆက်တွဲ ဆိုးကျိုးများကိုပင် မဖယ်ရှား မရှင်းလင်းနိုင်သေးခင် နောက်ထပ် စစ်ပွဲတစ်ပွဲကို ဆက်ဒမ် ဖန်တီးရန် စိုင်းပြင်းခြင်း ဖြစ်သည်။



ကူဝိတ်နိုင်ငံမှ စစ်ရှုံးသော အီရတ်တပ်ဖွဲ့များ ဆုတ်ခွာခါနီးတွင်
ဆက်ဒမ်၏ တစ်ချက်လွှတ်အမိန့်အရ ကူဝိတ်ရေနံတွင်းများကို
မီးရှို့ခဲ့စဉ်က မြင်ကွင်းတစ်စိတ်တစ်ဒေသ



၁၉၉၀ ပြည့်နှစ်တွင် ဘဂ္ဂဒက်မြို့တော်မှ မုန့်ဆိုင်တစ်ဆိုင်၌
ပေါင်မုန့်ဝယ်ရန် တန်းစီနေသူများ



ဘဂ္ဂဒက်မြို့တော်မှ သမ္မတဆက်ဒမ်၏ စံအိမ်တော်များအနက်
စံအိမ်တော်တစ်ခု




ကာ့ဒ်လူမျိုးစု ပါလီမန်အဆောက်အအုံကို ဆက်ဒမ်၏ အကူအညီဖြင့်
သိမ်းပိုက်ထားသော ကာဒစ္စတန်ဒီမိုကရက်တစ်ပါတီ (KDP)
ပြိုင်ဘက် အုပ်စုတစ်ခုမှ တိုက်ခိုက်ရေးသမားများ
ကင်းလှည့်စောင့်ကြပ်နေစဉ်



၁၉၉၃ ခုနှစ် ဧပြီလတွင် ကူဝိတ်နိုင်ငံသို့ အလည်အပတ်
ရောက်လာသော အမေရိကန်သမ္မတဟောင်းဘုရှ်စီနီယာ။
(ထိုစဉ်က ဘုရှ်စီနီယာနှင့် ကူဝိတ်စော်ဘွားတို့ကို ဆက်ဒမ်၏ အစီအစဉ်ဖြင့်
လုပ်ကြံရန် ကြိုးပမ်းမှုတစ်ခုကို ကူဝိတ်လုံခြုံရေးတပ်ဖွဲ့များက ဖြိုခွဲလိုက်ရသည်။)



အာရပ်ကမ္ဘာရှိ အာရပ်အမျိုးသားများ သွေးစည်းညီညွတ်ရေးဝါဒကို
အောင်မြင်စွာ အကောင်အထည်ဖော်နိုင်သောကြောင့် နာမည်ကျော်သော
အီဂျစ်သမ္မတ နာဆာ



ဆက်ဒမ်ကို ကိုဟီဘာဆေးပြင်းလိပ် လက်ဆောင်ပေးသော
ကျူးဘားသမ္မတဖီဒဲလ်ကက်စတရို



၁၉၈၀ ပြည့်နှစ် အာရပ်ထိပ်သီးအစည်းအဝေးသို့ ဆက်ဒမ်
တက်ရောက်နေစဉ်




နိုင်ငံတကာ အနုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)၏
ညွှန်ကြားရေးမှူးချုပ် မိုဟာမက်အဲလ်ဘာရာဒေး(ဝဲ) နှင့် ကုလ
လက်နက်စစ်ဆေးရေးမှူးချုပ် ဟန်ဘလစ် (ယာ) တို့ ဖျက်အားပြင်း
လက်နက်များ ရှာဖွေရေးလုပ်ငန်း ပြန်စရန် အီရတ်နိုင်ငံသို့ ရောက်လာကြစဉ်




၁၉၉၀ ပြည့်လွန်နှစ်များက အီရတ်အဲလ်ဟူစိန်စကာ့ဒ် ဒုံးပျံကြီးတစ်ခုကို
ကုလ လက်နက်စစ်ဆေးရေးမှူးများ ဖျက်ဆီးရန် စီစဉ်နေစဉ်



၁၉၉၆ ခုနှစ်တွင် အီရတ်နိုင်ငံမှ ၁၂၂ မီလီမီတာဒုံးပျံများကို
ကုလလက်နက် စစ်ဆေးရေးမှူးများ ဖျက်ဆီးနေစဉ်



၁၉၉၇ ခုနှစ်တွင် ဘဂ္ဂဒက်မြို့တော်၌ စစ်ဆေးမည့်နေရာများကို
မဝင်ရ၍ကုလစစ်ဆေးရေးမှူးများပြန်လာကြစဉ်




ကုလ လက်နက်စစ်ဆေးရေးမှူးများနှင့် အီရတ်နိုင်ငံက ပူးပေါင်းဆောင်ရွက်မှုကို
ရပ်စဲရန် ခေါင်းဆောင်ပိုင်းမှ ဆုံးဖြတ်ချက်ကို ၁၉၉၈ ခုနှစ်တွင်
အီရတ်ပါလီမန်သို့ မတင်ပြမီ ဒုတိယဝန်ကြီးချုပ် တာရစ်အဇစ်နှင့်
နိုင်ငံခြားရေးဝန်ကြီး မိုဟာမွက်ဆာအိအဲလ်ဆာဟက်ဖ်တို့
ခေါင်းချင်းဆိုင်၍ ညှိနှိုင်းနေကြစဉ်



စားနပ်ရိက္ခာနှင့် ဆေးဝါးပစ္စည်းများ ဝယ်ရန် အီရတ် ရေနံရောင်းချရေး
အစီအစဉ်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီအစည်းအဝေး၌ ဆွေးနွေးနေစဉ်



လူမျိုးစု ရိုးရာဝတ်စုံဖြင့် မြင်တွေ့ရသော ဆက်ဒမ်




ဘာသာတရားကို အလေးမထားခဲ့သော ဆက်ဒမ်သည် သူ့ဘဝ၏
နောင်းပိုင်းကာလတွင် လမ်းဘေးတစ်နေရာ၌ ဘုရားရှိခိုးနေစဉ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သို့ဖြင့် အခြားအကြောင်းအချက်များကို ယိုးမယ်ဖွဲ့၍ ရမယ် ဆက်ရှာသည်။

**ထင်ရာ တစ်ဇွတ်ထိုးလုပ်**

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်လျှင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ တန်ပြန်အရေးယူမှုကို သူ့နိုင်ငံ ခံရမည်ဟူသော အချက်ကိုပင် သူ အလေးမထားနိုင်တော့။ သူ ထင်ရာ တစ်ဇွတ်ထိုး လုပ်တော့သည်။

**မဟာမိတ်တပ်ဖွဲ့များ၏ ဆုံးမမှုကို ခံရ**

သို့ကြောင့် ကူဝိတ်ကို ကျူးကျော်ပြီး များမကြာမီ ကုလသမဂ္ဂ နိုင်ငံစုံမဟာမိတ်တပ်ဖွဲ့၏ မှတ်လောက်သားလောက် ဆုံးမမှုကို အီရတ်တပ်များ ခံရတော့သည်။ မဟာမိတ် တပ်မှူးချုပ် ဗိုလ်ချုပ်ကြီး နော်မင်ရှဝါ့ဇကော့ဖ်၏ စစ်ရေးမဟာဗျူဟာနှင့် နည်းဗျူဟာကို ရိပ်ဖမ်းသံဖမ်းမျှပင် မတီးခေါက်မိဘဲ ဆက်ဒမ် ဦးဆောင်၍ စစ်တိုက်သဖြင့် အီရတ်တပ်များသည် ခုခံမှု အနည်းအပါး ပြုလုပ်နိုင်သည်မှအပ ခေါင်းပင် မဖော်နိုင်ကြတော့။ ကျင်းထဲ ဘန်ကာထဲမှာသာ တစ်ချိန်လုံးလိုလိုပင် ဝပ်တွားနေရပြီး နောက်ဆုံးတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ စစ်ရေးတောင်းဆိုချက်ကို လက်ခံလိုက်ရသည်။

**အီရတ်က အောင်ပွဲဆင်သည်ဟု ကြေညာ**

သို့ပင် ဖြစ်လင့်ကစား 'စစ်ပွဲတကာ၏ မိခင်' (the mother of all battles) ဟု သူကိုယ်တိုင် ထူးထူးခြားခြား အမည်ပေးထား

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သော '၁၉၉၁ ခုနှစ် ပါရှန်ပင်လယ်ကွေ့စစ်ပွဲ'မှာ အီရတ်နိုင်ငံက အောင်ပွဲဆင်သည်ဟု ဆက်ဒမ်ဟူစိန်က ကောက်ချက်ချပြီး ကြေညာလေသည်။ အံ့ဖွယ်လိလိပင်တည်း။

## စစ်ပွဲ ကွပ်ကဲသည့် နေရာ သိလို

၈ နှစ်ကြာအောင် တိုက်ခိုက်ခဲ့ရသော အီရန်နှင့် စစ်ပွဲတွင်လည်းကောင်း၊ အီရတ်တို့ထက် အဘက်ဘက်က သာလွန်သော ကုလသမဂ္ဂ နိုင်ငံစုံ မဟာမိတ်တပ်ဖွဲ့နှင့် တိုက်ခိုက်ရသည့် ပါရှန်ပင်လယ်ကွေ့ စစ်ပွဲတွင် လည်းကောင်း ခေါင်းဆောင်ကြီး ဆက်ဒမ်ဟူစိန်သည် မည်သို့ အကာအကွယ်ယူ၍ မည်သည့်နေရာမှ စစ်ပွဲကို ကြီးကြပ်ကွပ်ကဲ အမိန့်ပေးနေသနည်းဟု လူအများက ကြားလို သိလိုကြသည်။ စိတ်ဝင်စားကြသည်။ စုံစမ်းမေးမြန်းကြသည်။

## ရောမ မြေအောက် ဘန်ကာနန်းတော်ကြီး

ဤလို ကိစ္စမျိုးတွင် ဆက်ဒမ်ဟူစိန်သည် ခေသော ပုဂ္ဂိုလ်မဟုတ်။ ကြိုတင်၍ မြင်တတ်သည်။ ၁၉၇၉ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီး ဖြစ်ပြီး အီရန်နှင့် စစ်ဖြစ်စ ၁၉၈၁ ခုနှစ်မှာ ရောမ မြေအောက်ဘန်ကာနန်းတော်ကြီး တစ်ခုကို ဘဂ္ဂဒက်နန်းတော်ကြီးအောက်၌ ယူအက်စ်ဒေါ်လာ သန်း ၁၀၀ ကျော် အကုန်အကျခံ၍ ခမ်းနားစွာ တည်ဆောက်ခဲ့၏။ အနောက် ဂျာမနီနိုင်ငံမှ ကုမ္ပဏီတစ်ခုက ဆောက်လုပ်ပေးခဲ့သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## အခိုင်အမာ ဆောက်ထား

ကြယ်ငါးပွင့် အဆင့်ရှိ ဇိမ်ခံဟိုတယ်ကြီး တစ်ခုအလား ကျယ်ဝန်း ခမ်းနားထည်ဝါလှပြီး အခန်းပေါင်း ၁၂ ခန်း ရှိ၏။ မျက်နှာကြက်၊ တံခါးနှင့် နံရံတို့ကို အလွန်တရာ ထူထဲသော သံမဏိပြားကြီးများဖြင့် အခိုင်အမာ ဆောက်လုပ်ထားသည်။ အထက်အောက် အတက်အဆင်းအတွက် ဓာတ်လှေကားများ တပ်ဆင်ထား၏။ မည်သည့် ခေတ်မီဗုံးကျည်၊ မည်သည့်ဗုံးမှ မြေအောက်ဘန်ကာ နန်းတော်ကြီးထဲသို့ ဖောက်ထွင်းနိုင်စွမ်း မရှိအောင် အာမခံဖြင့် တည်ဆောက်ထားသည်။

## စစ်ပွဲကို ကွပ်ကဲ

အဆိုပါ မြေအောက် သီးသန့်ခန်းမှနေ၍ ခေါင်းဆောင်ကြီးသည် စစ်ပွဲအခြေအနေကို ရုပ်မြင်သံကြားဖန်သားပြင်ပေါ်၌ ရှုစားပြီး စစ်ပွဲကို ကွပ်ကဲသည်။ မြေအောက် သီးသန့် အသံလွှင့်ခန်းမှနေ၍ တိုင်းပြည်သို့ အရေးကြီးသော မိန့်ခွန်းများကို မြွက်ကြားခဲ့သည်။

## ဇိမ်ယူနေနိုင်

ခေါင်းဆောင်ကြီးဆက်ဒမ် မိသားစု နေထိုင်ရာ သီးသန့်အခန်းများတွင် ခေတ်မီအဖိုးတန် ကော်ဇောကြီးများ ခင်းထားပြီး လှပသော မီးဆိုင်းပဒေသာများ ထွန်းထားကာ လှပသော ပရိဘောဂအပြည့်အစုံ ခင်းကျင်းထားသဖြင့် လိုလေသေးမရှိ ဇိမ်ယူနေနိုင်ကြသည်ဟု ဆိုသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ဝန်မလေး

ခေါင်းဆောင်ကြီးသည် မိမိ၏အာဏာစက်ကို အနည်းနှင့် အများ ထိပါးမည်ဟု ယူဆချေက သူတစ်ထူး၏ အသက်ကို ပုရွက်ဆိတ်ကလေး တစ်ကောင်လောက်မျှ တန်ဖိုးမထားခဲ့။ အရေအတွက် မည်မျှပင် များပြားစေကာမူ ကျူပင်ခုတ် ကျူငုတ်မကျန် သုတ်သင်ရှင်းလင်းပစ်ရန်လည်း သူ ဝန်မလေး။

## စစ်ပွဲကြီး ဖန်တီးရဲ

တိုင်းပြည့် သားကောင်းရတနာများ ဖြစ်ကြသော လူငယ်လူရွယ် စစ်သည်တော်များနှင့် အပြစ်မဲ့သော ပြည်သူပြည်သားများ သောင်းသိန်းချီ၍ အလဟဿ သေကျေကျိုးကန်းကြရမည်ဟု အလွယ်တကူ ကြိုတင်သိမြင်နိုင်လျက် အကျိုးမဲ့သည့် လူသတ်စစ်ပွဲကြီးကို တမင်ဖန်တီးဝံ့သောပုဂ္ဂိုလ် ဖြစ်သည်။

## အကာအကွယ်ယူ

သို့တိုင်အောင် မိမိ အသက်ကိုမူ အတိုင်းထက်အလွန် တန်ဖိုးထားပြီး သေရမှာကိုလည်း အလွန်အမင်း စိုးရိမ်ကြောက်ရွံ့၏။ မိမိနှင့် မိသားစု အသက်နှင့် ဘဝ လုံခြုံရေးကိုမူ ဤရွေ့ဤမျှ အလေးထားလျက် ဇိမ်မပျက် အကာအကွယ်ယူသော ပုဂ္ဂိုလ်ကြီးပင်တည်း။

## စိန်ခေါ်ဝံ့သော သူ့ရဲကောင်း

မည်သို့ဆိုစေ ဆက်ဒမ်ဟူစိန်သည် ပါရှန်ပင်လယ်ကွေ့ဒေသကြီးတစ်ခုလုံး၏ လုံခြုံရေးကို အကြီးအကျယ် ခြိမ်းခြောက်နေ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သော၊ သူမတူအောင် ရက်စက်ကြမ်းကြုတ်သည့် အာဏာရှင် တစ်ဦး ဖြစ်သည်ဟု ပင်လယ်ကွေ့အာရပ်နိုင်ငံများက ထင်မြင် ယူဆကြလင့်ကစား အာရပ်နိုင်ငံများ၏ ဘုံရန်သူ အစ္စရေးနိုင်ငံ နှင့် အနောက်နိုင်ငံကြီးများကို ပြတ်ပြတ်သားသား အာခံ၍ စိန်ခေါ်ဝံ့သော သူရဲကောင်းတစ်ဦးအဖြစ်လည်း အာရပ်လူမျိုး အများအပြားက သူ့ကို ရှုမြင်ချီးကျူးကြသည်။ အနောက်နိုင်ငံ ကြီးများ၏ အနိုင်ကျင့် ဗိုလ်ကျ ကျူးကျော်မှုကို ရဲဝံ့စွာရင်ဆိုင် ရာတွင် သူ့ကို သင်္ကေတပြယုဂ်တစ်ခုအဖြစ်လည်း ယင်းတို့က သဘောထားကြသည်။

## အစိက အခြေခံ အကြောင်းရင်းများ

အီရတ်နိုင်ငံတွင် လူမျိုးရေးနှင့် ဘာသာရေး ကွဲပြားခြားနား မှုများကြောင့် တိုင်းရင်းသားအချင်းချင်း ဝါးအစည်းပြေသလို မညီမညွတ် ဖြစ်နေသည့်အထဲ လူမှုရေး အရှုပ်အထွေး၊ စီးပွားရေး၊ အခက်အခဲ အကျပ်အတည်းများကြောင့် အထူးသဖြင့် လူမျိုး ပေါင်းစုံမှ ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များ၊ လက်လုပ်လက်စား အလုပ်သမားများ၊ ဆင်းရဲသော တောင်သူလယ်သမားများ၊ အောက်ခြေ လူတန်းစား အလွှာအသီးသီးမှ လုပ်သားပြည်သူများ အတွင်း မကျေနပ်မှုများ တစ်နေ့တခြား တိုးပွားများပြားလာ နေ၏။ ယင်းတို့၏ ခံစားချက်များမှ ပေါက်ကွဲပွင့်ထွက်လာသော ဆန္ဒ ဖော်ထုတ်လှုပ်ရှားမှုများကို ရက်စက်ကြမ်းကြုတ်စွာ နှိပ်ကွပ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သုတ်သင်မှုများသည် စစ်ပြီးခေတ် ထကြွမှုများ၏ အဓိက အခြေခံ အကြောင်းအရင်းများ ဖြစ်သည်။

## ပြင်းပြင်းထန်ထန် ချေမှုန်း

မြောက်ပိုင်းတွင် ကာ့ဒ်လူမျိုးစုဝင် ဆွန်နီမွတ်စလင်များ၊ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် အီရန် လိုလားသော ရှီးယိုက် မွတ်စလင်များနှင့် အစိုးရနှင့် အယူအဆသဘောထား ကွဲလွဲ ဆန့်ကျင်သော စစ်တပ်ဖွဲ့များ (dissident military units) ၏ ပုန်ကန်ခြားနားမှုများသည် ဆက်ဒမ်ဟူစိန်အစိုးရ၏ တည်ငြိမ် အေးချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေးတို့ကို အကြီးအကျယ် ခြိမ်း ခြောက်လျက် ရှိသည်။ သို့ကြောင့် အဆိုပါ ပုန်ကန်ထကြွမှုများကို သက်ဆိုင်ရာက အကြင်နာကင်းမဲ့စွာ ရက်ရက်စက်စက် ဖိနှိပ် ရှင်းလင်းပစ်လိုက်သည်။ ယင်းသို့ ပုန်ကန်မှုများကို ရက်စက်စွာ နှိမ်နင်းရာတွင် အုပ်ချုပ်ရေးမှူးများ အုပ်ချုပ်သော ပြည်နယ် ၁၈ ခုအနက် ၁၄ ခု၌ အီရတ်တပ်များက တိုက်ခိုက်ရေး ရဟတ်ယာဉ် များ (attack helicopters) အကူအညီဖြင့် ပြင်းပြင်းထန်ထန် ချေမှုန်းခဲ့သည်။

## အလွန်အမင်း စိုးရိမ်

ဆက်ဒမ်ဟူစိန်ကို ဆန့်ကျင်၍ တော်လှန်ပုန်ကန်ကြရန် အီရတ်ပြည်သူများအား အဓိက နှိုးဆော်သော အမေရိကန် ပြည်ထောင်စုသည် အီရတ် မြောက်ပိုင်းနှင့် တောင်ပိုင်းတို့၌ ဝေဟင်တွင် လေယာဉ်မပျံသန်းရ နယ်မြေများ (no-fly zones)

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သတ်မှတ် စောင့်ကြပ်ပေးသည်မှအပ ပုန်ကန်မှုများအတွက် အခြားဘာတစ်ခုမျှ အကူအညီ မပေးခဲ့။ အမေရိကန်ပြည်ထောင်စု၏ မဟာမိတ် တူရကီနိုင်ငံကလည်း ကာ့ဒ်လူမျိုးတို့၏ လွတ်လပ်ရေး ရည်မှန်းချက်ကို လုံးဝ ဆန့်ကျင်၏။ ဆော်ဒီအာရေဗျနှင့် ရှေးရိုးစွဲ အယူအဆ ရှိသော အခြား အာရပ်နိုင်ငံများ (the Saudis and other conservative Arab States) ကလည်း ဘာသာရေးအစွန်းရောက် အီရန် ရိုးယိုက်မွတ်စလင် တော်လှန်ရေးနှင့် အလားတူ တော်လှန်ရေးတစ်ရပ် အိမ်နီးချင်း အာရပ်နိုင်ငံမှာ ပေါ်လာမည်ကို အလွန်အမင်း စိုးရိမ်ကြသည်။

## လူကြိုက်များ၍ ရေပန်းစားဆဲ

ပါရှန်ပင်လယ်ကွေ့စစ်ပွဲ ပြီးဆုံးသည့်နောက် အီရတ်နိုင်ငံသည် စီးပွားရေးနှင့် စစ်ရေးတို့မှာ နာလန်မထူနိုင်တော့။ သို့တိုင်အောင် သူ့လျှို့ဝှက်ထောက်လှမ်းရေး၊ လျှို့ဝှက်ရဲတပ်ဖွဲ့၊ ခါးပိုက်ဆောင် တပ်ဖွဲ့များ စသည့် အကူအညီဖြင့် ဘာ့သ်ပါတီ၊ အစိုးရအဖွဲ့နှင့် တိုင်းပြည်ကိုပါ ကောင်းကောင်း သူ ထိန်းထားနိုင်သည်။ နိုင်နိုင်နင်းနင်း သူ အုပ်ချုပ်နိုင်သေးသည်။ ဆက်ဒမ်က–

"အမေရိကန်တွေ၊ အင်္ဂလိပ်တွေနဲ့ အသေအလဲ တိုက်ခိုက်ရတဲ့ စစ်ပွဲမှာ အီရတ်နိုင်ငံက နောက်ဆုံး အောင်ပွဲဆင်ခဲ့တယ်ဆိုတာ ကျုပ် ဆက်လက်ရှင်သန်ရပ်တည်နေနိုင်တာကို ရှုမြင်ထောက်ထားခြင်းအားဖြင့် အာရပ်ကမ္ဘာက ပြည်သူတွေအနေနဲ့ အလွယ်တကူ သဘောပေါက်နိုင်တယ်"

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဟု မကြာခဏ ခပ်ကြွားကြွား သူ ပြောလေ့ရှိ၏။ သို့ကြောင့် အာရပ်ကမ္ဘာ၏ ကမ္ဘာ အတော်များများမှာ ဆက်ဒမ်ဟူစိန်သည် အင်အားကြီး အနောက်နိုင်ငံများကို အာခံရဲသူအဖြစ် အကြီးအကျယ် လူကြိုက်များ၍ ရေပန်းစားဆဲ ဖြစ်သည်။

## ကြိုးပမ်းဆွဲဆောင်ရန်

ယခုအခါ ဆက်ဒမ်ဟူစိန်သည် အချိုးတစ်မျိုး ပြောင်းလာပြန်၏။ ဘာသာတရားကို လွန်စွာ ရိုသေကိုင်းရှိုင်းသော မွတ်စလင်တစ်ဦးအဖြစ် သူ့ကိုယ်သူ တဖြည်းဖြည်း ပုံဖော်လာ၏။ အီရတ်လူ့အဖွဲ့အစည်းမှ ရှေးရိုးစွဲ အယူအဆရှိသည့် ဘာသာရေး အစိတ်အပိုင်းများကို သူ့ဘက်သို့ ပါလာအောင် ကြိုးပမ်းဆွဲဆောင်ရန် ဖြစ်သည်။

ထို့ကြောင့် မွတ်စလင်များ လိုက်နာကျင့်သုံးသော ရှေးရိုးစဉ်လာ အစ္စလာမ်ဘာသာရေး ဥပဒေ (Sharia) မှ အချို့သော အခြေခံသဘောတရားများကို သူ ပြန်လည် အသက်သွင်းသည်။ အလ္လာဘုရားသခင်သည် ကြီးမြတ်တော်မူ၏ (Allahu Akbar) ဟူသော ဘာသာဝလေ့ စကားရပ်ကို အာရပ်ဘာသာ စာပေဖြင့် ဆက်ဒမ်၏ လက်ရေးနှင့် ရေး၍ အီရတ်နိုင်ငံ အမျိုးသား အလံတော်မှာ ထပ်မံ ဖြည့်ထည့်သည်။

## ထိပ်တိုက် ဖြစ်လာ

အီရတ်နိုင်ငံ မြောက်ပိုင်းမှ ကာ့ဒ်လူမျိုးများ၏ သူပုန်ထမှု၊ အလယ်ပိုင်းနှင့် တောင်ပိုင်းမှ ရှီးယိုက်ဘာသာဝင်များ၏ ပုန်ကန်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထကြွမှုနှင့် ဆက်ဒမ်တို့နှင့် သဘောထားကွဲလွဲသော အီရတ်တပ်ဖွဲ့ အချို့၏ ပုန်ကန်ခြားနားမှုတို့ကို အီရတ်စစ်တပ်က လေကြောင်း အကူအညီဖြင့် ရက်စက်စွာ တရကြမ်းနှိမ်နင်းရင်း သူပုန်တို့၏ ဒေသများကို လေကြောင်းမှ ကာကွယ်စောင့်ရှောက်ပေးနေသော အမေရိကန်ဦးဆောင်သည့် အပေါင်းပါလေတပ်ဖွဲ့နှင့် ယင်းတို့ထိပ်တိုက်ဖြစ်လာသည်။

### ပစ်ချ

၁၉၉၁ ခုနှစ် မတ်လ ၂၀ရက်နေ့တွင် အီရတ်နိုင်ငံမြောက်ပိုင်း၌ ပျံသန်းနေသော အက်စ်ယူ ၂၂ အမျိုးအစား အီရတ်စစ်လေယာဉ် တစ်စင်းကို အက်ဖ် ၁၅ စီ အမျိုးအစား အမေရိကန် စစ်လေယာဉ် တစ်စင်းက ပစ်ချလိုက်၏။ မတ်လ ၂၂ရက်နေ့မှာလည်း မြောက်ပိုင်းတွင် ပျံသန်းနေသော အခြားအီရတ်စစ်လေယာဉ်အက်စ်ယူ ၂၂ တစ်စင်းကို အမေရိကန် စစ်လေယာဉ် အက်ဖ် ၁၅ စီ တစ်စင်းက ပစ်ချလိုက်ပြန်သည်။ ထိုနေ့မှာပင် အခြားအမေရိကန်စစ်လေယာဉ်တစ်စင်းမှ လေယာဉ်မှူးက ပီစီ ၉ အမျိုးအစား အီရတ် အမောင်းသင် လေယာဉ်တစ်စင်းကို ခြောက်လှန့် မောင်းထုတ်ပစ်လိုက်သည်။ အီရတ်၏ တောင်ပံအသေတပ်ထားသော လေယာဉ်များ (Iraqi fixed-wind aircraft) သည် ထိုအချိန်မှ နောက် ၁၂ လတိုင်တိုင် မြေပြင်ပေါ်မှာသာ အမြဲရပ်ထားရသည်။

### လက်နက်ဖျက်သိမ်းရေး

အပစ်အခတ်ရပ်စဲရေး စည်းကမ်းချက်များနှင့် အီရတ် လက်နက်ဖျက်သိမ်းရေးအတွက် သတ်မှတ်ပြဋ္ဌာန်းချက်များ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဖော်ပြထားသော ဆုံးဖြတ်ချက်အမှတ် ၆၈၇ ကို ဧပြီလ ၃ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အတည်ပြုသည်။ လူအမြောက်အမြား သေကျေပျက်စီးစေနိုင်သော ဖျက်အားပြင်းလက်နက်များနှင့် ကီလိုမီတာ ၁၅၀ အကွာအဝေးထက် ကျော်လွန် ပစ်ခတ်နိုင်သော ပဲ့ထိန်းစနစ်နှင့် လိုရာလမ်းကြောင်းအတိုင်း ပစ်လွှတ်နိုင်သည့် တာလတ်ပစ်ဒုံးလက်နက်များကို နိုင်ငံတကာ ကြီးကြပ်မှုဖြင့် ဖျက်စီးရေး၊ ပြောင်းရွှေ့ရေး သို့မဟုတ် အန္တရာယ်ကင်းအောင် ဆောင်ရွက်ရေးတို့ကို အီရတ်က ခြွင်းချက်မရှိ လက်ခံရမည်ဟု အဆိုပါဆုံးဖြတ်ချက်၏ အပိုဒ် (ဂ) တွင် အတိအကျ ဖော်ပြထားသည်။

## လုံခြုံရေးနယ်မြေ

ကာ့ဒ်လူမျိုးများကို အကာအကွယ်ပေးရန် ရည်ရွယ်လျက် အီရတ်နိုင်ငံမြောက်ပိုင်းမှ လတ္တီတွဒ် ၃၆ ဒီဂရီ မြောက်ဘက်၌ ကုလသမဂ္ဂလုံခြုံရေး နယ်မြေတစ်ခု (a UN safe-heaven) သတ်မှတ်ဖန်တီးနိုင်ရေးအတွက် စီမံချက်တစ်ခုကို ဧပြီလ ၈ ရက်နေ့တွင် လူဇင်ဘတ်နိုင်ငံ၌ ကျင်းပသည့် ဥရောပသမဂ္ဂ အစည်းအဝေး တစ်ရပ်မှာ အတည်ပြုခဲ့ကြသည်။

## ရာဇသံပေး

ထိုနေ့မှ ကြားတစ်ရက် လွန်မြောက်ပြီးနောက် ဧပြီလ ၁၀ ရက်နေ့တွင် ယင်းလုံခြုံရေးနယ်မြေ၌ စစ်ရေးလှုပ်ရှားမှု

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အားလုံးကို အဆုံးသတ်ရန် အမေရိကန်ပြည်ထောင်စုက အီရတ်နိုင်ငံကို ရာဇသံပေးလိုက်သည်။

**စတင်ဆောင်ရွက်**

ယခင်က အတည်ပြုထားပြီး အဖွဲ့ဝင်အားလုံး တညီတညွတ်တည်း လက်ခံထားသော လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အမှတ် ၆၈၇ နှင့်အညီ အီရတ်လက်နက်ဖျက်သိမ်းရေး ကြီးကြပ်ကွပ်ကဲရန် ဖွဲ့စည်းထားသည့် ကုလသမဂ္ဂ အထူးကော်မရှင် (UNSCOM) ၏ ဓာတုလက်နက်များ ကနဦး ရှာဖွေစစ်ဆေးမှုကို ဇွန်လ ၉ ရက်နေ့မှာ စတင်ဆောင်ရွက်သည်။

**သေနတ်ပစ်ဖောက်**

နျူကလီးယား ဆက်စပ်ပစ္စည်းကိရိယာများ (nuclear-related equipment) သယ်ဆောင်သွားသည့် အီရတ် ယာဉ်များကို ကုလသမဂ္ဂ အထူးကော်မရှင် သို့မဟုတ် နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (IAEA) ၏ လက်နက်စစ်ဆေးရေးမှူးများ ကြားဖြတ်သိမ်းယူမှုမှ တားဆီးနိုင်ရန် ဆက်ဒမ်၏ အီရတ်တပ်များက ပထမဆုံးအကြိမ် သေနတ် ပစ်ဖောက်သည်။ အဆိုပါ ပစ္စည်းများကို နောက်ပိုင်းကာလတွင် ရှာဖွေတွေ့ရှိ၍ အပစ်အခတ် ရပ်ရေး စည်းမျဉ်းများနှင့်အညီ လက်နက်စစ်ဆေးရေးမှူးများက ယင်းတို့ကို ဖျက်ဆီးပစ်လိုက်သည်။

**ကြားဝင်ဆောင်ရွက်ရေးတပ်ဖွဲ့**

အီရတ်နိုင်ငံမြောက်ပိုင်းတွင် ကာ့ဒ်လူမျိုးများကို ကာကွယ်ရန် ကြားဝင်ဆောင်ရွက်ရေးတပ်ဖွဲ့တစ်ဖွဲ့ (an intervention

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



force) ကို ဖွဲ့စည်းလိုက်ကြောင်း ဇွန်လ ၂၅ ရက်နေ့မှာ အမေရိကန်ပြည်ထောင်စုက ကြေညာသည်။

## ရှာဖွေဖျက်ဆီး

အီရတ်၏ ပဲ့ထိန်းစနစ်ဖြင့် လိုရာ လမ်းကြောင်းအတိုင်း ထိရောက်စွာ ပစ်ခတ်နိုင်သည့် ဒုံးလက်နက်များ ဝှက်ထားမှုကို ဇူလိုင်လ ၁၈ ရက်နှင့် ၂၀ ရက်နေ့အတွင်း လက်နက် စစ်ဆေးရေးမှူးများက ရှာဖွေ ဖော်ထုတ်နိုင်ခဲ့၏။ ထို့ပြင် အီရတ်တို့ မကြေညာဘဲ လျှို့ဝှက်ထားသော၊ ရန်သူများကို လှည့်စားနိုင်သည့် ဒုံးပျံများ (decoy missiles) နှင့် ဒုံးကျည် ပစ်လွှတ်ရာတွင် အထောက်အကူပြု ပစ္စည်းကိရိယာများကို ရှာဖွေတွေ့ရှိပြီးနောက် ယင်းတို့ကို ကုလသမဂ္ဂ အထူးကော်မရှင်က ဖျက်ဆီးပစ်လိုက်သည်။

## ဖော်ထုတ်

ဩဂုတ်လ ၂ ရက်နှင့် ၈ ရက်အတွင်း ဇီဝမျိုးစေ့လက်ကျန် ပစ္စည်းများနှင့် ဇီဝလက်နက် ဆက်စပ်ပစ္စည်း ကိရိယာများ အပါအဝင် အီရတ်၏ အရေးကြီးသော ဇီဝလက်နက်များ အစီအစဉ်တစ်ရပ်ကို ကုလသမဂ္ဂအထူးကော်မရှင်က ဖော်ထုတ်နိုင်ခဲ့သည်။

## ကော်မရှင် ရဟတ်ယာဉ်များ ပျံသန်းမှု

အီရတ်၏ ဖျက်အားပြင်းလက်နက်များ ရှာဖွေစစ်ဆေးရေးအတွက် ကုလသမဂ္ဂအထူးကော်မရှင် အသုံးပြုနေသော ရဟတ်ယာဉ်များ ပျံသန်းမှုကို စက်တင်ဘာလ ၆ ရက်နှင့် ၁၃

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရက်အတွင်း ဆက်ဒမ်ဟူစိန်၏ အမိန့်အရ အီရတ် အာဏာပိုင်တို့က ဟန့်တားပိတ်ပင်လိုက်၏။ သို့ရာတွင် လုံခြုံရေးကောင်စီ၏ တောင်းဆိုချက်ကြောင့် အီရတ်နိုင်ငံ ဝေဟင်တွင် အကန့်အသတ်မရှိ ယင်းတို့ ပျံသန်းခွင့်ကို စက်တင်ဘာလ ၂၄ ရက်နေ့မှာ အီရတ်အစိုးရက သဘောတူ ခွင့်ပြုလိုက်သည်။

**ကူဝိတ် ရေနံတွင်းများ မီးရှို့**

ကူဝိတ်နိုင်ငံကို အီရတ်တို့ ကျူးကျော်သိမ်းပိုက်ပြီးနောက် ကုလသမဂ္ဂ နိုင်ငံစုံ မဟာမိတ်တပ်ဖွဲ့များ၏ ပြင်းထန်စွာ ထိုးစစ်ဆင်နွှဲမှုကြောင့် ကူဝိတ်မှ ယင်းတို့ မဆုတ်ခွာမီ ဆက်ဒမ်၏ အမိန့်အရ ကူဝိတ်ရေနံတွင်း ၇၀၀ ကို အီရတ်တပ်များက ယုတ်မာပက်စက်စွာ မီးတင်ရှို့ခဲ့ကြ၏။ ရေနံမြေအခြေခံ အဆောက်အအုံများကိုလည်း မြင်မကောင်း ရှုမကောင်းအောင် ဖျက်ဆီးပစ်ခဲ့ကြသည်။

**ငြိမ်းသတ်**

သို့ကြောင့် ကူဝိတ်နိုင်ငံ လွတ်မြောက်ပြီးနောက် ကူဝိတ်အစိုးရသည် နိုင်ငံခြားမှ ကျွမ်းကျင်သူ အမြောက်အမြား ငှားရမ်း၍ တဟုန်းဟုန်း တောက်လောင်နေသော ဧရာမ ရေနံတွင်းမီးတောက်မီးလျှံကြီးများကို ဖ လကျော်ခန့် ကြာအောင် အလွန်တရာ ခက်ခက်ခဲခဲ ငြိမ်းသတ်ခဲ့ရသည်။

**ကုန်ကျ**

သို့ဖြင့် နောက်ဆုံး ကူဝိတ် ရေနံတွင်းမီးများ (last Kuwaiti oil fires) ကို အောက်တိုဘာလ ၆ ရက်နေ့တွင် သက်ဆိုင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရာက အောင်မြင်စွာ ငြိမ်းသတ်နိုင်ခဲ့၏။ ရေနံတွင်း မီးများ ငြိမ်းသတ်ခြင်း၊ ရေနံမြေ အခြေခံအဆောက်အအုံများ ပြန်လည်ထူထောင်ခြင်း စသည်တို့အတွက် ကူဝိတ်နိုင်ငံအဖို့ မသက်သာလှ။ ယူအက်စ်ဒေါ်လာ သန်း ၅,၀၀၀ ကျော် ကုန်ကျခဲ့သည်။

## စစ်ရပ်စဲ

၈ နှစ်ကြာ တစ်ဖက်နှင့် တစ်ဖက် အနိုင်မခံ အရှုံးမပေးဘဲ သဲကြီးမဲကြီး တိုက်ခိုက်ခဲ့ကြသော အီရန်–အီရတ် လူသတ်စစ်ပွဲကာလအတွင်း အီရတ်တို့ကို ပုန်ကန်မှုကြောင့် ကာ့ဒ်လူမျိုးတစ်သိန်းခန့် သေဆုံးခဲ့ကြရ၏။ နောက်ပိုင်း ပုန်ကန်ထကြွမှုများမှာလည်း ကာ့ဒ် ထောင်သောင်းချီ၍ သေကျေခဲ့ကြသည်။ သို့သော် ၁၉၉၁ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ကာ့ဒ်သူပုန်တပ်ဖွဲ့များနှင့် အီရတ်တပ်များအကြား စစ်ရပ်စဲရေးကို နှစ်ဖက်သဘောတူညီမှု ရရှိခဲ့သည်။

## ပူးပေါင်းဆောင်ရွက်ရန် တောင်းဆို

အီရတ်လက်နက်များ အစီအစဉ် (Iraqi weapons program) ကို စုံစမ်းဖော်ထုတ်နိုင်ရေးနှင့် မှန်ကန်အောင် စိစစ်အတည်ပြုနိုင်ရေးတို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက ရေးဆွဲတင်ပြထားသော စီမံချက်များကို လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၇၁၅ အရ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ယင်း၏ အစည်းအဝေး၌ အတည်ပြုသည်။ အီရတ်နိုင်ငံသည် ကုလသမဂ္ဂ အထူးကော်မရှင်နှင့် နိုင်ငံတကာ အဏုမြူစွမ်းအင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အဂျေင်စီတို့၏ လက်နက်စစ်ဆေးရေးမှူးများနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရမည်ဟု အဆိုပါ ဆုံးဖြတ်ချက်က တောင်းဆိုထားသည်။

## စွက်ဖက်ခြင်း မပြု

၁၉၉၂ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် အီရတ်နိုင်ငံတွင်းသို့ အီရန် စစ်လေယာဉ်များ ကျူးကျော် ဝင်ရောက်လာပြီး အီရန်ကို ဆန့်ကျင်သော သူပုန်အခြေခံစခန်းများ (rebel bases) ကို လျှပ်တစ်ပြက် တိုက်ခိုက်ကြ၏။ အီရန် စစ်လေယာဉ်များ နောက်သို့ အီရတ် ဂျက်တိုက်လေယာဉ်များ အဆောတလျင် လိုက်သွားကြသော်လည်း ရန်သူ လေယာဉ်များကို မမီလိုက်တော့။ ဤအရေးတွင် အမေရိကန် တပ်များက လက်ရှောင်နေ၏။ ဝင်ရောက်စွက်ဖက်ခြင်း မပြု။

## ချိုးဖောက်ပျံသန်း

၁၉၉၁ ခုနှစ် မတ်လ ၂၂ ရက်နေ့ကပင် အီရတ်တို့ လိုက်နာခဲ့သော သတ်မှတ် လုံခြုံရေးနယ်မြေပေါ်၌ လေယာဉ် ပျံသန်းမှုတားမြစ်အမိန့်ကို နောက်ပိုင်း ကာလတွင် ယင်းတို့ ချိုးဖောက်၍ ယခင်ကကဲ့သို့ ဆက်လက်ပျံသန်းကြသည်။

## အစိုးရ အဆောက်အအုံ ဝင်ခွင့်

ကုလသမဂ္ဂ အထူးကော်မရှင်၏ လက်နက်စစ်ဆေးရေးမှူးများကို ဇူလိုင်လ ၅ ရက်နေ့တွင် ဘဂ္ဂဒက်မြို့တော်ရှိ အစိုးရ အဆောက်အအုံတစ်ခုသို့ အီရတ်တို့က ဝင်ခွင့်မပြု။ သို့ရာတွင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သမာသမတ်ကျသော အီရတ် အကြံပေးအဖွဲ့သစ်တစ်ခု (a new team of impartial advisors) ကို သက်ဆိုင်ရာက ခန့်ထားပြီး နောက် ယင်းအဆောက်အအုံတွင်းသို့ အဆိုပါ ကော်မရှင်ကို ဝင် ခွင့်ပြုသည်။

## တားမြစ်

အီရတ်နိုင်ငံ တောင်ပိုင်းမှ လတ္တီတွဒ် ၃၂ ဒီဂရီ၏ တောင် ဘက်၌ လေယာဉ်မပျံသန်းရနယ်မြေတစ်ခု (a no-fly zone) ကို ထူထောင်လိုက်ကြောင်း ဩဂုတ်လ ၂၆ ရက်နေ့တွင် အမေရိကန် သမ္မတဘုရှ်က ကြေညာ၏။ တောင်ပံနှင့် လေယာဉ်များရော ရဟတ်ယာဉ်များပါ နှစ်မျိုးစလုံး ယင်းသတ်မှတ်နယ်မြေ၏ ဝေဟင်၌ ပျံသန်းမှုကို တားမြစ်ထားသည်။

## ပစ်ချ

အီရတ်တောင်ပိုင်း လေယာဉ်မပျံသန်းရ နယ်မြေအတွက် တားမြစ်ချက်ကို ဖောက်ဖျက်၍ ကန့်သတ်နယ်မြေ၏ ဝေဟင် အတွင်းသို့ ဝင်ရောက်ပျံသန်းလာသော အီရတ် လေယာဉ် တစ်စင်းကို ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် အမေရိကန် တိုက် လေယာဉ်များက ပစ်ချလိုက်သည်။

## ပစ်ခတ် တိုက်ခိုက်

အီရတ်နိုင်ငံ မြောက်ပိုင်းမှ ဝေဟင်တွင် ပြင်သစ် မိုင်ရေ့ချ် ကင်းထောက်လေယာဉ်တစ်စင်းကို လိုက်ပါစောင့်ရှောက်ရ သော အက်ဖ် ၁၆ နှင့် အက်ဖ် ၄ ဂျီ အမျိုးအစား တိုက်လေယာဉ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



၂ စင်း က မြေပြင်ရှိ အီရတ် ဒုံးပျံစခန်းတစ်ခုကို ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့မှာ ပစ်ခတ်တိုက်ခိုက်ကြသည်။

ဇန်နဝါရီလ ၂၂ ရက်နေ့တွင်လည်း အက်ဖ် ၄ ဂျီ တိုက်လေယာဉ်တစ်စင်းက အီရတ် မြောက်ပိုင်းရှိ မြေပြင်မှ ဝေဟင်ခွင်း ဆမ်ဒုံး လက်နက်စခန်းတစ်ခု (a SAM site) ကို ဒုံးကျည် ၂ စင်း ပစ်လွှတ် တိုက်ခိုက်သည်။

## အီရတ် အမြောက်တပ်က ပစ်ခတ်

အီရတ်နိုင်ငံမြောက်ပိုင်းမှ ဝေဟင်တွင် ပုံမှန်ကင်းလှည့်နေသော အမေရိကန်လေယာဉ်တစ်စင်းကို ဖေဖော်ဝါရီလ ၃ ရက်နေ့မှာ အီရတ်အမြောက်တပ်ဖွဲ့က သဲသဲမဲမဲ ပစ်ခတ်တိုက်ခိုက်သည်။

ဧပြီလ ၉ ရက်နေ့တွင် အီရတ်နိုင်ငံ မြောက်ပိုင်းရှိ ဆက်ဒမ်ဆည်ကြီးအနီးမှ ဝေဟင်၌ ပျံသန်းနေသော လေယာဉ်များကို အီရတ် လေယာဉ်ပစ် အမြောက်တပ်ဖွဲ့က အပြင်းအထန် ပစ်ခတ်တိုက်ခိုက်သည်။

## ဒုံးကျည် ပစ်လွှတ်

၃၆ ဒီဂရီ မျဉ်းပြိုင်၏ မြောက်ဘက်သို့ ပျံသန်းသွားသော အက်ဖ် ၄ ဂျီ အမျိုးအစား အမေရိကန်လေယာဉ်နှစ်စင်းကို ဧပြီလ ၁၈ ရက်နေ့တွင် အီရတ် ရေဒါစခန်းတစ်ခုက မီးထိုး၍ ရေဒါဖြင့် ရှာဖွေတွေ့ရှိ၏။ ထိုစဉ် လေယာဉ်တစ်စင်းက လက်ဦးမှု ရယူလျက် အေဂျီအမ် ၈၈ ဟမ်းအမျိုးအစား ရေဒါဖျက် ဒုံးလက်နက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



(an AGM-88 HARM anti-radar missile) နှင့် အဆိုပါ ရေဒါစခန်းကို ပစ်ခတ်ဖျက်ဆီးပစ်လိုက်သည်။

## စစ်ပွဲကြီးဆီ ဦးတည်

ယင်းသို့ တစ်ဖက်နှင့် တစ်ဖက် တိုက်ခိုက်မှုများသည် အရှိန် လျော့မသွားဘဲ တဖြည်းဖြည်း ပို၍ ပို၍သာ အရှိန်မြင့်လာ၏။ စစ်ပွဲ ကြီး တစ်ခုဆီသို့ ဦးတည်နေသည်ဟုသာ ဆိုရတော့မည်ထင့်။

## ပျံ့နှံ့

ကနဦးကတော့ အီရတ်နိုင်ငံ မြောက်ပိုင်းနှင့် တောင်ပိုင်းရှိ လေယာဉ်မပျံသန်းရ နယ်မြေများတွင် ကန့်သတ်၍ တိုက်ခိုက် ကြ၏။ နောက်ပိုင်းမှာတော့ တိုက်ခိုက်မှုများသည် အကြောင်း အားလျော်စွာ အခြားဒေသများသို့ပါ ပျံ့နှံ့သွားသည်။ စိုးရိမ်ထိတ်လန့် ဖွယ်ပင်။

## ဘုရှ် စီနီယာကို လုပ်ကြံရန် ကြိုးပမ်းမှု

ယခင် အမေရိကန်သမ္မတ ဂျော့ချ်အိပ်ချ်ဘုရှ် (George H.Bush 1989-93) နှင့် ကူဝိတ်စော်ဘွားတို့ကို ၁၉၉၃ ခုနှစ် ဧပြီလတွင် ကူဝိတ်နိုင်ငံ၌ လုပ်ကြံသတ်ဖြတ်ရန် လျှို့ဝှက်ကြံစည် ကြိုးပမ်းမှုမှာ အီရတ်နိုင်ငံက ဦးဆောင်ဦးရွက်ပြုမှု ခိုင်လုံသည့် အထောက်အထားများ တွေ့ရသည်ဟု အမေရိကန် အာဏာပိုင် များက ဆိုသည်။ သို့ကြောင့် ထိုစဉ်က အမေရိကန်သမ္မတ ဘီးလ် ကလင်တန် (Bill Clinton 1993-2001) ၏ အမိန့်အရ ဇွန်လ ၂၇ ရက်နေ့တွင် ဘဂ္ဂဒက်မြို့တော်မှ အဲလ်မင်ဆာခရိုင် (Al-Man-

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



sur district) ရှိ အီရတ် စစ်ထောက်လှမ်းရေး ဌာနချုပ်ကို အမေရိကန်တပ်က ခရူးစ်ဒုံးကျည်ဖြင့် ပစ်ခတ် တိုက်ခိုက်သည်။

ဖြစ်စဉ်မှာ ယခင်သမ္မတ ဘုရှ်စီနီယာသည် ၁၉၉၃ ခုနှစ် ဧပြီလ ၁၄ ရက်မှ ၁၆ ရက်နေ့ထိ ကူဝိတ်နိုင်ငံကို ၃ ရက်တာမျှ အလည်အပတ်ခရီး ရောက်ရှိလာ၏။ ထိုစဉ် ပါရှန်ပင်လယ်ကွေ့ စစ်ပွဲကို အောင်မြင်စွာ ဆင်နွှဲခဲ့သော မဟာမိတ်အဖွဲ့၏ ခေါင်းဆောင် တစ်ဦးအဖြစ် သမ္မတဘုရှ်ကို ကူဝိတ်က အထူးတလည် ကြိုဆို ဂုဏ်ပြုခဲ့သည်။

ထိုခရီးစဉ်အတွင်း သမ္မတဘုရှ်နှင့် ကူဝိတ်စော်ဘွားတို့ကို လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းသော အီရတ်လူမျိုးနှင့် ကူဝိတ် လူမျိုး ၁၄ ဦးကို ကူဝိတ်အာဏာပိုင်များက ဖမ်းဆီးလိုက်၏။ ၁၉၉၄ ခုနှစ် ဇွန်လ ၄ ရက်နေ့တွင် ကူဝိတ် အထူးတရားရုံးက ယင်းတို့အနက် ၁၃ ဦးကို ပြစ်မှုထင်ရှားသဖြင့် သေဒဏ်နှင့် ထောင်ဒဏ် တစ်သက် ပြစ်ဒဏ်များ ချမှတ်လိုက်သည်။ ကျန် တစ်ဦးကိုတော့ တရားသေလွှတ်လိုက်သည်။

## ပို၍အတင့်ရဲ

၁၉၉၄ ခုနှစ် ပထမ ၉ လအတွင်း အီရတ်နိုင်ငံ မြောက်ပိုင်း နှင့်တောင်ပိုင်းရှိလေယာဉ် မပျံသန်းရ နယ်မြေများတွင် အမေရိကန် နှင့် အပေါင်းပါလေယာဉ်များကို စိန်ခေါ် ရန် အီရတ်က မကြိုးစား ခဲ့။ သို့သော် ယင်းကာလနောက်ပိုင်းမှာတော့ ပို၍ပင် ယင်းတို့ အတင့်ရဲလာသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## အာဏာကို ပို၍မြဲမြဲစွာ ဆုပ်ကိုင်

၁၉၇၉ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့မှစ၍ ပဉ္စမမြောက် အီရတ်နိုင်ငံ သမ္မတ ဖြစ်လာခဲ့သော ခေါင်းဆောင်ကြီး ဆက်ဒမ် ဟူစိန်သည် သမ္မတတာဝန် တစ်ခုတည်းကိုသာ တစိုက်မတ်မတ် ထမ်းရွက်ခဲ့၏။ သို့ရာတွင် ၁၉၉၄ ခုနှစ် မေလ ၂၉ ရက်နေ့တွင်မူ သမ္မတတာဝန်အပြင် ဝန်ကြီးချုပ်တာဝန်ကိုပါ ပူးတွဲထမ်းဆောင် သည်။ သို့ဖြင့် အာဏာကို ပို၍ မြဲမြဲစွာ သူ ဆုပ်ကိုင်ထားနိုင်သည်။

## ကူဝိတ်နယ်စပ်သို့ တပ်များ စေလွှတ်

ထို့ပြင် ကုလသမဂ္ဂ အထူးကော်မရှင်၊ နိုင်ငံတကာ အဏုမြူ စွမ်းအင် အေဂျင်စီတို့နှင့် ပူးပေါင်းဆောင်ရွက်နေမှုကို ရပ်ပစ် မည်ဟု အောက်တိုဘာလ ၆ ရက်နေ့တွင် အီရတ်က ပြောဆို ခြိမ်းခြောက်၏။ မရှေးမနှောင်းပင် ဆက်ဒမ်ဟူစိန်သည် အီရတ် တပ်များကို ကူဝိတ်နယ်စပ်သို့ စေလွှတ်လိုက်သည်။

## ကုလက စိုးရိမ်ကြောင်း ကြေညာ

ကူဝိတ်နယ်စပ်အနီးတွင် အီရတ်တပ်များ အဆောတလျင် ဖြန့်ကြက်ချထားသောကြောင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အထူးစိုးရိမ်ကြောင်း အောက်တိုဘာလ ၈ ရက်နေ့တွင် ထုတ်ပြန် ကြေညာသည်။ ထိုအချိန်မှ နောက် ၂ ရက်အတွင်း သမ္မတ ကလင်တန်က အမေရိကန်တပ်များကို ကူဝိတ်နိုင်ငံသို့ စတင်ပို့ ပေးသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## အီရတ်တပ်များ ပြန်ဆုတ်

ယင်းသို့ လုံခြုံရေးကောင်စီနှင့် အမေရိကန်သမ္မတတို့က ချက်ချင်းအရေးယူ တုံ့ပြန်မှုကြောင့် ဆက်ဒမ်ဟူစိန် အတော် ထိတ်လန့်တုန်လှုပ်သွားပြီး သူ့တပ်များကို ဆုတ်ခွာရန် ရုတ်ခြည်း အမိန့်ပေးလိုက်၏။ ထို့နောက် အောက်တိုဘာလ ၁၂ ရက်နေ့မှ စ၍ ယခင် တပ်စွဲခဲ့သည့် မူလနေရာများသို့ အီရတ်တပ်ဖွဲ့များ ပြန်လည်ဆုတ်ခွာသွားပြီးဖြစ်ကြောင်း အောက်တိုဘာလ ၁၄ ရက်နေ့တွင် အီရတ်က ကြေညာသည်။

## ပြန်လည်စတင်

အီရတ်နိုင်ငံသည် ကုလသမဂ္ဂအထူးကော်မရှင်နှင့် အပြည့် အဝ ပူးပေါင်းဆောင်ရွက်ရန်၊ ထို့ပြင် အီရတ်တောင်ပိုင်း၌ တပ် ဖြန့်ထားသော အီရတ်တပ်ဖွဲ့အားလုံးကို မူလနေရာများသို့ ပြန် လည် ဆုတ်ခွာပေးရန် တောင်းဆိုထားသည့် ဆုံးဖြတ်ချက်အမှတ် ၉၄၉ ကို အောက်တိုဘာလ ၁၅ ရက်နေ့တွင် လုံခြုံရေးကောင်စီ က အတည်ပြုသည်။ အဆိုပါလုံခြုံရေးကောင်စီ၏ တောင်းဆို ချက်နှင့်အညီ ကုလသမဂ္ဂအထူးကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက် မှုကို အီရတ်က ပြန်လည် စတင်သည်။

## အသိအမှတ်ပြု

ပါရှန်ပင်လယ်ကွေ့စစ်ပွဲ ပြီးဆုံးစကပင် ဆုံးဖြတ်ထား သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အတိုင်း ကူဝိတ်နိုင်ငံ၏ နယ်နိမိတ်နှင့် ယင်း၏ လွတ်လပ်ရေးကို အီရတ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အမျိုးသားလွှတ်တော် (the Iraqi National Assembly) က အသိအမှတ်ပြုကြောင်း နိဝင်ဘာလ ၁၀ ရက်နေ့တွင် အီရတ်က ထုတ်ပြန်ကြေညာသည်။

**ပထမဆုံး ဝန်ခံ**

ကုလသမဂ္ဂအထူးကော်မရှင်၏ ပိုက်စိပ်တိုက် စုံစမ်းစစ်ဆေးမှုများနှင့် မငြင်းကွယ်နိုင်လောက်အောင် ခိုင်လုံသော အထောက်အထားများကြောင့် ထိုးစစ်သုံး ဇီဝလက်နက် အစီအစဉ်တစ်ခု (an offensive biological weapons programs) ယင်း၏ လက်ဝယ် ရှိခဲ့သည်ဟု ၁၉၉၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် အီရတ်က ပထမဆုံး ဝန်ခံ၏။ သို့ရာတွင် လက်ငင်း အသုံးပြုနိုင်သော အဆိုပါလက်နက်အမျိုးအစားများ ယခု လုံးဝမရှိဟု ယင်းတို့က ပြောဆို ငြင်းပယ်သည်။

**ဆက်ဒမ်၏ သမက်နှစ်ဦး ဂျော်ဒန်သို့ ထွက်ပြေးခိုလှုံ**

ဗိုလ်ချုပ်ကြီး ဟူစိန်ကမဲလ်အဲလ်မဂျစ် (Gen.Hussein Kamel al-Majid) သည် သူ့အစ်ကို ဆက်ဒမ်ကမဲလ်အဲလ်မဂျစ် (Saddam Kamel al-Majid)၊ သူ့မိသားစုအပါအဝင် ဆွေမျိုးတစ်စုနှင့်အတူ ၁၉၉၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် အီရတ်နိုင်ငံမှ ဂျော်ဒန်နိုင်ငံသို့ ဥပါယ်တံမျဉ်ဖြင့် ထွက်ပြေးခိုလှုံသွားခဲ့၏။

သူသည် ဆက်ဒမ်ဟူစိန်၏ ညီဝမ်းကွဲ ဖြစ်ပြီး သမက်လည်းတော်သည်။ ဆက်ဒမ်၏ သမီးကြီးရာဂတ်ဟူစိန် (Raghad Hussein) ၏ ခင်ပွန်းလည်း ဖြစ်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သူ့အစ်ကို ဆက်ဒမ်ကမဲလ်လည်း ဆက်ဒမ်၏ ညီဝမ်းကွဲဖြစ်ပြီး သမက်လည်း တော်သည်။ ဆက်ဒမ်၏ သမီးလတ် ရာနာ ဟူစိန် (Rana Hussein) ၏ ခင်ပွန်းလည်း ဖြစ်သည်။

ဗိုလ်ချုပ်ကြီးဟောင်း ဟူစိန်ကမဲလ်သည် လူအမြောက်အမြား သေကျေနိုင်သော ဖျက်အားပြင်း လက်နက်အစီအစဉ်အားလုံးအတွက် အဓိက တာဝန်ရှိသည့် စစ်ဘက်ဆိုင်ရာ စက်မှုလုပ်ငန်းဌာန ဝန်ကြီးဟောင်း၊ နိုင်ငံ့စီးပွားရေးဆိုင်ရာ အကြီးအကဲဟောင်း၊ သမ္မတတပ်ဖွဲ့၏ တပ်မှူးကြီးဟောင်းနှင့် ကာကွယ်ရေးဝန်ကြီးဟောင်း ဖြစ်သည်။

သူ့အစ်ကို ဆက်ဒမ်ကမဲလ်ကတော့ သမ္မတ၏ ကိုယ်ရံတော်တပ်ဖွဲ့ တပ်မှူးကြီးဟောင်း ဖြစ်သည်။

ကုလသမဂ္ဂ အထူးကော်မရှင်နှင့် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီတို့ ရှာဖွေ၍ မတွေ့နိုင်အောင် လုံခြုံရေးကောင်စီက တားမြစ်ထားသော လက်နက်အစီအစဉ်များနှင့် ပတ်သက်သည့် အရေးကြီး စာရွက်စာတမ်း အထောက်အထားများကို ဗိုလ်ချုပ်ကြီးဟောင်း ဟူစိန်ကမဲလ် ကိုယ်တိုင် လုံခြုံစွာ ဝှက်ထားခဲ့သည်ဟု အီရတ် အာဏာပိုင်များက သူ့မျက်ကွယ်၌ သူ့အပေါ် အပြစ်ပုံချကြသည်။

ထို့ပြင် နျူကလီးယားလက်နက်၊ ဇီဝလက်နက်၊ ဓာတုလက်နက်နှင့် တာဝေးပစ် ဒုံးလက်နက် အစီအစဉ်များမှာလည်း ယခင်က ကြေညာထားသည်ထက် လွန်စွာ တိုးတက်အောင်မြင်မှု ရရှိနေပြီဟု အီရတ်တို့က ဖွင့်ဟဝန်ခံ ပြောဆိုကြသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထို့နောက် ကြက်မွေးမြူရေး ခြံတစ်ခြံ၌ ဗိုလ်ချုပ်ကြီး ဟောင်း ဟူစိန်ကမဲလ် ဝှက်ထားခဲ့သည်ဟု ဆိုသော၊ တားမြစ် ထားသော လက်နက်အစီအစဉ်များနှင့် သက်ဆိုင်သည့် စာချုပ် စာတမ်း အထောက်အထား အမြောက်အမြားကို ကုလသမဂ္ဂ အထူး ကော်မရှင်နှင့် အိုင်အေအီးအေတို့အား အီရတ်အစိုးရက တရားဝင် ပေးအပ်လိုက်သည်။

ဗိုလ်ချုပ်ကြီးဟောင်း ဟူစိန်ကမဲလ်နှင့် သူ့အစ်ကို ဆက်ဒမ် ဟူစိန်ကမဲလ်တို့သည် သူတို့ ယောက္ခမကြီး၏ 'မှဲ့တစ်ပေါက် မစွန်း စေရ' ဟူသော အာမခံချက်ကို လုံးဝယုံကြည်ကိုးစားလျက် ဂျော်ဒန် နိုင်ငံမှ ဘဂ္ဂဒက်မြို့တော်သို့ မိသားစုနှင့်တကွ စိတ်ချလက်ချ ပြန်လာခဲ့ကြ၏။ ဘဂ္ဂဒက်နေအိမ်သို့ ပြန်ရောက်သောနေ့မှာပင် ယင်းတို့၏ဇနီးများက သူတို့၏ခင်ပွန်းများနှင့် တရားဝင်ကွာရှင်း ပြတ်စဲပြီးကြောင်း ကြေညာချက်ထွက်လာသည်။ ထိုနေ့မှ ၃ ရက် မြောက်သော ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် နေအိမ် ၌ သူတို့ညီအစ်ကို ရက်ရက်စက်စက် အသတ်ခံကြရ၏။ ယင်းလုပ်ကြံ မှုမှာ ယောက္ခမ၏ ပယောဂမကင်းဟု လူအများက ထင်မြင်ယူဆ ကြသည်။ (သတင်းအကျယ်ကို နောက်ပိုင်း သီးခြားဆောင်းပါး မှာ ဆက်လက်ရှုစားပါ။)

## ကုလစီးပွားရေး ပိတ်ဆို့မှု

၁၉၉၄ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ကူဝိတ်နိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်မှုနှင့် နယ်မြေ တစည်းတလုံးတည်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တည်ရှိမှုကို အီရတ်အစိုးရက တရားဝင် အသိအမှတ်ပြုခဲ့၏။ သို့တိုင်အောင် ကုလသမဂ္ဂက အီရတ်နိုင်ငံအပေါ် စီးပွားရေး ပိတ်ဆို့မှုကို မရုပ်သိမ်းသေး။

လူအမြောက်အမြား သေစေနိုင်သော ဖျက်အားပြင်း လက်နက်အားလုံးကို ဖျက်ဆီးမှု ပြီးဆုံးခြင်းနှင့် တိုင်းရင်းသား လူမျိုးစုများကို နှိပ်ကွပ်မှုမပြုဘဲ ယင်းတို့အပေါ် ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းတည်းဟူသော အချက်နှစ်ချက်ကို အီရတ်က ဖြည့်ဆည်းပြီးသည်အထိ စီးပွားရေး ပိတ်ပင်မှုသည် ဆက်လက် ရှိနေမည်ဟု ကုလသမဂ္ဂက ဆိုသည်။

**စားနပ်ရိက္ခာ ဝယ်ရန် ရေနံရောင်းချရေး အစီအစဉ်**

သို့တစေလည်း အီရတ်ပြည်သူများ အထိုက်အလျောက် အသက်ရှူဖြောင့်စေရန် ရည်ရွယ်လျက် ကုလသမဂ္ဂက လူသားချင်း စာနာထောက်ထားသော အစီအစဉ်သစ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့သည်။

၁၉၉၅ ခုနှစ် ဧပြီလ ၁၄ ရက်နေ့တွင် အတည်ပြုသော လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၉၈၆ အရ စားနပ်ရိက္ခာနှင့် ဆေးဝါးပစ္စည်းများ ဝယ်ယူရန် နိုင်ငံခြားသို့ အီရတ် ရေနံတစ်စိတ်တစ်ဒေသ ရောင်းချခွင့်ကို အီရတ်နိုင်ငံအား တရားဝင်ခွင့်ပြု၏။ သို့ရာတွင် ယင်းဆုံးဖြတ်ချက်ကို အီရတ်အစိုးရက လက်မခံ။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



၁၉၉၆ ခုနှစ် မေလ ၁၆ ရက်နေ့တွင် အီရတ်နိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေး ပိတ်ဆို့မှုကို အတန်အသင့် လျှော့ပေါ့ပေးရန် ကုလသမဂ္ဂက သဘောတူ၏။ ယင်းသဘောတူညီချက်အရ စားနပ်ရိက္ခာနှင့် ဆေးဝါးပစ္စည်းများ (food and medicine) ဝယ်ယူရန် ယူအက်စ်ဒေါ်လာ ၂ ဘီလီယံ (သန်း ၂,၀၀၀) တန်ဖိုးရှိသော ရေနံရောင်းချခွင့်ကို အီရတ်အား တရားဝင်ခွင့်ပြုလိုက်သည်။ ဤအကြိမ်မှာတော့ အီရတ်က ယင်းအစီအစဉ်ကို သဘောတူ လက်ခံသည်။

လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ အဆိုပါ အစီအစဉ်ကို ၁၉၉၆ ခုနှစ်မှ ၂၀၀၃ ခုနှစ်ထိ အချိန်ကာလများ ကန့်သတ်လျက် ဆောင်ရွက်ခွင့်ပေးခဲ့သည်။

## ရေနံကန်ထရိုက် ရရန် လာဘ်ထိုးရ

ယင်းအစီအစဉ်ကို အကောင်အထည် ဖော်ရာတွင် အီရတ်နိုင်ငံက ချပေးမည့် ရေနံကန်ထရိုက်လုပ်ငန်းများကို အလွယ်တကူရရှိနိုင်ရန် သူ့ကုမ္ပဏီ အပါအဝင် ရေနံကုမ္ပဏီများက ဆက်ဒမ်ဟူစိန် အစိုးရသို့ လာဘ်ငွေ ဒေါ်လာ သန်းချီ၍ ပေးခဲ့ကြရသည်ဟု တက္ကဆတ်စ် ရေနံကုမ္ပဏီမှ အော်စကာဝိုင်ယက်က သူ့အမှုအတွက် တရားရုံးတွင် ထွက်ဆိုသွားသည်။

ကုလသမဂ္ဂ စုံစမ်းရေးအဖွဲ့မှ အကြီးအကဲ ပေါလ်ဗော့လ်ကာကလည်း ယင်းအစီအစဉ်ကို ဆောင်ရွက်ရာတွင် နိုင်ငံပေါင်း ၆၆

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နိုင်ငံမှ ကုမ္ပဏီပေါင်း ၂,၂၀၀ တို့က ရေနံကန်ထရိုက် ရရှိရေးအတွက် အီရတ် တာဝန်ရှိ ပုဂ္ဂိုလ်များအား ယူအက်စ်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ လာဘ်ထိုးခဲ့ကြရသည်ကို စစ်ဆေးတွေ့ရှိရကြောင်း ၂၀၀၅ ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့သော သူ့နောက်ဆုံး အစီရင်ခံစာမှာ အတိအကျ ဖော်ပြထားသည်။

**အကျင့်ပျက် ခြစားမှုများ**

သို့ကြောင့် ခိုင်လုံသော အထောက်အထားများကို ထောက်ရှုခြင်းအားဖြင့် ဆက်ဒမ်ဟူစိန် ခေတ်တွင် အကျင့်ပျက် ခြစားမှုများ မည်ရွေ့မည်မျှ ထူပြောများပြားမည်ကို အလွယ်တကူ ခန့်မှန်းသိရှိနိုင်ပေသည်။

## အူဒေးကို ချုံခိုတိုက်

၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ဘဂ္ဂဒက်မြို့တော်ရှိ အဲလ်မင်ဆာခရိုင် (Al-Mansur district) ၌ ဆက်ဒမ်ဟူစိန်နှင့် သူ့ပထမဇနီး ဆာဂျီဒါတာလ်ဖာ (Sajida Talfah) တို့၏ သားကြီး အူဒေးဟူစိန် (Uday Hussein) သည် သူ့ကို မုန်းတီးသော လူအချို့၏ လက်စားချေ လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းသော ချုံခိုတိုက်ခိုက်မှုတစ်ခုမှာ အသည်းအသန် ဒဏ်ရာ ရရှိသွား၏။ သေရွာပါ ဒဏ်ရာ ဖြစ်သည်။ ကိုယ်ခန္ဓာ မစွမ်းမသန် ဖြစ်ကာ ချည့်နဲ့သွားပြီး ထော့နဲ့ ထော့နဲ့နှင့် အနည်းငယ်သာ သူ လမ်းလျှောက်နိုင်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကနဦးက သူသည် ခေါင်းဆောင်ကြီး ဆက်ဒမ်ဟူစိန်၏ အရိုက်အရာကို ဆက်ခံမည့်သူဟု အများသူငါက ထင်ကြေးပေးခဲ့ကြ၏။ သူသည် အရပ် ၆ ပေ ၆ လက်မ ရှိ၍ ထောင်ထောင်မောင်းမောင်း ဖြစ်သည်။ ရက်စက်ကြမ်းကြုတ်ရာတွင် သူ့ဖခင်နှင့် တူ၏။ သို့သော် သူသည် တရားလက်လွတ် အလွန်အကျွံ ရမ်းကားသည်။ သောက်စားမူးယစ်လာလျှင် ပရိသတ် ရှေ့မှောက်တွင်ပင် မရှောင်ပြောင်ပြောင်တင်းတင်း လူသတ်ရန်လည်း ဝန်မလေး။ ကပွဲမှာသို့မဟုတ် လမ်းမှာ တွေ့ရသော မိန်းမပျိုများ၊ ကာမပိုင် လင်ယောကျ်ား ရှိသော အမျိုးသမီးများ စသည်တို့ကို သူ့ကိုယ်ရံတော်များအား လိုက်လံဖမ်းဆီးစေပြီး ဟိုတယ်တစ်ခုတွင် ယုတ်မာစွာမတရားပြုကျင့်သည်။ အလွန်တရာ ရမ်းကား ရက်စက် ယုတ်မာလွန်းသူ ဖြစ်သဖြင့် သူ့ဖခင်ကပင် လက်လျှော့ အရှုံးပေးရသည်။ အောချထားရသည်။

သို့ကြောင့် ဆက်ဒမ်ဟူစိန်က သူ့သားငယ် ကူဆေးဟူစိန် (Qusay Hussein) ကိုသာ သူ့အရိုက်အရာကို ဆက်ခံနိုင်အောင် တာဝန်များ အပ်နှင်းကာ မြေတောင်မြှောက်ပေးသည်။ (အကျယ်ကို နောက်ပိုင်းမှ သီးခြားဆောင်းပါးမှာ ရှုစားပါ။)

**အီရတ်တို့ လျှို့ဝှက်လှုပ်ရှားမှုများ**

ကုလသမဂ္ဂ အထူးကော်မရှင်မှ လက်နက် စစ်ဆေးရေးမှူးများသည် စုံစမ်းစစ်ဆေးရေးအတွက် အထူးသံသယ ဖြစ်နေသောနေရာ ပတ်ဝန်းကျင်မှ အခွင့်အခါကောင်းကို မျှော်လင့်စောင့်စား

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နေကြစဉ် ၁၉၉၇ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် အီရတ်တို့ လျှို့ဝှက် လှုပ်ရှားနေမှုများကို မျက်ဝါးထင်ထင် သူတို့မြင်တွေ့ကြရ၏။ သို့ကြောင့် အီရတ်တို့ စာဖိုင်တွဲများ ပြောင်းရွှေ့နေကြပုံ၊ စာချုပ်စာတမ်းများ မီးရှို့ဖျက်ဆီးနေကြပုံနှင့် ပြာအပြည့် ထည့်ထားသော ဘူးများကို အနီးရှိ မြစ်ထဲသို့ သွန်ချနေကြပုံတို့ကို သူတို့ စိတ်တိုင်းကျ မှတ်တမ်းတင် ဗီဒီယို ရိုက်ကူးကြသည်။

## ကုလ အထူးကော်မရှင် ကိစ္စရပ်များ

အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကုလသမဂ္ဂ အထူးကော်မရှင်၏ လက်နက်စစ်ဆေးရေးအဖွဲ့မှ အမေရိကန်လူမျိုး အဖွဲ့ဝင်များကို အာဏာပိုင်တို့က အီရတ်နိုင်ငံမှ နှင်ထုတ်လိုက်သည်။

ထို့ပြင် ကုလသမဂ္ဂ အထူးကော်မရှင်အတွက် တာဝန်ထမ်းဆောင်နေကြသော အမေရိကန်လူမျိုး ဝန်ထမ်းများကိုလည်း အီရတ်နိုင်ငံမှ ချက်ချင်း ထွက်ခွာသွားကြရန် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ယင်းတို့က ကြေညာချက် ထုတ်ပြန်သည်။

## ဝန်ထမ်းအများစုကို ယာယီရုပ်သိမ်း

သို့ကြောင့် ကော်မရှင်ဥက္ကဋ္ဌက ဝန်ထမ်း အများစုကို အီရတ်နိုင်ငံမှ ယာယီရုပ်သိမ်းရန် ဆုံးဖြတ်လိုက်၏။ ကော်မရှင်၏ အဆောက်အအုံများနှင့် ပစ္စည်းကိရိယာများကို စောင့်ရှောက်ထိန်းသိမ်းရန်အတွက်သာ ဘဂ္ဂဒက်မြို့တော်၌ ဝန်ထမ်းအနည်းငယ်ချန်ထားခဲ့ပြီး ကျန်လူအားလုံး အီရတ်နိုင်ငံမှ ထွက်ခွာသွားကြသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ကော်မရှင်တစ်ဖွဲ့လုံး ပြန်လည်လုပ်ကိုင်

ရုရှားနိုင်ငံက ကြားဝင်လျက် အီရတ်နိုင်ငံနှင့် သံတမန်နည်းလမ်းဖြင့် ဆက်သွယ်၍ အချိန်တိုအတွင်း အားသွန်ခွန်စိုက်ဆွေးနွေးပြီးနောက် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် နှစ်နိုင်ငံအကြားသဘောတူညီချက် တစ်ရပ် ရရှိ၏။ အဆိုပါ သဘောတူညီချက်အရ ကုလသမဂ္ဂအထူးကော်မရှင်၏ လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်စေရန် အမေရိကန်လူမျိုးများ အပါအဝင် ကော်မရှင်နှင့် သက်ဆိုင်သူအားလုံး ပြန်လာခြင်းကို လက်ခံရန် အီရတ်တို့ကသဘောတူသည်။ ဘာရိန်းနိုင်ငံသို့ ခေတ္တရွှေ့ပြောင်းထားသောကော်မရှင်တစ်ဖွဲ့လုံး နိုဝင်ဘာလ ၂၁ ရက်နေ့မှာ ဘဂ္ဂဒက်မြို့တော်သို့ပြန်လည်ရောက်ရှိလာကြပြီး နောက်ရက်တွင် သူတို့ အလုပ်ကိုပြန်လည် စတင်လုပ်ကိုင်ကြသည်။

### ပူးပေါင်းဆောင်ရွက်မှု ခေတ္တရပ်သိမ်း

၁၉၉၈ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် ကုလသမဂ္ဂအထူးကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်မှုကို အီရတ်တို့က ခေတ္တရပ်သိမ်းလိုက်၏။ စုံစမ်းစစ်ဆေးရေးအဖွဲ့မှာ အမေရိကန်နှင့်ဗြိတိသျှ အဖွဲ့ဝင်များ ပါဝင်မှု အချိုးအစား မမျှတဟု အီရတ်တို့ကစောဒကတက်သည်။ ရက်သတ္တ တစ်ပတ်ခန့်ကြာပြီးနောက် အီရတ်အာဏာပိုင်တို့က လက်နက်စစ်ဆေးရေးမှူးများကို သမ္မတနန်းတော် အဆောက်အအုံ နေရာများ (presidential sites) အတွင်းသို့ လုပ်ငန်းဆောင်ရွက်ရန် ဝင်ခွင့်မပြု။ တားမြစ်ထားသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## လက်နက်စစ်ဆေးရေးမှူးများ ရုပ်သိမ်း

ကုလသမဂ္ဂ အထူးကော်မရှင်၏ လက်နက် စစ်ဆေးရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်မှု ဟူသမျှကို အောက်တိုဘာလ ၃၁ ရက်နေ့တွင် အီရတ်အာဏာပိုင်တို့က ရပ်တန့်လိုက်၏။ သို့ကြောင့် နိုဝင်ဘာလ ၇ ရက်နေ့တွင် လက်နက် စစ်ဆေးရေးမှူး ၁၅ ဦးကို ကုလသမဂ္ဂ အထူးကော်မရှင်က အီရတ်နိုင်ငံမှ ရုပ်သိမ်းလိုက်သည်။

## ထိပ်တိုက် ၈ နှစ် ကြာပြီးနောက်

ဆက်ဒမ်ဟူစိန် အစိုးရနှင့် ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးတို့အကြား ၈ နှစ်ကြာမျှ ထိပ်တိုက်ရင်ဆိုင်ကြုံတွေ့ပြီးနောက် နိုဝင်ဘာလ ၁၅ ရက်နေ့တွင်အမေရိကန်သမ္မတ ကလင်တန်က အီရတ်နိုင်ငံကို လေကြောင်းမှ တိုက်ခိုက်ရန် စီစဉ်ပြင်ဆင်၏။ သို့သော် ကုလသမဂ္ဂ လက်နက် စစ်ဆေးရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်ပါမည်ဟု အီရတ်အစိုးရ၏ အာမခံချက် ပါရှိသော၊ နောက်ဆုံး သတ်မှတ်ချိန် စေ့လုနီးမှ ရောက်လာသည့် စာတစ်စောင်ကို သမ္မတကလင်တန် ရရှိသဖြင့် လေကြောင်းက တိုက်ခိုက်မည့် အစီအစဉ်ကို သူ ဖျက်သိမ်းလိုက်သည်။

## ကူညီဆောင်ရွက်မှု မပြု

သို့တိုင်အောင် အီရတ်တို့သည် လက်နက် စစ်ဆေးရေးမှူးများနှင့် အဆင်ပြေအောင် မဆောင်ရွက်။ အနှောင့်အယှက် အမျိုးမျိုး ပေးကြ၏။ နောက်ဆုံးတွင် လက်နက် စစ်ဆေးရေးမှူး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



များက အီရတ်တို့သည် စိတ်ပါလက်ပါ ကူညီဆောင်ရွက်မှု မပြု ဟု ယတိပြတ် ဆုံးဖြတ်ကြသည်။

**အားလုံးကို နောက်ဆုံး ရုပ်သိမ်း**

သို့ကြောင့် ကုလသမဂ္ဂအထူးကော်မရှင်က ကော်မရှင် အဖွဲ့ဝင်နှင့် လက်နက် စစ်ဆေးရေးမှူး အားလုံးနှင့် ရုံးဝန်ထမ်း အားလုံးကို ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် အီရတ်နိုင်ငံမှ နောက်ဆုံး အကြိမ်အဖြစ် အပြီးအပြတ် ရုပ်သိမ်းလိုက်သည်။

**ကန္တာရမြေခွေး စစ်ဆင်ရေး**

ဤတွင် အမေရိကန်နှင့် ဗြိတိသျှတို့က အီရတ်၏ နျူကလီး ယား၊ ဓာတုနှင့် ဇီဝလက်နက် အစီအစဉ်များ (Iraq's nuclear, chemical and biological weapon's programs) ကို ဖျက်ဆီးရန် ကြိုးပမ်းမှုအနေနှင့် အီရတ်နိုင်ငံတစ်ဝန်းရှိ ပစ်မှတ် များကို ဒီဇင်ဘာလ ၁၇ ရက် ညမှစ၍ ၄ ည ဆက်တိုက် လေ ကြောင်းမှ တိုက်ခိုက်ခြင်းဖြင့် ကန္တာရမြေခွေး စစ်ဆင်ရေး (Operation Desert Fox) ကို စတင်ဆင်နွှဲသည်။

ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် တောင်ပိုင်း လေယာဉ်မပျံသန်း ရ နယ်မြေရှိ ဝေဟင်၌ ကင်းလှည့်နေသော အမေရိကန် လေယာဉ် တစ်စင်းကို တဲလီလ်မြို့ (Tallil) အနီးရှိ အီရတ်တို့၏ အက်စ်အေ ၆ ဒုံးပျံစခန်းမှ ဒုံးကျည် ၆ စင်း ပစ်လွှတ်တိုက်ခိုက်၏။ အမေရိကန်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အက်ဖ် ၁၆ လေယာဉ်များက အဆိုပါ ဒုံးပျံစခန်းပေါ်သို့ ဂျီဘီယူ ၁၂ လေဆာ ရောင်ခြည်လမ်းညွှန်ဗုံး ၆ လုံး ကြဲချခြင်းဖြင့် လက်တုံ့ပြန်သည်။ ထို့ပြင် ယင်းတို့က ဟမ်းဒုံးကျည် နှစ်စင်းကိုလည်း ပစ်လွှတ်တိုက်ခိုက်ခဲ့ကြသေးသည်။

**အစားထိုးပေးရန်**

၁၉၉၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဆက်ဒမ်ဟူစိန် ဦးဆောင်သော အီရတ် အာဏာပိုင်အဖွဲ့က အီရတ်နိုင်ငံရှိ အမေရိကန်နှင့် ဗြိတိသျှလူမျိုး ကုလသမဂ္ဂဝန်ထမ်းများကို အစားထိုးပေးရန် ကုလသမဂ္ဂအဖွဲ့ကြီးထံ မေတ္တာရပ်ခံသည်။

**ချိုးဖောက်သည့် အကြိမ် ၇၀ ကျော်**

ကန္တာရမြေခွေး စစ်ဆင်ရေး စတင်ကတည်းကပင် မြောက်ပိုင်းနှင့် တောင်ပိုင်း လေယာဉ်မပျံသန်းရ နယ်မြေ နှစ်ခုစလုံးရှိ ဝေဟင်ထဲသို့ အီရတ် စစ်လေယာဉ်များသည် ကန့်သတ်ချက်များကို ချိုးဖောက်ဝင်ရောက်သည့် အကြိမ်ပေါင်း ၇၀ ကျော်သည်ဟု အမေရိကန် ပင်တဂွန်စစ်ဌာနချုပ် အရာရှိများက စွပ်စွဲပြောဆိုသည်။

**အစားထိုး**

ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် လက်ရှိ ကုလသမဂ္ဂ အထူးကော်မရှင် (UNSCOM) ကို ကုလသမဂ္ဂ လက်နက် စစ်ဆေးရေးကော်မရှင် (UNMOVIC) နှင့် အစားထိုးသည့် ဆုံးဖြတ်ချက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အမှတ် ၁၂၈၄ ကို လုံခြုံရေးကောင်စီက အတည်ပြုသည်။ သို့ရာတွင် အဆိုပါ ဆုံးဖြတ်ချက်ကို အီရတ်အာဏာပိုင်တို့က လက်မခံ။ ပယ်ချသည်။

### ဥက္ကဋ္ဌ

၂၀၀၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့တွင် ဟန်စ်ဘလစ် (Hans Blix) သည် ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးကော်မရှင်၏ ဥက္ကဋ္ဌ ဖြစ်လာသည်။

### ပစ်ခတ်မှုအကြိမ် ၄၇၀ ကျော်

၁၉၉၈ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့မှ ၂၀၀၀ ပြည့်နှစ် မေလ ၂၂ ရက်နေ့ထိ အပေါင်းပါလေယာဉ်များကို အီရတ်လေယာဉ်ပစ် အမြောက်တပ်စခန်းများမှ အမြောက်ဖြင့် ပစ်ခတ်မှုနှင့် အီရတ်ဒုံးလက်နက်စခန်းများမှ ဆမ်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှု သီးခြားဖြစ်ရပ် အကြိမ်ပေါင်း ၄၇၀ ကျော် ဖြစ်သည်ဟု အမေရိကန် ဦးဆောင်သော အပေါင်းပါတို့ဘက်က ဆိုသည်။

### ဝင်ရောက်ပျံသန်းမှု အကြိမ် ၁၅၀ ကျော်

အလားတူ ကာလအတွင်း တောင်ပိုင်း လေယာဉ် မပျံသန်းရ နယ်မြေပေါ်သို့ ကန့်သတ်ချက်ကို ဆန့်ကျင်၍ အီရတ်လေယာဉ်များ အတင်း ဝင်ရောက်ပျံသန်းမှု အကြိမ်ပေါင်း ၁၅၀ ကျော်သည် ဟုလည်း ယင်းတို့က စွပ်စွဲသည်။

### အစ္စရေးတွင် အသေခံဗုံးခွဲ တိုက်ခိုက်

အီရတ် ခေါင်းဆောင်ကြီး ဆက်ဒမ်ဟူစိန်သည် ဘာ့သ်ပါတီမှ အမာခံပါတီဝင်များကို အစ္စရေးနိုင်ငံအတွင်းသို့ ထိုးဖောက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဝင်ရောက်၍ အသေခံဖိုးခွဲ တိုက်ခိုက်မှုများကို မကြာခဏ ပြုလုပ်စေခဲ့၏။ ယင်းသို့ အစ္စရေးနိုင်ငံအတွင်း စွန့်စွန့်စားစား အသေခံတိုက်ပွဲဝင်ရင်း ကျဆုံးသွားသော အီရတ်သူရဲကောင်းများ၏ မိသားစုများကို အီရတ်အစိုးရက စက်တင်ဘာလမှာ မိသားစုတစ်စုလျှင် ယူအက်စ်ဒေါ်လာ ၂၅,၀၀၀ စီ ထောက်ပံ့သည်။

## ပြည်တွင်းပြည်ပ လေကြောင်းပို့ဆောင်ရေး

၁၉၉၁ ခုနှစ် ပါရှန်ပင်လယ်ကွေ့စစ်ပွဲ ဖြစ်ပွားချိန်မှ စ၍ ရပ်တန့်ထားခဲ့ရသော ပြည်တွင်း လေကြောင်းခရီးသည် ပို့ဆောင်ရေးလုပ်ငန်းကို ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ပြန်လည်စတင်သည်။ ထို့ပြင် ရုရှား၊ အိုင်ယာလန်၊ အရှေ့အလယ်ပိုင်းဒေသမှ နိုင်ငံများနှင့် ကုန်သွယ်လေကြောင်းဆက်သွယ်မှုများ (commercial air links) ကိုလည်း ပြန်လည်ပြုလုပ်သည်။

## ပယ်ချ

အီရတ်၏ လူအမြောက်အမြား သေကျေစေနိုင်သော ဖျက်အားပြင်းလက်နက်များကို ထိရောက်စွာ စစ်ဆေးနိုင်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အဆိုပြုချက်သစ်များကို နိုဝင်ဘာလအတွင်း အီရတ်အာဏာပိုင်တို့က ပယ်ချလိုက် သည်။

## တိုက်ပွဲများ ပုံနှံ

၂၀၀၁ ခုနှစ်တွင် အမေရိကန်နှင့် ဗြိတိသျှတို့ ဦးဆောင်သော အပေါင်းပါတို့သည် အီရတ်နိုင်ငံ၌ ကန္တာရမြေခွေး စစ်ဆင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရေးကို ဆက်လက်ဆင်နွှဲကြ၏။ တိုက်ပွဲများမှာ အရှိန်လျော့မသွားဘဲ ပို၍ပင် ပြင်းထန်လာသည်။ အီရတ်နိုင်ငံ မြောက်ပိုင်းနှင့် တောင်ပိုင်း လေယာဉ် မပျံသန်းရ နယ်မြေများမှာသာမက အလယ်ပိုင်းမှ ကန့်သတ်နယ်မြေများသို့ပါ တိုက်ပွဲများ ပျံ့နှံ့သွားသည်။

## ဘုရှ်ဂျူနီယာ ထမ်းရွက်

မဟာမိတ်တပ်ဖွဲ့ကို ဦးဆောင်နေသော အမေရိကန်ပြည်ထောင်စုမှာလည်း သမ္မတကလင်တန်၏ တာဝန်ကို ဂျော့ချ်ဒဗလျူ ဘုရှ် ဂျူနီယာက ၂၀၀၁ ခုနှစ် ဇန်နဝါရီလတွင် ပခုံးပြောင်း ထမ်းရွက်သည်။

## ကူဆေးဟူစိန်

မေလတွင် ဆက်ဒမ်ဟူစိန်၏ သားငယ် ကူဆေးဟူစိန်သည် လက်ရှိအာဏာကို ဘာ့သ်ပါတီ၏ ခေါင်းဆောင်ပိုင်းတွင် အရွေးခံရ၏။ သို့ကြောင့် သူသည် သူ့အဖေ၏ အရိုက်အရာကို ဆက်ခံမည့်သူ ဖြစ်သည်ဟူသော ထင်ကြေးကို ယခင်ကထက် ပို၍ လူပြောသူပြော များလာသည်။

## နိုင်ငံခြားသို့ ရေနံတင်ပို့မှု

ပါလက်စတိုင်း နယ်မြေအတွင်းသို့ အစ္စရေးတပ်များ ကျူးကျော်ဝင်ရောက်ခြင်းကို ကန့်ကွက်သည့်အနေဖြင့် ဧပြီလတွင် အီရတ် အာဏာပိုင်တို့က နိုင်ငံခြားသို့ ရေနံတင်ပို့မှု အားလုံးကို ရပ်ဆိုင်းလိုက်၏။ သို့ရာတွင် ဆက်ဒမ်ဟူစိန် လုပ်သကဲ့သို့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အခြား မည်သည့် အာရပ်နိုင်ငံကမျှ လိုက်မလုပ်ကြ။ ထို့ကြောင့် ရက်ပေါင်း ၃၀ ကြာပြီးနောက် ရေနံတင်ပို့မှုကို အီရတ်က ပြန်လည် စတင်လုပ်ကိုင်သည်။

## လက်နက်စစ်ဆေးရေးမှူးများ လုပ်ငန်း ပြန်စရေး

မေလ ၁ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီး နာဂျီဆာဘရီ (Foreign Minister Naji Sabri) ဦးဆောင်သော အီရတ် ကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂ လက်နက် စစ်ဆေးရေးမှူး များ အီရတ်နိုင်ငံသို့ ပြန်လာပြီး လုပ်ငန်း လုပ်ကိုင်ရေးအတွက် တစ်ကြိမ် ထပ်မံ၍ ဆွေးနွေးမှု စတင်နိုင်ရန် ကုလသမဂ္ဂ အထွေ ထွေ အတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် ကုလသမဂ္ဂ လက်နက် စစ်ဆေးရေး ကော်မရှင် ဥက္ကဋ္ဌ ဟန်စ်ဘလစ်တို့နှင့် နယူးယောက် မြို့၌ တွေ့ဆုံသည်။

## ဟန်စ်ဘလစ်ကို အီရတ်သို့ စေလွှတ်ရန်

ဩဂုတ်လ ၁ ရက်နေ့မှာလည်း ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ကိုဖီအာနန်ထံသို့ အီရတ်အစိုးရက စာ တစ်စောင် ပေးပို့လိုက်ပြန်၏။ ထိုစာထဲတွင် ဟန်စ်ဘလစ်ကို လက်နက်ဖျက်သိမ်းရေး ကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးနိုင်အောင် အီရတ်နိုင်ငံသို့ စေလွှတ်ရန် ယင်းက မေတ္တာရပ်ခံထားသည်။

## ကြိုတင်ခန့်မှန်း

အီရတ်ပြဿနာသည် ပြေလည်ငြိမ်းအေးမသွားဘဲ တဖြည်းဖြည်း ပို၍ ပို၍ ကြီးထွားလာကာ စစ်တိုက်ဖြေရှင်းရမည့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အခြေသို့ တစ်စ တစ်စ ရောက်ရှိသွားနိုင်သည်ဟု အမေရိကန်နှင့် ဗြိတိသျှတို့က ကြိုတင်ခန့်မှန်းတွက်ဆထားကြသည်။

**တပ်အင်အား တိုးချဲ့စုဆောင်း**

သို့ကြောင့် ဩဂုတ်လ ၁၂ ရက်နေ့တွင် ဂျော်ဒန်–အီရတ် နယ်စပ်အနီးရှိ လေတပ် အခြေစိုက်စခန်းများ၌ အမေရိကန်တပ် အင်အားကို စတင် တိုးချဲ့စုဆောင်း၏။ ထို့ပြင် သင်္ဘောနှစ်စင်း စာ ရှိသော စစ်သုံးပစ္စည်း ကိရိယာတန်ဆာပလာများကိုလည်း ပါရှန်ပင်လယ်ကွေ့ဒေသသို့ ပြောင်းရွှေ့ရန် ဩဂုတ်လ ၁၃ ရက် နေ့တွင် ပင်တဂွန်စစ်ဌာနချုပ်က ညွှန်ကြားလိုက်သည်။

**စာနယ်ဇင်းသမားများ ပြ**

အမေရိကန်တို့က ဖျက်အားပြင်းလက်နက်များ ရှိနိုင်သည် ဟု ယူဆသော နေရာတစ်ခုသို့ အီရတ် အာဏာပိုင်တို့က သတင်း စာ ဆရာများကို ပထမဆုံးအကြိမ် ဖိတ်ခေါ်၍ လှည့်လည်ကြည့်ရှု ခွင့် ပေးခဲ့၏။ အလားတူ ဩဂုတ်လ ၂၁ ရက်နေ့တွင်လည်း အမေရိကန်အရာရှိတို့က ဇီဝလက်နက်နှင့် ဆက်စပ်ပစ္စည်း ကိရိယာ အဆောက်အအုံများ ဖြစ်နိုင်သည်ဟု သံသယရှိနေသော အခြား စခန်းတစ်ခုသို့ စာနယ်ဇင်းဆရာများကို ဒုတိယအကြိမ် ဖိတ်မန္တက ပြုပြီး သူတို့ စိတ်ကြိုက် လှည့်လည်ကြည့်ရှု လေ့လာခွင့် ပြုခဲ့သည်။ သို့သော် အမေရိကန်နှင့် အပေါင်းပါတို့ကတော့ ယင်းလုပ်ရပ်များ ကို ဆက်ဒမ်ဟူစိန်၏ လှည့်ကွက်များဟုသာ သဘောထားကြ သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## တပ်မဟာနှစ်ခု အသင့်

စက်တင်ဘာလ ၃ ရက်နေ့တွင် ကာတာနိုင်ငံသို့ အမေရိကန် စစ်ဘက်က ကြိုတင်ပို့ထားသော စစ်ပစ္စည်း ကိရိယာတန်ဆာ ပလာများကို ကူဝိတ်နိုင်ငံသို့ ရွှေ့ပြောင်းလိုက်၏။ သို့ကြောင့် ကူဝိတ်နိုင်ငံရှိ စုစုပေါင်း စစ်ပစ္စည်းကိရိယာများသည် အကြီးစား တပ်မဟာ နှစ်ခုကို တပ်ဆင်နိုင်လောက်အောင် အသင့် ဖြစ်နေသည်။

## ကုန်တင်သင်္ဘောကြီး တစ်စင်း ငှား

တင့်ကားများနှင့် လေးသော သံချပ်ကာ ယန္တရားများကို ပါရှန်ပင်လယ်ကွေ့သို့ သယ်ပို့ရန် အရပ်ဘက် ကုန်တင်သင်္ဘော ကြီး တစ်စင်းကို အမေရိကန်ရေတပ်က စက်တင်ဘာလ ၄ ရက် နေ့တွင် ငှားရမ်းလိုက်၏။ သင်္ဘောတွင် အထွေထွေ ကုန်ပစ္စည်း များနှင့် ကုန်သေတ္တာနှင့် ထည့်ထားသော ကုန်ပစ္စည်းများလည်း ပါဝင်သည်။ တင့်ကားများသည် အဓိက စစ်မြေပြင်သုံး တင့်ကား များ ဖြစ်သော အမ်ဝမ်အေဝမ်အေဘရမ် (M1A1 Abram) အမျိုးအစား တင့်ကားများနှင့် ယှဉ်နိုင်သည့် ခေတ်မီတင့်ကား များ ဖြစ်သည်။

## ကြိုတင်ရှင်းထား

စက်တင်ဘာလ ၅ ရက်နေ့တွင် ဘဂ္ဂဒက်မြို့တော်၏ အနောက်ဘက် မိုင် ၂၄၀ ခန့် ကွာဝေး၍ ဂျော်ဒန်နိုင်ငံနယ်စပ် အနီးမှ အိပ်ချ် ၃ လေယာဉ်ကွင်း (H3 airfield) ရှိ အီရတ် အနောက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပိုင်း လေကြောင်းကာကွယ်ရေးစခန်းကြီးကို အမေရိကန်နှင့် ဗြိတိသျှလေယာဉ်များက သဲသဲမဲမဲ တိုက်ခိုက်ကြ၏။ တိုက်ခိုက်ရာတွင် စုစုပေါင်း လေယာဉ် ၂၄ စင်း ပါဝင်သည်။ ယင်းတို့အနက် ၁၂ စင်းက ဗုံးအလုံး ၂၀ ခန့် ကြဲချခဲ့သည်။

ယင်းသို့ တိုက်ခိုက်မှု၏ ရည်ရွယ်ချက်မှာ မကြာမီ ဖြစ်နိုင်ခြေရှိသော အီရတ်စစ်ပွဲ မတိုင်မီ အထူးတပ်ဖွဲ့များ၏ ရဟတ်ယာဉ်များ ဂျော်ဒန်နိုင်ငံ သို့မဟုတ် ဆော်ဒီအာရေဗျနိုင်ငံမှတစ်ဆင့် အီရတ်နိုင်ငံထဲသို့ ပျံသန်း၍ အီရတ်စကာ့ဒ်ဒုံးလက်နက်များကို ပိုက်စိပ်တိုက် ရှာဖွေနိုင်ရေးအတွက် အီရတ် လေကြောင်းကာကွယ်ရေးစခန်းများကို ကြိုတင်ချေမှုန်း ရှင်းလင်းထားရန် ဖြစ်သည်။

**သဘော်ာပစ် ဒုံးလက်နက်စခန်း တိုက်ခိုက်**

စက်တင်ဘာလ ၇ ရက်နေ့တွင် ကာတာနိုင်ငံရှိ အဲလ်အူဒေး အခြေခံစခန်းမှ ခဲယမ်းမီးကျောက်များနှင့် ပစ္စည်း ကိရိယာ တန်ဆာပလာများကို အမေရိကန် သင်္ဘောတစ်စင်းက ကူဝိတ်နိုင်ငံသို့ ရွှေ့ပြောင်းနေ၏။ အဆိုပါ သင်္ဘောကို ရေဒါဖြင့် အမိဖမ်း၍ အီရတ်ရှိ ဆစ်ဝမ်းဒုံးလက်နက်နှင့် ပစ်ခတ်ရန် ကြိုးပမ်းနေမှုကို လက်တုံ့ပြန်သောအားဖြင့် အမေရိကန် လေတပ်မှ လေယာဉ်များက အီရတ်တောင်ပိုင်းမှ ဘာဆရာမြို့အနီးရှိ သင်္ဘောပစ် ဒုံးလက်နက်စခန်းကို ပစ်ခတ်တိုက်ခိုက်ကြသည်။

တရုတ်နိုင်ငံလုပ် ဆစ်ဝမ်း (Silkworm) ခေါ် မြေပြင်မှ သင်္ဘောပစ်ဒုံးလက်နက်သည် ၅၉ မိုင် အကွာအဝေးကို ထိရောက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



စွာ ပစ်ခတ်နိုင်၏။ ကူဝိတ်နိုင်ငံတွင် လွန်းတင်ပြင်ဆင်နေသော မည်သည့် သင်္ဘောကိုမဆို ထိမှန်အောင် ပစ်ခတ်နိုင်သည်။

## ကာတာသို့ စစ်ဌာနချုပ် ပြောင်းရန် ညွှန်ကြား

စက်တင်ဘာလ ၁၁ ရက်နေ့တွင် အမေရိကန် အလယ်ပိုင်း စစ်ဌာနချုပ်ကို ဖလော်ရီဒါပြည်နယ်ရှိ တမ်ပါမြို့ (Tampa) မှ ကာတာနိုင်ငံ မြို့တော် ဒိုဟာ (Doha) အနီးရှိ အဲလ်အူဒေး လေတပ်အခြေစိုက်စခန်း (Al-Udeid Air Base) သို့ ပြောင်းရွှေ့ ရန် ပင်တဂွန်စစ်ဌာနချုပ်က ညွှန်ကြား၏။ အကယ်၍ လိုအပ်က အီရတ်နိုင်ငံကို စစ်ရေးအရ အရေးယူ တိုက်ခိုက်နိုင်ရန် ကြိုတင် ပြင်ဆင်သည့်အနေဖြင့် နိုဝင်ဘာလတွင် ရက်သတ္တ တစ်ပတ်ကြာ မျှ စစ်ရေးလေ့ကျင့်ရန်လည်း စီစဉ်ပြင်ဆင်ထားသည်။ ထို့ပြင် ယင်းဒေသတွင် ကာတာနိုင်ငံကို အမေရိကန်ပြည်ထောင်စု၏ အဓိက မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံအဖြစ်လည်း အမေရိကန်က သတ်မှတ်ထားသည်။

## မချမှတ်နိုင်

အီရတ်နိုင်ငံကို ထိရောက်စွာ အရေးယူနိုင်ရေးအတွက် နိုင်ငံတကာ မိတ်ဖက်အင်အားတစ်ရပ် ထူထောင်နိုင်ရန် ကြိုးပမ်း သည့်အနေဖြင့် စက်တင်ဘာလ ၁၂ ရက်နေ့တွင် အမေရိကန် သမ္မတ ဂျော့ချ်ဘုရှ်သည် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ မိန့်ခွန်း တစ်ရပ် မြွက်ကြားခဲ့၏။ အီရတ်နှင့်ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်သစ် တစ်ရပ် ချမှတ်ပြီး ရက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သတ္တုပတ် များမကြာမီ ယင်းကို လက်တွေ့အကျိုးရှိရှိ အကောင်အထည် ဖော်နိုင်စေရန် ဘုရှ်က တွန်းအားပေးထားသည်။ သို့သော် အီရတ်နိုင်ငံသို့ ကုလသမဂ္ဂ လက်နက် စစ်ဆေးရေးမှူးများ ပြန်သွားရေးအတွက် နောက်ဆုံး သတ်မှတ်ချိန်ကိုပင် မချမှတ်နိုင်ခဲ့ချေ။

## ကြားဖြတ် သိမ်းယူ

နျူကလီးယားဗုံးများ ထုတ်လုပ်ရာတွင် အသုံးပြုရန် အဆင့်မြင့် သန့်စင်ထားသည့် အလူမီနီယံဘူးများ (highly refined aluminium tubes) ကို သင်္ဘောတစ်စင်းဖြင့် အီရတ်နိုင်ငံသို့ လျှို့ဝှက်သယ်ဆောင်လာစဉ် အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များက စက်တင်ဘာလအတွင်း ကြားဖြတ်သိမ်းယူနိုင်ခဲ့သည်။

## ထုတ်ပြန်ကြေညာ

ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲကလည်း အီရတ်နိုင်ငံ၏ စစ်ရေးစွမ်းရည် (Iraq's military capability) နှင့် စပ်လျဉ်းသော စာဖိုင်တွဲတစ်ခုကို ထုတ်ပြန်ကြေညာသည်။

## အီရတ်မှ ထွက်ပြေး

အီရတ် နျူကလီးယားဗုံး ထုတ်လုပ်ရေး အစီအစဉ်၏ ကဏ္ဍတစ်ခုကို ဦးဆောင်ခဲ့သည့် အီရတ် သိပ္ပံပညာရှင် ဒေါက်တာ ခီဒါဟာမ်းဇာ (Dr.Khidir Hamza) သည် ဆက်ဒမ်ဟူစိန်နှင့် သဘောထား မတိုက်ဆိုင်၍ ၁၉၉၄ ခုနှစ်တွင် အီရတ်နိုင်ငံမှ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထွက်ပြေးသွားခဲ့၏။ ၂၀၀၂ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် သူ့နိုင်ငံ၏ ပြင်ပတစ်နေရာ၌ သတင်းစာဆရာများနှင့် သူတွေ့ဆုံသည်။

## ထုတ်ဖော်ပြောဆို

ယင်းတွေ့ဆုံပွဲတွင် နျူကလီးယားလက်နက်များ ပုံမှန်ထုတ်လုပ်နိုင်ရေးအတွက် ပစ္စည်းအစိတ်အပိုင်းငယ်များကို အစိတ်အပိုင်းကြီး တစ်ခုအဖြစ် တပ်ဆင်ရာမှာ တရားမဝင်သော နည်းလမ်းဖြင့် ရယူထားသည့် ဂျာမန် ပစ္စည်းကိရိယာများကို အီရတ်တို့ အသုံးပြုနေသည်ဟု သူက ထုတ်ဖော်ပြောဆိုသည်။

## ထုတ်လုပ်

လိုအပ်သော ယူရေနီယံ သတ္တုခြပ်စင်ကို ယခုအခါ အီရတ်နိုင်ငံအတွင်း ထုတ်လုပ်နေပြီ ဖြစ်ကြောင်း၊ သို့ကြောင့် ဆက်ဒမ်အစိုးရကို မဖယ်ရှားနိုင်မီ အနောက်နိုင်ငံကြီးများအနေဖြင့် အချိန်ကာလ ကြာညောင်းစွာ ထိုင်၍ စောင့်ကြည့်နေခြင်းသည် ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်ရာရောက်ကြောင်း သူက သတိပေး ပြောကြားသွားသည်။

## သူလှည့်ကွက် အောင်ပွဲခံနေမည်

နျူကလီးယား အစီအစဉ်၏ အခြေအနေ မည်မျှ ခရီးရောက်နေသည်ကို သိရှိနိုင်ရန် ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးများ အီရတ်နိုင်ငံတွင်းသို့ ယခု ဝင်ရောက်သည့်တိုင် အခြေအနေမှန်ကို သိနိုင်ရန် မလွယ်ဟု သူက ဆိုသည်။ လက်နက် စစ်ဆေးရေး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မှူးများ အီရတ်နိုင်ငံမှ ထွက်ခွာသွားချိန်မှစ၍ ဆက်ဒမ် ဟူစိန်သည် သူ ဝှက်လိုသော ပစ္စည်းများကို သူ့စိတ်ကြိုက် ဝှက်ရန် အနည်းဆုံး အချိန် ၄ နှစ်ခန့် ရရှိသွားပြီ ဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စုက သူ့ကို စိတ်ထင်တိုင်း ကြံခွင့်ပြုထားလျှင် သူ့လှည့်ကွက်သည် ဆက်လက် အောင်ပွဲခံနေဦးမည် ဖြစ်ကြောင်း သူက ပြောကြားသွားခဲ့သည်။

## လက်ခံမည်

ထိုနေ့မှာပင် ကုလသမဂ္ဂ လက်နက် စစ်ဆေးရေးမှူးများ အီရတ်နိုင်ငံသို့ ပြန်လာမည်ဆိုက ခြွင်းချက်မရှိ လက်ခံမည်ဟု အီရတ်အစိုးရက ထုတ်ပြန်ကြေညာသည်။

## အီရတ်၏ ပရိယာယ်

စက်တင်ဘာလ ၁၇ ရက်နေ့တွင် ကုလသမဂ္ဂလက်နက် စစ်ဆေးရေးမှူးများ အီရတ်နိုင်ငံသို့ပြန်လာရန် အီရတ်အစိုးရ၏ ကမ်းလှမ်းချက်ကို အမေရိကန်ပြည်ထောင်စုက ချက်ချင်း ပယ်ချလိုက်သည်။ အီရတ်၏ အဆိုပြုချက်သည် လက်နက်ဖျက်သိမ်းရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ ပြတ်သားခိုင်မာသော တောင်းဆိုချက်သစ်ကို ဟန့်တားရန် ရည်ရွယ်သည့် အီရတ်၏ ပရိယာယ်သာ ဖြစ်သည်ဟု အမေရိကန်က အကြောင်းပြသည်။

## အကောင်းဘက်မှ မြင်

သို့ရာတွင် ရုရှားနှင့် တရုတ်တို့ကမူ ယင်းအဆိုကို အကောင်းဘက်က ရှုမြင်သည်။ အပြုသဘောဆောင်သည်ဟု ယူဆသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အီရတ်၏ ဆုံးဖြတ် ကမ်းလှမ်းချက်သည် ဘေးကျပ်နံကျပ် ကာလတွင် နိုင်ငံရေးအရ ဖြေရှင်းရေးသို့ ဦးတည်နိုင်သည်ဟု သူတို့က ထင်မြင်ယူဆကြသည်။

## လက်နက် စစ်ဆေးရေးမှူးများ ပြန်ရောက်

၁၉၉၈ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့ကပင် အီရတ်မှ ထွက်ခွာသွားခဲ့ကြသော ကုလသမဂ္ဂ လက်နက် စစ်ဆေးရေးမှူးများသည် ၄ နှစ်နီးပါး ကြာပြီး ၂၀၀၂ ခုနှစ် နိုဝင်ဘာလတွင်မှ အီရတ်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြ၏။ ဤအကြိမ်မှာတော့ လုံခြုံရေးကောင်စီ၏ ပြင်းထန်သော ဆုံးဖြတ်ချက်ကို ကျောထောက်နောက်ခံပြု၍ သူတို့ပြန်လာခဲ့ကြခြင်း ဖြစ်သည်။ ဆုံးဖြတ်ချက်ကို အီရတ်အာဏာပိုင်တို့က မတတ်သာ၍ လက်ခံလိုက်ရသည်။ အကယ်၍ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ပါ စည်းကမ်းချက်များကို အီရတ်က မလိုက်နာလျှင် ပြင်းထန်ဆိုးရွားသော အကျိုးဆက်ကို ခံစားရလိမ့်မည်ဟု အဆိုပါ ဆုံးဖြတ်ချက်က သတိပေးထားသည်။

## ဗြိတိသျှ လေယာဉ်တင်သင်္ဘောကြီး ထွက်ခွာ

၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ဗြိတိသျှ လေယာဉ်တင်သင်္ဘောကြီး အိပ်ချ်အမ်အက်စ်အာ့ခ်ရွိုင်ရယ်လ် (HMS Ark Royal) သည် နှစ်ပေါင်း ၂၀ အတွင်း ဗြိတိန်၏ အကြီးဆုံး ရေတပ် အထူးတာဝန်ကျတပ်ဖွဲ့ (Britain's largest naval task force) ကို ဦးဆောင်ရန် ပင်လယ်ကွေ့ဒေသသို့ ထွက်ခွာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သွားသည်။ လေယာဉ်တင်သင်္ဘောကြီးသည် ခဲယမ်းမီးကျောက်များ သယ်ယူ ရန် ဦးစွာ စကော့တလန်သို့ သွား၏။ ပြီးမှ ကျန်သည့် ရေတပ် အထူးတာဝန်ကျ သင်္ဘောအုပ်စုနှင့် ပူးပေါင်းရန် မြေထဲပင်လယ်သို့ ထွက်ခွာသွားသည်။ သည့်နောက်မှ သင်္ဘောကြီးသည် တာဝန်ကျရာ ပါရှန်ပင်လယ်ကွေ့သို့ ဦးတည်ခုတ်မောင်းသွားခြင်း ဖြစ်သည်။

## အချိန်ဆွဲ

ပါရှန်ပင်လယ်ကွေ့ဒေသတွင် အမေရိကန်နှင့် ဗြိတိသျှတို့ စစ်ရှိန်မြင့်၍ စစ်အင်အား တိုးချဲ့တည်ဆောက်နေကြစဉ် ဇန်နဝါရီလ ၁၄ ရက်နေ့ သတင်းစာ ရှင်းလင်းပွဲမှာ သမ္မတဘုရှ်က–

'ဆက်ဒမ်ဟူစိန်ဟာ လုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်တွေနဲ့အညီ ဖျက်အားပြင်း လက်နက်တွေကို အီရတ်က ဖျက်သိမ်းပြီးကြောင်း သူ ကြေညာခဲ့ပြီး ဖြစ်တယ်လို့ ပြောကာ အချိန်ဆွဲနေတယ်၊ သူ့အမိန့်နဲ့ လက်နက်ဖျက်သိမ်းတဲ့ အထောက်အထားဘာတစ်ခုမျှ ကနေ့ထိ ကျုပ် မတွေ့သေး။ နည်းမျိုးစုံနဲ့ အချိန်မကြာ ကြာအောင် သူ ဖန်တီးနေတယ်။ လက်နက်ဖျက်သိမ်းရေးကို မပျက်မကွက် သူ လုပ်ကို လုပ်ရမှာပဲ။ သူ့ကစားကွက်နဲ့ လှည့်ကွက်ကြောင့် ကျုပ်ကိုယ်တိုင်တောင် ငြီးငွေ့စိတ်ကုန်နေပြီ'

ဟု သတင်းစာဆရာများအား ပြောကြားသွားခဲ့သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ရှာဖွေတွေ့

ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ကုလသမဂ္ဂလက်နက် စစ်ဆေးရေးမှူးများသည် ဘဂ္ဂဒက်မြို့တော် အနောက်တောင်ဘက် ကီလိုမီတာ ၁၅၀ ခန့် ကွာဝေးသော ယူခိုင်ဒါ ခဲယမ်းမီးကျောက် သိုလှောင်ရာ နယ်မြေ (the Ukhaider ammunition storage area) မှာ ၁၂၂ မီလီမီတာ ဒုံးကျည်ထိပ်ဖူးများကို ရှာဖွေတွေ့ရှိရ၏။ ၁၉၉၀ ပြည့်လွန်နှစ်များ၏ နှောင်းပိုင်းကာလကပင် အခိုင်အမာ တည်ဆောက်ထားသော ကတုတ်ကျင်းကြီး အများအပြားမှာလည်း ဒုံးကျည်ထိပ်ဖူးခွံများ (empty warheads) ကို တွေ့ရသည်။ သို့ရာတွင် ဒုံးကျည်ထိပ်ဖူး ၁၁ ခုမှာတော့ ဓာတုပစ္စည်းများ ဖြည့်ထည့်ထားသည်ကို မတွေ့ရဟု ဆိုသည်။

## အာခံနေဆဲ

အီရတ်နိုင်ငံ လက်နက် ဖျက်သိမ်းရေးကိစ္စ ဖြစ်မြောက်စေရန် နိုင်ငံတကာ၏ ကြိုးပမ်းမှုကို အီရတ်က ယခုတိုင် အာခံနေဆဲဖြစ်သည်ဟု ကုလသမဂ္ဂ လက်နက် စစ်ဆေးရေးမှူးချုပ် ဟန်စ်ဘလစ်က ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လုံခြုံရေးကောင်စီသို့ အစီရင်ခံသည်။

## တိုးတက်မှု အစီရင်ခံစာ

ထို့ပြင် ဟန်စ်ဘလစ်နှင့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)၏ ညွှန်ကြားရေးမှူးချုပ် မိုဟာမက် အဲလ်ဘာရာဒေး (Mohamed El-Baradei) တို့က ရက်ပေါင်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



၆၀ အတွင်း တွေ့ရှိချက်များကို အခြေခံသော တိုးတက်မှု အစီရင်ခံစာတွင် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များနှင့်အညီ ဖျက်အားပြင်း လက်နက်အားလုံးနှင့် ယင်းတို့နှင့် ဆက်စပ်ပစ္စည်းများကို အီရတ် အာဏာပိုင်များက မခြွင်းမချန် ထုတ်ဖော်ပြသရန် အလေးအနက် တိုက်တွန်းထားသည်။

## ယူတူး လေယာဉ်ပျံသန်းမှု သဘောတူ

အီရတ်နိုင်ငံရှိ တားမြစ်ထားသော လက်နက်များကို ရှာဖွေရာမှာ အထောက်အကူပြုရေးအတွက် ကုလသမဂ္ဂလက်နက်စစ်ဆေးရေးမှူးများ အဓိက တောင်းဆိုနေသော ယူတူးလေယာဉ်ကင်းထောက်ပျံသန်းမှုများ (U-2 surveillance flights) ကို ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် အီရတ်က လက်ခံသဘောတူသည်။

## နှိုးဆော်

ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် အဲလ်ကိုင်ဒါ ခေါင်းဆောင် အိုစမာဘင်လာဒင် (Osma Bin Laden) ၏ အသံဟု ယူဆရသော အသံသွင်း တိတ်ခွေတစ်ခွေကို အာရပ် အသံလွှင့်ကွန်ရက်ဖြစ်သော အဲလ်ဂျာဇီရာ အသံလွှင့်ဌာန (Arab network Al-Jaze-era) က ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသသွား၏။ အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်တိုက်ခိုက်နေမှုများကို ဆန့်ကျင်တိုက်ဖျက်ကြရန် သူက နှိုးဆော်ထားသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## အီရတ်၏ စစ်ရေး လှုပ်ရှားမှုများ

စကော့ဒ်ဒုံးလက်နက်ပစ် ကိရိယာများကို ဘာသာရေး အဆောက်အအုံများ အနီးသို့ ပြောင်းရွှေ့နေရာချထားမှု၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများကို အီရတ်တောင်ပိုင်းရှိ ရေနံမြေသို့ ရေကြောင်းခရီးဖြင့် သယ်ယူပြောင်းရွှေ့မှု၊ ဘဂ္ဂဒက်မြို့တော်ဧရိယာကို ပတ်လျက် သမ္မတတပ်ဖွဲ့ ကာကွယ်ရေး နှစ်ထပ် နေရာချထားမှု၊ တပ်အလိုက် သီးခြားကာကွယ်ရေးအတွက် စစ်လေယာဉ်များ ခွဲဝေမှု စသည်တို့ အပါအဝင် မကြာမီက အီရတ်၏ အဓိက စစ်ရေးလှုပ်ရှားမှုများကို အမေရိကန် ထောက်လှမ်းရေးက စုံစမ်းသိရှိရသည်ဟု ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် စီအင်န်အင်န် သတင်းဌာနက သတင်းပေးပို့သည်။

## လေယာဉ်တင် စစ်သင်္ဘောကြီး နှစ်စင်း

ဖေဖော်ဝါရီလ ၁၄ ရက်နှင့် ၂၃ ရက်အတွင်း အမေရိကန် လေယာဉ်တင် စစ်သင်္ဘောကြီးများ ဖြစ်ကြသော ယူအက်စ်အက်စ် သီအိုဒိုးရုစဗဲ့ (USS Theodore Roosevelt) နှင့် ယူအက်စ်အက်စ်ကစ်တီဟော့ခ် (USS Kitty Hawk) တို့သည် ပါရှန်ပင်လယ်ကွေ့ ဧရိယာသို့ ဆိုက်ရောက်လာသည်။

## ကူဝိတ်သို့ရောက်

အရေးပါသော အမေရိကန် မြေပြင်တပ်များ၏ ပင်မအင်အားစုသည် ယခုအခါ ကူဝိတ်နိုင်ငံသို့ ရောက်ရှိနေပြီ ဖြစ်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## စတင်ဖျက်ဆီး

ကုလသမဂ္ဂ လက်နက် စစ်ဆေးရေး ကော်မရှင်၏ ညွှန်ကြားချက်အရ တရားမဝင် လျှို့ဝှက်ဝယ်ယူတင်သွင်းထားသော အဲလ်ဆာမောက် ၂ ဒုံးလက်နက်များ (Al Samoud 2 missiles) ကို မတ်လ ၁ ရက်နေ့တွင် အီရတ်တို့က စတင်ဖျက်ဆီးသည်။

## ဖျက်အားပြင်း လက်နက် မရှိတော့

ထို့နောက် ကုလသမဂ္ဂ လက်နက် စစ်ဆေးရေးမှူးများနှင့် ဆက်သွယ် တာဝန်ထမ်းဆောင်ရသော အီရတ် ဆက်သွယ်ရေးအရာရှိချုပ် ဟိုဆမ်မိုဟာမက်အမင် (Hossam Mohammed Amin) က–

'အီရတ်နိုင်ငံမှာ လူအမြောက်အမြား သေစေနိုင်တဲ့ ဖျက်အားပြင်း လက်နက် ဆိုလို့ ဘာတစ်ခုမျှ မရှိတော့ဘူး။ အမေရိကန်နဲ့ ဗြိတိသျှတို့ရဲ့ စွပ်စွဲချက်တွေဟာ လိမ်ညာမှုသက်သက် ဖြစ်ပြီး အခြေအမြစ် ကင်းမဲ့တဲ့ စွပ်စွဲချက်တွေသာ ဖြစ်တယ်'

ဟု ဆိုသည်။

## အသေးစား လေကြောင်းစစ်ပွဲ

ကူဝိတ်နိုင်ငံထိ ပစ်ခတ်နိုင်စွမ်းရှိသော မြေပြင်မှ မြေပြင်ပစ်ဒုံးလက်နက်များကို ခေါင်းဆောင်ကြီး ဆက်ဒမ်ဟူစိန်၏ ညွှန်ကြားချက်အရ အီရတ်တို့က တောင်ပိုင်းသို့ ပြောင်းရွှေ့ဖြန့်ကြက်ချထားပြီးနောက် အမေရိကန်တို့က လေကြောင်းတိုက်ခိုက်မှုများကို မတ်လ ၂ ရက်နေ့မှ စ၍ တိုးမြှင့်လုပ်ကိုင်လာ၏။ သို့ဖြင့် အီရတ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နှင့် အမေရိကန်တို့အကြား အသေးစား လေကြောင်းစစ်ပွဲ၏ ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်သလို ဖြစ်နေသည်။

### စုပေါင်းတင်သွင်း

၂၀၀၃ ခုနှစ် မတ်လ ၁၇ ရက်နေ့ကို နောက်ဆုံးထား၍ လူ အမြောက်အမြား သေစေနိုင်သော ဖျက်အားပြင်း လက်နက်များကို အီရတ်တို့က လုံးဝဖျက်ဆီးပစ်ရန် အီရတ်နိုင်ငံအား တောင်းဆိုသည့် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် မူကြမ်းတစ်ရပ်ကို မတ်လ ၇ ရက်နေ့တွင် အမေရိကန်၊ ဗြိတိန်၊ မြောက်အိုင်ယာလန်နှင့် စပိန်နိုင်ငံတို့က လုံခြုံရေးကောင်စီအစည်းအဝေး၌ စုပေါင်းတင်သွင်းကြသည်။

### ဗီတိုအာဏာ

ထိုစဉ် စစ်ပွဲသို့ ဦးတည်သော မည်သည့် ဆုံးဖြတ်ချက်မျိုးကိုမဆို ဗီတိုအာဏာ သုံး၍ ပယ်ချမည်ဟု ပြင်သစ်နိုင်ငံ ကိုယ်စားလှယ်က ပြတ်သားစွာ ကြေညာသည်။

### ထုတ်ပြန်ကြေညာ

အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်တိုက်ခိုက်မည့် အီရတ်စစ်ပွဲ ပြီးဆုံးသည့်နောက် စစ်ရာဇဝတ်ကောင်များ သို့မဟုတ် လူသားများအပေါ် ကျူးလွန်သော ရာဇဝတ်ကောင်များအဖြစ် တရားစွဲခံရမည့် ဆက်ဒမ်ဟူစိန်နှင့် သူ့သားများ အပါအဝင် အီရတ်ထိပ်ပိုင်းအရာရှိကြီး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တစ်ဒါဇင်၏ အမည်စာရင်းကို မတ်လ ၁၅ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုက ထုတ်ပြန် ကြေညာသည်။

### နောက်ဆုံးရက်

အီရတ်အရေးအခင်းနှင့် ပတ်သက်၍ မတ်လ ၁၇ ရက်သည် သံတမန်နည်းလမ်းဖြင့် အဖြေရှာမှု နောက်ဆုံးရက် ဖြစ်သည်ဟု အမေရိကန်သမ္မတဘုရှ်၊ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲနှင့် စပိန်ဝန်ကြီးချုပ် ဂျိုးစ်မာရီယာအက်ဇနာ (Jose Maria Aznar) တို့က မတ်လ ၁၆ ရက်နေ့တွင် ကုလသမဂ္ဂကို နောက်ဆုံးအနေနှင့် တင်ပြသည်။

### အမြန်ဆုံး ရုပ်သိမ်းရန်

သည့်နောက် အမေရိကန်ပြည်ထောင်စုက ကုလသမဂ္ဂ လက်နက် စစ်ဆေးရေးမှူးချုပ် ဟန်စ်ဘလစ်အား သူ့အဖွဲ့ကို အီရတ်နိုင်ငံမှ အမြန်ဆုံးရုပ်သိမ်းရန် အကြံပေးသည်။

### ပြန်လည်ရုပ်သိမ်း

အီရတ်ကို လက်နက်ဖျက်သိမ်းရန် စစ်ရေးနည်းလမ်းမှ တစ်ပါး အခြား နည်းလမ်း မရှိတော့ဟု ယူဆသဖြင့် အမေရိကန်၊ ဗြိတိန်နှင့် စပိန်နိုင်ငံတို့က လုံခြုံရေးကောင်စီသို့ ယင်းတို့ တင်သွင်းသော ဆုံးဖြတ်ချက်မူကြမ်းကို မတ်လ ၁၇ ရက်နေ့တွင် ပြန်လည်ရုပ်သိမ်းသွားသည်။ စစ်ဖြစ်ရေးကို ဦးတည်သော ယင်းတို့၏ အဆိုပါ မူကြမ်းကို ဗီတိုအာဏာဖြင့် ပယ်ချမည်ဟု ခြိမ်းခြောက်သည့် ပြင်သစ်နိုင်ငံကိုလည်း ယင်းတို့က ပြစ်တင်ပြောဆိုကြသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## အမြန်ထွက်ခွာကြရန် ညွှန်ကြား

စစ်ရိပ်စစ်ငွေ့သန်းလာသဖြင့် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကုလသမဂ္ဂ လက်နက် စစ်ဆေးရေးမှူးများ၊ လူသားချင်း စာနာထောက်ထား၍ အထောက်အပံ့ပေးနေသည့် ရုံးအဖွဲ့ဝင်များ၊ နယ်စပ်ဒေသ စောင့်ကြည့်ရေး တာဝန် ထမ်းဆောင်နေသူများ စသော ကုလသမဂ္ဂ ဝန်ထမ်းအားလုံးကို အီရတ်နိုင်ငံမှ အလျင်အမြန် ထွက်ခွာကြရန် အရေးတကြီး ညွှန်ကြားလိုက်သည်။

## နောက်ဆုံး ရာဇသံ

အာဏာရှင်ဆက်ဒမ်ဟူစိန်နှင့် သားများသည် ၄၈ နာရီအတွင်း အီရတ်နိုင်ငံမှ ထွက်ခွာရန်၊ ယင်းသို့ မလိုက်နာက စစ်ရေးအရ ရင်ဆိုင်ရန် သမ္မတဘုရှ်က ရုပ်မြင်သံကြားမှတစ်ဆင့် နောက်ဆုံး ရာဇသံပေးလိုက်သည်။

## ဇာတ်သိမ်းတော့မည်

ထို့နောက် အီရတ်ပြည်သူများသို့ တိုက်ရိုက် ရည်ညွှန်းလျက်မကြာမီ အာဏာရှင်ဆက်ဒမ်ဟူစိန် ဇာတ်သိမ်းတော့မည်' ဟုသူက ဆက်လက် ပြောကြားသွားသေးသည်။

## ရာဇသံကို အာခံ

မတ်လ ၁၈ ရက်နေ့တွင် ဆက်ဒမ်ဟူစိန်သည် ဘုရှ်၏ ရာဇသံကို အာခံကာ ခါးခါးသီးသီး ပြောဆို ငြင်းပယ်လိုက်သည်။ သူ့သားကြီး အူဒေးဟူစိန်က ဘုရှ်သည် ဂနာမငြိမ်သူဟု ဆို၏။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အီရတ်နိုင်ငံခြားရေးဝန်ကြီးကမူ ဘုရှ်သည် အသိဉာဏ်ကင်းမဲ့သော လူမိုက်လူရူးတစ်ယောက်သာ ဖြစ်သည်ဟု လူသိရှင်ကြားပြောဆိုရှုတ်ချသည်။

**အီရတ်နိုင်ငံ လွတ်မြောက်မှု စစ်ဆင်ရေး**

မတ်လ ၁၉ ရက်နေ့ အမေရိကန် စံတော်ချိန် ည ၉း၃၃ နာရီခန့် (မတ်လ ၂၀ ရက်နေ့ အီရတ်စံတော်ချိန် နံနက် ၅း၃၀ နာရီခန့်) တွင် အမေရိကန်နှင့် အပေါင်းပါတို့က အီရတ်နိုင်ငံလွတ်မြောက်မှု စစ်ဆင်ရေး (Operation Iraqi Freedom) အမည်ဖြင့် အီရတ်ကို စတင် ကျူးကျော်တိုက်ခိုက်၏။

**ခေါင်းဆောင်များ၏ ပစ်မှတ်များ**

စစ်ဆင်ရေး စလျှင်စချင်း စစ်သင်္ဘောနှစ်စင်းနှင့် ရေငုပ်သင်္ဘောတစ်စင်းက ဆက်ဒမ်ဟူစိန်နှင့် သားများ လွန်ခဲ့သော ညက အိပ်စက်ခဲ့ကြသည်ဟု ယုံကြည်ရသော အခိုင်အမာ ကတုတ်ကျင်းကြီးတစ်ခု အပါအဝင် အီရတ် ထိပ်ပိုင်းခေါင်းဆောင်များ၏ သီးသန့်ပစ်မှတ်များ (leadership targets) ကို ဂြိုဟ်တုလမ်းညွှန် တွမ်မဟော့ခ်ခရုဇ် ဒုံးကျည်ပေါင်း ၄၀ ကျော် ပစ်လွှတ်တိုက်ခိုက်သည်။

**ကတုတ်ကျင်းဖြို ဗုံးများ ကြဲချ**

လေယာဉ်ကို ရေဒါနှင့် အဖမ်းရခက်အောင် နည်းပညာဖြင့် ဖန်တီးထားသော အမေရိကန် အက်ဖ် ၁၁၇ အေ စတဲ့လ် ဗုံးကြဲ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တိုက်လေယာဉ်နှစ်စင်းကလည်း အဆိုပါ ပစ်မှတ်များပေါ်သို့ ကတုတ်ကျင်းဖြိုဗုံးများ (Bunker buster bombs) ကြဲချသည်။

## ဘုရှ် မိန့်ခွန်းပြော

ည ၁၀း၁၅ နာရီတွင် သမ္မတဘုရှ်က–

"အီရတ် အာဏာရှင် ဆက်ဒမ်ဟူစိန်ရဲ့ စစ်ရေးစွမ်းရည် လျော့နည်းသွားအောင် ကျုပ် ညွှန်ကြားချက်အရ ကျုပ်တို့ရဲ့ မဟာမိတ်တပ်တွေက ကြိုတင်ရွေးချယ်ထားတဲ့ အရေးကြီးတဲ့ ပစ်မှတ်တွေကို အပြင်းအထန် စတင်တိုက်ခိုက်နေကြပြီ"

ဟု နိုင်ငံတစ်ဝန်းသို့ မိန့်ခွန်း မြွက်ကြားသည်။

## ပစ်မှတ်ပေါင်း ၁၂၀၀ ကျော်

ဆက်ဒမ်ဟူစိန်တို့ကို အကြီးအကျယ် ထိတ်လန့်တုန်လှုပ် စေသော ထိုတိုက်ခိုက်မှုတွင် ပစ်မှတ်ပေါင်း ၁,၂၀၀ ကျော်ပေါ်သို့ စမတ်ဗုံး ၃,၀၀၀ ကျော် ကြဲချခဲ့သည်။ ဒုံးကျည်ပေါင်းများစွာကို လည်း ပစ်လွှတ်တိုက်ခိုက်ခဲ့သည်။

## ရဟတ်ယာဉ် ပျက်

မတ်လ ၂၁ ရက်နေ့တွင် ကူဝိတ်နိုင်ငံပေါ်၌ မတော်တဆ စစ်ရဟတ်ယာဉ် တစ်စင်း ပျက်ကျသဖြင့် ယာဉ်ပေါ်မှာ ပါလာ သော ဗြိတိသျှလူမျိုး ၈ ယောက်နှင့် အမေရိကန်လူမျိုး ၄ ယောက် သေဆုံး၍ အပေါင်းပါတပ်ဖွဲ့များဘက်မှ ပထမဆုံး လူ အသေ အပျောက် ဖြစ်လာသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ဗိုလ်ချုပ်ကြီး တော်မီဖရန့်စ် ဦးစီး

အီရတ်နိုင်ငံ လွတ်မြောက်မှု စစ်ဆင်ရေးကို ကာတာနိုင်ငံ ဒိုဟာမြို့တော်ရှိ အမေရိကန် ဦးဆောင်သော အပေါင်းပါစစ်ဌာနချုပ်မှ ဗိုလ်ချုပ်ကြီး တော်မီဖရန့်စ်က ဦးစီးသည်။ ကူဝိတ်နိုင်ငံမှ ဝင်ရောက်ပြီး ဘဂ္ဂဒက်မြို့တော်သို့ ချီတက်သည့် တောင်ပိုင်း စစ်မျက်နှာ၊ ကာ့ဒ်လူမျိုးစု တပ်ဖွဲ့များနှင့် အမေရိကန်တို့ ပူးပေါင်း၍ အီရတ် အလယ်ပိုင်းသို့ ချီတက်သည့် မြောက်ပိုင်း စစ်မျက်နှာနှင့် ဆော်ဒီအာရေဗျနိုင်ငံမှ ဝင်၍ အီရတ်အနောက်ဘက်ဒေသများသို့ ချီတက်သည့် အနောက်ပိုင်း စစ်မျက်နှာတို့ကို မဟာဗျူဟာမြောက် ဖွင့်လှစ်စစ်ဆင်သည်။

## ခံစစ်မြို့နှစ်မြို့

ဆက်ဒမ်ဟူစိန်က အမေရိကန် ဦးဆောင်သော အပေါင်းပါတို့၏ စစ်ရေးမဟာဗျူဟာကို ကြိုတင်တွက်ချက်ထားဟန် တူသည်။ ကူဝိတ်နယ်နိမိတ်ကို ဖြတ်ကျော် ချီတက်လာကြမည့် အမေရိကန်နှင့် ဗြိတိသျှတပ်တို့ကို အီရတ်တပ်များက ဘာဆရာမြို့နှင့် နာဆီရီးယားမြို့တို့မှ ပြင်းပြင်းထန်ထန် ခုခံရန် စီစဉ်ထား၏။ ထိုမြို့နှစ်မြို့ကို ခံစစ်မြို့များအဖြစ် ဆက်ဒမ်က သတ်မှတ်ထားသည်။ အီရတ်တပ်ဖွဲ့များသည် အရပ်ဝတ်များ ဝတ်ဆင်ကာ ထိုမြို့နှစ်မြို့မှ ခုခံတိုက်ခိုက်ရန် သူက အမိန့် ပေးထားပြီး ဖြစ်သည်ဟု အာရပ် ထောက်လှမ်းရေးအရာရှိတစ်ဦးက သတင်းပို့ထားသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ဆန္ဒပြ ကန့်ကွက်

ဆက်ဒမ်ဟူစိန်သည် စီအင်န်အင်န် ကမ္ဘာ့ရုပ်သံဌာနမှ တိုက်ရိုက်ထုတ်လွှင့်သော ရုပ်မြင်သံကြားသတင်းများကို ကြည့်ပြီး အီရတ်နိုင်ငံကို အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်များ ကျူးကျော်တိုက်ခိုက်သည့်အတွက် ကမ္ဘာ့နိုင်ငံ အတော်များများ၌ ဆန္ဒပြကန့်ကွက်နေကြကြောင်း သူ မြင်တွေ့သိရှိထား၏။ သို့ကြောင့် ကမ္ဘာသူ ကမ္ဘာသား အများစု၏ သူ ထောက်ခံမှုကို ရရှိလာမည်ဟု မျှော်လင့်ယုံကြည်ထားသည်။

## အီရတ်၏ စတာလင်ဂရက်

အမေရိကန် ဦးဆောင်သော အပေါင်းပါတို့၏ ကျူးကျော်ထိုးစစ်သည် ဘဂ္ဂဒက် မြို့တော်သို့ ချက်ချင်း မရောက်နိုင်အောင် အချိန်ဆွဲနိုင်သမျှ ဆွဲထားရန် ဆက်ဒမ်က အစွမ်းကုန်ကြိုးစားသည်။ သည့်နောက် ဘဂ္ဂဒက်မြို့တော်ကို အီရတ်၏ စတာလင်ဂရက်အဖြစ် စစ်တလင်း ဖြစ်အောင် သူ စီစဉ်ထားသည်။ ဆက်ဒမ်က သူ့တပ်များကို အမေရိကန်နှင့် ဗြိတိသျှတို့၏ စစ်ဝတ်စုံနှင့် တူသော ဝတ်စုံကို ဝတ်ဆင်ကြရန် အမိန့်ထုတ်ထားပြီး ဖြစ်၏။ သို့သော် အဆိုပါသတင်းကိုလည်း အပေါင်းပါတပ်များက ရရှိထားပြီး ဖြစ်သည်။ အမေရိကန် ထောက်လှမ်းရေး စီအိုင်အေက အီရတ်စစ်ဘက်အရာရှိအချို့ကို ငွေအမြောက်အမြားပေး၍ သတင်းရယူခဲ့သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## စိတ်ဓာတ် စစ်ဆင်ရေး

ကာတာနိုင်ငံ စစ်ဌာနချုပ်ရှိ စိတ်ဓာတ်စစ်ဆင်ရေးဌာနက အီရတ်နိုင်ငံတောင်ပိုင်းမှ အီရတ်တပ်ဖွဲ့ များပေါ်သို့ ဝါဒဖြန့်ချိရေး စာရွက် အမြောက်အမြား ကြဲချခဲ့၏။ အီရတ်စစ်သည်များ တပ်မှ ထွက်၍ အိမ်ပြန်ပြီး သားသမီးများကို ပြုစုစောင့်ရှောက်ရန်နှင့် ပညာသင်ပေးရန် နှိုးဆော်ထားသည်။ ထို့ပြင် ယင်းက အီရတ် ဆက်သွယ်ရေးလေလှိုင်းများကို စိုးမိုးကာ ဝါဒဖြန့်ချိရေးသတင်း များ ထုတ်လွှင့်ပေး၏။ အမေရိကန်တို့၏ စိတ်ဓာတ်စစ်ဆင်ရေး လုပ်ငန်းများကို တားဆီးရန် အီရတ်တို့မှာ နည်းပညာ မမီသေးဟု သိရှိရသည်။

## ဘဂ္ဂဒက်မြို့တော်ဆီသို့

ကြယ်လေးပွင့် ဗိုလ်ချုပ်ကြီး တော်မီဖရန့်စ်သည် ကာကွယ် ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်၏ စစ်ဆင်ရေးမဟာဗျူဟာကို လက်တွေ့ အကောင်အထည်ဖော်ရသူ ဖြစ်သည်။

ရမ်းစဖဲလ်၏ မဟာဗျူဟာအရ အမေရိကန် ဦးဆောင် သော မဟာမိတ်တပ်များသည် ကူဝိတ်နိုင်ငံမှ အီရတ်နိုင်ငံထဲသို့ စတင် ဝင်ရောက်ကတည်းကပင် လမ်းခရီးတစ်လျှောက်မှာ တွေ့ ရသော တောင်ပိုင်းမြို့များကို အချိန်ကုန်ခံကာ တိုက်ခိုက်သိမ်းပိုက် မနေဘဲ ကျော်ဖြတ်လျက် ဘဂ္ဂဒက်မြို့တော်ဆီသို့သာ မြန်နိုင်သမျှ အမြန် ဦးတည်ချီတက်ရန် ဖြစ်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ရေနံတွင်း ရှို့မီး ငြိမ်းသတ်နိုင်

သို့သော် စစ်ဌာနချုပ်က သတ်မှတ်ချိန်ထက် တစ်ရက်စောပြီး အမှတ် (၃)ခြေမြန်တပ်မနှင့် အမှတ် (၁) မရိန်းခြေမြန်တပ်မတို့ကို အီရတ်နိုင်ငံထဲသို့ ထိုးဖောက်ဝင်ရောက်ရန် အခြေအနေအရ အမိန့်ပေးလိုက်ရ၏။ သို့ကြောင့် အီရတ်တောင်ပိုင်းရှိ ရူမေလာရေနံတွင်းများကို ဆက်ဒမ်၏အမိန့်ဖြင့် မီးတင်ရှို့နေချိန်တွင် အဆိုပါတပ်မနှစ်ခု ထိုနေရာသို့ ရောက်သွားခဲ့သည်။ ရလဒ်မှာ အီရတ်တစ်နိုင်ငံလုံးရှိ ရေနံတွင်းပေါင်း ၁,၅၀၀ အနက် ရေနံတွင်း ၁,၀၀၀ ကျော် ရှိသော ရူမေလာ ရေနံမြေကို အကြီးအကျယ် မပျက်စီးခင် အချိန်မီငြိမ်းသတ်နိုင်ခဲ့ခြင်းပင် ဖြစ်၏။ အမ်ကာဆာဆိပ်ကမ်းမြို့ကိုလည်း ယင်းတို့ သိမ်းပိုက်နိုင်သဖြင့် အီရတ်တပ်သား ၈,၀၀၀ ခန့် လက်နက်ချကြသည်။

## မြို့တော်သို့ ချီတက်

ထို့နောက် အမှတ် (၃) ခြေမြန်တပ်မနှင့် အမှတ် (၁) မရိန်းခြေမြန်တပ်မတို့သည် အမှတ် (၄) စက်မှုတပ်မကြီးနှင့် အမှတ် (၁၀၁) လေကြောင်းချီတပ်မတို့ နည်းတူ ဘဂ္ဂဒက်မြို့တော်ဆီသို့ ဦးတည်ချီတက်ကြသည်။

## ဘာဆရာမြို့ကို သိမ်း

မတ်လ ၂၀ ရက်နေ့ ညနေခင်းတွင် ဗြိတိသျှ မရိန်းကွန်မန်ဒိုတပ်ဖွဲ့များသည် အီရတ်တောင်ပိုင်းရှိ ဘာဆရာမြို့ဘက်သို့ ချီတက်သွားကြသည်။ ဧပြီလ ၆ ရက်နေ့တွင် ရည်မှန်းချက်အတိုင်း အီရတ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ ဖြစ်သော ဘာဆရာမြို့ကို သိမ်းပိုက်နိုင်၏။ ဘာ့သ်ပါတီဌာနချုပ်လည်း ပျက်စီးသွားခဲ့သည်။

## မိုင် ၃၀၀ ရောက်

အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်များသည် စတင် ဝင်ရောက်ချိန်မှ ရက်သတ္တတစ်ပတ်ပင် မပြည့်ခင် ဘဂ္ဂဒက်မြို့တော်ဆီသို့ မိုင် ၃၀၀ ခန့် ထိုးဖောက်ပင်ရောက်သွားနိုင်ခဲ့ကြသည်။

## မြောက်ပိုင်း စစ်မျက်နှာ

မြောက်ပိုင်း စစ်မျက်နှာမှာလည်း အမေရိကန် အထူးတပ်ဖွဲ့များသည် မတ်လ ၂၃ ရက်နေ့တွင် ကာ့ဒ်လူမျိုးတို့၏ စစ်ခေါင်းဆောင် ဗိုလ်ချုပ်ကြီး မူစတာဖာ၏ တပ်ဖွဲ့များနှင့် ပူးပေါင်းလိုက်ကြ၏။ ကာ့ဒ်လူမျိုးတို့၏ယဉ်ကျေးမှုအရ အသက်စွန့်ရန် အသင့်ဖြစ်နေကြသော ကာ့ဒ်တပ်ဖွဲ့ဝင်များကို 'ပက်ရှ်မာဂါ' ဟုခေါ်သည်။ သူတို့သည် ကာဒစ္စတန်ဒီမိုကရက်တစ်ပါတီ (KDP) သို့မဟုတ် ကာဒစ္စတန်မျိုးချစ်ယူနီယံ (PUK) မှ အဖွဲ့ဝင်များ ဖြစ်ကြသည်။

အမေရိကန်အထူးတပ်ဖွဲ့နှင့် ပက်ရှ်မာဂါတို့သည် အရေးပါသော ကာကွတ်မြို့ (Kirkuk) ကို သိမ်းယူပြီးနောက် မတ်လ ၂၆ ရက်နေ့တွင် အာဘီးလ်လေယာဉ်ကွင်းကို သိမ်းပိုက်လိုက်ကြ၏။ မတ်လ ၃၀ ရက်နေ့တွင် အီရန်နယ်နိမိတ်အနီးရှိ 'အန်ဆာ အယ်လ်အစ္စလာမ်' ဟု ခေါ်သော နိုင်ငံတကာ အကြမ်းဖက်သမား

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တို့၏ လှျို့ဝှက်အခြေစိုက်စခန်းကို အောင်မြင်စွာ သိမ်းပိုက်လိုက်ကြသည်။ ဤစခန်းတွင် ပါလက်စတိုင်းဒေသ၊ ဆီးရီးယား၊ ယီမင်၊ ကာတာ၊ ယူအေအီးနှင့် ဥရောပနိုင်ငံများ စသော နိုင်ငံပေါင်းများစွာမှ အစွန်းရောက် အကြမ်းဖက်သမားများ နေထိုင်ကြသည်။ ဧပြီလ ၉ ရက်နေ့ထိ မြို့ပေါင်း အတော်များများကို သိမ်းယူနိုင်ခဲ့သည်။ ထို့နောက် လူဦးရေ တစ်သန်းကျော် ရှိသည့် မိုဆူးလ်မြို့ကို တိုက်ခိုက် သိမ်းပိုက်ကြ၏။ သိမ်းယူပြီး ၄ ရက်အတွင်း မိုဆူးလ်မြို့သို့ ကူဝိတ်မှ ချီတက်လာသော အမှတ် (၁၀၁) လေကြောင်းချီ တပ်မ ရောက်လာခဲ့သည်။

**အထူးတပ်ဖွဲ့များ**

အိပ်ချ်–၂ (H-2) နှင့် အိပ်ချ်–၃ (H-3) ဟု အမည်တွင်သော အထူးတပ်ဖွဲ့များ၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါလှ၏။ ယင်းတို့သည် အီရတ်အနောက်ပိုင်း သဲကန္တာရထဲ၌ ရှိသော အချက်အချာကျသည့် အီရတ်စစ်စခန်းနှစ်ခုကို အောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။ အမှတ် (၁၀၁) လေကြောင်းချီတပ်မသည် အဆိုပါစခန်း နှစ်ခုကို အခြေခံလျက် ဘဂ္ဂဒက်မြို့တော်သို့ ရဟတ်ယာဉ်များနှင့် သွားပြီး လေထီးဖြင့် ခုန်ဆင်း၍ မြို့သိမ်းတိုက်ပွဲတွင် ပါဝင်ဆင်နွှဲရန် စစ်ဆင်ရေးဗျူဟာမှာ ထည့်သွင်းရေးဆွဲထားသည်။ အထူးတပ်ဖွဲ့များသည် လူအစုလိုက် အပြုံလိုက် သေကျေစေနိုင်သော ဖျက်အားပြင်းလက်နက်များ ရှာဖွေရေးကိုပါ အထူးတာဝန် တစ်ရပ်အနေဖြင့် ထမ်းဆောင်ကြရသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## အပေါင်းပါတပ်များ ခရီးတွင်

အမေရိကန် ဦးဆောင်သော မဟာမိတ်တို့သည် ဝေဟင်ကို စိုးမိုးထားနိုင်ခြင်း၊ အီရတ်တို့၏ ရေဒါစခန်းများ၊ လေယာဉ်ပစ်ဒုံးလက်နက်နှင့် အမြောက်စခန်းများ၊ လေတပ်စခန်းများ၊ တင့်ကားနှင့် သံချပ်ကာယန္တရားတပ်စခန်းများ၊ လက်နက်ခဲယမ်းမီးကျောက်သိုလှောင်ရာ စခန်းများ၊ ဆက်ဒမ်၏ အဓိကအမာခံတပ်စခန်းများ၊ စစ်ဌာနချုပ်နှင့် ဘာ့သ်ပါတီ ဌာနချုပ်များ၊ ဆက်သွယ်ရေးစခန်းများ စသည်တို့ကို ခေါင်းမထောင်ရဲအောင်ကြိုတင်၍ ဗုံးကြဲခြင်းနှင့် ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ဖျက်ဆီးထားခြင်း၊ အီရတ်နိုင်ငံ ပြင်ပရှိ အပေါင်းပါစစ်စခန်းများ၊ စစ်သင်္ဘောများနှင့် ရေငုပ်သင်္ဘောများမှ အစွမ်းထက်သော ဒုံးကျည်များဖြင့် ထိရောက်စွာ ပစ်ခတ်တိုက်ခိုက်နိုင်ခြင်း၊ ချီတက်မည့် လမ်းခရီးတစ်လျှောက်နှင့် ပတ်ဝန်းကျင်ကို ကြိုတင်ရှင်းလင်းထားနိုင်ခြင်း၊ အပေါင်းပါတို့၏ ရှေ့တန်းတိုက်ခိုက်ရေးတပ်များ၊ ခေတ်မီတင့်ကားများနှင့် သံချပ်ကာယန္တရားတပ်များ၊ စစ်သည်တင် ထရပ်ကားတန်းများ၊ ထောက်ပို့ယာဉ်တန်းများကို အကာအကွယ် ပေးနိုင်ခြင်း၊ နည်းပညာ အဆမတန်သာလွန်သော ခေတ်မီလက်နက်များနှင့် တိုက်ခိုက်ရေးယာဉ်များကို အသုံးပြုနိုင်ခြင်း၊ တိုက်ရည်ခိုက်ရည်နှင့် စစ်ရေးအတွေ့အကြုံ သာလွန်ခြင်း စသည်တို့ကြောင့် တိုတောင်းသော ရက်များအတွင်း အပေါင်းပါတပ်များ ဤမျှ ခရီးတွင်ခြင်း ဖြစ်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## အဖြေမှန်

မတ်လ ၂၀ ရက်နေ့က ဆက်ဒမ်ဟူစိန် ရှိမည်ဟု ယူဆသော နေရာတစ်ခုကို အကြီးအကျယ် ဗုံးကြဲတိုက်ခိုက်ပြီးနောက် ဆက်ဒမ် သေပြီဟု ထင်မြင်သူများ ရှိလာ၏။ ထိုပြဿနာမှာ ရက်ပေါင်း ၂၀ ကျော်ခန့် ကြာပြီးနောက် အဖြေမှန် ထွက်သွားသည်။

## ဆက်ဒမ် ပေါ်လာ

ဧပြီလ ၁၁ ရက်နေ့တွင် မမျှော်လင့်ဘဲ ရုပ်မြင်သံကြားဖန်သားပြင်တွင် ဆက်ဒမ် ပေါ်လာပြီး လွန်ခဲ့သော မတ်လ ၂၄ ရက်နေ့က အမေရိကန် အပါချီ စစ်ရဟတ်ယာဉ်တစ်စင်းကို အေကေ ၄၇ မောင်းပြန်သေနတ်ဖြင့် ပစ်ချနိုင်ခဲ့သော အီရတ် လယ်သမားကြီး တစ်ဦးအား ဂုဏ်ပြုချီးကျူးသည့် မိန့်ခွန်းတစ်ရပ်ကို ထူးထူးခြားခြား မြွက်ကြားသွားခဲ့၏။

## ပြည်သူကြားမှ ဆက်ဒမ်

ထိုနေ့တွင်ပင် စစ်ယူနီဖောင်း ဝတ်ဆင်ထားသော သမ္မတဆက်ဒမ်သည် သူ့ကို ဝမ်းပန်းတသာ လိုက်လံ့စွာကြိုဆိုနေကြသော ပြည်သူများကို ပြုံးရွှင်စွာ နှုတ်ဆက်ရင်း လမ်းလျှောက်သွားနေပုံကို အီရတ် ရုပ်မြင်သံကြားဌာနမှ ၁၂ မိနစ်ကြာမျှ လွှင့်ထုတ်ပြသသွားသည်။

## ဆက်ဒမ် အသက်ရှင်ဆဲ

ဤရုပ်မြင်သံကြားသတင်းကို ဦးစွာ သို့လော သို့လော တွေးတောမှန်းဆကာ အမျိုးမျိုး အဖုံဖုံ ဝေဖန်သုံးသပ် ငြင်းခုံနေကြလင့်ကစား နောက်ပိုင်းကာလမှာတော့ လူအများက ဆက်ဒမ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အသက်ရှင်လျက် ရှိနေသေးသည်ဟု တစ်ထစ်ချ လက်ခံယုံကြည်သွားကြသည်။

## သဲသဲမဲမဲ ဗုံးကြဲ

ဘဂ္ဂဒက်မြို့တော်ထဲသို့ အပေါင်းပါတပ်များ ဝင်ရောက်လာကြသောအခါ ဆက်ဒမ်ဟူစိန်တပ်များက ဓာတုဇီဝလက်နက်များဖြင့် ခုခံတိုက်ခိုက်မည်ကို အမေရိကန်တို့ အထူးစိုးရိမ်ကြ၏။ ထိုစိုးရိမ်ချက်အတိုင်း မဖြစ်မြောက်စေရန်နှင့် မြို့တော် ကာကွယ်ရေးလည်း ချည့်နဲ့အားနည်းသွားစေရန် ရည်သန်လျက် ဘဂ္ဂဒက်မြို့တော် တောင်ဘက်ရှိ အမာခံ သမ္မတတပ်စခန်းများပေါ်သို့ မတ်လ ၂၅ ရက်နေ့တွင် အမေရိကန် စစ်လေယာဉ်များက သဲသဲမဲမဲ ဗုံးကြဲတိုက်ခိုက်ကြသည်။

## စစ်သုံ့ပန်းများ ကယ်တင်

ဧပြီလ ၂ ရက်နေ့တွင် အမေရိကန် အမျိုးသမီး စစ်သုံ့ပန်းတပ်သား ဂျက်စီကာလင့်ချ် (private Jessica Lynch) ကို အီရတ်တို့လက်မှ အမေရိကန်တပ်များက ကယ်တင်နိုင်လိုက်သည်။

ဧပြီလ ၂၃ ရက်နေ့တွင် နာဆီးရီးယားမြို့သိမ်းတိုက်ပွဲ၌ အဖမ်းခံရသော အမေရိကန် တပ်သား ၅ ဦးနှင့် ၂၄ ရက်နေ့တွင် ကာဘာလာမြို့အနီး၌ စစ်ရဟတ်ယာဉ်တစ်စင်း ပျက်ကျပြီးနောက် အဖမ်းခံရသော ရဟတ်ယာဉ်မောင်း ၂ ဦးကို အီရတ်တို့က စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးချုပ်နှောင်ထားရာမှ အမေရိကန် မရိန်းတပ်ဖွဲ့က အလားတူ အောင်မြင်စွာ ကယ်တင်နိုင်ခဲ့သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## မြို့တော်နှင့် ၁၉ မိုင်ကွာ

ဘဂ္ဂဒက်မြို့တော် တောင်ဘက်ရှိ နာဂျပ်ဖ်မြို့ (Najaf) နှင့် ကာဘာလာမြို့ (Karbala) တို့ကို အမေရိကန်တပ်များက သိမ်းပိုက်လိုက်၏။ ရှေ့သို့ ဆက်လက် ချီတက်ရာ ဘဂ္ဂဒက်မြို့တော်နှင့် ၁၉ မိုင်ကွာ ဒေသသို့ ယင်းတို့ ရောက်ရှိသွားသည်။

## ဆက်ဒမ် နိုင်ငံတကာလေဆိပ်သိမ်း

ညလုံးပေါက် အပြင်းအထန် ဗုံးမိုးရွာချပြီးနောက် ဘဂ္ဂဒက်မြို့တော်၏ အလယ်ဗဟိုမှ ၁၀ မိုင်ခန့် ကွာဝေးသော 'ဆက်ဒမ် နိုင်ငံတကာလေဆိပ်' ကို ဧပြီလ ၃ ရက်နေ့တွင် အမှတ် (၃) ခြေမြန်တပ်မမှ အမေရိကန်တပ်ဖွဲ့များက သိမ်းပိုက်လိုက်၏။ လေဆိပ်ကိုလည်း 'ဘဂ္ဂဒက် နိုင်ငံတကာလေဆိပ်' ဟု အမည်ပြောင်းလိုက်သည်။

## သဲမုန်တိုင်းကြောင့် ရပ်နားခဲ့ရ

အီရတ် တစ်နိုင်ငံလုံးတွင် တစ်နာရီလျှင် မိုင် ၅၀ နှုန်း သဲမုန်တိုင်း တိုက်ခတ်သဖြင့် စစ်ချီခြင်းကို ရက်သတ္တ တစ်ပတ်နီးပါး ကြာမျှ ရပ်နားထားခဲ့ရ၏။ သို့မဟုတ်ချေက ထို့ထက် ပို၍ ခရီးတွင်မည် ဖြစ်သည်။

## အမေရိကန်ယာဉ်တန်း မြို့လယ်ဝင်

တစ်နေ့တွင် နေထွက်ပြီးများမကြာမီ အမေရိကန်တို့၏ အမ်ဝမ်အေဝမ်အေဘရမ် တင့်ကားများနှင့် ဘရက်ဒ်လေ သံချပ်ကာကားများ ဦးဆောင်သော ယာဉ်စီးရေ ၅၀ ပါ ယာဉ်တန်းကြီးသည် တစ်နာရီလျှင် ကီလိုမီတာ ၄၀ နှုန်းဖြင့် ဘဂ္ဂဒက်မြို့လယ်သို့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရုတ်တရက် ဝင်လာ၏။ လမ်းမှာ တွေ့သမျှ ရန်သူများကို ပစ်ခတ်ချေမှုန်းလာခဲ့သည်။ ရန်သူ ၁,၀၀၀ ကျော်ခန့် ကျဆုံးသွား၏။ မြို့ထဲတွင် ခဏတာမျှ လှည့်ပတ်သွားလာပြီးနောက် ယင်းတို့ ကမန်းကတန်း ပြန်လည်ထွက်ခွာသွားကြသည်။

"ကျွန်တော်တို့ ဘာလုပ်လုပ် လုပ်ရင်ဖြစ်တယ် ဆိုတာ ရန်သူတွေ သဘောပေါက်အောင် ပြလိုက်တာ ဖြစ်တယ်"

ဟု အမေရိကန်တပ်မှူးတစ်ဦးက ပြောသွားသည်။

**ဘဂ္ဂဒက်ကို အခြားဒေသများနှင့် အဆက်ဖြတ်**

လေကြောင်းတိုက်ခိုက်မှုများနှင့် အမြောက်ကျည်၊ ဒုံးကျည်များ ထိမှန်ပေါက်ကွဲမှုများကြောင့် အတော်ပျက်စီးနေသော ဘဂ္ဂဒက်မြို့တော်ကို အမေရိကန်တပ်များက အခြားဒေသများနှင့် အဆက်အသွယ် ဖြတ်တောက်ထားလိုက်၏။ မြို့တွင်းသို့ အဝင်လမ်းမကြီးများကိုလည်း ဧပြီလ ၆ ရက်နေ့တွင် ပိတ်ထားလိုက်သည်။

**နန်းတော် နှစ်ခုကို သိမ်း**

ဧပြီလ ၇ ရက်နေ့တွင် ဆက်ဒမ်ဟူစိန်၏နန်းတော်သစ် အပါအဝင် ဘဂ္ဂဒက်မြို့တော်ရှိ နန်းတော်နှစ်ခုကို အမေရိကန်တပ်များက သိမ်းပိုက်လိုက်၏။ နန်းတော် ပတ်ဝန်းကျင်တစ်ဝိုက်တွင် မရိန်းတပ်သားများ အနားယူကြသည်။

**ဘဂ္ဂဒက် တစ်မြို့လုံးသိမ်း**

ဘဂ္ဂဒက် တစ်မြို့လုံးကို ဧပြီလ ၉ ရက်နေ့တွင် အပေါင်းပါတပ်များက သိမ်းယူလိုက်၏။ မြို့တော်၏ အချက်အချာဒေသရှိ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆက်ဒမ်ဟူစိန်၏ ပေ ၄၀ မြင့်သော ရောမ ပုံတူရုပ်တုကြီးကို ဖြိုလှဲရန် အမေရိကန် မရိန်း တပ်သားအချို့က ကြိုးစားခဲ့ကြသည်။

## ပြည်သူပိုင်ပစ္စည်းများ လုယက်ယူငင်

မြို့တော် အနှံ့အပြားတွင် နန်းတော်၊ ပြတိုက်၊ ဘဏ်၊ ရုံး စသော အဆောက်အအုံများမှ အဖိုးတန် ရှေးဟောင်းပစ္စည်းများ အပါအဝင် ပြည်သူပိုင်ပစ္စည်းများကို မသမာသူများ လုယက်ယူငင်ကြ၏။ မည်သူ တစ်ဦးတစ်ယောက်မျှ ဟန့်တားမည့်သူ မရှိ။ အမေရိကန် တပ်ဖွဲ့ဝင်များကလည်း လက်ပိုက်ကြည့်နေကြသည်။ မြို့တော်၏ အချို့နေရာများတွင် တိုက်ပွဲများ ဆက်လက် ဖြစ်ပွား နေသေးသည်။ သို့ရာတွင် အီရတ် ပြည်သူ အများအပြား လမ်းပေါ် ထွက်လာပြီး အမေရိကန်တပ်ဖွဲ့များကို လက်များ ဝှေ့ယမ်းပြ၍ လည်းကောင်း၊ လက်ခုပ်လက်ဝါးတီး၍ လည်းကောင်း ကြိုဆို နှုတ်ဆက်ကြသည်။

## အမှတ် (၅) အီရတ်တပ်မကြီး လက်နက်ချ

ဧပြီလ ၁၁ ရက်နေ့တွင် အမေရိကန် အထူးတပ်ဖွဲ့များနှင့် ကာ့ဒ်လူမျိုးစု တပ်ဖွဲ့များ မိုဆူးလ်မြို့သို့ အောင်ပွဲခံရင်း ဝင်ရောက် လာကြစဉ် အီရတ်တပ်မတော်မှ အမှတ် (၅) တပ်မကြီးတစ်ခုလုံး (the entire Iraqi army's 5th corps) လက်နက်ချသည်။

## ကုလသမဂ္ဂနှင့် နိုင်ငံတကာ အကူအညီ

အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် စပိန်နိုင်ငံတို့က ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးတွင် အီရတ်နိုင်ငံ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြန်လည်ထူထောင်ရေးအတွက် ကုလသမဂ္ဂက တတ်နိုင်သမျှ အကူအညီပေးရန် နည်းမျိုးစုံဖြင့် တွန်းအားပေးခဲ့သည်။

အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်များ အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့စဉ်က ကုလသမဂ္ဂအဖွဲ့ကြီးအနေနှင့် မထောက်ခံခဲ့သော်ငြားလည်း စစ်လွန် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ကုလသမဂ္ဂသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သင့်သည်ဟု ဥရောပသမဂ္ဂက ကုလသမဂ္ဂကို တိုက်တွန်းလိုက်သည်။

ဧပြီလ ၄ ရက်နေ့တွင် ကုလသမဂ္ဂမှ လူသားချင်း စာနာထောက်ထားသော အကူအညီပေးရေးဆိုင်ရာ ဝန်ထမ်းများ အီရတ်နိုင်ငံသို့ ပြန်လည် ရောက်ရှိလာကြသည်။

ကုလသမဂ္ဂသည် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်တို့အား အီရတ်နိုင်ငံကို ယာယီအုပ်ချုပ်ခွင့်ပြုခဲ့သည့်အပြင် နိုင်ငံပြန်လည်ထူထောင်ရေးအတွက်လည်း လုပ်ပိုင်ခွင့်များ ပေးခဲ့သည်။

နိုင်ငံ အတော်များများက အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရန် အကူအညီ အထောက်အပံ့များ ပေးခဲ့ကြ၏။ အထူးသဖြင့် စပိန်နိုင်ငံ၌ ကျင်းပသော မက်ဒရစ် အလှူရှင်များညီလာခံ (the Madrid donors conference) ၌ နိုင်ငံပေါင်း ၇၀ က အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် ယူအက်စ်ဒေါ်လာ ဘီလီယံပေါင်းများစွာ ထည့်ဝင်ကူညီရန် သဘောတူခဲ့ကြသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ဘဂ္ဂဒက် ကုလရုံးချုပ် ဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် ကုလသမဂ္ဂသည် အဘက်ဘက်က တတ်နိုင်သမျှ အကူအညီပေးခဲ့၏။ သို့သော် ၂၀၀၃ ခုနှစ် ဩဂုတ်လတွင် ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂရုံးချုပ်ကို အကြမ်းဖက်သမားများက ဗုံးခွဲတိုက်ခိုက်သဖြင့် ရုံးအဆောက်အအုံ ပြိုပျက်ကာ ကုလသမဂ္ဂ အထူးသံတမန် ဆာဂျီယိုဒီမဲလိုး (U.N.Special Envoy Sergio de Mellow) အပါအဝင် လူ ၂၀ ကျော် သေဆုံးခဲ့ရသည်။ ထိုအချိန်မှစ၍ လုံခြုံမှုအတွက် စိတ်မချရသဖြင့် ကုလသမဂ္ဂ ရုံးအဖွဲ့နှင့် ဝန်ထမ်းအားလုံးနီးနီးကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ပြန်လည်ရုပ်သိမ်းလိုက်သည်။

## တီကရစ်မြို့ကို သိမ်း

အမေရိကန်တပ်ဖွဲ့များသည် ဧပြီလ ၉ ရက်နေ့တွင် မြို့တော် ဘဂ္ဂဒက်ကို ဝိုင်းဝန်းတိုက်ခိုက် သိမ်းပိုက်ပြီးနောက် ဆက်ဒမ်၏ ဇာတိဖြစ်သော တီကရစ်မြို့သို့အဆောတလျင် ချီတက်ကြ၏။ အပြင်းအထန် ခုခံမှုနှင့် ရင်ဆိုင်ကြုံတွေ့ရဖွယ် ရှိသည်ဟု မျှော်လင့်ထားကြလင့်ကစား လက်တွေ့တွင် အမေရိကန်တပ်များအဖို့ မျှော်လင့်ထားသလောက် အီရတ်တို့၏ခုခံမှုကို မတွေ့ရ။ သို့ဖြင့် ဧပြီလ ၁၃ ရက်နေ့တွင် လူဦးရေ ၇၅,၀၀၀ ခန့် ရှိသည့် တီကရစ်မြို့ကို အမေရိကန်တပ်ဖွဲ့များက သိမ်းပိုက်နိုင်၏။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## နံပါတ် ၄ ဖမ်းမိ

ဆက်လက်၍ အထူးတပ်ဖွဲ့များသည် နယ်မြေ ရှင်းလင်းရေး ဆင်နွှဲကြရာ ဇွန်လ ၁၆ ရက်နေ့တွင် 'အလိုအရှိဆုံး' အမည်စာရင်းမှ နံပါတ် ၄ အဆင့်ရှိသူ ဖြစ်ပြီး သမ္မတ၏ အကြံပေးအရာရှိလည်း ဖြစ်သူ အဘစ်ဟာမစ်မာမွတ်အဲလ်တီကရစ်တီကို ဖမ်းဆီးရမိ၏။ ထို့ပြင် အခြားဆက်ဒမ်ဝါဒီ အတော်များများကိုလည်း ဖမ်းဆီးနိုင်ခဲ့သည်။ လက်နက် ခဲယမ်းမီးကျောက် အမြောက်အမြားကိုလည်း သိမ်းဆည်းရရှိခဲ့သည်။

## ဆာဂျီဒါ ပိုင်ပစ္စည်းများ သိမ်းဆည်းရမိ

နောက်နေ့တွင် အခြားတစ်နေရာမှ ယူအက်စ်ဒေါ်လာ ၈ သန်းကျော်၊ အီရတ်ဒိုင်နာငွေ တစ်သန်းကျော်နှင့် ယူအက်စ်ဒေါ်လာ ၂ သန်းကျော်ခန့် တန်ဖိုး ရှိသည့် အဖိုးတန် ကျောက်မျက်ရတနာများကိုလည်း အထူးတပ်ဖွဲ့များက သိမ်းဆည်းရမိ၏။ ဆက်ဒမ်ဟူစိန်၏ ပထမဇနီး ဆာဂျီဒါတာလ်ဖာ ပိုင်သည့် ပစ္စည်းများ ဖြစ်သည်ဟု ဆိုသည်။

## ဒေါ်လာ သန်း ၁,၀၀၀ ထုတ်ယူ

အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များ အီရတ်နိုင်ငံကို တိုက်ခိုက်ခြင်းမပြုမီ ရက်အနည်းငယ်အလိုက ဆက်ဒမ်ဟူစိန်၏ မိသားစုနှင့် နောက်လိုက်အချို့သည် အီရတ် ဗဟိုဘဏ်မှ ယူအက်စ်ဒေါ်လာ သန်း ၁,၀၀၀ ထုတ်ယူသွားသည်ဟု ယခင်လကလည်း အမေရိကန် အစိုးရ အရာရှိများက ကြေညာခဲ့သေးသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## 'အလိုအရှိဆုံး' လူ ၅၅ ယောက်

အီရတ်တွင် အမှတ်စဉ် (၁) မှ (၅၅) ထိ 'အလိုအရှိဆုံး' လူ ၅၅ ယောက်၏ ဓာတ်ပုံများ ပါသော ဖဲ ၅၅ ချပ်ပါ ဖဲထုပ်တစ်ထုပ်ကို ထိုနေ့၌ပင် အမေရိကန်အစိုးရက ထုတ်ပြန်ကြေညာ၏။ နားနေချိန်၌ ယင်းဖဲထုပ်များနှင့် အထူးတပ်ဖွဲ့မှ အမေရိကန် စစ်သည်များ အပျင်းပြေကစားရင်း ဖဲချပ်ပါ ဓာတ်ပုံများထဲမှ လူများကို အလွယ်တကူ မှတ်မိနေစေရန် ရည်ရွယ်လျက် သူတို့အား ယင်းတို့ကို ဝေပေးထားသည်။ အမှတ် (၁) မှာ ၁ ဖဲတွင် 'ပူး' ခေါ် စပိတ်ဖဲပွင့်နှင့် ဆက်ဒမ်ဟူစိန်၏ ရုပ်ပုံ ပါပြီး ညှင်းပွင့် ပါသော (၁) ဖဲနှင့် အသည်းပုံဖဲပွင့် ပါသော (၁) ဖဲတို့တွင် ကူဆေးနှင့် အူဒေးတို့၏ ရုပ်ပုံများ ပါရှိသည်။

## ဆုငွေ ကြေညာ

ဆက်ဒမ်ဟူစိန်ကို အရှင် သို့မဟုတ် အသေ ဖမ်းဆီးမိနိုင်အောင် အတိအကျ သတင်းပေးနိုင်သူကို ဆုငွေ ယူအက်စ် ဒေါ်လာ ၂၅ သန်း၊ သူ့သားတစ်ယောက်စီအတွက် အလားတူ သတင်းပေးနိုင်သူကို ဆုငွေ ယူအက်စ်ဒေါ်လာ ၁၅ သန်းစီ ချီးမြှင့်မည် ဖြစ်ကြောင်း အမေရိကန်အစိုးရက ကြေညာသည်။

## အီရတ် အုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်း

ဧပြီလ ၉ ရက်နေ့က အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်များ လက်သို့ ဘဂ္ဂဒက်မြို့တော် ကျရောက်သွားပြီးနောက် များမကြာမီ အရပ်ဘက် အုပ်ချုပ်ရေးမှူးတာဝန်ကို ထမ်းဆောင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရန် အငြိမ်းစား အမေရိကန် ဗိုလ်ချုပ်ကြီး ဂျေးဂါနာသည် အီရတ်နိုင်ငံသို့ ရောက်ရှိလာ၏။ လုပ်ငန်းဆောင်ရွက်ရာ၌ အထောက်အကူ ဖြစ်စေရန် ဦးစွာ အီရတ်မျိုးနွယ်စု ခေါင်းဆောင်များနှင့် သူ တွေ့ဆုံဆွေးနွေးသည်။

ဧပြီလ ၂၁ ရက်နေ့တွင် ဘဂ္ဂဒက်မြို့တော်၌ အရပ်ဘက်အုပ်ချုပ်ရေးမှူးတာဝန်ကို သူ စတင်ထမ်းရွက်၏။ ယာယီ အာဏာပိုင်အဖွဲ့ကို အလျင်အမြန် ဖွဲ့စည်းနိုင်ရန် အစွမ်းကုန် သူ ကြိုးပမ်းသည်။ ထိုအချိန်တွင် ပြည်တွင်း၌ အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များ၏ ကျူးကျော်သိမ်းပိုက်မှုကို ဆန့်ကျင်သူများ၊ ဆက်ဒမ်ဝါဒီများ၊ တရားမဝင်ဖွဲ့စည်းထားသော ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ပြည်တွင်းပြည်ပ အကြမ်းဖက်သမားများ စသည်တို့၏ သောင်းကျန်းမှုများနှင့် အကြမ်းဖက်မှုများ တစ်စတစ်စ ပိုမိုများပြားလာသည်။

သို့ကြောင့် သမ္မတဘုရှ်က ဂျေးဂါနာ နေရာ၌ သံတမန်တစ်ဦးလည်း ဖြစ်ပြီး အကြမ်းဖက်မှု တန်ပြန်စစ်ဆင်ရေး ပညာရှင်လည်းဖြစ်သူ ပေါလ်ဘရင်မာ (Paul Bremer) ကို မေလ ၆ ရက်နေ့တွင် အစားထိုး ခန့်ထားလိုက်၏။ မကြာမီ အဖွဲ့ဝင် ၂၆ ဦးပါသော ယာယီအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းလိုက်သည်။ ယင်း၏ သက်တမ်းမှာ ဇွန်လ ၃၀ ရက်နေ့အထိသာ ရှည်သည်။

၂၀၀၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် အီရတ် ကြားဖြတ်အုပ်ချုပ်ရေးကောင်စီ (Iraqi Interim Governing

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



Council) ကို ဖွဲ့စည်းလိုက်၏။ ကောင်စီသစ်တွင် ကောင်စီဟောင်းမှ ၄ ဦးသာ ပြန်ပါသည်။

အီရတ် ကြားဖြတ်အုပ်ချုပ်ရေးကောင်စီတွင် သမ္မတ ၁ ဦး၊ ဒုတိယသမ္မတ ၂ ဦး၊ ဝန်ကြီးချုပ် ၁ ဦး၊ ဒုတိယဝန်ကြီးချုပ် ၁ ဦးနှင့် ကက်ဘိနက်ဝန်ကြီး ၃၁ ဦး ပါဝင်၏။ ယင်းတို့အနက် အမျိုးသမီးဝန်ကြီး ၆ ဦး ပါသည်။

သမ္မတသစ် ဂါဇီအဲလ်ယာဝါ (Ghazi al-Yawar) သည် အသေခံဗုံးခွဲသူတစ်ဦး၏ တိုက်ခိုက်ခံရ၍ သေဆုံးသွားသော သမ္မတ အစ်ဇီဒိုင်းဆာလင်းမ် (Izzedine Salim) ၏နေရာ၌ အစားထိုးခန့်ထားသည့်ပုဂ္ဂိုလ် ဖြစ်၏။ ဝန်ကြီးချုပ်ကတော့ ဒေါက်တာ အေယက်ဒ်အာလာဝီ (Dr.Ayad Allawi) ဖြစ်သည်။

အီရတ် ကြားဖြတ် အုပ်ချုပ်ရေးကောင်စီ၏ သက်တမ်းမှာ ၂၀၀၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့မှ ၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် ရွေးကောက်ပွဲများ ကျင်းပပြီးစီးသည်အထိ ဖြစ်သည်။ သတ်မှတ်ထားသည့်အတိုင်း ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ရွေးကောက်ပွဲ ကျင်းပပြီးနောက် လက်ရှိအီရတ်ဝန်ကြီးချုပ် နူရီအဲလ်မာလီကီ (Iraqi Prime Minister Nuri al-Maliki) အစိုးရတက်လာသည်။

## လက်နက်ချ

ဘဂ္ဂဒက်မြို့တော်ရှိ အမေရိကန်တပ်ဖွဲ့များထံသို့ ဧပြီလ ၁၂ ရက်နေ့တွင် အီရတ် သိပ္ပံပညာရှင်များအဖွဲ့၏ အကြီးအကဲ ဗိုလ်ချုပ်ကြီး အမာဟမ်မိုဒီအဲလ်ဆာယက်ဒီ (Gen.Amer Hammoudi al-Saadi) ကိုယ်တိုင် လာရောက်ပြီး လက်နက်ချသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဧပြီလ ၂၅ ရက်နေ့မှာလည်း အီရတ် ထိပ်ပိုင်းခေါင်းဆောင်များထဲမှ ရှားရှားပါးပါး ခရစ်ယာန် ဘာသာဝင် အီရတ်လူမျိုး ဖြစ်ပြီး အင်္ဂလိပ်ဘာသာစာပေနှင့် စကားပြော ကျွမ်းကျင်သော အီရတ် ဒုတိယဝန်ကြီးချုပ် တာရစ်အဇစ် (Tariq Aziz) သည် ဘဂ္ဂဒက်မြို့တော်ရှိ အမေရိကန် တပ်ဖွဲ့များထံသို့ လာရောက်၍ လက်နက်ချသည်။

၁၉၉၂ ခုနှစ်က ဘဂ္ဂဒက် မြို့တော်မှာ ကုန်သည် ၄၂ ဦးကို ကွပ်မျက်ခဲ့သည့် ကိစ္စ၌ တာဝန်ရှိမှုဖြင့် လက်ရှိ အီရတ်အစိုးရ၏ အထူးတရားရုံးတစ်ရုံးက တာရစ်အဇစ်နှင့် အပေါင်းပါ ၇ ဦးကို တရားစွဲဆို စစ်ဆေးနေ၏။ အမှုမှာ ထိုစဉ်က အီရတ်နိုင်ငံကို နိုင်ငံအတော်များများက စီးပွားရေးအရ အရေးယူ ပိတ်ဆို့ခဲ့စဉ် အဆိုပါ ကုန်သည်ကြီးများက စားသောက်ကုန်ဈေးနှုန်းများကို တိုးမြှင့်ရောင်းချ၍ ဆက်ဒမ်အစိုးရက တရားစွဲဆိုခဲ့သည်။ ယင်းတို့ကို အီရတ်အထူးခုံရုံးက အကျဉ်းနည်းနှင့် စစ်ဆေးပြီး သေဒဏ်ချမှတ်ကာ ကွပ်မျက်ခဲ့သည့်အမှု ဖြစ်သည်။

## ဘဂ္ဂဒက်ဘုရင်ခံ ဆိုသူ

အီရတ်နိုင်ငံတွင် ဆက်ဒမ်ဟူစိန်၏ အစိုးရ အုပ်ချုပ်ရေး ပျက်ပြားသွားချိန် အမေရိကန် ဦးဆောင်သော အပေါင်းပါတို့ကလည်း အရပ်ဘက် အုပ်ချုပ်ရေးအတွက် စီစဉ်ပြင်ဆင်ဆဲ စပ်ကူးမပ်ကူး ကာလတွင် သူ့ကိုယ်သူ ဘဂ္ဂဒက်မြို့တော်၏ ဘုရင်ခံဆိုသူ တစ်ဦး ဧပြီလအတွင်း ပေါ်လာ၏။ သူကား မိုဟာမက်အဲလ်ဇူဘေဒီ ဆိုသူပင်တည်း။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ရည်မှန်း

သူ့ခြေလှမ်းကလည်း အကျဲသား။ အတော်သွက်သည်။ မြို့တော်ကို အုပ်ချုပ်ရန် လုပ်ငန်း ကော်မတီများကိုပင် သူ ဖွဲ့စည်း ပြီးပြီဟု ဧပြီလ ၂၀ ရက်နေ့တွင် သူ့ကြေညာချက် ထွက်လာ၏။ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးကိုပါ သူ တာဝန်ယူမည်ဟုလည်း ဆိုထားပြန်သဖြင့် အီရတ်နိုင်ငံကို အုပ်ချုပ်ရန်ပင် သူ ရည်မှန်းထား လေသလားဟု ဆင့်ပွားတွေးဆရန် ရှိသည်။

## ဖမ်းဆီး

သို့ရာတွင် အမေရိကန် မြေပြင်တပ်မှူးကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဒေးဗစ်မက်ခီယာနန်က သူ့လှုပ်ရှားမှုကို ဆက်လက် ခွင့်ပြုနိုင်မည် မဟုတ်ဟု ထုတ်ဖော်ပြောကြားပြီးနောက် အဆိုပါ ဘဂ္ဂဒက်မြို့တော်ဘုရင်ခံဆိုသူ မိုဟာမက်အဲလ်ဇူဘေဒီကို ဧပြီလ ၂၁ ရက်နေ့တွင် အမေရိကန်တပ်ဖွဲ့တစ်ဖွဲ့က ဖမ်းဆီးလိုက်သည်။

## အဓိက စစ်ဆင်ရေး ပြီးဆုံး

မေလ ၁ ရက်နေ့တွင် လေယာဉ်တင်သင်္ဘောကြီး ယူအက်စ် အက်စ်အေဘရာဟင်လင်ကွန်း (USS Abraham Lincoln) ပေါ်မှ နေ၍ အီရတ် လွတ်မြောက်ရေးစစ်ပွဲ၏ အဓိကစစ်ဆင်ရေးများ ပြီးဆုံးကြောင်း သမ္မတဘုရှ်က ကြေညာသည်။

## လျှို့ဝှက်သင်္ချိုင်း

လူသေ ရပ်ကလာပ် အမြောက်အမြားကို အစုလိုက် အပြုံလိုက် လျှို့ဝှက်မြှုပ်နှံရာ သင်္ချိုင်းတစ်ခုကို မေလ ၁၃ ရက်နေ့တွင် ဘဂ္ဂဒက်မြို့တော်အနီး၌ ရှာဖွေတွေ့ရှိ၏။ လူပေါင်း ၁၅,၀၀၀ ၏

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရုပ်ကလာပ်များ ဆံ့သော လျှို့ဝှက်သချိုင်းတစ်ခု ဖြစ်သည်ဟု ဆိုသည်။ ၁၉၉၁ ခုနှစ်တွင် ရိုးယိုက်များ ထကြွစဉ်မှ စ၍ ပျောက်ဆုံးသွားသူများ၏ ရုပ်ကလာပ်များ ဖြစ်မည်ဟု ယူဆကြသည်။

**လက်နက်ချ**

အီရတ်နိုင်ငံ၏ ဇီဝလက်နက် ား အစီအစဉ်တွင် ပါဝင်ခဲ့သော အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ဒေါက်တာရောဂါပိုးမွှား (Dr. Germ) ဟု အမည်တွင်သူ ရီဟက်ပ်တာဟာ (Rihap Taha) သည် ထိုနေ့မှာပင် မဟာမိတ်တပ်ဖွဲ့များထံသို့ကိုယ်တိုင် လာရောက်၍ လက်နက်ချသည်။

**အဆိုအတည်ပြု**

ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရတ်နိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေး ပိတ်ဆို့ အရေးယူမှု ရုပ်သိမ်းရန်နှင့် အီရတ်နိုင်ငံကို ယာယီကြီးကြပ်ကွပ်ကဲမည့် အခွင့်အာဏာကို အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့အား ပေးအပ်ရန် အဆိုကို မေလ ၂၂ ရက်နေ့တွင် လုံခြုံရေးကောင်စီအစည်းအဝေး၌ ၁၄–၀ မဲဖြင့် အတည်ပြုသည်။ မဲမပေးဘဲနေသော လုံခြုံရေးကောင်စီဝင်နိုင်ငံ၏ အမည်ကို ဖော်ပြထားခြင်း မရှိပေ။

**ပြည်ပြေးမင်းသား ပြည်တော်ပြန်**

၁၉၅၈ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ဗိုလ်မှူးချုပ် အဗ္ဗဒူးလ်အဲလ်ကာရင်ကက်ဆင် ဦးဆောင်၍ အီရတ် စစ်ဘက်မှ အာဏာသိမ်းခဲ့စဉ်က ဒုတိယမြောက်ဘုရင် ဖိုင်ဇယ်သည် သတ်ဖြတ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ခြင်း ခံခဲ့ရ၏။ ၎င်း၏ ညီတော် မင်းသား အလီဘင်အဲလ်ဟူစိန် (Sherif Ali Bin al-Hussein) သည် ၁၉၅၈ ခုနှစ်ကပင် ပြည်ပသို့ ထွက်ပြေးသွားခဲ့သည်။ အီရတ်နိုင်ငံကို အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်များက ကျူးကျော်သိမ်းပိုက်ပြီးနောက် ၂၀၀၃ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် ဘဂ္ဂဒက်မြို့တော်သို့ သူ ပြန်လည်ရောက်ရှိလာခဲ့သည်။

## ကြံရွယ်

ဘုရင့်သချိုင်းအပြင်ဘက်၌ သူ့ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဘုရင့် အုပ်ချုပ်ရေးစနစ်ကို လိုလားသူ အမြောက်အမြားက သူ့ကို ဝမ်းပန်းတသာ လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြ၏။ ထိုစဉ် မင်းသားက အာဏာရှင် ဆက်ဒမ်ဟူစိန် အစိုးရ လုံးဝ ကျဆုံးသွားပြီးနောက် စည်းမျဉ်းခံဘုရင်စနစ် (constitutional monarchy) ဖြင့် အီရတ်နိုင်ငံကို အုပ်ချုပ်ရန် သူ ကြံရွယ်ထားသည်ဟု သူ့နိုင်ငံရေး ရည်မှန်းချက်ကို ပွင့်လင်းစွာ သူ ထုတ်ဖော်ပြောဆိုသွားခဲ့ သည်။

## လက်လျှော့

· သို့သော် အမေရိကန်နှင့် ဩဇာတိက္ကမရှိသော အီရတ် နိုင်ငံရေးသမားများက သူ့အကြံအစည်ကို လုံးဝလက်မခံ၍ မင်းသား အလီဘင်အဲလ်ဟူစိန်သည် နောက်ဆုံးတွင် လက်လျှော့သွားလေသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ဆက်ဒမ် အသံသွင်းတိတ်ခွေ လွှင့်ထုတ်

အီရတ်နိုင်ငံကို နယ်ချဲ့လက်သစ် အမေရိကန်နှင့်အပေါင်းပါတို့ ကျူးကျော်သိမ်းပိုက်ထားမှုမှ လွတ်မြောက်ရေးအတွက် ဆက်လက်၍ အရှိန်မြှင့်ကာ မမိုတ်မသုန် တော်လှန်တိုက်ပွဲဝင်သွားကြရန် အီရတ်မျိုးချစ် ပြောက်ကျားတိုက်ခိုက်ရေးသမားတို့အား နှိုးဆော်တိုက်တွန်းထားသော ဆက်ဒမ်ဟူစိန်၏ အသံသွင်းတိတ်ခွေဟု ဆိုသည့် တိတ်ခွေတစ်ခွေကို ဇူလိုင်လ ၄ ရက်နေ့တွင် ကာတာနိုင်ငံ အခြေစိုက် အဲလ်ဂျာဇီရာ အသံလွှင့်ဌာနက ရုပ်မြင်သံကြားမှတစ်ဆင့် လွှင့်ထုတ်ပြသသွားခဲ့သည်။

## အူဒေးနှင့် ကူဆေး အသေဖမ်းမိ

အီရတ်နိုင်ငံမြောက်ပိုင်းရှိ မိုဆူးလ်မြို့မှ နှစ်ထပ်အိမ်တစ်ဆောင်တွင် ဆက်ဒမ်ဟူစိန်၏ သားများ ဖြစ်ကြသော အူဒေးနှင့် ကူဆေးတို့ ရောက်ရှိနေကြသည်ဟူသော သတင်းပေးတစ်ဦး၏ ထူးခြားခိုင်လုံသည့် သတင်းအရ ၂၀၀၃ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့ နံနက် ၁၀ နာရီတွင် အဆိုပါအိမ်ကို အမှတ် (၂၀) အထူးတာဝန်ကျ တပ်ဖွဲ့ (Task Force 20) က ဝိုင်းထားလိုက်၏။ အမှတ် (၁၀၁) လေကြောင်းချီတပ်မမှ တပ်ဖွဲ့အချို့က လိုအပ်သလို အကူအညီပေးသည်။

အိမ်ထဲသို့ ဝင်ရန် အထူးတပ်ဖွဲ့ဝင်များ ကြိုးပမ်းစဉ် အိမ်တွင်းမှ အပြင်းအထန် ခုခံပစ်ခတ်သဖြင့် တပ်ဖွဲ့ဝင်အချို့ ဒဏ်ရာရသွားကြ၏။ တပ်သားများက ပြန်လှန်ပစ်ခတ်ရာမှ တိုက်ပွဲ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဖြစ်ပွားသည်။ အိမ်ကို ဝိုင်းရံထားသော တပ်ဖွဲ့များက စက်သေနတ်များနှင့် ပစ်ခတ်သော်ငြားလည်း အခြေအနေ မထူးခြား။ သို့ကြောင့် အမှတ် (၁၀၁) လေကြောင်းချီတပ်မ (Screaming Eagles) သုံးဖွဲ့အနက် ဒုတိယတပ်ဖွဲ့မှ ဦးစီးအရာရှိဗိုလ်မှူးကြီး ဂျိုးအင်ဒါဆင်၏ အကူအညီ တောင်းခံချက်အရ ရဟတ်ယာဉ်နှစ်စင်းက ထိုအိမ်ကို ဒုံးကျည်များဖြင့် ပစ်ခတ်ကြ၏။ ပစ်မှတ်ကို လွဲချော်သွားသဖြင့် ဗိုလ်မှူးကြီးအင်ဒါဆင်၏အမိန့်အရ စက်သေနတ်နှင့် ပစ်ခတ်ပြီး အသင့်ပြင်ထားသော ယာဉ်တစ်စီးပေါ်က အဆင့်မြင့်နည်းပညာသုံး တင့်ကားပစ် ဒုံးလက်နက် (TOW) ဖြင့် အဆက်မပြတ် ပစ်ခတ်တော့မှ အိမ်တွင်း၌ ငြိမ်သက်သွားတော့သည်။

အထူးတပ်ဖွဲ့ဝင်များ အိမ်ပေါ်သို့ အပြေးအလွှား တက်သွားကြရာ အူဒေး၊ ကူဆေး၊ ယင်းတို့၏ သက်တော်စောင့် အဗ္ဗဒူလ်ဆာမာ့ဒ် နှင့် ကူဆေး၏သား ၁၄ နှစ်အရွယ် မွတ်စတာဖာ (Mustapha) တို့ ၄ ဦးစလုံး သေဆုံးနေကြသည်ကို သူတို့ မြင်တွေ့ကြရ၏။ တိုက်ပွဲမှာ ၆ နာရီခန့် ကြာသည်။

သတင်းပေးသူသည် ဆက်ဒမ်နှင့် ဆွေမျိုးတော်စပ်သူဖြစ်၏။ ထိုသတင်းပေးသည် အူဒေးတို့ လက်ရှိ တည်းခိုနေသော အိမ်ပိုင်ရှင် ဖြစ်မည်ဟု ပတ်ဝန်းကျင်က ယူဆကြသည်။ သူ့နာမည်မှာ နာဝပ်ဖ်အဲလ်ဇေဒန်း (Nawaf al-Zeidan) ဖြစ်ပြီး သူသည် စီးပွားရေးလုပ်ငန်းရှင် တစ်ဦးလည်း ဖြစ်သည်။ သူ့အစ်ကို ဆာလာအဲလ်ဇေဒန်း (Salaah al-Zeidan) အသတ်ခံရသည့်အတွက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆက်ဒမ်ကို သံသယဖြစ်ကာ လက်စားချေခြင်း ဖြစ်မည်ဟု အချို့က ထင်မြင်ကြသည်။ ဧဒန်းသည် အမေရိကန်နိုင်ငံသားအဖြစ်နှင့် အီရတ်မှ ထွက်ခွာခွင့်ကိုပါ သက်ဆိုင်ရာမှ ရရှိထားပြီး ဖြစ်၏။ ဆက်ဒမ်၏ သားနှစ်ယောက်အတွက် ထုတ်ပြန်ကြေညာထားသော ဆုငွေ ယူအက်စ် ဒေါ်လာသန်း ၃၀ ကို ဧဒန်း ရရှိလိမ့်မည်ဟု အများက ထင်ကြေးပေးနေကြသည်။

## အာဇာနည်များ ပီသစွာ အသက်ကို စတေးသွား

အီရတ်နိုင်ငံအတွင်း ပုန်းရှောင်နေသော ဆက်ဒမ်ဟူစိန်က သူ့သားကြီး အူဒေးနှင့် သားငယ် ကူဆေးတို့သည် အီရတ်နိုင်ငံတော်အတွက် အာဇာနည်များ ပီသစွာ သူတို့၏ အသက်ဝိညာဉ်ကို စတေးသွားခဲ့ကြကြောင်း၊ ကျူးကျော်သူ နယ်ချဲ့အမေရိကန်တို့ မုချ အရေးနိမ့်ရမည် ဖြစ်ကြောင်း သူကိုယ်တိုင် အသံသွင်းထားသော တိတ်ခွေတစ်ခွေကို ဇူလိုင်လ ၂၉ ရက်နေ့တွင် ဖြန့်ဝေကြေညာသည်။ (သတင်းအကျယ်ကို နောက်ပိုင်း သီးသန့်ဆောင်းပါးမှာ ရှုစားပါ။)

## ဓာတုအလီ ဖမ်းမိ

ဓာတုအလီ (Chemical Ali) ဟု နာမည်ဆိုးဖြင့် ကျော်ကြားသူ အီရတ် ကာကွယ်ရေး ဝန်ကြီးဟောင်း အလီဟက်ဆန်အဲလ်မဂျစ် (Ali Hassan al-Majid) ကို ဩဂုတ်လ ၂၁ ရက်နေ့တွင် အီရတ်နိုင်ငံ တစ်နေရာ၌ အမေရိကန်တပ်ဖွဲ့တစ်ဖွဲ့က ဖမ်းဆီးရမိသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အလီသည် ဆက်ဒမ်နှင့် ညီအစ်ကိုဝမ်းကွဲ တော်စပ်၏။ ၁၉၈၀ ပြည့်လွန်နှစ်များ ကာလကပင် ကာ့ဒ်လူမျိုးများကို ဓာတု အဆိပ်ဓာတ်ငွေ့သုံး၍ တိုက်ခိုက် သတ်ဖြတ်ရာ၌ အဓိက တာဝန် ရှိသူ တစ်ဦးအဖြစ် လူသိများသူ ဖြစ်သည်။

ထိုမျှသာမက ၁၉၈၈ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် အီရန် နိုင်ငံက သိမ်းပိုက်ထားသော ကာ့ဒ်လူမျိုးတို့၏ မြို့ ဟာလက်ဘ် ဂျာ (Halabja) ကို အလီတို့က ဓာတုလက်နက်ဖြင့် တိုက်ခိုက်ရာ မှာ အရပ်သား ၅,၀၀၀ ခန့် သေဆုံးခဲ့၏။ ထိုအကြောင်းများကြောင့် အလီဟက်ဆန်အဲလ်မဂျစ်သည် 'ဓာတုအလီ' ဟု အမည်တွင်သည်။

၁၉၈၈ ခုနှစ်မှ စ၍ ၂ နှစ်ကြာ ဆင်နွဲသော အင်ဖဲလ် စစ်ဆင်ရေး (Anfal Operation) ကာလအတွင်း ကာ့ဒ်လူမျိုး များကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့မှုနှင့် စစ်ရာဇဝတ်မှုများ ကျူးလွန်မှုတို့အတွက် တာဝန်ရှိသူတစ်ဦးအဖြစ်လည်း စွပ်စွဲခံရ သူ ဖြစ်သည်။ ယင်းစစ်ဆင်ရေးတွင် ကာ့ဒ်လူမျိုး ပြောက်ကျားနှင့် အရပ်သား ၁၈၀,၀၀၀ ခန့် သေဆုံးသည်။

တရားရုံးက ဓာတုအလီနှင့် သူ့လက်ထောက် နှစ်ယောက် ဖြစ်သော ကာကွယ်ရေးဝန်ကြီးဟောင်း စုလ်တန်ဟာရှင်အာမက် အဲလ်တိုင်းနှင့် ဟူစိန်ရာရှစ်မိုဟာမက်တို့ကို ဇွန်လ ၂၄ ရက်နေ့၌ သေဒဏ် ချမှတ်ခဲ့၏။ ထို့နောက် သူတို့ အယူခံမှုကို အယူခံတရား ရုံးကလည်း ပယ်ချလိုက်ပြီး ဖြစ်သဖြင့် သူတို့ ၃ ဦးသည် သက်ဆိုင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရာက ကြိုးပေးကွပ်မျက်မည့် ရက်ကိုသာ စောင့်စားနေကြရ တော့သည်။

## ရာရှစ်ဟိုတယ် ဒုံးကျည် ထိမှန်

အောက်တိုဘာလ ၂၆ ရက်နေ့ ညနေ ၄ နာရီခန့်တွင် ဘဂ္ဂဒက်မြို့တော်ရှိ ရာရှစ်ဟိုတယ် (Rashid hotel) ကို အီရတ် တိုက်ခိုက်ရေးသမားများက ခပ်လှမ်းလှမ်းမှ ဒုံးကျည်များဖြင့် ရတ်တရက် ပစ်ခတ်တိုက်ခိုက်ကြ၏။ ထိုအချိန်တွင် အီရတ်နိုင်ငံ သို့ တာဝန်ဖြင့် ခေတ္တ ရောက်ရှိနေသော အမေရိကန် ဒုတိယ ကာကွယ်ရေးဝန်ကြီး ပေါလ်ဝုလ်ဖိုဝစ္စ (Paul Wolfowitz) သည် ယင်းဟိုတယ်ထဲ၌ ရောက်ရှိနေ၏။ ကံကောင်းထောက်မ သဖြင့် သူ့ကို မထိမှန်။ သီသီကလေး ကပ်လွဲသွားသည်။ သို့သော် ကံဆိုးသူ အမေရိကန် ဗိုလ်မှူးကြီးတစ်ဦး ကျဆုံးသွားပြီး လူ ၁၈ ဦး ဒဏ်ရာရရှိသွားသည်။

## အီရတ်စစ်စရိတ် အတည်ပြု

အမေရိကန် ဦးဆောင်သော အပေါင်းပါတို့က အီရတ် အရေးအခင်းကို ဆက်လက် ကိုင်တွယ်သွားနိုင်စေရန် သမ္မတဘုရှ် တင်ပြတောင်းခံသော စစ်စရိတ် ယူအက်စ်ဒေါ်လာ ၈၇ ဒသမ ၅ ဘီလီယံကို နိုဝင်ဘာလ ၄ ရက်နေ့တွင် အမေရိကန် ဆီးနိတ် လွှတ်တော်က အတည်ပြုသည်။

## ဆက်ဒမ် အသံသွင်းတိတ်ခွေ လွှင့်ထုတ်

အီရတ်နိုင်ငံကို နယ်ချဲ့လက်သစ် အမေရိကန်နှင့် အပေါင်းပါ တို့ ကျူးကျော် သိမ်းပိုက်ထားမှုကို အီရတ်ပြည်သူများ ပို၍

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သတ္တိရှိရှိ ဆန့်ကျင်တော်လှန်ကြစေရန် စည်းရုံးလှုံ့ဆော်ထားသော၊ ဆက်ဒမ်၏ အသံသွင်းတိတ်ခွေတစ်ခွေကို နိုဝင်ဘာလ ၁၄ ရက်နေ့တွင် အဲလ်အာရေဘီယာ အသံလွှင့်ဌာန (Al Arabiya) က ရုပ်မြင်သံကြားမှ အာရပ်ဘာသာစကားဖြင့် လွှင့်ထုတ်သွားခဲ့၏။ အလားတူ စေ့ဆော်ထားသော၊ ဆက်ဒမ်၏ အသံသွင်းတိတ်ခွေ အများအပြား ရှိသည်ဟုလည်း ဆိုသည်။

## ဘုရှ် ဘဂ္ဂဒက် ရောက်

နိုဝင်ဘာလ ၂၇ ရက်နေ့တွင် သမ္မတဘုရှ်သည် ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကို အောက်မေ့ချီးကျူးသောနေ့ ညစာစားပွဲ (Thanksgiving Day dinner) ဖြင့် အမေရိကန် စစ်သည်များအား အမှတ်တရ တည်ခင်းကျွေးမွေးရန် ဘဂ္ဂဒက်မြို့တော်သို့ မမျှော်လင့်ဘဲ ရုတ်တရက် ရောက်ရှိသွားသည်။

## ကန်ထရိုက် လုပ်ခွင့်မရ

အီရတ်နိုင်ငံအား အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များ၏ ကျူးကျော်တိုက်ခိုက်မှုကို ဆန့်ကျင်ကန့်ကွက်သော နိုင်ငံများအနေနှင့် အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေး ကန်ထရိုက်လုပ်ငန်းများ လုပ်ကိုင်ခွင့် မရရှိစေရန် အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်က အဆိုပါ နိုင်ငံများ၏ ဈေးပြိုင်တင်သွင်းမှုကို ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် လက်မခံဘဲ ပယ်ချလိုက်သည်။

## ဆက်ဒမ်ကို ကြွက်ကလေး ငှက်ကလေးလို ဖမ်းမိ

၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက် စနေနေ့ည ဘဂ္ဂဒက်စံတော်ချိန် ၈:၃၀ နာရီခန့်တွင် အက်ဒဝါမြို့ (Adwar) အနီးမှ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကျေးလက် စိုက်ပျိုးမွေးမြူးရေး ခြံဝင်းတစ်ခုထဲရှိ တဲအိမ်တစ်အိမ်၏ လှို့ဂှက်မြေအောက်ခန်းအတွင်း အမေရိကန် ပူးပေါင်းတပ်ဖွဲ့က ဆက်ဒမ်ဟူစိန်ကို ဖမ်းဆီးရမိခဲ့၏။

အထူးစစ်ဆင်ရေး (Operation Red Dawn) ၏ နောက်ဆုံး အဆင့်အနေဖြင့် ဆက်ဒမ် သစ္စာခံတစ်ဦး၏ ထုတ်ဖော်သတင်းပေးချက်ကို အခြေခံ၍ အရေးပေါ် စစ်ဆင်ရင်း အမှတ် (၄) ခြေလျင်တပ်မနှင့် အထူးတာဝန်ကျ တပ်ဖွဲ့တို့မှ ပူးပေါင်းစစ်သည်အင်အား ၆၀၀ ရှိအမေရိကန်တပ်ဖွဲ့က သေနတ်တစ်ချက်မျှ မပစ်ဖောက်ရဘဲ ကြက်ကလေး ငှက်ကလေးလို သူ့ကို အလွယ်တကူ ဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်သည်။

## နိဒါန်းခဲ့ရ

အက်ဒ်ဝါမြို့သည် တီကရစ်မြို့နယ်ရှိ ဆက်ဒမ်၏ မွေးရပ်ဇာတိကျေးရွာ အဲလ်အူဂျာ (Al-Awja) နှင့် ၁၀ မိုင်ခန့်သာ ကွာဝေးသည်။

အသက် ၂၂ နှစ်အရွယ်ခန့်သာ ရှိသေးသော ဆက်ဒမ်သည် ၁၉၅၉ ခုနှစ် အောက်တိုဘာလတွင် ဘဂ္ဂဒက်မြို့တော် တစ်နေရာ၌ ကွန်မြူနစ် လိုလားသူ ဝန်ကြီးချုပ် အဗ္ဗဒူးလ်ကာရင်ကက်ဆင်၏ မော်တော်ယာဉ်တန်းကို အဖော်တစ်စုနှင့် ချောင်းမြောင်းပစ်ခတ် တိုက်ခိုက်ခဲ့စဉ်က လုပ်ကြံမှု မအောင်မြင်၍ ခြေထောက်မှာ ဒဏ်ရာနှင့် သေပြေးရှင်ပြေး ထွက်ပြေးသွားခဲ့ရ၏။ ထိုစဉ်က

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆီးရီးယားနိုင်ငံသို့ မပြေးမီ ဤအရပ်၌ သူ ပုန်းလျှိုးကွယ်လျှိုး နိုအောင်းနေခဲ့ရသေးသည်။

## ကြီးကြပ်ကွပ်ကဲ

အီရတ်နိုင်ငံရှိ အမေရိကန် တပ်ဖွဲ့များ၏ ထိပ်တန်း တပ်မှူးကြီး ဒုတိယဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ချေး (Lt-General Ricardo Sanchez) က ဦးစီးညွှန်ကြား၍ အမှတ် (၄) ခြေလျင်တပ်မ၏ တပ်မမှူး ဗိုလ်ချုပ်ရေမွန်အော်ဒီယာနို (Maj-General Raymond Odierno) က ယခုအဆင့် စစ်ဆင်ရေးကို အနီးကပ် ကြီးကြပ်ကွပ်ကဲသည်။

## သဲသဲမဲမဲ ရှာဖွေ

စီးနင်းတိုက်ခိုက်ရေး အထူးတာဝန်ကျတပ်ဖွဲ့ (Task force Raider) ၏ စစ်ဦးစီးအရာရှိ ဗိုလ်မှူးကြီး ဂျိမ်းဟစ်ကီနှင့် ၎င်း၏တပ်ဖွဲ့ဝင် အများစုသည် အမှတ် (၄) ခြေလျင်တပ်မ၏ စီးနင်းတိုက်ခိုက်ရေး တပ်မဟာ (the Raider Brigade of the Army's 4th Infantry Division) မှ အရာရှိနှင့် စစ်သည်များ ဖြစ်ကြ၏။ ဗိုလ်မှူးစတန်မာဗီကိုမှ အထူးတာဝန်ကျတပ်ဖွဲ့၏ လုပ်ငန်းများ ပိုမိုသွက်လက်ထက်မြက် ထိရောက်စေရန် ရည်သန်လျက် အမှတ် (၄) ခြေလျင်တပ်မ၏ ထောက်လှမ်းရေးအရာရှိ တာဝန်မှ ဗိုလ်မှူးကြီး ဂျိမ်းဟစ်ကီ၏ လက်အောက်သို့ တပ်မမှူး ဗိုလ်ချုပ်ရေမွန်အော်ဒီယာနိုက တာဝန်ပြောင်းပေးလိုက်ခြင်း ဖြစ်သည်။ ထို့နောက် ခဏခဏ နေရာပြောင်းကာ ပုန်းအောင်းနေလေ့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရှိသည့် ဆက်ဒမ်ကို ဗိုလ်မှူးကြီးဟစ်ကီသည် ဗိုလ်မှူးမာဖီတို့၏ ခွဲနုပဲနှင့် ထောက်ကူပံ့ပိုးမှုဖြင့် သဲသဲမဲမဲ လိုက်လံရှာဖွေတော့သည်။

## လူထွားကြီး ဖော်ထုတ်

ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ဘဂ္ဂဒက်မြို့တော်၌ စီးနင်းတိုက်ခိုက်မှုတစ်ခုမှာ အထူးအရေးပါသော လူထွားထွားတစ်ယောက်ကို အထူးတာဝန်ကျတပ်ဖွဲ့က ဖမ်းဆီးရမိ၏။ နောက်ပိုင်းတွင် သူ အစစ်ခံရာ၌ သူသည် ဆက်ဒမ်၏ အထူးထောက်လှမ်းရေးတပ်ဖွဲ့မှ အဆင့်မြင့်အရာရှိတစ်ဦး ဖြစ်ပြီး သမ္မတ၏ လုံခြုံရေးတာဝန်ကိုပါ ထမ်းဆောင်ရသူလည်း ဖြစ်သည်ဟု ဆိုသည်။ လူထွားကြီး၏ နောက်ဆုံး ဖော်ထုတ်သတင်းပေးချက်အရ ဆက်ဒမ်ရှိသည့်နေရာ ပတ်ဝန်းကျင် အခြေအနေကိုပါ စစ်ဆေးသူတို့ သိရှိရသည်။

သို့ကြောင့် အဆိုပါ နေရာတစ်ဝိုက်ကို အမေရိကန် ပူးပေါင်းစစ်ဆင်ရေးတပ်ဖွဲ့က စနစ်တကျ ပိုက်စိပ်တိုက် ဝိုင်းဝန်းရှာဖွေရာမှ ဆက်ဒမ်ဟူစိန်ကို ယင်းကဲ့သို့ ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်၏။ ထိုစဉ်က ဆက်ဒမ်၏ ပေါင်ခွင်ပေါ်တွင် သူ ကိုင်နေကျ ဧ မမ ပစ္စတိုသေနတ်နှင့် အနီးတွင် အေကေ ၄၇ အော်တိုမက်တစ်ရိုင်ဖယ်သေနတ် ၂ လက် နံရံမှာ ထောင်လျက် ရှိသော်ငြားလည်း သူလုံးဝ မခုခံဟု ဆိုသည်။ အမေရိကန် အထူးတပ်ဖွဲ့များ၏ ၇ လကြာမျှ ဆက်ဒမ် ရှာပုံတော်လည်း ဤတွင် နိဂုံးကမ္ပတ် အဆုံးသတ်လေတော့သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## စစ်သုံ့ပန်း

သည့်နောက် ဆက်ဒမ်ဟူစိန်ကို စစ်ရဟတ်ယာဉ်တစ်စင်းဖြင့် ခေါ်ဆောင်သွားကြပြီး လုံခြုံစိတ်ချရသော အမေရိကန် စစ်စခန်း တစ်နေရာ၌ စစ်သုံ့ပန်းတစ်ဦးအဖြစ် ချုပ်နှောင်ထား၏။ ဗိုလ်ချုပ်ကြီးဆန်ရှေးနှင့် ဗိုလ်ချုပ် အော်ဒီယာနိုတို့ကတော့ သူ့ကို ထိန်းသိမ်းထားသည့်နေရာကို ထုတ်ဖော်ပြောဆိုခြင်း အလျှင်းမပြုကြ။ သို့သော် ဘဂ္ဂဒက် နိုင်ငံတကာလေဆိပ်အနီး၌ ထိန်းသိမ်းထားခြင်း ဖြစ်နိုင်သည်ဟု အခြားအမေရိကန်စစ်ဘက်အရာရှိအချို့က ခန့်မှန်းကြသည်။

## 'ဘ'မှတ်

သူနှင့် မရှေးမနှောင်းလိုပင် ရဟတ်ယာဉ်ဖြင့် ရောက်လာကြသော အီရတ် အုပ်ချုပ်ရေးကောင်စီဝင် ၄ ဦးအား ဗိုလ်ချုပ်ကြီးဆန်ရှေးက ဆက်ဒမ်ဟူစိန်ကို ပြတင်းပေါက် အပြင်ဘက်က လှမ်းကြည့်လိုပါသလား သို့မဟုတ် သူ့ကို ဖမ်းမိပြီးမှ လောလောဆယ် ရိုက်ကူးထားသော ဓာတ်ပုံများကို ကြည့်လိုပါသလားဟု မေးသည်။ ထိုအခါ သူတို့က ဆက်ဒမ်နှင့် တွေ့ဆုံပြီး စကားပြောလိုသည်ဟု ပြန်ပြောကြသည်။

ဆက်ဒမ်ဟူစိန်နှင့် သူတို့ တွေ့ဆုံခွင့်ရ၍ စကားပြောကြသောအခါ သူသည် ဗိုလ်ချုပ်ကြီး ဆန်ရှေးနှင့် ပြောဆိုစဉ်ကကဲ့သို့ ယဉ်ယဉ်ကျေးကျေး ဖြောင့်ဖြောင့်တန်းတန်း မပြောဘဲ 'ဘ'

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကြည့်ကြည့်ကာ 'ဘု'ချည်း မှတ်တော့သည်ဟု ဆိုသည်။ (သတင်းအကျယ်ကို နောက်ပိုင်း သီးသန့်ဆောင်းပါးမှာ ဖတ်ရှုပါ။)

**ဆက်ဒမ်ကို ကြက်ကလေး ငှက်ကလေးလို ဖမ်းမိ**

၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက် တနင်္ဂနွေနေ့ ဘဂ္ဂဒက်စံတော်ချိန် ညနေ ၃း၁၅ နာရီ အချိန်တွင် ယာယီအာဏာပိုင်အဖွဲ့မှ အုပ်ချုပ်ရေးမှူး ပေါလ်ဘရင်မာက အီရတ် အုပ်ချုပ်ရေးကောင်စီ၏ အလှည့်ကျ ဥက္ကဋ္ဌ ဒေါက်တာပါချာချီ (Dr.Pachachi) နှင့် ဒုတိယ ဗိုလ်ချုပ်ကြီး ဆန်ရှေးတို့၏ ရှေ့မှောက်၌ အီရတ် သမ္မတ ဆက်ဒမ်ဟူစိန်ကို အမေရိကန် အထူးပူးပေါင်းတပ်ဖွဲ့က အလွယ်တကူ အရှင်ဖမ်းမိပြီ ဖြစ်ကြောင်း အီရတ် ပြည်သူများသို့ ရုပ်မြင်သံကြားမှတစ်ဆင့် ကြေညာသွားသည်။

ယင်းသို့ ကြေညာရာတွင် သူ့ကို ဖမ်းမိသည့် နေ့ရက်အချိန်၊ နေရာနှင့်တကွ ဖမ်းဆီးရမိပုံကို အသေးစိတ် ရှင်းလင်းလွှင့်ထုတ်ပြသသွားသည်။

ထိုနေ့ နှောင်းပိုင်းအချိန်တွင် အမေရိကန်သမ္မတဘုရှ်ကလည်း ဆက်ဒမ်ဟူစိန်ကို ဖမ်းမိပြီဟု ပေါလ်ဘရင်မာ၏ တရားဝင်ကြေညာချက်သည် မှန်ကန်ကြောင်း အတည်ပြုပြောဆိုသွား၏။ ထို့ပြင် ဆက်ဒမ်၏ လူမဆန်အောင် ဆိုးဝါးရက်စက်သောနောက်ကြောင်း သမိုင်းအကျဉ်းကိုလည်း ဘုရှ်က ဖော်ပြသွားသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## နောက်ပိုင်း ဂယက်များ

ဆက်ဒမ်ကို ဖမ်းမိခြင်းကြောင့် အီရတ်နိုင်ငံတွင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သူ အများအပြား ရှိသကဲ့သို့ ဝမ်းနည်းကြေကွဲ ယူကျုံးမရ ဖြစ်သူ အမြောက်အမြား ရှိသည်။

အီရတ်နိုင်ငံမြောက်ပိုင်းမှ ကာ့ဒ်လူမျိုးများ၊ မတရား အသင်း ကြေညာခံထားရသော မြေအောက်ကွန်မြူနစ်ပါတီဝင်များ၊ ရှီးယိုက် မွတ်စလင် အဖွဲ့အစည်းတစ်ခု ဖြစ်သော မြေအောက် ဒါဝါပါတီဝင်များ၊ အီရတ် အလယ်ပိုင်းနှင့် တောင်ပိုင်းမှ အဖိနှိပ်ခံ ရှီးယိုက် မွတ်စလင်များနှင့် ဆက်ဒမ်၏ ရက်စက်ကြမ်းကြုတ်မှုကြောင့် သေဆုံးသွားသူများ၊ သေမှန်း ရှင်မှန်းမသိ ပျောက်ဆုံးနေသူများ၊ ပြည်ပသို့ ထွက်ပြေးရသူများ၊ ပြည်တွင်း၌ ပုန်းလျှိုးနေရသူများ စသည်တို့၏ ဆွေမျိုးသားချင်းများသည် ဆက်ဒမ်ကို ဖမ်းမိ၍ အထူးဝမ်းမြောက်ကြသည်။ လမ်းပေါ် ထွက်၍ပင် အော်ဟစ် မြူးထူးကြသည်။

ဆက်ဒမ်နှင့် ဘာသာရေးအားဖြင့် တူညီသော ဆွန်နီ မွတ်စလင်များ၊ ဘာ့သ်ပါတီဝင်များ၊ အလုပ်လက်မဲ့ ဖြစ်သွားကြသော အီရတ် တပ်မတော်သားများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ ရဲအဖွဲ့ဝင်များနှင့် အခြား အရာထမ်း အမှုထမ်းများ၊ အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များ၏ ကျူးကျော်သိမ်းပိုက်မှုကို ဆန့်ကျင်သော အီရတ်မျိုးချစ်များနှင့် ပြည်သူများ၊ ဆက်ဒမ်ဝါဒီများ၊ သူ့ဆွေမျိုးမိတ်သင်္ဂဟများ စသည်တို့ကတော့ ဆက်ဒမ် အဖမ်းခံ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရခြင်းအတွက် အထူးတလည် ဝမ်းနည်းကြေကွဲကြသည်။ ငိုယို မြည်တမ်းကြသည်။

ပြည်ပနိုင်ငံများမှာတော့ ဝမ်းမြောက်သူ အများစု ရှိသော နိုင်ငံများနှင့် ဝမ်းနည်းသူ အများစု ရှိသော နိုင်ငံများဟူ၍ ကွဲပြား လျက် ရှိ၏။ အာရပ်ကမ္ဘာမှ နိုင်ငံအများစု၊ မွတ်စလင် အများအပြား ရှိသော အင်ဒိုနီးရှား၊ မလေးရှား၊ ပါကစ္စတန်၊ လစ်ဗျား၊ ပါလက် စတိုင်းနယ်မြေ စသည်တို့တွင်မူ ဆက်ဒမ်ဟူစိန် အဖမ်းခံရသဖြင့် အထူးဝမ်းနည်းကြသည်။

ထို့ထက် ဆက်ဒမ်ဟူစိန်သည် သူ့မှာ ၉ မမ ပစ္စတိုသေနတ် တစ်လက်နှင့် အေကေ ၄၇ အော်တိုမက်တစ် ရိုင်ဖယ်သေနတ် ၂ လက် အသင့်ရှိနေလျက် လုံးဝခုခံမှု မပြုဘဲ အလျှော့ပေး လက် မြှောက်ကာ အလွယ်တကူ အဖမ်းခံသည် ဆိုခြင်းကို မယုံကြည် သူ ပြည်တွင်းမှာရော ပြည်ပမှာပါ အများအပြား ရှိသည်။ ယင်းတို့ အနက် အမည် မဖော်လိုသော အာရပ်နိုင်ငံ တစ်နိုင်ငံသို့ ရောက်ရှိ နေသည့် ဆက်ဒမ်၏ ညီမ နာဝါလ်ဘီဘရာအင်ဘာယ်လ်ဟက်ဆင်၊ ဂျော်ဒန်နိုင်ငံသို့ ရောက်ရှိခိုလှုံနေသော၊ ဆက်ဒမ်၏ သမီးကြီး ရာဂတ်၊ လီဘန္နွန်နိုင်ငံတွင် နေထိုင်သူ ဆက်ဒမ်၏ ဒုတိယဇနီး ဆာမီရာရှာဘန်ဒါနှင့် ဆက်ဒမ်၏ ဆွေမျိုးမိတ်သင်္ဂဟများ ပါဝင် သည်။

သူတို့၏ ထင်မြင်ချက်အရ ဆက်ဒမ်ဟူစိန်သည် သူ့ဂုဏ် သိက္ခာကို အထိခိုက်ခံလောက်အောင် ပျော့ညံ့သူ မဟုတ်၊ ရန်သူ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နယ်ချဲ့လက်သစ် အမေရိကန်တွေ ကြေညာသကဲ့သို့ လွယ်လွယ်ကူကူ အဖမ်းခံမည့်လူစားမျိုး မဟုတ်ဘဲ အာဇာနည် သူရဲကောင်းတစ်ဦးပီပီ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ကိုသာ စတေးခံသွားမည့် ပုဂ္ဂိုလ်မျိုး ဖြစ်သည်။

သူတို့ ပြောသကဲ့သို့ အလွယ်တကူ သူ အဖမ်းခံခြင်း မှန်သည် ဆိုလျှင် သူ့ကို မဖမ်းမိခင်ကပင် တစ်နည်းနည်းဖြင့် ဆေးထိုးခံရခြင်း သို့မဟုတ် ဆေးခတ်ခံရခြင်း ဖြစ်ကောင်းဖြစ်ပေမည်။ သို့တည်းမဟုတ် သူ လျှို့ဝှက်ပုန်းအောင်း နေထိုင်ရာ လိုဏ်ခေါင်းထဲသို့ အဆိပ်ဓာတ်ငွေ့ တစ်မျိုးမျိုးကို ကြိုတင်လွှတ်ထားခြင်းလည်း ဖြစ်နိုင်သည်ဟု ယေဘုယျအားဖြင့် ခန့်မှန်းတွက်ဆပြောဆိုကြသည်။

## ဆက်ဒမ်ကို ရုံးတင် စစ်ဆေးရေး

ဆက်ဒမ်ဘက်မှ လိုက်ပါကြမည့် အကျိုးဆောင်ရှေ့နေရှေ့ရပ်များက အီရတ်နိုင်ငံကို အကြောင်းအမျိုးမျိုးပြ၍ ကျူးကျော်သိမ်းပိုက်ထားသော အမေရိကန်တို့သည် အီရတ်သမ္မတဟောင်းဆက်ဒမ်ဟူစိန်ကို တရားခံတစ်ဦးအဖြစ် တရားဝင် ရုံးတင်စစ်ဆေးမည့် အစီအစဉ်ကို ယခုတိုင် မပြုလုပ်ကြသေး၊ သူတို့အနေနှင့်အမှုကိစ္စအတွက် ကြိုတင့်စီစဉ် ပြင်ဆင်ထားနိုင်ရန် ဆက်ဒမ်နှင့်အဆက်အသွယ်လည်း လုံးဝမရသေး၊ သူတို့မှာ တရားဝင် အကျိုးဆောင်များ ရသင့်ရထိုက်သော အခွင့်အရေးများလည်း နစ်နာဆုံးရှုံးနေကြသည်ဟု အကြောင်းပြပြီး ဥရောပလူ့အခွင့်အရေး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တရားရုံးသို့ အသနားခံစာတစ်စောင်ကို ၂၀၀၄ ခုနှစ် ဇူလိုင်လ အတွင်းက ပေးပို့လိုက်ကြ၏။ ထိုစာထဲတွင် ဂျနီဗာကွန်ဗင်းရှင်း ပါ အခွင့်အရေးများ တရားဝင် ရရှိရေးအတွက် အဆိုပါ တရားရုံး က လိုအပ်သလို ကြားဝင်ဆောင်ရွက်ပေးရန် သူတို့က အလေး အနက် မေတ္တာရပ်ခံထားသည်။

အမေရိကန် အစိုးရ၏ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးကလည်း ဆက်ဒမ်သည် စစ်သုံ့ပန်းတစ်ဦး ဖြစ်သည့်အားလျော်စွာ ဂျနီဗာ ကွန်ဗင်းရှင်းပါ အခွင့်အရေးများကို ခံစားရမည်ဖြစ်ပြီး ယင်း ကွန်ဗင်းရှင်းအရ ခုခံကာကွယ်ပိုင်ခွင့် ရှိကြောင်း တရားဝင် ပြော ကြားသည်။ သို့ရာတွင် ၂၀၀၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ကပင် ယာယီအာဏာပိုင်အဖွဲ့က အီရတ်ကြားဖြတ်အစိုးရလက်သို့ ဆက်ဒမ်ကို လွှဲပြောင်းပေးအပ်လိုက်ပြီး ဖြစ်၍ သုံ့ပန်းအခွင့်အရေး များလည်း ဆုံးရှုံးသွားပြီး ဖြစ်သည်။

သို့ကြောင့် သူ့ကိစ္စ မှန်သမျှကို အီရတ် အုပ်ချုပ်ရေးကောင်စီ ကသာ လိုအပ်သလို တရားဥပဒေနှင့်အညီ ကိုင်တွယ်ဖြေရှင်း သွားလိမ့်မည်ဟု အများက ယူဆနေကြသည်။

အမေရိကန်သမ္မတ ဘုရှ်ကလည်း "ဆက်ဒမ်ရဲ့ ဘဝကံ ကြမ္မာကို အီရတ်ပြည်သူတွေကသာ ဆုံးဖြတ်မှာပါ။ တစ်နည်း အားဖြင့် အီရတ်ပြည်သူတွေကိုယ်စား အီရတ် ကြားဖြတ်အစိုးရ အဖွဲ့ရဲ့ တရားရေးစနစ်အရ အထူးတရားခုံရုံးတစ်ရုံးက အီရတ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တရားဥပဒေနှင့်အညီ တရားစီရင်မှာ ဖြစ်ပါတယ်”ဟု ပြောကြားသွားသည်။

သို့သော် ဆက်ဒမ်ဟူစိန်မိသားစုကမူ ဆက်ဒမ်ကို အမေရိကန်တို့အလိုကျ တာဝန်ပေးထားသော အီရတ် ကြားဖြတ်အစိုးရက ကမကထပြု၍ ဖွဲ့စည်းထားသည့် အထူးတရားခုံရုံးဖြင့် စစ်ဆေးစီရင်မည်ဆိုလျှင် လုံးဝတရားမျှတမှု ရှိမည် မဟုတ်။ သို့ကြောင့် နယ်သာလင်နိုင်ငံ 'သည်ဟိတ်မြို့' (The Hague) ရှိ နိုင်ငံတကာ တရားရုံးမှာသာ သူ့ကို စစ်ဆေးစေလိုသည်။ သို့မှသာ ဘက်လိုက်မှု မရှိဘဲ တရားမျှတစွာ မှန်မှန်ကန်ကန် စစ်ဆေးစီရင်မှုကို ခံစားရမည်ဟု ယုံကြည်ကြောင်း သူတို့၏ ဆန္ဒကို ထုတ်ဖော်ပြောဆိုကြသည်။

ထို့ပြင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်ကလည်း အီရတ် သမ္မတဟောင်း ဆက်ဒမ်ဟူစိန်ကို အထူးခုံရုံး ဖွဲ့၍ စစ်ဆေးမည်ဆိုက လူသားချင်း စာနာထောက်ထားမှု အခြေခံမူအပါအဝင် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဥပဒေကြောင်းအရသာ တရားမျှတစွာ စစ်ဆေးစီရင်သင့်သည်ဟု သူ ယုံကြည်ကြောင်း၊ အကယ်၍ ဆက်ဒမ်ကို သေဒဏ်စီရင်မည်ဆိုက သူကိုယ်တိုင် ဆန့်ကျင်ကန့်ကွက်ရလိမ့်မည် ဖြစ်ကြောင်း သူ့ဆန္ဒကို ပွင့်လင်းစွာ ထုတ်ဖော်ပြောကြားသွားခဲ့သည်။

### ဆက်ဒမ်၏ အစုအပြုံလိုက် သတ်ဖြတ်မှုများ

အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်နှင့် အပေါင်းပါ တရားခံ ၇ ဦးကို လူအစုလိုက် အပြုံလိုက် သတ်ဖြတ်ရာတွင် တာဝန်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရှိမှုဖြင့် အီရတ်အစိုးရက တရားစွဲဆိုခဲ့၏။ သို့ကြောင့် တရားသူကြီး ၅ ဦးဖြင့် ဖွဲ့စည်းထားသော အီရတ် အထူးတရားရုံးတစ်ရုံးက ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့မှာ ထိုအမှုကို စတင် စစ်ဆေးသည်။

ပထမအမှု

အမှုမှာ ဒါဝါပါတီဝင် ရှီးယိုက်များက ဆက်ဒမ်ဟူစိန်ကို လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားပြီးနောက် ၁၉၈၂ ခုနှစ်တွင် အီရတ်နိုင်ငံ တောင်ပိုင်းရှိ ဒူဂျေးလ်မြို့ (Dujail) ၌ ရှီးယိုက် ၁၄၈ ယောက်ကို ဆက်ဒမ်၏ အမိန့်အရ အစုလိုက်အပြုံလိုက် ရက်ရက်စက်စက် သတ်ဖြတ်မှု ဖြစ်သည်။

အမှုကို အနှောင့်အယှက် အခက်အခဲများ ကြားမှ တစ်နှစ် ခန့်ကြာမျှ အချိန်ယူ စစ်ဆေးပြီးနောက် အဓိကတာဝန်ရှိသူအဖြစ် ပြစ်မှု ထင်ရှားသဖြင့် တရားရုံးက ဆက်ဒမ်ဟူစိန်ကို ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် သေဒဏ်ချမှတ်ခဲ့၏။

ဆက်ဒမ်နှင့် ပူးတွဲတရားခံ နှစ်ဦး ဖြစ်သော ၎င်းနှင့် မအေတူ ဖအေကွဲ ညီတော်သူ ထောက်လှမ်းရေး အကြီးအကဲ ဘာဇံ အီဘရာဟင်အဲလ်တီကရစ်တီနှင့် တော်လှန်ရေး တရားရုံးချုပ် အကြီးအကဲ အေဝက်ဒ်ဟာမက်အဲလ်ဘန်ဒါတို့ကိုလည်း ယင်း တရားရုံးက သေဒဏ် အပြစ်ပေးခဲ့သည်။

ကျန်ပူးတွဲတရားခံ ၅ ဦးအနက် ဒုတိယသမ္မတဟောင်း တာဟာယာဆင်ရာမာဒန်ကို တရားရုံးက ထောင်ဒဏ် တစ်သက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဖြစ်ဒဏ် စီရင်ပြီး ကျန် ၄ ဦးကို နှစ်ရှည်ထောင်ဒဏ် အသီးသီး ချမှတ်ခဲ့သည်။

နိုဝင်ဘာလ ၅ ရက်နေ့တွင် ဆက်ဒမ်ဟူစိန်ကို အထူးတရားရုံးက သေဒဏ်စီရင်ပြီးနောက် သူက အယူခံဝင်သဖြင့် တရားသူကြီး ၉ ဦး ပါသော အီရတ်အယူခံတရားရုံးက သူ့အယူခံမှုကို ပြန်လည်စိစစ် သုံးသပ်နေစဉ် သက်ဆိုင်ရာ တရားရုံးက ဆက်ဒမ်၏ ဒုတိယအမှုကို စတင်စစ်ဆေးသည်။

## ဒုတိယအမှု

အဆိုပါ ဒုတိယအမှုတွင် ဖြစ်ရပ်နှစ်ခု ပါဝင်၏။ ပထမဖြစ်ရပ်မှာ ၁၉၈၈ ခုနှစ်က အီရတ်နိုင်ငံ အရှေ့မြောက်ဘက် အီရန်နယ်စပ်အနီးရှိ ကာ့ဒ်လူမျိုးတို့၏ မြို့ ဖြစ်သော ဟာလက်ဘ်ဂျာ (Halabja) ကို ဆက်ဒမ်၏ အမိန့်အရ အီရတ်တပ်များက ဓာတုအဆိပ်ဓာတ်ငွေ့လက်နက်များနှင့် လူမဆန်လောက်အောင် ရက်စက်ကြမ်းကြုတ်စွာ လူမျိုးတုံး တိုက်ခိုက်သတ်ဖြတ်သဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ အပါအဝင် အရပ်သား ၅,၀၀၀ ခန့် အတုံးအရုံး သေဆုံးခဲ့ရမှု ဖြစ်သည်။ လူ ၁၀,၀၀၀ ကျော်လည်း ဒဏ်ရာရသွားခဲ့သည်။

ဒုတိယ ဖြစ်ရပ်မှာ ယင်းနှစ်တွင်ပင် အီရတ်မြောက်ပိုင်းမှ ကာ့ဒ်လူမျိုးများ ပုန်ကန်ထကြွမှုကို ဆက်ဒမ်၏ တစ်ချက်လွှတ်အမိန့်အရ အင်ဖဲလ်စစ်ဆင်ရေး (Anfal Operation) ဖြင့် အီရတ်တပ်များက တရကြမ်းနှိမ်နင်းရာတွင် ဓာတုအဆိပ်ဓာတ်ငွေ့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လက်နက်များနှင့် ရက်ရက်စက်စက် တိုက်ခိုက်သောကြောင့် လူ ၁၈၀,၀၀၀ ခန့် သေဆုံးခဲ့ရသော လူမျိုးတုံး သတ်ဖြတ်မှု ဖြစ်လေသည်။ ဒဏ်ရာရသူများကတော့ အနမတဂ္ဂပင်။

**အယူခံပယ်ချ**

ဆက်ဒမ်ဟူစိန်နှင့် ပူးတွဲတရားခံ ၆ ဦး၏ အမှုကို သက်ဆိုင်ရာ တရားရုံးက စစ်ဆေးနေစဉ် ပထမအမှုအတွက် ဆက်ဒမ်၏ အယူခံကို ဒီဇင်ဘာလ ၂၆ ရက်နေ့၌ အယူခံတရားရုံးက ပယ်ချလိုက်၏။ ထိုစဉ် နိုင်ငံတစ်ဝန်း၌ လက်ရှိအခြေအနေ တင်းမာနေလင့်ကစား အီရတ်အစိုးရက အချိန်မဆိုင်းတော့ဘဲ ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်ရန် အဆောတလျင် စီစဉ်စိုင်းပြင်းတော့သည်။ နှစ်သစ်သို့ သူ့ကို တကူးတက ခေါ်သွားချင်ပုံ မရ။ အီရတ်တရားဥပဒေအရ ပြစ်ဒဏ်ကို အတည်ပြုပြီးနောက် ရက်ပေါင်း ၃၀ အတွင်း အရေးယူ ဆောင်ရွက်ရမည်ဟူသော သတ်မှတ်ထားချက်နှင့်လည်း ကိုက်ညီအောင် ဆောင်ရွက်ခြင်း ဖြစ်နိုင်သည်။

**ဆက်ဒမ်ကို ကြိုးပေး ကွပ်မျက်**

စောစောပိုင်းကာလကပင် အီရတ်အစိုးရက 'ဆက်ဒမ်ဟူစိန်ကို ကြိုးပေးကွပ်မျက်ရန် ဝန်လေးမည် မဟုတ်' ဟု လူသိရှင်ကြား ကြေညာထားပြီး ဖြစ်၍ လှည်းနေလှေအောင်း မြင်းဇောင်း မကျန် လူအားလုံးက ဆက်ဒမ်ကို ကွပ်မျက်မည့်အရေးကိုသာ အထူးတလည် အာရုံရောက်နေကြ၏။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သို့ဖြင့် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် စနေနေ့သို့ ရောက်လာသည်။ မျက်နှာတွင် ခံစားချက်အမျိုးမျိုး ထင်ဟပ်ပေါ်လွင်နေသော အီရတ်နိုင်ငံသူနိုင်ငံသားတိုင်းသည် အချိန်ရှိသမျှ ရုပ်မြင်သံကြားစက်နှင့် ရေဒီယိုသို့သာ အာရုံစိုက်နေကြ၏။ ထိုအခိုက် လူတိုင်း စောင့်မျှော်နေကြသော သတင်းဦး သတင်းထူးသည် ရုပ်မြင်သံကြား ဖန်သားပြင်ပေါ်နှင့် လေလှိုင်းထဲမှ ရုတ်ခြည်းပေါ်ထွက်ပုံ့လွင့်လာသည်။ "ဒီနေ့ မနက် ၆ နာရီအချိန်က ဆက်ဒမ်ဟူစိန်ကို ဘဂ္ဂဒက်မြို့တော် တစ်နေရာ၌ ကြိုးပေးကွပ်မျက်လိုက်ပြီ" ဟူသော သတင်းပင်တည်း။

ဆက်ဒမ်ဟူစိန်ကို ကြိုးပေးကွပ်မျက်သည့်သတင်းကို ကြေညာနေစဉ်အတွင်း ဇာတိသွေးဇာတိမာန် တက်ကြွစေသော အမျိုးသား တေးသီချင်းများနှင့် အောက်မေ့ဖွယ်ရာ အမျိုးသား အဆောက်အအုံ ပုံရိပ်များကိုလည်း အီရတ်ရုပ်မြင်သံကြားက မြိုင်ဆိုင်စွာ ထုတ်လွှင့်ပြသပေးသည်။

ထိုစဉ် အီရတ်နိုင်ငံရှိ အမေရိကန် ဦးဆောင်သော အပေါင်းပါ တပ်ဖွဲ့များ၊ အီရတ်တပ်ဖွဲ့များနှင့် ရဲတပ်ဖွဲ့များကိုလည်း အရေးပေါ်လာက အရန်သင့်ရှိစေရန် တပ်လှန့်ထားသည်။

ဆက်ဒမ်ဟူစိန်ကို ကြိုးပေးကွပ်မျက်ပုံကို အီရတ် ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသသည့်အပြင် ကြိုးပေးရေးအစီအစဉ်တွင် တာဝန်ကျသော အရာရှိတစ်ဦးက သက်ဆိုင်ရာမှ ခွင့်ပြုချက်မရှိဘဲ လက်ကိုင်ဖုန်းကင်မရာနှင့် လျှို့ဝှက်ရိုက်ကူးသော ဗွီဒီယို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ခွေကို အီရတ် ပုဂ္ဂလိကရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်လွှင့်ပြသခဲ့သဖြင့် ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်ပုံ မြင်ကွင်းစုံကို တစ်ကမ္ဘာလုံးက မြင်တွေ့သွားခဲ့ကြသည်။

ကြိုးစင်ပေါ်တွင် မျက်နှာဖုံးခေါင်းစွပ်အနက် စွပ်ရန် ဆက်ဒမ်က ငြင်းဆို၏။ သည့်အတွက် သက်ဆိုင်ရာက သူ့ဆန္ဒအတိုင်း မျက်နှာကို မဖုံးဘဲ ကြိုးပေးကွပ်မျက်ရန် ခွင့်ပြုလိုက်ရသည်။

အီရတ် သမ္မတဟောင်းသည် ဘာသာရေးဆိုင်ရာ ဝတ်ပြုဆုတောင်းစာများ ရွတ်ဆိုပြီးနောက် 'ကျူးကျော်သူ အမေရိကန်နယ်ချဲ့ လက်သစ်တွေ ကျဆုံးပါစေ' ဟူ၍ ကြိုးစင်ပေါ်မှ ကြွေးကြော်သွားသေးသည်ဟု ဆိုသည်။

**နောက်ဆုံး နှုတ်ဆက်စာ**

ဆက်ဒမ်ဟူစိန်သည် သူ့ကို အီရတ် တရားရုံးက သေဒဏ်ချမှတ်ခဲ့သော ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် ပြည်သူများသို့ နောက်ဆုံး နှုတ်ဆက်စာတစ်စောင်ကို အာရပ်စာပေဖြင့် ရေးသားခဲ့၏။ သူ့အယူခံမှုကို ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် အထူးအယူခံတရားရုံးက ပယ်ချလိုက်ပြီး နောက်နေ့မှာ သူ့အကျိုးဆောင်ရှေ့နေမှတစ်ဆင့် အဆိုပါစာကို အင်တာနက် ဝက်ဘ်ဆိုက်တစ်ခု၌ တင်ထားခဲ့သည်ဟု ဆိုသည်။

သူ့နောက်ဆုံး နှုတ်ဆက်စာတွင် အီရတ်လူမျိုး အချင်းချင်း ဥမကွဲ သိုက်မပျက် စည်းလုံးညီညွတ်လျက် ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ကြရန် သူက အလေးအနက် တိုက်တွန်းထား

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သည်။ အီရတ် နိုင်ငံသူ နိုင်ငံသားများ တစ်ဦးနှင့် တစ်ဦး သင့်မြတ်ရေးအတွက် အချင်းချင်း မုန်းတီးမှုကို ရှောင်ကြဉ်ရန် လိုအပ်ကြောင်း၊ ကျူးကျော်တိုက်ခိုက်သူ အမေရိကန်နှင့် အပေါင်းပါ နိုင်ငံခြားတပ်ဖွဲ့များကိုပင်လျှင် မုန်းတီးမှုမပြုသင့်ကြောင်း သူ့စာတွင် တစ်မူထူးခြားစွာ ဖော်ပြထားသည်။

မုန်းတီးမှုကြောင့် တရားမျှတရေးနှင့် အမြော်အမြင်ရှိရေးတို့ကို ထိခိုက်ပျက်ပြားစေနိုင်သည်ဟု ဆက်ဒမ်က ထောက်ပြသည်။ ဆွန်နီနှင့် ရှီးယိုက်၊ ဆွန်နီနှင့် ကာ့ဒ်လူမျိုးတို့အကြား ကြီးမားသော ဂိုဏ်းဂဏ အစွဲအလမ်းကြောင့် တစ်ဖက်နှင့် တစ်ဖက် ရန်မီးပွားကာ တိုက်ခိုက်သတ်ဖြတ်မှုများ ပိုမိုဆိုးရွားလာသဖြင့် သူက ယင်းသို့ သတိပေးခြင်း ဖြစ်သည်။

ဘုရားသခင်သည် မေတ္တာရှေ့ထားလျက် သည်းခံခွင့်လွှတ်ကာ ညီရင်းအစ်ကိုပမာ ချစ်ခင်ရင်းနှီးစွာ အတူယှဉ်တွဲ နေထိုင်မှုကို စေ့ဆော်အားပေးသောပုဂ္ဂိုလ်မြတ် ဖြစ်သည်ဟု သူ့စာမှာ ဖော်ပြထားသည်။

သို့သော် ဆွန်နီ လွှမ်းမိုးသော ခုခံတိုက်ခိုက်ရေးသမားများဘက်မှ သူကိုယ်တိုင်က အားပေးထောက်ခံထားသည်။ အာဇာနည်သူရဲကောင်းတို့သည် ဘုရားသခင်အလိုတော်အတိုင်း မြင့်မြတ်သော ဘုံဘဝသို့ ရောက်မည်သာတည်းဟု သူ့နှုတ်ဆက်စာလွှာမှာ အလေးအနက် ဖော်ပြထားသည်ဟု ဆိုသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ရုပ်ကလာပ်ကို ဂူသွင်းမြှုပ်နှံသင်္ဂြိုဟ်

အီရတ် သမ္မတဟောင်း ဆက်ဒမ်ဟူစိန်ကို ကြိုးပေးကွပ်မျက်ပြီးနောက် သူ့ရုပ်ကလာပ်ကို အဖြူရောင်အဝတ်နှင့် ရစ်ပတ်ဖုံးအုပ်ပြီး အမေရိကန် စစ်ရဟတ်ယာဉ်တစ်စင်းဖြင့် ညတွင်းချင်း သယ်ဆောင်သွား၏။ သူ့ကို ကွပ်မျက်ချိန်မှ ၂၄ နာရီ မပြည့်မီ ဒီဇင်ဘာလ ၃၁ ရက် တနင်္ဂနွေနေ့ နံနက် ၄ နာရီအချိန်ခန့်တွင် အီရတ်နိုင်ငံ မြောက်ပိုင်း တီကရစ်မြို့အနီးရှိ သူ့ဇာတိချက်ကြွေ မွေးရပ်မြေ ဖြစ်သော အဲလ်အူဂျာရှာ၌ သူ့ရုပ်ကလာပ်ကို ဂူသွင်း မြှုပ်နှံသင်္ဂြိုဟ်သည်။ သူ့ဘဝ၏ မလှသော နိဂုံးပင်တည်း။

ဆက်ဒမ်ကို မြှုပ်နှံသည့် နေရာသည် ၂၀၀၃ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့က အီရတ်နိုင်ငံ မြောက်ဘက်ရှိ မိုဆူးလ်မြို့၌ အမေရိကန် အထူးတပ်ဖွဲ့များနှင့် တိုက်ပွဲ ဖြစ်ပွားစဉ်က သေဆုံးသွားခဲ့ကြသော သူ့သားနှစ်ယောက် ဖြစ်သော အူဒေး၊ ကူဆေးနှင့် မြေးတစ်ယောက် ဖြစ်သည့် မွတ်စတာဖာဟူစိန်တို့ကို မြှုပ်နှံသင်္ဂြိုဟ်ရာ နေရာနှင့် ၂ မိုင် (၃ ကီလိုမီတာ) ခန့်သာ ကွာဝေးသည်။

၂၀၀၇ ခုနှစ် မတ်လ ၁၃ ရက်နေ့သို့ ရောက်မှ အူဒေး၊ ကူဆေးနှင့် မွတ်စတာဖာဟူစိန်န်တို့၏ ရုပ်ကလာပ်များကို သူတို့မိသားစု ဆန္ဒအရ ပြန်လည်တူးဖော်ပြီး ဆက်ဒမ်၏ အုတ်ဂူအနီးသို့ ပြောင်းရွှေ့မြှုပ်နှံကြသည်ဟု ဆိုသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆက်ဒမ်ကို မြုပ်နှံသင်္ဂြိုဟ်မည့် နေရာသို့ တီကရစ်မြို့မှ လာရောက်ကြမည့် လူများကို သက်ဆိုင်ရာအာဏာပိုင်တို့က တားမြစ်ထား၏။ သို့ကြောင့် သူ့ဆွေမျိုးအချို့အပါအဝင် လူ အနည်းငယ်သာ ယင်းအသုဘအခမ်းအနားသို့ တက်ရောက်နိုင်ခဲ့ကြသည်ဟု ဆာလာဟူဒင်ပြည် အုပ်ချုပ်ရေးမှူးက ထုတ်ဖော်ပြောဆိုသည်။

## ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်မှု ဂယက်

အီရတ်အစိုးရက ဆက်ဒမ်ဟူစိန်ကို ကြိုးပေးကွပ်မျက်လိုက်ပြီ ဖြစ်ကြောင်း တရားဝင်ကြေညာပြီး ကြိုးပေးကွပ်မျက်ပုံ အလုံးစုံကို အီရတ်ပြည်သူများ မျက်ဝါးထင်ထင် မြင်တွေ့ကြရပြီးနောက် အီရတ် တစ်နိုင်ငံလုံးမှာ အထူး ပွက်လောရိုက်သွားသည်။

အာဏာရှင် ဆက်ဒမ်ဟူစိန်၏ ဖိနှိပ်အုပ်ချုပ်မှုဒဏ်ကို နှစ်ပေါင်းများစွာတိုင်တိုင် အလူးအလဲ ခံစားခဲ့ကြရသော နိုင်ငံ့မြောက်ပိုင်းမှ ကာ့ဒ်မျိုးနွယ်များနှင့် အလယ်ပိုင်းနှင့် တောင်ပိုင်းတို့မှ ရှီးယိုက် အများစုအဖို့ မင်္ဂလာသတင်းကောင်းတစ်ရပ်ပင်။ အိမ်ပြင် မထွက်ရ အမိန့်ကို လွန်ဆန်လျက် လမ်းပေါ်သို့ ထွက်၍ပင် အောင်ပွဲခံခဲ့ကြသေးသည်။

ဆွန်နီအများစုကတော့ ယင်းကို အမင်္ဂလာသတင်းဟုသာ မှတ်ယူကြသည်။ သိပ်ကျေနပ်ကြပုံမပေါ်။ ဆက်ဒမ်ဟူစိန်ကို သူတို့က ဘာသာ မျိုးနွယ်တူ သူရဲကောင်းကြီးတစ်ဦးသဖွယ်သဘောထားကြ၏။ ကျူးကျော်သူ အမေရိကန်တို့၏ အလိုကျ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရုပ်သေး အီရတ်အစိုးရက တမင်သက်သက် ရန်ငြိုးနှင့် လက်စားချေခြင်းသာ ဖြစ်သည်ဟု သူတို့က ယူဆကြသည်။ ဂိုဏ်းဂဏအစွဲအလမ်းကြောင့် ရေရှည်ရန် မီးပွားမည့် အရေးကိုတော့ သူတို့အလွန်အမင်း စိုးရိမ်ကြသည်။ သို့ပင်ဖြစ်လင့်ကစား ဆွန်နီအင်အားတောင့်သော ဒေသများတွင် ဝမ်းနည်းသည့် အထိမ်းအမှတ်အဖြစ် လမ်းမပေါ်ထွက်၍ ဆန္ဒပြကြသေးသည်။

ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်သည့် လှိုင်းဂယက်သည် နိုင်ငံတကာမှာလည်း အတော် ရိုက်ခတ်သွား၏။ ကြိုဆိုထောက်ခံသောနိုင်ငံအချို့ ရှိသကဲ့သို့ မကျေနပ်၍ ကန့်ကွက်သော နိုင်ငံလည်း အတော်များများ ရှိသည်။

အမေရိကန်သမ္မတဘုရှ်က 'ဆက်ဒမ်ဟူစိန်သည် သူကျူးလွန်ခဲ့သည့် ရာဇဝတ်ပြစ်မှုများအတွက် သူ ခံသွားရခြင်းသာ ဖြစ်သည်။ ဆက်ဒမ်၏ဘဝနိဂုံးသည် အီရတ်နိုင်ငံ ဒီမိုကရေစီလမ်းကြောင်းပေါ်မှ ထင်ရှားသော မှတ်တိုင်တစ်ခု ဖြစ်သည်။ တရားဥပဒေ စိုးမိုးရေး၏ ပြယုဂ်လည်း ဖြစ်သည်ဟု ဆိုသည်။

ဗြိတိသျှအစိုးရက သေဒဏ်ပေးခြင်းကို မထောက်ခံ။ သို့သော် အီရတ် တရားစီရင်ရေးကိုတော့ လေးစားပါသည်ဟု ကြေညာသည်။ ကျန်ဥရောပနိုင်ငံများနှင့် ဥရောပသမဂ္ဂကမူ ဆက်ဒမ်ဟူစိန်သည် ကြီးလေးသော ပြစ်ဒဏ်ကို ကျူးလွန်သူ ဖြစ်သည်ဟု ခံယူကြသော်လည်း သေဒဏ်အပြစ် ပေးသည်အထိ အရေးယူခြင်းကိုတော့ လက်မခံကြချေ။ ပုပ်ရဟန်းမင်းကြီး၏ ဗာတီကန်နန်းတော်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကလည်း ဆက်ဒမ်ကို ကြိုးပေး ကွပ်မျက်လိုက်ခြင်းသည် ကြေကွဲဖွယ်ရာ ဖြစ်ရပ်တစ်ခု ဖြစ်ပြီး အကြမ်းဖက်မှု အသစ်တွေအတွက် မျိုးစေ့ ချပေးလိုက်သည်နှင့် တူသည်ဟု ထုတ်ပြန်ကြေညာသည်။

ရုရှားနိုင်ငံကမူ ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်၍ စိတ်မကောင်း ဖြစ်ရပြီး နောက်ဆက်တွဲ ပေါ်ပေါက်လာမည့် အရေးအတွက် ရင်လေးမိသည်ဟု ဆိုသည်။

အီရတ်နှင့် ၈ နှစ်ခန့်စစ် ဖြစ်ခဲ့သော အီရန်နိုင်ငံနှင့် ဆက်ဒမ်အမိန့်အရ အီရတ်နိုင်ငံ၏ ကျူးကျော်သိမ်းပိုက်ခံခဲ့ရသော ကူဝိတ်နိုင်ငံတို့ကမူ ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်မှုအတွက် ဝမ်းသာအားရ ကြိုဆိုခဲ့ကြသည်။ အစ္စရေးနိုင်ငံကလည်း ကြိုဆိုသည်။ သို့သော် ထိုကိစ္စကို ပြစ်တင်ကန့်ကွက်သူများလည်း ရှိသည်။

ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်လိုက်ခြင်းကြောင့် အီရတ်နိုင်ငံတွင် အကြမ်းဖက်သတ်ဖြတ်မှုများ ပိုမိုတိုးပွား များပြားလာမည်ဟု အရှေ့အလယ်ပိုင်းမှ မှတ်စလင်ခေါင်းဆောင်များက ဆိုသည်။ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့ကလည်း အလားတူ သဘောထားကြသည်။

ဆက်ဒမ်ကို ကွပ်မျက်သဖြင့် အိန္ဒိယနိုင်ငံက စိတ်မကောင်းဖြစ်ရကြောင်း ထုတ်ဖော် ပြောဆို၏။ ပါကစ္စတန်နိုင်ငံကမူ ယင်းအဖြစ်အပျက်မှာ ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်သည်ဟု ဖော်ပြသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပါလက်စတိုင်း အာဏာရ ဟားမာ့စ်လှုပ်ရှားမှုအဖွဲ့က စစ်သုံ့ပန်း ဖြစ်သော ဆက်ဒမ်ဟူစိန်ကို အဆုံးစီရင်ခြင်းမှာ နိုင်ငံတကာ တရားဥပဒေကို ဆန့်ကျင်ရာ ရောက်သည့်အပြင် နိုင်ငံရေးလုပ်ကြံမှုကြီးလည်း ဖြစ်သည်ဟု စွပ်စွဲပြောဆိုသည်။

အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်ကို ကြိုးပေးကွပ်မျက်ပြီးနောက် နိုင်ငံ့အကြီးအကဲ ဗိုလ်မှူးကြီးကဒါဖီ ဦးဆောင်သော လစ်ဗျားနိုင်ငံက ၃ ရက်ကြာ ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် သတ်မှတ်ကြေညာသည်။ နိုင်ငံတစ်ဝန်းတွင် ပျော်ပွဲရှင်ပွဲများကို ရပ်နားထားစေပြီး အစိုးရရုံးများနှင့် လူနေအိမ် တိုက်တာ အဆောက်အအုံများမှာ လစ်ဗျားနိုင်ငံတော်အလံကို တိုင်ဝက်လွှင့်ထူစေသည်။

ဆက်ဒမ်ဟူစိန်ကို ကွပ်မျက်ခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အပါအဝင် အချို့သော ပုဂ္ဂိုလ်များနှင့် လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေး အဖွဲ့တို့ကလည်း ကန့်ကွက်ရှုတ်ချခဲ့ကြသည်။

ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်စဉ် သက်ဆိုင်ရာမှ ခွင့်ပြုချက် မရှိဘဲ တာဝန်ကျအရာရှိတစ်ဦး သို့မဟုတ် နှစ်ဦးက လက်ကိုင်ဖုန်း ကင်မရာနှင့် လျှို့ဝှက်ရိုက်ကူးထားသော ဗွီဒီယိုခွေကို အီရတ် ပုဂ္ဂလိက ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့သဖြင့် အရှေ့အလယ်ပိုင်းဒေသမှ မွတ်စလင်လောကတွင် မကျေနပ်မှုများ ဖြစ်ပေါ်ခဲ့၏။ သို့ကြောင့် ယင်းပြသနာကို အီရတ်ဝန်ကြီး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ချုပ် နူရီအဲလ်မာလီကီ၏ ညွှန်ကြားချက်အရ ချက်ချင်း စုံစမ်းစစ်ဆေး အရေးယူမှုများ ပြုလုပ်ခဲ့ရသည်။

ထို့ပြင် အီရတ်ဝန်ကြီးချုပ်က အပြစ်မဲ့သော ပြည်သူများကို သတ်ဖြတ်ခြင်း မပြုခဲ့သူ ဘာ့သ်ပါတီဝင်များနှင့် ဆက်ဒမ်ဝါဒီများ အနေဖြင့် အီရတ် နိုင်ငံရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်ရန် ယခုတိုင် တံခါးဖွင့်ထားဆဲ ဖြစ်သည်ဟု ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်ပြီး နောက်နေ့၌ ထုတ်ပြန်သော ကြေညာချက်မှာ ဖိတ်ခေါ်ထားသည်။

ဘာ့သ်ပါတီဝင်များနှင့် ဆက်ဒမ်ဝါဒီများသည် အတိတ်ကာလက အဖြစ်အပျက်များကို ယထာဘူတကျကျ ပြန်လည်သုံးသပ်ပြီး နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားအတွက် အီရတ် ပြည်သူလူထုနှင့် လက်တွဲ ပူးပေါင်းဆောင်ရွက်ကြရန် သူက အလေးအနက် နှိုးဆော်တိုက်တွန်းထားသည်။

အာဏာရှင်ဟောင်းဆက်ဒမ်ဟူစိန်၏ ဘဝနိဂုံးသည် ပြည်သူတို့အပေါ် ရာဇဝတ်မှုများ ဆက်တိုက် ကျူးလွန်ပြီး မတရားဖိနှိပ်အုပ်စိုးသူတို့အတွက် ထင်ရှားသော သင်ခန်းစာတစ်ရပ် ဖြစ်သည်။ အာဏာရှင်ဟောင်းနှင့် သူ၏ အပေါင်းပါများကို ဥပဒေနှင့်အညီ တရားစီရင်၍ အပြစ်ပေးခဲ့ပုံကို ထောက်ရှုခြင်းအားဖြင့် အီရတ်နိုင်ငံ၏ တရားစီရင်ရေးသည် အရည်အချင်း ရှိပြီး ဘက်လိုက်မှု ကင်းသည်ကို အထင်အရှား မြင်တွေ့ကြရမည်ဟု အီရတ်ဝန်ကြီးချုပ်က အဆိုပါ ကြေညာချက်တွင် ထောက်ပြထားသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ဘာသ်ပါတီ ဥက္ကဋ္ဌသစ် ရွေးချယ်

၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ဘာသ်ပါတီ ဥက္ကဋ္ဌ ဆက်ဒမ်ဟူစိန် ကျဆုံးသွားပြီးနောက် မတရားအသင်း ကြေညာခံထားရသည့် မြေအောက် အာရပ်ဆိုရှယ်လစ်ဘာသ်ပါတီ က ဥက္ကဋ္ဌဟောင်းကို ဆက်ခံသူ ပါတီဥက္ကဋ္ဌသစ်အဖြစ် တော်လှန် ရေးဦးစီးကောင်စီ၏ ဒုတိယဥက္ကဋ္ဌဟောင်းနှင့် ဒုတိယသမ္မတ ဟောင်း အဇ္ဇတ်အီဘရာဟင်အဲလ်ဒူရီ (Izzat Ibrahim al-Douri) ကို 'တစ်ဗိုလ်ကျ တစ်ဗိုလ်တက်' စနစ်အရ တညီတညွတ်တည်း ရွေးချယ်တင်မြှောက်လိုက်ကြောင်း အင်တာနက် ဝက်ဘ်ဆိုက် တစ်ခု၌ ကြေညာထားသည်။

၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ဘာသ်ပါတီဥက္ကဋ္ဌ ဆက်ဒမ်ဟူစိန် အဖမ်းခံရချိန်မှ စ၍ ဘာသ်ပါတီကို ဦးဆောင် လျက် တော်လှန်ပုန်ကန်မှုကို အဲလ်ဒူရီက ဆက်လက် တာဝန်ယူ ဆောင်ရွက်ခဲ့၏။ သို့ကြောင့် ဘာသ်ပါတီ ဥက္ကဋ္ဌသစ် အဇ္ဇတ်အီဘရာ ဟင်အဲလ်ဒူရီသည် အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ များနှင့် အီရတ်အစိုးရတို့၏ အလိုအရှိဆုံးသူ ဖြစ်လာခဲ့သည်။

## အီရတ် အရေးအခင်း အပြောနှင့် အလုပ် မညီ

အမေရိကန်သမ္မတ ကလင်တန်သည် သမ္မတဆက်ဒမ် ဟူစိန် အုပ်ချုပ်သော အီရတ်နိုင်ငံတွင် လူအမြောက်အမြား သေ ကျေနိုင်သော ဖျက်အားပြင်း လက်နက်များ (MWD) ရှိသည်ဟု ယုံကြည်ခဲ့၏။ ၂၀၀၀ ပြည့်နှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဒုတိယသမ္မတ အဲလ်ဂိုး (Vice President Al Gore) ကလည်း ဆက်ဒမ်ဟူစိန်သည် ဓာတုဇီဝလက်နက်များကို လျှို့ဝှက်သိုလှောင်ထားသည်ဟု စွပ်စွဲခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး မယ်ဒလင်အောလ်ဘရိုက် (Secretary of State Medeleine Albright) ကလည်း ထိုကိစ္စကို အထူးစိုးရိမ်စရာအဖြစ် အလေးအနက် ပြောခဲ့သည်။ သို့သော် လက်တွေ့တွင်မူ အီရတ်နိုင်ငံကို အမေရိကန်က ကျူးကျော်တိုက်ခိုက်ခြင်း မပြုခဲ့။

သမ္မတဘုရှ်လက်ထက်တွင် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ် (Colin Powell) က ဆက်ဒမ်ဟူစိန်သည် ဖျက်အားပြင်းလက်နက်များကို ပိုင်ဆိုင်ထားသည့်အပြင် အိုစမာဘင်လာဒင်၏ အဲလ်ကေဒါ အကြမ်းဖက်အဖွဲ့နှင့်လည်း အဆက်အသွယ် ရှိသဖြင့် နိုင်ငံတကာ လုံခြုံရေးကို အန္တရာယ်ပေးနိုင်သည်ဟု ပြင်းပြင်းထန်ထန် အရေးယူရန် ကုလသမဂ္ဂသို့ တင်ပြခဲ့သည်။

အူတာပြည်နယ်မှ ရီပတ်ဘလီကန်ပါတီဝင် အထက်လွှတ်တော်အမတ် ရောဘတ်ဘင်နက် (Republican Senator Robert Bennett) က သမ္မတဘုရှ်သည် အီရတ်နိုင်ငံရှိ ဖျက်အားပြင်း လက်နက်များ ပြဿနာ၊ အဲလ်ကေဒါ အကြမ်းဖက်အဖွဲ့နှင့် အဆက်အသွယ်ရှိသည့် ပြဿနာ၊ အာဏာရှင် ဆက်ဒမ်ဟူစိန်သည် သူ့ပြည်သူများကို လူမဆန်လောက်အောင် နှိပ်စက်သတ်ဖြတ်နေသည့် ပြဿနာနှင့် အိမ်နီးချင်းနိုင်ငံများကို ဆက်ဒမ်က မကြာခဏ ခြိမ်းခြောက်နေသည့် ပြဿနာတို့ကို မလွှဲမရှောင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သာ ဖြေရှင်းသည့်အနေဖြင့် အီရတ်နိုင်ငံ လွတ်မြောက်ရေး စစ်ပွဲ ဆင်နွှဲခဲ့ရခြင်း ဖြစ်သည်ဟု ၂၀၀၃ ခုနှစ် ဇွန်လတွင် သမ္မတဘုရှ် ဘက်မှ ရပ်တည်လျက် ထောက်ခံ ပြောဆိုသွားခဲ့သည်။ အထက် ဖော်ပြပါ ပြဿနာ ၄ ရပ် သို့မဟုတ် အကြောင်းရင်း ၄ ချက်ကြောင့် အီရတ်နိုင်ငံကို သမ္မတဘုရှ် တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုလို သည်။ ထို့ပြင် စီနီယာဘုရှ်သည် ၁၉၉၃ ခုနှစ်တွင် ကူဝိတ်နိုင်ငံသို့ အလည်အပတ်ခရီး လာရောက်ခဲ့စဉ်က ဆက်ဒမ်၏ လျှို့ဝှက် ညွှန်ကြားချက်အရ သမ္မတဟောင်း စီနီယာဘုရှ်နှင့် ကူဝတ်စော်ဘွား တို့ကို လုပ်ကြံသတ်ဖြတ်ရန် မအောင်မြင်သော ကြိုးပမ်းမှုလည်း အဓိကအကြောင်းရင်းတစ်ချက်အဖြစ် ပါဝင်နိုင်သည်။

မည်သို့ဆိုစေ ဘုရှ် အစိုးရသည် ဖျက်အားပြင်းလက်နက် များကို အီရတ်နိုင်ငံအနှံ့ ပိုက်စိပ်တိုက် လိုက်လံရှာဖွေခဲ့သော်ငြား လည်း ယင်းတို့ကို တစ်စွန်းတစ်စမျှ နောက်ထပ် ရှာမတွေ့တော့ ချေ။ ယင်းသို့ဖြစ်ရသည်မှာ ကုလသမဂ္ဂ လက်နက် စစ်ဆေးရေး အဖွဲ့က ရှာဖွေတွေ့ရှိသော တားမြစ်ထားသည့် လက်နက်များကို ဖျက်ဆီးခဲ့ပြီး ဆက်ဒမ်၏ အမိန့်အရ ကျန်ဖျက်အားပြင်း လက်နက် များကို ၁၉၉၁ ခုနှစ်နှင့် ယင်းနောက်ပိုင်းကာလတို့တွင် အီရတ် တပ်ဖွဲ့များက ဖျက်ဆီးပစ်ခဲ့သောကြောင့် ဖြစ်သည်။ တစ်နည်း အားဖြင့် အဏုမြူဗုံး၊ ဒုံးပျံ၊ ဇီဝဓာတု စသော ဖျက်အားပြင်း လက်နက် အစီအစဉ်များကို အီရတ်တို့က အပြီးအပိုင် ဖျက်သိမ်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြီး နောက်ထပ် ပြန်မစတော့၍ ယင်းတို့ကို ရှာမတွေ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် ဆက်ဒမ်ဟူစိန်သည် အိုစမာဘင်လာဒင်၏ အဲလ်ကေဒါ အကြမ်းဖက်အဖွဲ့နှင့် အဆက်အသွယ် ရှိသည် ဆိုခြင်းကိုလည်း ခိုင်လုံသော အထောက်အထားများ မတွေ့ရ။ ယင်းသို့ အထောက်အထားများ မတွေ့ရကြောင်းကို အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်လ်ရမ်းစဖဲလ် (Donald Rumsfeld) ကိုယ်တိုင်ကပင် ဝန်ခံခဲ့သည်။ သို့ကြောင့် သမ္မတဘုရှ်သည် အီရတ်အရေးအခင်းနှင့် ပတ်သက်၍ အပြောနှင့် အလုပ် မညီဟု ဆိုနိုင်ပေသည်။

အီရတ်နိုင်ငံမှာလည်း အကြမ်းဖက် တိုက်ခိုက်မှုများ အတောမသတ်နိုင်လောက်အောင် ထူပြောများပြားလာသည်။ ပြည်သူများအတွက် အသက် အိုးအိမ်စည်းစိမ် လုံခြုံမှု လုံးဝမရှိ။ အကြီးအကျယ် ဒုက္ခပင်လယ်ဝေကြရသည်။ သေဆုံးသူ၊ ထိခိုက်ဒဏ်ရာရသူ၊ ကိုယ်လက်အင်္ဂါ ချို့တဲ့၍ မသန်မစွမ်း ဒုက္ခိတဘဝသို့ ကျရောက်ရသူ စသည်ဖြင့် ထောင် သောင်းချီ၍ များပြားလာသည်။ အိုးပစ် အိမ်ပစ် ဖြစ်ကာ ပြည်တွင်းမှာ ဒုက္ခသည် အမြောက်အမြား ပေါ်ပေါက်လာသည်သာမက အိမ်နီးနားချင်း နိုင်ငံများသို့ ထွက်ပြေးခိုလှုံကြရသော ဒုက္ခသည်များလည်း အနမတဂ္ဂပင်။

အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးအတွက် အမေရိကန် ပြည်ထောင်စုက ယူအက်စ်ဒေါ်လာ ဘီလီယံပေါင်းများစွာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထောက်ပံ့သော်ငြားလည်း အကြမ်းဖက်မှု အန္တရာယ်ကြောင့် လုံခြုံရေးအခြေအနေ ဆိုးရွားနေသဖြင့် ထိရောက်သင့်သလောက် မထိရောက်။ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ကာကွယ်ရေး၊ ငြိမ်ဝပ်ပိပြားရေး စသည်တို့မှာလည်း အခြေအနေ သိပ်မကောင်း။ 'သမင် မွေးရင်း ကျားစာရင်း' ဆိုသလို ကောင်းစွာ အရာမထင် ဖြစ်နေသည်။

အီရတ်နိုင်ငံရှိ အမေရိကန် တပ်ဖွဲ့ဝင်များ၏ အသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရမှုများလည်း တစ်နေ့တခြား ပိုမိုများပြားလာသည်။ ထို့ထက် အမေရိကန် စစ်သည်များ၏ စိတ်ဓာတ်ရေးရာ ပျက်ပြားကာ တိုက်ရည်ခိုက်ရည် လျော့ကျ နိမ့်ဆင်းသွားသည်။ မိမိကိုယ်မိမိ သတ်သေသော အမေရိကန် စစ်သားများလည်း မနည်းတော့။

သည့်အတွက် အီရတ် အရေးအခင်း သို့မဟုတ် အီရတ် ကျူးကျော်စစ်ပွဲကြောင့် ပြည်ပမှာရော ပြည်တွင်းမှာပါ အမေရိကန် သမ္မတဘုရှ်နှင့်ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲတို့ကို လူထု ထောက်ခံမှု သိသိသာသာ ကျဆင်းသွားခဲ့သည်။ အထူးသဖြင့် အမေရိကန် ပြည်ထောင်စု လွှတ်တော် ရွေးကောက်ပွဲများတွင် ရီပတ်ဘလီကန်ပါတီထက် ဒီမိုကရက်တစ်ပါတီက လွှတ်တော် ကိုယ်စားလှယ် ပိုရပြီး ကွန်ဂရက်လွှတ်တော်ကိုရော ဆီးနိတ်လွှတ်တော်ကိုပါ လွှမ်းမိုးသွားခဲ့သောကြောင့် သမ္မတဘုရှ်အစိုးရအဖို့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လုပ်ငန်းကိုင်ငန်း လုပ်ကိုင်ရာတွင် လွန်စွာအခက်အခဲ ကြုံတွေ့လာရသည်။

**အီရတ်ကို အနုစ်သာရအားဖြင့် အဆင့်မြှင့်သော်လည်း**

သမ္မတဘုရှ်သည် အာဏာရှင် ဆက်ဒမ်ဟူစိန်၏ လူမဆန်လောက်အောင် ရက်ရက်စက်စက် ဖိနှိပ်မှု အောက်မှ အီရတ်ပြည်သူများ လွတ်မြောက်၍ သူတို့ ကံကြမ္မာကို သူတို့ လွတ်လပ်စွာ ဖန်တီးနိုင်ရေးအတွက် အီရတ်နိုင်ငံကို ကယ်တင်ရခြင်း ဖြစ်သည်ဟု သူက တစ်မျိုးတစ်ဖုံ အကြောင်းပြပြန်၏။ တကယ်တော့ ကုလသမဂ္ဂ၏ သဘောတူညီချက် မပါဘဲ အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ များက အီရတ်နိုင်ငံ လွတ်မြောက်ရေး စစ်ပွဲဟု ကမ္ပည်းထိုးကာ အီရတ်နိုင်ငံကို ကျူးကျော်ခြင်းသာ ဖြစ်သည်။

စစ်ပွဲ အောင်နိုင်ပြီးနောက် အီရတ်နိုင်ငံကို မဟာမိတ်ယာယီ အာဏာပိုင်အဖွဲ့ (the Coalition Provisional Authority) ဖြင့် အုပ်ချုပ်၏။ ၂၀၀၃ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် ယင်းက အုပ်ချုပ်ရေးအာဏာကို အီရတ် ကြားဖြတ်အစိုးရ (the Iraqi Interim Government) လက်သို့ လွှဲအပ်လိုက်သည်။ ထို့နောက် အီရတ်ကြားဖြတ်အစိုးရက ၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် အမျိုးသားရွေးကောက်ပွဲ ကျင်းပပေးပြီး တရားဝင်ရွေးကောက်ခံရသော အီရတ်အစိုးရ၏ ဦးဆောင်မှုဖြင့် အီရတ်ပါလီမန်က အီရတ်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေကို သတ်မှတ်ချိန်အတွင်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အပြီး ရေးဆွဲခဲ့၏။ ယင်းကို ပြည်သူတို့၏ ဆန္ဒမဲဖြင့် ဆုံးဖြတ်အတည်ပြုသည်။ သို့ကြောင့် အီရတ်နိုင်ငံသည် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အုပ်ချုပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။

သမ္မတဘုရှ်က အီရတ်နိုင်ငံ လွတ်မြောက်ရေးအတွက်ဟု သုံးနှုန်းပြီး အီရတ် အုပ်ချုပ်ရေးယန္တရားကို အနုစိတ်သာရအားဖြင့် အဆင့်မြှင့်သည့်တိုင် ပြည်သူတို့အဖို့ ဆင်းရဲဒုက္ခ ပင်လယ်ဝေလျက် လွတ်မြောက်မှု အကျိုးအာနိသင်ကို တစ်စုံတစ်ရာ မခံစားကြရသေးချေ။

ပြည်တွင်း အကြမ်းဖက် သောင်းကျန်းမှုများကြောင့် လုံခြုံရေးအခြေအနေမှာ အတိုင်းထက်အလွန် ဆိုးရွားလာခဲ့၏။ အမေရိကန်တို့ ဖွဲ့စည်းထူထောင်ပေးသော အီရတ်တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့လည်း ယင်းတို့ ခြေထောက်ပေါ်မှာ ခိုင်မြဲစွာ မရပ်နိုင်သေး။ အပေါင်းပါတပ်ဖွဲ့များ အထူးသဖြင့် တစ်သိန်းခွဲနီးပါး အင်အားရှိသည့် အမေရိကန်တပ်ဖွဲ့များကိုသာ အဓိက အားကိုးအားထားပြုနေကြရသည်။ နောက်ပိုင်း ကာလတွင် အကြမ်းဖက်မှုများ အထိုက်အလျောက် ကျဆင်းလာသော်ငြားလည်း လုံခြုံရေး အခြေအနေမှာ အတော်ဆိုးရွားဆဲ ဖြစ်ပြီး တရားဥပဒေစိုးမိုးရေးမှာလည်း ကင်းမဲ့နေသေးသည်။

အာရပ်ကမ္ဘာမှ သဘောထား တင်းမာသော ဆီးရီးယား၊ အီရန် စသော အမေရိကန် ဆန့်ကျင်ဘက် နိုင်ငံများကတော့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အီရတ်နိုင်ငံသည် နယ်ချဲ့လက်သစ် အမေရိကန်ပြည်ထောင်စု၏ လက်ခုပ်ထဲကရေ ဖြစ်နေသည်။ အမေရိကန် ဦးဆောင်သော နိုင်ငံခြားတပ်ဖွဲ့ အားလုံး အီရတ်နိုင်ငံမှ လုံးဝထွက်ခွာသွားပြီးမှသာ အီရတ် အခြေအနေ တိုးတက်ကောင်းမွန်လာမည်ဟု ပြင်းပြင်းထန်ထန် ဝေဖန်ကြသည်။ အမေရိကန်အစိုးရက ဆီးရီးယားနှင့် အီရန်နိုင်ငံတို့အား အကြမ်းဖက်အုပ်စုများကို အားပေးသော နိုင်ငံများအဖြစ် တိုက်ခိုက်စွပ်စွဲမှုကို ယင်းတို့က တန်ပြန်ခြင်း ဖြစ်နိုင်သည်။

အီရတ်နိုင်ငံကို အမေရိကန်တပ်ဖွဲ့များ ကျူးကျော်ခြင်းသည် ခေတ်သစ်ကမ္ဘာတွင် အကြီးမားဆုံးသော လူ့အခွင့်အရေး ချိုးဖောက်မှု၊ လူသားချင်း စာနာမှုတွင် အဆိုးရွားဆုံး ထိပါးနှောင့်ယှက်မှု ဖြစ်ပေါ်စေသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ တရားဝင် ကြေညာချက်မှာ စွပ်စွဲ ဖော်ပြထား၏။ ၂၀၀၈ ခုနှစ် မတ်လ ၁၆ ရက်စွဲဖြင့် ပေကျင်းမှ လာသော ဆင်ဟွာသတင်းတစ်ရပ်က ယင်းသတင်းကို ဖော်ပြထားသည်။ ယင်းသို့ တရုတ်နိုင်ငံ၏ ပြင်းထန်သော ဝေဖန်ချက် ပေါ်ထွက်လာခြင်းမှာ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက တရုတ်နိုင်ငံကို လူ့အခွင့်အရေး ချိုးဖောက်သော နိုင်ငံများစာရင်းတွင် ထည့်သွင်းထားသဖြင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက တုံ့ပြန်တိုက်ခိုက် စွပ်စွဲခြင်း ဖြစ်ကောင်းဖြစ်မည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အီရတ်စစ်ပွဲတွင် အမေရိကန် အစိုးရ၏ ကုန်ကျစရိတ်သည် ယူအက်စ်ဒေါ်လာ သုံးထရီလီယံ (သန်း သုံးသန်း) ခန့်ရှိ၏။ ယင်းအတွက် အမေရိကန်ပြည်သူတို့သည် နောင်နှစ်ပေါင်း ၅၀ ကြာသည်အထိ ပြန်လည် ပေးဆပ်ကောင်း ပေးဆပ်ကြရပေလိမ့်မည်ဟု နယူးစ်ဝိခ်မဂ္ဂဇင်းမှ သတင်းသမား ရာနာဖော်ရူးဟားသည် စီးပွားရေးပညာရှင် ဂျိုးဇက်စတစ်ဂလစ်နှင့် ၂၀၀၈ ခုနှစ် မတ်လအတွင်းက တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ဂျိုးဇက်က ခန့်မှန်းတွက်ချက် ဖော်ပြသွားခဲ့သည်။

**ဘာ့သ်ပါတီရဲဘော်ဟောင်းတစ်ဦး၏ အပြုသဘော သုံးသပ်ချက်**

ယခုအခါ လန်ဒန်မြို့တော်၌ နေထိုင်သော ဘာ့သ်ပါတီတော်လှန်ရေးဦးစီးကောင်စီဝင်ဟောင်း ဟာမက်ဒ်အဲလ်ဂျူဘိုရီ (Hamed al-Jubouri) က–

"ကနဦးကတော့ ဘာ့သ်ပါတီကို ဒို့ခေတ်က ပညာတတ်တွေနဲ့စတင် ဖွဲ့စည်းခဲ့တာပါ။ တက္ကသိုလ်ပါမောက္ခတွေ၊ ဆရာဝန်တွေ၊ စီးပွားရေးပညာရှင်တွေ၊ သမိုင်းပညာရှင်တွေ စတဲ့ ပုဂ္ဂိုလ်တွေ အများအပြား ပါတာပေါ့။ တကယ့်ကို နိုင်ငံ့မျက်နှာဖုံး ထိပ်တန်းပညာတတ် ပုဂ္ဂိုလ်တွေပါပဲ။

"အဲဒီတုန်းက ဆက်ဒမ်ကလည်း နှစ်သက် လိုလား အားထားစရာပါ။ သူ့ကို အထင်ကြီးမယ်ဆိုရင်လည်း ကြီးလောက်သပေါ့။ ရှေ့ပိုင်း ဆက်ဒမ်နဲ့ နောက်ပိုင်း ဆက်ဒမ်တို့ဟာ လုံးလုံးလျားလျားကို ကွာခြားသွားတာကိုး။ သူရဲ့ ဆွဲဆောင်စည်းရုံးရေး ကျွမ်းကျင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မှုကြောင့် ပါတီထဲကို ကျုပ်တို့တစ်တွေ ဝင်လာ ရောက်လာကြတာ။ ကျုပ်တို့ အီရတ်နိုင်ငံလို အင်မတန် ခက်ခဲတဲ့ နိုင်ငံမျိုး၊ ကျုပ်တို့ ပြည်သူတွေလို အင်မတိ အင်မတန်ခက်ခဲလွန်းတဲ့ ပြည်သူမျိုးကို ထူးထူးခြားခြား စီမံကွပ်ကဲအုပ်ချုပ်နိုင်စွမ်းရှိတဲ့ သူ့ကို ယုံကြည်စိတ်ချစွာနဲ့ ကျုပ်တို့က ဝိုင်းဝန်းအားပေးထောက်ခံခဲ့ကြတယ်လေ။ ကျုပ်တို့တစ်တွေက သူ့ကို တကယ့်ကို နှစ်နှစ်ကာကာ အုံညြချီးကျူးခဲ့ကြတာတော့ အမှန်ပါပဲဗျာ။ ဘဂ္ဂဒက်မြို့တော်ရဲ့ မြောက်ဘက် အလွန်ခေါင်တဲ့ ကျေးလက်ဒေသက သူ့လို ကျေးတောသား လူငယ်တစ်ယောက်အဖို့အဲသလောက် စွမ်းပကားရှိတဲ့ နိုင်ငံ့ခေါင်းဆောင်တစ်ဦး ဘယ်လိုဘယ်ပုံ ဖြစ်လာခဲ့တာလဲလို့။ သူဟာ အသိဉာဏ်ပညာ အမြော်အမြင်မှာရော လက်တွေ့ကျကျ ဆောင်ရွက်တတ်တာမှာပါ အရည်အသွေး နှစ်မျိုးစလုံးနဲ့ ပြည့်စုံပုံပေါ်တယ်။

"သို့ပေမဲ့ သူ့ရဲ့ တကယ့် စစ်မှန်တဲ့ အတွင်းစိတ်ကို မှင်သေသေနဲ့ လူသူလေးပါး မရိပ်စားမိအောင် ဖုံးဖုံးဖိဖိ သူ လုပ်ထားနိုင်ခဲ့တယ်။ သူဟာ သိုသိုသိပ်သိပ် ဆိတ်ဆိတ်ငြိမ်ငြိမ်နဲ့ သူ့ညြဇာအာဏာကို တဖြည်းဖြည်း တစိုက်မတ်မတ် တည်ဆောက်ထူထောင်ရင်း သူ့ကိုယ်ကျိုးရှာ တစ်ကိုယ်ကောင်း စိတ်နေစိတ်ထားကို နှစ်ပေါင်းများစွာတိုင်တိုင် လူမသိ သူမသိအောင် ဖုံးဖိထားခဲ့တယ်။ သူ့ကို လူအများ နှစ်သက်အောင် အမျိုးမျိုး ဟန်ဆောင်ဖန်တီးကာ သူရဲ့ စစ်မှန်တဲ့ ပင်ကိုစရိုက်ကို ဆက်လက် ဖုံးကွယ်ထားတယ်။ သူ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရဲ့ ကိုယ်ကျိုးရှာ ရည်ရွယ်ချက်ကို ဖုံးကွယ်ထားနိုင်တဲ့ ထူးခြားတဲ့ စွမ်းပကား သူ့မှာ ရှိတာ အမှန်ပါပဲ။ အဲသလို ဖုံးဖုံးဖိဖိ လုပ်နိုင်စွမ်း ရှိတာဟာ သူရဲ့ အကြီးမားဆုံး ကျွမ်းကျင်မှု (his greatest skill) ရယ်လို့ ယူဆမယ်ဆိုရင်လည်း ယူဆနိုင်တာပေါ့ဗျာ"

ဟု သူ့အတွေ့အကြုံကို အခြေခံ၍ သူနှင့် ရဲဘော်ရဲဘက် ဆက်ဒမ်ဟူစိန်အပေါ် အပြုသဘော ဝေဖန်သုံးသပ်သွားခဲ့သည်။

**သွေးသောက် ရဲဘော်ဟောင်းအချို့၏ ကောက်ချက်**

တစ်ချိန်က ဆက်ဒမ်နှင့် သွေးသောက် ရဲဘော်ဟောင်း တွေ ဖြစ်ခဲ့ကြပြီး နောက်ပိုင်းကာလတွင် ပြည်ပသို့ တိမ်းရှောင် သွားခဲ့ကြရသော ဘာ့သ်ပါတီဝင် ရဲဘော်ဟောင်းအချို့က–

"ဆက်ဒမ်ရဲ့ လူမှုရေးပြုပြင်ပြောင်းလဲရေး အစီအစဉ် တွေကို အစက ကျုပ်တို့တစ်တွေ ထောက်ခံခဲ့ကြတဲ့အတွက် သူ ရဲ့ လှည့်စားမှုစက်ကွင်းမှာ ကျုပ်တို့တစ်တွေ မိခဲ့ကြတယ်လို့ ခံစားကြရတယ်ဗျာ..။

"အီရတ်နိုင်ငံမှာ သူ အာဏာ အပြည့်အဝ ရရှိပြီးတဲ့နောက် များမကြာမီ သူ့ရည်မှန်းချက်ဟာ အိမ်နီးနားချင်းနိုင်ငံတွေကို စစ်ရေးအရ အောင်နိုင်ရေးနဲ့ သူ့ဩဇာအာဏာ ကြီးမားမှုကို အခြေခံကာ သူ ထင်ပေါ်ကျော်ကြားရေးဘက်သို့ တစ်မုဟုတ်ချင်း ကူးပြောင်းသွားခဲ့တယ်။

"တကယ်တော့ ပါတီရဲ့ ရည်မှန်းချက်ဟာ လူပုဂ္ဂိုလ်တစ်ဦး ရဲ့ အတ္တအကျိုးအတွက် မဖြစ်စေဘဲ နိုင်ငံနဲ့ ပြည်သူတစ်ရပ်လုံး အကျိုးစီးပွားအတွက်သာ ဖြစ်သင့်တယ်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"ဆက်ဒမ်ဟာ ပါတီရဲ့လမ်းစဉ်ကို သူ့ကိုယ်ကျိုးအတွက် သူ့ကိုယ်ပိုင်လမ်းစဉ်အဖြစ်သာ ပြုလုပ်ကျင့်သုံးခဲ့တယ်။ သူရဲ့ ပဓာနကျတဲ့ ရည်မှန်းချက်ပန်းတိုင်ဟာ အီရတ်နိုင်ငံကို သူတစ်ဦးတည်း အာဏာရှင်ဆန်ဆန် ရာသက်ပန် စိုးမိုးအုပ်ချုပ် မင်းလုပ်ရေးသာ ဖြစ်တယ်"

ဟု သူတို့က အခိုင်အမာ ကောက်ချက်ချကြသည်။

**အာဏာရှင်နှင့် စိတ်ရောဂါ**

ဆက်ဒမ်ဟူစိန်သည် ၁၉၇၉ ခုနှစ်တွင် ဘာ့သ်ပါတီဥက္ကဋ္ဌနှင့် သမ္မတ ဖြစ်လာကာ အာဏာ အပြည့်အဝ ရရှိပြီးနောက် သူ့ကို ဆန့်ကျင်သူ သို့မဟုတ် ဆန့်ကျင်ရန် အလားအလာ ရှိသူဟု သံသယရှိသူများကို အစိုးရဌာနအတွင်းမှာရော ပါတီတွင်းမှာပါ 'ဖြုတ် ထုတ် သတ်' နည်းလမ်းကို တွင်တွင်ကျင့်သုံးခဲ့၏။ ထိုထိုသော ဖြစ်ရပ်ဆိုးများကို မြင်တွေ့ကြားသိကြရသူတို့အဖို့ သူ့ကို ဖိမ့်ဖိမ့်တုန်မျှ ကြောက်ရွံ့ကြသည်။

အီရန်–အီရတ် စစ်ပွဲ ဖြစ်စဉ်က ပကတူး၌ အီရတ်တို့သည် အတော်အတန် အခြေအနေကောင်းခဲ့သော်ငြားလည်း တစ်နှစ်ကျော်ခန့် ကြာသောအခါ လူဦးရေ သုံးဆနီးပါးမျှ ပိုများသော အီရန်တို့ဘက်က လူလှိုင်းများကို အသုံးပြု၍ တန်ပြန်ထိုးစစ်ဆင်ကြရာ အီရတ်တို့အဖို့ လွန်စွာအထိနာ၏။

၁၉၈၂ ခုနှစ်တွင် ဆက်ဒမ်သည် အီရန်နှင့် စစ်ပြေငြိမ်းလိုသဖြင့် ကက်ဘိနက်ဝန်ကြီးအဖွဲ့ အစည်းအဝေး ကျင်းပပြီး ထိုကိစ္စ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အတွက် ပွင့်ပွင့်လင်းလင်း အကြံပေးကြရန် သူက မေတ္တာရပ်ခံသည်။ ထိုအခါ ကျန်းမာရေးဝန်ကြီး ရီယက်အီဘရာဟင်က သမ္မတအနေနှင့် ရာထူးမှ ခေတ္တဆင်းပေးမည်ဆိုလျှင် ထိုပြဿနာမှာ မကြာမီ ပြီးပြတ်ပြေလည်သွားမည် ဖြစ်ကြောင်း မကွယ်မထောင် ပွင့်လင်းစွာ တင်ပြ၏။ နောက်နေ့တွင် ထိုဝန်ကြီး၏ အပိုင်းပိုင်း ပြတ်နေသော အလောင်းသာလျှင် သူ့ဇနီးထံသို့ ရောက်လာသည်ဟု ဆိုသည်။ အလွန်တရာ တုန်လှုပ်ချောက်ချားဖွယ်ပင်တည်း။

အီရန်နှင့် ၈ နှစ်ကြာမျှ စစ်တိုက်ခဲ့ရသဖြင့် အီရတ်စစ်သည်နှင့် ပြည်သူအမြောက်အမြား သေကျေခဲ့ကြရ၏။ အပြင်းအထန် ဒဏ်ရာရရှိ၍ မသန်မစွမ်း ဒုက္ခိတဖြစ်နေသူများလည်း အနမတဂ္ဂပင်။ နိုင်ငံအနှံ့မှ ရုံး၊ ကျောင်း၊ ဆေးရုံ၊ လူနေတိုက်တာ အဆောက်အအုံ စသည်တို့ မြင်မကောင်း ရှုမကောင်းလောက်အောင် ယိုယွင်းပျက်စီးသွားသည်။ စစ်ရေး၊ စီးပွားရေး စသည်တို့မှာ နာလန်မထူနိုင်လောက်အောင် ပျက်စီးဆုံးရှုံးသွားခဲ့သည်။ တိုင်းရင်းသား လူမျိုးများ စည်းလုံးညီညွတ်ရေးမှာ ဝါး အစည်းပြေသလို ဖရိုဖရဲဖြစ်နေသည်။ နိုင်ငံတစ်ဝန်း ငြိမ်ဝပ်ပိပြားမှု အခြေအနေမှာလည်း အတော်ဆိုးရွားနေသည်။ အီရတ်နိုင်ငံတွင် ယင်းသို့သော အခြေအနေဆိုးများ ပေါ်ပေါက်ဖြစ်ပျက်နေသော်ငြားလည်း ၁၉၉၀ ပြည့်နှစ်တွင် အီရတ်တပ်များက ကူဝိတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက် သိမ်းပိုက်ခြင်းမှာ ဆက်ဒမ်၏ သူ ထင်ရာစိုင်းသည့် တရားလက်လွတ် လုပ်ရပ်သာ ဖြစ်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထို့ပြင် မြောက်ပိုင်းမှ ကာ့ဒ်လူမျိုးများနှင့် အလယ်ပိုင်းနှင့် တောင်ပိုင်းတို့မှ ရှီးယိုက်တို့၏ ပုန်ကန်ထကြွမှုများကို ဆက်ဒမ်၏ တစ်ချက်လွှတ်အမိန့်အရ အီရတ်တပ်ဖွဲ့များက ဓာတုဇီဝ အဆိပ်ဓာတ်ငွေ့လက်နက်များ၊ ဒုံးကျည်များ၊ စက်သေနတ်များဖြင့် လူမဆန်လောက်အောင် ရက်ရက်စက်စက် နှိမ်နင်းချေမှုန်းကြသဖြင့် ကာ့ဒ်နှင့် ရှီးယိုက် ထောင်ပေါင်းများစွာ အတုံးအရုံး သေဆုံးကြရသည်။ အမြောက်အမြား ဒဏ်ရာရကြသည်။ တကယ်တော့ သေဆုံးဒဏ်ရာ ရသူများမှာ နိုင်ငံခြားသားများ မဟုတ်။ အီရတ် ပြည်သူများသာ ဖြစ်သည်။ မိမိတို့၏ တိုင်းရင်းသား ပြည်သူများကို ဆက်ဒမ်သည် ထိုမျှ ရက်ရက်စက်စက်မပြုမူသင့်။

ထိုမျှသာမက 'မှဲ့တစ်ပေါက်မျှ မစွန်းစေရ' ဟူသော ဆက်ဒမ်၏ အာမခံချက်ဖြင့် ဂျော်ဒန်နိုင်ငံ၌ ခိုလှုံနေရာမှ ဘဂ္ဂဒက်မြို့တော်သို့ မိသားစုများနှင့်တကွ စိတ်ချလက်ချ ပြန်လာကြသော သမက်နှစ်ယောက် ဖြစ်သည့် ဗိုလ်ချုပ်ကြီးဟောင်းဟူစိန်ကမဲလ်အဲလ်မဂျစ်နှင့် သူ့အစ်ကို ဆက်ဒမ်ကမဲလ်အဲလ်မဂျစ်တို့၏ ဖြစ်ရပ်ဆိုးမှာလည်း ယောက္ခမ၏ပယောဂ မကင်းဟု ဆိုကြသည်။ ဘဂ္ဂဒက်သို့ ပြန်လည် ရောက်ရှိပြီးနောက် နာရီပိုင်းအတွင်းမှာ ဆက်ဒမ်၏ သမီးကြီး ရာဂတ်ဟူစိန်နှင့် သမီးလတ် ရာနာဟူစိန်တို့သည် သူတို့၏ ခင်ပွန်းများနှင့် တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း သတင်းထွက်လာသည်။ ၃ ရက်မြောက်နေ့တွင် မကျေနပ်သူ တချို့၏ သေနတ်နှင့် အနီးကပ် ပစ်ခတ်မှုကြောင့် ဟူစိန်ကမဲလ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ညီအစ်ကိုနှစ်ယောက်နှင့် ကလေးတစ်ယောက် ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။

ဆက်ဒမ်ဟူစိန်၏ သမီးကြီးရာဂတ်ဟူစိန်သည် သူမ၏ ညီမ ရာနာဟူစိန်နှင့်အတူ ၂၀၀၃ ခုနှစ် ဇူလိုင်လတွင် ဂျော်ဒန်နိုင်ငံသို့ ထွက်ပြေးခိုလှုံသွားခဲ့၏။ သူမသည် အီရတ်အစိုးရသစ်က အလိုရှိနေသော လူ ၄၁ ဦးစာရင်းတွင် ပါဝင်နေသူ ဖြစ်သည်။ အီရတ်အစိုးရက သူမကို အကြမ်းဖက်မှု လှုံ့ဆော်အားပေးနေသူအဖြစ် ရုံးတင်တရားစွဲဆိုရန် လိုလားနေ၏။ သို့ဖြင့် ဂျော်ဒန်အစိုးရက ရာဂတ်ဟူစိန်ကို အီရတ်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ရန် အီရတ်အစိုးရက မေတ္တာရပ်ခံ၏။

ဂျော်ဒန်အစိုးရက ရာဂတ်ဟူစိန်ကို လူသားချင်းစာနာထောက်ထားမှုအရ ဂျော်ဒန်နိုင်ငံတွင် ခိုလှုံခွင့်ပေးထားသည်။ ယခုအခါ သူမသည် ကတိအတိုင်း နိုင်ငံရေးနှင့် ကင်းရှင်းစွာ အေးအေးဆေးဆေး နေထိုင်လျက် ရှိ၏။ သို့ကြောင့် သူမကို တရားဝင် လွှဲပေးရန် အီရတ်အစိုးရ၏ မေတ္တာရပ်ခံချက်ကို ဂျော်ဒန်အစိုးရက ပယ်ချလိုက်သည်။

၁၉၉၇ ခုနှစ်တွင် ဆက်ဒမ်သည် အိမ်တွင်းရေး ပဋိပက္ခကြောင့် သူ့ဇနီးကြီး ဆာဂျီဒါတာလ်ဖာကို နေအိမ်တွင် အကျယ်ချုပ်ထားသည်ဟု သတင်းထူးတစ်ရပ် ပေါ်ထွက်လာ၏။ သူသည် ဆာဂျီဒါအပြင် နောက်ထပ် ဇနီးနှစ်ယောက် ယူသေးသည်။ ယင်းတို့မှာ ဒုတိယဇနီး ဆာမီရာချာဘန်ဒါ (Samira Shahbandar)

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နှင့် တတိယဇနီး သိပ္ပံသုတေသနကောင်စီ၊ နေရောင်ခြည်စွမ်းအင် သုတေသနစင်တာမှ အထွေထွေမန်နေဂျာ နီဒဲလ်အဲလ်ဟမ်ဒါနီ (Nidal al-Hamdani) တို့ ဖြစ်သည်။

ဆက်ဒမ်ဟူစိန်သည် အသစ်အသစ်တွေကို တွေ့လာ၍ အဟောင်းကို မေ့လာပြီ ဖြစ်သောကြောင့် ငယ်ပေါင်း ဇနီးကြီး ဆာဂျီဒါအဖို့ အထူးခံပြင်း၏။ ဆာဂျီဒါအနေနှင့် တဖြည်းဖြည်း အရေးမပါ အရာမရောက်သလို ဖြစ်လာသည်။ မိသားစုအတွင်း ပဋိပက္ခ ကြီးမား၍ သတ်ကြဖြတ်ကြ ကွဲကြပြဲကြသဖြင့် ဆာဂျီဒါသည် အလွန်စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ကာ ခင်ပွန်းသည်ကို တန်ပြန်ရာမှ ပေါက်ကွဲမှု ဖြစ်ပြီး ဆက်ဒမ်၏ အရေးယူခြင်း ခံခဲ့ရသည်။ သားကြီး အူဒေးကလည်း သူ့မိခင်ကို ပစ်ပယ်စိမ်းကား ရက်စက်မှုကြောင့် သူ့ဖခင်အပေါ် အတိုင်းထက်အလွန် အခဲမကျေ ဖြစ်လာသည်။ မည်သို့ဆိုစေ မိသားစုအတွင်းမှာပင်လျှင် ဆက်ဒမ်ကို မကျေနပ်သူ တစ်နေ့တခြား များပြားလာသည်မှာတော့ အမှန်ပင်။

အဆိုပါ ဖြစ်ရပ်များကို တစေ့တစောင်း လေ့လာကြည့်ရှုရုံမျှဖြင့် ဆက်ဒမ်ဟူစိန်သည် ယုံမှားသံသယစိတ်၊ ဒေါသစိတ်၊ အာဃာတစိတ် ကြီးမားလွန်း၍ အတ္တလွန်ကဲကာ ရက်စက်ကြမ်းကြုတ်သူ ဖြစ်ကြောင်း၊ မည်သူ့ အကြံဉာဏ်ကိုမျှ အလေးမထား ဂရုမစိုက်ဘဲ စိတ်ရှူးပေါက်တိုင်း ထင်ရာစိုင်းသူ အာဏာရှင် တစ်ဦးသာ ဖြစ်ကြောင်း ထင်ရှားသိသာလှပေသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သို့ကြောင့် ဆက်ဒမ်ဟူစိန်မှာ အမျက်ဒေါသစိတ်၊ အာဃာတစိတ် ကြီးမားလွန်းကာ ကိုယ်ကျိုးရှာ အတ္တလွန်ကဲသည့် စိတ်ရောဂါ (malignant narcissim) နှင့် မိမိကို အန္တရာယ်ပေးမည်စိုးလွန်း၍ သူတစ်ပါးအပေါ် ယုံမှားသံသယစိတ် လွန်ကဲသည့် စိတ်ရောဂါ (paranoia) ရှိနိုင်သည်ဟု စိတ်ရောဂါအထူးကု ဆရာဝန်ကြီးများနှင့် ဆက်ဒမ်ကို အကဲခတ် လေ့လာသူ ပညာရှင်များက ထင်မြင်ယူဆကြသည်။

## ငွေရေးကြေးရေးနှင့် ထင်ပေါ်ကျော်ကြားရေး

မှတ်တမ်းတစ်ခုတွင် 'ကြားရသရွေ့တော့ သမ္မတဟောင်း ဆက်ဒမ်ဟူစိန်သည် ငွေကြေးကို စိတ်မဝင်စား'ဟု မှတ်သားရ၏။ သို့သော် သူ့ပထမဇနီး ဆာဂျီဒါနှင့် သူ့သားကြီး အူဒေးတို့ကတော့ ငွေကို ရေလို သုံးကြသည်။

ဆက်ဒမ်နှင့် အနောက်နိုင်ငံကြီးများ အင်မတန် အလွန်းသင့်စဉ် ကာလက ဆာဂျီဒါသည် နယူးယောက်မြို့နှင့် လန်ဒန်မြို့တို့သို့ အိမ်ဦးနှင့် ကြမ်းပြင်လို မကြာခဏ ခရီးသွားလျက် ယူအက်စ်ဒေါ်လာ သန်းချီ၍ အကုန်အကျခံကာ စိတ်လွတ်ကိုယ်လွတ် ဈေးဝယ်ထွက် (million-dollar shopping sprees) လေ့ ရှိသည်။ ယင်းသို့ သုံးနိုင်ဖြုန်းနိုင် လက်ဖွာနိုင်လောက်အောင်လည်း ဆာဂျီဒါက ဂိုင်တောင့်လှသည်ကိုး…။

အမေရိကန်တပ်ဖွဲ့များလက်သို့ဘဂ္ဂဒက်မြို့တော် ကျရောက်သွားပြီးနောက် ၂၀၀၃ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ဆက်ဒမ်၏

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဇာတိ တီကရစ်မြို့ တစ်နေရာ၌ အမေရိကန်အထူးတပ်ဖွဲ့တစ်ဖွဲ့က ဆာဂျီဒါပိုင် ယူအက်စ်ဒေါ်လာ ၈ သန်းကျော်၊ အီရတ်နိုင်ငံသုံး ဒိုင်နာငွေ တစ်သန်းကျော်နှင့် ဒေါ်လာ ၂ သန်းကျော် တန်ဖိုးရှိသော အဖိုးတန်ကျောက်မျက်ရတနာများကို ဖမ်းဆီးရမိခဲ့၏။ ယင်းတို့အပြင် ဆာဂျီဒါမှာ သူပိုင် အသပြာ ငွေကြေးဥစ္စာ ရတနာ တစ်ပုံတစ်ခေါင်း ကျန်ရှိနိုင်သေးသည်။

အူဒေးကတော့ ကာလပေါက်ဈေး ခေါင်ခိုက်အောင် မြင့်မားသော နောက်ဆုံးပေါ် မော်တော်ကားများကိုသာ ဝယ်စီးလေ့ ရှိ၏။ ယင်းသို့သော ကိုယ်ပိုင်ကားများ သူ့မှာ အများအပြား ရှိသည်။ မှန် မမှန်တော့ အတပ်မပြောတတ်။ မှတ်တမ်းတစ်ခုအရမူ သူပိုင် မော်တော်ကားစီးရေ ၁၀၀ ကျော်ထိ ရှိသည်ဟု မှတ်သားဖူးသည်။ သူ့အဖို့ ငွေကြေး အလွယ်တကူ ရပေါက်ရလမ်းကလည်း အများကြီးရှိနေသည် မဟုတ်လား။ သူလည်း ဂိုင်တောင့်သူသာ။

ဆက်ဒမ်ဟူစိန်သည် ငွေရေးကြေးရေးထက် ခေါင်းဆောင်ကြီးတစ်ဦးအဖြစ် ထင်ပေါ်ကျော်ကြားရေး (fame) ကို ပို၍ မက်မောသည်ဟု ဆိုသည်။ သူ လိုလားသမျှ အရာအားလုံးထက် ပြည်တွင်းပြည်ပမှ သူ့ကို ချီးကျူးသြဘာထောမနာပြုမှု၊ အောက်မေ့သတိရမှုနှင့် ကြည်ညိုလေးစားမှုတို့ကို ပို၍ပို၍ သူ လိုလားနှစ်သက်သည် ဟူ၏။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ယင်းလိုအင်နှင့်အညီ နာမည်ကျော် စာရေးဆရာကြီး တစ်ဦးကို တာဝန်ပေး၍ သူ့ဘဝဖြစ်စဉ် အတ္ထုပ္ပတ္တိကို သူ့စိတ်တိုင်း ကျ ရေးသားပြုစုစေသည်။ အတွဲပေါင်း ၁၉ တွဲတိတိ ရှိ၏။ သူ့ အမိန့်အရ သူ့အတ္ထုပ္ပတ္တိကို အီရတ်အစိုးရအရာရှိမှန်သမျှ အီရတ် သမိုင်း၏ တစ်စိတ်တစ်ဒေသအဖြစ် မပျက်မကွက် တရားဝင် ဖတ်ရှုလေ့လာကြရသည်။

သူသည် ထိုမျှနှင့် မရောင့်ရဲသေး။ သူ့ဘဝဖြစ်စဉ်ကို အမှတ် တရ ရုပ်ရှင်ရိုက်ရန် ထင်ရှားသော ဒါရိုက်တာတစ်ဦးကို ဆက်ဒမ် က ငွေးရမ်းကာ တာဝန်ပေး၏။ ရုပ်ရှင်အမည်မှာ ‘The Long Days’ (ရှည်လျားသော ခေတ်ကာလ) ဖြစ်သည်။ အချိန် ၆ နာရီ ကြာမျှ ပြသရသည့် ရုပ်ရှင် ဖြစ်၏။ အလွန်တရာ လူကြိုက်များ၍ ဝင်ငွေကောင်းသော ဂျိမ်းစ်ဘွန်းရုပ်ရှင်ဇာတ်ကား ၃ ကားကို စီစဉ်ညွှန်ကြား ရိုက်ကူးခဲ့သည့် ကမ္ဘာကျော် ဒါရိုက်တာ တယ်ရင့်စ် ယန်းဂ် (Director Terence Young) ကိုယ်တိုင် အထူးဂရု တစိုက် တည်းဖြတ်ပေးခဲ့သည်။

စင်စစ် သူ့နာမည် ထင်ပေါ်စေရန် ဆက်ဒမ်က ရုပ်ရှင်ရိုက် ခိုင်းခြင်းသာ ဖြစ်၏။ သို့သော် သူ ထင်သလို ဖြစ်မလာဘဲ လူအထင် ကြီးအောင် တမင်သက်သက် သူ စတန့်ထွင်ခြင်းသာ ဖြစ်သည်ဟု လူသူလေးပါးက ယူဆကြသည်။

အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်က–

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"အခုအခါ ကျုပ်ကို ပြည်သူတွေ ဘယ်လိုပဲ ထင်ထင်ပေါ့ဗျာ...ကျုပ်ကတော့ စိတ်မဝင်စားပါဘူး၊ ဒါပေမဲ့ နောင်နှစ်ပေါင်း ၅၀၀ အတွင်းမှာ ကျုပ်ကို သူတို့ ဘယ်လို ထင်မြင်ကြမလဲ ဆိုတာကိုသာ ကျုပ်က အလေးထားတယ်ဗျာ.."

ဟု သူ့အတ္ထုပ္ပတ္တိကို ကျွမ်းကျွမ်းကျင်ကျင် ရေးသားပြုစုခဲ့သော စာရေးဆရာကြီးအား သူ့အယူအဆတစ်ခုကို ပြောပြခဲ့သည်။

တကယ်တော့ ယခု မျက်မှောက်ကာလမှာရော အနာဂတ်ကာလမှာပါ သူ့ကို အကောင်းမြင်အောင် မကောင်းမှု မှန်သမျှကို မတွေးမိ မပြောမိ မလုပ်မိအောင် တတ်နိုင်သမျှ ရှောင်ကြဉ်ပြီး ပြည်သူ့အကျိုးစီးပွားကိုသာ ဦးထိပ်ပန်ဆင်လျက် တိုင်းကျိုးပြည်ကျိုးကို ဦးလည်မသုန် သယ်ပိုးရွက်ဆောင်သင့်ပေသည်။

၁၉၉၀ ပြည့်နှစ်တွင် အီရတ်နိုင်ငံက ကူဝိတ်နိုင်ငံကို ကျူးကျော် တိုက်ခိုက် သိမ်းပိုက်ခဲ့သဖြင့် ကုလသမဂ္ဂက အီရတ်နိုင်ငံကို စီးပွားရေး ပိတ်ဆို့အရေးယူမှု ပြုလုပ်ခဲ့သည်။ သို့ရာတွင် အီရတ်နိုင်ငံမှ အပူတပြင်း လိုအပ်နေသော ပစ္စည်းပစ္စယများ ဝယ်ယူနိုင်ရန် လူသားချင်း စာနာထောက်ထားသည့် အနေဖြင့် ကုလသမဂ္ဂက ရေနံနှင့်စားနပ်ရိက္ခာ လဲလှယ်ရေး အစီအစဉ် တစ်ရပ်ကို ၁၉၉၆ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ အကောင်အထည်ဖော်စေခဲ့သည်။ အဆိုပါ အစီအစဉ်ကိုလက်တွေ့ အကောင်အထည်ဖော်ရာ၌ နိုင်ငံပေါင်း ၆၆ နိုင်ငံမှ ကုမ္ပဏီပေါင်း ၂,၂၀၀ တို့က

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရေနံကန်ထရိုက် ရရှိနိုင်ရန် အီရတ်အစိုးရ အရာရှိများကို ယူအက်စ် ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ လာဘ်ထိုးခဲ့ကြရကြောင်း စစ်ဆေး တွေ့ရှိရသည်ဟု ကုလသမဂ္ဂ စုံစမ်းရေးအဖွဲ့ အကြီးအကဲ ပေါလ် ဗော့လ်ကာက ၂၀၀၅ ခုနှစ် အောက်တိုဘာလတွင် တရားဝင် ထုတ်ပြန်ခဲ့သည့် သူ့နောက်ဆုံး အစီရင်ခံစာမှာ တိတိကျကျ ဖော်ပြ ထားသည်။

အမေရိကန်ပြည်ထောင်စုရှိ တက္ကဆတ်စ် ရေနံကုမ္ပဏီမှ အော်စကာဝိုင်ယက်ကလည်း ယင်းအစီအစဉ်ကို အကောင် အထည်ဖော်ရာမှာ သူတို့ကုမ္ပဏီသည် အခြား ရေနံကုမ္ပဏီများ နည်းတူ အီရတ်နိုင်ငံမှ ရေနံကန်ထရိုက် ရရှိနိုင်ရန် အီရတ်အစိုးရ အရာရှိများကို သန်းချီ၍ လာဘ်ထိုးခဲ့ရသည်ဟု သူ့အမှုအတွက် ဟျားရုံး၌ ထွက်ဆိုသွားခဲ့သည်။ သူ့ထွက်ဆိုချက်သည် ပေါလ် ဗော့လ်ကာ၏ အစီရင်ခံစာပါ အချက်အလက်များ မှန်ကန်ကြောင်း ကို အထောက်အကူပြုသည်။

ယင်းသို့ လက်ရဲဇက်ရဲ ပြုလုပ်နေကြသော လာဘ်ပေး လာဘ်ယူမှုများကို ဆက်ဒမ် မသိ၍မဖြစ်နိုင်။ လာဘ်လာဘ၏ အဓိကအစိတ်အပိုင်းသည် ဆက်ဒမ် မိသားစု လက်ထဲသို့ ရောက် ရှိသွားနိုင်သည်။

အီရတ်နိုင်ငံကို မဟာမိတ်တပ်ဖွဲ့များ ကျူးကျော်တိုက်ခိုက် ခြင်း မပြုမီ ရက်ပိုင်းအလိုကလည်း အီရတ် ဗဟိုဘဏ်မှ ယူအက်စ် ဒေါ်လာ သန်း ၁,၀၀၀ ကို ဆက်ဒမ် မိသားစု ထုတ်ယူသွားခဲ့သည်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဟု ၂၀၀၃ ခုနှစ် မေလတွင် အမေရိကန် အရာရှိများက တရားဝင် ကြေညာသွားခဲ့သည်။

၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ဆက်ဒမ်ဟူစိန်ကို ဖမ်းမိပြီးနောက် သူ့ကို တာဝန်ရှိသူတို့ စစ်ဆေးရာမှ 'အီရက်နိုင်ငံကို သူ အုပ်ချုပ်သည့် နှောင်းပိုင်းကာလတွင် နိုင်ငံခြားတိုင်းပြည်များမှ ဘဏ်များ၌ တရားမဝင်ဘဲ သူ ယူထားသည့် ယူအက်စ်ဒေါ်လာ ဘီလီယံပေါင်း အတော်များများကို သူ အပ်နှံထားသည် ဆိုခြင်းမှာ မှန်ကန်ကြောင်း ဆက်ဒမ်က ဝန်ခံပြောဆိုသည်' ဟု အီရတ်ကြားဖြတ်အစိုးရဝန်ကြီးချုပ် ဒေါက်တာအေယက်ဒ် အာလာဝီ (Dr.Ayad Allawi) က နိုင်ငံခြား သတင်းထောက်တစ်ဦး၏မေးခွန်းကို ဖြေဆိုသွားခဲ့သည်။

ထို့နောက် သူ့ဒေါ်လာများကို အပ်နှံထားသော ဘဏ်အမည်၊ နိုင်ငံ အမည်၊ ရက်စွဲ၊ ဘဏ်အပ်ငွေ စသော ဘဏ်စာရင်းနှင့် သက်ဆိုင်သည့် ကိုရင်းအချက်အလက်များကိုလည်း ဆက်ဒမ်က ဆက်လက် ထုတ်ဖော်ပြောဆိုကြောင်း၊ နိုင်ငံရပ်ခြားဘဏ်များတွင် သူ အပ်နှံထားသည့် ဒေါ်လာ စုစုပေါင်းမှာ ဘီလီယံ ၄၀ ကျော်ခန့် ရှိသည်ဟု သူ ဖွင့်ဟဝန်ခံကြောင်း ဒေါက်တာအာလာဝီက ပြောကြားသည်။

ဒေါက်တာအာလာဝီသည် ဆရာဝန်တစ်ဦး ဖြစ်ပြီး နှစ်ပေါင်းများစွာတိုင်တိုင် သမ္မတဆက်ဒမ်ဟူစိန်ကို ဆန့်ကျင်လှုပ်ရှား

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ခဲ့သော ထင်ရှားသည့် အတိုက်အခံ နိုင်ငံရေးခေါင်းဆောင် တစ်ဦးလည်း ဖြစ်သည်။

ဆက်ဒမ်ကို အကြိမ်ကြိမ် စစ်ဆေးမေးမြန်းသော်ငြားလည်း အစတွင် ယင်းအကြောင်းကို မည်သို့မျှ သူ ထုတ်ဖော်ပြောဆိုခြင်း မပြုကြောင်း၊ သူ မှန်မှန်ကန်ကန် မပြောလျှင် ပြည်သူ့ဘဏ္ဍာကို အလွဲသုံးစား ပြုလုပ်မှုဖြင့် သူ့ကို တရားစွဲနိုင်သည်ဟု စစ်မေးသူတို့က ပိုင်ပိုင်နိုင်နိုင် အကျပ်ကိုင်တော့မှ မျက်ကလဲဆန်ပျာနှင့် အမှန်အတိုင်း သူ ထုတ်ဖော်ပြောဆိုဝန်ခံခဲ့ခြင်း ဖြစ်သည်ဟု ဒေါက်တာအာလာဝီက ရှင်းပြသည်။

အထက်ဖော်ပြပါ လာဘ်ယူမှုများ၊ တရားမဝင် ငွေကြေးထုတ်ယူမှုများ အပါအဝင် ငွေရေးကြေးရေး ပြဿနာများကို ထောက်ရှုခြင်းအားဖြင့် အီရတ်နိုင်ငံ သမ္မတဟောင်းဆက်ဒမ်ဟူစိန်သည် ငွေကြေးကို စိတ်မဝင်စားဟုဆိုခြင်းမှာ အလေးအနက် စဉ်းစားဖွယ်ရာ ဖြစ်ပါသည်။

**ထင်ပေါ်ကျော်ကြားရေး**

ကမ္ဘာပေါ်တွင် လူ့ယဉ်ကျေးမှု စတင် သီးပွင့်ရာ ဘူမိနက်သန် အောင်မြေမှန်သော ဒေသများအနက် တစ်နေရာ အပါအဝင် ဖြစ်ခဲ့သော မက်ဆိုးပိုတေမီးယား နိုင်ငံသည် မျက်မှောက်ခေတ် အီရတ်နိုင်ငံ၏ ပင်မအသက်သွေးကြော ဖြစ်သော တိုက်ဂရစ်နှင့် ယူဖရေတီးစ်မြစ်ကြီး နှစ်သွယ်ကြားတွင် ထည်ဝါစွာ တည်ရှိခဲ့၏။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သို့ကြောင့် ရှေးခေတ် မက်ဆိုးပိုတေမီးယားသည် ကမ္ဘာ့အလယ်တွင် ဂုဏ်တင့်ခဲ့ခြင်းတည်းဟူသော အချက်သည် ဆက်ဒမ်ကို ကမ္ဘာတစ်ခွင်မှာ ပေါ်လွင်ထင်ရှားစေလိုသော စိတ်ဓာတ်စတင် ဖြစ်ပေါ်စေရန် စေ့ဆော်ပေးသည့် အဓိကစေ့ဆော်ချက်ဟုဆိုက မှားအံ့မထင်။

ဆက်ဒမ်ဟူစိန်သည် ကမ္ဘာ့သမိုင်းတွင် ထင်ရှားခဲ့သောရှေးခေတ်ဘေဘီလုံမြို့ပြနိုင်ငံ၏ ဘုရင်ဟမ်မူရာဘီ (ဘီစီ ၁၇၉၂–၁၇၅၀)၊ ဘေဘီလုံမြို့ပြနိုင်ငံ၏ ဒုတိယမြောက်ဘုရင် နက်ဘူကက်နက်ဇာ (ဘီစီ ၆၀၅–၅၆၂) နှင့် ၈ ရာစုတွင် ကျော်ကြားသောစစ်ဘုရင် တာရစ်အီဘင်ဇီယာ့ဒ်တို့ကို သူ အထူးအားကျခဲ့သည်။ သူတို့ကဲ့သို့ ဆက်ဒမ်လည်း ထင်ပေါ်ကျော်ကြားလိုသည့် စိတ်ဓာတ်ဖြစ်ပေါ်ခဲ့သည်။

ဘုရင်ဟမ်မူရာဘီသည် နှလုံးရည် လက်ရုံးရည် နှစ်မျိုးစလုံးနှင့် ကုံလုံပြည့်စုံ၍ အုပ်ချုပ်ရေးမှာရော စစ်မက်ရေးရာမှာပါကျွမ်းကျင်၏။ နိုင်ငံတကာတွင် အလေးထားရသော 'ကိုဓဥပဒေ' ကိုလည်း သူ ပြုစုခဲ့သည်။ သို့ကြောင့် သူသည် ကမ္ဘာ့သမိုင်းမှာကျော်ကြားသော ဘုရင်တစ်ဆူ ဖြစ်လာခဲ့သည်။

ဘုရင် နက်ဘူကက်နက်ဇာသည် ကမ္ဘာ့အံ့ချီးဖွယ်ရာ ၇ ဖြာအနက် တစ်ဖြာ အပါအဝင် ဖြစ်သော ဘေဘီလုံ မိုးပျံဥယျာဉ်ကြီးနှင့် ဘေဘီလုံ မြို့ပြတံတိုင်းကြီးတို့ကို ခမ်းနားထည်ဝါစွာ တည်ဆောက်ခဲ့၏။ ဟီးဘရူး (ယခု ဂျူးလူမျိုး) တို့ ဒေသ ဖြစ်သော

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဂျူဒါးနိုင်ငံ (ယခု အစ္စရေးနိုင်ငံ) သို့ စစ်သည် အလုံးအရင်းနှင့် စစ်ချီခဲ့သည်။ ဂျေရုဆလင်မြို့ကို ပြာကျအောင် မီးရှို့ဖျက်ဆီးခဲ့ပြီးနောက် အပြန်ခရီးတွင် ဟီးဘရူးအများအပြားကို သုံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့၏။ ထို့ကြောင့် သူသည် သမိုင်းတွင် အထူးထင်ရှားသည့် ဘုရင်တစ်ပါး ဖြစ်လာခဲ့သည်။

စစ်ဘုရင် တာရစ်အီဘင်ဇီယာ့ဒ်သည် ဂျီဘရော်တာ ရေလက်ကြားကို ဖြတ်သန်းလျက် ဥရောပသို့ စစ်ချီစဉ် ဥရောပ ဘက်ကမ်းသို့ ဆိုက်ကပ်သောအခါ သူတို့ စီးလာသော သင်္ဘော များကို ဖျက်ဆီးပစ်ပြီး တိုက်ပွဲကို သဲသဲမဲမဲ ရှပ်ရှပ်ချွံချွံ အနိုင်တိုက် ခဲ့သူ ဖြစ်သဖြင့် ကမ္ဘာကျော်စစ်သူကြီးတစ်ဦးအဖြစ် ကျော်ကြား လာခဲ့သည်။ ထိုတိုက်ပွဲကို 'ဥရောပ နောင်ရိုးတိုက်ပွဲ' ဟု ခေါ်ဝေါ် သမုတ်နိုင်သည်။ ထို့ပြင် သူ ယုံကြည်ကိုးကွယ်ရာ အစ္စလာမ်ဘာသာ ကို ဥရောပသို့ ကနဦး ဆောင်ကြဉ်း၍ ပျံ့နှံ့အောင် အကျိုးဆောင် ခဲ့သူ ဖြစ်သောကြောင့် နိုင်ငံတကာ အစ္စလာမ်ဘာသာဝင်များ၏ အထူးလေးစားကြည်ညိုခြင်း ခံရသည့် ပုဂ္ဂိုလ်ကျော်တစ်ဦးလည်း ဖြစ်သည်။

အီဂျစ်နိုင်ငံမှ ဂါမဲလ်အဗ္ဗဒဲလ်နာဆာ (Gamal Abdel Nasser) ၏ အာရပ်ကမ္ဘာရှိ အာရပ်အမျိုးသားများ သွေးစည်း ညီညွတ်ရေးဝါဒသည် အထူးသဖြင့် ဆက်ဒမ်ဟူစိန်ကဲ့သို့သော ဘာ့သ်ပါတီမှ လူငယ်လူရွယ်များကို လျင်မြန်စွာ လွှမ်းမိုးသွားခဲ့ သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



၁၉၅၀ ပြည့်လွန်နှစ်များနှင့် ၁၉၆၀ ပြည့်လွန်နှစ်များ ကာလတို့တွင် ခေါင်းဆောင်ကြီး နာဆာ၏ ဝါဒကြောင့် တော်လှန်ရေး လှိုင်းဂယက်များသည် အရှေ့အလယ်ပိုင်း တစ်နံတစ်လျား သို့ အဆောဂေလျင် ပျံ့နှံ့သွားခဲ့၏။ နောက်ပိုင်း ကာလမှာ အဆိုပါ တော်လှန်ရေးလှိုင်းများ ပြင်းထန်စွာ ရိုက်ခတ်သည့် အကျိုးဆက် ကြောင့် အီရတ်၊ အီဂျစ်နှင့် လစ်ဗျားနိုင်ငံတို့မှ ဘုရင့် အုပ်ချုပ်ရေး များ ပြိုလဲပျက်သုဉ်းသွားခဲ့သည်။

၁၉၅၆ ခုနှစ် စူးအက်အရေးအခင်းကာလအတွင်း နယ်ချဲ့ ဗြိတိသျှနှင့် ပြင်သစ်တို့ကို လက်မမြှောက် ဒူးမထောက်ဘဲ ရဲဝံ့စွာ ရပ်တည် ရင်ဆိုင်ခဲ့ခြင်း၊ ခေတ်မီ အီဂျစ်နိုင်ငံကို စနစ်တကျ တည် ဆောက်နိုင်ရန် မမှိတ်မသုန် အပတ်တကုတ် ကြိုးစားအားထုတ် ခြင်းနှင့် အာရပ်ကမ္ဘာကို နိုင်ငံရေးအရ သွေးစည်းညီညွတ်အောင် စွမ်းဆောင်နိုင်ခြင်းတို့ကြောင့် အရှေ့အလယ်ပိုင်းဒေသမှ မျိုးချစ် ပုဂ္ဂိုလ်များကို နာဆာ၏ ဝါဒသဘောတရားများ အလျင်အမြန် ပျံ့နှံ့လွှမ်းမိုးသွားခဲ့သည်။

၁၉၅၉ ခုနှစ် အောက်တိုဘာလတွင် အီရတ်ဝန်ကြီးချုပ် ကက်ဆင်ကို ဘဂ္ဂဒက်မြို့တော် တစ်နေရာ၌ လုပ်ကြံမှု မအောင်မြင် ၍ ခြေထောက်တစ်ဖက်မှာ သေနတ်ဒဏ်ရာ တစ်ချက်နှင့် ဆက်ဒမ် သည် ဆီးရီးယားနိုင်ငံသို့ ထော့နဲ့ ထော့နဲ့နှင့် သေပြေးရှင်ပြေး ထွက်ပြေးသွားခဲ့ရ၏။ ဆီးရီးယားတွင် သူ အဖမ်းခံရသည်။ သူ့ သတင်းကို အီဂျစ်ခေါင်းဆောင်ကြီး နာဆာကိုယ်တိုင် သိသွားခဲ့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



၏။ ဤတွင် နာဆာ၏ တောင်းဆိုမှုကြောင့် ဆီးရီးယားအစိုးရက ဆက်ဒမ်ကို ချက်ချင်း အီဂျစ်နိုင်ငံသို့ လွှဲပြောင်းပေးလိုက်ရ၏။ ဘာ့သ်ပါတီဝင် တစ်ဦး ဖြစ်သော ဆက်ဒမ်ဟူစိန်လည်း သူရဲကောင်း တစ်ဦးအလား လူသိများ၍ ထင်ရှားသွားခဲ့သည်။

ကိုင်ရိုမြို့ရှိ ဥပဒေကောလိပ်တွင် ဆက်ဒမ် ဥပဒေသင်တန်း တက်နေစဉ် ၁၉၅၉ ခုနှစ်မှ ၁၉၆၃ ခုနှစ်ထိ ၅ နှစ်ခန့် ကာလအတွင်း ဘာ့သ်ပါတီ ကျောင်းသားကလာပ်စည်းမှာ တက်ကြွစွာ သူ ပါဝင် လှုပ်ရှားခဲ့၏။ ယင်းကလာပ်စည်းအဖွဲ့ဝင်များ စုပေါင်း၍ အမှတ် တရ ဓာတ်ပုံရိုက်ခဲ့ကြသေးသည်။

ဆက်ဒမ်သည် ကိုင်ရိုမြို့တော်တွင် နေခဲ့စဉ်ကပင် ခေါင်းဆောင်ကြီး နာဆာ၏ ဝါဒ သဘောတရားနှင့် လုပ်ငန်းစဉ် များကို လွန်စွာ နှစ်သက်သဖြင့် သူ့ကို ပုဂ္ဂိုလ်ရေးအရပါ အင်မတန် လေးစားကြည်ညိုခဲ့၏။ သို့ဖြင့် ဆက်ဒမ်ကိုယ်တိုင် ဘာ့သ်ပါတီ ဥက္ကဋ္ဌနှင့် အီရတ်သမ္မတ ဖြစ်လာသောအခါ ခေါင်းဆောင်ကြီး နာဆာကဲ့သို့ အာရပ်ကမ္ဘာကို ကြီးကိုင် ဦးဆောင်နိုင်စွမ်း ရှိသော ခေါင်းဆောင်ကြီးတစ်ဦး ဖြစ်နိုင်ရန် သူ အထူးတလည် ရည်မှန်း ကြိုးပမ်းခဲ့သည်။

ဆက်ဒမ်ဟူစိန် အလွန်သဘောကျပြီး စံပြုထားသူ နှစ်ဦး ရှိ၏။ ယင်းတို့မှာ အီတလီ နိုင်ငံရေးခေါင်းဆောင်နှင့် သဘော တရားရေးဝါဒီ နိကိုလိုမက္ကီယဗယ်လီ (၁၄၆၉–၁၅၂၇) နှင့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆိုဗီယက် ကွန်မြူနစ်ခေါင်းဆောင် ဂျိုးဇက်စတာလင် (၁၈၇၉-၁၉၅၃) တို့ ဖြစ်သည်ဟု မှတ်သားဖူးသည်။

မက္ကိယဗယ်လီသည် လက်တင်စာပေနှင့် ဂန္ထဝင်စာပေတို့ကို နှံ့စပ်ကျွမ်းကျင်တတ်မြောက်သောပုဂ္ဂိုလ် ဖြစ်၏။ သူသည် သံတမန်၊ နိုင်ငံရေးအတွေးအခေါ်ပညာရှင်၊ ဂီတပညာရှင်၊ စာရေးဆရာ၊ ကဗျာဆရာနှင့် ပြဇာတ်ရေးဆရာလည်း ဖြစ်သည်။

လုပ်ငန်းစဉ်တစ်ရပ် အောင်ပန်းဆွတ်ခူးရေးအတွက် မည်သည့် နည်းလမ်းကိုပင်သုံးသုံး အောင်မြင်ရေးသာ ပဓာန (The end justifies the means.) ဟူသော အယူအဆသည် မက္ကိယဗယ်လီ၏ အတွေးအမြင် ဖြစ်သည်။ အဆိုပါအယူအဆကို ဆက်ဒမ် သဘောကျဟန်တူသည်။ သူ့ထံမှ အခြားမည်သည့်အချက်များကို သူ ကြိုက်နှစ်သက်သည်ဟု မှတ်တမ်းမှတ်ရာများတော့ မတွေ့ရသေး။

သို့သော် စတာလင်ထံမှ ဆက်ဒမ် သဘောကျသည့် အကြောင်းအရာ အချက်အလက် အတော်များများကိုတော့ အထင်အရှား တွေ့ရသည်။

ထိုစဉ်က ဆိုဗီယက်ခေါင်းဆောင်တစ်ဦး၏ ဖိတ်ကြားချက်အရ ၁၉၇၀ ပြည့်လွန်နှစ်များကာလက ရုရှားနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ် ခရီး ဆက်ဒမ် ရောက်ခဲ့ရ၏။ ပင်လယ်နက် ကမ်းခြေတစ်လျှောက်ရှိ အက်ဘ်ခါဇီယာဒေသ (Abkhazia) မှ စတာလင်၏ ပင်လယ်ကမ်းခြေအနားယူစခန်းဂေဟာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



(seaside dacha) ၁၅ ခုစလုံးသို့ သူ ရောက်ရှိခဲ့သည်။ ထိုအချိန်က ဆက်ဒမ်သည် ဘာ့သ်ပါတီ၏ ဒုတိယဥက္ကဋ္ဌနှင့် ဒုတိယသမ္မတသာ ဖြစ်သည်။ သို့သော် သမ္မတသည် အသက်အရွယ် ကြီးရင့်ပြီး ကျန်းမာရေး ချို့တဲ့သဖြင့် ပါတီတာဝန်ကိုရော အစိုးရတာဝန်ကိုပါ ဆက်ဒမ်က တာဝန်ခံ၍ ထမ်းဆောင်ရသဖြင့် သူသည် နံပါတ် (၂) အဆင့်ရှိ ပုဂ္ဂိုလ်သာ ဖြစ်လင့်ကစား သူ့မှာ ဩဇာအာဏာ အပြည့်အဝနီးနီး ရှိသည်။

ထိုအချိန်မှစ၍ အီရတ်နိုင်ငံတွင် ခံ့ညားထည်ဝါသော နန်းဝေဘ်များ တည်ဆောက်ရန် စိတ်ကူးစိတ်သန်း အကြံအစည် ဆက်ဒမ်မှာ စတင်ပေါ်ပေါက်ခဲ့သည်ဟု လေ့လာသူများက ယူဆကြသည်။

၁၉၇၉ ခုနှစ်တွင် ဆက်ဒမ်နှင့် တွေ့ဆုံခဲ့သော ကာ့ဒ်လူမျိုးစု နိုင်ငံရေးခေါင်းဆောင် မာမောက်အော်သမင်း (Mahmoud Othman) က ဆက်ဒမ်၏ ရုံးခန်းထဲရှိ စာကြည့်တိုက်၌ စတာလင်နှင့် သက်ဆိုင်သော စာအုပ်တွေချည်း သူ တွေ့ခဲ့ရသည်ဟု သူ့ဂ ပုပ်ဖော်ကိုင်ဖက်များကို သူ ပြန်လည်ဖောက်သည်ချဖူးသည်။

ဆက်ဒမ်သည် စတာလင်၏ ဟန်ပန်အမူအရာနှင့် ဝတ်စားဆင်ယင်မှုမှ အစ တုပလေ့ရှိ၏။ ခေါင်းဆောင်ကြီး စတာလင်ကို ရုရှားပြည်သူအများအပြားက အတိုင်းထက်အလွန် လေးစားကြည်ညိုပြီး ပုဂ္ဂိုလ်ရေးဆည်းကပ်ကိုးကွယ်မှု (personality cult) ပြုကြသကဲ့သို့ အီရတ် ပြည်သူများက သူ့ကိုလည်း အလား

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဂူ သဘောထားလာကြစေရန် သူကိုယ်တိုင် စီမံဖန်တီးသည့် အထောက်အထား အချို့ကို အထင်အရှား မြင်တွေ့ကြရသည်။

သူ့ကို ဂုဏ်ပြုကြည်ညိုသည့် သဘော သက်ရောက်စေရန် သူ့ပုံတူဓာတ်ပုံများ၊ သူနှင့် သက်ဆိုင်သော ပိုစတာများ၊ ပန်းချီကားများကို အဆောက်အအုံ၏ ခန်းမများ၊ ဧည့်ခန်းဆောင်များ စသည်တို့တွင် စနစ်တကျ ချိတ်ဆွဲစေသည်။ သူ့မျက်နှာကို ရုံး၊ ကျောင်း၊ ဆေးရုံ၊ ယဉ်ကျေးမှုပြတိုက်၊ စာကြည့်တိုက်၊ အားကစားရုံ၊ ရုပ်ရှင်ရုံ၊ ပြဇာတ်ရုံ၊ ကဇာတ်ရုံ၊ ဟိုတယ်၊ ဈေးဆိုင်၊ လေဆိပ်၊ သင်္ဘောဆိပ်၊ ဘူတာရုံ စသော အများနှင့်ဆိုင်သည့် အဆောက်အအုံများ၏ နံရံများမှာသာမက အီရတ်နိုင်ငံသုံး ဒိုင်နာငွေမှာပါ ပြည်သူများ မြင်တွေ့နိုင်ကြသည်။ အရွယ်အစား အမျိုးမျိုး ရှိသော သူ့ပုံတူရုပ်တုများကိုလည်း နိုင်ငံအနှံ့တွင် အထူးသဖြင့် မြို့ကြီးများ၏ အချက်အချာကျသော နေရာများတွင် စိုက်ထူထားသည်။ ဘဂ္ဂဒက်မြို့တော် အလယ်မှ ရောမ ဆက်ဒမ် ပုံတူရုပ်တုကြီးသည် ပေ ၄၀ မြင့်သည်ဟု ဆိုသည်။

သူ့ကို ပုဂ္ဂိုလ်ရေး ဆည်းကပ်ကိုးကွယ်မှု ဖြစ်ပေါ်ရေး အတွက် အထောက်အကူ ဖြစ်စေမည့် သူ့ကြိုးပမ်းမှုများကို အီရတ် လူ့အဖွဲ့အစည်းအတွင်း ပုံစံအမျိုးမျိုးနှင့် မြင်တွေ့နိုင်သည်။

ဆက်ဒမ်ဟူစိန်ကို အီရတ် တောင်သူလယ်သမားများ ဝတ်ဆင်လေ့ရှိသော အာရပ်ဘီဒိုယင် (Bedouin) ဝတ်စုံဖြင့် လည်းကောင်း၊ လူမျိုးစုတို့၏ ရိုးရာဝတ်စုံဖြင့် လည်းကောင်း၊

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ခေါင်းဆောင်းအပါအဝင် ဝတ်စုံပြည့်နှင့် မက္ကာမြို့ဘက်ဆီသို့ ရည်မှန်းကာ မျက်နှာမူလျက် ငြိမ်သက်စွာ ဘုရားရှိခိုးနေသော ဘာသာတရားကို အလွန်ကိုင်းရှိုင်းသည့် အစ္စလာမ်ဘာသာဝင် တစ်ဦး၏ ပုံဖော်၍လည်းကောင်း၊ စစ်ယူနီဖောင်းကို စမတ်ကျကျ ဝတ်ဆင်၍လည်းကောင်း၊ သူ့အတွက် အထူးချုပ်လုပ်ထားသော ဝတ်စုံကို ဝတ်ဆင်၍ လည်းကောင်း၊ အနောက်တိုင်းဝတ်စုံကို သပ်ရပ်စွာ ဝတ်ဆင်၍ လည်းကောင်း ဟန်ပန်မူရာ အမျိုးမျိုးနှင့် မြင်တွေ့နိုင်သည်။

ဆက်ဒမ်သည် ၁၉၉၈ ခုနှစ်မှ စ၍ အများပြည်သူမြင်ကွင်းတွင် စစ်ယူနီဖောင်းကို မဝတ်ဆင်တော့ဟု အီရတ်ပြည်သူများက ပြောကြသည်။ နောက်ပိုင်းကာလတွင် စစ်ယူနီဖောင်းအစား အလွန်အချိုးကျ၍ သေသပ်စွာ အထူးစပယ်ရှယ် ချုပ်ထားသော ဝတ်စုံများ (immaculately tailored suits) ကိုသာ ဦးစားပေး၍ သူ ဝတ်ဆင်သည်ဟု သူတို့က ဆိုကြသည်။

ယင်းသို့ ဆက်ဒမ်၏ ဝတ်စားဆင်ယင်မှု ရုတ်ခြည်းပြောင်းလဲသွားရခြင်း၏ အဓိကအကြောင်းရင်းတစ်ရပ်မှာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဆက်ဒမ်ဟူစိန်သည် အဓိကရနိုင်ငံရေးခေါင်းဆောင်၏ ဝတ်စုံ (statesman's suits) ကို ဝတ်ဆင်ခြင်းဖြင့်သာ ပို၍ ခံ့ညားလာမည်ဟု သူ ထင်မြင်ကြောင်း အကြံပေး ပြောကြားသောကြောင့် ဖြစ်သည်ဟု ဒေသဆိုင်ရာ ယုံတမ်းစကားအရ ကြားသိရသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အချို့ကမူ ဆက်ဒမ်ဟူစိန်သည် အနောက်တိုင်းခေါင်းဆောင်များနည်းတူ ဆံပင်ဖြူကို အနက်ရောင် ဆိုးလေ့ရှိ၏။ ကျူးဘားကွန်မြူနစ် ခေါင်းဆောင် ဖီဒဲလ်ကက်စ်တရို လက်ဆောင်ပေးသည့် ကိုဟီဘာဆေးပြင်းလိပ် (cohiba cigar) ကို စတိုင်နှင့်သူ ဂုဏ်ယူသောက်လေ့ရှိသည်ဟု ဆိုသည်။

သူသည် ကိုယ်ခန္ဓာကို မဆိုစလောက် ယိမ်း၍ သွားလေ့ရှိ၏။ ယင်းကို မလိုလားသူတချို့က တမင် ဟန်လုပ်သည်ဟု ကဲ့ရဲ့သင့်ပြီးဟ် စကားတင်းဆိုကြ၏။ အမှန်မှာ သူ့နောက်ကျောမှ တစ်စုံတစ်ရာက မသိမသာ ဒုက္ခပေးသောကြောင့် ယင်းသို့ သူ သွားခြင်းသာ ဖြစ်သည်။ မည်သို့ဆိုစေ သူသည် အုံ့ဩစဖွယ် ကောင်းလောက်အောင် အနာရောဂါကင်းရှင်းပြီး အရပ်အမောင်းရော ဥပမိရုပ်ပါထူးထူးခြားခြား ကောင်းမွန်သဖြင့် ယောကျ်ားပီသသော ရုပ်ရည်ရှိသည်ဟု ဆိုခြင်းကိုတော့ မည်သူမျှ အငြင်းပွားဖွယ် ရှိအံ့မထင်။

ဖော်ပြပါ အကြောင်းအရာများက ဆက်ဒမ်၏ ထင်ပေါ်ကျော်ကြားလိုမှုကို ထင်လင်းစွာ မီးမောင်းထိုးပြနေသည်ထင့်။ သို့ဖြစ်၍ မှတ်တမ်းတစ်ခုအရ ဆက်ဒမ်ဟူစိန်သည် ငွေရေးကြေးရေးထက် ထင်ရှားကျော်ကြားမှုကို ပို၍ လိုလားသည်ဟု ဆိုခြင်းမှာ တကယ်ပင် လျော်ကန်သင့်မြတ်လှသည်ဟု ဆိုရပေမည်။

**နောက်ဆုံး ခြိုင့်သုံးသပ်မှု အကျဉ်းချုပ်**

၁၉၈၀ ပြည့်နှစ်တွင် အီရတ်နိုင်ငံက အီရန်နိုင်ငံကို ကျူးကျော်တိုက်ခိုက်မှု၊ ၁၉၉၀ ပြည့်နှစ်တွင် ကူဝိတ်နိုင်ငံကို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကျူးကျော်သိမ်းပိုက်မှု၊ ၁၉၉၁ ခုနှစ်တွင် ကူဝိတ်နိုင်ငံကို တိုက်ခိုက်ရန် နောက်ထပ်ဆုံးဖြတ်မှု၊ ၁၉၉၃ ခုနှစ်တွင် ကူဝိတ်နိုင်ငံသို့ အလည်အပတ်ခရီး ရောက်ရှိလာသော အမေရိကန်သမ္မတဟောင်း ဂျော့ချ်ဘုရှ်စီနီယာနှင့် ကူဝိတ်စော်ဘွားတို့ကို လုပ်ကြံသတ်ဖြတ်ရန် လျှို့ဝှက်ကြံစည်မှု၊ ၁၉၉၄ ခုနှစ်တွင် ကူဝိတ်နိုင်ငံကို တစ်ဖန်ခြိမ်းခြောက်မှု၊ ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးများကို တားဆီးပိတ်ပင်မှု၊ မြောက်ပိုင်းမှ ကာ့ဒ်လူမျိုးများ၊ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့မှ ရှီးယိုက် အမြောက်အမြားကို ဓာတုဇီဝလက်နက်များဖြင့် လူမဆန်စွာ တိုက်ခိုက်သတ်ဖြတ်မှု စသည်တို့သည် အဓိကအားဖြင့် ၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲ၊ အီရတ်နိုင်ငံပျက်သုဉ်းရေး၊ ဆက်ဒမ် ကျဆုံးရေးဆီသို့သာ ဦးတည်သွားသည်။

## အာခံသော နည်းလမ်း ကျင့်သုံး

ဆက်ဒမ်သည် ကုလသမဂ္ဂကိုရော အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များကိုပါ အာခံသော နည်းလမ်းကိုသာ ခေါင်းမာစွာဖြင့် တစိုက်မတ်မတ် ကျင့်သုံးသွားခဲ့၏။ စစ်ရေးအရ မဟာမိတ်တပ်ဖွဲ့များကို မည်သို့မျှ မယှဉ်နိုင်မှန်း သိလျက်နှင့် ရှေ့သို့ ဇွတ်အတင်းတိုး၍ ရင်ဆိုင်သည်။

ယင်းသို့ နည်းလမ်းတစ်ခုတည်းကိုသာ ဆက်ဒမ် ကျင့်သုံးခဲ့ခြင်းမှာ ပြဿနာကို ဖြေရှင်းရန် အခြားနည်းလမ်းများ မရှိ၍လော။ သို့လော သို့လော တွေးတောစဉ်းစားဖွယ်ပင်။




အမေရိကန်လေယာဉ်တင် သင်္ဘောကြီး ယူအက်စ်အက်စ်အင်ဒီပင်ဒင့်စ် ပေါ်မှ စစ်လေယာဉ်တစ်စင်း အီရတ်တောင်ပိုင်း လေယာဉ်မပျံသန်းရ နယ်မြေပေါ်သို့ ထွက်ခွာပျံသန်းရန် ပြင်ဆင်နေစဉ်



ဆက်ဒမ်နှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်



ဂျော်ဒန်နိုင်ငံသို့ ထွက်ပြေးခိုလှုံသွားသော
ဆက်ဒမ်၏ သမက်နှစ်ဦး ဖြစ်သည့်
ဗိုလ်ချုပ်ကြီးဟူစိန်ကမဲလ်အဲလ်မဂျစ်နှင့်
သူ့အစ်ကို
ဆက်ဒမ်ကမဲလ်အဲလ်မဂျစ်




ဓာတုအလီတို့ ဓာတုဇီဝအဆိပ်ဓာတ်ငွေ့ဖြင့် သတ်ဖြတ်၍
သေဆုံးသွားသော ကာ့ဒ်လူမျိုး ၅,၀၀၀ ခန့်
အစုလိုက်အပြုံလိုက် မြှုပ်နှံရာ
ဟာလက်ဘ်ဂျာမြို့ရှိ သင်္ချိုင်းနှင့် အထိမ်းအမှတ်ကျောက်တိုင်



အီရတ်ပြဿနာများကို ဖြေရှင်းရန် စစ်ရေးနည်းလမ်းတစ်ခုတည်းသာ ကျန်တော့သည်ဟု ယုံကြည်သူများ


[အမေရိကန်သမ္မတဘုရှ်(လယ်)၊ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲ(ဝဲ) နှင့် စပိန်ဝန်ကြီးချုပ် ဂျိုးစ်မာရီယာအက်ဇနာ(ယာ)]



အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များ ဘဂ္ဂဒက်မြို့တော်သို့ ဦးတည်ချီတက်နေစဉ်




ဘဂ္ဂဒက်မြို့လယ်မှ ပေ ၄၀ မြင့်သော
ဆက်ဒမ်၏ ပုံတူရုပ်တုကြီးကို
အမေရိကန် မရိန်းတပ်သားများက
ဖြိုလှဲရန် ကြိုးပမ်းနေကြစဉ်



အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ လက်သို့ ဘဂ္ဂဒက်မြို့တော်
ကျပြီး နောက်တစ်လနှင့် ၂ ရက်အကြာ ၂၀၀၃ ခုနှစ် မေလ ၁၀ ရက်နေ့
တွင် ဘဂ္ဂဒက်မြို့လယ် ဆော်ဂျာလမ်းမကြီး၏ မြင်ကွင်း




ဒုတိယမြောက် အီရတ်ဘုရင် ဖိုင်ဇယ်၏ ဝမ်းကွဲညီ

ပြည်ပြေးမင်းသား


အလီဘင်အဲလ်ဟူစိန် (အနောက်တိုင်းဝတ်စုံနှင့်)


ဘဂ္ဂဒက်မြို့တော်သို့ ပြန်ရောက်လာစဉ်




လစ်ဗျားနိုင်ငံ၏
ကြီးလေးသော
ပြဿနာများကို
ငြိမ်းချမ်းစွာ
ဖြေရှင်းနိုင်ခဲ့သည့်
လစ်ဗျားနိုင်ငံ
အကြီးအကဲ
ဗိုလ်မှူးကြီး
မွမ်မာအဲလ်ကဒါဖီ

အူဒေးနှင့် ကူဆေး အသေဖမ်းမိ






ဆက်ဒမ်ကို
အရှင်ဖမ်းမိ




ဆက်ဒမ်ကို
ဖမ်းမိသော
တဲအိမ်



၂၀၀၃ ခုနှစ် ဒီဇင်ဘာလ
၁၃ ရက်နေ့ည ၈း၃၀
နာရီတွင်
ဆက်ဒမ်ကို ဖမ်းမိပြီဟု
အရပ်ဘက်
အုပ်ချုပ်ရေးမှူး
ပေါလ်ဘရင်မာက
ကြေညာစဉ်
(ဘေးကရပ်နေသူမှာ
ဒုတိယဗိုလ်ချုပ်ကြီး
ဆန်ရှေး ဖြစ်သည်။)



ဆက်ဒမ်ကို
ကြိုးပေး
ကွပ်မျက်ရန်
ပြင်ဆင်နေစဉ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တကယ်တော့ မည်သည့် ပြဿနာမှာမဆို ဖြေရှင်းနည်းဟူသည် တစ်ခုတည်း မရှိနိုင်။ တစ်ခုထက် ပိုသော ဖြေရှင်းနည်းများ ရှိနိုင်သည်သာ။

အလားတူ ပြဿနာမျိုးတွင် ကမ္ဘာပေါ်ရှိ နိုင်ငံများအနေနှင့် မည်သည့်နည်းလမ်းများကို လက်တွေ့အသုံးပြုခဲ့ကြသနည်း။ ရှာဖွေ၍ နည်းကောင်းလမ်းကောင်းတွေ့က မိမိနိုင်ငံ အကျိုးစီးပွားအတွက် လိုအပ်သလို တုပဆောင်ရွက်သင့်ပေသည်။

## လစ်ဗျားကို လေ့လာ

ဤတွင် အီရတ်နိုင်ငံနှင့် အနီးဆုံး လစ်ဗျားနိုင်ငံ အကြောင်းကို လေ့လာရန် လိုအပ်မည်ထင့်။

လစ်ဗျားနိုင်ငံလည်း အီရတ်နိုင်ငံကဲ့သို့ ကုလသမဂ္ဂနှင့် အမေရိကန် ဦးဆောင်သော အနောက်နိုင်ငံအချို့နှင့် ပြဿနာဖြစ်ခဲ့သည်။ အဓိကပြဿနာများမှာလည်း လူအမြောက်အမြား သေကျေနိုင်သော ဖျက်အားပြင်းလက်နက်များကိစ္စ၊ အကြမ်းဖက် အုပ်စုများနှင့် အဆက်အသွယ် ရှိသည်ဆိုသည့် ကိစ္စ စသည်တို့တွင် အခြေခံအားဖြင့် နှစ်နိုင်ငံစလုံး တူညီကြ၏။ အီရတ်ခေါင်းဆောင် ဆက်ဒမ်နှင့် လစ်ဗျားခေါင်းဆောင် ကဒါဖီတို့သည် အထူးခင်မင်ရင်းနှီးကြသော မိတ်ဆွေများလည်း ဖြစ်ကြသည်။

သို့သော် အီရတ်က စစ်ပွဲ ရင်ဆိုင်ရ၍ လစ်ဗျားကမူ စစ်ပွဲကို ရှောင်ရှားနိုင်ခဲ့၏။ လစ်ဗျားသည် ယင်း၏ ဆိုးရွားလာသော ပြဿနာများကို နောက်ဆုံး၌ အောင်မြင်စွာ ဖြေရှင်းနိုင်သည့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် ဆက်ဒမ်သည် စစ်ရှုံးပြီး အီရတ်ကို ကျူးကျော်တိုက်ခိုက်သိမ်းပိုက်သော အမေရိကန်တပ်များ၏ စစ်သုံ့ပန်းဘဝသို့ ကျရောက်ကာ ထောင်နန်းစံနေရလေပြီ။

မည်သို့ဆိုစေ လစ်ဗျားများ၏ ပြဿနာများနှင့် သမိုင်းဝင် အောင်မြင်စွာ ဖြေရှင်းနိုင်ပုံတို့ကို စိတ်ဝင်တစား အထူးပြုလေ့လာရန် လိုအပ်မည် ထင်သည်။

## လစ်ဗျား ပြဿနာ ဖြေရှင်းနည်း

လစ်ဗျားနိုင်ငံ အကြီးအကဲ ဗိုလ်မှူးကြီးမွမ်မာအဲလ်ကဒါဖီ (Col.Muammar al-Qaddafi) သည် အစွန်းရောက်သူများ အပါအဝင် ပါလက်စတိုင်းများနှင့် အခြားအကြမ်းဖက်အုပ်စုများကို ငွေကြေး၊ လက်နက်ခဲယမ်းမီးကျောက် စသော အကူအညီ အထောက်အပံ့များ ပေးနေသည့်အပြင် ယင်းတို့ကို လက်ခံပြီး ဖောက်ခွဲရေးနှင့် စစ်သင်တန်းများ ပေးခဲ့၏။ နျူကလီးယား၊ ဓာတုဇီဝ စသော ဖျက်အားပြင်းလက်နက်များ ပြုလုပ်ရန် စက်ရုံများလည်း တည်ဆောက်ခဲ့သည်။

ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသတို့တွင် အကြမ်းဖက်လှုပ်ရှားမှုများကို လစ်ဗျားက လျှို့ဝှက်ကြိုးကိုင် စီစဉ်ပေးသည်။ ကဒါဖီကို ဆန့်ကျင်သော ပြည်ပရောက် လစ်ဗျား အတိုက်အခံ အများအပြားကိုလည်း လစ်ဗျားထောက်လှမ်းရေးသူလျှိုများက လိုက်လံ ချောင်းမြောင်း သုတ်သင်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သို့ဖြင့် အမေရိကန်နှင့် အနောက်နိုင်ငံ အတော်များများက လစ်ဗျားနိုင်ငံကို အကြမ်းဖက်နိုင်ငံများ စာရင်းတွင် ထိပ်ဆုံးမှာ ထည့်သွင်းထားပြီး ယင်းတို့က အလစ်မပေးဘဲ ယင်းကို မျက်စိဒေါက်ထောက်၍ ကြည့်နေကြသည်။ ၁၈၈၀ ပြည့်လွန်နှစ်များကာလတွင် အထူးသဖြင့် လစ်ဗျားနှင့် အမေရိကန်တို့ ဆက်ဆံရေး အလွန်ဆိုးရွားလာသည်။

၁၉၈၁ ခုနှစ် မေလ ၆ ရက်နေ့တွင် ဝါရှင်တန်မြို့တော်ရှိ လစ်ဗျား ပြည်သူ့ဗျူရို (သံရုံး)ကို အမေရိကန်အစိုးရက ပိတ်ပစ်လိုက်၏။ လစ်ဗျားက ယင်းတို့ ရေပိုင်နက်ဟု သတ်မှတ် တောင်းဆိုထားသော ဆီဒရာပင်လယ်ကွေ့၌ စစ်ရေးလေ့ကျင့်နေသော အမေရိကန်ရေတပ်ဖွဲ့အနီးသို့ ဩဂုတ်လ ၂ ရက်နေ့တွင် ချဉ်းကပ်လာသည့် လစ်ဗျားစစ်လေယာဉ် ၂ စင်းကို အမေရိကန်ဂျက်လေယာဉ်များက ပစ်ချလိုက်သည်။

၁၉၈၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုက လစ်ဗျားနိုင်ငံကို စီးပွားရေး ပိတ်ဆို့အရေးယူသည်။

၁၉၈၆ ခုနှစ် မတ်လတွင် ထိပ်တိုက်ဖြစ်မှုတစ်ခု၌ အမေရိကန်လေယာဉ်များက လစ်ဗျားသင်္ဘော ၂ စင်းကို ပစ်ခတ်နှစ်မြှုပ်ပစ်လိုက်သည်။

၁၉၈၆ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် အနောက်ဘာလင်ညကလပ်တစ်ခု၌ လစ်ဗျား လျှို့ဝှက်စီစဉ်သော အကြမ်းဖက်သမားများက ဗုံးခွဲတိုက်ခိုက်သဖြင့် အမေရိကန်စစ်သား ၂ ယောက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သေဆုံးသွားခဲ့၏။ ယင်းကို လက်တုံ့ပြန်သည့်အနေဖြင့် ဧပြီလ ၁၄ ရက်နေ့တွင် ဗိုလ်မှူးကြီးကဒါဖီကို အဓိက ပစ်မှတ်ထားလျက် ထရီပိုလီမြို့တော်နှင့် ဘင်ဂါဇီမြို့တို့ကို အမေရိကန် လေယာဉ်များက မြေအောက်သို့ အတော်နက်နက် ထိုးဖောက်နိုင်စွမ်း ရှိသော ဘန်ကာခွင်းဗုံးများ ကြဲချတိုက်ခိုက်၏။ ကဒါဖီတော့ ဗုံးဒဏ်မှ သီသီကလေး လွတ်မြောက်သွားသည်။ သို့ရာတွင် သူ့မွေးစား သမီးကလေးတစ်ဦး သေဆုံးသွားခဲ့သည်။

၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် စကော့တလန် နယ်မှ လော့ကာဘီ (Lockerbie) လေပြင်ပေါ်၌ ပန် အမေရိကန် လေကြောင်းလိုင်း ခရီးစဉ်အမှတ် ၁၀၃ (Pan Am.Flight 103) ကို ပျံသန်းနေသော ခရီးသည်တင်ဂျက်လေယာဉ်ကြီး တစ်စင်း ပေါ်မှာ ဗုံးပေါက်ကွဲသဖြင့် လေယာဉ်ပေါ် ပါသူ လေယာဉ်အမှုထမ်း နှင့် ခရီးသည် အားလုံး ၂၅၉ ဦးနှင့် မြေပြင်ပေါ်မှ ၁၁ ဦး စုစုပေါင်း လူ ၂၇၀ သေဆုံးသွားခဲ့၏။ ၁၉၉၀ ပြည့်နှစ်တွင် ထိုအရေးအခင်း ကို စုံစမ်းစစ်ဆေးနေသူများက လစ်ဗျား သူလျှိုတို့၏ လက်ချက် ဖြစ်သည်ဟု ကောက်ချက်ချပြီး ကြေညာသည်။

၁၉၈၉ ခုနှစ် ဇန်နဝါရီလတွင် အနောက်ဂျာမနီကုမ္ပဏီ တစ်ခုက ဓာတုလက်နက်စက်ရုံတစ်ခုအတွက် လိုအပ်သော ကိရိယာများကို လစ်ဗျားနိုင်ငံသို့ ရောင်းချခဲ့သည် ဆိုခြင်းမှာ မှန်ကန်သည်ဟု ယင်းက ဝန်ခံခဲ့၏။ သို့ကြောင့် နိုင်ငံတကာမှ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကန့်ကွက်သံများနှင့် မကျေနပ်သံများ ရုတ်ရုတ်သဲသဲ ပေါ်ထွက်လာခဲ့သည်။

နိုင်ငံကြီးအချို့က သံခင်းတမန်ခင်း နည်းလမ်းဖြင့် ထိရောက်စွာ ဆောင်ရွက်ခဲ့ကြသဖြင့် လော့ကာဘီဗုံးခွဲမှုနှင့် စွပ်စွဲခံနေရသော လစ်ဗျားလူမျိုး ၂ ဦးကို ၁၉၉၉ ခုနှစ် ဧပြီလတွင် လစ်ဗျားခေါင်းဆောင် ကဒါဖီက သက်ဆိုင်ရာ တရားရုံးသို့ စစ်ဆေးရန် လွှဲပေးလိုက်၏။ အမှုစစ်ဆေးပြီးနောက် ပြစ်မှု ထင်ရှားသဖြင့် တရားရုံးက တရားခံတစ်ဦးကို ၂၀၀၁ ခုနှစ် ဇန်နဝါရီလတွင် ထောင်ဒဏ် တစ်သက် ပြစ်ဒဏ်ချမှတ်သည်။ ကျန်တရားခံတစ်ဦးကိုမူ အပြစ်ရှိသည်ဟု သက်သေအထောက်အထား တစ်စုံတစ်ရာ မတွေ့ရသောကြောင့် တရားရုံးက တရားသေလွှတ်လိုက်သည်။

နိုင်ငံတကာ တရားရုံးက တရားခံ နှစ်ဦးအနက် တစ်ဦးကို ပြစ်မှု ထင်ရှားသည်ဟု စီရင်ခြင်းကို ကဒါဖီက လက်မခံဘဲ ပြစ်တင်ရှုတ်ချလိုက်၏။ သို့သော်လည်း ၂၀၀၃ ခုနှစ် လော့ကာဘီအရေးအခင်းအတွက် လစ်ဗျားမှာ တာဝန်ရှိသည် ဆိုခြင်းကိုမူ သူ လက်ခံပြီး သေဆုံးသူများ၏ မိသားစုများကို ယူအက်စ်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံ လျော်ကြေးပေးရန် သူ သဘောတူသည်။ ကဒါဖီသည် အနောက် ဘာလင် ညကလပ် ဗုံးခွဲမှု အရေးအခင်းအတွက်လည်း သက်ဆိုင်ရာတို့နှင့် ညှိနှိုင်း၍ အလားတူ ပြီးပြေအောင် ဖြေရှင်းသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထို့နောက် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် ဓာတုဇီဝနှင့် နျူကလီးယားလက်နက်များ ထုတ်လုပ်ရန် ကြိုးပမ်းနေမှုကို ချက်ချင်း ရပ်တန့်ရန် လစ်ဗျားနိုင်ငံက ဆန္ဒရှိကြောင်း၊ နျူကလီးယား မပြန့်ပွားရေးစာချုပ် (the Nuclear Nonproliferation Treaty) မှာလည်း လက်မှတ်ရေးထိုးရန် လိုလားကြောင်းနှင့် အကြမ်းဖက်မှုနှင့် ဆက်စပ်သော လှုပ်ရှားမှုမှန်သမျှကိုလည်း အပြီးအပိုင် စွန့်လွှတ်လိုက်ပြီး ဖြစ်ကြောင်း မမျှော်လင့်ဘဲ လစ်ဗျားနိုင်ငံက ရုတ်တရက် ကြေညာလိုက်သည်။

လစ်ဗျားနိုင်ငံ၏ တရားဝင် ကြေညာချက်ကို ကုလသမဂ္ဂ အပါအဝင် ကမ္ဘာ့နိုင်ငံများက ဝမ်းပန်းတသာ လှိုက်လှဲစွာ ကြိုဆိုကြသည်။ စီးပွားရေး ပိတ်ဆို့ထားမှုများကို သက်ဆိုင်ရာ နိုင်ငံများက ရုပ်သိမ်းကြ၏။ အမေရိကန်ပြည်ထောင်စုကလည်း ပိတ်ဆို့ အရေးယူထားမှုအားလုံးကို မကြာမီ ရုပ်သိမ်းလိုက်ပြီး နှစ်နိုင်ငံကြား သံတမန် ပြန်၍ဆက်သွယ်သည်။ အမေရိကန်ပြည်ထောင်စုက လစ်ဗျား ရေနံကိုလည်း စတင်ဝယ်ယူသည်။ သို့ကြောင့် လစ်ဗျားနိုင်ငံ၏ အခန်းကဏ္ဍနှင့် ဂုဏ်သိက္ခာလည်း မကြာမီ ကမ္ဘာ့အလယ်တွင် ပြန်လည်မြင့်တက်လာတော့မည်ဟု မျှော်မှန်းနိုင်ပြီ ဖြစ်ပေသည်။

## ဘဝ၏ မလှသော နိဂုံး

လစ်ဗျားနိုင်ငံက ယင်း၏ ပြဿနာများကို သမိုင်းဝင် အောင်မြင်စွာ ဖြေရှင်းနိုင်ခဲ့သည့် အချိန်တွင် အကယ်တန္တ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆက်ဒမ်သည် မူလအခြေအနေအတိုင်း အီရတ်နိုင်ငံ သမ္မတအဖြစ် 'ဝိုနေမြဲ ကျားနေမြဲ' ရှိနေဦးမည် ဆိုလျှင် လစ်ဗျား ဖြေရှင်းနည်းကို အခြေပြုပြီး ကုလသမဂ္ဂနှင့် လည်းကောင်း၊ အမေရိကန်ဦးဆောင်သော အပေါင်းပါနိုင်ငံများနှင့် လည်းကောင်း ပြေရာပြေကြောင်း သူ ဖြေရှင်းကောင်း ဖြေရှင်းခဲ့ပေလိမ့်မည်။ သို့မဟုတ် လစ်ဗျား ခေါင်းဆောင် ကဒါဖီက သူ့မိတ်ဆွေ ဆက်ဒမ်ကို လစ်ဗျားနမူနာ အခြေခံပြီး အီရတ် ပြဿနာကို အဆောတလျင် ဖြေရှင်းပါဟု ကောင်းမြတ်သော မေတ္တာ စေတနာဖြင့် တိုက်တွန်းကောင်း တိုက်တွန်းပေလိမ့်မည်။

ဤကားဖြစ်နိုင်မည့်အလားအလာကိုအတိတ်ဆီ ပြန်လည်တွေးတောမှန်းဆချက်သာတည်း။

ဤတွင် ဆက်ဒမ်သည် မည်သို့သော အပြုအမူ စရိုက်မျိုးရှိသူ ဖြစ်သနည်းဟူ၍ ပြန်လည် လေ့လာစိစစ်ကြည့်ရန် လိုအပ်မည် ထင်သည်။ ဆက်ဒမ်ဟူစိန်၏ မွေးကျေးဖူးရှင် မိခင် ဆပ်ဘ်ဟာ တာလ်ဖာအဲလ်မွတ်ဆဲလတ် (Subha Tulfah al-Mussallat) ကိုယ်တိုင်က သူ့သားလေး၏ အပြုအမူ စရိုက်ကို နေ့စဉ် အသေအချာ ဂရုတစိုက် စောင့်ကြည့်ပြီးမှ 'ဆက်ဒမ်' (Saddam) ဟု အမည်ပေးခဲ့၏။ အာရပ်ဘာသာစကားတွင် 'ဆက်ဒမ်' ကို ခေါင်းမာသူ၊ ဇွတ်တရွတ်နိုင်သူ (the stubborn one) သို့မဟုတ် ထိပ်တိုက်ရင်ဆိုင်ရဲသူ (one who confronts) ဟု အဓိပ္ပာယ်ရှိသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သို့ကြောင့် ဆက်ဒမ်သည် စစ်ပွဲဆီသို့ ဦးတည်ရွေ့ရှားနေသော အီရတ် ပြဿနာများကို အချိန်မီပြေလည်အောင် ဖြေရှင်းရန် လုံးဝ အားမထုတ်ခဲ့ဘဲ အာခံသော နည်းလမ်း သို့မဟုတ် ထိပ်တိုက်ရင်ဆိုင်သော နည်းလမ်းတစ်ခုတည်းကိုသာ ခေါင်းမာစွာဖြင့် 'တုံးတိုက်တိုက် ကျားကိုက်ကိုက်' ဇွတ်တရွတ် ရှေ့တိုးလုပ်ဆောင်ခဲ့ခြင်းမှာ သူ့ငယ်စဉ်ဘဝက အပြုအမူစရိုက်အတိုင်း တထေရာတည်း လုပ်ကိုင်ခဲ့ခြင်းသာဖြစ်သည်ဟု ထင်မြင်ယူဆသူများလည်း ရှိသည်။

မည်သို့ဆိုစေ ယင်းသို့ တစ်ရှူးထိုး တဇောက်ကန်း မဆင်မခြင် သူ လုပ်ခဲ့သဖြင့် 'ပိုးဖလံမျိုး၊ မီးကို တိုး၊ ကိုယ်ကျိုးနည်းမည်မှတ်' ဟူသော ဆုံးမစာ သံပေါက်နှင့်အညီ မီး ရှိရာသို့ ဇွတ်တိုးဝင်သော ပိုးဖလံကောင်နှင့် ပမာတူသည့် ဆက်ဒမ်သည် နောက်ဆုံးမှာ ကိုယ်ကျိုးနည်းခဲ့ရရှာသည်။ တစ်နည်းအားဖြင့် လူ့လောကအလယ်တွင် အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရပြီး သူ့ဘဝ၏ မလှသော နိဂုံးဖြင့် သူ အဆုံးသတ်ခဲ့ရရှာလေပြီ။ နောင်လာနောက်သားတို့ အထူးတလည် သင်ခန်းစာယူထိုက်သော ဖြစ်ရပ်ပင်တည်း။ ။

တင်ထွန်း(တောင်ကုတ်)

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၀၁ ခုနှစ် အီရတ်တပ်မတော် စစ်အင်အား နှိုင်းယှဉ်ချက် အခြေပြဇယား

| အီရတ်တပ်မတော်(ကြည်း၊ လေ၊ရေ) စစ်အင်အား | ၁၉၉၀ ခုနှစ် | ၂၀၀၁ ခုနှစ် |
|---|---|---|
| **တပ်မတော်(ကြည်း၊လေ၊ရေ)** | ၁,၀၀၀,၀၀၀ | ၄၂၄,၀၀၀ |
| စစ်သည်အင်အား | | |
| အရန်တပ်ဖွဲ့စစ်သည်အင်အား | ၈၅၀,၀၀၀ | ၆၅၀,၀၀၀ |
| **တပ်မတော်(ကြည်း)စစ်သည်အင်အား** | ၉၅၅,၀၀၀ | ၃၇၅,၀၀၀ |
| ပင်မတိုက်ပွဲဝင် တင့်ကားများ | ၅,၅၀၀ | ၂,၂၀၀ |
| အမြောက်များ | ၃,၅၀၀ | ၂,၀၅၀ |
| ရဟတ်ယာဉ်များ | ၄၈၉ | ၃၇၅ |
| မိုဘိုင်းလ်ဒုံးပစ်လောင်ချာများ | ၂၀၀ | ၂၀၀ |
| မြေပြင်မှ မြေပြင်/ရေပြင်ပစ် | | |
| ဒုံးလက်နက် လောင်ချာများ | ၅၀ | ၅၀ |
| **တပ်မတော်(လေ)စစ်သည်အင်အား** | ၄၀,၀၀၀ | ၃၀,၀၀၀ |
| စစ်လေယာဉ်များ | ၆၈၉ | ၃၁၆ |
| **တပ်မတော်(ရေ)စစ်သည်အင်အား** | ၅,၀၀၀ | ၂,၀၀၀ |
| စစ်ရေယာဉ်များ | ၃၈ | ၆ |
| (ကင်းလှည့်/ကမ်းခြေစောင့်) | | |

မှတ်ချက်။ ။ ပါရှန်ပင်လယ်ကွေ့စစ်ပွဲ (၁၉၉၁)အတွင်း အီရတ်တပ်ဖွဲ့များ အကြီးအကျယ် ပျက်စီးသွားသော်ငြားလည်း စစ်ပြီးကာလ၌ အီရတ် ကြည်းတပ်အင်အား ကြီးမားဆဲ ဖြစ်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# ဆက်ဒမ်ကို ကြောက်၍ ၂၂ နှစ် ပုန်းနေခဲ့သူ

၁၉၈၁ ခုနှစ်တွင် အီရတ်နိုင်ငံ သမ္မတ ဆက်ဒမ်ဟူစိန်၏ လျှို့ဝှက်ရဲတပ်ဖွဲ့ ဖမ်းဆီးမှုဘေးအန္တရာယ်မှ လွတ်မြောက်စေရန် 'ဂျာဝက်ဒ်အမ်မား ဆာယက်ဒ်' (Jawad Amer Sayed) သည် နိုင်ငံရပ်ခြားသို့ ထွက်ပြေးတိမ်းရှောင်ခြင်းမပြုဘဲ သူ့နေအိမ်မှာသာ လျှို့ဝှက်ပုန်းအောင်းနေထိုင်ရန် အရဲစွန့်၍ သူ ဆုံးဖြတ်လိုက်သည်။

ယင်းဆုံးဖြတ်ချက်အရ သူ့နေအိမ်မှ အခန်းနှစ်ခန်းကြားတွင် သူ ကိုယ်တိုင် ထိုးထွင်းကြံစည် ဆောက်လုပ်သော နံရံအတုတစ်ခုအတွင်း တိတ်တဆိတ် ပုန်းလျှိုးကွယ်လျှိုး သူ နေထိုင်ခဲ့သည်။ ၂၂ နှစ်တိုင်တိုင် ကြာညောင်းခဲ့၏။ တကယ့်ကို အံ့ခမန်းလိလိပင်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သို့ရာတွင် ဆက်ဒမ်ဟူစိန်၏ အာဏာ ဖရိုဖရဲပြိုလဲ ပျက်စီးသွားပြီးနောက် ဧပြီလ ၁၀ ရက်နေ့တွင် လျှို့ဝှက် ပုန်းအောင်းနေရာမှ ဆာယက်ဒ် ထွက်လာခဲ့၏။ မမျှော်လင့်ဘဲ ရုတ်တရက် သူ့ကို မြင်တွေ့ကြရသဖြင့် သူ့ဆွေမျိုးမိတ်သင်္ဂဟများပင်လျှင် အထူးအံ့သြကြရသည်။

နေအိမ်တွင်း သူ ပုန်းအောင်းနေခြင်းကို အစမှ အဆုံးတိုင် သိသူများမှာ သူ့မိခင် အေဇီဇာမာဆစ်ဒါဟတ်ရှ် (Aziza Masild Dahash)၊ သူ့ညီငယ်နှင့် သူ့ညီမ နှစ်ယောက်တို့သာ ဖြစ်၏။ နောက်ပိုင်းတွင် နေအိမ်မှာ သူ ရှိနေကြောင်း သူ့အဒေါ် တစ်ဦးနှင့် ညီဝမ်းကွဲတစ်ဦးတို့ သိရှိသွားခဲ့ကြ၏။ သို့သော် သူတို့ကို အချိန်မီ နှုတ်ပိတ်နိုင်သဖြင့် မည်သည့်ပြဿနာမျှ မပေါ်ပေါက် ခဲ့ချေ။

ကျန်လူများကတော့ သူ သေဆုံးသွားပြီဟု တထစ်ချ ထင်မှတ်နေကြ၏။ တစ်ခါတစ်ရံ သူကိုယ်တိုင်ကလည်း ယင်းသို့ပင် ထင်မိခဲ့သည်။

ရပ်နီးရပ်ဝေးမှ တကူးတက လာရောက်သတင်းမေးသူများနှင့် ဧည့်သည်များအား သူ လက်ခံတွေ့ဆုံစဉ် ဆာယက်ဒ်က–

"ကျွန်တော် ပုန်းအောင်းနေခဲ့စဉ် ကာလအတွင်း အချိန်အများစုမှာတော့ သိပ်ကို ငြိမ်သက်တိတ်ဆိတ်နေတာပါပဲ။ ဒီတော့ အဲသလို အခြေအနေမျိုးဟာ သေခြင်းမှာသာ ရှိနိုင်တယ်လို့ ထူးထူးခြားခြား ကျွန်တော် တွေးတောမိခဲ့သေးတယ်ဗျာ"

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဟု ပြောကြားခဲ့သည်။

ဆာယက်ဒ်၏ သက်ဦးဆံဖျား စွန့်စား၍ တိတ်တခိုး ပုန်းအောင်းနေခဲ့သည့် အဖြစ်သနစ်ကို အီရတ်နိုင်ငံတစ်ဝန်းမှ လူ အမြောက်အမြား သိရှိသွားပုံပေါ်သည်။ သူနှင့် တွေ့ဆုံမေးမြန်းခဲ့သော ရုပ်မြင်သံကြားသတင်းထောက်တစ်ဦးမှတစ်ဆင့် ဘဂ္ဂဒက်မြို့တော် အနှံ့အပြားသို့ သူ့သတင်း လျင်မြန်စွာ ရောက်ရှိသွားခဲ့၏။ သည့်နောက် သတင်းစာများတွင် စိတ်ဝင်စားဖွယ်ရာ သူ့သတင်း ဝေဝေဆာဆာ ပါလာခဲ့သည်ကိုး။

သူ ရေရှည်စားသောက် နေထိုင်ရေးနှင့် ပတ်သက်၍ အီရတ်လူမျိုးအချို့က အမျိုးမျိုး စောဒကတက်ကြသည်။ လူတစ်ယောက်အနေဖြင့် ဤမျှ ကြာကြာ ပုန်းလျှိုးကွယ်လျှိုး နေနိုင်ပါ့မလားဟု လူငယ်အချို့က သံသယဖြင့် မေးခွန်းထုတ်ကြသည်။ သက်ကြီးရွယ်အိုတွေကတော့ ‘ယင်းသို့ တာရှည် ပုန်းအောင်းနေနိုင်ခြင်းအတွက် ယုံမှားသံသယ သိပ်မဖြစ်ကြ။ သူ ပုန်းအောင်းခဲ့သည့် နည်းလမ်းမျိုးကို အခြား အီရတ်လူမျိုးတွေက ဘာ့ကြောင့် မစဉ်းစားခဲ့ကြသလဲ’ ဟုသာ သူတို့ တွေးတောခဲ့ကြသည်။

အရပ် ၅ ပေ ၈ လက်မခန့် ရှိပြီး သူတို့နှင့် အိမ်နီးနားချင်းဖြစ်သူ ‘ကာမဲလ်ခါလက်ဖ်’ (Kamel Khalef) က–

“ဆာယက်ဒ် ကို ကျွန်တော် နောက်ဆုံး တွေ့လိုက်တုန်းက ကျွန်တော့်ထက် သူ အရပ်ရှည်တာ အမှန်ပဲ။ ကျွန်တော် ကောင်းကောင်း မှတ်မိတာပေါ့။ အခု သူနဲ့တွေ့တော့ ကျွန်တော့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နှာခေါင်းလောက်သာ သူ့အရပ် မြင့်တော့တယ်။ တကယ့်ကို အံ့သြစရာပါပဲဗျာ”

ဟု ဆိုသည်။

ထူးခြားချက်က ဆာယက်ဒ်၏ မျက်နှာတွင် ပါးရိုးတွေ အပြိုင်းအရိုင်း ပေါ်နေသည်။ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး၊ နှုတ်ခမ်းမွေး စသော အမွေးအမှင်များဖြင့် ထူပိန်းတောထနေသည်။ သည့်ထက်ဆိုးသည်မှာ သူ့သွားတွေလည်း အတော်များများ မရှိတော့။ ကျိုးကုန်ကြပြီ။ ထိုသွားတွေကို မီးခြစ်ဘူးခွံ တစ်ခုထဲမှာ အမှတ်တရ သူ ထည့်ထားသည်။

“သွားတွေတော့ တစ်ချောင်းပြီး တစ်ချောင်း ကျိုးကုန်ပြီ။ အဲဒီ ကျိုးတဲ့ သွားတွေနဲ့ ကျွန်တော့်အဖို့ ကုန်လွန်သွားတဲ့ အချိန်တွေ အတိအကျ မှတ်မိအောင် ကျွန်တော် သိမ်းဆည်းထားခဲ့တယ်။ အခု ကျွန်တော် ထုတ်ပြတဲ့ ဒီအံသွားဟာ ၁၉၉၀ ပြည့်နှစ်ရဲ့ အမှတ်သညာ ဖြစ်တယ်”

ဟု သူက ပြောသည်။

ယင်းသို့ ထူးထူးခြားခြား ဖြစ်ပျက်ပြောင်းလဲခြင်းမှာ ဆက်ဒမ်ဟူစိန်ကို သူ အထူးကြောက်ရွံ့သဖြင့် လေဝင်လေထွက် နည်းလွန်းသော အမှောင်ခန်းထဲမှာ တစ်ကိုယ်တည်း အကျဉ်းကျသလို ကျဉ်းကျဉ်းကျပ်ကျပ် သူ ပုန်းအောင်းနေထိုင်ခဲ့မှုကြောင့် ဖြစ်ရသော ထင်ရှားသည့် အထောက်အထားပင်တည်း။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သူသည် ဆက်ဒမ်ဟူစိန်ကို ရှေးနှစ်ပေါင်းများစွာကပင် အပြင်းအထန် ဆန့်ကျင်ခဲ့သော ရှီးယိုက်မွတ်စလင် အဖွဲ့အစည်း တစ်ခု ဖြစ်သည့် ဒါဝါပါတီ (Dawa Party) ဝင်တစ်ဦး ဖြစ်သည်ဟု ဆာယက်ဒ်က ဖွင့်ပြောသည်။ သူ့လိုပင် သူတို့ ဒါဝါပါတီလည်း မကြာမီကမှ တရားဝင် ပြန်ပေါ်လာခဲ့သည်။ သူ ပုန်းအောင်းခြင်း မပြုမီက သူ့မိတ်ဆွေနှစ်ယောက်ကို လျှို့ဝှက်ရဲတပ်ဖွဲ့က ဖမ်းဆီးသွားပြီး မကြာမီ ရက်ရက်စက်စက် သူတို့ ကွပ်မျက်ခံရသည်။

"သူတို့နှစ်ဦးရဲ့ နာမည်ကို သေဒဏ် စီရင်ခြင်းခံရတဲ့ လူတွေရဲ့အမည်စာရင်းမှာ ကျွန်တော် မြင်တွေ့လိုက်ရတယ်။ ကျွန်တော် စိတ်မကောင်းဖြစ်လိုက်တာ။ ဒါ့ကြောင့် ကျွန်တော် လည်း ကြောက်အားလန့်အားနဲ့ လူတကာ ကြံစည်ခဲ့သော အကြံ အစည်ကို အခုလို ထိုးထွင်းကြံစည်ရတော့တာပါပဲ။ အသေဆိုးနဲ့ သေရမှာ ကြောက်တာကိုး။ ကျွန်တော် ပုန်းအောင်းနေခဲ့တဲ့ နံရံ အတုကို ကျွန်တော်ကိုယ်တိုင် တစ်ညတည်းနဲ့ အပြီး ဆောက် လုပ်ခဲ့တယ်"

ဟု သူက ထုတ်ဖော်ပြောဆိုသည်။

နံရံအတွင်း သူ ဝင်မပုန်းခင် ဦးစွာ ဒါဝါပါတီ၏ စာအုပ်များနှင့် ကြေညာချက်များကို အခြားအခန်းတစ်ခန်း၏ ကြမ်းပြင်အောက်တွင် လုံခြုံစွာ သူ မြှုပ်နှံထားလိုက်၏။ ပုန်းအောင်းရာက ပြန်ထွက်လာပြီးမှ ယင်းတို့ကို သူ ပြန်လည်ဖော်ထုတ်ယူခဲ့သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com




ဘဂ္ဂဒက်မြို့တော်၏ အရှေ့တောင်ဘက် မိုင် ၁၀၀ ခန့်ကွာဝေးသော ရွာတစ်ရွာ၌ ဆာယက်ဒ် နေထိုင်၏။ သူတို့ရွာတွင် သဲတော၊ ရွှံ့တောနှင့် စွန်ပလွံပင်များအကြားမှာ ပြန့်ကျဲနေသော လယ်သမားအိမ်များ ရှိသည်။


ယခုအခါ သူ့အသက် ၄၉ နှစ်ရှိပြီ။ သူ့လူကြီးဘဝတစ်ခုလုံးနီးနီး လျှို့လျှို့ဝှက်ဝှက် ပုန်းအောင်းနေထိုင်ခဲ့ရသော အခန်းငယ်သည် အလျား ၇ ပေ၊ အနံ ၃ ပေခန့်သာ ရှိ၏။ အဝင် အထွက်အတွက် သေးသွယ်သော လူတစ်ယောက် ခက်ခက်ခဲခဲ ဝင်ထွက်ရသည့် အံဝှက်တံခါးကလေးတစ်ခုတော့ တပ်ဆင်ထားသည်။

ထို့ပြင် သူ နေထိုင်ရာ အခန်းအောက်မှာ မြေအောက်ခန်းကလေး တစ်ခု ပြုလုပ်ထား၏။ သူ့အခန်းငယ်မှ မြေအောက်ခန်းသို့ မြေလှေကားဖြင့် ဆင်းရသည်။

မြေအောက်ခန်း၏ တစ်ဖက်အစွန်းတွင် ရေတွင်းငယ်တစ်ခု တူးထား၏။ အခြားတစ်ဖက်အစွန်းမှာ အိမ်သာတစ်ခု ရှိသည်။ ယင်းတို့အကြားတွင် သူ ထိုင်ရန် မြေကြီးဖြင့် ပြုလုပ်ထားသော စင်မြင့်တစ်ခု ရှိ၏။ စင်မြင့်နှင့် တစ်ဆက်တည်း အနိမ့်ဆုံးနေရာမှာ သူ မတ်တတ်ရပ်နိုင်၏။ ရေလည်း ချိုးနိုင်သည်။ ရေဆင်းပိုက်တစ်ခု သွယ်တန်းထားသဖြင့် အပြင်ဘက်သို့ ရေ စီးဆင်းသွားသည်။ လေဝင်လေထွက် အပေါက်တစ်ခုကိုလည်း အထူးစီစဉ်ဖောက်လုပ်ထားသည်။




တန်ခိုးအာဏာ ကြီးမားသော အီရတ်သမ္မတ "ဆက်ဒမ်ဟူစိန်"



ဓားထက်သော ဆက်ဒမ်



"ဂျာဝက်ဒ်အမ်မားဆာယက်ဒ်" ကို ရပ်ဝေးရပ်နီးမှ
လာရောက်သတင်းမေးသူ တစ်စိတ်တစ်ဒေသ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သူ နေထိုင်ရာ အခန်းငယ်တွင် လက်ချောင်းတစ်ချောင်း၏ လုံးပတ်ခန့် ရှိသည့် 'ချောင်းကြည့်ပေါက်' တစ်ပေါက် ရှိ၏။ ယင်းအပေါက်မှ ခြံဝင်းအတွင်းသို့ သူ ကြည့်ရှုနိုင်သည်။ သို့ရာတွင် တစ်နေ့တခြား ကြီးထွားလာသော စွန်ပလွံပင်တစ်ပင်က ကာဆီးနေသဖြင့် ယခင်က သူမြင်ကွင်း ကွယ်ပျောက်သွားခဲ့သည်။

"ကျွန်တော့်ညီ ထိမ်းမြားလက်ထပ်ပွဲ အခမ်းအနားကို အဲဒီချောင်းကြည့်ပေါက်က အချိန်အတော်ကြာအောင် စိတ်ဝင်တစား ကျွန်တော် ကြည့်ရှုအားပေးခဲ့တယ်။ မင်္ဂလာအခမ်းအနားမှာ ပါဝင်ဆင်နွှဲဖို့တော့ ကျွန်တော် ဘယ်ထွက်ရဲပါ့မလဲဗျာ"

ဟု သူ့အတွေ့အကြုံကို ပြန်ပြောပြသည်။

နံရံတစ်ဖက်မှာ ဘာသာရေးဆိုင်ရာ ပစ္စည်းအချို့ကို ဆာယက်ဒ် တွဲချိတ်ထား၏။ သည့်ပြင် လျှပ်စစ်ဓာတ်အား လာစဉ် အသုံးပြုရန် လျှပ်စစ် မီးသီးတစ်လုံး၊ လျှပ်စစ်မီး မလာသောအခါ မီးထွန်းရန် ရေနံဆီမီးအိမ် တစ်ခု၊ ဖုန်ခါရန် အရွယ်အစား အမျိုးမျိုး ရှိသော စုတ်တံများ၊ အချိန် အတော်ကြာအောင် အသုံးမပြုဘဲ ထားသော သွားပွတ်တံတစ်ချောင်း၊ ထမင်း ဟင်း ချက်ပြုတ်ရန် လျှပ်စစ်မီးဖိုတစ်ခု၊ ကိုရန်ကျမ်းစာအုပ် တစ်အုပ်နှင့် ဒါဝါပါတီ နိုင်ငံရေးစာအုပ်တစ်အုပ် ဆံ့သော စင်ငယ်တစ်ခု ရှိသည်။

သူ့မိခင်က သစ်သီးများ၊ ဟင်းသီးဟင်းရွက်များနှင့် သူလိုသော အခြားပစ္စည်းများကို အံဝှက်တံခါးပေါက်မှ သူ့သားထံသို့ လိုအပ်သလို ပို့ပေးသည်။ သူ့မီးခိုးရောင် ချည်ဝတ်ရုံကို သူ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကိုယ်တိုင် လျှော်ဖွပ်သည်။ အရောင်မှိန်နေပြီး အကွက်အကွက် ပေါ်နေသော ယင်းဝတ်ရုံကို ယခုတိုင် သူ ဆက်လက် ဝတ်ဆင် နေသေးသည်။

စောစောပိုင်းကာလတွင် လျှို့ဝှက်ရဲတပ်ဖွဲ့က သူ့ကို ရှာဖွေ ရန် နှစ်ကြိမ်တိုင်တိုင် လာရောက်ခဲ့ကြသည်ဟု သူက ထုတ်ဖော် ပြောဆိုသည်။

တစ်ကြိမ်မှာတော့ အတော်ကျော်ချမ်းစရာ ကောင်း၏။ ညဥ့်နက်ချိန် အိမ်သားများ အိပ်မောကျနေစဉ် ဘေးခန်းသို့ ရဲ အရာရှိတစ်ဦး ဝင်လာပြီး အံဝှက်တံခါးပေါ်မှ ခုတင် ပတ်ဝန်းကျင် ကို ပိုက်စိပ်တိုက်လှန်လှော မွှေနှောက်ရှာဖွေသည်။ ထိုအခိုက် ဆာယက်ဒ်၏ မိခင် အေဇီဇာမာဆစ်ဒါဟတ်ချ် ရုတ်ခြည်း လန့်နိုး လာပြီး စိုးရိမ်တကြီး ငယ်သံပါအောင် အော်လိုက်သည်။ သည့် အတွက် အိမ်နီးနားချင်းတစ်ယောက် သေနတ်ပစ်ဖောက်ပြီး အပြေးအလွှား လိုက်လာသဖြင့် အဆိုပါရဲအရာရှိလည်း ကိုယ် လွတ်ရုန်းကာ သုတ်ခြေတင်ရတော့သည်။

၁၉၉၈ ခုနှစ်တွင် ဆာယက်ဒ်၏ ညီမတစ်ယောက် စိတ် ဖောက်ပြန်သော ရောဂါ စဖြစ်သဖြင့် သူနှင့် သူ ပုန်းအောင်း နေထိုင် ရာ နံရံအကြောင်းကို ပြောမိပြောရာ ပြောသည်။ ထိုစဉ် မတော် တဆ လျှို့ဝှက်ချက် ပေါက်ကြားသွားမည်ကို အထူးစိုးရိမ်သဖြင့် သူ့မိခင်က စိတ်ဝေဒနာရှင် သမီးကို ယုံကြည်စိတ်ချရသော ဆွေမျိုး အိမ်တစ်အိမ်သို့ ပို့ထားလိုက်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လူအချို့က 'သူ တစ်ကိုယ်တည်း မည်သို့မည်ပုံ ရပ်တည်နေနိုင်သလဲ' ဟု သူ့အား မေးကြသောအခါ သူတစ်ဦးတည်း မဟုတ်ဟု ဆာယက်ဒ်က ပြန်ဖြေသည်။ အလ္လာဘုရားရှင်သည် သူနှင့်အတူ ရှိနေသည်ဟု သူက ပြောသည်။ 'အလ္လာဘုရားဟာ ယုံယုံကြည်ကြည် ကိုးကွယ်သူတိုင်းရဲ့ အဖော်မွန် ဖြစ်တယ်လို့ ကိုရန်ကျမ်းက သင်ပြပေးတယ်'ဟု သူက ဆိုသည်။

ထို့ပြင် အစ္စလာမ်ဘာသာရေး ကျမ်းဂန်မှ အဆိုအမိန့်များကို သူ အလွတ်နီးနီး ရနေသည်။ မကြာမီက သူနှင့် လာရောက်တွေ့ဆုံသော ဧည့်သည်တစ်ဦးက ကျမ်းစာမှ စာပိုဒ်အချို့ကို ရွတ်ဆို ကိုးကားပြသောအခါ ဆာယက်ဒ်က ထိုသူ၏ အမှားကို အမှန်အတိုင်း ရုတ်ခြည်း ပြင်ပေးလိုက်သည်။

သူသည် လက်ရေးလှ အရေးလေ့ကျင့်ရင်း အချိန်တွေကို ကုန်လွန်စေခဲ့၏။ ဓာတ်ခဲသုံး ရေဒီယိုကလေးကို ဖွင့်၍ အမြဲနားထောင်သဖြင့် လောလောဆယ် ပြည်တွင်းပြည်ပ အဖြစ်အပျက် အခြေအနေ သတင်းများကို သူ အတော်သိနေသည်။ ဘီဘီစီက အာရပ်ဘာသာစကားဖြင့် အသံလွှင့်ချက်ကို သူ အနှစ်သက်ဆုံးဖြစ်သည်။

အမေရိကန်ပြည်ထောင်စုက ဦးဆောင်တိုက်ခိုက်သော အီရတ်စစ်ပွဲကာလ အတောအတွင်း လေကြောင်းမှ အကြီးအကျယ် ဗုံးကြဲ တိုက်ခိုက်သဖြင့် ကြောက်လန့်စဖွယ် ကျယ်လောင်သော ပေါက်ကွဲသံကြီးများကို နားကွဲလုမတတ် သူ ကြားခဲ့ရ၏။ သူတို့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နေအိမ်သည် လေတပ် အခြေစိုက်စခန်းတစ်ခု၊ လက်နက်ခဲယမ်း မီးကျောက် သိုလှောင်ရုံများနှင့် သိပ်မကွာဝေးလှ။ အဓိက လမ်းမကြီးသို့ သွားရာ ရွာ ဖို့မြေလမ်းကြမ်းတစ်လျှောက်တွင် ယခုအခါ စွန့်ပစ်ထားသော လေယာဉ်ပစ်အမြောက်ကြီးများ ဖရိုဖရဲ ပြန့်ကျဲနေသည်။

ပုန်းအောင်းရာမှ အပြင်သို့ သူ ထွက်လာပြီးနောက် သူ့ကျေးဇူးရှင် မိခင် ဂရုတစိုက် သိမ်းဆည်းထားသော နေကာမျက်မှန်ဟောင်းကို မကြာခဏ သူ တပ်သည်။ တကယ်တော့ သူ့အနေနှင့် လမ်းလျှောက် ထွက်ရန်ပင် ကောင်းစွာ အချိန်မရ။ အကြောင်းမှာ သူ့စွန့်စားမှုများကို အနီးကပ် ကြားသိလိုကြသော သူစိမ်းများ အပါအဝင် မိုင်ပေါင်း အတော်ကွာဝေးသော ပတ်ဝန်းကျင် ဒေသများမှ ဧည့်သည်များ အဆက်မပြတ် လာရောက်မေးမြန်းကြသောကြောင့်ပင်တည်း။ သူ့ဧည့်သည်မှတ်တမ်း စာအုပ်မှာ ဧည့်သည်တိုင်း၏ အမည်စာရင်းကို စနစ်တကျ သူ ရေးမှတ်ထားသည်။

ဆာယက်ဒ် ပြန်ပေါ်လာခြင်းသည် လူ့ဘဝမှာ ဒုတိယအကြိမ် မွေးဖွားလာခြင်းနှင့် တူသည်ဟု သူ့မိခင်က ပြောသည်။

သူ ပုန်းအောင်းခြင်းမပြုမီက ဘဂ္ဂဒက်မြို့တော်တွင် စီမံခန့်ခွဲရေးပညာကို သူ သင်ယူဆည်းပူးခဲ့၏။ ယခု သူ အလုပ်တစ်ခုခု ဝင်လုပ်ချင်သည်။ ပြီးတော့ အိမ်ထောင်ပြုရန်လည်း သူ စဉ်းစားနေလေပြီ။

ဆာယက်ဒ်က–

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"တကယ်တော့ အဲဒီကိစ္စက ကျွန်တော့်ကျန်းမာရေးအပေါ် အဓိကမူတည်တာပေါ့။ အခုအခါ မိုးကောင်းကင်တွင် တလက်လက် တောက်ပနေကြတဲ့ ကြယ်တာရာတွေကို တဝကြီး ရှုစားရင်း နေအိမ် အပြင်ဘက် လဟာပြင်မှာ အိပ်စက်ရတာကို အတိုင်းထက် အလွန် ကျွန်တော် ကြည်နူးမိပါတယ်ဗျာ။ ဒါပေမဲ့ တစ်ခါတစ်ရံတော့လည်း အရင်ကလို နံရံထဲကို ပြန်ဝင်လိုတဲ့စိတ် ဖြစ်ပေါ်လာပြန်တယ်။ အဲဒါက ကျွန်တော့် ဒုတိယနေအိမ်ပေကိုး။ ကျွန်တော့် ပထမနေအိမ်လို့ ယူဆရင်တောင် ရမလား မပြောတတ်ဘူး။ ဘာပဲဖြစ်ဖြစ် အဲဒါကိုတော့ လက်ရှိအနေအထားအတိုင်းပဲ ထားဦးမယ်လေ"

ဟု သူ့အတွေ့အကြုံကို အခြေခံ၍ အလေးအနက် ပြောသည်။

ယခုကဲ့သို့ နေအိမ်တွင် ဆာယက်ဒ်၏ တိတ်တခိုး ပုန်းအောင်းနေထိုင်ခဲ့မှု အောင်မြင်ရခြင်းမှာ သူကိုယ်တိုင်က ဘာသာရေးနှင့် နိုင်ငံရေး ယုံကြည်ချက်ပြင်းပြ၍ စိတ်ဓာတ် ခိုင်မာကာ ကျန်းမာရေးကို အထူးဂရုပြုခြင်း၊ ပုန်းအောင်းရန် နေရာကို သူကိုယ်တိုင် ပိပိရိရိ ပြုလုပ်ခဲ့ခြင်း၊ ပြင်ပသို့ မထွက်ဘဲ ပုန်းအောင်းသည့် နေရာမှာချည်း နေထိုင်ခဲ့ခြင်း၊ သူ ပုန်းအောင်းနေသည်ကို အစမှ အဆုံးတိုင် သိသူများမှာ သွေးသားအရင်းအချာများ ဖြစ်၍ နှုတ်လုံသူများ ဖြစ်ခြင်း၊ သူ့ညီမတစ်ယောက် စိတ်ရောဂါ ဖြစ်၍ ထင်ရာမြင်ရာ ပြောစဉ် သူမကို လုံခြုံစိတ်ချရသည့် နေရာသို့ ပို့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထားနိုင်ခြင်း၊ သူ့အဒေါ်တစ်ဦးနှင့် ညီဝမ်းကွဲတစ်ဦးတို့ သိရှိသွားသည့်တိုင် အချိန်မီ နှုတ်ပိတ်နိုင်ခြင်း၊ လူသူ အရောက်အပေါက်နည်းရာ တောလက်ကျေးရွာ ဖြစ်ခြင်း စသည်တို့ကြောင့်ပင်တည်း။

သို့သော် အီရတ်နိုင်ငံတွင် ဆက်ဒမ်ဟူစိန်၏ သစ္စာခံများ၊ အစွယ်အပွားများ ကျန်ရှိနေသေးသဖြင့် ဆာယက်ဒ်အဖို့ လုံးဝဘေးအန္တရာယ် ကင်းရှင်းပြီဟု အတိအလင်း မဆိုသာ။ သည့်အတွက် သူ့အနေဖြင့် အဘက်ဘက်က ဆင်ခြင်ကာ သတိ ဝီရိယနှင့် နေထိုင်မှသာ တော်ရုံကျမည် ဖြစ်သတည်း။ ။

တင်ထွန်း(တောင်ကုတ်)

*Ref: WP(Internet News)*

*၂၀၀၃၊ ဒီဇင်ဘာ၊ ရှစ်ရှင်အောင်လံမဂ္ဂဇင်း*

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# သမ္မတဆက်ဒမ်၏ အုပ်ချုပ်မှုအောက်မှ ရက်စက်မှုအတွင်းရေးများ

၁၉၉၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးဟူစိန်ကမဲလ် အဲလ်မဂျစ်သည် သူ့အစ်ကို ဆက်ဒမ်ကမဲလ်အဲလ်မဂျစ်၊ သူတို့ မိသားစု နှစ်စု အပါအဝင် ဆွေမျိုးတစ်စုနှင့်အတူ ဘဂ္ဂဒက်မြို့တော်မှ ဂျော်ဒန်နိုင်ငံသို့ ဥပါယ်တံမျဉ်ဖြင့် ထွက်ပြေးခိုလှုံသွားခဲ့သည်။

သူသည် သမ္မတ ဆက်ဒမ်ဟူစိန်၏ ညီဝမ်းကွဲ ဖြစ်၏။ သမက်လည်း တော်သည်။ သမ္မတ၏သမီးကြီး ရာဂတ်ဟူစိန်၏ ခင်ပွန်းလည်း ဖြစ်သည်။ သူ့အစ်ကို ဆက်ဒမ်ကမဲလ်လည်း ဆက်ဒမ်၏ ညီဝမ်းကွဲ ဖြစ်ပြီး သမက်လည်း တော်သည်။ သမ္မတ၏ သမီးလတ် ရာနာဟူစိန်၏ ခင်ပွန်းလည်း ဖြစ်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဗိုလ်ချုပ်ကြီးဟောင်း ဟူစိန်ကမဲလ်သည် လူအစုလိုက် အပြုံလိုက် သေကျေနိုင်သော ဖျက်အားပြင်းလက်နက် အစီအစဉ် အားလုံးအတွက် အဓိကတာဝန်ရှိသည့် စစ်ဘက်ဆိုင်ရာ စက်မှု လုပ်ငန်းဌာန ဝန်ကြီးဟောင်း၊ နိုင်ငံ့စီးပွားရေးဆိုင်ရာ အကြီးအကဲ ဟောင်း၊ ဆက်ဒမ်၏ သစ္စာခံ သမ္မတတပ်ဖွဲ့၏ တပ်မှူးကြီးဟောင်း နှင့် ကာကွယ်ရေး ဝန်ကြီးဟောင်း ဖြစ်သည်။ သူ့အစ်ကို ဆက်ဒမ် ကမဲလ်ကတော့ သမ္မတ၏ ကိုယ်ရံတော်တပ်ဖွဲ့ တပ်မှူးကြီးဟောင်း ဖြစ်သည်။

အဆိုပါ ဖြစ်ရပ်က အီရတ်နိုင်ငံကို စိုးမိုးအုပ်ချုပ်နေသော သမ္မတ ဆက်ဒမ်ဟူစိန်၏ ဆွေမျိုးအုပ်စုအတွင်း စိုးရိမ်ထိတ်လန့် ဖွယ် ကောင်းသည့် အကွဲအပြဲ ပြဿနာကို အထင်အရှား ဖွင့်လှစ် ပြသလိုက်သလို ဖြစ်နေသည်။

ဗိုလ်ချုပ်ကြီးဟောင်း ဟူစိန်ကမဲလ်သည် ပြဿနာများကို ကိုင်တွယ်ရာတွင် စေ့စပ်ညှိနှိုင်း၍ ငြိမ်းချမ်းစွာ အဖြေရှာသော နည်းကို လုံးဝမကျင့်သုံးခဲ့။ ယင်းတို့ကို ခေါင်းမာစွာဖြင့် ခပ်ကြမ်း ကြမ်း သူ ကိုင်တွယ်ဖြေရှင်းခဲ့သည်။ လူအမြောက်အမြား သေကျေ ပျက်စီးမည့် ဖျက်အားပြင်း လက်နက်များ အမြန်ဆုံး အောင်မြင် ဖြစ်မြောက်နိုင်စေရန် အီရတ်နိုင်ငံ၏ လျှို့ဝှက်စီမံကိန်း အစီအစဉ် များကို သူကိုယ်တိုင် အနီးကပ် ကြီးကြပ်အုပ်ချုပ်၍ လက်တွေ့ အကောင်အထည်ဖော်ခဲ့သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပါရှန်ပင်လယ်ကွေ့စစ်ပွဲကြီး ပြီးဆုံးပြီးနောက် မြောက်ပိုင်းမှ ကာ့ဒ်လူမျိုးများနှင့် အလယ်ပိုင်းနှင့် တောင်ပိုင်းတို့မှ ရှိးယိုက်ဘာသာဝင်များကို ရက်စက်ကြမ်းကြုတ်စွာ နှိပ်ကွပ်ခဲ့ခြင်းအတွက် သူ့မှာ တာဝန်ရှိသည်ဟု တိုက်ရိုက်မဆို။ သို့သော် သွယ်ဝိုက်၍တော့ သူ ဝန်ခံခဲ့သည်။

ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တော်တွင် ဗိုလ်ချုပ်ကြီးဟောင်း ဟူစိန်ကမဲလ်နှင့် တိုင်းမ်မဂ္ဂဇင်းမှ သံတမန်ဆိုင်ရာ သတင်းထောက်ဒိမ်းဖစ်ရှား (Deam Fisher) တို့တွေ့ဆုံပွဲ၌ သတင်းထောက်၏ မေးခွန်းများကို ဟူစိန်ကမဲလ်က ဖြေကြားသွားခဲ့သည်။ သို့သော် ကိစ္စတစ်ခုတွင် အမှန်ကို လုံးဝနီးပါး သူ ဖုံးကွယ်ပြောကြားသွားခဲ့၏။ ထိုကိစ္စကို အတိအလင်း သူ ငြင်းဆိုသွားခဲ့သော်ငြားလည်း အီရတ်နိုင်ငံမှ သူ ထွက်ပြေးလာခဲ့ပြီးနောက် အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့ဝင် အရာရှိအချို့နှင့် သူ တွေ့ဆုံခဲ့သည်ဟု ခိုင်လုံသော သတင်း အသိုင်းအဝိုင်းက ပြောကြားသည်။ အမေးအဖြေကို အောက်တွင် ဖော်ပြလိုက်ပါသည်။

မေး။ ။ ကိုယ့်နိုင်ငံက ထွက်ပြေးဖို့ ဘာ့ကြောင့် ခင်ဗျား ဆုံးဖြတ်ခဲ့ပါသလဲ။

ဖြေ။ ။ ကိုယ့်နိုင်ငံ အကျိုးကို ရှေးရှုဆောင်ရွက်လိုတဲ့ စိတ်ဓာတ်က အဲသလို လုပ်ဖို့ ကျုပ်ကို စေ့ဆော်ခဲ့တယ်။ အီရတ်နိုင်ငံရဲ့ မှားယွင်းတဲ့ မူဝါဒတွေကို ကျုပ်ကိုယ်တိုင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထောက်ပြဝေဖန်ခဲ့ပေမယ့် သဲထဲ ရေသွန်သလိုသာ အချည်းနှီး ဖြစ်ခဲ့ရတယ်။

အီရတ်နိုင်ငံဟာ ၁၅ နှစ်တိုင်တိုင် စစ်တိုက်ခဲ့ပေမယ့် အခုထိ စစ်တိုက်တာကို မရပ်သေးဘူး။ မျိုးဆက်ပေါင်းများစွာက ပြန်လည်ပေးဆပ်ဖို့ လိုအပ်တဲ့ အကြွေးတွေသာ နိုင်ငံမှာ တစ်နေ့တခြား စုပုံများပြားလာခဲ့တယ်။ စစ်ကြောင့် ကျုပ်တို့ လူ့အဖွဲ့အစည်းက အသက်ပေါင်းများစွာ စတေးခဲ့ကြရပြီ။ လူပေါင်း မြောက်မြားစွာ ကျိုးကန်းချည့်နဲ့ပြီး မသန်မစွမ်း ဖြစ်ကာ ဒုက္ခပင်လယ်ဝေခဲ့ကြရပြီ။ ဒါပေမဲ့ အခုထိ စစ်တိုက်မယ့် အတွေးအခေါ်ကို မစွန့်လွှတ်ကြသေး။

ပြီးတော့ အာဏာကို ဆုပ်ကိုင်ထားတဲ့ ထိပ်ပိုင်းက လူတွေရဲ့ လုပ်ရပ်တွေကို တစ်နည်းနည်းနဲ့ ဝေဖန်ရင်လည်း အဲဒီဝေဖန်သူဟာ ကြီးကြီးငယ်ငယ် မသက်သာလှဘူး။ နောက်ဆုံးမှာတော့ အသက်နဲ့ ခန္ဓာကိုယ် အိုးစားကွဲရတော့တာပါပဲ။

ဒီအကြောင်းတွေကြောင့် ကိုယ့်ဇာတိ နိုင်ငံက ကျုပ်ထွက်ခွာလာခဲ့ရတာ။

**မေး။** ။ တစ်ဖက်က သံသယကင်းအောင် ဘဂ္ဂဒက်မြို့တော်က ဘယ်လိုလုပ်ပြီး ခင်ဗျားတို့ ထွက်ခွာလာနိုင်ခဲ့သလဲ။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မြေ။ ။ ဩဂုတ်လ ၇ ရက်နေ့ ည ၈ နာရီလောက်မှာ ဘဂ္ဂဒက်မြို့တော်က ကျုပ်တို့ ထွက်ခွာလာခဲ့ကြတယ်။ ဘူလ်ဂေးရီးယားနိုင်ငံမှာ ကျင်းပမယ့် ညီလာခံတစ်ခုကို တက်ဖို့ သွားမယ်လို့ ကျုပ်တို့က ပြောထားတယ်။ ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တော်က တစ်ဆင့် အဲဒီကို ခရီးဆက်ထွက်မယ်လို့ ကြိုပြောခဲ့တယ်။ ဒါကြောင့် လုံခြုံရေး အစောင့်အရှောက်တွေပါ အပြည့်အစုံ စီစဉ်ပြီး တရားဝင်မော်တော်ယာဉ်တန်းနဲ့ ကျုပ်တို့ ထွက်လာနိုင်ခဲ့ကြတာပေါ့။ အီရတ်နယ်စပ်ကို ကျော်ဖြတ်တဲ့အခါ သက်ဆိုင်ရာ တာဝန်ရှိသူတွေက ကျုပ်တို့ဆီက နိုင်ငံကူးလက်မှတ်တွေ မတောင်းကြဘူး။

ဩဂုတ်လ ၈ ရက်နေ့ မနက် ၃ နာရီခွဲလောက်မှာ အမ္မန်မြို့တော်ကို ကျုပ်တို့ ဆိုက်ရောက်ခဲ့ကြတယ်။ အဲဒီအချိန်မှာ အမ္မန်မြို့တော်အကြောင်းကို ကျုပ်တို့ သိပ်မသိကြသေး။ ဘာ့ကြောင့်ဆိုရင် အရင် ရောက်ခဲ့တဲ့ ခရီးစဉ်တွေတုန်းက အစီအစဉ်အားလုံးကို ဂျော်ဒန်သံတမန်တွေက အကုန် တာဝန်ယူပြီး ဆောင်ရွက် စောင့်ရှောက်သွားခဲ့ကြလို့ပဲ။ ကျုပ်တို့အဖို့ ဟိုတယ်တစ်ခုကို ရောက်ဖို့အရေးက ပိုလို့ ခက်နေတယ်။ မကြာမီ တက္ကစီတစ်စီးကို ကျုပ်တို့ မြင်တွေ့ကြရတယ်။ အထူးတာဝန်ကျရဲဘော်တစ်ဦးရဲ့ အကူအညီနဲ့ ဟိုတယ်တစ်ခုသို့ ကျုပ်တို့ ရောက်သွားခဲ့ကြတယ် ဆိုပါစို့။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မေး။ ။ ဟိုတစ်ချိန်ကပင် ဒုတိယ အာဏာအရှိဆုံးလို့ သတ်မှတ်ခံထားရတဲ့ သမ္မတဆက်ဒမ်ဟူစိန်ရဲ့ သားကြီးဩရသ အူဒေးဟူစိန်နဲ့ ဆက်ဒမ်နဲ့ အမေတူ အဖေကွဲ ညီအစ်ကို ဝတ်ဘန်အီဘရာဟင်အဲလ်တီကရစ်တီတို့နဲ့ ပတ်သက်ပြီး ဘဂ္ဂဒက်မြို့တော်မှာ သေနတ်ပစ်မှု ဖြစ်ပွားတယ်လို့ သတင်းတစ်ရပ်က ဆိုပါတယ်။ အဲဒီကိစ္စကကော...

ဖြေ။ ။ အမ္မန်မြို့တော်ကို သွားဖို့ ဘဂ္ဂဒက်မြို့တော်က ကျုပ်တို့ ထွက်လာခဲ့ကြတဲ့ ဩဂုတ်လ ၇ ရက်နေ့ ညမှာပဲ အဲဒီ သေနတ်ပစ်မှု ဖြစ်ပွားခဲ့တယ်။ ဆက်ဒမ်ရဲ့ ယောက်ဖ လူအေတာလ်ဖာ (Luay Talfah) နဲ့ ဝတ်ဘန်ရဲ့တူ နီမာဒီဟမ် (Nemir Diham) တို့ နှစ်ဦး အချင်းချင်း အချေအတင် စကားများပြီး လက်သီးချင်း ထိုးကြတယ်။ ဒီနောက် လူအေက အဲဒီအဖြစ်အပျက်ကို အခြားပါတီ ပွဲတစ်ခုမှာ ရောက်နေတဲ့ အူဒေးဆီ အကြောင်းကြား လိုက်တယ်။ ဒီတော့ တိုင်ကြားလိုက်သလို ဖြစ်သွားတော့တာပေါ့။ ဒါကြောင့် အူဒေးဟာ သုတ်သီးသုတ်ပျာနဲ့ ပေါက်ချလာပြီး မြင်တွေ့သမျှ လူတွေကို အရမ်းကာရော သေနတ်နဲ့ စွတ်ပစ်တော့တာပါပဲ။ လူအတော်များများကို ကျည်ထိတယ်။ အဲဒီအထဲမှာ ဝတ်ဘန်နဲ့ သမ္မတတို့ရဲ့ အထူးလုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးလည်း ပါတယ်။ ဂျစ်ပစီကချေသည် အချို့နဲ့ အခြားဧည့်သည်တွေ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လည်း ပါတယ်။ သေသူနဲ့ ဒဏ်ရာရသူပေါင်း အမျိုးသမီး ချည်း ၈ ဦးတောင် ရှိတယ်။

အဲဒီလို ရမ်းကားတဲ့ အလုပ်မျိုး လုပ်ရာမှာ အူဒေး ဟာ အင်မတန် နာမည်ကြီးတယ်။ အဲဒီသေနတ်ပစ်မှု ဟာ ညဦးအတော်နက်ပြီးမှ ဖြစ်တာ။ အူဒေးဟာ အတော် အရက်မူးနေလို့ အဲဒီလို ရမ်းကားသွားတာ။

အဲဒီလို ရမ်းကားရက်စက်မှုကြောင့် သူ့ကို အပြစ် ပေးတာ မတွေ့ရဘူး။ သူ ကျူးလွန်တဲ့ ပြစ်မှုအတွက် သူ့ဖခင်က ဟိုတုန်းက သူ့ကို အပြစ်ပေးဖူးတယ် ဆိုတာ လည်း တကယ်တော့ မဖြစ်စလောက်လို့ ဆိုရမှာပေါ့။ အပြစ်ပေးပြီး မကြာမီ ရာထူးကြီးတစ်ခုကို ချီးမြှင့်တယ်။ အဲဒါက သူ့သားကြီး ငမိုက်သားကို ဆက်ဒမ်ရဲ့ အပြစ် ပေးပုံပေးနည်းပါပဲဗျာ။

မေး။ ။ သမ္မတဆက်ဒမ်ဟူစိန်ရဲ့ သစ္စာရှိအစေခံတစ်ဦးကို အူဒေး က အသေရိုက်သတ်တာနဲ့ ပတ်သက်ပြီး စောစောပိုင်း ကာလက အဖြစ်အပျက်တစ်ခု ရှိခဲ့သေးတယ် မဟုတ် လား။ အဲဒီကိစ္စကကော...

ဖြေ။ ။ အဲဒီအဖြစ်အပျက်ဟာ ၁၉၈၈ ခုနှစ် အောက်တိုဘာလ အတွင်းက အီဂျစ်သမ္မတ ဟိုစနီမူဘာရက် (Egyptian President Hosni Mubarak) ရဲ့ ဇနီး စူဇန်နီမူဘာရက် (Suzanne Mubarak) ကို ဂုဏ်ပြုတဲ့ ညစာစားပွဲမှာ ဖြစ်ခဲ့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တာပါ။ အဲဒီညှော်ခံပွဲမှာ သမ္မတဆက်ဒမ်ဟူစိန်ရဲ့ ယောက်ျား အစေအပါးနဲ့ အစားအစာ မြည်းစမ်းရသူ ကင်မဲလ်ဟာ နာဂီဂျီယို (Kemal Hana Gegeo) နဲ့ အူဒေးရဲ့ လုံခြုံရေး အစောင့်တပ်ဖွဲ့ဝင် တစ်ဦးတို့ အချင်းချင်း အပြန်အလှန် စကားများ ရန်ဖြစ်ကြတယ်။ အဲဒီအခါ အတော်မူးနေတဲ့ အူဒေးက ဒေါသထပြီး အစေခံကို တုတ်တစ်ချောင်းနဲ့ အကြိမ်ကြိမ် ရိုက်တယ်။ အရိုက်ခံရလို့ မချိမဆံ့ ခံစားနေရတဲ့ လူကို သူက လျှပ်စစ်သုံး သားလှီးဓားချွန် တစ်ချောင်း (an electric carving knife) နဲ့ ထပ်မံ ထိုးသတ်သေးတယ်။

အဲဒီမှာ သေဆုံးသွားတဲ့ သစ္စာရှိလူယုံတော် အစေခံဟာ လှပတဲ့ မိန်းမချော ဆာမီရာရှာဘန်ဒါ (Samira Shahbandar) ကို မကြာမီက ဆက်ဒမ်နဲ့ ဆက်သွယ်ပေးခဲ့တယ်။ ဒီအမျိုးသမီးဟာ နောက်ပိုင်းကာလမှာ ဆက်ဒမ်ရဲ့ ဒုတိယဇနီး ဖြစ်လာခဲ့တယ်။ အဲဒီကိစ္စကိုလည်း သူ့မိခင်နဲ့ ဆက်စပ်ပြီး ပထမဇနီးရဲ့ သားကြီး ဖြစ်တဲ့ အူဒေးက သိပ်ဘဝင်ကျပုံ မတူဘူး။ အဲဒီအငြိုးလည်း ပါနိုင်တာပေါ့လေ။

နောက်ပိုင်းမှာတော့ အီရတ်သမ္မတ မူဘာရက်က အူဒေးဟာ အကြမ်းပတမ်း လုပ်တတ်တဲ့ စိတ်ဝေဒနာရှင် (psychopath) ဖြစ်မှာပဲလို့ ကောက်ချက်ချတယ်။ သူက စဉ်းစားတွေးခေါ်တတ်တဲ့ ပုဂ္ဂိုလ်ပေကိုး။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မေး။ ။ သမ္မတက သူ့သားကြီး အူဒေးကို ပြင်းပြင်းထန်ထန် ကန့်သတ်ထိန်းချုပ်ခြင်းဖြင့် အရေးယူတယ် ဆိုတာက ကော မှန်ပါသလား ခင်ဗျား။

ဖြေ။ ။ မလွှဲသာလို့ အရေးတော့ ယူတယ်။ သို့ပေမဲ့ ပြင်းပြင်း ထန်ထန်ရယ်လို့တော့ မသတ်မှတ်သင့်ဘူးလို့ ထင်တယ်။ အဲဒီလူသတ်မှုနဲ့ပတ်သက်ပြီး သမ္မတက သူ့သားကြီး အူဒေးကို ထောင်ဒဏ် ၈ နှစ် အပြစ်ပေးတယ်။ သူ့ကို တော့ သီးသန့်နေရာ တစ်နေရာမှာ ထားတာပေါ့လေ။ ပြစ်ဒဏ်ကာလ ထက်ဝက်လောက် ကျခံပြီးနောက် ဂျော်ဒန်ဘုရင်ဟူစိန် (King Hussein of Jordan) က ပုဂ္ဂိုလ်ရေးအရ ကြားဝင်ဖျန်ဖြေတာကြောင့် သမ္မတ က အူဒေးကို ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေး လိုက်တယ်။

ပြီးတော့ ဆွီဇာလန်နိုင်ငံရှိ အီရတ်သံအမတ်ကြီးရဲ့ လက်ထောက်အဖြစ် အူဒေးကို သမ္မတက တာဝန်ပေး ပြီး ရပ်ဝေးကို ပို့ထားလိုက်တယ်။ အဲဒီရောက်တော့ လည်း စားသောက်ဆိုင် တစ်ဆိုင်မှာ လူတစ်ယောက်ကို ဓားနဲ့ ထိုးဖို့ သူ ခြိမ်းခြောက်တဲ့အတွက် ဆွီဇာလန်အစိုးရ က အူဒေးကို နိုင်ငံက နှင်ထုတ်လိုက်တယ်။

ဒါပေမဲ့ အူဒေးဟူစိန်ဟာ ဒီနေ့အထိ တန်ခိုးကြီးဆဲ ပါပဲ။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မေး။ ။ အီရတ်နိုင်ငံမှာ အချုပ်အနှောင် အနှိပ်အစက် အသတ်အဖြတ် ခံရမှာကို မမှုဘဲ အစိုးရရဲ့ မူဝါဒတွေကို ဆန့်ကျင်ကန့်ကွက်ရဲသူ ရှိပါသလား။

ဖြေ။ ။ အစိုးရ အုပ်ချုပ်ရေးနဲ့ ပတ်သက်တဲ့ အကြောင်းအရာတစ်ခုခုကို လူနှစ်ဦးအနက် တစ်ဦးဦးက ဝေဖန်ဆွေးနွေးမိမယ်ဆိုရင် သူတို့ နှစ်ဦးစလုံးရဲ့ ကံကြမ္မာဟာ ကွပ်မျက်ခံရတာနဲ့ ဘဝနိဂုံးချုပ်ရဖို့ များပါတယ်။ အစိုးရ အုပ်ချုပ်ရေးကို နည်းနည်းပါးပါးလောက် ဖြစ်စေ၊ တစ်စုံတစ်ဦးက ဝေဖန်မိရင်တောင်မှ အဲဒီလူဟာ သေဒဏ်နဲ့ ရင်ဆိုင်ရဖို့ အလားအလာ ရှိတာပါတယ်။

မေး။ ။ အစိုးရအဖွဲ့ဝင်တွေဟာ အစိုးရ အုပ်ချုပ်ရေးနဲ့ ပတ်သက်လို့ ဝေဖန်ခဲ့ဖူးကြပါသလား။

ဖြေ။ ။ အဲဒီလို ဘယ်တုန်းကမှ မဖြစ်ခဲ့ပါဘူး။

မေး။ ။ ခင်ဗျားဟာ အာဏာရှိတဲ့တာဝန်နဲ့ မထိုက်တန်ဘူးလို့ သမ္မတနဲ့ အမေတူအဖေကွဲ ညီအစ်ကိုတော်စပ်တဲ့ ဘာဇံ အီဘရာဟင်အဲလ်တီကရစ်တီ (Barzan Ibrahim al-Tikriti) ရဲ့ ဝေဖန်ပြောဆိုမှုကို ခံခဲ့ရတယ် မဟုတ်လား။ သူ့ကို အခု ခင်ဗျား ဘယ်လို ဆက်ဆံပါသလဲ။

ဖြေ။ ။ ဘာဇံဟာ ဘယ်သူ့ကိုမှ တန်ဖိုးထားတတ်တဲ့ လူစားမျိုး မဟုတ်ဘူး။ အီရတ် ပြည်သူတွေအတွက် သူဟာ အင်မတန် အန္တရာယ်ကြီးပြီး ဒုက္ခပေးခဲ့တဲ့ လူတစ်ယောက် ဖြစ်



ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တော်၌
တိုင်းမ်မဂ္ဂဇင်းမှ သတင်းထောက်
ဒိမ်းဖစ်ရှား၏ မေးခွန်းများကို
ဗိုလ်ချုပ်ကြီးဟောင်း
ဟူစိန်ကမဲလ်အဲလ်မဂျစ်က
ဖြေဆိုနေစဉ်





ဟူစိန်ကမဲလ်နှင့် ရာဂတ် တို့ ဇနီးမောင်နှံ







ဆက်ဒမ်ကမဲလ်နှင့် ရာနာ တို့ ဇနီးမောင်နှံ



ယောက္ခမဆက်ဒမ်နှင့် သမက် ဟူစိန်ကမဲလ်တို့ သင့်မြတ်စဉ်က

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တယ်။ ပြည်သူတွေကို ဖမ်းဆီးချုပ်နှောင် နှိပ်စက်သတ်ဖြတ်တဲ့ လူလည်း ဖြစ်တယ်။

မေး။ ။ ပါရှန်ပင်လယ်ကွေ့ စစ်ပွဲကြီး ဖြစ်ပြီးနောက် ကာ့ဒ်လူမျိုးတွေနဲ့ ရှီးယိုက်ဘာသာဝင်တွေ ပုန်ကန်ထကြွကြတဲ့အခါ အီရတ်အစိုးရက အပြင်းအထန် နှိမ်နင်းနှိပ်ကွပ်ခဲ့တယ် မဟုတ်လား။ အဲဒီအတွက် ခင်ဗျားမှာ တာဝန် မရှိဘူးလား။

ဖြေ။ ။ စစ်ကြီး ပြီးတဲ့နောက် ပြည်တွင်းစစ် ဖြစ်လာခဲ့ပါတယ်။ မြို့ကြီး မြို့ငယ် အများအပြားမှာ အစုလိုက် အပြုံလိုက် ရက်ရက်စက်စက် လူသတ်ပွဲကြီးတွေ ဖြစ်ပွားခဲ့တယ်။ ပုန်ကန်မှုတွေကို နှိမ်နင်းပြီးနောက်မှ ကာကွယ်ရေးဝန်ကြီး တာဝန်ကို ကျုပ် ထမ်းရွက်ခဲ့ရတယ်။ ကာကွယ်ရေးဝန်ကြီးဌာနဟာ ပုန်ကန်ထကြွမှုတွေကို နှိမ်နင်းရာမှာ တာဝန် မယူခဲ့ရပါဘူး။ နိုင်ငံတစ်ဝန်းမှာ ဖြစ်ပွားခဲ့တဲ့ ပုန်ကန်မှုတွေ နှိမ်နင်းရေး တာဝန်ကို ထမ်းဆောင်ရတာကတော့ ဆက်ဒမ်ရဲ့ သစ္စာခံ သမ္မတတပ်ဖွဲ့မှ တပ်ဖွဲ့ငယ် အချို့သာ ဖြစ်တယ်။

မေး။ ။ အဲဒီပုန်ကန်ထကြွမှုတွေကို ကွပ်ကဲနှိမ်နင်းတာနဲ့ ပတ်သက်ပြီး ခင်ဗျားနဲ့ ဘာမျှ မသက်ဆိုင်ဘူးလား။

ဖြေ။ ။ အဲဒီတုန်းက ကျုပ်ဟာ သမ္မတတပ်ဖွဲ့ရဲ့ အဓိကတာဝန်ရှိတဲ့ အကြီးအကဲ တပ်မှူးကြီး ဖြစ်ပါတယ်။ (သူ တာဝန်ရှိကြောင်းကို သွယ်ဝိုက်၍ ဝန်ခံထားသည်။ စကားချပ်)

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မေး။ ။ ခင်ဗျားဟာ ငွေကြေး အလွဲသုံးစား ပြုထားတယ် ဆိုတဲ့ စွပ်စွဲချက်တွေကို ဘယ်လိုတုံ့ပြန်ဖြေရှင်းမလဲ။

ဖြေ။ ။ ၁၉၈၅ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ အီရတ်နိုင်ငံရဲ့ စီးပွားရေးဆိုင်ရာ အကြီးအကဲ တာဝန်ကို ကျုပ် ထမ်းဆောင်ခဲ့တာ မှန်ပါတယ်။ ကျုပ် တာဝန်ယူရတဲ့ စီးပွားရေးလုပ်ငန်း ပမာဏဟာ အီရတ်နိုင်ငံ စီးပွားရေးတစ်ခုလုံးရဲ့ ၇၀ ရာခိုင်နှုန်းခန့် ရှိပါတယ်။ ဒါပေမဲ့ နိုင်ငံ့အကျိုးစီးပွား အတွက်သာ ဦးလည်မသုန် ကျုပ် ဆောင်ရွက်ခဲ့တယ်။ အတ္တအကျိုးစီးပွား ဆိုလို့ တစ်စွန်းတစ်စတောင် ကျုပ် မလုပ်ခဲ့ပါဘူး။

ကျုပ်ဟာ ငွေကြေး အလွဲသုံးစားလုပ်ပြီး အီရတ်နိုင်ငံ ပြင်ပမှာ ငွေအမြောက်အမြား စုဆောင်းထားတယ်လို့ ကျုပ်ကို မလိုလားသူတွေက မလိုတမာ စွပ်စွဲကြတယ်။ အဲဒီစွပ်စွဲချက် မှန်တယ်ဆိုရင် သက်သေ အထောက်အထား အခိုင်အလုံ ပြပါ။ အဲသလို အတိအကျ ထောက်ပြနိုင်တဲ့လူကို အဲဒီငွေတွေကို ပေးဖို့ ကျုပ်ဘက်က အသင့်ပါပဲ။

မေး။ ။ အီရတ်နိုင်ငံက ခင်ဗျား ထွက်ခွာသွားကတည်းက စပြီး အကျော်မြူ ဓာတုဗေဒဆိုင်ရာ ဖျက်အားပြင်း လက်နက်ဆန်းတွေရဲ့ အစီအစဉ်တွေကို ကုလသမဂ္ဂအဖွဲ့ကြီးသို့ အီရတ်နိုင်ငံက ချက်ချင်း အစီရင်ခံလိုက်ပြီ။ အဲဒီအထဲမှာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လျှို့ဝှက်ချက် အားလုံးကို မခြွင်းမချန် ဖွင့်ချ ဖော်ထုတ် လိုက်ပါပြီလား။

**ဖြေ။** ။ အစီရင်ခံချက်တွေတော့ သူတို့ ပေးပို့လိုက်ကြပြီ။ ဒါပေမဲ့ ကုလသမဂ္ဂက အဲဒါအားလုံး မခြွင်းမချန် ပြည့်စုံမှန်ကန် ပြီလို့ အတည်ပြုနိုင်လောက်အောင် တာဝန်ယူပြီး စနစ် တကျ စိစစ်ဆောင်ရွက်မှာလားဆိုတာ ကျုပ်တော့ မခန့်မှန်းနိုင်သေးဘူး။ တကယ်သာ စေ့စေ့စပ်စပ် လုပ် မယ်ဆိုရင်တော့ အတော်အချိန်ကြာကြာ လုပ်ရလိမ့် မယ်။

**မေး။** ။ ပါရှန်ပင်လယ်ကွေ့ စစ်ပွဲအတွင်းက အီဒီလက်နက်ဆန်း တွေကို ခင်ဗျားတို့ ဘာကြောင့် အသုံးမပြုခဲ့ကြတာလဲ။

**ဖြေ။** ။ အဲဒီ သမားရိုးကျ မဟုတ်တဲ့ ဖျက်အားပြင်း လက်နက် ဆန်းတွေကို အသုံးလွဲ မှားခဲ့ရင် ကမ္ဘာ့အင်အားကြီးနိုင်ငံ တွေက ယင်းတို့မှာ အသင့်ရှိနေတဲ့ နျူကလီးယားလက်နက် တွေနဲ့ မလွဲမရှောင်သာ တုံ့ပြန်တိုက်ခိုက်ကြတော့မှာ ပေါ့။ ဒီလိုသာ ဖြစ်ခဲ့ရင် အီရတ်နိုင်ငံဟာ စိစိမွမွ ကြေ အောင် အကြီးအကျယ် ဖျက်ဆီးချေမှုန်းခြင်း ခံရပြီး ကမ္ဘာမြေပုံပေါ်က ပျောက်ကွယ်သွားတော့မှာပေါ့။

**မေး။** ။ အကယ်၍ အမေရိကန်ပြည်ထောင်စုရဲ့ တပ်မတော်ကြီး ဟာ ဘဂ္ဂဒက်မြို့တော်ကို စစ်အင်အားအလုံးအရင်းနဲ့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဝင်ရောက်တိုက်ခိုက်မယ်ဆိုရင် ဘယ်လို ဖြစ်မယ်လို့ ခင်ဗျား ထင်ပါသလဲ။

ဖြေ။ ။ အဲသလို ဖြစ်နိုင်မယ့် အလားအလာ အခြေအနေ မရှိဘူး လို့ ကျုပ်တို့ ကြိုတင်ခန့်မှန်း တွက်ဆခဲ့ကြတယ်။ ဘယ် နိုင်ငံခြား စစ်တပ်မှ ဘဂ္ဂဒက်မြို့တော်ကို ဝင်တိုက်မှာ မဟုတ်ဘူးလို့ အီရတ် ပြည်သူအားလုံးက သံသယကင်း ကြတယ်။

မြို့ကြီးတွေမှာ တိုက်ခိုက်ရတဲ့ မြို့တွင်းတိုက်ပွဲဟာ ပြင်ပမှာ တိုက်ခိုက်ရတဲ့ တိုက်ပွဲနဲ့ အင်မတန်ကွာခြား တယ်။ အဝေးကဒုံးကျည်နဲ့ လှမ်းပစ်ရတာတွေနဲ့ လေ ကြောင်းက ဗုံး၊ အမြောက်၊ ဒုံးကျည်၊ စက်သေနတ်တွေ နဲ့ ကြဲချ ပစ်ခတ် တိုက်ခိုက်မှုတွေဟာ တိုက်ခိုက်သူတွေ အဖို့ အသေအပျောက် လျော့နည်းတယ်။ သို့ပေမဲ့ မြို့ ကြီး တစ်မြို့ကို ဝင်တိုက်ခဲ့ရင် ၁၂ နှစ်အရွယ် ကျောင်းသား ကလေးက အစ အသက် ၇၀ အရွယ် အဘိုးအိုပါ မကျန် ရင်ကို မြေကတုတ် လုပ်ပြီး အသေခံ ဝင်တိုက်ကြတော့ မှာပေါ့။

မေး။ ။ အမေရိကန်အရာရှိတွေနဲ့ ခင်ဗျား တွေ့ပြီးပါပြီလား။

ဖြေ။ ။ အခုထိတော့ ဘယ်အမေရိကန်လူမျိုးနဲ့မှ ကျုပ် မတွေ့ သေးပါဘူး။ ဒါပေမဲ့ အဲဒီလိုလုပ်မယ့် ကိစ္စမျိုးကို ကျုပ် ကိုယ်တိုင်ကလည်း အမှန်တကယ် တားဆီးလိုစိတ် မရှိ ပါဘူး။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မေး။ ။ အနာဂတ် အီရတ်နိုင်ငံကို ခင်ဗျားအနေနဲ့ ဘယ်လို မြင်ချင်ပါသလဲ။

ဖြေ၊ ။ အနာဂတ် အီရတ်နိုင်ငံဟာ အိမ်နီးချင်း အာရပ်နိုင်ငံတွေ၊ အနောက်နိုင်ငံတွေ စတဲ့ ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးနဲ့ ရင်းရင်းနှီးနှီး ဆက်ဆံကာ အပြန်အလှန်အကျိုးပြုပြီး တည်ငြိမ်လုံခြုံ စိတ်ချရတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်သင့်တယ်။ အီရတ်နိုင်ငံမှာ ဘာသာရေး၊ နိုင်ငံရေး စတာတွေကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် ရှိပြီး ကွဲပြားခြားနားတဲ့ တိုင်းရင်းသားလူမျိုးတွေ အေးအတူ ပူအမျှ ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲစုပေါင်း နေထိုင်ကြတဲ့ လူ့အဖွဲ့အစည်းမျိုး ရှိသင့်တယ်။ အဲဒီအပြင် ပါတီစုံ ဒီမိုကရေစီလည်း ရှင်သန်အောင် အာမခံချက် ပေးထားသင့်တယ်။ ကမ္ဘာ့လူ့လောကအလယ်မှာ အင်မတန့် အင်မတန် ရှက်ဖွယ်ကောင်းတဲ့ မတရား သတ်ဖြတ် ကွပ်မျက်မှုတွေကိုလည်း ကျုပ်တို့ ဒီအချိန်မှာ ရပ်စဲသင့်ပါပြီ။

မေး။ ။ အဲဒီအခြေအနေတွေ အကောင်အထည် ပေါ်လာရေးအတွက် လက်ရှိ အုပ်စိုးနေတဲ့ သမ္မတ ဆက်ဒမ်ဟူစိန် အစိုးရကို ဖြုတ်ချဖို့ကော မလိုဘူးလား။

ဖြေ၊ ။ ဟုတ်ပ၊ သိပ်လိုတာပေါ့ဗျာ။ လက်ရှိအစိုးရကို ဖြုတ်ချဖို့ အီရတ် အတိုက်အခံ အင်အားစုတွေတော့ အခု အသင့် ရှိနေပြီ။ နိုင်ငံတွင်းက အတိုက်အခံတွေအကြောင်းကို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အားလုံး အသေးစိတ် ကျုပ် အပ်ကျမပ်ကျ သိတယ်။ အဲဒီအထဲမှာ အီရတ် တပ်မတော် အရာရှိတွေ၊ တက္ကသိုလ် ပါမောက္ခတွေ၊ ဘွဲ့ရ ပညာတတ်တွေအပြင် အီရတ်ပြည်သူ တွေလည်း အင်နဲ့အားနဲ့ ပါကြတယ်။

မေး။ ။ အဲဒါတွေအပြင် တပ်မတော်ရဲ့ အခန်းကဏ္ဍကော မလို ဘူးလား။

ဖြေ။ ။ သိပ်လိုတာပေါ့။ အီရတ်တပ်မတော်ရဲ့ အင်အားကို အီရတ် ပြည်သူ့အင်အားနဲ့ ပေါင်းစည်းနိုင်မှ ပြည်သူတွေ အဖို့ မုချ အောင်ပွဲဆင်နိုင်မှာ။ ပြည်သူတစ်ရပ်လုံးကို လက်နက် တပ်ဆင်ဖို့လည်း ပြင်ဆင်ထားကြပြီ။ အခု ဆိုရင် လူတိုင်းအဖို့ အသင့် ရှိနေကြပြီ။ သို့ပေမဲ့ ပထမဆုံး မီးပွားကို မီးစွဲအောင် မလုပ်ခင် ကြိုတင်လုပ်ဆောင်ရ မယ့် အရေးအရာကိစ္စတွေကလည်း အတော်များများ ရှိသေးတယ်။

မေး။ ။ ခင်ဗျားဟာ တစ်ဖက် အင်အားစုရဲ့ ပစ်မှတ်တစ်ခုအဖြစ် ကိုယ့်ကိုယ်ကိုယ် မထင်ဘူးလား။

ဖြေ။ ။ အီရတ်နိုင်ငံ အစိုးရရဲ့ အုပ်ချုပ်ရေးအကြောင်းကို ကျုပ် ကောင်းကောင်း သိတာပေါ့။ ကျုပ်ကို ဖယ်ရှားနိုင်အောင် အီရတ်နိုင်ငံရဲ့ ခန့်မှန်းခြေ ရသုံးငွေစာရင်း (ဘတ်ဂျက်) တစ်ခုလုံးကို ပယ်ချဖို့ သူတို့ဘက်က အသင့်ပြင်ဆင်ပြီး ဖြစ်လိမ့်မယ် ဆိုတာ ဘဂ္ဂဒက်မြို့တော်က မထွက်ခွာမီ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကတည်းက ကျုပ် ကြိုသိခဲ့ပြီးပါပြီ။ ဒါဟာ ကျုပ်ကို သူတို့ ရည်မှန်းထားတဲ့ ပစ်မှတ်လို့ ဆိုနိုင်တာပေါ့။

* * *

## ဟူစိန်ကမဲလ်အပေါ် အပြစ်ပုံချ

ကုလသမဂ္ဂအထူးကော်မရှင်နှင့် နိုင်ငံတကာ အဏုမြူ စွမ်းအင်အေဂျင်စီတို့ရှာဖွေ၍ မတွေ့နိုင်အောင် လုံခြုံရေးကောင်စီက တားမြစ်ထားသော လက်နက်အစီအစဉ်များနှင့် ပတ်သက်သည့် အရေးကြီး စာရွက်စာတမ်း အထောက်အထားများကို ဗိုလ်ချုပ်ကြီးဟောင်း ဟူစိန်ကမဲလ်ကိုယ်တိုင် လုံခြုံစွာ ဝှက်ထားခဲ့သည်ဟု အီရတ် အာဏာပိုင်များက သူ့မျက်ကွယ်၌ သူ့အပေါ် အပြစ်ပုံချကြသည်။

## ဖွင့်ဟဝန်ခံ

ထို့ပြင် နျူကလီးယားလက်နက်၊ ဇီဝလက်နက်၊ ဓာတု လက်နက်နှင့် တာဝေးပစ် ဒုံးလက်နက်အစီအစဉ်များမှာလည်း ယခင်က ကြေညာထားသည်ထက် လွန်စွာတိုးတက်အောင်မြင်မှု ရရှိနေပြီဟု အီရတ်တို့က ဖွင့်ဟဝန်ခံပြောဆိုကြသည်။

## တရားဝင် ပေးအပ်

ထို့နောက် ကြက်မွေးမြူရေးခြံတစ်ခြံ၌ ဗိုလ်ချုပ်ကြီးဟောင်း ဟူစိန်ကမဲလ် ဝှက်ထားခဲ့သည်ဟု ဆိုသော၊ တားမြစ်ထားသော လက်နက် အစီအစဉ်များနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်း အထောက်အထား အမြောက်အမြားကို ကုလသမဂ္ဂအထူးကော်မရှင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



နှင့် အိုင်အေအီးအေတို့အား အီရတ်အစိုးရက တရားဝင် ပေးအပ်လိုက်သည်။

## ဘဂ္ဂဒက်သို့ ပြန်လာ

ဗိုလ်ချုပ်ကြီးဟောင်း ဟူစိန်ကမဲလ်နှင့် သူ့အစ်ကို ဆက်ဒမ်ကမဲလ်တို့သည် သူတို့ယောက္ခမကြီး သမ္မတဆက်ဒမ်ဟူစိန်၏ 'မုဲ့တစ်ပေါက်မျှ မစွန်းစေရ' ဟူသော အာမခံချက်ကို လုံးဝယုံကြည်ကိုးစားလျက် ဂျော်ဒန်နိုင်ငံမှ ဘဂ္ဂဒက်မြို့တော်သို့ မိသားစုနှင့်တကွ စိတ်ချလက်ချ ပြန်လာခဲ့ကြသည်။

## လုပ်ကြံသတ်ဖြတ်ခံရ

ဘဂ္ဂဒက် နေအိမ်သို့ ပြန်ရောက်ကြသော နေ့မှာပင် ယင်းတို့၏ဇနီးများက သူတို့၏ခင်ပွန်းများနှင့် တရားဝင် ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာချက် ထွက်ပေါ်လာ၏။ ထိုနေ့မှ ၃ ရက်မြောက်သော ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် မကျေနပ်သူတချို့၏ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် နေအိမ်၌ သူတို့ ညီအစ်ကို နှစ်ယောက်နှင့် သမီးကလေးတစ်ယောက် သေဆုံးသွားခဲ့ကြသည်။ တကယ်တော့ သူတို့ လုပ်ကြံသတ်ဖြတ်ခံရခြင်းသည် ယောက္ခမ၏ ပယောဂ မကင်းဟု လေ့လာသူများက ယုံကြည်ကြသည်။ ။

တင်ထွန်း(တောင်ကုတ်)
၁၉၉၇၊ ဒီဇင်ဘာ၊ ပန်းတိုင်မဂ္ဂဇင်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# အူဒေးနှင့် ကူဆေး အသေဖမ်းမိ

အီရတ်နိုင်ငံတွင် ဆက်ဒမ်ဟူစိန်ပြီးလျှင် သားနှစ်ယောက် ဖြစ်သော အူဒေးနှင့် ကူဆေးတို့သည် အရေးအကြီးဆုံး ဖြစ်၏။ ကနဦးတွင် ဆက်ဒမ်၏ အရိုက်အရာကို ဆက်ခံမည့်သူမှာ သားကြီး အူဒေး ဖြစ်သည်။ နောက်ပိုင်းကာလတွင် ကမ်းကုန်အောင် ရမ်းကားရက်စက် ယုတ်မာလာသော အူဒေးကို သူ့ဖခင် ကပင် အောချလာရ၏။ ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ဘဂ္ဂဒက်မြို့တော်ရှိ အဲလ်မင်ဆာခရိုင် (Al-Mansur district) ၌ စိတ်နာမုန်းတီးသူ တစ်စု၏ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံရာမှာ အသက်ဘေးမှ သီသီကလေး လွတ်မြောက်သွားသော်ငြားလည်း အူဒေးသည် မသန်မစွမ်း ဖြစ်သွားသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သို့ကြောင့် နောက်ပိုင်းတွင် သူ့ဖခင်က သူ့ထံမှ အရေးကြီးသော တာဝန်များကို ကူဆေးအား လွှဲပြောင်းပေးအပ်လိုက်ခြင်းဖြင့် သားငယ် ကူဆေးသည် ဆက်ဒမ်ကို ဆက်ခံမည့်သူအဖြစ် အများက ထင်မြင်ယူဆကြ၏။ ၂၀၀၁ ခုနှစ် မေလတွင် ကူဆေးကို ဘာ့သ်ပါတီ၏ ထိပ်တန်းခေါင်းဆောင်မှု အပိုင်းရှိ တစ်နေရာသို့ ရွေးချယ်တင်မြှောက်လိုက်ကြသောအခါ သူသည် သူ့ဖခင်၏ အရိုက်အရာကို ဆက်ခံမည်သူအဖြစ် ပို၍ သေချာသွားသည်ဟု သူတို့က အခိုင်အမာ ကောက်ချက်ချကြသည်။

ထိုအကြောင်းကို သိသော အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်သည် အီရတ် လွတ်မြောက်ရေးစစ်ပွဲ ကာလအတွင်း အီရတ်နိုင်ငံ၌ အလိုအရှိဆုံး လူ ၅၅ ယောက်၏ ဓာတ်ပုံများကို ဖဲထုပ်တစ်ထုပ် ပြုလုပ်၍ အထူးတပ်ဖွဲ့မှ အမေရိကန်စစ်သည်များကို ဝေပေးထားသည်။ ယင်းတို့ကို မြင်တွေ့လျှင် အလွယ်တကူ မှတ်မိစေရန် ရည်ရွယ်၍ ပြုလုပ်ထားခြင်း ဖြစ်၏။ နံပါတ် (၁) မှာ ဆက်ဒမ်ဟူစိန်၏ ဓာတ်ပုံ ပါပြီး ၁ ဖဲတွင် 'ပူး' ခေါ် 'စပိတ်' ဖဲပွင့် ပါရှိသည်။ နံပါတ် (၂) မှာ ကူဆေး၏ ဓာတ်ပုံ ပါပြီး ၁ ဖဲတွင် ညှင်းပွင့် ပါရှိသည်။ နံပါတ် (၃) မှာ အူဒေး၏ ဓာတ်ပုံ ပါပြီး ၁ ဖဲတွင် အသည်းပုံဖဲပွင့် ပါရှိသည်။ သို့ဖြင့် ယင်းစာရင်းအရ နံပါတ် (၁) သည် ဆက်ဒမ်ဟူစိန်၊ နံပါတ် (၂) သည် ကူဆေးဖြစ်၍ နံပါတ် (၃) သည် အူဒေး ဖြစ်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆက်ဒမ်ဟူစိန်ကို အရှင် သို့မဟုတ် အသေ ဖမ်းမိရုံမျှဖြင့် ကိစ္စ မပြီးဆုံးသေး။ သား နှစ်ယောက်စလုံးကိုပါ ဖမ်းမိပြီးမှ ဆက်ဒမ်ဟူစိန် သမ္မတဆက်ပြုတ်သွားမည်ဟု အမေရိကန်ဦးဆောင်သော အပေါင်းပါတို့က ယူဆကြသည်။ သို့ဖြစ်၍ ထိုသုံးဦးကို အဓိကပစ်မှတ်ထားလျက် ပိုက်စိပ်တိုက် လိုက်လံရှာဖွေရန် အထူးတပ်ဖွဲ့များကို လေ့ကျင့်တာဝန်ပေးထားသည့်အတိုင်း ဘဂ္ဂဒက်မြို့တော် ကျပြီးကတည်းကပင် ယင်းတို့က သဲသဲမဲမဲ စုံစမ်းထောက်လှမ်းရှာဖွေနေကြသည်။ သို့ဖြင့် ၃ လကျော်ခန့် အချိန်ကြာညောင်းလာခဲ့၏။ သို့သော် ရလဒ်ထူးကို မတွေ့ကြရသေးချေ။

ဇူလိုင်လ ၂၁ ရက်နေ့တွင် အီရတ်နိုင်ငံ မြောက်ပိုင်းမှ မိုဆူးလ်မြို့၏ အနောက်မြောက်ဘက် ဒေသရှိ အမေရိကန် အမှတ် (၁၀၁) လေကြောင်းချီတပ်မမှ 'Screaming Eagles' (စူးရှစွာအော်မြည်သော လင်းယုန်ငှက်များ) သုံးဖွဲ့အနက် ဒုတိယတပ်ဖွဲ့၏ ဌာနချုပ်သို့ မမျှော်လင့်ဘဲ အီရတ်လူမျိုးတစ်ဦး ရောက်လာပြီး မိုဆူးလ်မြို့ မြောက်ဘက် အဲလ်ဖာလာဒေသ (al-Falah) ရှိ သူပိုင် နှစ်ထပ်အိမ်တစ်ဆောင်၌ အုဒေးနှင့် ကူဆေးတို့ ၄ ဦး လက်နက်များဖြင့် ရောက်ရှိနေသည့်အကြောင်းကို သတင်းပေးသည်။

သူ ပေးသော သတင်းမှာ အံ့သြဖွယ်ကောင်းလောက်အောင် ထူးထူးခြားခြား ကောင်းလွန်းသော သတင်းကြီး ဖြစ်၏။ ကနဦးတွင် သူ့သတင်းကို ဦးစီးအရာရှိ ဗိုလ်မှူးကြီးဂျိုးအင်ဒါဆင် အပါ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အဝင် မည်သူမျှ မယုံကြည်။ သို့သော် သူ သိသမျှကို အသေးစိတ် ဆက်ပြောသည်။

သူ့နာမည်မှာ နာဝပ်ဖ်အဲလ်ဇေဒန်း (Nawaf al-Zeidan) ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင် ဆောက်လုပ်ရေး ကန်ထရိုက်တာ တစ်ဦး ဖြစ်၏။ သမ္မတဆက်ဒမ်ဟူစိန်နှင့် ဆွေမျိုး တော်စပ်သည်။ အူဒေး ညီနောင် တည်းခိုနေသည့် နှစ်ထပ်အိမ်သည် သူပိုင်အိမ် ၅ လုံးအနက် တစ်အိမ် ဖြစ်၏။

လွန်ခဲ့သော ဇွန်လ ၂၉ ရက်နေ့ကပင် အူဒေး၊ ကူဆေးနှင့် ကူဆေး၏ သား အသက် ၁၄ နှစ်အရွယ် မွတ်စတာဖာ (Mustapha) အပြင် အခြား ၂ ယောက်၊ စုစုပေါင်း လူ ၅ ယောက် သူ့အိမ် သို့ ရောက်လာကြသည်။ လူနှစ်ယောက်ကတော့ သူတို့၏ သက် တော်စောင့်များ ဖြစ်ဟန်တူ၏။ အေကေ ၄၇ အော်တိုမက်တစ် ရိုင်ဖယ်သေနတ် ၅ လက်နှင့် စက်သေနတ်ကလေး တစ်လက် ပါလာသည်။ သူတို့ညီအစ်ကို ကိုင်နေကျ ပစ္စတိုသေနတ် နှစ်လက် လည်း ပါမည်ဟု ထင်သည်။

သူတို့သည် မော်တော်ယာဉ် နှစ်စီးဖြင့် လာကြ၏။ အဝတ် အစား သေတ္တာများနှင့် အိတ်ကြီးများလည်း ပါသည်။ ငွေကြေး အတော်များများနှင့် ရွှေ ငွေ ရတနာ အဖိုးတန်ပစ္စည်းများလည်း ပါလာဟန် တူသည်။ သက်တော်စောင့်တစ်ယောက် အပြင်မှာ နေရစ်ခဲ့၍ ယခု အိမ်မှာ လူ ၄ ယောက်သာ ရှိ၏။ သူတို့ လူသိုက် ရောက်သည်မှာ ရက်သတ္တ သုံးပတ်ကျော် ကြာပြီ။ အပြင်နှင့်လည်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သူတို့ အဆက်အသွယ် ရှိသည် စသည်ဖြင့် အသေးစိတ် ပြောပြသည်။ ဗိုလ်မှူးကြီး ဂျိုးအင်ဒါဆင်တို့ မေးသမျှကိုလည်း သူက ဖြေသည်။

ဗိုလ်မှူးကြီး ဂျိုးအင်ဒါဆင်သည် ဆက်ဒမ်တို့ သားအဖ သုံးယောက်ကို ပစ်မှတ်ထား၍ အဓိက ရှာဖွေနေသော လျှို့ဝှက်အဖွဲ့ အမှတ် (၂၀) အထူးတာဝန်ကျတပ်ဖွဲ့ (Task Force 20) မှ ဦးစီးအရာရှိကို ချက်ချင်း ဆက်သွယ်ခေါ်ယူပြီး လိုအပ်သည်များကို ညှိနှိုင်းစီစဉ် ပြင်ဆင်ကြသည်။ အဆိုပါ အိမ်ပတ်ဝန်းကျင်တွင် အဆောတလျင် အစောင့်တပ်များ ချ၍ လူအဝင်အထွက် မရှိအောင် ပိတ်ဆို့ထားလိုက်သည်။

၂၀၀၃ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့ နံနက်စောစောကပင် အမှတ် (၁၀၁) လေကြောင်းချီ တပ်မမှ တပ်ဖွဲ့အချို့က ခပ်လှမ်းလှမ်းမှ အိမ်ပတ်ဝန်းကျင်တွင် အသင့် နေရာယူထားပြီး ဖြစ်၏။ အကယ်တန္တ အူဒေးတို့ လက်နက် မချလျှင် အမှတ် (၂၀) အထူးတာဝန်ကျတပ်ဖွဲ့က ထိုအိမ်ကို လျှပ်တစ်ပြက် စီးနင်းတိုက်ခိုက်ရန် အသင့်ပြင်ထားသည်။

နံနက် ၁၀ နာရီတွင် လုပ်ငန်း စတင်၏။ အူဒေးတို့ လက်နက်ချရန် စကားပြန်ကို အိမ်အနီးမှ အသံချဲ့စက်ဖြင့် အော်ပြောစေသည်။ သို့သော် မည်သို့မျှ အကြောင်းမထူး။ သို့ဖြင့် အထူးတပ်ဖွဲ့ဝင်များသည် အိမ်ထဲသို့ အတင်းဝင်ရန် ကြိုးပမ်းစဉ် အိမ်တွင်းမှ ဆီးပစ်သဖြင့် စစ်သည် ၄ ဦး ဒဏ်ရာရသွား၏။ သက်တော်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



စောင့်၏ လက်ချက် ဖြစ်ဟန်တူသည်။ စစ်သည်များက ပြန်ပစ်သဖြင့် တိုက်ပွဲ ဖြစ်သည်။ အခြေမလှ၍ အထူးတပ်ဖွဲ့ဝင်များသည် နောက်သို့ ပြန်ဆုတ်ရ၏။ ဒဏ်ရာရသော စစ်သည်များကို ကယ်ဆယ်ရေး ရဟတ်ယာဉ်တစ်စင်းဖြင့် ဆေးရုံသို့ အမြန်ပို့ရသည်။

ရန်သူ၏ ပစ်အား လျော့နည်းသွားစေရန် အသင့်ရှိသော စက်သေနတ်ဖြင့် အိမ်တွင်းသို့ ပစ်ခတ်၏။ သို့သော် ရန်သူက အပြင်းအထန် ပြန်လှန်ပစ်ခတ်နေသောကြောင့် အထူးတပ်ဖွဲ့ဝင်များအဖို့ အိမ်ထဲသို့ ဝင်ရန် အခက်ကြုံနေ၏။ ထို့ထက် တစ်ဆင့်တက်၍ ယာဉ်များပေါ်မှ ဒုံးလက်နက်ဖြင့် ပစ်ခတ်သော်ငြားလည်း အိမ်ထဲမှ ဆက်လက် ခုခံဆဲ ဖြစ်သည်။

သည့်အတွက် နံနက် ၁၁ နာရီခန့်တွင် ဗိုလ်မှူးကြီး ဂျိုးအင်ဒါဆင်က အကူအညီ ခေါ်သဖြင့် အိုအိပ်ချ် ၅၈ ကီအိုဝါ ရဟတ်ယာဉ် (OH.58 Kiowa helicopter) ၂ စင်းက ထိုအိမ်ကို ဒုံးကျည် ၂၀ ကျော် ပစ်ခတ်သော်လည်း ပစ်မှတ်ကို ကောင်းစွာမထိဘဲ အနည်းငယ်လွဲချော်သွား၏။ ထိုအချိန်တွင် တိုက်ပွဲနှင့် အူဒေး၊ ကူဆေးတို့၏ နောက်ဆုံး အခြေအနေကို ကြည့်ရှုရန် လာကြသော လူအုပ်ကြီးကို တားဆီးထိန်းသိမ်းရသည့် အလုပ်မှာလည်း လက်တွေ့တွင် မလွယ်ကူလှချေ။

အထူးတပ်ဖွဲ့သည် ပထမအကြိမ်ကဲ့သို့ ဒုတိယအကြိမ် အိမ်ထဲသို့ ဝင်ရန် ကြိုးစားပြန်၏။ ဤအကြိမ်မှာလည်း အပြင်းအထန် ပစ်ခတ်ခံရ၍ အလျင်အမြန် နောက်ဆုတ်ပေးရပြန်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သို့ကြောင့် ဗိုလ်မှူးကြီး ဂျိုးအင်ဒါဆင်က အဆင့် (၂) သို့ ကူးပြောင်း၍ ထိုးစစ်ဆင်ရန် အမိန့်ပေး၏။ သူ့အမိန့်အရ စက်သေနတ်နှင့် လက်ပစ်ဗုံးပစ်လောင်ချာ (grenade launcher) လက်နက်တို့ဖြင့် အိမ်ထဲသို့ ပစ်ကြသည်။ သို့တိုင်အောင် ခံတပ်သဖွယ် အကာအကွယ် ပြုလုပ်ထားသော နေရာမှ ပြန်လည်ခုခံပစ်ခတ်ဆဲ ဖြစ်၏။ သည့်အတွက် ဗိုလ်မှူးကြီး ဂျိုးအင်ဒါဆင်၏ ညွှန်ကြားချက်အရ အသင့်ပြင်ထားသော ယာဉ်တစ်စီးပေါ်က အဆင့်မြင့်နည်းပညာသုံး တင့်ကားပစ်ဒုံးလက်နက် (anti-tank weapon TOW) ဖြင့် အဆက်မပြတ် ပစ်ခတ်တော့မှ အိမ်တွင်း၌ လုံးဝ ငြိမ်သက်သွားတော့သည်။

ထိုစဉ် အထူးတပ်ဖွဲ့ဝင်များသည် အိမ်ပေါ်သို့ အပြေးအလွှား တက်သွားကြရာ အူဒေး၊ ကူဆေး၊ သက်တော်စောင့် အဗ္ဗဒူလ်ဆာမာ့ဒ်နှင့် ကူဆေး၏ ၁၄ နှစ်အရွယ် သား မွတ်စတာဖာဟူစိန်တို့ ၄ ဦးစလုံး သေဆုံးနေကြသည်ကို သူတို့ မြင်တွေ့ကြရ၏။

နံနက် ၁၀ နာရီမှ စတင်သော စီးနင်းတိုက်ခိုက်မှုသည် ညနေ ၄ နာရီတွင် ပြီးဆုံးသည်ဖြစ်ရာ တိုက်ပွဲမှာ ၆ နာရီခန့် ကြာ၏။ စီးနင်းသူများဘက်ကလည်း အချိန်ကြာလွန်း၍ စိတ်ရောကိုယ်ပါ ဖတ်ဖတ်မောနေကြတော့သည်။ ဘဂ္ဂဒက်မြို့တော် ကျပြီးနောက် ဆက်ဒမ်နှင့် အလိုအရှိဆုံး ပုဂ္ဂိုလ်တွေကို ပိုက်စိပ်တိုက်ရှာဖွေရာမှာ ဤတိုက်ပွဲသည် အချိန်အကြာဆုံး ဖြစ်သည်ဟု အမေရိကန် စစ်ဘက်အရာရှိများက ဆိုသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သတင်းပေးသူ နာဝပ်ဖ်အဲလ်ဇေဒန်းသည် လွန်ခဲ့သော ဇွန်လ ၅ ရက်နေ့က သူ့အစ်ကို ဆာလာအဲလ်ဇေဒန်း (Salaah al-Zeidan) မော်တော်ယာဉ်တစ်စီးဖြင့် ခရီးသွားစဉ် အမည်မသိ လူသတ်သမား အချို့၏ လုပ်ကြံခံရ၍ သေဆုံးသွားသည့်အပြင် ယာဉ်ထဲတွင် အတူပါသူ ၈ နှစ်အရွယ် ယောကျ်ားကလေး တစ်ယောက် အပါအဝင် ဆွေမျိုးယောကျ်ား ၃ ယောက် ဒဏ်ရာ ရသွားသည့်အတွက် ဆက်ဒမ်တို့ကို သံသယဖြစ်ကာ ကလဲ့စား ချေခြင်း ဖြစ်မည်ဟု အချို့က ထင်မြင်ယူဆကြသည်။

ဇေဒန်းသည် အမေရိကန်ပြည်ထောင်စု နိုင်ငံသားအဖြစ် နှင့် အီရတ်နိုင်ငံမှ ထွက်ခွာခွင့်ကိုပါ သက်ဆိုင်ရာမှ တရားဝင် ရရှိထားပြီး ဖြစ်၏။ အူဒေးနှင့် ကူဆေးတို့အတွက် ထုတ်ပြန်ကြေညာ ထားသော ဆုငွေ ယူအက်စ်ဒေါ်လာ သန်း ၃၀ ကိုလည်း ဇေဒန်း ရရှိလိမ့်မည်ဟု လေ့လာသူ အချို့က ထင်ကြေးပေးနေကြသည်။


အူဒေး၊ ကူဆေးနှင့် မွတ်စတာဖာတို့၏ ရုပ်ကလာပ်များ ကို ရဟတ်ယာဉ်တစ်စင်းဖြင့် တီကရစ်မြို့သို့ သယ်ဆောင်သွား ပြီး အူဂျာသင်္ချိုင်း၌ ဂူသွင်းမြှုပ်နှံသင်္ဂြိုဟ်သည်။ ဆက်ဒမ်ဟူစိန်ကို ကြိုးပေးကွပ်မျက်ပြီးနောက် မိသားစု၏ ဆန္ဒအရ ၂၀၀၇ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် ယင်းတို့ ၃ ဦး၏ ရုပ်ကလာပ်များကို ပြန်လည်တူးဖော်ပြီး တီကရစ်မြို့နယ် အဲလ်အူဂျာရွာ၌ မြှုပ်နှံထား သော ဆက်ဒမ်၏သင်္ချိုင်းဂူအနီးသို့ မော်တော်ယာဉ် ၃ စီးဖြင့် ပြောင်းရွှေ့ ဂူသွင်းမြှုပ်နှံသင်္ဂြိုဟ်ကြသည်။



ဉူဒေးနှင့် ကူဆေးတို့ ခုခံနေသော နှစ်ထပ်အိမ်ကို အမေရိကန်
ပူးပေါင်းအထူးတပ်ဖွဲ့က တင့်ကားပစ်ဒုံးလက်နက် (TOW)
ဖြင့် ပစ်ခတ်နေစဉ်



ဉူဒေးတို့ ညီအစ်ကို ကျဆုံးရာအိမ် ပျက်စီးသွားပုံ



အူဒေးနှင့် ကူဆေးတို့၏ ရုပ်ကလာပ်များ



အူဒေးနှင့် ကူဆေးတို့၏ ရုပ်ကလာပ်များ



အူဒေးနှင့် ကူဆေးတို့၏ ရုပ်ကလာပ်များကို ပြန်ဖော်ပြီး ဆက်ဒမ်၏
ဂူအနီး၌ပြန်လည်ဂူသွင်းမြှုပ်နှံပြီးနောက် မြင်တွေ့ရစဉ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ယင်းသို့ နေရာမပြောင်းရွှေ့မီက အူဒေးတို့ ဂူ ၃ ခုနှင့် ဆက်ဒမ်၏ အုတ်ဂူသည် ၂ မိုင် (၃ ကီလိုမီတာ) ခန့် ကွာဝေးခဲ့၏။ ယခုတော့ မိသားစု၏ ဆန္ဒနှင့်အညီ ဆက်ဒမ်၏ သင်္ချိုင်းဂူဘေးသို့ သားနှစ်ယောက်နှင့် မြေးတစ်ယောက်တို့၏ အုတ်ဂူများ ရောက်ရှိနေကြလေပြီ။

## နောက်ပိုင်း ဂယက်များ

အူဒေးနှင့် ကူဆေးတို့ကို အသေဖမ်းမိသော ဇူလိုင်လ ၂၂ ရက်နေ့ ညဉ့်နက်ပိုင်းတွင် ဘဂ္ဂဒက်မြို့တော်၌ ကျင်းပသည့် သတင်းစာ ရှင်းလင်းပွဲမှာ အီရတ်နိုင်ငံရှိ အမေရိကန် မြေပြင်တပ်များ၏ တပ်မှူးကြီး ဒုတိယဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ရှေးက–

"ဆက်ဒမ်ဟူစိန်ရဲ့ သားနှစ်ယောက် ဖြစ်တဲ့ အူဒေးနဲ့ ကူဆေးတို့ဟာ မိုဆူးလ်မြို့မှ တိုက်ပွဲမှာ ဒီနေ့ သေဆုံးသွားခဲ့ကြပြီ ဆိုတဲ့ သတင်းဟာ မှန်ကန်ပါတယ်။ သေဆုံးသူတွေဟာ အူဒေးနဲ့ ကူဆေးတို့ အစစ်အမှန် ဟုတ် မဟုတ် နည်းအမျိုးမျိုးနဲ့ အသေအချာ စိစစ်ပြီးမှ အခုလို တရားဝင် ထုတ်ဖော်ပြောဆိုတာပါ။

"အူဒေးနဲ့ ကူဆေးတို့ရဲ့ မျက်နှာတွေကို သေသေချာချာ ဓာတ်ပုံရိုက်ပြီး အဲဒီပုံတွေကို ဒီကို (ဘဂ္ဂဒက်မြို့တော်ကို) ပေးပို့ကြတယ်။ ပြီးတော့ ဆက်ဒမ်ရဲ့ ကိုယ်ရေးအတွင်းရေးမှူးဟောင်း အပါအဝင် ပြသင့်ပြထိုက်တဲ့ ပုဂ္ဂိုလ်အချို့ကို ဓာတ်ပုံတွေ ပြပြီး ဟုတ်မှန်ကြောင်း အတည်ပြုချက် ရယူပါတယ်။ အဲဒီအပြင် သူတို့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရဲ့ ရုပ်ကလာပ်တွေကိုလည်း မျိုးရိုးဗီဇနဲ့ ပတ်သက်ပြီး စနစ်တကျ ဒီအင်န်အေ စစ်ဆေးမှုတွေ (DNA tests) ပြုလုပ်ပြီးပါပြီ”

ဟု အစပျိုးလျက် အူဒေးတို့ လူသိုက် တိတ်တဆိတ် ရောက်ရှိနေသော နှစ်ထပ်အိမ်ကို ခိုင်လုံသော သတင်းအရ အမေရိကန် ပူးပေါင်းတပ်ဖွဲ့တွေ စီးနင်းတိုက်ခိုက်မှုအကြောင်း ကို လိုရင်း အချက်အလက်များ ပါအောင် အကျဉ်းချုံး၍ တင်ပြ သွားခဲ့သည်။

ပြီးတော့ သူက–

“အီရတ်နိုင်ငံမှာ လက်ရှိ အချိန်အခါ အခြေအနေအရ အရေးအကြီးဆုံး ဖြစ်တဲ့ လုံခြုံရေးအခြေအနေဟာ ရှေ့မှာ ပိုပြီး ကောင်းမယ့် အရိပ်အယောင် အလားအလာကို ကျုပ်တို့ ရေး ဝေးတေး လှမ်းမြင်နိုင်ကြပါပြီ။

“အီရတ်ပြည်သူတွေ စိုးရိမ်ထိတ်လန့်နေကြတဲ့ နောက်ထပ် ဆက်ဒမ်မျိုးနွယ် အစိုးရ ဆိုတာလည်း ဘယ်တော့မှ ပေါ်မလာ နိုင်တော့ပါဘူး”

ဟု နိဂုံးချုပ် ပြောကြားသွားခဲ့သည်။

အူဒေးတို့ ညီနောင်ကို အသေဖမ်းမိပြီ ဆိုသော သတင်း တစ်မုဟုတ်ချင်း ပျံ့နှံ့သွားပြီးနောက် အမေရိကန်စစ်သည်များ သေနတ် မိုးပေါ်ထောင်၍ ပစ်ဖောက်ကာ အောင်ပွဲခံကြ၏။ အီရတ်လူမျိုး အချို့လည်း အလားတူ သေနတ်များ ပစ်ဖောက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကြသည်။ အီရတ်ပြည်သူ အများအပြားလည်း လမ်းမပေါ်သွက် ပြီး ပျော်မြူးကြသည်။

အမေရိကန် အရပ်ဘက် အုပ်ချုပ်ရေးမှူး ပေါလ်ဘရင်မာ (Paul Bremmer) ကလည်း–

“အာဏာရှင်ဟောင်း ဆက်ဒမ်ဟူစိန်၊ သူ့သားတွေနဲ့ သူ့ စက်ဆုပ်ဖွယ် အစိုးရကို ယတိပြတ် ဖယ်ရှားလိုတဲ့ အီရတ်ပြည်သူ တွေရဲ့ စစ်မှန်တဲ့ ဆန္ဒကို ရာနှုန်းပြည့် ဖြည့်ဆည်းရေးဟာ ဘယ့် ကလောက် အရေးကြီးသလဲ ဆိုတာ လမ်းမပေါ် ထွက်ပြီး အီရတ် ပြည်သူ အများအပြား ပျော်မြူးနေကြတာက အထင်အရှား ဖော်ထုတ်ပြသလိုက်တာ ဖြစ်တယ်”

ဟု ကောက်ချက်ချသည်။

သို့ရာတွင် အမေရိကန်စစ်သည်များ ယင်းသို့ သေနတ်ပစ် ဖောက်လျက် ပေါ်ပေါ် လွင်လွင် အောင်ပွဲခံကြခြင်းကို နောင်အခါ မပြုလုပ်ကြရန် သက်ဆိုင်ရာမှတစ်ဆင့် သူ မေတ္တာရပ်ခံသည်ဟု ဆိုသည်။ အူဒေးတို့ ညီနောင် အသေဆိုးနှင့် သေရခြင်းအတွက် စိတ်မကောင်း ဖြစ်နေသူများလည်း ရှိနေကြသည်ကိုး...။

အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်က အူဒေးတို့ ညီအစ်ကို တည်းခိုနေသည့် နှစ်ထပ်အိမ်ကို အမေရိကန် ပူးပေါင်းတပ်ဖွဲ့က စီးနင်းတိုက်ခိုက်ပုံ အလုံးစုံကို အကျဉ်းချုံး၍ သမ္မတဘုရှ်အား အစီရင်ခံသည်။

သမ္မတဘုရှ်က–

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



"အီရတ် အာဏာရှင်ဟောင်း ဆက်ဒမ်ဟူစိန်မှာ သူ အမိက အားထားရာ လက်ရုံးနှစ်ဖက် ပြုတ်ထွက်သွားပြီ။ နောက်နောင် အီရတ်နိုင်ငံမှာ ဆက်ဒမ် သမ္မတ ဆက် (Saddam Dynasty) ဆိုတာ အိပ်မက်တောင် မက်လို့ ရနိုင်မှာ မဟုတ်တော့ဘူး။ ဒါဟာ အီရတ်ပြည်သူတွေရဲ့ တကယ့်စစ်မှန်တဲ့ အောင်ပွဲပဲ။

"သူ့သားတွေရဲ့ အလှည့် ပြီးဆုံးတော့ သူ့အလှည့်ပဲ ကျန်တော့တာပေါ့။ သူ့အလှည့်လည်း သိပ်ကြာမှာ မဟုတ်တော့ဘူးလို့ ကျုပ် ထင်တယ်"

ဟု သုံးသပ်ပြောကြားကြောင်း သတင်းတစ်ရပ်က ဆိုသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်ကလည်း-

"အာဏာရှင် ဆက်ဒမ်ရဲ့ သားနှစ်ယောက်ဟာ အထူးသဖြင့် သူ့သားကြီး အူဒေးဟာ အီရတ်ပြည်သူတွေကို လူမဆန်အောင် ရက်ရက်စက်စက် နှိပ်စက်ကလူ ပြုမူခဲ့တယ်။ အခုတော့ ပြည်သူတွေအဖို့ အတော်သက်သာရာ ရသွားပြီ"

ဟု ပြောသည်။

ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲကလည်း-

"အူဒေးနဲ့ ကူဆေးတို့ဟာ အာဏာရှင်ဟောင်း ဆက်ဒမ်ဟူစိန်ရဲ့ ဆိုးမွေကို ရရှိထားတဲ့ လူဆိုး နှစ်ယောက်သာ ဖြစ်တယ်။ အခုဆိုရင် ပြည်သူတွေကို သူတို့ ဒုက္ခဆက်မပေးနိုင်တော့ဘူးပေါ့"

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဟု ဆိုသည်။

အူဒေးတို့ ညီအစ်ကို တိုက်ပွဲမှာ ကျဆုံးသွားသည့်အတွက် သူတို့ ဆွေမျိုးများ၊ ဆက်ဒမ်ဝါဒီများ၊ အမေရိကန်နှင့် ဗြိတိသျှ ဆန့်ကျင်ရေးသမားများ စသော အင်အားစုများအနေနှင့် အတော် ဝမ်းနည်းကြေကွဲကြ၏၊ သို့သော် သူတို့နှစ်ဦးသည် အီရတ်ပြည်သူ များအပေါ် လွန်စွာဆိုးရွားရက်စက်သူများ ဖြစ်သောကြောင့် ဝမ်းနည်း စိတ်မကောင်းဖြစ်နေသူများအဖို့ ယင်းတို့၏ မကျေနပ် ချက်ကို ပေါ်ပေါ်လွင်လွင် မပြရဲကြ။ ကြိတ်မနိုင်ခဲမရ ဖြစ်ကြရ သည်။

အာရပ်ကမ္ဘာတွင်လည်း အနောက်နိုင်ငံကြီးများနှင့် အစ္စရေးနိုင်ငံတို့ကို ပြတ်သားစွာ စိန်ခေါ်ရဲသူအဖြစ် အီရတ်သမ္မတ ဟောင်း ဆက်ဒမ်ဟူစိန်ကို အကောင်းမြင်သူများ၊ သူ့ရဲ့ကောင်း တစ်ဦးနှယ် သဘောထားသူများက ဆက်ဒမ်၏ သားနှစ်ယောက် တိုက်ပွဲတွင် ကျသွားသောကြောင့် အတော်ဝမ်းနည်းကြသည်။ အခဲမကျေကြ။

ယင်းတို့အနက် ကာတာနိုင်ငံအခြေစိုက် အဲလ်ဂျာဇီရာ (Al Jazeera) ရုပ်သံလွှင့်ဌာနမှ သတင်းထောက်တစ်ဦးက–

"တကယ်တော့ အမေရိကန် နယ်ချဲ့လက်သစ်ရဲ့ သွေးစွန်း နေတဲ့ တပ်ဖွဲ့တွေရဲ့ စီးနင်းတိုက်ခိုက် သတ်ဖြတ်မှုဟာ သွေးအေး အေးနဲ့ ကျူးလွန်တဲ့ ရာဇဝတ်မှု (crime) သာ ဖြစ်တယ်"

ဟု ပြင်းပြင်းထန်ထန် စွပ်စွဲဝေဖန်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တိုက်ပွဲတွင် သားနှစ်ယောက် ကျဆုံးသွားပြီး ရက်သတ္တတစ်ပတ်အကြာ၌ အီရတ်နိုင်ငံအတွင်း ပုန်းရှောင်ခိုအောင်းနေသော သမ္မတဟောင်း ဆက်ဒမ်ဟူစိန်က–

"သားကြီး အူဒေးနဲ့ သားငယ် ကူဆေးတို့ဟာ အီရတ်နိုင်ငံတော်နဲ့ အီရတ် ပြည်သူ့အကျိုးစီးပွားအတွက် အာဇာနည် သူရဲကောင်းတွေပီပီ သူတို့ရဲ့အသက်ဝိညာဉ်တွေကို စတေးသွားခဲ့ကြတယ်။

"နောက်ဆုံးမှာ အီရတ်နိုင်ငံကို မတရား ကျူးကျော်သိမ်းပိုက်ထားတဲ့ နယ်ချဲ့လက်သစ် အမေရိကန်နဲ့ နယ်ချဲ့လက်ဟောင်း ဗြိတိသျှတွေ မုချအရေးနိမ့်ရမယ်၊ မုချ ကျဆုံးရမယ်ဆိုတာ မြေကြီးလက်ခတ်မလွဲ"

ဟု သူကိုယ်တိုင် အသံသွင်းထားသော တိတ်ခွေတစ်ခွေကို ၂၀၀၃ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် လွှင့်ဟက်ဖြန့်ချိကြေညာခဲ့သည်။ ။

တင်ထွန်း(တောင်ကုတ်)

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# ရမ်းကား ရက်စက် ယုတ်မာသော အူဒေး

အူဒေးဟူစိန်ကို ၁၉၆၄ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် အီရတ်နိုင်ငံ တိကရစ်မြို့၌ ဆက်ဒမ်ဟူစိန်နှင့် သူ့ ပထမဇနီး ဆာဂျီဒါတာလ်ဖာ (Sajida Talfah) တို့မှ မွေးဖွားသည်။

သူ့နာမည် အပြည့်အစုံမှာ အူဒေးဆက်ဒမ်ဟူစိန်အဲလ်တီကရစ်တီ (Uday Saddam Hussein al-Tikriti) ဖြစ်၏။ မွေးချင်း ၅ ဦးအနက် သူ အကြီးဆုံး ဖြစ်သည်။ ညီတစ်ယောက်နှင့် ညီမ ၃ ယောက် ရှိ၏။ ယင်းတို့မှာ သူ့ညီ ကူဆေးဟူစိန် (Qusay Hussein)၊ သူ့ညီမများ ဖြစ်သော ရာဂတ်ဟူစိန် (Raghad Hussein)၊ ရာနာဟူစိန် (Rana Hussein) နှင့် ဟာလာ ဟူစိန် (Hala Hussein) တို့ ဖြစ်ကြသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သူ့မိဘများနည်းတူ အူဒေးသည် ဆွန်နီဘာသာဝင် တစ်ဦး ဖြစ်၏။ သူ့အရပ်မှာ သာမန် အီရတ်လူမျိုးတစ်ယောက်ထက် မြင့်မားသည်။ အရပ် ၆ ပေ ၆ လက်မ ရှိ၍ ထောင်ထောင်မောင်း မောင်း ဖြစ်၏။ သွားခေါပြီး စကားမပီမသ ပြောလေ့ပြောထ ရှိသည်။ စိတ် တည်တည်တံ့တံ့ မရှိ။ စိတ် အပြောင်းအလဲ မြန်လွန်း ၏။ အသောက်အစား အပျော်အပါး မက်သည်။ သောက်စား မူးယစ်လာလျှင် ယဉ်ကျေးသော လူ့စိတ် ကင်းပြီး အတိုင်းထက် အလွန် သွေးဆိုးသည်။ မိန်းမ ပွေသည်။ ဆေးလိပ်တံဆိပ်တွင် အူဒေးနာမည် ရိုက်နှိပ်ထားသော ကျူးဘား ဆေးပြင်းလိပ်ကို သောက်၏။ အထူးသဖြင့် သူ့ဖခင်ကို ကျူးဘားသမ္မတ ဖီဒဲလ် ကက်စထရိုက လက်ဆောင်ပေးသော ကိုဟီဘာ ဆေးပြင်းလိပ် (Cohiba cigar) ကို ဂုဏ်ယူကာ သောက်လေ့ ရှိသည်။

ဘဂ္ဂဒက်တက္ကသိုလ် (the Baghdad University) မှ အင်ဂျင်နီယာဘွဲ့ တစ်ဘွဲ့ကို ပထမဆင့် ဂုဏ်ထူးဖြင့် အူဒေး အောင်မြင်သောကြောင့် ကျောင်းသား ၇၆ ယောက် ရှိသည့် သူတို့ အတန်း၌ သူသည် ထိပ် (top) ဖြစ်၏။ သူသည် သမ္မတဆက်ဒမ် ဟူစိန်၏ သား ဖြစ်၍ ထိုသို့ ပထမဆင့် ဂုဏ်ထူးဖြင့် အင်ဂျင်နီယာ ဘွဲ့ကို ထူးထူးချွန်ချွန် သူ တစ်ဦးတည်း ဆွတ်ခူးရရှိနိုင်စေရန် သူ့ပါမောက္ခအချို့က ထောက်ခံပေးလိုက်ကြရသည်ဟု ဆိုသည်။

ယခင် ဒုတိယသမ္မတနှင့် တော်လှန်ရေးဦးစီးကောင်စီ၏ ဒုတိယဥက္ကဋ္ဌ အဇ္ဇတ်အီဘရာဟင်အဲလ်ဒူရီ (Izzat Ibrahim al-

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



Douri) ၏ သမီးနှင့် အူဒေး လက်ဆက်ခဲ့ရ၏။ သို့စင်လျက် အိမ်ထောင်သက်မှာ ရေပွက်ပမာ တစ်သက်လျှာမျှသာ ကြာသည်။ သားသမီးဟူ၍ တစ်ဦးတလေမျှပင် မထွန်းကားခဲ့ချေ။

အဇ္ဇတ်အိဘရာဟင်အဲလ်ဒူရီသည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက် စနေနေ့၌ အမေရိကန် ပူးပေါင်းတပ်ဖွဲ့က ဆက်ဒမ်ဟူစိန်ကို ကြွက်ကလေး ငှက်ကလေးလို အရှင်ဖမ်းမိသော မြေအောက် လိုဏ်ခေါင်း ရှိသည့် တဲအိမ် ရှိရာ စိုက်ပျိုးမွေးမြူရေးခြံ (farm) အနီးမှ အက်ဒ်ဝါမြို့သား ဇာတိ ဖြစ်၏။ အက်ဒ်ဝါမြို့ (Adwar) သည် တိုက်ဂရစ်မြစ် တစ်ဖက်ကမ်းရှိ ဆက်ဒမ်၏ ချက်မြှုပ်ဒေသ ဖြစ်သော အဲလ်အူဂျာရွာ (al-Awja) နှင့် ၁၀ မိုင်ခန့်သာ ကွာဝေးသည်။ သို့ကြောင့် အဲလ်ဒူရီသည် ဆက်ဒမ်နှင့် ရဲဘော်ရဲဘက်သာမက ရပ်ဆွေရပ်မျိုးဟူ၍လည်း ဆိုနိုင်၏။ အူဒေးသည် မိဘချင်း အလွန်တရာ ခင်မင်ရင်းနှီးသော ပုဂ္ဂိုလ်၏ သမီးနှင့် တင့်တောင့်တင့်တယ် အိမ်ထောင်ရက်သားကျသည့်တိုင် ဇနီးသည်အပေါ် သစ္စာရှိစွာဖြင့် ရာသက်ပန် ရိုးမြေကျ ပေါင်းသင်းလိုသူ မဟုတ်။

အီရန်–အီရတ် စစ်ပွဲ (၁၉၈၀–၈၈) ကာလအတွင်း အူဒေးသည် စစ်မှုထမ်းရန် အသက် ၁၈ နှစ် ပြည့်၏။ တိုင်းပြည်အတွက် တိုက်ပွဲတွင် ပါဝင်ဆင်နွှဲရန် အပျော်တမ်းလည်း သူ စစ်ထဲ မဝင်။ သူ့တိုင်းသူပြည်သားများ နည်းတူ စစ်မှုမထမ်း မနေရ ဥပဒေအရ အီရတ်စစ်တပ်ထဲသို့လည်း သူ ဝင်၍ အမှုမထမ်း။ သာမန် ပြည်သူ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြည်သားသာ ဖြစ်ချေက စစ်မှုထမ်း ဥပဒေအရ သူ အရေးယူ အပြစ်ပေးခြင်းခံရမည် ဧကန် မလွဲ။

'The Babel' (ပြည်သူ့အသံ) အမည်ရှိ နေ့စဉ် သတင်းစာ တစ်စောင်ကို အူဒေး ဦးစီး၍ ထုတ်ခဲ့၏။ သတင်းစာ စောင်ရေ မည်မျှ ထုတ်ဝေဖြန့်ချိခဲ့သည်၊ မည်မျှထိ အောင်မြင်မှု ရရှိခဲ့သည်၊ သတင်းစာအပေါ် ပြည်သူတို့က မည်သို့ သဘောထားကြသည်၊ သတင်းစာကို ဦးဆောင်ဦးရွက် ပြု၍ ထုတ်သူ အူဒေးသည် စာနယ်ဇင်းကို မည်မျှ စိတ်ဝင်စားသည် စသည့် မှတ်တမ်းမှတ်ရာ ဟူ၍ စိုးစဉ်းမျှ မတွေ့ရ။

သားကြီး ဩရသ ဖြစ်သည့်အားလျော်စွာ ဖခင်၏ အရိုက် အရာကို မုချ ဆက်ခံရမည့် အူဒေးသည် အီရတ်နိုင်ငံအတွက်ရော သူ့ဖခင်အတွက်ပါ လိုအပ်ချက် အတော်များများကို အဓိက စီစဉ် သူ ဖြစ်လာ၏။ အထူးသဖြင့် သူ့ဖခင်၏ အသက်အိုးအိမ် စည်းစိမ် လုံခြုံရေးကို အထူး အလေးပေး၍ သူ စီစဉ်သည်။

သို့ကြောင့် စီမံချက်တစ်ခုကို အူဒေးက ရေးဆွဲစေပြီး ဖေဒါယင်ဆက်ဒမ်တပ်ဖွဲ့ (Feidayeen Saddam) ကို သူ ဦးစီး ၍ ဖွဲ့စည်းလိုက်၏။ အဓိပ္ပာယ်မှာ သမ္မတဆက်ဒမ်ဟူစိန်အတွက် အသက်ကို စတေးရဲသူများဖြင့် ဖွဲ့စည်းထားသော တပ်ဖွဲ့ဟု ဆိုလိုသည်။ အဓိက ရည်ရွယ်ချက်မှာ သမ္မတဆက်ဒမ်၏ လုံခြုံ ရေးကို တာဝန်ယူရန်နှင့် ဆက်ဒမ်၏ ပါတီနှင့် အစိုးရကို ကာကွယ် ရန် ဖြစ်သည်။ တကယ်တော့ ထိုတပ်ဖွဲ့သည် တိုင်းပြည်အတွက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အဓိက မဟုတ်ဘဲ အူဒေး တစ်နည်းအားဖြင့် ဆက်ဒမ်၏ ခါးပိုက်ဆောင် ပြည်သူ့စစ်တပ်ဖွဲ့သာ ဖြစ်သည်။

ယင်းကို ဖွဲ့စည်းစက အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်မှ အထက်တန်း စစ်ဘက်အရာရှိကြီး အချို့က ကလေး ကစားစရာ စစ်သားရုပ်ကလေးများ (toy soldiers) ဖြင့် ဖွဲ့စည်းထားသည့် တပ်ဖွဲ့သာသာ သဘောထားကာ အထင်သေး အမြင်သေး နှိမ့်ချပြောဆိုခဲ့ကြ၏။ နောက်ပိုင်းကာလတွင် ယင်းဖေဒါယင်တပ်ဖွဲ့များသည် အမေရိကန် ဦးဆောင်သော အပေါင်းပါ ယာဉ်တန်းများကို အနှောင့်အယှက် အပေးဆုံး တပ်များအဖြစ် အမေရိကန် စစ်ဌာနချုပ်က ဝန်ခံခဲ့ရသည်။

အူဒေးသည် အသောက်မက်၍ သေရည်သေရက်နှင့် ပေါင်းဖက်ကာ တစ်ရက်ထက် တစ်ရက် ပို၍ တိုး၍ သွေးဆိုးလာ၏။ ရမ်းကားရက်စက် ယုတ်မာလာ၏။ လှသူလေးပါး၏ မျက်စိရှေ့မှောက်၌ သူ မနှစ်သက်သူကို နိုင်ထက်စီးနင်း ရက်စက်ကြမ်းကြုတ်စွာ ရိုက်နှက်သတ်ဖြတ်ရန်လည်း သူ့အဖို့ လက်မနှေး။ သူ မျက်စိကျလျှင် ပျို အို မရှောင် သူ့လက်ကိုင်တုတ်တွေကို အတင်းဖမ်းဆီးခိုင်းပြီး ယုတ်မာစွာ မတရားပြုကျင့်ရန်လည်း သူ့အဖို့ မခဲယဉ်း။ 'သူ့မယားလိုချင် သူ့လင် လုံနှင့် ထိုး' ဆိုသည့်အလား သူ့မယားကို မတရားပြုကျင့်ပြီး သူ့လင်ကြီးကိုပါ အပြတ်ရှင်းပစ်ရန်သော် လည်းကောင်း၊ လင်မယား နှစ်ဦးစလုံးကို လက်စတုံးပစ်ရန်သော် လည်းကောင်း အူဒေးအဖို့ မည်သို့မျှ ဝန်မလေးတော့ချေ။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## မသေမချင်း သတ်

၁၉၈၈ ခုနှစ် အောက်တိုဘာလအတွင်း အီဂျစ်သမ္မတ ဟိုစနီမူဘာရက် (Egyptian President Hosni Mubarak) ၏ဇနီး စူဇန်နီမူဘာရက် (Suzanne Mubarak) သည် အီရတ်နိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိလာခဲ့၏။

ထိုစဉ် အီဂျစ် သမ္မတကတော် ဧည့်ခံပွဲ၌ သမ္မတဆက်ဒမ်ဟူစိန်၏ ကိုယ်ရေး ယောကျ်ား အစေအပါးနှင့် သူ့အစားအစာ မြည်းစမ်းရသူ လူယုံတော် (Saddam's personal valet and food taster) ကင်မဲလ်ဟာနာဂီဂျီယို (Kemal Hana Gegeo) နှင့် အူဒေး၏ လုံခြုံရေး အစောင့်တပ်ဖွဲ့ဝင် တစ်ဦးတို့ အချင်းချင်း အချေအတင် စကားများရာမှ ခိုက်ရန်ဖြစ်ပွားကြ၏။ ထိုအခါ သေရည်သေရက် တန်ခိုးကြောင့် ထွေနေပြီဖြစ်သော သေသောက်ကြူး အူဒေးသည် ဒေါသ အမျက်ခြောင်းခြောင်း ထွက်လျက် သူ့ဖခင်၏ သစ္စာရှိ လူယုံတော် အစေခံကို တုတ်တစ်ချောင်းနှင့် မညှာမတာ ဆင့်ကာဆင့်ကာ ရိုက်နှက်သည်။ နာကျင်လွန်း၍ မချိမဆံ့ ဝေဒနာခံစားရပြီး မအော်နိုင်တော့ဘဲ သေလုမြောပါး ဖြစ်နေသူကို လျှပ်စစ်သုံး သားလှီးဓားချွန်တစ်ချောင်း (an electric carving knife) နှင့် ထပ်မံ၍ လူမဆန်စွာ ရက်ရက်စက်စက် သူ ထိုးသတ်သည်။

သေဆုံးသွားရှာသော အစေခံသည် ဆာမီရာရှာဘန်ဒါ (Samira Shahbandar) အမည်ရှိ ချောမောလှပသော လုံမပျို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တစ်ဦးကို သမ္မတဆက်ဒမ်နှင့် ဆက်သွယ်ပေးခဲ့၏။ ထိုအမျိုးသမီးသည် နောက်ပိုင်းကာလ၌ ဆက်ဒမ်၏ ဒုတိယဇနီး ဖြစ်လာခဲ့သည်။ ဆက်ဒမ်သည် ပျိုမျစ်နုနယ်သော ဆာမီရာကို လွန်စွာချစ်ခင်နှစ်သက်သဖြင့် ယင်းအခြေအနေသို့ ရောက်ရှိစေရန် ဆက်သွယ်ဖန်တီးပေးခဲ့သော အစေခံ လူယုံတော်ကို ကျေးဇူးအထူးတင်လျက် ဆုငွေများ ချီးမြှင့်ခဲ့၏။ ဆာမီရာကလည်း သူ့ကို အဘက်ဘက်မှ ကူညီမ စကာ မျက်နှာသာ ပေးခဲ့သည်။

ဆက်ဒမ်၏ ပထမဇနီး ဆာဂျီဒါ၏သားကြီး အူဒေးက သူ့မိခင်နှင့် ဆက်စပ်ပြီး ထိုကိစ္စကိုလည်း သိပ်ဘဝင်ကျဟန် မတူ။ ထိုအစေခံကို သနားညှာတာမှု ကင်းမဲ့စွာ မသေမချင်း သတ်ဖြတ်ခြင်းမှာ ယခင်ကပင် တေးထားသော အငြိုးကြောင့်လည်း ဖြစ်နိုင်သည်။ လေးလေးနက်နက် စဉ်းစားတွေးတောဖွယ်ရာပင်။

အီဂျစ်သမ္မတ မူဘာရက်သည် အာရပ်ကမ္ဘာမှ နိုင်ငံရေးခေါင်းဆောင်ကြီးတစ်ဦးပီပီ ထိုဖြစ်ရပ်ကို နက်နက်ရှိုင်းရှိုင်းစဉ်းစားသုံးသပ်ပြီး သမ္မတဆက်ဒမ်၏ သား အူဒေးသည် မဆင်မခြင် အရမ်းကာရော စိတ်လိုက်မာန်ပါ ပြုမူတတ်သော စိတ်ဝေဒနာရှင် (psychopath) ဖြစ်ကောင်း ဖြစ်မည်ဟု ကောက်ချက်ချသည်။

အူဒေး ကျူးလွန်သော ပြစ်မှုကြောင့် အီဂျစ်သမ္မတနှင့် မျက်နှာပျက်စရာ ဖြစ်နေသည်က တစ်ကြောင်း၊ ကံဆိုးသူမှာ မိမိနှင့် ဆာမီရာတို့၏ ဖူးစာရေး ကျေးဇူးရှင် သစ္စာရှိ လူယုံတော်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဖြစ်နေသောကြောင့် သေဆုံးသူနှင့် ဆာမီရာတို့၏ မျက်နှာများကို ထောက်ထားငဲ့ကွက်သင့်သည်ကလည်း တစ်ကြောင်း ထိုအကြောင်းများကြောင့် ဆက်ဒမ်အဖို့ သားမိုက်ကို အနည်းနှင့် အများ အပြစ်မပေး၍ မသင့်တော်။ သို့ဖြစ်၍ သမ္မတက တရားခံအူဒေးကို ထောင်ဒဏ် ၈ နှစ် အပြစ်ပေးလိုက်၏။ သူ့ကိုတော့ အဆောက်အအုံ တစ်ခု၌ သီးသန့်ထားသည်။ သို့သော် ပြစ်ဒဏ် ထက်ဝက်ခန့် ကျခံရပြီးနောက် ဂျော်ဒန်ဘုရင်ဟူစိန် (King Hussein of Jordan) က ပုဂ္ဂိုလ်ရေးအရ ကြားဝင် ဖျန်ဖြေသဖြင့် ဖခင် သမ္မတက အကျဉ်းသား အူဒေးကို ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်သည်။

## မဲဇာပို

သည့်နောက် ဖခင် သမ္မတက သားမိုက်အူဒေးကို ဆွီဇာလန်နိုင်ငံ အီရတ် သံအမတ်ကြီး၏ လက်ထောက် တာဝန်ပေးကာ ရပ်ဝေး မဲဇာဆီသို့ သူ့ကို တမင်တကာ ပို့ထားလိုက်၏။ သို့တိုင်အောင် ခွေးမြီးကောက် ကျည်တောက်စွပ်ပြီး ကျည်တောက်ကို ချွတ်လိုက်သည်နှင့် တစ်ပြိုင်နက် အမြီးသည် ယခင်ကကဲ့သို့ ကောက်မြဲတိုင်း ပြန်ကောက်သွားသည့်နည်းတူ အူဒေးသည်လည်း ဆိုးမြဲတိုင်း ပြန်ဆိုးနေသည်။ ဆွီဇာလန်နိုင်ငံကို ရောက်သွားပြန်တော့လည်း အေးအေးဆေးဆေး ကောင်းကောင်းမွန်မွန် မနေ။ စားသောက်ဆိုင် တစ်ဆိုင်၌ လူတစ်ဦးကို ဓားနှင့်ထိုးရန် သူ ခြိမ်းခြောက်ပြန်သဖြင့် ဆွီဇာလန်အစိုးရက အူဒေးကို ပြည်နှင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဒဏ် ခတ်လိုက်သည်။ နောက်ဆုံးတော့ ဒုံရင်း ဒုံရင်းအတိုင်း ပြန်ရောက်သွားသည်။

**အီရတ် အိုလံပစ်ကော်မတီ၏ အကြီးအကဲ**

သို့ဖြင့် သူ့ဇာတိ အီရတ်နိုင်ငံသို့ အူဒေး ပြန်ရောက်လာပြန်သည်။ နောက်ပိုင်းတွင် သူ့ဖခင် သဒ္ဒတက သားမိုက်ကို အီရတ်အိုလံပစ်ကော်မတီ အကြီးအကဲ (the head of the Iraqi Olympic Committee) အဖြစ် ခန့်ထားလိုက်၏။ ယင်းနောက်ပိုင်းကာလမှာလည်း သဒ္ဒတ၏ လုံခြုံရေးတပ်ဖွဲ့တစ်ခု၌ တပ်မှူးကြီးအဖြစ် သူ့ကို ခန့်ထားပြန်သည်။ ဤကား သဒ္ဒတဆက်ဒမ်က သားဆိုးသားမိုက်ကို ထူးထူးခြားခြား ပြစ်ဒဏ်ပေးပြီးနောက်ဆု ချီးမြှင့်သော သဘော သက်ရောက်သည့် သာဓကတစ်ရပ်ပင်တည်း။

**လူမဆန်အောင် ညှဉ်းပန်းနှိပ်စက်**

အူဒေးသည် အီရတ် အိုလံပစ်ကော်မတီ အကြီးအကဲ ဖြစ်ပြီးနောက် အခန်းပေါင်းများစွာ ပါသော အလွန်တရာ ခံ့ညားထည်ဝါလှသည့် အဆောက်အအုံကြီး တစ်ခု၌ သူ နေ၏။ လုံခြုံရေး အစောင့်အရှောက်များကိုလည်း ထူထပ်စွာ ချထားသည်။ သူ မျှော်မှန်းသလောက် မစွမ်းဆောင်နိုင်ခဲ့သော အားကစားသမားများကို စစ်ဆေးမှု၊ နှိပ်စက်ကလူပြုမှုမှု၊ အကျဉ်းချထားမှု စသည်တို့ကို သူကိုယ်တိုင် အနီးကပ် ကြီးကြပ်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အတော် ပျံ့နှံ့နေသော သတင်းများအရ သူ့မှာ သီးသန့် အကျဉ်းထောင်တစ်ခု ရှိ၏။ ဘောလုံးပြိုင်ပွဲများ၌ ပင်နယ်တီ ကန်သွင်းရာတွင် ဂိုးမဝင်သူများ၊ ထောင့်ကန်ဘော ကန်သည့် အခါ ကွင်းပြင်သို့ ဘောလုံးထွက်သွားအောင် ကန်မိသူများ၊ သေချာပေါက် ဂိုးဝင်သင့်လျက် ဂိုးပေါက် လွဲသွားသူများ၊ မတော် တဆ ကိုယ့်ဂိုးပေါက်ကို ကန်သွင်းမိသူများ စသည်တို့ကို စစ်ဆေး၍ အပြစ်ပေးသည်။ လူမဆန်အောင် ညှဉ်းပန်းနှိပ်စက်သည်။

အူဒေးအနေနှင့် အပြစ်ရှိသည်ဟု ယူဆသူများ၏ ခြေဖဝါး များနှင့် အခြား သတ်မှတ်ထားသော နေရာများကို နှိပ်စက်သူ များက ကြိမ်လုံးများ၊ တုတ်များဖြင့် ရိုက်နှက်ကြ၏။ ထိုသို့ ရိုက် နှက်ရာတွင် မညှာမတာ အလွန်တရာ နာကျင်အောင် ခပ်ပြင်းပြင်း ရိုက်ကြရသော်ငြားလည်း အရိုက်ခံရသူတို့၏ ကိုယ်ခန္ဓာ၌ အရိုး အစင်းကြောင်း စသော မြင်သာသည့် ရိုက်ချက်အရာများ မထင် မပေါ်အောင် ရိုက်ကြရသည်လည်း ရှိသည်။

အပြစ်ပေး ခံရသော အားကစားသမား တစ်ဦးစီကို ရိုက်နှက်ရမည့် အကြိမ်ပေါင်းကို မှတ်သားထားသည့် ရိုက်ချက် မှတ်တမ်း ကတ်ပြားများ (scorecards) ကို ဇယားချ၍ စနစ်တကျ ရေးဆွဲ စီစဉ်ထား၏။ ကတ်ပြားပေါ်တွင် ညွှန်ကြားချက် အတိ အကျ ပါရှိသည်။

၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ အီရတ်အသင်း နောက်ဆုံးဗိုလ်လုပွဲသို့ မတက်ရောက်နိုင်ခဲ့ဘဲ အရေးနိမ့်ကာ



ခပ်တည်တည်
အူဒေး



ရက်စက်ရန်လည်း ဝန်မလေးသော
အူဒေး



မိန်းမလိုက်စားသော အူဒေး



မူးလျှင် သွေးဆိုးသော အူဒေး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြန်လာခဲ့ရပြီးနောက် ကံဆိုးမိုးမှောင်ကျ၍ အကျဉ်းကျနေရရှာသော လက်ရွေးစင် ဘောလုံးသမားများအား ကွန်ကရစ်ဘောလုံး (a concrete ball) တစ်လုံးကို အတင်းအဓမ္မ ကန်ခိုင်းသည်ဟု ပြည်ပရောက် အီရတ်လူမျိုးတစ်ဦးက ပြောပြသည်။

ထို့ပြင် အထူး ရက်စက်ဆိုးရွား ယုတ်မာသည့် အခြား နှိပ်စက်နည်း တစ်နည်းမှာ အားကစားသမားများကို ကျောက်စရစ်ခဲကလေးများ ခင်းထားသည့် ကျင်းတစ်ခု (a gravel pit) ကို ဖြတ်၍ သနားညှာတာမှု ကင်းမဲ့စွာ တရွတ်တိုက် အတင်းဆွဲယူသွားကြ၏။ ပြီး... ချွေး သွေး မြေမှုန့် စသည်တို့ ရောနှောလိမ်းကျံလျက် မြင်မကောင်း ရှုမကောင်းလောက်အောင် ညစ်ပေပေနှင့် မိလ္လာအညစ်အကြေးကန် တစ်ခု (a sewage tank) ထဲသို့ သူတို့ကို အတင်းတွန်းချကြသည်။ ဒဏ်ရာဒဏ်ချက်များမှာ အနာအဆာများ ဖြစ်သွားစေရန် ရည်သန်၍ ထိုသို့ ပြုလုပ်ခြင်း ဖြစ်သည်။

ထို့ပြင် အလယ်ခေတ် (the Middle Age) က နှိပ်စက်ညှဉ်းပန်းနည်းများတွင် သုံးသည့် ကိရိယာများနှင့် အလားတူ ကိရိယာများကိုလည်း အူဒေး အသုံးပြု၏။ ယင်းတို့အနက် တစ်ခုမှာ အလေးချိန် ပေါင် ၅၀ လေးသော အနက်ရောင် သံမျက်နှာဖုံး (black iron mask) ဖြစ်၏။ ယင်းတို့ကို အားကစားသမားများ မျက်နှာမှာ တပ်ဆင်ပေးပြီးနောက် ကျဲကျဲတောက် ပူပြင်းသော နေပူထဲမှာ တစ်နေကုန် တစ်နေခန်း ကိုယ်ခန္ဓာကို မတ်မတ်ထား

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



၍ ရပ်နေစေ၏။ ထိုသို့ ရပ်၍ တစ်နာရီနီးပါးလောက် ကြာညောင်းပြီးနောက် ရုတ်တရက် မေ့မြောကာ ယိုင်လဲသွားသော အားကစားသမားများကို အူဒေး၏ အစောင့်များက မညှာမတာ ခြေနှင့် ကန်၍ အတင်းနိုးလေ့ရှိသည်။

အူဒေးတို့ အသုံးပြုသော အလယ်ခေတ်မှ နှိပ်စက်နည်းသုံး ကိရိယာနှင့် တူသည့် အခြားကိရိယာတစ်ခုမှာ လက်ကိုင်နှစ်ခုပါသော သစ်တော်သီးသဏ္ဍာန်ရှိ သံကိရိယာတစ်ခု (a pear-shaped iron tool) ဖြစ်၏။ ယင်းမှာ မော်တော်ကားဘီး လဲရန် ထောက်သည့် ဂျိုက်နှင့် တူသည်။ အဆိုပါ ကိရိယာကို အားကစားသမား၏ စအိုဝကို အတင်းဆွဲဖြဲရန် (to tear a man's anus open) အသုံးပြုသည်။

၁၉၉၅ ခုနှစ်တွင် အားကစားကိစ္စနှင့် စပ်လျဉ်း၍ အီရတ်သတင်းစာဆရာ အချို့ကို နှိပ်စက်ညှဉ်းပန်းရာ၌ စိတ်အားထက်သန်တက်ကြွမှုကို အထင်အရှား မပြသဖြင့် အူဒေးသည် ဒေါသအိုးပေါက်ကွဲပြီး အနီးရှိ သူ့သက်တော်စောင့် မိုဟမ္မက် ဟာရွန် (Mohammed Haroon) ကို ကွပ်မျက်လိုက်သည်ဟု အားကစား သတင်းတစ်ရပ်က ဆိုသည်။

ဤကား အီရတ် အိုလံပစ်ကော်မတီ အကြီးအကဲ အူဒေး အနေနှင့် အပြစ်ရှိသည်ဟု ယူဆသော အားကစားသမားများကို ငရဲခန်းပမာ လူမဆန်လောက်အောင် နှိပ်စက်ညှဉ်းပန်း ရက်စက်ယုတ်မာမှုများအနက် ထင်ရှားသော သာဓက အနည်းအကျဉ်းမျှသာတည်း။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## လူမဆန်အောင် ယုတ်မာစွာ မတရားပြုကျင့်

တစ်နေ့သ၌ ဘဂ္ဂဒက်မြို့တော်၏ အချက်အချာကျသော ပန်းဥယျာဉ်တစ်ခုအတွင်း စိမ်းလန်းစိုပြည်သော သစ်ပင် ပန်းပင်တို့ကို ဖြတ်သန်းလျက် ညင်သာစွာ ဆော်သွေးနေသော လေပြည်လေညင်းနှင့်အတူ ရောပါလာသည့် မွှေးကြိုင်သင်းပျံ့ ပန်းရနံ့တွေကို အားပါးတရ ရှူရှိုက်ရင်း မောင်နှံနှစ်ဖော်တို့ လက်ချင်းချိတ်ကာ ပျော်ရွှင်ကြည်နူးစွာ လမ်းလျှောက်နေကြ၏။ ထိုအခိုက်ကံခေသော သူတို့ကို အူဒေးတို့ လူသိုက် မြင်တွေ့သွားသည်။ ထိုအခါ ထိုအမျိုးသား၏ ဇနီးကို အူဒေးက သဘောကျသဖြင့် သူ့ကိုယ်ရံတော်များအား သူမကို သွားဖမ်းကြရန် အချက်ပြလိုက်၏။ ခင်ပွန်းသည်က စွမ်းအားရှိသမျှ ခုခံလိုသော်ငြားလည်း ဝမ်းနည်းကြေကွဲစွာဖြင့် အားမတန်၍ မာန်လျှော့လိုက်ရသည်။

အူဒေးသည် အမျိုးသမီးကို သူ သတ်မှတ်ထားသော နေရာ၌ မတရားပြုကျင့်ပြီး နောက်ပိုင်းတွင် သူမကို အပြတ်ရှင်းပစ်လိုက်၏။ အမျိုးသမီး၏ ခင်ပွန်းကိုလည်း ဖမ်းဆီးပြီး သမ္မတဆက်ဒမ်ကို စော်ကားသူဟု စွပ်စွဲကာ သေဒဏ်ပေး၍ ကွပ်မျက်ပစ်လိုက်သည်။

တစ်ချိန်မှာလည်း အခြား ဇနီးမောင်နှံ နှစ်ဦးတို့ အညောင်းပြေ အညာပြေ လမ်းလျှောက်နေကြစဉ် အူဒေးတို့နှင့် ပက်ပင်းပါသွားဆုံ၏။ ထိုအခါ ထိတ်ထိတ်ပျာပျာ ဖြစ်နေသော အမျိုးသမီးကို သူ နှစ်သက်သွားပြီး အူဒေးက– "ခင်ဗျား ခင်ပွန်းက အညတြ၊

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကျုပ်က အီရတ်တပ်မတော်က ဗိုလ်ကြီးဗျ” ဟု ပြောသည်။ ထို့နောက် သူ့ကိုယ်ရံတော်များအား ထိုအမျိုးသမီးကို ဖမ်းဆီးရန် သူက အမိန့်ပေးလိုက်၏။ အူဒေးက သူမကို မတရားပြုကျင့်ပြီး နောက်ပိုင်း ကာလမှာ သတ်ပစ်လိုက်၏။ ခင်ပွန်းသည်ကိုတော့ သမ္မတဆက်ဒမ်ကို ဆန့်ကျင်သူဟု စွပ်စွဲကာ နိုင်ငံတော်သစ္စာဖောက်မှုဖြင့် စွဲချက်တင်ပြီး အဆုံးစီရင်ပစ်သည်။

တစ်နေ့သော ညဉ့်ဦးယံတွင် ကပွဲတစ်ခုသို့ ရုတ်တရက် ဂြိုဟ်ကောင် အူဒေး ပေါက်ချလာ၏။ စစ်ဘက်အရာရှိတစ်ဦးနှင့် တွဲကနေသော ချောမောပြေပြစ် လှပသည့် အမျိုးသမီးကို အူဒေးက မျက်စိကျ၍ သူ့ဇနီးနှင့် တွဲကခွင့်ပြုရန် ထိုစစ်ဗိုလ်ကို သူက အပေါ်စီးနှင့် ပြောသည်။ ထိုအခါ စစ်ဗိုလ်က ခွင့်ပြုရန် ခေါင်းမာစွာဖြင့် အကျောက်အကန် ငြင်းဆန်၏။ သို့ကြောင့် အူဒေးက ဒေါသူပုန်ထပြီး ထိုစစ်ဗိုလ်ကို တုတ်တစ်ချောင်းနှင့် ပြင်းထန်စွာ အကြိမ်ကြိမ် ရိုက်နှက်၏။ ကပွဲလည်း ရုတ်ရုတ်သဲသဲ ဖြစ်ပြီး ပျက်သွားလေတော့သည်။ ပြီး... အူဒေး၏ အမိန့်အရ ကိုယ်ရံတော်များက ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့နေသော အမျိုးသမီးကို အတင်းဆွဲခေါ်သွားကြ၏။ အူဒေးက သူ့နေအိမ်၌ စစ်ဗိုလ်၏ ဇနီးကို မတရားပြုကျင့်ပြီး နောက်ပိုင်းတွင် သူမကို လက်စတုံးပစ်လိုက်၏။ စစ်ဗိုလ်လည်း အူဒေး ရိုက်သော ဒဏ်ရာဒဏ်ချက်များနှင့်ပင် ဆေးရုံ၌ သေဆုံးသွားခဲ့သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လူယုတ်မာ အူဒေးသည် လမ်းတွင် မြင်တွေ့ရသော အမျိုးသမီးများအနက် ရုပ်ရည် ချောမောလှပပြီး သူ သဘောကျသော မိန်းကလေးများကို ပျို အို မရှောင် သူ့သက်တော်စောင့်များအား သူ အမိန့်ပေး၍ ပြန်ပေးဆွဲစေသည်။ ထို့ပြင် ပါတီပွဲများနှင့် ကပွဲများသို့ သူ ဝင်ရောက်ပြီး သူ နှစ်သက်သော လှပျိုဖြူများကို တေးထား၏။ သည့်နောက် သူ့ကိုယ်ရံတော်များကို စေလွှတ်ပြီး ထိုမိန်းကလေးများကို ပြန်ပေးဆွဲစေသည်။ နောက်ရက်များတွင် ထိုအမျိုးသမီးများသည် တဏှာရူး အူဒေး၏ သားကောင်များအဖြစ် သူ့ငရဲခန်းထဲသို့ သနားစဖွယ် သက်ဆင်းကြရတော့သည်။ သူ့ကို ကလန်ကဆန် ပြုမိလျှင် အဆိုပါ မိန်းကလေးကို မတရား ပြုကျင့်ပြီးနောက် ရက်မဆိုင်းဘဲ ရက်ရက်စက်စက် ကိစ္စတုံးပစ်လိုက်သည်။ ယင်းဖြစ်ရပ်ဆိုးများကို ၂၀၀၃ ခုနှစ်အတွင်း ထုတ်သော တိုင်းမ်မဂ္ဂဇင်းတစ်စောင်မှ ဆောင်းပါးတစ်ပုဒ်တွင် အသေးစိတ် ဖော်ပြဖူးသည်ဟု ဆိုသည်။

အူဒေးနှင့် တထေရာတည်း ချွတ်စွပ်တူပြီး ယခုအခါ ရေကြည်ရာ မြက်နုရာ အနောက်နိုင်ငံ တစ်နိုင်ငံ၌ နေထိုင်သည့် အီရတ် နိုင်ငံသား လာတစ်ဖ်ယာဟီယာ (Latif Yahia) က 'လူယုတ်မာ အူဒေးသည် အီရတ်နိုင်ငံသို့ အလည်အပတ် ရောက်ရှိလာသည့် ရုရှား ဘဲလေးကချေသည်တစ်ဦး (a visiting Russian Ballerina) အပါအဝင် အမျိုးသမီး အတော်များများကို မတရားပြုကျင့်ခဲ့သည်'ဟု ထုတ်ဖော်ပြောဆို၏။ သူက ဆက်လက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



၍ အူဒေးသည် မနာကျင်ဘဲ သူနှင့် လိင်ဆက်ဆံဖက် အမျိုးသမီး ထံမှ သွေးမပါဘဲ လိင်ဆက်ဆံ၍ မဖြစ်နိုင်ဟု အခိုင်အမာ ဆိုသည်။

လာတစ်ဖ်ယာဟီယာသည် စာရေးဆရာ ကားလ်ဝင်ဒဲလ် (Karl Wendle) နှင့် တွဲဖက်၍ အင်္ဂလိပ်ဘာသာ စာပေဖြင့် ရေးသားသော 'I was Saddam's Son' (ကျွန်တော် ဆက်ဒမ်၏ သား) အမည်ရှိ စာအုပ်ကို မကြာမီက ထုတ်ဝေဖြန့်ချိခဲ့သည်။

ဤကား ကာမဘီလူး အူဒေးသည် အပြစ်မဲ့သော အမျိုး ကောင်းသမီးများကို သူ့ဖခင် သမ္မတ၏ ဩဇာအာဏာ အရှိန်အဝါ ကို မိုက်မဲစွာ အလွဲသုံးစားပြုလျက် လူမဆန်လောက်အောင် ရက်စက်ယုတ်မာသည့် မတရားပြုကျင့်မှုများမှ တစ်စိတ် တစ်ဒေသမျှသာတည်း။

## အူဒေးကို ချုံခိုတိုက်

၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ဘဂ္ဂဒက်မြို့တော် ရှိ အဲလ်မင်ဆာခရိုင်၌ အူဒေးသည် သူ့ဖိမ်ခံမော်တော်ယာဉ် ပေါ်စရှေး (Porsche) ကို မောင်း၍ ဖြတ်သန်းသွားစဉ် သူ့ကို အင်မတန် မုန်းတီးရွံရှာသော လူအချို့၏ ကလဲ့စားချေ လုပ်ကြံသတ်ဖြတ်ရန် ကြံစည်အားထုတ်သော ချုံခို တိုက်ခိုက်မှု တစ်ခု ဖြစ်ပွားခဲ့၏။ ထိုပစ်ခတ်တိုက်ခတ်မှုတွင် အူဒေး သည် အသည်းအသန် ဒဏ်ရာများ ရရှိသွားသည်။ သူ့ကို ကျည် ၈ ချက်တိတိ ထိမှန်၏။ ကနဦးကတော့ ထိုဒဏ်ရာဒဏ်ချက်များ ကြောင့် အသက်မသေဘဲ လွတ်မြောက်သွားသည့်တိုင် မလှုပ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မရှားနိုင်လောက်အောင် သူ့အခြေအနေမှာ တကယ့်ကို ဆိုးဆိုး ရွားရွား ဖြစ်သွားလိမ့်မည်ဟု အများသူငါက ယုံကြည်ကြသည်။ ဗိုးသက်ပြင်း အူဒေးကား အတိုင်းထက်အလွန် ကံကောင်းလေစွ။

သည့်နောက် အူဒေးကို အထူးကု အိုင်ဘင်ဆီနာ ဆေးရုံကြီး (Ibn Sina Hospital) သို့ အဆောတလျင် ရွှေ့ပြောင်းသယ်ယူသွားကြ၏။ ထိုဆေးရုံကြီး၌ ကျူဘား ဆေးကုသရေးအဖွဲ့ တစ်ဖွဲ့ (a Cuban medical team) ၏ ဆေးဝါးကုသမှုကို သူ ခံယူသည်။ နောက်ဆုံးမှာ ကျူဘား ဆရာဝန်ကြီးများ၏ အထူးတလည် ဝါယမပြု၍ ကုသပေးမှုကြောင့် ထော့နဲ့ ထော့နဲ့နှင့် သူ လမ်းလျှောက်နိုင်သည့် အခြေအနေအထိ အောင်မြင်သွားခဲ့၏။ သို့သော် အကြိမ် အတော်များများ ခွဲစိတ်ကုသခဲ့သော်ငြားလည်း ကျောရိုး (spine) မှာ ကျည်ဖူးတစ်ခု စိုက်ဝင်ကျန်ရှိနေသေးသည်။

အူဒေးသည် အရက်သေစာ အလွန်အကျူး သောက်စား မူးယစ် ရမ်းကားခြင်း၊ အားကစားသမားများ အပါအဝင် လူ အများအပြားကို မတရားသဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူအများ ရှေ့မှောက်၌ပင်လျှင် လူသတ်မှု ကျူးလွန်ခြင်း၊ အမျိုးသမီးများ ၏ ဘဝနှင့် ဇနီးမောင်နှံတို့၏ ဘဝပေါင်းများစွာကို ဖျက်ဆီးခြင်း၊ သူ့ ဖေဒါယင်ပြည်သူ့စစ်အဖွဲ့ အတွက် အထူး လက်ရွေးစင် သမ္မတ တပ်ဖွဲ့မှ အဆင့်မြင့် နည်းပညာသုံး လက်နက်ကောင်းများကို ကိုယ် နှင့် မသက်ဆိုင်ဘဲ လွှဲပြောင်းယူခြင်း စသည်တို့ကြောင့် သားမိုက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အူဒေးကို ဆက်ဒမ်က အထူးမကျေမနပ် ဖြစ်နေသည်။ အောချ ထားရသည်။

သို့ကြောင့် အူဒေး ဒဏ်ရာရပြီး မသန်မစွမ်း ဖြစ်သွားသည့် နောက် ဆက်ဒမ်က သားငယ် ကူဆေးအား အူဒေး၏ ဖေဒါယင် တပ်ဖွဲ့များကို လွှဲပြောင်းပေးအပ်လိုက်၏။ ထိုအချိန်မှ စ၍ ဖခင် ၏ အရိုက်အရာကို တကယ် ဆက်ခံမည့်သူသည် သားငယ် ကူဆေး ဖြစ်လာသည်။ ကူဆေးသည် ထောက်လှမ်းရေးတာဝန်၊ သမ္မတ ၏ လုံခြုံရေးနှင့် အခြား အရေးကြီးသော လျှို့ဝှက်ကိစ္စရပ်များကို အဓိကထမ်းရွက်ရသည့် အထူးလုံခြုံရေးအဖွဲ့ (SSS/SSO) တာဝန်တို့ကို ဆောင်ရွက်ရသည်။ ဆက်ဒမ် ဦးဆောင်သော ဘာ့သ်ပါတီ၏ စစ်ရေးဗျူရိုမှာလည်း သူ ဒုတိယဥက္ကဋ္ဌ ဖြစ်သည်။ ထို့ကြောင့် ကူဆေးသည် သူ့အစ်ကို အူဒေးထက် ဩဇာအာဏာ ပိုကြီးသွားသည်။

မည်သို့ဆိုစေ ဆက်ဒမ်သည် အခြားသူတွေထက်တော့ သားမိုက် အူဒေးကို ပိုယုံ၏။ သည့်အတွက် အီရတ်နိုင်ငံတွင် အာဏာအရှိဆုံး ပုဂ္ဂိုလ်များမှာ ဆက်ဒမ်တို့ သားအဖ သုံးယောက် ဖြစ်လာသည်။ နံပါတ်စဉ်အတိုင်း ဆိုရပါမူ ဖခင် သမ္မတဆက်ဒမ် က နံပါတ် (၁)၊ သားငယ် ကူဆေးက နံပါတ် (၂)၊ သားကြီး အူဒေး က နံပါတ် (၃) ဖြစ်၏။ သို့ကြောင့်လည်း နောက်ပိုင်း ကာလတွင် အမေရိကန်တို့ အလိုအရှိဆုံး အီရတ်ခေါင်းဆောင် ၅၅ ယောက် တို့၏ ရုပ်ပုံများနှင့် အမည်စာရင်းပါ ဖဲထုပ်၌ 'ပူး' ခေါ် စပိတ်ဖဲပွင့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပါသော (၁) ဖဲမှာ ဆက်ဒမ်ဟူစိန်၏ရုပ်ပုံ၊ ညှင်းပွင့် ပါသော (၁) ဖဲမှာ ကူဆေး၏ရုပ်ပုံ၊ အသည်းပုံ ဖဲပွင့်ပါသော (၁) ဖဲမှာ အူဒေး၏ရုပ်ပုံတို့ နံပါတ်စဉ်အလိုက် ပါလာခြင်း ဖြစ်သည်။

ထို့ပြင် သမ္မတဆက်ဒမ်ဟူစိန်ကို အရှင် သို့မဟုတ် အသေ ဖမ်းဆီးမိနိုင်အောင် အခိုင်အမာ အတိအကျ သတင်းပေးနိုင်သူကို ဆုငွေ ယူအက်စ်ဒေါ်လာ ၂၅ သန်း၊ သူ့သားတစ်ယောက်စီ အတွက် အလားတူ သတင်းပေးနိုင်သူကို ဆုငွေ ယူအက်စ်ဒေါ်လာ ၁၅ သန်းစီ ချီးမြှင့်မည်ဟု အမေရိကန် အစိုးရက ကြေညာခဲ့သည်။

**ခွေးမြီးကောက် ကျည်တောက်စွပ်သကဲ့သို့**

အူဒေး၏ လူမဆန်လောက်အောင် ရမ်းကားရက်စက် ယုတ်မာမှု အတော်များများအနက် အထောက်အထား အသင့် အတင့် ရှိသော ဖြစ်ရပ်ဆိုးအချို့ကို ဖော်ပြခဲ့ပြီး ဖြစ်၏။ ယင်းတို့မှာ သူ မသန်မစွမ်း မဖြစ်ခင်က အဖြစ်အပျက်များသာ ဖြစ်သည်။

၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ဘဂ္ဂဒက်မြို့တော်ရှိ အဲလ်မင်ဆာခရိုင်၌ သူ့ကို အခဲမကျေ ဖြစ်နေသော လူတစ်စုက ချုံခိုပစ်ခတ် တိုက်ခိုက်၍ ရရှိသွားသော သေရွာပါ ဒဏ်ရာ ဒဏ်ချက်များကြောင့် သူသည် အတော်အတန် မသန်မစွမ်း ဖြစ်သွားခဲ့သည်။

သို့တိုင်အောင် သူကား နောင်တ မရသေး။ ယခင်အတိုင်း သောက်စားမူးယစ်ပြီး ရမ်းကား ရက်စက်ယုတ်မာဆဲ ဖြစ်၏။ ခွေးမြီးကောက် ကျည်တောက်စွပ်သကဲ့သို့ပင်။ ထိုနောက်ပိုင်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဖြစ်ရပ်ဆိုးများအနက် သူ ချုံခိုတိုက်ခိုက်ခံရပြီး ၁ နှစ်နှင့် ၁၀ လ ခန့်အကြာ ၁၉၉၈ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သော အဖြစ်အပျက်တစ်ခုကို သာဓကအဖြစ် တင်ပြလိုက်ပါသည်။

သမ္မတဆက်ဒမ်၏ အတွင်းစည်း အသိုင်းအဝိုင်း၌ ကျင်လည်၍ လျှို့ဝှက်ကိစ္စရပ်များ အပါအဝင် သူ၏ လုပ်ငန်းများကို နှစ်ပေါင်းများစွာတိုင်တိုင် သစ္စာရှိရှိ ပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့သော အဘူဟာရစ်သ် (Abu Harith – သူ့နာမည် အစစ်အမှန် မဟုတ်) မှာ ထူးခြားသော ရုပ်လက္ခဏာသွင်ပြင်များ ရှိ၏။ ဗိုက်ရွဲရွဲ နှုတ်ခမ်းမွေး ကားကားနှင့် ရိုလက်စ် လက်ပတ်နာရီကို ပတ်ပြီး အထက်တန်းအရာရှိကြီးတစ်ဦး၏ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချရမှု ရာနှုန်းပြည့်ရှိသော ဟန်ပန်အမူအရာမျိုးဖြင့် သွားလာလှုပ်ရှားလေ့ရှိသည်။

၁၉၉၈ ခုနှစ် အောက်တိုဘာလ နေ့ တစ်နေ့၏ သာယာသော နံနက်ခင်းဝယ် ရုပ်ဆင်းရူပကာ နုပျိုပြေပြစ်လှပသော သူ့ညီမဝမ်းကွဲ တစ်ယောက်နှင့်အတူ အဘူဟာရစ်သ်သည် အေးအေးဆေးဆေး လမ်းလျှောက်ထွက်ခဲ့၏။ ထိုစဉ် ကံဆိုးမိုးမှောင်ကျပုံက ဟိုဟိုသည်သည် လျှောက်၍ ကားပတ်မောင်းနေသည့် လူယုတ်မာ အူဒေးသည် သူ့ညီမကို လှမ်းမြင်သွားသည်။ အကြံပက်စက်သော သူ့ဝသီနှင့်အညီ တဏှာရူး အူဒေးက သူ့သက်တော်စောင့်များကို သူ့ ညနေ ပျော်ပွဲရွှင်ပွဲ (his evening entertainment) အတွက် ထိုလှပျိုဖြူကို အတင်းဝင်လုယူပြီး ထုံးစံအတိုင်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သူ့ကို ဆက်သရန် အမိန့်ပေးလိုက်၏။ တုန်လှုပ်ချောက်ချားလျက် ငိုယိုတောင်းပန်နေရှာသော သူ့ညီမငယ်ကို လူရမ်းကားတစ်သိုက်က နိုင်ထက်စီးနင်း အတင်းဆွဲခေါ်နေကြခိုက် ဒေါသထွက်နေသော အဘူဟာရစ်သ်သည် စွမ်းအားရှိသမျှ သူတို့ကို ပြန်လည်ခုခံသေးသည်။

ထိုညတွင် အူဒေး၏ လက်ကိုင်တုတ်တစ်စု သူ့အိမ်ထဲသို့ ဝင်လာကာ သူ့ကို အတင်းဖမ်းဆီးပြီး အူဒေး၏ စိုက်ပျိုးမွေးမြူရေးခြံဝင်းအတွင်းသို့ ခေါ်ဆောင်သွားခဲ့ကြ၏။ သည့်နောက် အုန်းထန်းပင်တစ်ပင်မှာ သူ့ကို ၂ ရက်တိုင်တိုင် ချည်နှောင်ထားပြီး ထပ်တလဲလဲ ရက်ရက်စက်စက် ရိုက်နှက်ကြသည်။ အစိမ်းအမှည့် မရွေးသော ယစ်ထုတ်အူဒေးကိုယ်တိုင်ကလည်း ကြောက်အား လန့်အားနှင့် ငိုကြွေးနေသော အဘူဟာရစ်သ်၏ ကျောကုန်းနှင့် ပခုံးတို့ကို သံပူတစ်ချောင်းဖြင့် လူမဆန်အောင် ရက်စက်စွာ ထိကပ်သည်။

ထို့နောက် သက်တော်စောင့်တစ်ယောက်က အဘူဟာရစ်သ်၏ လက်မောင်းတွင် အဆိပ်ပြင်းသော အရာတစ်ခုကို ထိုးသွင်းလိုက်၏။ ဤတွင် သူ့ခမျာလည်း နေရာ၌ပင် ပုံလျက်သား လဲကျသွားတော့သည်။ ပြီး.. သူ့ကို ဘဂ္ဂဒက်မြို့တော်သို့ သူတို့ ပြန်ခေါ်သွားကာ သူ့နေအိမ်အနီး၌ ကားပေါ်မှ ပစ်ချထားခဲ့သည်။

အဘူဟာရစ်သ်၏ လက်ချောင်း ထိပ်များနှင့် သူ့ညာခြေထောက်တို့သည် ကောင်းစွာ အာရုံခံစား၍ မရတော့။ အဆစ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အမြစ်များ (joints) လည်း တစစ်စစ် ကိုက်နေ၏။ သူ့လက်ချောင်းကလေးများလည်း ဖူးဖူးရောင်နေသည်။

သူ့ညီမလေး၏ ကံကြမ္မာဆိုးနှင့် သူ့အဖြစ်ဆိုးတို့အတွက် ရင်ထုမနာ ဖြစ်ကာ အကြီးအကျယ် အခဲမကျေ ဖြစ်နေ ရှာသော အဘူဟာရစ်သ်သည် ဘဂ္ဂဒက်မြို့တော်၌ ဆက်မနေရဲ တော့ဘဲ ကာ့ဒ်လူမျိုးများ အုပ်စိုးသည့် မြောက်ပိုင်းဒေသသို့ တစ်ခါတည်း လစ်ရလေတော့သည်။

ကာမဘီလူး အူဒေး၏ သူမတူအောင် ရမ်းကားရက်စက် ယုတ်မာမှု အလုံးစုံကို ကြားသိရသော ကာ့ဒ်လူမျိုး အရာရှိများသည် ကိုယ်ချင်းစာတရားနှင့် သနားသဖြင့် အဘူဟာရစ်သ်ကို ယင်းတို့ဒေသနှင့် နီးသော တူရကီနိုင်ငံသို့ အမြန်ဆုံး ပို့ပေးပြီး ဆေးရုံတစ်ရုံ၌ ဆေးဝါးကုသမှုကို ခံယူစေသည်။ အဘူဟာရစ်သ် တို့ မောင်နှမ၏ ဘဝ ကံကြမ္မာကား အတိုင်းထက် အလွန် ဆိုးရွားလှပေစွတကား။

## အူဒေး၏ စံအိမ်တွင်းမှ ပစ္စည်းများ

ဘဂ္ဂဒက်မြို့တော်ကို အမေရိကန်ဦးဆောင်သော အပေါင်းပါ တပ်ဖွဲ့များ ကျူးကျော်သိမ်းပိုက်ပြီးနောက် အူဒေး၏ စံအိမ်ကြီးတွင် ခြင်္သေ့များ၊ အာဖရိက တောလိုက် ကျားသစ်များ (cheetahs) စသည်ဖြင့် တောရိုင်းတိရစ္ဆာန်များ ရှိသော ပုဂ္ဂလိက တိရစ္ဆာန်ရုံတစ်ရုံ၊ ကာလတန်ဖိုး ခေါင်ခိုက်လုနီးပါး မြင့်မားသော ဇိမ်ခံကားများ ထားသည့် ကားဂိုဒေါင်များ၊ တံဆိပ်မှာ အူဒေး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အမည် ရိုက်နှိပ်ထားသော ကျူးဘားဆေးပြင်းလိပ်များ (Cuba cigars)၊ ယူအက်စ် ဒေါ်လာ သန်းပေါင်းများစွာ တန်ဖိုးရှိသော ဝိုင်အရက်ပုလင်းများ၊ ပြင်းသော အရက်ပုလင်းများနှင့် ဘိန်းဖြူများ (heroin) ကို အံ့သြစဖွယ် မြင်တွေ့ကြရ၏။ ကိုယ်ခံအားကျရောဂါ (HIV) ရှိ မရှိ စစ်ဆေးသော ကိရိယာတစ်ခု (an HIV testing kit) ကိုလည်း သူ့ပုဂ္ဂလိက အသုံးအဆောင် ပစ္စည်းများထဲမှာ တွေ့ရသည်။

ထို့ပြင် သူ့စံအိမ်ကြီးထဲတွင် လိင်ဆက်ဆံရေးနှင့် သက်ဆိုင်သော တိုလီမိုလီပစ္စည်းများ (sexual paraphernalia) လည်း မြင်မကောင်း ရှုမကောင်းလောက်အောင် ပြန့်ကျဲနေ၏။ အခန်းအချို့ကိုလည်း အင်တာနက် ကွန်ရက် စာမျက်နှာများ (internet web pages) မှ ရှာဖွေရရှိသော ဝတ်လစ်စလစ် အမျိုးသမီးပုံများနှင့် ပြည့်တန်ဆာ အမျိုးသမီးများ၏ ရုပ်ပုံများကို နံရံများမှာ ကပ်၍ ဆင်ပြင်ထားသည်။ မြေအောက် ဂိုဒေါင်များတွင် ယူအက်စ် ဒေါ်လာ ၂၀၀,၀၀၀ တန်ဖိုးရှိသော ရိုးလ်စရွိုင်းစ်ကော်နီရှ် (Rolls-Royce corniche) တစ်စီး အပါအဝင် ခန့်မှန်းခြေ ဇိမ်ခံကားပေါင်း ၁,၂၀၀ ခန့် မြင်တွေ့ရသည်။ (၁၂၀ ကို ကွန်ပျူတာဖြင့် ရိုက်ရာတွင် သုည (၀) တစ်လုံး ပိုပြီး မှားရိုက်မိ၍ ၁,၂၀၀ ဖြစ်သွားဟန်တူသည်။ ဤကား စကားချပ်တည်း။)

အူဒေးသည် စီးပွားရေးသမားများ၊ ကန်ထရိုက်တာများ၊ အထူးသဖြင့် မှောင်ခိုသမားများထံမှ လာဘ်ငွေ အမြောက်အမြား

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကို နည်းမျိုးစုံနှင့် ညစ်ယူရိုက်စား လုပ်ယူသဖြင့် ထင်သလို သုံးဖြုန်းနိုင်သည်ဟု ပြည်ပသို့ ရောက်နေကြသော အီရတ်လူမျိုး အချို့ ပြောသော သတင်းများ၊ နိုင်ငံခြား မီဒီယာသတင်းများနှင့် ထောက်လှမ်းရေး သတင်းများက ဆိုသည်။ သူ၏ အသုံးအဖြုန်း အဆမတန် ကြီးမားများပြားပုံကို ထောက်ရှုခြင်းအားဖြင့် အဆိုပါ သတင်းများသည် လုံးဝ မမှန်နိုင်ဟု ယူဆရန် ခက်လှသည်ထင့်။

အီရတ်နိုင်ငံ တစ်နံတစ်လျားမှာ အများသူငါ စားဝတ်နေရေး အခက်အခဲ အကျပ်အတည်းနှင့် ကြုံတွေ့ရင်ဆိုင်နေကြရသော ခေတ်ကာလမျိုးတွင် သမ္မတဆက်ဒမ်ဟူစိန်၏ သားကြီးဩရသ ဆိုပြီး ရသမျှ အခွင့်အရေးတွေကို အလွဲသုံးစားပြုကာ အူဒေးသည် ထိုမျှ မတရား အသုံးအဖြုန်း ကြီးလွန်းပြီး စိတ်အလို လိုက်လွန်းခြင်းမှာ ကြားသိရသူတို့အဖို့ အော့နှလုံးနာစရာ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ကြမည်မှာ မလွဲကောန်ပင်။

## ဆက်ဒမ်နှင့် သားများ လွတ်နေဆဲ

အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များသည် ဘဂ္ဂဒက်မြို့တော်နှင့်တကွ အီရတ်နိုင်ငံအနှံ့ရှိ မြို့အများအပြားကို ကျူးကျော်သိမ်းပိုက်ပြီးနောက် ဆက်ဒမ်ဟူစိန်နှင့် သူ့သားများ၊ အခြား အီရတ်ခေါင်းဆောင်များသည် တစ်နေရာတည်းတွင် အတည်တကျ စုစုစည်းစည်း မနေနိုင်ကြတော့။ နေလည်း မနေရဲကြတော့။ အစုငယ်ကလေးများ ခွဲ၍ ဟိုတစ်စု သည်တစ်စု ပုန်းလျှိုးကွယ်လျှိုး ကျီးလန့်စာစား နေထိုင်ကြရ၏။ တစ်နေရာမှ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အခြား တစ်နေရာသို့ တိတ်တဆိတ် ထိတ်ထိတ်ပျာပျာနှင့် သွားလာ ရွှေ့ပြောင်းကြရ၏။ ရပ်ဖျက်၍ တစ်နေ့တည်းတွင် နှစ်ကြိမ် သုံးကြိမ် ပြောင်းရွှေ့နေထိုင် အိပ်စက်ကြရသည်လည်း ရှိသည်။

ရန်သူ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များကလည်း အီရတ် ခေါင်းဆောင်ပိုင်းကို ပိုက်စိပ်တိုက် တရစပ် လိုက်လံရှာဖွေရန် စောစောပိုင်းကာလကပင် စီမံချက်များ ရေးဆွဲကာ အထူးတပ်ဖွဲ့များကို အီရတ်နိုင်ငံ အနှံ့အပြားသို့ အထူးသီးသန့် တာဝန်ဖြင့် စေလွှတ်ထားသည်။ သို့ဖြင့် အီရတ်အစိုးရ၊ ပါတီနှင့် စစ်ဘက်မှ ခေါင်းဆောင်အချို့ကို အပေါင်းပါတပ်များက မကြာခဏ ဖမ်းဆီးရမိပြီး အခြား ခေါင်းဆောင်အချို့လည်း နီးရာ တပ်စခန်းများသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်၍ လက်နက်ချကြ၏။ သို့သော် ဆက်ဒမ်နှင့် သူ့သားတွေကတော့ လွတ်နေဆဲပင်။ ယင်းသုံးဦး လွတ်မြောက်နေသေးသဖြင့် အပေါင်းပါတပ်များမှ ထိပ်ပိုင်း ခေါင်းဆောင်များအဖို့လည်း အထူးတလည် ခေါင်းခဲနေကြရသည်။

## အုဒေးတို့ ညီနောင်ကို အသေဖမ်းမိ

အီရတ်နိုင်ငံ မြောက်ပိုင်းရှိ မိုဆူးလ်မြို့ မြောက်ဘက် အဲလ်ဖာလာဒေသ (al-Falah) ရှိ သူပိုင်နှစ်ထပ်အိမ်သို့ အုဒေးနှင့် ကူဆေးတို့ လူသိုက် လက်နက် အပြည့်အစုံနှင့် တိတ်တဆိတ် ရောက်ရှိနေကြသည်ဟူသော သတင်းပေးတစ်ဦး၏ ခိုင်လုံသည့် သတင်းအရအမေရိကန် အမှတ် (၁၀၁) လေကြောင်းချီတပ်မမှ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တပ်ဖွဲ့အချို့နှင့် အမှတ် (၂၀) အထူးတာဝန်ကျတပ်ဖွဲ့ (Task Force 20) တို့က ထိုအိမ်ကို စနစ်တကျ ဝိုင်းဝန်းပိတ်ဆို့ထားကြသည်။

တပ်မမှ တပ်ဖွဲ့အချို့ကို ဦးစီးအရာရှိ ဗိုလ်မှူးကြီး ဂျိုးအင်ဒါဆင်က ဦးစီး၏။ အမှတ် (၂၀) အထူးတပ်ဖွဲ့ကိုမူ ယင်း၏ ဦးစီးအရာရှိက ဦးဆောင်သည်။ ယင်းအထူးတပ်ဖွဲ့သည် ဆက်ဒမ်တို့ သားအဖ သုံးဦးကို အဓိကပစ်မှတ်ထား၍ တစိုက်မတ်မတ် ရှာဖွေနေသော လျှို့ဝှက်အဖွဲ့ ဖြစ်သည်။

၂၀၀၃ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့ နံနက် ၁၀ နာရီတွင် ထိုအိမ်ကို စီးနင်းရန် လုပ်ငန်း စတင်၏။ ဦးစွာ စကားပြန်မှတစ်ဆင့် လက်နက်ချရန် အသံချဲ့စက်နှင့် ပြောသည်။ သို့ရာတွင် မည်သို့မျှ အကြောင်းမထူးသဖြင့် အထူးတပ်ဖွဲ့ဝင်များသည် အိမ်ထဲသို့ အတင်း ဝင်ရန် ကြိုးပမ်းကြစဉ် အိမ်တွင်းမှ စတင် ပစ်ခတ်၏။ တပ်ဖွဲ့ဝင် ၄ ဦး ဒဏ်ရာရရှိသွားသည်။ စစ်သည်များက ပြန်လှန်ပစ်ခတ်ရာမှ တိုက်ပွဲ ဖြစ်ပွားသည်။

တိုက်ပွဲအတွင်း တပ်ဖွဲ့ဝင်များက စက်သေနတ်၊ ဒုံးလက်နက်နှင့် လက်ပစ်ဗုံးပစ် လောင်ချာလက်နက်များဖြင့် ပစ်ခတ်ကြ၏။ ဗိုလ်မှူးကြီး ဂျိုးအင်ဒါဆင်၏ အကူအညီ တောင်းခံချက်အရ ရဟတ်ယာဉ် နှစ်စင်းက ဒုံးကျည် ၂၀ ကျော် ပစ်လွှတ်တိုက်ခိုက်သည်။ သို့သော် ပစ်မှတ်ကို ကောင်းစွာ မထိ။ နောက်ဆုံးမှာ ဗိုလ်မှူးကြီး ဂျိုးအင်ဒါဆင်၏ အမိန့်အရ အဆင့်မြင့် နည်းပညာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သုံး တင့်ကားပစ် ဒုံးလက်နက်ဖြင့် အဆက်မပြတ် ပစ်ခတ်တော့မှ အိမ်တွင်းမှာ ငြိမ်သက်သွားတော့သည်။

ထိုအခါ အထူးတပ်ဖွဲ့ဝင်များ အိမ်ပေါ်သို့ အပြေးအလွှား တက်သွားကြရာ အူဒေး၊ ကူဆေး၊ သက်တော်စောင့် အဗ္ဗဒူလ် ဆာမာဒ်နှင့် ကူဆေး၏ ၁၄ နှစ်အရွယ် သား မွတ်စတာဖာဟူစိန် (Mustapha Hussein) တို့ ၄ ဦးစလုံး သေဆုံးနေကြသည်ကို သူတို့ မြင်တွေ့ကြရသည်။

ညီအစ်ကို နှစ်ယောက်သည် ၂ နှစ်ကြီး ၂ နှစ်ငယ် ဖြစ်ရာ သေဆုံးချိန်၌ အစ်ကို အူဒေးက ၃၉ နှစ်နှင့် ညီ ကူဆေးက ၃၇ နှစ် ဖြစ်သည်။

စီးနင်းတိုက်ခိုက်မှုကို နံနက် ၁၀ နာရီကပင် စတင်သော် ငြားလည်း ညနေ ၄ နာရီ ရောက်မှ ပြီးဆုံးသည်။ တိုက်ပွဲမှာ ၆ နာရီ ကြာ၏။ အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ပြီးနောက် ဆက်ဒမ်ဝါဒီများနှင့် တိုက်ခိုက်ရသော တိုက်ပွဲများအနက် ဤ တိုက်ပွဲသည် အကြာဆုံး ဖြစ်သည်ဟု အမေရိကန် အရာရှိ များက ဆိုကြသည်။

ဇွန်လ ၂၉ ရက်နေ့ကပင် အူဒေးတို့ လှူသိုက် သူ့အိမ်သို့ ရောက်ရှိနေသည့် အကြောင်းကို ဗိုလ်မှူးကြီး ဂျိုးအင်ဒါဆင်၏ ဌာနချုပ်သို့ သွားရောက်၍ အသေးစိတ် သတင်းပေးသူသည် ဆက်ဒမ်နှင့်လည်း ဆွေမျိုးနီးစပ်သူ စီးပွားရေးလုပ်ငန်းရှင် ကန်ထရိုက်တာ နာဝပ်ဖ်အဲလ်ဇေဒန်း (Nawaf al-Zeidan) ဖြစ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



၏။ လွန်ခဲ့သော ဇွန်လ ၅ ရက်နေ့က သူ့အစ်ကို ဆာလာအဲလ်ဇေဒန်း (Salaah al-Zaidan) လုပ်ကြံခံရ၍ ပွဲချင်းပြီး သေဆုံးသွားသည့်အတွက် ဆက်ဒမ်တို့ ပယောဂမကင်းဟု သံသယရှိ၍ ကလဲ့စားချေခြင်း ဖြစ်နိုင်သည်။

သတင်းပေးသူ အဲလ်ဇေဒန်းသည် အမေရိကန်ပြည်ထောင်စု နိုင်ငံသားအဖြစ်နှင့် အီရတ်နိုင်ငံမှ ထွက်ခွာခွင့်ကိုပါ သက်ဆိုင်ရာမှ တရားဝင် ရရှိထားပြီး ဖြစ်၏။ အူဒေးနှင့် ကူဆေးတို့အတွက် ထုတ်ပြန်ကြေညာထားသော ဆုငွေ ယူအက်စ်ဒေါ်လာ သန်း ၃၀ ကိုလည်း အဲလ်ဇေဒန်း ရရှိလိမ့်မည်ဟု ယင်းကိစ္စကို စိတ်ဝင်တစားအကဲခတ် စောင့်ကြည့်လေ့လာနေသူ အချို့က ထင်ကြေးပေးကြသည်။

အူဒေး၊ ကူဆေးနှင့် မွတ်စတာဖာတို့၏ ရုပ်ကလာပ်များကို အစစ်အမှန် ဟုတ် မဟုတ် ဂဃနဏ စနစ်တကျ စိစစ်၍ ဟုတ်မှန်ကြောင်း အတည်ပြုပြီးမှ ယင်းတို့ကို ရဟတ်ယာဉ်တစ်စင်းဖြင့် တီကရစ်မြို့သို့ သယ်ဆောင်သွားပြီး လူမျိုးစု အကြီးအကဲ၊ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ဆွေမျိုးမိတ်သင်္ဂဟတို့ မျက်မှောက်တွင် ဂူဂျာသင်္ချိုင်း၌ ဂူသွင်းမြှုပ်နှံသဂြိုဟ်ကြသည်။

သို့ရာတွင် ဆက်ဒမ်ဟူစိန်ကို ကြိုးပေးကွပ်မျက်ပြီးနောက် သူတို့ မိသားစု၏ ဆန္ဒအရ ၂၀၀၇ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် ယင်းတို့ ၃ ဦး၏ ရုပ်ကလာပ်များကို ပြန်လည်တူးဖော်ပြီး တီကရစ်မြို့နယ် အဲလ်အူဂျာရွာ၌ မြှုပ်နှံထားသော ဆက်ဒမ်၏ သင်္ချိုင်းဂူ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အနီးသို့ မော်တော်ယာဉ် ၃ စီးဖြင့် ပြောင်းရွှေ့ပြီး ဂူသွင်းမြှုပ်နှံ သင်္ဂြိုဟ်ကြသည်။

ယင်းသို့ နေရာ မရွှေ့ပြောင်းခင် အူဒေးတို့ အုတ်ဂူ ၃ ခုနှင့် ဆက်ဒမ်၏ အုတ်ဂူသည် ၂ မိုင်ခန့် ကွာဝေးခဲ့၏။ ယခုမူ သူတို့ မိသားစု၏ ဆန္ဒအတိုင်း ဆက်ဒမ်၏ သင်္ချိုင်းဂူဘေးသို့ သား နှစ်ယောက်နှင့် မြေး တစ်ယောက်တို့၏ အုတ်ဂူများ ရောက်ရှိနေကြလေပြီ။

အူဒေးနှင့် ကူဆေးတို့ ကျဆုံးသော ဇူလိုင်လ ၂၂ ရက်နေ့ ညဦးနက်ချိန်တွင် ဘဂ္ဂဒက်မြို့တော်၌ ကျင်းပသည့် သတင်းစာ ရှင်းလင်းပွဲမှာ အီရတ်နိုင်ငံရှိ အမေရိကန် မြေပြင်တပ်များ၏ တပ်မှူးကြီး ဒုတိယဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ရှေးက မိုဆူးလ်မြို့ တိုက်ပွဲတွင် သူတို့ကို အသေဖမ်းမိသည့် အကြောင်းကို အကျဉ်းချုံး၍ တင်ပြသွားခဲ့၏။ သတင်းစာဆရာများ၏ မေးခွန်းများကို လည်း ပွင့်လင်းစွာ သူ ဖြေဆိုသွားခဲ့သည်။

ထိုကိစ္စနှင့် ပတ်သက်၍ အမေရိကန်သမ္မတဘုရှ်က 'အီရတ် အာဏာရှင်ဟောင်း ဆက်ဒမ်ဟူစိန်မှာ သူ အဓိက အားထားရာ လက်ရုံးနှစ်ဖက် ပြုတ်ထွက်သွားခဲ့ပြီ။ နောင်သောအခါ အီရတ် နိုင်ငံမှာ ဆက်ဒမ်သမ္မတဆက် (Saddam Dynasty) ဟူ၍ အိပ်မက်ပင် မက်၍ ရနိုင်တော့မည် မဟုတ်။ ဤအဖြစ်အပျက် သည် အီရတ်ပြည်သူများ၏ တကယ့် စစ်မှန်သော အောင်ပွဲကို မီးမောင်းထိုးပြနေခြင်း ဖြစ်သည်။ သူ့သားများ၏ အလှည့် ပြီးဆုံး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြီဖြစ်သဖြင့် နောက်တစ်ကြိမ်မှာ သူ့အလှည့်သာ ကျန်တော့သည်။ သူ့အလှည့်လည်း သိပ်ကြာတော့မှာ မဟုတ်ဟူ၍ သူ ထင်မြင်ကြောင်း ပြောကြားသွားသည်ဟု နိုင်ငံတကာ သတင်းတစ်ရပ်က ဆိုသည်။

သူတို့ ညီအစ်ကို တိုက်ပွဲမှာ ကျဆုံးသွားသည့်အတွက် အီရတ်နိုင်ငံ၊ အာရပ်ကမ္ဘာနှင့် နိုင်ငံတကာမှာ အကြောင်းကြောင်းကြောင့် ဝမ်းမြောက်သူ အမြောက်အမြား ရှိနိုင်သကဲ့သို့ ဝမ်းနည်းသူလည်း အနမတဂ္ဂရှိမည် မုချ။

ဝမ်းနည်းကြေကွဲသူများအနက် ကာတာနိုင်ငံ အခြေစိုက် အဲလ်ဂျာဇီရာ (Al Jazeera) ရုပ်သံလွှင့်ဌာနမှ သတင်းထောက်တစ်ဦးက တကယ်တော့ ကမ္ဘာမှာ ဗိုလ်ကျစိုးမိုးလိုသော အမေရိကန်နယ်ချဲ့လက်သစ်တို့၏ သွေးစွန်းနေသော တပ်ဖွဲ့များ၏ စီးနင်းတိုက်ခိုက် သတ်ဖြတ်မှုသည် သွေးအေးအေးနှင့် ကျူးလွန်သည့် ရာဇဝတ်မှု (crime) သာ ဖြစ်သည်’ ဟု ပြင်းပြင်းထန်ထန် စွပ်စွဲဝေဖန်သွားခဲ့သည်။

မိုဆူးလ်မြို့တွင်း တိုက်ပွဲတွင် ရန်သူများကို အနိုင်မခံ အရှုံးမပေးဘဲ ရှပ်ရှပ်ချွံချွံ ခုခံရင်း သားနှစ်ယောက် ကျဆုံးသွားပြီး ရက်သတ္တ တစ်ပတ်ခန့် အကြာ၌ အီရတ်နိုင်ငံမြေအောက်လောကမှာ ဟိုဟိုသည်သည် ပုန်းရှောင်ခိုအောင်းနေရသော သဒ္ဒါမဟုဆင်းဆက်ဒမ်ဟူစိန်က သူကိုယ်တိုင် အသံသွင်းထားသည့်တိပ်ခွေ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တစ်ခွေကို ၂၀၀၃ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် လျှို့ဝှက်ဖြန့်ချိလိုက်သည်။

အဆိုပါ တိပ်ခွေတွင် သူ့သားကြီး အူဒေးနှင့် သားငယ်ကူဆေးတို့သည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် အာဇာနည်တွေပီပီ သူတို့၏ အသက်ကို စတေးသွားခဲ့ကြသည်။ လက်ရှိ အခြေအနေ မည်သို့ရှိစေ နောက်ဆုံးမှာ အီရတ်နိုင်ငံကို မတရား သိမ်းပိုက်ထားပြီး ပြည်သူများကို ကျွန်ပြုထားကြသည့် နယ်ချဲ့လက်သစ် အမေရိကန်နှင့် နယ်ချဲ့လက်ဟောင်း ဗြိတိသျှတို့ မုချကျဆုံးရမည်မှာ မြေကြီးလက်ခတ် မလွဲပင်တည်းဟု ကမ္ဘာသို့ ကြေညာသွားခဲ့သည်။ ။

တင်ထွန်း(တောင်ကုတ်)

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# သေနတ်တစ်ချက်မျှ မပစ်ဖောက်ရဘဲ ဆက်ဒမ်ကို ဖမ်းမိ

အီရတ်နိုင်ငံကို အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်များ ကျူးကျော် သိမ်းပိုက်စကတည်းကပင် အမေရိကန်တို့သည် အထူးတပ်ဖွဲ့များကို တာဝန်သတ်သတ်မှတ်မှတ် ပေးအပ်၍ သမ္မတဟောင်း ဆက်ဒမ်ဟူစိန် သားအဖ သုံးယောက်ကို အဓိက ပစ်မှတ်ထားလျက် အီရတ်နိုင်ငံ တစ်နံတစ်လျားၵ္ဒ သဲသဲမဲမဲ ပိုက်စိပ်တိုက် လိုက်လံရှာဖွေခဲ့ကြ၏။ ထိုသို့ သူတို့ မီးကုန်ယမ်း ကုန် အပတ်တကုတ် ကြိုးစားအားထုတ်ခဲ့ကြလင့်ကစား မှန်းချက် အတိုင်း နှမ်းမထွက်ခဲ့။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## သတင်းပေးကြောင့်သာ

၂၀၀၃ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် အီရတ်နိုင်ငံမြောက်ပိုင်းမှ မိုဆူးလ်မြို့ တိုက်ပွဲ၌ အူဒေး၊ ကူဆေး၊ သက်တော်စောင့် အဗ္ဗဒူလ်ဆာမာ့ဒ်နှင့် ကူဆေး၏ ၁၄ နှစ်အရွယ် သား မွတ်စတာဖာဟူစိန်တို့ ၄ ယောက်ကို အမေရိကန်တပ်ဖွဲ့က အသေဖမ်းဆီးရမိခဲ့သည်။

ယင်းသို့ အူဒေး၊ ကူဆေးတို့ လူသိုက်ကို မမျှော်လင့်ဘဲ ရုတ်တရက် တွေ့ရခြင်းမှာ အမေရိကန်တပ်များ၏ အစွမ်းအစကြောင့် မဟုတ်။ ဆက်ဒမ်နှင့် ဆွေမျိုး တော်စပ်ပြီး သူ့အတွင်းစည်း အသိုင်းအဝိုင်းမှ စီးပွားရေး လုပ်ငန်းရှင် နာဝပ်ဖ်အဲလ်ဇေဒန်း (Nawaf al-Zeidan) က နိုင်လုံတိကျသော သတင်းပေးမှုကြောင့်သာ ယင်းတို့ကို လွယ်လင့်တကူ တွေ့နိုင်ခြင်း ဖြစ်သည်။

## ပြန်လည်ဖွဲ့စည်းရန် လို

ဆက်ဒမ်တို့ သားအဖ သုံးယောက်ကို တောနင်းရှာဖွေခဲ့ရာမှ အမေရိကန်တပ်များအဖို့ အကျိုး တစ်စုံတစ်ရာ မဖြစ်ထွန်းဘဲ အချိန်ကုန် လူပန်းမှုသာ အဖတ်တင်သည်။ ထိုသို့ ဖြစ်ရခြင်းမှာ ဆက်ဒမ်တို့ ရှိနိုင်မည့် နေရာကို စဉ်းစားတွက်ချက် ခန့်မှန်းရာမှာ အခြေခံကပင် လွဲမှားနေခြင်း၊ သမားရိုးကျ နည်းကိုသာ အသုံးပြုခြင်း စသည်တို့ကြောင့် ဖြစ်နိုင်သည်။ သို့ကြောင့် သားအဖ သုံးယောက်အနက် အသက်ရှင်လျက် တစ်ဦးတည်း ကြွင်းကျန်နေသော ဆက်ဒမ်ကို ဆက်လက် ရှာဖွေရေးအတွက် ရှာဖွေ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရေးအထူးတပ်ဖွဲ့ကို ပို၍ သင့်တော်သူများဖြင့် စနစ်တကျ ပြန်လည် ဖွဲ့စည်းရန်နှင့် လက်တွေ့ကျသော နည်းလမ်းသစ်ဖြင့် ချဉ်းကပ် ရှာဖွေရန် လိုအပ်ကြောင်း ထင်ရှားသိသာလှပေသည်။

**ဦးစီးကွပ်ကဲ**

ဆက်ဒမ်တို့ သားအဖ သုံးယောက်ကို အထူးစစ်ဆင်ရေး (Operation Red Dawn) အရ အဆင့်များ သတ်မှတ်၍ ရှာဖွေခဲ့၏။ ယခု ဆက်ဒမ်ကို အဓိက ပစ်မှတ်ထား၍ ရှာဖွေရာမှာလည်း ထိုစစ်ဆင်ရေးအမည်နှင့်ပင် ဆက်လက်ရှာဖွေသည်။

အီရတ်နိုင်ငံရှိ အမေရိကန် မြေပြင်တပ်များ၏ တပ်မှူးကြီး ဒုတိယဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ချေး (Lt-Gen. Ricardo Sanchez) က အဆိုပါ စစ်ဆင်ရေးကို ဦးစီးညွှန်ကြား၍ အမှတ် (၄) ခြေလျင်တပ်မ၏ တပ်မမှူး ဗိုလ်ချုပ်ရေမွန်အော်ဒီယာနို (Maj-Gen. Raymond Odierno) က ယခုအဆင့် စစ်ဆင်ရေးကို အနီးကပ် ကြီးကြပ်ကွပ်ကဲ၏။ စစ်ဆင်ရေးတွင် တပ်မမှူး၏ ညွှန်ကြားချက်အတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်ရသော အခြား အရေးပါသူ တစ်ဦးမှာ အမှတ် (၄) ခြေလျင်တပ်မ၏ ပထမတပ်မဟာမှ စစ်ဆင်ရေးအရာရှိ ဗိုလ်မှူးဘရိုင်ယန်ရိ(ဒ်) (Major Brian Reed) ဖြစ်သည်။

**စီးနင်းရေးတပ်ဖွဲ့ ပြန်လည် ဖွဲ့စည်း**

ဒုတိယ ဗိုလ်ချုပ်ကြီးဆန်ချေး၏ လမ်းညွှန်ချက်အရ ဗိုလ်ချုပ် အော်ဒီယာနိုသည် ဆက်ဒမ်တို့ကို ရှာဖွေနေသော မူလအထူး

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တပ်ဖွဲ့အစား ပိုမိုထိရောက်မည့် စီးနင်းတိုက်ခိုက်ရေး အထူးတာဝန်ကျတပ်ဖွဲ့ (Task Force Raider) နှင့် အစားထိုးလိုက်၏။ ယင်းအဖွဲ့၏ဦးစီးအရာရှိ ဗိုလ်မှူးကြီးဂျိမ်းဟာစ်ကီနှင့် အဖွဲ့ဝင် အများစုသည် အမှတ် (၄) ခြေလျင်တပ်မ၏ စီးနင်းတိုက်ခိုက်ရေး တပ်မဟာ (the Raider Brigade of the Army's 4th Infantry Division) မှ အရာရှိအရာခံ အကြပ်တပ်သားများ ဖြစ်ကြသည်။ ဗိုလ်မှူးကြီးဂျိမ်းဟာစ်ကီသည် ယင်းအထူးတပ်ဖွဲ့နှင့် အလွန်သင့်တော်သူ ဖြစ်သဖြင့် တပ်မမှူးက သူ့ကိုလွှဲပေးလိုက်ခြင်းဖြစ်၏။ အမှတ် (၄) ခြေလျင်တပ်မ၏ ထောက်လှမ်းရေးအရာရှိ ဗိုလ်မှူးစတန်မာဖီကိုလည်း အထူးတာဝန်ကျတပ်ဖွဲ့၏ လုပ်ငန်းများ သွက်လက်ထက်မြက်စေရန် ရည်သန်လျက် ဗိုလ်မှူးကြီးဟာစ်ကီ၏ လက်အောက်သို့ တပ်မမှူးက ပြောင်းပေးလိုက်သည်။

**သဲသဲမဲမဲ ရှာဖွေ**

ထို့နောက် မကြာခဏ နေရာပြောင်းရွှေ့ကာ လျှို့ဝှက်ပုန်းအောင်းနေလေ့ရှိသည့် မြေအောက်မှ ဆက်ဒမ်ကို ဗိုလ်မှူးကြီးဟာစ်ကီသည် ဗိုလ်မှူးမာဖီတို့၏ ဇွဲနပဲနှင့် ထောက်ကူပံ့ပိုးမှုဖြင့် သဲသဲမဲမဲ ပိုက်စိပ်တိုက် လိုက်လံရှာဖွေတော့သည်။

**ဝါသနာ**

ဗိုလ်မှူးစတန်မာဖီသည် ကျောင်းသားလူငယ်ဘဝကပင် စုံထောက် ဇာတ်လမ်းများကို အရမ်းနှစ်သက်သဖြင့် ကမ္ဘာပေါ်ရှိ နာမည်ကျော် စုံထောက်ဝတ္ထုများ၊ စုံထောက်အရာရှိနှင့် ထောက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လှမ်းရေး အရာရှိဟောင်းတို့၏ သည်းထိတ်ရင်ဖို အတွေ့အကြုံများကို အခြေခံလျက် ရေးသားထားသည့် စုံစမ်းထောက်လှမ်းရေး စွန့်စားခန်း စာအုပ်များကို တကူးတက ရှာဖွေ၍ နိုက်နိုက်ချွတ်ချွတ် ဖတ်ရှုလေ့လာခဲ့၏။ ပြီးမှ တပ်တွင်း ထောက်လှမ်းရေး ပညာကို စိတ်ဝင်တစား လေ့လာခဲ့သူ ဖြစ်သည်။ ဝမ်းရေးအလို့ငှာ ထောက်လှမ်းရေးပညာကို စိတ်မပါဘဲ သင်ယူခဲ့သူ မဟုတ်။ ဝါသနာအလျောက် ထောက်လှမ်းရေး သင်တန်းကို မိမိကိုယ်တိုင် တမင် ဦးစားပေးရွေးချယ်ခဲ့သူသာ ဖြစ်သည်။

## ယုံကြည်

ဆက်ဒမ်ကို စုံစမ်းထောက်လှမ်းရာတွင် သမားရိုးကျ တွေးခေါ်နည်းနှင့် လုပ်ရိုးလုပ်စဉ် နည်းလမ်းများဖြင့် အောင်မြင်မှု ရရှိနိုင်မည်ဟု သူ မယုံကြည်။ အီရတ်နိုင်ငံ၏ ကျောထောက်နောက်ခံသမိုင်း၊ လူမျိုးနွယ်စုတို့၏ သီးခြားလက္ခဏာများ၊ မျိုးရိုးစဉ်လာ ဓလေ့ထုံးတမ်းများ၊ ထူးခြားသည့် ရိုးရာစရိုက် လက္ခဏာများ၊ လူမျိုးနွယ်စုတို့၏ ဘာသာရေး၊ ယဉ်ကျေးမှုရေး၊ လူမှုရေး၊ မိသားစုအချင်းချင်း ပေါင်းသင်းဆက်ဆံရေး၊ အချင်းချင်း ကူညီရိုင်းပင်ရေး စသည်တို့ကို အတန်အသင့် လေ့လာသိရှိရန်လည်း လိုမည်ဟု သူ ယူဆသည်။

ထို့ပြင် ပြည်တွင်း၌ ဆက်ဒမ်ကို ထောက်ခံသော အင်အားစုများ၊ သူ့ကို ဆန့်ကျင်သည့် အင်အားစုများ၊ ကြားနေ အင်အားစုများ၊ ဆက်ဒမ်နှင့် သူ့သားများ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့သည့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အဖြစ်အပျက် အခြေအနေအရပ်ရပ်နှင့် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး အခြေအနေ စသည်တို့ကိုလည်း အကြမ်းဖျင်း သဘောပေါက်အောင် လေ့လာထားရန် လိုမည်ဟု သူ ယုံကြည်သည်။ ထို့ထက် မိမိတို့ လေ့လာသိရှိချက်များကို လက်တွေ့နှင့် ပေါင်းစပ် ကျင့်သုံးရန်လည်း လိုအပ်မည်ဟု အလေးအနက် သူ ယုံကြည်သည်။

## ထောက်ခံ

ဗိုလ်မှူးမာဗီသည် သူ နှစ်နှစ်ကာကာ ယုံကြည်သည့်အတိုင်း စာအုပ်စာတမ်းများကို ကြံဖန်ရှာဖွေ၍ သူကိုယ်တိုင်လည်း နက်နက်နဲနဲ ဖတ်ရှုလေ့လာ၏။ သူ့လက်ထောက် အရာရှိ အရာခံများကိုလည်း ဂရုတစိုက် ဖတ်ရှုလေ့လာစေသည်။ ပြီးနောက် ယင်းတို့ကို စုပေါင်းညှိနှိုင်းဆွေးနွေးစေသည်။ ဗိုလ်မှူးမာဗီသည် သူ့ ယုံကြည်ချက်နှင့် သူ့လုပ်ဆောင်ချက်တို့ကို ဦးစီးအရာရှိ ဗိုလ်မှူးကြီးဟစ်ကီကို တင်ပြရာ ဗိုလ်မှူးကြီးကလည်း သဘောတူ ထောက်ခံသည်။

## သဘောပေါက်

အီရတ်နိုင်ငံ မြောက်ပိုင်းတွင် ဆက်ဒမ်ကို အခဲမကျေ ဖြစ်နေသော ကာ့ဒ်လူမျိုးများ၊ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် သူ့ကို ဆန့်ကျင်သော ရှီးယားမွတ်စလင်များ၊ နိုင်ငံအနှံ့တွင် သူနှင့် သူ့သားများ၏ နှစ်ပေါင်းများစွာတိုင်တိုင် မတရားညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခြင်း ခံရသူများ၏ ဆွေမျိုးများ စသည်ဖြင့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆက်ဒမ်၏ ရန်သူ အမြောက်အမြား ပြန့်ကျဲနေထိုင်ကြရာ ဆက်ဒမ် အဖို့ လျှို့ဝှက်ပုန်းအောင်းရသည်မှာ ထင်သလောက် မလွယ်ကူလှ။

ထို့ထက် ဆက်ဒမ်ကို အရှင် သို့မဟုတ် အသေ ဖမ်းမိနိုင်အောင် အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များကို သတင်းပေးနိုင်က သတင်းပေးသူကို ဆုငွေ ယူအက်စ်ဒေါ်လာ ၂၅ သန်း ပေးမည်ဟု အမေရိကန်အစိုးရက ကြေညာထားပြန်သဖြင့် ထိုအခွင့်အရေးကို ရယူလိုသူများ၏ ဘေးအန္တရာယ်ကိုလည်း သူ့အဖို့ ထည့်မတွက်၍ မဖြစ်။ အထူး စိုးရိမ်ရသေးသည်။ ထိုထိုသော အကြောင်းများကြောင့် ဆက်ဒမ်အဖို့ လုံခြုံစိတ်ချရသည့် နေရာ အခက်အခဲ ရှိနေသည်မှာတော့ အမှန်ပင်။

သို့ကြောင့် ဆက်ဒမ်သည် အဓိကအားဖြင့် သူ၏ ဦးလေး၊ အဒေါ်၊ တူ၊ တူမ၊ ညီဝမ်းကွဲ၊ မြေး စသည်တို့ အကျုံးဝင်သော တိုးချဲ့မိသားစုများ (extended families)၊ သူ့ဆွေမျိုးများ၊ သူ့ကျေးဇူးတင် ကျေးဇူးဆပ် ရပ်ဆွေရပ်မျိုးများ၊ သူ့ကို သစ္စာရှိသူများ စသည်တို့ ရှိရာ သူ့ဇာတိ တီကရစ်မြို့နှင့် အနီးပတ်ဝန်းကျင်ကိုသာ အခြေခံ၍ တစ်နေရာမှ အခြားတစ်နေရာသို့ လျှို့ဝှက်စွာ ရွှေ့ပြောင်းခိုအောင်းနေနိုင်သည်ဟု မိုလ်မှူးမာဖီ ကောင်းစွာ သဘောပေါက်သည်။

## ဘူမိနက်သန် အောင်မြေမှန်

၁၉၅၉ ခုနှစ် အောက်တိုဘာလတွင် ဘဂ္ဂဒက်မြို့တော် တစ်နေရာ၌ ကွန်မြူနစ် လိုလားသူ ဝန်ကြီးချုပ် အဗ္ဗဒူးလ်ကာရင်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကက်ဆင်၏ မော်တော်ယာဉ်တန်းကို ဆက်ဒမ်တို့ ဘာ့သ်ပါတီဝင် တစ်စု ချုံခိုတိုက်ခိုက်ခဲ့စဉ်က အောင်မြင်မှု မရ၍ ခြေထောက်မှာ သေနတ်ဒဏ်ရာနှင့် သေပြေး ရှင်ပြေး သူ ထွက်ပြေးခဲ့ရ၏။ ထိုစဉ်က အသက် ၂၂ နှစ်အရွယ်မျှသာ ရှိသေးသော ဆက်ဒမ်သည် ဆီးရီးယားနိုင်ငံသို့ ထွက်မပြေးခင်က တီကရစ်မြို့ ပတ်ဝန်းကျင်၌ သူ ပုန်းလျှိုးကွယ်လျှိုး နိုအောင်းနေခဲ့ရသေးသည်။ သည့်အတွက် တီကရစ်မြို့ ပတ်ဝန်းကျင်သည် သူ့အဖို့ ဘူမိနက်သန် အောင်မြေအစစ်အမှန် ဖြစ်ကြောင်း မြေအောက်မှ ဆက်ဒမ် အနေနှင့် ယူဆကောင်း ယူဆနေပေလိမ့်မည်ဟု ဗိုလ်မှူးမာဖီ တွေးမိသေးသည်။

### ဆက်ဒမ် ရှိသည်ကို သိလာ

သို့ကြောင့် ဆက်ဒမ်၏ အတွင်းစည်းမှ တိုးချဲ့ မိသားစုများ၊ ဆွေမျိုးများ၊ သက်တော်စောင့်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူယုံတော်များ၊ မျိုးနွယ်စု အဆက်အသွယ်များ၊ သူ့အပေါ် သစ္စာရှိသူများ၊ သူ ယုံကြည်စိတ်ချသူများ စသည်တို့၏ အခြေအနေကို ဗိုလ်မှူးမာဖီက စုံစမ်းထောက်လှမ်းစေသည်။ အရေးကြီးသော သတင်း အချက်အလက်များကို ရယူစေသည်။ ထိုမှတစ်ဆင့် ဆက်လက်ထောက်လှမ်းရမည့် သူများနှင့် ဖမ်းဆီးစစ်ဆေးရမည့် သူများကို သူ သိရှိလာသည်။ သို့ဖြင့် တဖြည်းဖြည်း အတွင်းစည်းတွင် ဆက်ဒမ်ကို အကာအကွယ်ပေးနေသူများ၊ နည်းမျိုးစုံဖြင့် အကူအညီ အထောက်အပံ့ ပေးနေသူများ စသည်တို့၏ လှုပ်ရှား

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မှုများကို အတွင်းစည်းကွင်းဆက်နှင့်တကွ သူ သိလာသည်။

နောက်ဆုံးမှာ သူ ကြိုတင်ခန့်မှန်းသည့်အတိုင်း တီကရစ်မြို့ ပတ်ဝန်းကျင်၌ ဆက်ဒမ် တကယ် ရှိနေသည်ဟု ဖမ်းဆီးထားသူတို့၏ အစစ်ခံချက်များအရ ဗိုလ်မှူးမာဖီကိုယ်တိုင် သိရှိလာသည်။ ဤနည်းဖြင့်တိကျသော ဆက်ဒမ်၏သတင်းမှန် ရရှိနိုင်ရန် တစ်နေ့တခြား ပို၍ ပို၍ နီးကပ်လာပြီဟု အတွေ့အကြုံအရ ဗိုလ်မှူးကြီးဟာစ်ကီနှင့် ဗိုလ်မှူးမာဖီတို့ သဘောပေါက်လာကြသည်။

## လူဝကြီး ဖမ်းမိ

ယင်းတို့အနက် ကူဆေး၏ ထောက်လှမ်းရေးအဖွဲ့တွင် အထက်တန်းအရာရှိတစ်ဦး ဖြစ်ခဲ့ပြီး သမ္မတဆက်ဒမ်၏ လုံခြုံရေးကိုပါ တာဝန်ယူခဲ့ရသူ တစ်ဦး၏ လှုပ်ရှားမှုနှင့် အရေးပါမှုကို ထူးထူးခြားခြား တွေ့လာရ၏။ ဆက်ဒမ်ကို ဖမ်းဆီးရမိရေးအတွက် သူသည် သော့ချက် ဖြစ်သည်။ ထိုအခရာကျသူသည် ဆက်ဒမ်၏ တိုးချဲ့မိသားစုတစ်စုမှ ဖြစ်၏။ သူ့အိမ် အပါအဝင် သူ ရှိသည်ဟု သတင်းရသော နေရာအချို့ကို စီးနင်းတိုက်ခိုက်ရာမှ ရရှိသည့် အထောက်အထားများအရ သူသည် လူခပ်ဝဝ ဖြစ်ကြောင်း တွေ့ရသည်။ အခရာကျသူ လူဝကြီးကို ဖမ်းဆီးရရှိနိုင်ရန် စီးနင်းတိုက်ခိုက်လိုက်တိုင်း သီသီကလေး သူ လွတ်သွား၏။ သိပ်အရေးမပါသူများကိုသာ ဖမ်းမိသည်။ 'ယုန်ထောင် ကြောင်မိ'

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆိုသကဲ့သို့ ယုန်ကို မမိဘဲ တောကြောင်ကိုသာ ဖမ်းမိသည်နှင့် ပမာ တူနေ၏။

ယခုအခါ အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့ (CIA) နှင့် စစ်ဘက်ဆိုင်ရာမှ ကျွမ်းကျင်သော သတင်းစိစစ်ရေးမှူးများ (military analysts) သည် ဆက်ဒမ်ဟူစိန် လျှို့ဝှက်ပုန်းအောင်း နေထိုင်ရာ ဖြစ်နိုင်ရန် အလားအလာ ရှိသော နေရာများ စာရင်းမှ ဖြစ်နိုင်ခြေရာခိုင်နှုန်း ပိုများသည့် နေရာအချို့ကိုသာ ဆန်ခါတင် ရွေးချယ်ကြ၏။ နောက်ဆုံးမှာ ဆက်ဒမ်၏ တိုးချဲ့မိသားစုတွင် အကျုံးဝင်သူများထဲက ၅ ဦးမှ ၁၀ ဦးအထိ အရေအတွက်ကိုသာ တာဝန်ရှိသူတို့က လိုအပ်သလို စစ်မေးကြတော့သည်။

ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ဘဂ္ဂဒက်မြို့တော်၌ လျှပ်တစ်ပြက် စီးနင်းတိုက်ခိုက်မှု တစ်ခုမှာ ကံအားလျော်စွာ လူဝကြီးသို့မဟုတ် အခရာကျသူကို ဖမ်းဆီးရရှိ၏။ သို့သော် စီးနင်းသူတို့က ထိုလူ၏အရေးပါမှုကို ကောင်းစွာမသိကြ။ နောက်နေ့ (၁၃–၁၂–၂၀၀၃) နံနက်တွင် အထက်အမိန့်အရ အစောင့်အကြပ် ထူထပ်စွာဖြင့် သူ့ကို စီးနင်းတိုက်ခိုက်ရေး အထူးတပ်ဖွဲ့ဌာနချုပ်သို့ ရဟတ်ယာဉ်ဖြင့် ပို့လိုက်သည်။

## သတင်း သဲလွန်စ

ဌာနချုပ်တွင် တပ်မမှူး ဗိုလ်ချုပ်အော်ဒီယာနို၊ ဗိုလ်မှူးကြီးဟာစ်ကီနှင့် ဗိုလ်မှူးမာဖီတို့အပြင် လိုအပ်က အကူအညီပေးနိုင်ရန် စီအိုင်အေ ထောက်လှမ်းရေးမှူးအချို့လည်း အသင့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရောက်ရှိနေကြ၏။ စစ်ဆေးရေးအဖွဲ့ဝင်များက ဖမ်းဆီးထားသော အခရာကျသူအား မေးမြန်းရာ ကနဦး၌ သူက ယခင် သူထမ်းရွက်ခဲ့သော တာဝန်များကို ထုတ်ဖော်ပြောဆိုခြင်း မပြု။ လုံးဝ 'ဘူးကွယ်' ငြင်းဆိုနေသည်။ ငြင်းမရမှန်း သိတော့မှ ကူဆေး၏ ထောက်လှမ်းရေးအဖွဲ့တွင် အကြီးတန်းအရာရှိဖြစ်ခဲ့ပြီး သမ္မတ၏ လုံခြုံရေးကိုပါ အဓိက တာဝန်ယူခဲ့ရသူ ဖြစ်သည်ဟု ဆိုခြင်းမှာ မှန်ကန်ကြောင်း သူ ဝန်ခံသည်။

စစ်ဆေးသူတို့က ဆက်ဒမ် ရှိသော နေရာကို မေးသောအခါ ဘာမျှ သူ မသိဟု တစ်သမတ်တည်း 'ဘူးခံ' ငြင်းဆိုပြန်၏။ ပြီးနောက် ဟိုမှာလိုလို သည်မှာလိုလို ဝေ့လည်ကြောင်ပတ် ပြောပြန်သည်။ နောက်တော့မှ မြေအောက် တစ်နေရာတွင် ဆက်ဒမ် ပုန်းနေသည်ဟု ယေဘုယျသဘော မရေမရာ ဖြေသည်။

ဒုတိယဗိုလ်ချုပ်ကြီးဆန်ချေးကလည်း ဖုန်းနှင့် ဆက်သွယ်၍ စကားပြောနေသည်။ ဗိုလ်ချုပ်ကြီးဆန်ချေးနှင့် ဗိုလ်ချုပ်အော်ဒီယာနိုတို့က စစ်ဆေးချိန် နှောင့်နှေးကြန့်ကြာသွားလျှင် ဆက်ဒမ်နေရာ ပြောင်းရွှေ့၍ လွတ်သွားမည်ကို အထူးစိုးရိမ်ကြ၏။ သို့ကြောင့် အချိန်တိုအတွင်း အဖြေမှန်ရအောင် အခရာကျသူအား စစ်မေးရန် သူတို့က အမိန့်ပေးသည်။

ဤတွင် စစ်မေးသူတို့က အနုနည်းရော အကြမ်းနည်းပါ ကျွမ်းကျင်စွာ အသုံးပြုပြီး လူဝကြီး ဖော်ပြောအောင် လုပ်လိုက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တော့မှ ရေရာ၍ ယုတ္တိတန်သော အဖြေကို သူ ပေး၏။ အလွန် တရာ အရေးပါသော သတင်းသဲလွန်စဟု မှတ်ယူနိုင်သည်ထင့်။

**လျှပ်တစ်ပြက် ဝင်စီးရန် ဆုံးဖြတ်**


အဆိုပါ သဲလွန်စကို အခြေခံလျက် အက်ဒ်ဝါမြို့(Ad-war) အနီးရှိ ဆက်ဒမ် လျှို့ဝှက်ပုန်းအောင်း နေထိုင်ရာ ဖြစ်နိုင်ခြေ ရှိသော အိမ်နှစ်ဆောင်ကို အချိန်မဆိုင်းတော့ဘဲ ထိုနေ့မှာပင် လျှပ်တစ်ပြက် ဝင်စီးရန် ဒုတိယဗိုလ်ချုပ်ကြီးဆန်ရှေးနှင့် ဗိုလ်ချုပ် အော်ဒီယာနိုတို့က ရုတ်ခြည်း ဆုံးဖြတ်လိုက်ကြသည်။

**မစိမ်း**


အဆိုပါဒေသကို လွန်ခဲ့သော လအတော်ကြာ ကာလကပင် အမေရိကန်တပ်များက အဆက်မပြတ် အကဲခတ် စောင့်ကြည့်နေခဲ့ကြသည်။ ထိုအိမ်များအနီးမှ ဖြတ်သန်းသွားသော ဖုန်ထူသည့် လမ်းတစ်လျှောက်သို့လည်း မကြာခဏ သူတို့ ကင်းလှည့်စောင့်ကြပ်ခဲ့ကြ၏။ ထိုဒေသပတ်ဝန်းကျင် တစ်ခုလုံးကိုလည်း ကြိမ်ဖန်များစွာ သူတို့ ပိုက်စိပ်တိုက် ရှာဖွေခဲ့ကြသည်။ သည့်အတွက် တကယ်တော့ ထိုဒေသသည် သူတို့အဖို့ မစိမ်းချေ။

**ရည်မှန်း**


အရန်သင့် စီစဉ်လေ့ကျင့်ထားသော လက်ရွေးစင်စစ်သည် အင်အား ၆၀၀ ရှိသည့် ပူးပေါင်းအထူးတပ်ဖွဲ့သည် အသင့်အနေအထားဖြင့် လုပ်ငန်း စတင်ရန် အမှောင်ပျိုးချိန်ကို စောင့်စားနေကြ၏။ သူတို့၏ ရည်မှန်းချက်မှာ လိမ္မော်ပင်၊ ရှောက်ပင်နှင့် အုန်း



ဆက်ဒမ်ကို ဖမ်းမိပြီးနောက်




ဆက်ဒမ် ပုန်းနေသော တဲအိမ်







အမေရိကန်တပ်ဖွဲ့ဝင်များ
ပိုက်စိပ်တိုက်
ရှာဖွေနေကြစဉ်



https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထန်းပင်အုပ်များဖြင့် အုံ့ဆိုင်းမှိုင်းညို့နေရာ ကျေးလက်တောရွာ စိုက်ပျိုးမွေးမြူရေး ဒေသမှ အိမ်နှစ်ဆောင်ကို ရုတ်တရက် စီးနင်းရှာဖွေရေး ဖြစ်သည်။

တပ်မှူးတွေက ဆက်ဒမ်ကို မီးခိုးကြွက်လျှောက်လိုက်နေကြောင်း အတိအကျ သိရှိကြ၏။ သို့သော် တပ်ဖွဲ့ဝင်တွေကတော့ ထိုမျှထိ မသိကြ။ အရေးကြီးသူ တစ်ဦးဦး သို့မဟုတ် တစ်စုကို မီးကုန်ယမ်းကုန် လိုက်လံရှာဖွေနေကြခြင်း ဖြစ်မည်ဟုတော့ ခန့်မှန်းတွေးတောမိကြသည်။

## ဆက်ဒမ်၏ ဇာတိကျေးရွာနှင့် နီး

ထိုစိုက်ပျိုးမွေးမြူရေး ဒေသသည် ဆက်ဒမ်၏ မွေးရပ်ဇာတိ ဖြစ်သော တီကရစ်မြို့နယ် အဲလ်အူဂျာရွာ (al-Awja) မှ ၁၀ မိုင်ခန့်သာ ကွာဝေးသော အက်ဒ်ဝါမြို့အနီး၌ ရှိ၏။ အက်ဒ်ဝါမြို့သည် တိုက်ဂရစ်မြစ်၏ ကမ်းခြေ၌ တည်ရှိသည်။ သမ္မတဆက်ဒမ်ဟူစိန်၏ အယုံကြည်ရဆုံး လက်ရုံးများအနက် တစ်ဦးအပါအဝင် ဖြစ်၍ တော်လှန်ရေးဦးစီးကောင်စီ၏ ဒုတိယဥက္ကဋ္ဌနှင့် ဒုတိယသမ္မတလည်း ဖြစ်ခဲ့သူ အဇ္ဇတ်အီဘရာဟင်အဲလ်ဒူရီ (Izzat Ibrahim al-Douri) ၏ မွေးရာဇာတိမြို့လည်း ဖြစ်သည်။

သမ္မတဆက်ဒမ်ဟူစိန်၏ နန်းတော်အများအပြားတွင် တစ်ခု အပါအဝင် ဖြစ်သော နန်းတော်တစ်ခုသည် မြစ်၏ အခြားတစ်ဖက်ကမ်း၌ တည်ရှိ၏။ အလုပ်မှ အနားယူရင်း မြစ်အတွင်း ရေဆင်းကူးရန် သူ့ဇာတိချက်ကြွေ မွေးရပ်မြေသို့ ဆက်ဒမ် လာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရောက် ခြေချစဉ် အဆိုပါ ခုံညားထည်ဝါသော နန်းတော်မှာ သူ နေထိုင်လေ့ ရှိသည်။

**စစ်ဆင်ရေး စတင်**

ဘဂ္ဂဒက် စံတော်ချိန် ည ၆ နာရီတွင် စစ်ဆင်ရေး စတင်သည်။ တပ်ဖွဲ့များသည် အထက်အမိန့်အတိုင်း စည်းကမ်းသေဝပ်စွာ လိုက်နာဆောင်ရွက်ကြ၏။ ည ၈ နာရီခန့်တွင် သူတို့ ရည်မှန်းရာ အိမ်နှစ်ဆောင်ကို အစီအစဉ်တကျ ဝင်စီးကြသည်။ သို့ရာတွင် ထူထူးခြားခြား ဘာမှု မတွေ့ရ။

**လူနှစ်ယောက် ဖမ်းမိ**

ထိုအချိန်တွင် မူလ ရည်မှန်းချက်မှ ကိုက် ၂၀၀ ခန့် ကွာဝေးသော အခြား အိမ်တစ်ဆောင်က လူနှစ်ယောက် ထွက်ပြေးသွားကြသည်။ မလှမ်းမကမ်းမှာ ကင်းစောင့်နေသူတို့က သူတို့ကို လှမ်းမြင်ကြ၏။ မသင်္ကာဖွယ်ရာ ထိုလူနှစ်ယောက်ကို သူတို့ ဝိုင်းဝန်းလိုက်ဖမ်း၍ မိလိုက်သည်။ တစ်ယောက်ကတော့ ဆက်ဒမ်၏ ထမင်းချက် ဖြစ်ပြီး နောက်တစ်ယောက်ကတော့ သူ့အစ်ကို တဲအိမ်ပိုင်ရှင် ဖြစ်သည်။

သည့်နောက် အဆိုပါ နေရာမှ စတုရန်း တစ်မိုင်ခွဲခန့် ရှိသော မြေဧရိယာကို တပ်ဖွဲ့များက ဝိုင်းရံလျက် သတိကြီးစွာဖြင့် ထပ်မံရှာဖွေမှုကို စတင်သည်။

ပူးပေါင်းတပ်ဖွဲ့ဝင်များသည် သတ္တုအဖီတစ်ခု (a metal lean-to) နှင့် ရွှံ့အုတ်တဲအိမ်တစ်ခု (a mud-brick hut) တို့ကို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ခြံစည်းရိုး ခတ်ထားသော ခြံဝင်းတစ်ခုအတွင်း တွေ့ရ၏။ ပတ်ဝန်းကျင်တွင် သစ်ပင်များ ရှိသည်။ ၆ ပေမှ ၈ ပေထိ စောက်ရှိသော လိုဏ်ခေါင်းတစ်ခု၏ ဝင်ပေါက်သည် တဲအိမ်၏ ရှေ့ဘက် မြေကြီးပေါ်တွင် ရှိသည်။ ယင်းဝင်ပေါက်ကို ကော်ဇောတစ်ချပ်နှင့် ဖုံးထား၏။ ဖုန်များလည်း ထူထပ်စွာ ရှိသည်။ အနီးရှိ လိုဏ်ခေါင်း အပေါက်ကို အပူထိန်း ပလတ်စတစ်ဖော့နှင့် ဖုံးအုပ်ထား၏။ ပန်ကာနှင့် လေဝင်လေထွက် ပြွန်လည်း တပ်ဆင်ထားသည်။

တပ်ဖွဲ့ဝင်များသည် ကော်ဇောကို နောက်ဘက်သို့ ဆွဲလှန်ပြီး ဖုန်များကို လျင်မြန်စွာ ရှင်းပစ်ကြ၏။ အပူထိန်း ပလတ်စတစ်ဖော့ကိုလည်း ဖယ်ရှားလိုက်ကြသည်။ ထိုအခါ ကျပ်ကျပ်တည်းတည်း ဝင်မှ လူတစ်ကိုယ် ဝင်နိုင်ရုံမျှသာ ကျယ်သော အပေါက်တစ်ပေါက်ကို တွေ့ရ၏။ ထိုအပေါက်သည် အလွန်သေးငယ်သော အခန်းတစ်ခန်း သို့မဟုတ် လိုဏ်ခေါင်းကလေးတစ်ခုနှင့် ဆက်နေသည်။ အဆိုပါ ပိုဏ်ခေါင်းကလေးကို ဒုတိယဗိုလ်ချုပ်ကြီး ဆန်ချေးက ‘spider hole’ (ပင့်ကူဝင်ပေါက်) ဟု အမည်ပေး၏။ ယင်းမြေအောက် အခန်းငယ်သည် လူတစ်ယောက် ကောင်းစွာ နေနိုင်လောက်သော အကျယ်အဝန်း ရှိသည်။

**ဆက်ဒမ်ကို အရှင် ဖမ်းမိ**

စစ်သားများသည် မြေအောက်ခန်းထဲသို့ သတိကြီးစွာဖြင့် ဂရုတစိုက် ကြည့်ကြရာ လဲလျောင်းနေသော လူကြီးတစ်ယောက်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကိုမြင်တွေ့ကြ၏။ လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်ထားသော ကြောင့် ထိုလူသည် လက်နက်ချလိုကြောင်း ပေါ်လွင်နေသည်။

သူ့မျက်နှာတွင် အဖြူနှင့် အမည်း ရောနှောနေသော မုတ်ဆိတ်မွေးနှင့် ပါးသိုင်းမွေး ဗရပျစ်ဖြင့် မြင်မကောင်း ရှုမကောင်း ဖြစ်နေ၏။ ဆံပင်တွေကိုလည်း ဖြီးမထားသောကြောင့် မသပ်မရပ်ဘဲ ထိုးထိုးထောင်ထောင်နှင့် ဖရိုဖရဲ ဖြစ်နေသည်။ သူ့ပေါင်ခွင်ပေါ်တွင် ၉ မမ ပစ္စတိုသေနတ် တစ်လက်တော့ ရှိ၏။ သို့သော် သေနတ်ကိုယူ၍ ခုခံရန် မည်သို့မျှ သူ မကြိုးစားပေ။

စစ်သည်တစ်ဦးက သူ့ကို အပေါ်မှ လှမ်းမေးသည်။

"ခင်ဗျား ဘယ်သူလဲ"

"ကျုပ် ဆက်ဒမ်ဟူစိန်၊ အီရတ်နိုင်ငံ သမ္မတ၊ (အမေရိကန် တွေနဲ့) ကျုပ် ဆွေးနွေးချင်တယ်" (သူက အင်္ဂလိပ်စကားဖြင့် ပြန်ပြောသည်။)

"သမ္မတဘုရှ်ကလည်း လေးစားကြောင်း ပြန်ပြောဖို့ ကျွန်တော်တို့ကို မှာကြားထားပါတယ်" (စစ်သည်တစ်ဦးက ပြန်ဖြေသည်။)

ထို့နောက် စစ်သည်များက ဆက်ဒမ်ကို အပေါ်သို့ ဆွဲတင်ကြပြီး လက်ထိပ်ခတ်လိုက်သည်။

သို့ဖြင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက် စနေနေ့ည ဘဂ္ဂဒက် စံတော်ချိန် ၈း၃၀ နာရီခန့်တွင် အက်ဒ်ဝါမြို့ (Adwar) အနီးမှ ကျေးလက်တောရွာ စိုက်ပျိုးမွေးမြူရေး ခြံဝင်းတစ်ခုထဲ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ရှိ တဲအိမ်တစ်အိမ်၏ လျှို့ဝှက်မြေအောက်ခန်းအတွင်း အီရတ် သမ္မတဟောင်း ဆက်ဒမ်ဟူစိန်ကို အမေရိကန် ပူးပေါင်းအထူး တပ်ဖွဲ့က လက်ရ ဖမ်းဆီးနိုင်ခဲ့၏။ သေနတ် တစ်ချက်မျှ မပစ် ဖောက်လိုက်ရ။ ကြွက်ကလေး ငှက်ကလေးလို အလွယ်တကူ ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။

## သိမ်းဆည်းရမိသော ပစ္စည်းများ

ပြီး… တပ်ဖွဲ့ဝင်များသည် အိပ်ခန်းတစ်ခန်းနှင့် မီးဖိုခန်း တစ်ခန်းသာ ရှိသော တဲအိမ်အတွင်း ပိုက်စိပ်တိုက် ရှာဖွေကြ၏။ မီးဖိုခန်းထဲတွင် ပန်းကန်ဆေးရန်နှင့် လက်ဆေးရန် ခွက်တစ်ခု ရှိသည်။ အိပ်ခန်းထဲတွင်မူ ခုတင်တစ်ခု၊ ကုလားထိုင် တစ်လုံးနှင့် မခေါက်ရသေးသော တီရှပ်အင်္ကျီအသစ်များ (new T-shirts)၊ ခြေအိတ်များ အပါအဝင် ပြန့်ကျဲနေသည့် အဝတ်အစားတချို့ ရှိသည်။ စစ်သားများသည် အေကေ ၄၇ အော်တိုမက်တစ် ရိုင်ဖယ် သေနတ် ၂ လက်၊ ၉ မမ ပစ္စတိုသေနတ်တစ်လက်၊ အဖြူနှင့် လိမ္မော်ရောင် တက္ကစီကားတစ်စီး၊ ခရီးဆောင်လက်ဆွဲသေတ္တာ တစ်ခုထဲမှ ယူအက်စ်ဒေါ်လာ ၇၅၀,၀၀၀ နှင့် ရုံးသုံးလက်ဆွဲအိတ် ဖြင့် စာချုပ်စာတမ်း အတော်များများကို သိမ်းဆည်းရမိသည်။

## မတွေ့ရသော ပစ္စည်းများ

သို့ရာတွင် ဆက်ဒမ်ဟူစိန်ဆီမှာ အလွယ်တကူ ယူဆောင် သွားနိုင်သော လက်ကိုင်ဖုန်းများနှင့် အခြားဆက်သွယ်ရေး ကိရိယာများ မတွေ့ရ။ အီရတ် အခြေအနေ၊ နိုင်ငံတကာ အခြေ .

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အနေ စသည်တို့ကို လေ့လာသိရှိနိုင်ရန် ရေဒီယို၊ ကက်ဆက်၊ ရုပ်မြင်သံကြားစက် စသည်တို့လည်း သူ့မှာ မရှိ။

## အနံ့အသက် ဆိုးရွား

ပတ်ဝန်းကျင် ဒေသများတွင် ရန်သူ မဟာမိတ်တပ်ဖွဲ့များ ရောက်ရှိနေစဉ် လှိုဏ်ဂူ့ကျမြေအောက်ခန်းသို့ ဆင်း၍ ဆက်ဒမ် ဟူစိန် ပုန်းအောင်းနေထိုင်လေ့ရှိသည်။

စင်စစ် ထိုတဲအိမ်သည် လူနေတဲအိမ်နှင့် သိပ်မတူဘဲ ကား ရုံ တစ်ခုနှင့်သာ ပိုတူပြီး အနံ့အသက် အတော်ဆိုးရွားလှ၏။ သို့ ကြောင့် ထိုနေရာမှာ အမေရိကန် စစ်သည်များ တာရှည်မနေလို ကြ။ (ဆက်ဒမ်ကို ဖမ်းမိပြီးနောက် သတင်းစာဆရာများကို ထို နေရာသို့ ခေါ်သွားပြီး မျက်မြင်ပြသရင်း သူ့ကို ရှာဖွေဖမ်းဆီးခဲ့ ရပုံကို ဒုတိယဗိုလ်ချုပ်ကြီးဆန်ရှေး၊ ဗိုလ်ချုပ်အော်ဒီယာနိုနှင့် ဗိုလ်မှူးဘရိုင်ယန်ရိ(ဒ်)တို့၏ ရှင်းပြချက်များကို အခြေခံ၍ ဖော်ပြ ခြင်း ဖြစ်သည်။ စကားချပ်။)

## သယ်ဆောင်သွား

ည ၉း၁၅ နာရီခန့်တွင် ဆက်ဒမ်ဟူစိန်ကို စစ်ရဟတ်ယာဉ် တစ်စင်းဖြင့် ဘဂ္ဂဒက်မြို့တော်ဆီသို့ ဦးတည်ကာ သယ်ဆောင် သွား၏။ ဒုတိယဗိုလ်ချုပ်ကြီးဆန်ရှေးနှင့် ဗိုလ်ချုပ်အော်ဒီယာနို တို့က သူ့ကို မည်သည့်နေရာ၌ ထိန်းသိမ်းထားသည်ဟု ထုတ်ဖော် ပြောဆိုခြင်း အလျှင်းမပြုကြ။ သို့ရာတွင် အခြားအီရတ်လူမျိုး ထိန်းသိမ်းခံများကို ထားရာ ဘဂ္ဂဒက်နိုင်ငံတကာလေဆိပ်၌ သူ့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကို ထိန်းသိမ်းထားခြင်း ဖြစ်နိုင်သည်ဟု အခြား အမေရိကန် စစ်ဘက်အရာရှိအချို့က ခန့်မှန်းပြောဆိုကြသည်။

## ထင်မြင်ချက်ကို ပြော

ဆက်ဒမ်ဟူစိန်ကို ထိန်းသိမ်းထားသော နေရာ၌ ခဏမျှ တွေ့ဆုံခဲ့ရသည့် ဒုတိယဗိုလ်ချုပ်ကြီးဆန်ချေးက–

"သူဟာ စကားများများ ပြောတာ တွေ့ရတယ်။ ဒါပေမဲ့ ကလန်ကဆန်တော့ မဟုတ်ဘူး။ သူ့အပြောအဆိုဟာ ကျုပ်တို့ လုပ်ငန်းကိုတောင် အထိုက်အလျောက် အထောက်အကူပြုနိုင်သေးတယ်။

"ပြီးတော့ ထူးခြားတာတစ်ခုက သူဟာ ဘဝမှာ မရှုနိုင်မရှိုက်နိုင်လောက်အောင် အခက်အခဲ သံသရာက ရုန်းထွက်လို့ လွတ်မြောက်နိုင်ဖို့ လမ်းမမြင်တဲ့အတွက် ကိုယ်စိတ်အင်အား ကုန်ခန်းနွမ်းနယ်နေတဲ့ လူတစ်ယောက်လို ခံစားနေရပုံ ပေါ်တယ်။ ဒါကြောင့် ကံကြမ္မာစီမံဖန်တီးတဲ့အတိုင်းသာ ခေါင်းငုံ့ခံတော့မယ်၊ ဖြစ်လိုရာ ဖြစ်စေတော့လို့ ဘဝကို လက်မြှောက် အရှုံးပေးထားသူလို ခံယူထားပုံ ရတယ်"

ဟု သူ့ထင်မြင်ချက်ကို ပြန်ပြောပြသည်။

## အတော်ကွဲလွဲ

သို့သော် ကနဦး စစ်မေးမှု အစီရင်ခံစာ မိတ္တူကို ကိုယ်တိုင်ကိုယ်ကျ အသေအချာ ဖတ်ရှုခဲ့ရသော အမေရိကန် ထောက်လှမ်းရေးအရာရှိတစ်ဦး၏ အပြောက ဒုတိယဗိုလ်ချုပ်ကြီး၏

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အပြောနှင့်အတော့်ကို ကွဲလွဲနေ၏။ 'ဆက်ဒမ်ဟူစိန်သည် ပူးပေါင်းဆောင်ရွက်လိုသော စိတ်သဘောထား ရှိဟန်မတူ' ဟု သူက မှတ်ချက်ချသည်။ တိုင်းမ်မဂ္ဂဇင်း၏မေးခွန်းများကို အဆိုပါ အရာရှိက–

"ဆက်ဒမ်ဟူစိန်ဟာ ဗွေဆော်ဦးမေးခွန်းတွေကို ရှေ့နောက်ညီညွတ်အဆင်ပြေအောင် တိုက်ရိုက်မဖြေ။ 'နေထိုင်ကောင်းပါရဲ့လား' လို့ နှုတ်ခွန်းဆက်တဲ့အနေနဲ့ ယဉ်ယဉ်ကျေးကျေး မေးတာကိုတောင် 'ကျုပ်ရဲ့ ပြည်သူတွေ ကျေးကျွန်ဘ၀ ဆိုးဆိုးရွားရွား ရောက်နေတော့ ကျုပ်လည်း ဘယ်စိတ်ကောင်းနိုင်ပါ့မလဲ' လို့ သူက ပြန်ပြောတယ်။

"သူ့ကို သောက်ရေတစ်ခွက် ပေးပြန်တော့လည်း သူက 'ကျုပ် ရေသောက်ရင် မလွှဲမရှောင်သာ သန့်စင်ခန်းထဲကို ကျုပ်ဝင်ရတော့မယ်။ ဒီတော့ ကျုပ်ရဲ့ တိုင်းသူပြည်သားတွေ တစ်ပါးကျွန်ဘ၀သို့ သက်ဆင်းကျရောက်နေလို့ ကံဆိုးမိုးမှောင်ကျနေတဲ့ ကာလမှာ သန့်စင်ခန်းကို ဘယ်လိုလုပ်ပြီး ကျုပ် အသုံးပြုလို့ သင့်တော်ပါ့မလဲဗျာ၊ ခင်ဗျားတို့လည်း စဉ်းစားကြည့်ပေါ့' လို့ ဖြေတယ်။

"ဒါ့ကြောင့် သူ့ဆီက ထူးခြားတဲ့ သတင်းအချက်အလက် တစ်စုံတစ်ရာ ရရှိနိုင်ဖို့ဆိုတာ သိပ်တော့ မလွယ်ဘူး ထင်ပါတယ်။ အကယ်တန္တု ရနိုင်သပဆိုရင် ကျုပ်အနေနဲ့တော့ သိပ်ကို အံ့သြမိမှာ အမှန်ပါပဲဗျာ"

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဟု ဖြေဆိုသွားခဲ့သည်။

ရောက်လာကြ

ဆက်ဒမ်ဟူစိန်ကို ထိန်းသိမ်းထားရာ အကျဉ်းစခန်းသို့ အီရတ်နိုင်ငံရှိ အမေရိကန်ခေါင်းဆောင် နှစ်ဦး ပထမဆုံး ရောက်ရှိလာကြ၏။ ယင်းတို့မှာ အမေရိကန် အရပ်ဘက် အုပ်ချုပ်ရေးမှူး ပေါလ်ဘရင်မာ (Paul Bremer) နှင့် ဒုတိယဗိုလ်ချုပ်ကြီး ရီကာဒိုဆန်ရှေးတို့ ဖြစ်သည်။

သူတို့နှင့် မရှေးမနှောင်းပင် ရဟတ်ယာဉ်တစ်စင်းဖြင့် အီရတ် ကြားဖြတ် အုပ်ချုပ်ရေးကောင်စီဝင် ၄ ဦး (4 Iraqi Interim Governing Council members) ရောက်ရှိလာကြ၏။ ၎င်းတို့မှာ (၁) မိုဝါဖတ်အဲလ်ရာဘီးလ် (Mauwafak al-Rabil)၊ (၂) အာမက်ဒ်ချာလာဘီ (Ahmad Chalabi)၊ (၃) အက်ဒနန် ပါချာချီ (Adnan Pachachi) နှင့် (၄) အက်ဒဲလ်အက်ဘဒဲလ်မာဒီ (Adel Abdel Mahdi) တို့ ဖြစ်ကြသည်။

မိုဝါဖတ်အဲလ်ရာဘီးလ်သည် ၁၉၇၉ ခုနှစ်က အကျဉ်းသားများကို လူမဆန်လောက်အောင် မတရား ညှဉ်းပန်းနှိပ်စက်ရာ အခန်းတွင် လောကငရဲကျနေခဲ့ရသူ ဖြစ်၏။ အာမက်ဒ်ချာလာဘီကတော့ အာရပ်အမျိုးသား ကွန်ဂရက် ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ အက်ဒနန်ပါချာချီကမူ ဆက်ဒမ်ဟူစိန် အာဏာမရခင် အချိန်ကာလကပင် အီရတ်နိုင်ငံခြားရေးဝန်ကြီး တာဝန်ကို ထမ်းရွက်ခဲ့ရသူ ဖြစ်၏။ အက်ဒဲလ်အက်ဘဒဲလ်မာဒီကတော့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အီရတ်နိုင်ငံ အစ္စလာမ်မစ် တော်လှန်ရေးအတွက် ရှီးယိုက်ဘာသာရေးကောင်စီချုပ်ကို ကိုယ်စားပြုသော ခေါင်းဆောင်တစ်ဦး ဖြစ်သည်။

သူတို့ ၄ ဦးစလုံးသည် ဖိနှိပ်သူ အာဏာရှင် ဆက်ဒမ်ဟူစိန်ကို နှစ်ပေါင်း အတော်ကြာ ကာလကပင် အဆက်မပြတ် စိန်ခေါ်ဆန့်ကျင် လှုပ်ရှားခဲ့ကြသူများ ဖြစ်သည်။

## မျက်နှာချင်းဆိုင် စကားပြောလို

အီရတ် ကြားဖြတ်အုပ်ချုပ်ရေး ကောင်စီဝင်များအား ဒုတိယမိုလ်ချုပ်ကြီးဆန်ချေးက–

"ဆက်ဒမ်ဟူစိန်ကို ပြတင်းပေါက်အပြင်ဘက်ကနေပြီး ဝန်ကြီးတို့ လှမ်းကြည့်လိုပါသလား။ ဒါမှမဟုတ် သူ့ကို ဖမ်းမိပြီးမှ လောလောဆယ် ရိုက်ကူးထားတဲ့ သူ့ဓာတ်ပုံတွေကို ဝန်ကြီးတို့ ကြည့်ရှုစိစစ်လိုပါသလား"

ဟု မေးသည်။

ထိုအခါ သူတို့က လျင်မြန်စွာ ခေါင်းခါ ငြင်းပယ်ကြပြီး–

"ကျုပ်တို့ကိုယ်တိုင် သူနဲ့ မျက်နှာချင်းဆိုင် တွေ့ဆုံစကားပြောလိုပါတယ် မိုလ်ချုပ်ကြီး"

ဟု သူတို့ဆန္ဒကို ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုကြ၏။ တကယ်တော့ သူတို့ လာရင်းကိစ္စမှာ ဆက်ဒမ်ဟူစိန် အစစ်အမှန် ဟုတ် မဟုတ် သေချာစွာ စိစစ်၍ အတည်ပြု ပြောဆိုရန်သာ ဖြစ်သည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## ထိန်းမနိုင်သိမ်းမရ

ဆက်ဒမ်ဟူစိန်ကို ဖမ်းမိပြီးနောက် နာရီပိုင်းအကြာတွင် အတိုင်းထက်အလွန် အမြင်ဆိုးနေသော သူ့မုတ်ဆိတ်မွေးနှင့် ပါးသိုင်းမွေးတွေကို အကျဉ်းစခန်း၌ ရိတ်ပစ်ကြ၏။ သည့်နောက် သူ တစ်မှေး အိပ်စက်ပြီး နိုးလာသည်။

သို့ဖြင့် အီရတ်ကြားဖြတ်အုပ်ချုပ်ရေးကောင်စီဝင်တွေ ရောက်ရှိလာကြစဉ် ဆက်ဒမ်ဟူစိန်သည် ဝတ်ရုံအဖြူနှင့် အပေါ်အင်္ကျီ အနက်တို့ကို ဝတ်ဆင်လျက် သတ္တုခေါက် ခုတင် (metal cot) ပေါ်တွင် ငြိမ်သက်စွာ ထိုင်နေသည်ကို သူတို့မြင်တွေ့ကြရ၏။

သူ့အခန်းထဲသို့မမျှော်လင့်ဘဲ ရုတ်တရက် အီရတ် ကြားဖြတ် အုပ်ချုပ်ရေးကောင်စီဝင်တွေ ဝင်လာကြသောကြောင့် သူ စိတ် ဆိုးမာန်ဆိုးဖြင့် ထိန်းမနိုင်သိမ်းမရဖြစ်သေးသည်။ ခဏလောက် ကြာတော့မှ အနည်းငယ် တည်ငြိမ်သွားသည်။

## ပေါက်ကရ လျှောက်ပြော

ကောင်စီဝင် မိုဝါဖတ်အဲလ်ရာဘီးလ်က–

"ဆက်ဒမ်ဟူစိန်ဟာ ခံစားချက် ပြင်းထန်ပြီး စိတ်ဖိစီး လွန်းလို့ ထင်ပါရဲ့။ စိတ်ထောင်းကိုယ်ကြေ ဖြစ်ကာ ကိုယ်ခန္ဓာ အတော်ချုံးကျသွားတယ်။ စိတ်ကျဝေဒနာလည်း ခံစားနေရပုံ ပေါ်တယ်။ သူ့ပတ်ဝန်းကျင်မှာ လက်ရှိဖြစ်ပျက်ပြောင်းလဲနေတဲ့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အခြေအနေမှန်ကို မသိသလိုဘဲ ပေါက်ကရသူ လျှောက်ပြောနေတယ်”

ဟု ပြန်ပြောပြသည်။

**အသားကုန် ထိုးနှက်**

အီရတ် ကြားဖြတ်အုပ်ချုပ်ရေးကောင်စီဝင်တွေက ပြည်သူတွေအပေါ် ဆက်ဒမ်ဟူစိန် မတရားဖိနှိပ်အုပ်စိုးခဲ့မှုနှင့် စပ်လျဉ်း၍ မေးခွန်းတွေ တစ်သီတစ်တန်းကြီး မေးကြ၏။ ထို့ထက် သူတို့က သူ့အား ‘ကိုယ့်ပြည်သူပြည်သားတွေကို ဘာ့ကြောင့် ဒီလောက်တောင် မညှာမတာ ရက်ရက်စက်စက် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သလဲ’ ဟု မေးခွန်းတွေ ထပ်တလဲလဲ မေးရင်း သူ့ကို အသားကုန် ထိုးနှက်ကြသည်။

**မာဖီးယား လူဆိုးဂိုဏ်းခေါင်းဆောင်နှင့် တူ**

မိုဝါဖတ်အဲလ်ရာဘီးလ်က–

“ဆက်ဒမ်ဟူစိန်ဟာ အခုထိ တစ်ရွေးသားမျှ နောင်တ ရပုံမပေါ်သေးဘူး။ ဟိုတုန်းက အာဏာရှင် မျက်နှာထားမျိုးနဲ့ ကျုပ်တို့ကို ရိုင်းရိုင်းပျပျ စော်စော်ကားကား ပြန်ပြောသေးတယ်။

“သူ့ ရုပ်ရည်ကတော့ အရင်ကနဲ့စာရင် မိုးနဲ့ မြေကြီးလို ကွာခြားသွားပြီ။ ဟိုတုန်းက ဥပဓိရုပ်ကောင်းခဲ့သလောက် အခုတော့ မာဖီးယား လူဆိုးဂိုဏ်းခေါင်းဆောင်တစ်ယောက် (a leader of a mafia) နဲ့တောင် အတော်တူနေပါပြီ”

ဟု သူ့မျက်မြင်ကိုယ်တွေ့ကို ပြန်လည်ဖောက်သည်ချ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သည်။

## အသေးစိတ် ကြေညာ

ဆက်ဒမ်ကို ဖမ်းမိပြီး၊ နောက်ရက်(၁၄-၁၂-၂၀၀၃) ဒေသစံတော်ချိန်ညနေ ၃း၁၅ နာရီအချိန်တွင် အီရတ်နိုင်ငံရှိ အမေရိကန် အရပ်ဘက် အုပ်ချုပ်ရေးမှူး ပေါလ်ဘရင်မာက အီရတ်ကြားဖြတ် အုပ်ချုပ်ရေးကောင်စီ၏ အလှည့်ကျ ဥက္ကဋ္ဌ ဒေါက်တာပါချာချီ (Dr.Pachachi) နှင့် ဒုတိယဗိုလ်ချုပ်ကြီးဆန်ရှေးတို့၏ ရှေ့မှောက်၌ အီရတ်သမ္မတဟောင်းဆက်ဒမ်ဟူစိန်ကို အမေရိကန် ပူးပေါင်းအထူးတပ်ဖွဲ့က အရှင်ဖမ်းမိပြီ ဖြစ်ကြောင်း အီရတ် ပြည်သူများသို့ ရုပ်မြင်သံကြားမှတစ်ဆင့် ကြေညာသွားခဲ့၏။ သူ့ကို ဖမ်းမိသည့် နေ့ရက်၊ အချိန်၊ နေရာနှင့်တကွ ဖမ်းဆီးရမိပုံ အလုံးစုံကို အသေးစိတ် ရှင်းလင်းလွှင့်ထုတ်ပြသသွားခဲ့သည်။

## အတည်ပြု

ထိုနေ့မှာပင် အချိန်အနည်းငယ် နောက်ကျပြီးမှ သမ္မတဘုရှ်ကလည်း ပေါလ်ဘရင်မာ၏ ကြေညာချက်အတိုင်း အာဏာရှင်ဟောင်း ဆက်ဒမ်ဟူစိန်ကို အရှင်ဖမ်းမိသောသတင်းသည် မှန်ကန်ကြောင်း အတည်ပြုပြောကြားသွားခဲ့သည်။

## ရှင်းပြ

ပြည်တွင်းပြည်ပ သတင်းစာဆရာများကိုလည်း ဆက်ဒမ်ကို ဖမ်းမိသည့် နေရာသို့ ခေါ်ဆောင်၍ မျက်မြင်ပြသရင်း သတင်းစာ ရှင်းလင်းပွဲ ကျင်းပ၏။ ဒုတိယဗိုလ်ချုပ်ကြီးဆန်ရှေး၊ ဗိုလ်ချုပ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အော်ဒီယာနိုနှင့် ဗိုလ်မှူးဘရိုင်ယန်ရို(ဒ်)တို့က အသေးစိတ် . ရှင်းပြကြ၏။ သတင်းစာဆရာများ၏ မေးခွန်းများကိုလည်း သူတို့က ပွင့်လင်းစွာ ဖြေဆိုသွားခဲ့သည်။

## မြင်တွေ့သိရှိ

ကမ္ဘာပေါ်ရှိ မီဒီယာများကလည်း ယင်းသတင်းကို သတင်းထူး သတင်းဦးအဖြစ် ဓာတ်ပုံများနှင့် ဝေဝေဆာဆာ ဖော်ပြကြ၏။ သို့ဖြင့် ဆက်ဒမ်ကို ဖမ်းမိသော သတင်းကို အီရတ်နိုင်ငံ၊ အာရပ်ကမ္ဘာနှင့် နိုင်ငံတကာမှ ပြည်သူများ မြင်တွေ့သိရှိသွားကြသည်။

## အံ့သြ

ဆက်ဒမ်ဟူစိန်ကို သေနတ်တစ်ချက်မျှ မပစ်ဖောက်ရဘဲ ကြက်ကလေး ငှက်ကလေးလို အလွယ်တကူ ဖမ်းဆီးရမိလိုက်သည့်အတွက် အီရတ်ကရော ကမ္ဘာကပါ အထူးတလည် အံ့သြကြရသည်။ သူ့ကို ဤမျှ လွယ်လွယ်ကူကူ အရှင် ဖမ်းဆီးရမိနိုင်လိမ့်မည်ဟု မည်သူကမျှ မမျှော်လင့်ကြ။ အနိမ့်ဆုံးအဆင့်တော့ အခြေအနေပေးလျှင် ရှိသမျှ လက်နက်နှင့် ပစ်ခတ်ခုခံပြီး နောက်ဆုံးမှာ သူ့ကိုယ်သူ အဆုံးစီရင်သွားလိမ့်မည်ဟုသာ သူတို့ ထင်မြင်ကြသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## နောက်ပိုင်းဂယက်နှင့် သုံးသပ်ချက် အကျဉ်း

ဆက်ဒမ်ဟူစိန်ကို ဖမ်းမိသည့်အတွက် အီရတ်နိုင်ငံမှာရော နိုင်ငံတကာမှာပါ ဝမ်းမြောက်ဝမ်းသာ ဖြစ်သူ အများအပြား ရှိနိုင်သကဲ့သို့ ဝမ်းနည်းကြေကွဲသူလည်း အမြောက်အမြား ရှိနိုင်သည်။ သူ့ကို ဖမ်းဆီးရမိပြီးနောက် အီရတ်နိုင်ငံ အခြေအနေ ပိုကောင်းသွားလိမ့်မည်ဟု မှန်းဆသူများ ရှိသလို ပိုဆိုးသွားနိုင်သည်ဟု တွက်ချက်ခန့်မှန်းသူများလည်း ရှိနိုင်သည်။ မည်သို့ဆိုစေ အနာဂတ်တွင် အီရတ်နိုင်ငံ အခြေအနေ မည်သို့ဖြစ်လာမည်နည်း။ ဆက်လက် စောင့်ကြည့်ကြရဦးမည် ဖြစ်သည်။ (ဆက်ဒမ်ကို ဖမ်းမိပြီးနောက် ပေါ်ပေါက်ရိုက်ခတ်လာမည့် နောက်ပိုင်းဂယက်နှင့် သုံးသပ်ချက်များကို ဆက်ဒမ်၏ ဘဝဖြစ်စဉ်တွင် အတော် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခဲ့ပြီး ဖြစ်သဖြင့် ဤတွင် အကျဉ်းမျှသာ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။ စကားချပ်)

## ဆက်ဒမ် ရှာပုံတော် နိဂုံး

ဤတွင် အာဏာရှင်ဟောင်း ဆက်ဒမ်ဟူစိန် ရှာပုံတော်ကြီးသည် အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များ လက်သို့ ဘဂ္ဂဒက်မြို့တော် ကျသွားပြီး ၈ လနှင့် ၄ ရက်အကြာ၊ အူဒေးနှင့် ကူဆေးတို့ တိုက်ပွဲမှာကျဆုံးပြီး ၄ လနှင့် ၂၁ ရက်အကြာ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက် စနေနေ့ည ၈ နာရီခွဲ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



တွင် သူ့မွေးရပ်ဇာတိ အဲလ်အူဂျာရွာနှင့် ၁၀ မိုင်ခန့်သာ ကွာဝေးသော အက်ဒ်ဝါမြို့အနီးမှ ကျေးလက်တောရွာ စိုက်ပျိုးမွေးမြူရေး ခြံဝင်းတစ်ခုထဲရှိ တဲအိမ်တစ်အိမ်၏ လျှို့ဝှက်မြေအောက်လိုဏ်ခေါင်းတစ်ခု၌ နိဂုံးကမွတ် အဆုံးသတ်လေတော့သည်။ ။

တင်ထွန်း(တောင်ကုတ်)

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်

၂၀၀၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့ကပင် သမ္မတဟောင်းဆက်ဒမ် ဟူစိန်ကို မဟာမိတ် ယာယီအာဏာပိုင်အဖွဲ့ (the Coalition Provisional Authority) က အီရတ်ကြားဖြတ်အစိုးရ (theIraqi Interim Government) လက်သို့ တရားဝင် လွှဲပြောင်း ပေးအပ်လိုက်ပြီး ဖြစ်သည်။

**စစ်ဆေးစီရင်ခွင့်**

သို့ကြောင့် ဆက်ဒမ်၏ ကိစ္စအဝဝကို အီရတ် ကြားဖြတ် အစိုးရက တရားဥပဒေအရ ကိုင်တွယ်ဖြေရှင်းရတော့မည် ဖြစ်၏။ ဤအချက်က အီရတ်ကြားဖြတ်အစိုးရ၏ တရားရေးဌာနက ဖွဲ့စည်းပေးသော အထူးတရားခုံရုံးတစ်ရုံးက ဆက်ဒမ်နှင့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သက်ဆိုင်သော အမှုအခင်းများကို ဥပဒေအရ တရားဝင် စစ်ဆေး စီရင်ခွင့် ရှိသည်ဟု ဆိုလိုသည်။

### ဘုရှ် ပြော

အမေရိကန်သမ္မတဘုရှ်ကလည်း–

"ဆက်ဒမ်ဟူစိန်ရဲ့ ဘဝကံကြမ္မာကို အီရတ်ပြည်သူတွေက သာ ဆုံးဖြတ်မှာပါ။ တစ်နည်းအားဖြင့် အီရတ် ပြည်သူတွေရဲ့ ကိုယ်စား အီရတ်ကြားဖြတ်အစိုးရရဲ့ တရားရေးစနစ်အရ အထူး တရားခုံရုံးတစ်ရုံးက အီရတ် တရားဥပဒေနဲ့အညီ တရားစီရင်မှာ ဖြစ်ပါတယ်"

ဟု ပြောကြားသွားသည်။

### အသနားခံစာပို့

ဆက်ဒမ်ဘက်မှ လိုက်ပါဆောင်ရွက်ကြမည့် အကျိုးဆောင် ရှေ့နေများက ဂျနီဗာကွန်ဗင်းရှင်းပါ အခွင့်အရေးများ တရားဝင် ရရှိရေးအတွက် ဥရောပ လူ့အခွင့်အရေးတရားရုံးက လိုအပ်သလို ကြားဝင် ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံထားသည့် အသနားခံ စာတစ်စောင်ကို ၂၀၀၄ ခုနှစ် ဇူလိုင်လအတွင်း အဆိုပါ တရားရုံး သို့ ပေးပို့လိုက်သည်။

### ဆက်ဒမ် မိသားစုဆန္ဒ

ဆက်ဒမ်ဟူစိန်၏ မိသားစုက အမေရိကန်တို့ စိတ်ကြိုက် ရွေးချယ်ခန့်ထားသော အီရတ် ကြားဖြတ်အစိုးရက ဖွဲ့စည်းပေး မည့် အထူးတရားခုံရုံးဖြင့် သမ္မတဟောင်းဆက်ဒမ်ဟူစိန်၏ အမှု

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကို စစ်ဆေးဆုံးဖြတ်မည်ဆိုက လုံးဝတရားမျှတမှု ရှိမည် မဟုတ်။ သည့်အတွက် နယ်သာလန်နိုင်ငံ 'သည်ဟိတ်မြို့' (The Hague) ရှိ နိုင်ငံတကာ တရားရုံးမှာသာ သူ့အမှုကို စစ်ဆေးသင့်သည်။ သို့မှသာ ဘက်လိုက်မှုကင်းပြီး ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် တရားမျှတစွာ စစ်ဆေးစီရင်မှုကို ခံစားရမည်ဟု ခံယူကြောင်း သူတို့၏ ဆန္ဒကို ထုတ်ဖော်ပြောဆိုကြသည်။

**ကိုဖီအာနန် သဘောထား**

ထို့ပြင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ကိုဖီအာနန်ကလည်း အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ အမှုကို အထူးတရားခုံရုံးဖြင့် စစ်ဆေးမည်ဆိုလျှင် လူသားချင်း စာနာထောက်ထားမှု အခြေခံမှု အပါအဝင် နိုင်ငံတကာစံနှုန်းများနှင့် အညီ ဥပဒေအကြောင်းအရသာ တရားမျှတစွာ စစ်ဆေးစီရင်သင့်သည်ဟု သူ ယုံကြည်ကြောင်း သူ့သဘောထားကို ပွင့်လင်းစွာ ပြောကြားသွားခဲ့သည်။

**အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု**

လူမဆန်လောက်အောင် ရက်ရက်စက်စက် လူအစုလိုက် အပြုံလိုက် သတ်ဖြတ်ရာတွင် ဆက်ဒမ်ဟူစိန်နှင့် ပူးတွဲ တရားခံ ၇ ဦးကို တာဝန်ရှိမှုဖြင့် အီရတ်အစိုးရက တရားစွဲဆိုခဲ့၏။ သို့ကြောင့် တရားသူကြီး ၅ ဦးဖြင့် ဖွဲ့စည်းသည့် အီရတ် အထူးတရားခုံရုံး (the Iraqi Special Tribunal) က ထိုရာဇဝတ်မှုကို ၂၀၀၅ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့၌ ကနဦး စတင် စစ်ဆေးသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သမ္မတ ဆက်ဒမ်ဟူစိန်ကို မအောင်မြင်သော လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုနောက်ပိုင်း ၁၉၈၂ ခုနှစ်တွင် ဆက်ဒမ်၏ အမိန့်အရ အီရတ်နိုင်ငံတောင်ပိုင်းရှိ ဒူဂျေးလ်မြို့ (Dujail) ၌ ရှီးယိုက် ၁၄၈ ဦးကို အစုလိုက်အပြုံလိုက် ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်မှု၊ အမျိုးသမီးနှင့် ကလေးသူငယ်များ ကို မညှာမတာ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားလူ ၃၉၉ ဦးကို တရားလက်လွတ် ဖမ်းဆီးနှိပ်စက်မှုတို့ ဖြစ်သည်။

အဆိုပါ ပထမအမှုကို ရုံးတင်စစ်ဆေးစဉ် အခြေမဟန်၍ တရားခံ ဖြစ်နေသူ ဆက်ဒမ်ဟူစိန်နှင့် သူ့ရှေ့နေရှေ့ရပ်များက ဆက်ဒမ်သည် သာမန်လူ မဟုတ်။ ယနေ့တိုင် အီရတ်နိုင်ငံ၏ တရားဝင်သမ္မတကြီး (He was still the President of Iraq.) ဖြစ်သဖြင့် လက်ရှိအီရတ် တရားခုံရုံးက သူ့ကို လုံးဝစစ်ဆေးပိုင်ခွင့် အာဏာမရှိဟု သူတို့က လျှောက်လဲကြသည်။ ထို့ပြင် အမှုစစ်ဆေးနေစဉ် ကာလအတွင်း ဆက်ဒမ်၏ ရှေ့နေ ၃ ဦး လုပ်ကြံသတ်ဖြတ်ခံရပြီး အချို့မှာလည်း လုပ်ကြံသတ်ဖြတ်ရန် ခြိမ်းခြောက်ခံနေကြရခြင်း၊ အမှု စစ်ဆေးနေသည့် ကာလသက်တမ်း ထက်ဝက်ခန့် ရောက်ပြီးမှ ခုံရုံးအကြီးအကဲ တရားသူကြီး (the chief presiding judge) ကို လူစားထိုးခန့်ထားခြင်း စသည်တို့ကြောင့် အထူးတရားခုံရုံး၏ စစ်ဆေးစီရင်မှုသည် ဥပဒေနှင့်အညီ တရားမျှတမှု ရှိမည် မဟုတ်ဟု သူတို့က စောဒကတက်ကြသေးသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## သေဒဏ်စီရင်

ပထမအမှုကို အခက်အခဲ အနှောင့်အယှက်များကြားမှ တစ်နှစ်ကျော်ခန့်ကြာမျှ အချိန်ယူ စစ်ဆေးပြီးနောက် ဆက်ဒမ်ဟုစိန်သည် အမှုမှာ အဓိကတာဝန်ရှိသူအဖြစ် ပြစ်မှု ကျူးလွန်ကြောင်း ထင်ရှားသောကြောင့် အထူးတရားခုံရုံးက သူ့ကို ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့၌ သေဒဏ် ချမှတ်လိုက်သည်။

ပူးတွဲတရားခံ ၂ ဦးဖြစ်သော ဆက်ဒမ်နှင့် မအေတူ ဖအေကွဲ ညီတော်သူ ထောက်လှမ်းရေး အကြီးအကဲ ဘာဇံအီဘရာဟင် အဲလ်တီကရစ်တီနှင့် ၁၉၈၂ ခုနှစ် တော်လှန်ရေး တရားရုံး အကြီးအကဲ အေဝက်ဒ်ဟာမက်အဲလ်ဘန်ဒါ (Awad Hamed al-Bandar) တို့ကိုလည်း အထူးတရားရုံးက သေဒဏ်စီရင်သည်။

ကျန်ပူးတွဲတရားခံ ၅ ဦးအနက် ဒုတိယသမ္မတဟောင်း တာဟာယာဆင်ရာမာဒန်ကို တရားရုံးက ထောင်ဒဏ် တစ်သက်စီရင်ပြီး ကျန် ၄ ဦးကိုမူ နှစ်ရှည် ထောင်ဒဏ်အသီးသီး ချမှတ်သည်။

နောက်ပိုင်းကာလတွင် ဒုတိယသမ္မတဟောင်း တာဟာယာဆင်ရာမာဒန်၏ အယူခံကို အထူးအယူခံတရားရုံးက ပြန်လည်သုံးသပ်စဉ် မူလတရားရုံးက ပေးထားသော ထောင်ဒဏ် တစ်သက်ပြစ်ဒဏ်မှာ သက်ညှာလွန်းသည်ဟု အကြောင်းပြပြီး ပြစ်ဒဏ်ကို ပြန်လည်ပြင်ဆင်၍ သေဒဏ်စီရင်လိုက်၏။ ထို့နောက် တာဟာယာဆင်ရာမာဒန်ကို ၂၀–၃–၂၀၀၇ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၃ နာရီတွင် ဘဂ္ဂဒက်မြို့တော် တစ်နေရာ၌ သက်ဆိုင်ရာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



က ကြိုးပေးကွပ်မျက်လိုက်သည်။ သူ့ရုပ်ကလာပ်ကိုလည်း သူ့ထက်စော၍ ကြိုးပေးကွပ်မျက်ပြီးသော ထောက်လှမ်းရေး အကြီးအကဲ ဘာဇံအီဘရာဟင်အဲလ်တီကရစ်တီနှင့် တော်လှန်ရေး တရားရုံး အကြီးအကဲ အောဝက်ဒ်ဟာမက်အဲလ်ဘန်ဒါတို့၏ အုတ်ဂူများအနီး၌ ဂူသွင်းမြှုပ်နှံသဖြိုဟ်သည်။

### အယူခံဝင်

ဆက်ဒမ်က အယူခံဝင်သဖြင့် တရားသူကြီး ၉ ဦး ပါသော အီရတ်အယူခံတရားရုံးချုပ် (Iraq's Supreme Court of Appeals) က သူ့အယူခံမှုကို ပြန်လည်စိစစ် သုံးသပ်နေစဉ် သက်ဆိုင်ရာ အထူးတရားခုံရုံးက ဆက်ဒမ်၏ ဒုတိယအမှုကို စတင် စစ်ဆေးသည်။

### ဆက်ဒမ်၏ ဒုတိယအမှု

ဒုတိယအမှုတွင် အဖြစ်အပျက် နှစ်ခု ပါဝင်၏။ ပထမ အဖြစ်အပျက်မှာ ၁၉၈၈ ခုနှစ် မတ်လ ၁၆ ရက်နေ့က အီရတ်နိုင်ငံ၏ အရှေ့မြောက်ဘက်၌ ရှိ၍ ကာ့ဒ်လူမျိုးတို့၏ မြို့ ဖြစ်ပြီး အီရန်တို့ သိမ်းပိုက်ထားသော ဟာလက်ဘ်ဂျာမြို့ (Halabja) ကို ဆက်ဒမ်၏အမိန့်အရ အီရတ်တပ်ဖွဲ့များက ဓာတုအဆိပ်ဓာတ်ငွေ့ လက်နက်များနှင့် လူမဆန်အောင် ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်သတ်ဖြတ်သောကြောင့် အမျိုးသမီးနှင့် ကလေးသူငယ်များ အပါအဝင် အပြစ်မဲ့သော အရပ်သား ၅,၀၀၀ ခန့် အတုံးအရုံး သေဆုံးခဲ့ရမှု ဖြစ်သည်။ ဒဏ်ရာရသူလည်း လူ ၁၀,၀၀၀ ကျော်ခန့် ရှိသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဒုတိယ အဖြစ်အပျက်မှာ ၁၉၈၈ ခုနှစ်မှာပင် အီရတ်နိုင်ငံ မြောက်ပိုင်းမှ ကာ့ဒ်လူမျိုးများ၏ ပုန်ကန်ထကြွမှုကို ဆက်ဒမ်၏ အမိန့်အရ အင်ဖဲလ်စစ်ဆင်ရေး (Anfal Operation) ဖြင့် အီရတ်တပ်ဖွဲ့များက တရကြမ်း နှိမ်နင်းရာတွင် ဓာတုအဆိပ်ဓာတ်ငွေ့ လက်နက်များနှင့် ရက်ရက်စက်စက် တိုက်ခိုက်သောကြောင့် လူပေါင်း ၁၈၀,၀၀၀ ခန့် သေဆုံးခဲ့ရသော လူမျိုးတုံး သတ်ဖြတ်မှု ဖြစ်လေသည်။ ဒဏ်ရာ ရသူများကတော့ အနမတဂ္ဂပင်။

## အယူခံကို ပယ်

ဆက်ဒမ်၏ ဒုတိယအမှုကို သက်ဆိုင်ရာ အထူးတရားခုံရုံးက စစ်ဆေးနေဆဲ ကာလမှာပင် ပထမအမှုအတွက် ဆက်ဒမ်၏ အယူခံကို အယူခံတရားရုံးက ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့၌ ပယ်ချလိုက်၏။ ထိုအချိန်တွင် အီရတ်နိုင်ငံ၏ အခြေအနေမှာ အတော်တင်းမာ ဆိုးရွားနေလင့်ကစား အီရတ်အစိုးရက အချိန်မဆိုင်းလိုတော့။ ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်ရန် အဆောတလျင် စီစဉ်စိုင်းပြင်းတော့သည်။ နှစ်ဟောင်းက ဆက်ဒမ်၏ ဝန်ထုပ်ဝန်ပိုးကို နှစ်သစ်သို့ တကူးတက ထမ်းပိုးသယ်ဆောင်သွားလိုပုံမရ။ အီရတ် တရားဥပဒေအရ ပြစ်ဒဏ် စီရင်ပြီးနောက် ရက်ပေါင်း ၃၀ အတွင်း အပြီးအပြတ် အဆုံးသတ်ရမည် ဟူသော သတ်မှတ်ချက် ဘောင်ကို မကျော်လွန်အောင်လည်း ဆောင်ရွက်ခြင်း ဖြစ်ကောင်း ဖြစ်ပေမည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



## အထူး လျှို့ဝှက်ထား

ဆက်ဒမ်ဝါဒီများ၊ ကွပ်မျက်မှုကို မလိုလားသော ဆွန်နီများ၊ အစွန်းရောက် မွတ်စလင်များ၊ အမေရိကန်နှင့် ဗြိတိသျှ ဆန့်ကျင်ရေး အင်အားစုများ စသည်တို့၏ မကျေနပ်မှုနှင့် တိုက်ခိုက်မှုများ ပိုမိုများပြား ကြီးမားလာမည့် အရေးကို စိုးရိမ်သဖြင့် ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်မည့် နေ့ရက်၊ အချိန်နှင့် နေရာတို့ကို အီရတ်အစိုးရက အထူးလျှို့ဝှက်ထားသည်။

## တောင်းဆို

ဆက်ဒမ်ကို မုန်းတီးသူများနှင့် ဆက်ဒမ် ဆန့်ကျင်ရေး အင်အားစုများက သူ့ကို ဘဂ္ဂဒက်မြို့တော်၏ အချက်အချာ မြို့လယ်ရှိ အားကစားရုံကြီးတွင် လူပုံအလယ်၌ ကြိုးပေးကွပ်မျက်ရန် တောင်းဆိုခဲ့ကြသည်ဟု သတင်းတစ်ရပ်က ဆိုသည်။

## စာရင်းပေး

ဆက်ဒမ်နှင့် သူ့သားများ နှိပ်စက်၍ စိတ်နာကြည်းချက်ပြင်းထန်လွန်းပြီး အခဲမကျေသူတို့က ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်ရာတွင် ဒေါက်ဖြုတ်သမားအဖြစ် စေတနာ့ဝန်ထမ်းဆောင်ရွက်ရန် စာရင်းပေးကြသူများလည်း အရေအတွက် မနည်းလှဟု ဆိုသည်။

## ကြိုးပေးကွပ်မျက်

စောစောပိုင်း ကာလကပင် လက်ရှိ အီရတ်အစိုးရက 'ဆက်ဒမ်ဟူစိန်ကို တရားရုံး ဆုံးဖြတ်ချက်အတိုင်း ကြိုးပေးကွပ်မျက်ရန် ဝန်လေးမည် မဟုတ်' ဟု ကြေညာထားခဲ့၏။ သို့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကြောင့် 'ပန်းသတင်း လေညင်းဆောင်၊ လူသတင်း လူချင်းဆောင်' ဆိုသကဲ့သို့ လူအများက သယ်ဆောင်သွားကြသဖြင့် ထိုသတင်းသည် နိုင်ငံအနှံ့သို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားပြီး ဖြစ်ရာ ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်မည့် အရေးကိုသာ သူတို့ အလေးထားကာ စိတ်ဝင်စားနေကြသည်။ အထူးတလည် အာရုံရောက်နေကြသည်။

သို့ဖြင့် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် စနေနေ့သို့ ရောက်လာသည်။ မျက်နှာဝတွင် ခံစားချက်အမျိုးမျိုး ထင်ဟပ်ပေါ်လွင်နေသော အီရတ်ပြည်သူများသည် ရေဒီယိုနှင့် ရုပ်မြင်သံကြားစက်ဆီသို့သာ အချိန်ရှိသမျှ အာရုံစိုက်နေကြ၏။ ထိုအခိုက် လူသူလေးပါး မျှော်လင့်စောင့်စားနေကြသော သတင်းထူး သတင်းဦးသည် ရုပ်မြင်သံကြား ဖန်သားပြင်ပေါ်နှင့် လေလှိုင်းထဲမှ ရုတ်ခြည်း ပေါ်ထွက်လာသည်။

"ဒီနေ့ မနက် ဒေသစံတော်ချိန် ၆ နာရီက ဘဂ္ဂဒက်မြို့တော် တစ်နေရာ၌ ဆက်ဒမ်ဟူစိန်ကို ကြိုးပေးကွပ်မျက်လိုက်ပြီ"

ဟူသော သတင်းပင်တည်း။

ထိုအခါသမယမှာ ဇာတိသွေး ဇာတိမာန် တက်ကြွစေသော တေးသီချင်းများနှင့် အောက်မေ့ဖွယ်ရာ အမျိုးသားအဆောက်အအုံ ပုံရိပ်များကိုလည်း အီရတ် ရုပ်မြင်သံကြားဌာနက မြိုင်ဆိုင်စွာ အဆက်မပြတ် ထုတ်လွှင့်ပြသပေးနေသည်။

ထိုစဉ်အတွင်း အီရတ်နိုင်ငံရှိ အမေရိကန် ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များ၊ အီရတ်လုံခြုံရေးတပ်ဖွဲ့များနှင့် အီရတ်ရဲတပ်ဖွဲ့များကိုလည်း အရေးပေါ် အရန်သင့် တပ်လှန့်နှိုးဆော်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ထားသည်။ ကမ္ဘာတစ်လွှားမှ အမေရိကန်သံရုံးများကိုလည်း လုံခြုံရေး တင်းကျပ်ထားရန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဌာနက ညွှန်ကြားထားသည်။

ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်ပုံကို အီရတ် ရုပ်မြင်သံကြား ဌာနက ထုတ်လွှင့်ပြသသည့်အပြင် ထိုကိစ္စအတွက် တာဝန်ကျသော အရာရှိတစ်ဦးက သက်ဆိုင်ရာမှ ခွင့်ပြုချက် မရှိဘဲ မိုဘိုင်းလ်ဖုန်းကင်မရာဖြင့် လျှို့ဝှက်ရိုက်ကူးထားသော ဗွီဒီယိုခွေကို ပုဂ္ဂလိက ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်လွှင့်ပြသသဖြင့် ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်ပုံ မြင်ကွင်းစုံကို တစ်ကမ္ဘာလုံးက မြင်တွေ့သွားခဲ့ကြသည်။

ဆက်ဒမ်က သူ့ကို ကြိုးပေးကွပ်မျက်ခြင်း မပြုဘဲ သေနတ်ပစ်အဖွဲ့ဖြင့်သာ အဆုံးစီရင်ရန် သက်ဆိုင်ရာသို့ တင်ပြခဲ့သော်ငြားလည်း သူတို့က သူ့ဆန္ဒအတိုင်း ခွင့်မပြုခဲ့ဟု ဆိုသည်။ ဆက်ဒမ်ကို ဖမ်းဆီးရမိချိန်မှ ကြိုးပေးကွပ်မျက်ခါနီးအချိန်အထိ သူ့ကို အမေရိကန်တပ်ဖွဲ့များ၏ အကျဉ်းစခန်းတစ်ခု၌ ထိန်းသိမ်းထားခဲ့၏။ ကြိုးပေးကွပ်မျက်ရန် အချိန်နီးမှ အီရတ်အရာရှိများ လက်သို့ သူ့ကို လွှဲပြောင်းပေးအပ်လိုက်ခြင်း ဖြစ်သည်။

ဆက်ဒမ်သည် ကုတ်အင်္ကျီအနက်ကို ဝတ်ဆင်ထား၏။ ဘာသာရေးအရ ဝတ်ပြုဆုတောင်းပြီးမှ ကိုရန်ကျမ်းစာအုပ်ကို ကိုင်၍ တည်တည်ငြိမ်ငြိမ် လှေကားရရန်နှင့် ကြိုးစင်ဆီသို့ လိုက်ပါသွားသည်။ သူ့ကို ကြိုးပေးမည့်သူများနှင့် လမ်းတွင် အပြန်အလှန် အော်ဟစ် ပြောဆိုခဲ့သေးသည်ဟု ဆိုသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆက်ဒမ်ကို အစောင့်တစ်ဦးက–

"ခင်ဗျား သေရမှာ ကြောက်သလား"

ဟု မေးရာ သူက–

"ကျုပ်ရဲ့ ဘဝကို နိုင်ငံရေးမှာ တက်ကြွသူ တစ်ဦးအနေနဲ့ တိုက်ခိုက်ရေးသမားတစ်ဦးအဖြစ် သတ္တိရှိရှိ စတင်ခဲ့တယ်။ ကျုပ်ရဲ့ ဘဝတစ်လျှောက်လုံးမှာ မိစ္ဆာဒိဋ္ဌိတွေနဲ့ ကျူးကျော် စော်ကားသူတွေကို အဆက်မပြတ် တိုက်ပွဲဝင်လာခဲ့တယ်။ အခုအချိန်ဟာ ကျုပ်ဘဝမှာ နောက်ဆုံးအချိန် ဖြစ်ပေမယ့် သေရမှာကိုတော့ လုံးဝ ကျုပ် မကြောက်ဘူး"

ဟု ရတ်ခြည်း တုံ့ပြန် ပြောကြားသွားခဲ့သည်။

ထိုအခိုက် အိရတ်အရာရှိတစ်ဦးက ဆက်ဒမ်ကို မိုဘိုင်းလ်ဖုန်းကင်မရာနှင့် ဗွီဒီယိုရိုက်သည်ကို မြင်သဖြင့် ဆက်ဒမ်က–

"အဲဒါ ယောက်ျားတစ်ယောက်ရဲ့ အပြုအမူလားကွ"

ဟု ပြောခဲ့သည်ဟု ဆိုသည်။

ထို့နောက် ဆက်ဒမ်ကို တာဝန်ရှိသူတစ်ဦးက–

"နောက်ဆုံး ဘာပြောချင်သေးသလဲ၊ ဘာလိုချင်သေးသလဲ"

ဟု မေးရာ သူက–

"ဘာမှ မလိုချင်ဘူး"

ဟု ပြန်ပြောပြီး ကြိုးစင်ပေါ်သို့ တက်သွားသည်။ ပြီး..

"ကျူးကျော်သူ အမေရိကန် နယ်ချဲ့လက်သစ်တွေ ကျဆုံးပါစေ"

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဟူ၍ ကြိုးစင်ပေါ်မှ ကြွေးကြော်သွားသေးသည်။

နောက်ဆုံးတွင် ကြိုးပေးကွပ်မျက်ခံရမည့်သူ စွပ်ရမည့် မျက်နှာဖုံးခေါင်းစွပ် အနက်ကို စွပ်ရန် သူက ငြင်းဆန်သဖြင့် တာဝန်ရှိသူက သူ့ဆန္ဒအတိုင်း ခေါင်းစွပ်မပါဘဲ သူ့ကို ကြိုးပေးကွပ်မျက်ရန် ခွင့်ပြုလိုက်ရသည်ဟု ဆိုသည်။

**နောက်ဆုံး နှုတ်ဆက်စာ**

ဆက်ဒမ်ဟူစိန်သည် သူ့ကို အီရတ်အထူးတရားခုံရုံးက သေဒဏ်ချမှတ်လိုက်သော၊ သူ့ဘဝ၏ မလှသော နိဂုံးကာလလည်း ဖြစ်သည့် ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် အီရတ်ပြည်သူများသို့ နောက်ဆုံး နှုတ်ဆက်စာတစ်စောင်ကို အာရပ်ဘာသာ စာပေဖြင့် အမှတ်တရ ရေးသားခဲ့၏။ အီရတ်နိုင်ငံနှင့် ပြည်သူများကို ကျောခိုင်းပြီး ရာသက်ပန် ခွဲခွာသွားရန် ၁ လနှင့် ၂၄ ရက်အလိုက ရေးသားခဲ့ခြင်း ဖြစ်သည်။

ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် အထူးအယူခံတရားရုံးက သူ့အယူခံမှုကို ပယ်ချလိုက်ပြီး နောက်နေ့မှာ သူ့အကျိုးဆောင်ရှေ့နေမှတစ်ဆင့် အဆိုပါ နှုတ်ဆက်စာကို အင်တာနက်ဝက်ဘ်ဆိုက်တစ်ခု၌ တင်ထားခဲ့သည်ဟု ဆိုသည်။

သူ့နောက်ဆုံး နှုတ်ဆက်စာကို ဆက်ဒမ်ဟူစိန်သည် အီရတ်နိုင်ငံတော်သမ္မတနှင့် အီရတ် မူဂျာဟေဒင် လက်နက်ကိုင်တပ်ဖွဲ့များ၏ ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ရေးသားခဲ့ခြင်း ဖြစ်သည်။

သူ့စာလွှာတွင် အီရတ်နိုင်ငံတော်နှင့် ပြည်သူတို့အပေါ်တွင် အလွန်တရာ သစ္စာရှိသော ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် နိုင်ငံနှင့်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြည်သူ့အကျိုးစီးပွားအတွက် ကိုယ်ကျိုးမဖက်ဘဲ ရိုးသား၍ တရားမျှတစွာ အမြော်အမြင်ရှိရှိနှင့် ယထာဘူတကျကျ သူ တွေးခေါ်ဆောင်ရွက်ခဲ့ပုံကို နိဒါန်းပျိုးထားသည်။

'သူသည် အီရတ်ပြည်သူများကို ခွဲခြားဆက်ဆံခြင်း မပြုဘဲ အားလုံးကို တစ်သားတည်း မျှမျှတတ ဆက်ဆံခဲ့၏။ သက်ဦးဆံပိုင် ဘုရင်တွေကိုလည်း သူ ဦးမညွှတ်ခဲ့' ဟု ဆက်ဒမ်က ဆိုသည်။ ထို့နောက် နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံးအတွက် တော်လှန်ရေးအင်အားစုများက ဆက်လက် တိုက်ပွဲဝင်သွားကြရန် လိုသည်ဟုလည်း သူက တိုက်တွန်းထားသည်။

နိုင်ငံတော်နှင့် ပြည်သူတို့ကို မလွှဲမရှောင်သာ ကျောခိုင်း၍ ရာသက်ပန် သူ ခွဲခွာသွားပြီးနောက် အနာဂတ်ကာလမှာ တိုင်းပြည်ကို ဦးဆောင်မည့် ပုဂ္ဂိုလ်များသည် သူ့လို အလားတူ အရည်အချင်းများ ရှိရန် လိုမည်ဟု သူ့ယူဆချက်ကို သူ ဖော်ထုတ်တင်ပြခဲ့သည်။

သူ့ဝိညာဉ်ကို အလ္လာအရှင်မြတ်အား သူ ပေးအပ်လှူဒါန်းလိုက်ပါပြီ၊ အာဇာနည် သူရဲကောင်းတို့သည် ဘုရားရှင်၏ အလိုတော်အတိုင်း မြတ်သော ကောင်းကင်ဘုံသို့ ရောက်မည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်သည်။ ရန်သူတို့ကို ခုခံတော်လှန်ရာတွင် ဘုရားရှင်၏ ကူညီမစမှု အမှန်တကယ် လိုအပ်သည်ဟုလည်း သူ ဆက်လက် ရေးသားထားသည်။

အလ္လာအရှင်မြတ်သည် ချစ်ခြင်းမေတ္တာ၊ ခွင့်လွှတ်မှုနှင့် ညီနောင်ရင်းချာ ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်မှုတို့ကို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com




စံနမူနာတစ်ခု ဖြစ်အောင် စတင်ပျိုးထောင် အကောင်အထည် ဖော်ခဲ့သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်သည်။ ယင်းအချက်ကို အစဉ် သတိရကြပါဟု ပြည်သူများအား သူ နှိုးဆော်ထားသည်။

နိုင်ငံသား အချင်းချင်း၊ လူမျိုးနွယ်စု အချင်းချင်း သင့်မြတ်ရေးအတွက် မုန်းတီးမှုကို ရှောင်ကြဉ်ကြရန်နှင့် ကျူးကျော်တိုက်ခိုက်သူများပင် ဖြစ်လင့်ကစား သူတို့ကို အမုန်းတရား မပွားကြရန် သူက မေတ္တာရပ်ခံထား၏။ ထို့ပြင် ပြည်တွင်းပြည်ပမှ မည်သူ့ကိုမဆို နောင်တရသူမှန်သမျှကို ပြည်သူများက အနူးအညွတ် ခွင့်လွှတ်ကြရန်လည်း သူက အလေးအနက် တိုက်တွန်းထားသည်။


ရန်သူကို တစ်မျိုးတစ်စားတည်း မသတ်မှတ်ဘဲ အဆုံးအဖြတ်ပေးနိုင်သူများနှင့် ပြည်သူများဟု ခွဲခြားသိမြင်ဆက်ဆံရန် လိုသည်ဟု သူက ထောက်ပြ၏။ အီရတ်ပြည်သူများ တော်လှန်တိုက်ပွဲဝင်ခြင်းကို အီရတ်နိုင်ငံကို ကျူးကျော်သည့်နိုင်ငံများမှ ပြည်သူ အတော်များများက အားပေးထောက်ခံမှု ရှိသည်ကိုလည်း သတိပြုရန် လိုသည်ဟု သူက ဆိုသည်။

ထိုသူများအနက် အချို့က သူ (ဆက်ဒမ်ဟူစိန်) အပါအဝင် အီရတ်အကျဉ်းသားတွေ တရားဥပဒေနှင့်အညီ ခုခံကာကွယ်နိုင်ရေးအလို့ငှာ စေတနာ့ဝန်ထမ်း အကူအညီပေးခဲ့ကြပုံနှင့် ခွဲခွာခါနီးတွင် သူ့ကို နှုတ်ဆက်ရင်း စိတ်ထိခိုက်လွန်း၍ သူတို့ ငိုကြပုံတို့ကိုလည်း သူက ပြန်လည် ဖောက်သည်ချသည်။



တရားခွင်မှ ဆက်ဒမ်






ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်ရန် ပြင်ဆင်ပုံအဆင့်ဆင့်



ထောက်လှမ်းရေးအကြီးအကဲ ဘာဇံအီဘရာဟင်အဲလ်တီကရစ်တီ



တော်လှန်ရေးတရားရုံးအကြီးအကဲ အေဝက်ဒ်ဟာမက်အဲလ်ဘန်ဒါ





ဒုတိယသမ္မတဟောင်း
တာဟာယာဆင်ရာမာဒန်



"ဓာတုအလီ" ဟု
ထင်ရှားကျော်ကြားသော
အလီဟက်ဆန်အဲလ်မဂျစ်



အီရတ်ဝန်ကြီးချုပ်
နူရီအဲလ်မာလီကီ



ဝမ်းမြောက်၍မြူးထူးနေသူတို့



ဝမ်းနည်း၍အခဲမကျေသူတို့

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အီရတ်ပြည်သူများကို နောက်ဆုံးအနေနှင့် ဝမ်းနည်းစွာဖြင့် သူ နှုတ်ဆက်ရင်း မေတ္တာ ကရုဏာရှင် အလ္လာအရှင်မြတ်နှင့်အတူ သူ(ဆက်ဒမ်ဟူစိန်) ရှိနေမည်ဟု မှာကြားခဲ့သည်။

သူ့နှုတ်ဆက်စာလွှာ၏ နိဂုံးတွင် အလ္လာအရှင်မြတ်သည် ကြီးမြတ်တော်မူ၏ဟု ချီးကျူးကာ အီရတ်နိုင်ငံတော် အစွန့်ရှည်ပါစေ... ကျွန်ုပ်တို့၏ တော်လှန်ရေးအင်အားစုတွေ အောင်ပွဲဆင်နိုင်ပါစေ စသည်ဖြင့် သူ ဆုမွန်ကောင်း တောင်းထားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အီရတ် မူဂျာဟေဒင်လက်နက်ကိုင်တပ်ဖွဲ့များ၏ ကာကွယ်ရေးဦးစီးချုပ်အဖြစ် ဆက်ဒမ်ဟူစိန်က လက်မှတ်ရေးထိုးထားခဲ့သည်။

## ရုပ်ကလာပ်ကို ဂူသွင်းသင်္ဂြိုဟ်

ဆက်ဒမ်ဟူစိန်ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် စနေနေ့ ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် ဘဂ္ဂဒက်မြို့တော် အရှေ့မြောက်ဘက် 'ကက်ဒဟီမီရာဒေသ' (Kadhimira) ရှိ အီရတ်တပ်မတော် အခြေစိုက်စခန်းတစ်ခု ဖြစ်သော 'တရားမျှတမှုစခန်း' (Camp Justice) ၌ ကြိုးပေးကွပ်မျက်ခဲ့၏။ ထိုနေ့သည် မွတ်စလင်ဘာသာဝင်များ၏ အထွတ်အမြတ် အစ်ပွဲတော် ပထမရက် (the first day of Eid ul-Adha) လည်း ဖြစ်သည်။

သူ့ကို ကြိုးပေးကွပ်မျက်ပြီးနောက် ရုပ်ကလာပ်ကို အဖြူရောင် ပိတ်စနှင့် ရစ်ပတ်ဖုံးအုပ်၍ ထမ်းစင်ပေါ်၌ တင်ကာ စစ်ရဟတ်ယာဉ်တစ်စင်းဖြင့် တီကရစ်မြို့အနီးရှိ သူ့မွေးရပ်ဇာတိ အဲလ်အူဂျာရွာသို့ ညတွင်းချင်း သယ်ဆောင်သွားကြ၏။ သူ့ကို

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကွပ်မျက်ချိန်မှ ၂၄ နာရီ မပြည့်ခင် ဒီဇင်ဘာလ ၃၁ ရက် တနင်္ဂနွေ နေ့နံနက် ၄ နာရီအချိန်တွင် အဲလ်အူဂျာရွာလယ်၌ သူ့ရုပ်ကလာပ် ကို ဂူသွင်းမြှုပ်နှံသင်္ဂြိုဟ်သည်။ သူ့ဘဝ၏ မလှသော နိဂုံးပင်တည်း။

ဆက်ဒမ်ကို သစ္စာရှိသူ အများအပြား နေထိုင်ရာ တီကရစ် မြို့ကို အာဏာပိုင်များက ပိတ်ထားသဖြင့် အသုဘအခမ်းအနား သို့ ဘာသာရေးနှင့် လူမျိုးစုဆိုင်ရာ ပုဂ္ဂိုလ်အချို့နှင့် ဆက်ဒမ်၏ ဆွေမျိုးတစ်စုသာ တက်ရောက်နိုင်ခဲ့ကြသည်ဟု အဘူနာဆိရာ လူမျိုးစုခေါင်းဆောင် အလီအဲလ်နီဒါက ဆိုသည်။ အဲလ်အူဂျာ ရွယ်လယ်ကောင်၌ ဆက်ဒမ်ဟူစိန် အာဏာရှိစဉ်က ဆောက်လုပ် ခဲ့သော အဆောက်အအုံထဲမှာ အသုဘ အခမ်းအနားကို အချိန်တို အတွင်း ပြီးစီးအောင် ကျင်းပခဲ့ကြသည်ဟု အဆိုပါ ခေါင်းဆောင် အလီအဲလ်နီဒါနှင့် ဆာလာဟူဒင်ပြည်နယ် အုပ်ချုပ်ရေးမှူးတို့က ပြန်ပြောပြကြသည်။

ဆက်ဒမ်ဟူစိန်ကို မြှုပ်နှံသော နေရာသည် ၂၀၀၃ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့က မိုဆူးလ်မြို့တိုက်ပွဲ၌ ကျဆုံးသွားခဲ့ကြ သော သူ့သားနှစ်ယောက်ဖြစ်သော အူဒေး၊ ကူဆေးနှင့် မြေး တစ်ယောက် ဖြစ်သည့် မွတ်စတာဖာဟူစိန်တို့၏ ရုပ်ကလာပ်များ ကို ဂူသွင်းမြှုပ်နှံသင်္ဂြိုဟ်ရာ နေရာနှင့် ၂ မိုင် (၃ ကီလိုမီတာ) ခန့် သာ ကွာဝေးသည်။

၂၀၀၇ ခုနှစ် မတ်လ ၁၃ ရက်နေ့သို့ ရောက်မှ သူတို့ မိသားစု ဆန္ဒအရ အူဒေး၊ ကူဆေးနှင့် မွတ်စတာဖာဟူစိန်တို့၏ ရုပ်ကလာပ် များကို ပြန်လည်တူးဖော်ပြီး မော်တော်ယာဉ် ၃ စီးဖြင့် သယ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဆောင်ကာ ဆက်ဒမ်၏ သချိုင်းဂူဘေးသို့ ပြောင်းရွှေ့ ဂူသွင်း မြှုပ်နှံသင်္ဂြိုဟ်ကြသည်။ သို့ကြောင့် အသီးသီး ကွယ်လွန်ကြပြီးမှ ဆက်ဒမ်ဟူစိန်၊ သူ့သားနှစ်ယောက်နှင့် မြေးတစ်ယောက်တို့ သူ့ ဇာတိကျေးရွာ အဲလ်အူဂျာ၌ ဆုံစည်းကြခြင်း ဖြစ်သည်။

## ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်မှုဂယက်

အီရတ်အစိုးရက ဆက်ဒမ်ဟူစိန်ကို ကြိုးပေးကွပ်မျက်လိုက်ပြီ ဖြစ်ကြောင်း တရားဝင် ကြေညာပြီးနောက် တရားခံ ဆက်ဒမ်ကို ကြိုးစင်ဆီသို့ ခေါ်လာပုံ၊ ဆက်ဒမ်နှင့် ကြိုးပေးရာတွင် တာဝန်ကျသူများ အပြန်အလှန် အော်ဟစ်ပြောဆိုကြပုံ၊ ကြိုးမပေးခင်၊ ကြိုးပေးကွပ်မျက်စဉ်နှင့် ကွပ်မျက်ပြီးနောက် သူ့ အခြေအနေ အရပ်ရပ် စသည်တို့ကို အီရတ်ပြည်သူများ မျက်ဝါး ထင်ထင်မြင်တွေ့သွားကြ၏။ ဤတွင် အီရတ်နိုင်ငံ တစ်နံတစ်လျား၌ အထူးပွက်လောရိုက်သွားတော့သည်။

ယမ်းပုံမီးကျ ဒေါသပေါက်ကွဲသူများ၊ ဝမ်းနည်းကြေကွဲပြီး ယူကျုံးမရ ငိုကြွေးကြကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသူ အမြောက်အမြား ရှိသလို ဝမ်းမြောက်ဝမ်းသာ ဖြစ်လွန်း၍ ကကြခုန်ကြ ပျော်ကြရွှင်ကြ မြူးကြသူများလည်း အနမတဂ္ဂ ရှိသည်ပင်။ ဘဝသင်ခန်းစာ ယူဖွယ်ကောင်းလေစွ။

ဘာသာ မျိုးနွယ်တူ ဆွန်နီမွတ်စလင်များ၊ ဘဲ့သ်ပါတီဝင်ဟောင်းများ၊ အီရတ်တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ပြည်သူ့စစ်အဖွဲ့ဝင်များ၊ သစ္စာရှိ ဆက်ဒမ်ဝါဒီများ၊ နယ်ချဲ့ဆန့်ကျင်ရေးသမားများ၊ ဆက်ဒမ်၏ ဆွေမျိုးသားချင်းများ စသည်တို့က အထူးမကျေနပ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကြ။ ဆက်ဒမ် ကြိုးပေးကွပ်မျက်ခံရခြင်းသည် သူတို့အဖို့တော့ အမင်္ဂလာ သတင်းတစ်ရပ်ပင်။

ကျူးကျော်သူ နယ်ချဲ့လက်သစ် အမေရိကန်တို့ ကြိုးဆွဲတိုင်း ကသည့် ရုပ်သေးအီရတ်အစိုးရက တမင်သက်သက် ရန်ပြိုးနှင့် လက်စားချေခြင်းသာ ဖြစ်သည်ဟု သူတို့က ယူဆကြသည်။ ဆွန်နီ အင်အားတောင့်သော ဒေသများနှင့် အချို့နေရာများတွင် အိမ်ပြင် မထွက်ရ အမိန့်ကို လွန်ဆန်လျက် ဝမ်းနည်းသည့် အထိမ်းအမှတ်အဖြစ် လမ်းမပေါ် ထွက်၍ပင် အုပ်စုလိုက် ဆန္ဒပြကြသေးသည်။

အာဏာရှင် ဆက်ဒမ်ဟူစိန်၏ ညှဉ်းဆဲနှိပ်စက်သတ်ဖြတ်ဖိနှိပ်အုပ်ချုပ်မှုဒဏ်ကို နှစ်ပေါင်းများစွာတိုင်တိုင် အလူးအလဲ ခံစားခဲ့ကြရသော နိုင်ငံမြောက်ပိုင်းမှ ကာ့ဒ်လူမျိုးများ၊ အလယ်ပိုင်းနှင့် တောင်ပိုင်းတို့မှ ရှီးယိုက် မွတ်စလင်များ၊ ယခင်က မြေအောက်ဒါဝါပါတီဝင်များ၊ ယခင်က မြေအောက်ကွန်မြူနစ်ပါတီဝင်များ၊ အီရတ်နိုင်ငံလွတ်မြောက်ရေးဝါဒီများ၊ ဆက်ဒမ် ဆန့်ကျင်ရေး အင်အားစုများနှင့် ဆက်ဒမ်တို့ လူမဆန်အောင် နှိပ်စက်သတ်ဖြတ်၍ သေဆုံးသွားကြသူများ၏ ဆွေမျိုးသားချင်းများ အဖို့တော့ ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်ခြင်းသည် မင်္ဂလာ သတင်းတစ်ရပ်ပင်။ အိမ်ပြင်မထွက်ရ အမိန့်ကို လွန်ဆန်လျက် လမ်းမပေါ်သို့ ထွက်၍ပင် သူတို့ အောင်ပွဲခံကြသေးသည်။

ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်သည့် သတင်း လှိုင်းဂယက်သည် အာရပ်ကမ္ဘာနှင့် နိုင်ငံတကာမှာလည်း အတော် ရိုက်ခတ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



သွား၏။ မကျေနပ်၍ ကန့်ကွက်သော နိုင်ငံ အတော်များများ ရှိသကဲ့သို့ ကြိုဆိုထောက်ခံသော နိုင်ငံအချို့လည်း ရှိသည်။

အမေရိကန်သမ္မတဘုရှ်က ဆက်ဒမ်ဟူစိန်သည် သူကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် သူ ခံသွားရခြင်းသာ ဖြစ်သည်။ ဆက်ဒမ်၏ ဘဝနိဂုံးသည် အီရတ်နိုင်ငံ ဒီမိုကရေစီလမ်းကြောင်းပေါ်မှ ထင်ရှားသော မှတ်တိုင်တစ်ခု ဖြစ်သည်။ အီရတ်နိုင်ငံတွင် တရားဥပဒေစိုးမိုးရေး၏ ပြယုဂ်လည်း ဖြစ်သည်ဟု ဆိုသည်။

ပုပ်ရဟန်းမင်းကြီး၏ ဗာတီကန်နန်းတော်ကတော့ ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်လိုက်ခြင်းသည် ကြေကွဲဖွယ်ရာ ဖြစ်ရပ်တစ်ခု ဖြစ်ပြီး အကြမ်းဖက်မှု အသစ်တွေအတွက် မျိုးစေ့ချပေးလိုက်သည်နှင့် တူသည်ဟု ထုတ်ပြန်ကြေညာသည်။

ရုရှားနိုင်ငံကမူ ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်သောကြောင့် စိတ်မကောင်း ဖြစ်ရပြီး နောက်ဆက်တွဲ ပေါ်ပေါက်လာမည့် အရေးအတွက် ရင်လေးမိသည်ဟု ဆိုသည်။

အီရတ်နိုင်ငံနှင့် ၈ နှစ်ကြာမျှ စစ်ဖြစ်ခဲ့ရသော အီရန်နိုင်ငံနှင့် ဆက်ဒမ်၏ တစ်ချက်လွှတ်အမိန့်အရ အီရတ်နိုင်ငံ၏ ကျူးကျော်သိမ်းပိုက်ခံရပြီး တစ်နိုင်ငံလုံးရှိ အဖိုးတန်ပစ္စည်းများကို အီရတ်စစ်သည်များ၏ လုယက်ယူငင်ခြင်းကို ခံရရုံမျှမက ပြန်၍ တပ်ဆုတ်ခွာခါနီးတွင် ရေနံတွင်းအားလုံးကို မီးရှို့ဖျက်ဆီးခြင်း ခံရသော ကူဝိတ်နိုင်ငံကတော့ ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်ခြင်းအတွက် ဝမ်းသာအားရ ကြိုဆိုခဲ့ကြသည်။ အစ္စရေးနိုင်ငံက

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



လည်း ရန်သူ ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်သည့်အတွက် ကြိုဆိုသည်။ သို့သော် အစ္စရေးနိုင်ငံရှိ အာရပ်လူမျိုးများကမူ ထိုကိစ္စကို ပြစ်တင်ကန့်ကွက် ရှုတ်ချကြသည်။

ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်လိုက်ခြင်းကြောင့် အီရတ်နိုင်ငံတွင် အကြမ်းဖက် သတ်ဖြတ်မှုများ ပိုမိုတိုးပွား များပြားလာမည်ဟု အရှေ့အလယ်ပိုင်းမှ မွတ်စလင် ခေါင်းဆောင်များက ဆိုသည်။ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့ကလည်း အလားတူ သဘောထားကြသည်။

မွတ်စလင် ဘာသာဝင်တို့၏ အထွတ်အမြတ် အစ်ပွဲတော် ပထမရက် (the first day of Eid ul-Adha) တွင် ဆွန်နီ မွတ်စလင်တစ်ဦး ဖြစ်သော ဆက်ဒမ်ဟူစိန်ကို ကြိုးပေးကွပ်မျက်သည့်အတွက်လည်း မွတ်စလင်လောကတွင် မကျေမနပ် ဖြစ်လျက် အတော် ဂယက်ရိုက်ခတ်သွားခဲ့သည်။

ပါလက်စတိုင်း အာဏာရ ဟားမာ့စ်လှုပ်ရှားမှုအဖွဲ့က စစ်သုံ့ပန်းဖြစ်သော ဆက်ဒမ်ဟူစိန်ကို အဆုံးစီရင်ခြင်းမှာ နိုင်ငံတကာ တရားဥပဒေကို ဆန့်ကျင်ရာ ရောက်သည့်အပြင် နိုင်ငံရေး လုပ်ကြံမှုကြီးလည်း ဖြစ်သည်ဟု စွပ်စွဲပြောဆိုသည်။

အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်ကို ကြိုးပေးကွပ်မျက်ပြီးနောက် နိုင်ငံ့အကြီးအကဲ မိုလ်မှူးကြီးကဒါဖီ ဦးဆောင်သော လစ်ဗျားနိုင်ငံက ၃ ရက်ကြာ ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် သတ်မှတ်ကြေညာ၏။ နိုင်ငံတစ်ဝန်းတွင် ပျော်ပွဲရွှင်ပွဲများကို ရပ်နားထားစေပြီး အစိုးရရုံးများနှင့် လူနေအိမ်တိုက်တာ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အဆောက်အအုံများမှာ လစ်ဗျားနိုင်ငံတော်အလံကို တိုင်ဝက် လွှင့်ထူစေသည်။

ဆက်ဒမ်ဟူစိန်သည် ကြီးလေးသော အပြစ်ကို ကျူးလွန်သူ ဖြစ်သည်ဟု ခံယူကြသော်လည်း သူ့ကို သေဒဏ်ပေးပြီး ကြိုးပေးကွပ်မျက်သည့်အတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန် အပါအဝင် အချို့သော ပုဂ္ဂိုလ်များနှင့် လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့တို့ကလည်း ကန့်ကွက်ရှုတ်ချခဲ့ကြသည်။

ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်စဉ် သက်ဆိုင်ရာမှ ခွင့်ပြုချက် မရှိဘဲ တာဝန်ကျ အရာရှိတစ်ဦး သို့မဟုတ် နှစ်ဦးက မိုဘိုင်းလ်ဖုန်းကင်မရာနှင့် လျှို့ဝှက်ရိုက်ကူးထားသော ဗွီဒီယိုခွေကို အီရတ်ပုဂ္ဂလိက ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့သဖြင့် အာရပ်ကမ္ဘာမှ မွတ်စလင်လောကဌ် အတော် မကျေနပ်မှုများ ဖြစ်ပေါ်ခဲ့၏။ သို့ကြောင့် ထိုပြဿနာကို လက်ရှိ အီရတ်ဝန်ကြီးချုပ် နူရီအဲလ်မာလီကီ၏ ညွှန်ကြားချက်အရ ချက်ချင်း စုံစမ်းစစ်ဆေး အရေးယူမှုများ ပြုလုပ်ခဲ့ရသည်။

ထို့ပြင် အီရတ်ဝန်ကြီးချုပ်က အပြစ်မဲ့သော ပြည်သူများကို သတ်ဖြတ်ခြင်း မပြုခဲ့သူ ဘာ့သ်ပါတီဝင်များနှင့် ဆက်ဒမ်ဝါဒီများ အနေဖြင့် အီရတ်နိုင်ငံရေး လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်ရန် ယခုတိုင် တံခါးဖွင့်ထားဆဲ ဖြစ်သည်ဟု ဆက်ဒမ်ကို ကြိုးပေးကွပ်မျက်ပြီး နောက်နေ့၌ ထုတ်ပြန်သော ကြေညာချက်မှာ ဖိတ်ခေါ်ထားသည်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ဘာ့သ်ပါတီဝင်များနှင့် ဆက်ဒမ်ဝါဒီများသည် အတိတ်ကာလက အဖြစ်အပျက်များကို ယထာဘူတကျကျ ပြန်လည်သုံးသပ်ပြီး နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားအတွက် အီရတ်ပြည်သူလူထုနှင့် လက်တွဲ ပူးပေါင်း ဆောင်ရွက်ကြရန် အလေးအနက်သူက နှိုးဆော်တိုက်တွန်းထားသည်။

အာဏာရှင်ဟောင်း ဆက်ဒမ်ဟူစိန်၏ ဘဝနိဂုံးသည် ပြည်သူတို့အပေါ် ရာဇဝတ်မှုများ ဆက်တိုက် ကျူးလွန်ပြီး မတရားဖိနှိပ်အုပ်စိုးသူတို့အတွက် ထင်ရှားသော သင်ခန်းစာတစ်ရပ် ဖြစ်သည်။ အာဏာရှင်ဟောင်းနှင့် သူ၏ သစ္စာခံများကို ဥပဒေနှင့်အညီ တရားစီရင်၍ အပြစ်ပေးခဲ့ပုံကို ထောက်ရှုခြင်းအားဖြင့် အီရတ်နိုင်ငံ၏ တရားစီရင်ရေးသည် အရည်အချင်းရှိပြီး ဘက်လိုက်မှုကင်းသည်ကို အထင်အရှား မြင်တွေ့ကြရမည်ဟု အီရတ်ဝန်ကြီးချုပ် နူရီအဲလ်မာလီကီက အဆိုပါကြေညာချက်တွင် ထောက်ပြထားသည်။ ။

တင်ထွန်း(တောင်ကုတ်)

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

# ဆက်ဒမ်၏ နောက်ဆုံးနှုတ်ဆက်စာ

ထင်ရှားတဲ့ အီရတ်နိုင်ငံတော်၊ အီရတ်ပြည်သူတွေနဲ့ လူသား အပေါင်းတို့ ခင်ဗျာ..

ဒီ နောက်ဆုံး နှုတ်ဆက်စာလွှာကို ရေးတဲ့လူဟာ အီရတ်နိုင်ငံတော်နဲ့ အီရတ်ပြည်သူတွေအပေါ်မှာ အင်မတန်ကို သစ္စာရှိတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်တယ် ဆိုတာ ခင်ဗျားတို့ အထဲက အများအပြားသိကြမှာပါ။

ဒီပုဂ္ဂိုလ်ဟာ ဘယ်လောက် ရိုးဖြောင့်တယ်၊ ပြည်သူတွေကို ဂရုတစိုက် ဘယ်လို စောင့်ရှောက်ခဲ့တယ်၊ ဘယ်လောက် အမြော်အမြင် ရှိတယ်၊ ကျိုးကြောင်းခိုင်လုံတဲ့ ဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိတယ်၊ တရားမျှတမှုကို ဘယ်လောက် မြတ်နိုးတယ်၊ ယထာဘူတကျကျ ဆုံးဖြတ်နိုင်စွမ်း ရှိတယ်၊ အီရတ်နိုင်ငံတော်နဲ့ အီရတ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပြည်သူတွေရဲ့ ခေတ္တဝှာ အကျိုးစီးပွားတွေအတွက် ဘယ်နည်း ဘယ်ပုံ စဉ်းစားတွေးခေါ်ပြီး ကိုယ်ကျိုးမဖက်ဘဲ ဘယ်လောက် အနစ်နာခံကာ လုပ်ဆောင်ခဲ့တယ် ဆိုတာတွေကိုလည်း ခင်ဗျား တို့ သိကြပါတယ်။

ဒါတွေအပြင် ဒီပုဂ္ဂိုလ်ဟာ လှည်းနေလှေအောင်း မြင်း ဇောင်း မကျန် အီရတ် ပြည်သူတစ်ရပ်လုံးအပေါ်မှာ ခွဲခွဲခြားခြား ဆက်ဆံသမှု လုံးဝမပြုဘဲ တစ်သားတည်း တစ်သွေးတည်း နွေးထွေးစွာ ဆက်ဆံခဲ့တဲ့ အဆမတန်ကြီးမားတဲ့ နှလုံးသား ပိုင်ရှင်စစ်စစ် ဖြစ်တယ် ဆိုတာကိုလည်း ခင်ဗျားတို့ သိကြပါတယ်။

ခင်ဗျားတို့ အစ်ကို၊ ခင်ဗျားတို့ ခေါင်းဆောင်ဟာ သက်ဦး ဆံပိုင် ဘုရင်တွေကိုလည်း ဘယ်တုန်းကမှ ဦးမညွှတ် ဒူးမထောက် လက်မမြှောက်ခဲ့ဘူးဆိုတာ ခင်ဗျားတို့ ကောင်းကောင်း သဘော ပေါက်ကြပါတယ်။ နောက်ဆုံးမှာ သူ့ကို ခင်မင်လေးစားကြတဲ့ ပြည်သူတွေရဲ့ ဆန္ဒနဲ့အညီ နိုင်ငံတော်အတွက် ဆက်လက် တိုက်ပွဲ ဝင်ကြဖို့ အထိမ်းအမှတ်အဖြစ် ဓားတစ်လက် (a sword) နဲ့ အောင်လံတံခွန်တစ်ခု (a banner) ကို သူ ထားခဲ့မှာပါ။

ဒါတွေဟာ ခင်ဗျားတို့ အစ်ကို၊ ခင်ဗျားတို့ သား၊ ခင်ဗျား တို့ ခေါင်းဆောင်မှာ ရှိတဲ့ ခေတ်အဆက်ဆက်မှာ မှတ်ကျောက် တင်ခံပြီးဖြစ်တဲ့ အရည်အချင်းကောင်းတွေပါပဲ။ သိပ်မကြာတော့ တဲ့ကာလမှာ မလွှဲမရှောင်သာဘဲ ဝမ်းနည်းကြေကွဲစွာနဲ့ ခင်ဗျား တို့ကို ရာသက်ပန် ကျုပ် ခွဲခွာသွားရပါတော့မယ်။ အနာဂတ်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ကာလမှာ အီရတ်နိုင်ငံတော်နဲ့ ခင်ဗျားတို့ကို ဦးဆောင်ဦးရွက်ပြုမယ့် ပုဂ္ဂိုလ်တွေမှာလည်း အလားတူ အရည်အချင်းမျိုးတွေ ရှိဖို့လိုမယ်လို့ ကျုပ် ထင်ပါတယ်။

ကျုပ်ဟာ မွန်မြတ်တဲ့ စွန့်လွှတ်အနစ်နာခံမှုနဲ့ ကျုပ်ရဲ့ ဝိညာဉ်ကို အလ္လာအရှင်မြတ်အား ကျုပ် ပေးအပ်လှူဒါန်းလိုက်ပါပြီ။ တိုင်းပြည်နဲ့ လူမျိုးအတွက် အသက်ကို စတေးခဲ့ကြတဲ့ အာဇာနည် သူရဲကောင်းတွေဟာ ဘုရားရှင်ရဲ့ အလိုတော်အတိုင်း မြင့်မြတ်တဲ့ ကောင်းကင်ဘုံသို့ ရောက်ကြမည်မှာ မြေကြီးလက်ခတ် မလွဲပါဘူး။ အဲဒီအပြင် မတရားသဖြင့် ကျူးကျော်တဲ့ နိုင်ငံတွေရဲ့ တပ်ဖွဲ့တွေကို အသက် သွေး ချွေးနဲ့ ရင်းပြီး ခုခံတော်လှန်တိုက်ခိုက်ကြရာမှာလည်း ဘုရားရှင်ရဲ့ ကူညီမစမှုကို မျှော်လင့်အားထားရမယ်ဆိုတာ ကျုပ်တို့ အထူးသတိချပ်ဖို့ လိုအပ်ပါတယ်။

အလ္လာအရှင်မြတ်ဟာ ချစ်ခြင်းမေတ္တာ (love)၊ ခွင့်လွှတ်မှု (forgiveness) နဲ့ ညီနောင်ရင်းချာတို့ ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်မှု (bortherly coexistence) တို့အတွက် စံနမူနာ တစ်ခု ဖြစ်လာအောင် စတင် ပျိုးထောင်လုပ်ဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်တယ် ဆိုတာကိုလည်း ခင်ဗျားတို့ အစဉ်သတိရကြပါ။

အီရတ်နိုင်ငံသူ နိုင်ငံသားတွေဟာ တစ်ဦးနဲ့ တစ်ဦး၊ လူမျိုးနွယ်စု တစ်မျိုးနဲ့ တစ်မျိုး ချစ်ခင်သင့်မြတ်ရေးအတွက် အချင်းချင်း

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



မုန်းတီးမှု (hatred) ကို ရှောင်ကြဉ်ကြဖို့ ကျုပ် မေတ္တာရပ်ခံလိုပါတယ်။ ဘာ့ကြောင့်ဆိုရင် မုန်းတီးလို့ တရားမျှတမှု (fairness) ရှိဖို့ မလွယ်။ မုန်းတီးမှုကြောင့် ကြောင်းကျိုးဆင်ခြင်မှုကို ထိခိုက်နိုင်တယ်။ စဉ်းစားတွေးတောမှုတံခါးအားလုံးလည်း ပိတ်သွားမှာပဲ (Closes all doors of thinking.)။ တည်ငြိမ်တဲ့ စဉ်းစားဆင်ခြင်မှုကို မရတဲ့အတွက် မှန်ကန်တဲ့ ရွေးချယ်မှု (the right choice) ဆိုတာလည်း ဘယ်နည်းနဲ့မှ ဖြစ်လာနိုင်တော့မှာ မဟုတ်။

ကျုပ်တို့ နိုင်ငံကို မတရားကျူးကျော်တိုက်ခိုက်တဲ့ နိုင်ငံတွေက ပြည်သူတွေကိုလည်း မမုန်းကြဖို့ ကျုပ် ပန်ကြားလိုပါတယ်။ ပြီး... အဲဒီနိုင်ငံတွေက အဆုံးအဖြတ် ပေးနိုင်သူတွေ (decision-makers) နဲ့ ပြည်သူပြည်သားတွေ (people) ကို ကွဲကွဲပြားပြား ခွဲခြားသိမြင်ဖို့လည်း အရေးကြီးလှပါတယ်။ ဒီလိုမှ ခွဲခြားပြီး မသိရင် မှန်မလိုလိုနဲ့ လွဲမှားသွားတတ်ပါတယ်။ ပြီးတော့ ကျုပ်တို့ အီရတ်နိုင်ငံက ဖြစ်စေ၊ အခြားနိုင်ငံတွေက ဖြစ်စေ နောင်တ (repentance) ရတဲ့ ဘယ်သူ့ကိုမဆို အနူးအညွတ် ခွင့်လွှတ်ဖို့ရာလည်း ခင်ဗျားတို့ ဝန်မလေးကြပါနဲ့။

ဒီနောက် အထူးမှတ်သားဖွယ်ကောင်းတာ တစ်ခုက ကျူးကျော်သူတွေထဲမှာပင်လျှင် ခင်ဗျားတို့ရဲ့ အနိုင်မခံ အရှုံးမပေးတဲ့ စိတ်ဓာတ်နဲ့ ကျူးကျော်ရေး ဆန့်ကျင်လှုပ်ရှားမှုတွေကို အားပေး ထောက်ခံတဲ့ လူတွေ ရှိတယ် ဆိုတဲ့ အချက်ကို ခင်ဗျားတို့ သိထားသင့်ပါတယ်။

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



အဲဒီလူတွေအထဲက တချို့ဟာ ကျုပ်(ဆက်ဒမ်ဟူစိန်) အပါအဝင် အကျဉ်းသားတွေ တရားဥပဒေနဲ့အညီ ခုခံကာကွယ်နိုင်ရေးအတွက် (for the legal defence of prisoners including Suddam Hussein) ကျုပ်တို့ဘက်က စေတနာ့ဝန်ထမ်း ကူညီဆောင်ရွက်ပေးခဲ့ကြတယ်။ အဲသလို အကူအညီပေးသူတွေ အနက် အချို့ဟာ ခွဲခွာခါနီးမှာ ကျုပ်ကို နှုတ်ဆက်ကြတဲ့အခါ ကိုယ်ချင်းစာတရားနဲ့ စိတ်ထိခိုက်လွန်းလို့ မထိန်းချုပ်နိုင် မျက်ရည်မဆည်နိုင်ဘဲ ငိုကြရှာတယ်ဗျာ။ ကျုပ်အနေနဲ့လည်း ဘယ်စိတ်ကောင်းနိုင်တော့မလဲ။ ခင်ဗျားတို့လည်း စဉ်းစားကြည့်ကြပေါ့။

ချစ်လှစွာသော သစ္စာရှိ ပြည်သူအပေါင်းတို့ ခင်ဗျား (Dear faithful people)-

ခင်ဗျားတို့အားလုံးကို ကျုပ်ဘဝရဲ့ နောက်ဆုံးအနေနဲ့ ဝမ်းနည်းကြေကွဲစွာဖြင့် ကျုပ် နှုတ်ဆက်ခဲ့ပါတယ်ဗျာ (I say goodbye to you.)။ သို့ပေမဲ့ ဘုရားရှင်နဲ့အတူ ကျုပ် ရှိနေမှာပါ။ သူ့ဆီမှာ ခိုလှုံနေကြတဲ့ လူတွေကို အစဉ် ကူညီစောင့်ရှောက်တဲ့.. သစ္စာရှိပြီး ရိုးသားစွာ အစ္စလာမ်ဘာသာတရား၌ သက်ဝင်ယုံကြည်သူတွေကို စိတ်ပျက်အောင် ပြုမူလေ့မရှိတဲ့ မေတ္တာကရုဏာရှင် အလ္လာအရှင်မြတ်နဲ့ အတူ ကျုပ်(ဆက်ဒမ်ဟူစိန်) ရှိနေမှာပါဗျာ။

အလ္လာအရှင်သခင်ဟာ ကြီးမြတ်တော်မူတယ် (Allah is great.) ။ ကျုပ်တို့ရဲ့ ကျော်ကြားတဲ့ အီရတ်နိုင်ငံတော် အဓွန့်ရှည်

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com



ပါစေ။ ကျုပ်တို့ရဲ့ တော်လှန်ရေး အင်အားစုတွေ အောင်ပွဲဆင်နိုင်ပါစေ..။ ပါလက်စတိုင်း တော်လှန်ရေး အောင်ပွဲဆင်နိုင်ပါစေ..။

ဆက်အဗ်ဟူစိန်
နိုင်ငံတော်သမ္မတ
နှင့်
ကာကွယ်ရေးဦးစီးချုပ်
အီရတ်မူဂျာဟေဒင်လက်နက်ကိုင်တပ်ဖွဲ့များ

https://www.facebook.com/NyisayEbookCreator
http://www.nyisay.com

## မှီငြမ်းကိုးကားသော စာအုပ်စာတမ်းများ

The Straits Times; The International Herald Tribune; The Bangkok Post; The Nation; The New Paper; The Washington Post; The U.S. News & World Report; The Asian Wall Street Journal; The South China Morning Post;

Time; Newsweek; S.C.Magazine; The N.&F. USA; The Economist; The Business Week; The Far Eastern Economic Review; The Asiaweek;

Reuter; AP; AFP; CNN; MNA; Xinhua; Internet News; Satellite News; The World Almanac;

NYI SAY
MYANMAR EBOOK CREATOR

